ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# နွေးထွေးပွေ့ယူ
# ဘယ်ပန်းမဟူ

## လူတိုင်းအကျုံးဝင်ပညာရေးသင်ယူပျော်ဝန်းကျင်များ တည်ထောင်ရေး

## လက်စွဲစာစဉ်



# Embracing Diversity:

## Toolkit for Creating Inclusive, Learning-Friendly Environments

လူတိုင်းအကျုံးဝင်
သင်ယူပျော်
ဝန်းကျင်များ

Japan
Funds-in-Trust

# နွေးထွေးပွေ့ယူ ဘယ်ပန်းမဟူ

## လူတိုင်းအကျုံးဝင်ပညာရေး သင်ယူပျော်ဝန်းကျင်များ တည်ဆောက်ရေး လက်စွဲစာစဉ်



## Embracing Diversity: Toolkit for Creating Inclusive Learning-Friendly Environments

လူတိုင်းအကျုံးဝင်
သင်ယူပျော်
ဝန်းကျင်များ

# ပညာရေးဝန်ကြီးဌာန
# အမှာစာ

❖ ❖ ❖

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အမျိုးသားပညာရည်မြင့်မားရေးကို ဦးတည်ချက်ချမှတ်လျက် နှစ်တိုနှစ်ရှည်စီမံကိန်းလုပ်ငန်းစဉ်များဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ၁၉၉၈ခုနှစ်မှ အစပြုလျက် နှစ်စဉ်နွေရာသီတွင် ပညာရေး ဆွေးနွေးပွဲများကျင်းပပြီး ပညာရေးမြှင့်တင်မှုအစီအစဉ်များ အထူးလေးနှစ်စီမံကိန်း လုပ်ငန်းများ၊ အနှစ်(၃၀)နှစ်ရှည်စီမံကိန်းလုပ်ငန်းများကို အဆင့်အလိုက် အစဉ်တစိုက် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်နေသကဲ့သို့ ကမ္ဘာ့ပညာရေးညီလာခံများမှ ချမှတ်သည့် ရည်မှန်းချက်လုပ်ငန်းများကိုလည်း နိုင်ငံ၏စီမံကိန်းဘောင်အတွင်း ချိတ်ဆက်မှု ပြုလျက် ဆောင်ရွက်လျက်ရှိပါသည်။

လူတိုင်းအတွက်ပညာရေးသည် အခြေခံပညာကဏ္ဍကို အဓိကအလေးထားပြီး ဆောင်ရွက်ကြရပေရာ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေး၊ ကျောင်းနေမြဲရေးနှင့် အဆင့်အလိုက် ပညာသင်ယူပြီးမြောက်ကြစေရန် အလေးအနက်ပြု ဆောင်ရွက်သင်ကြား ပေးကြရပါသည်။ တစ်ဖက်တွင် သက်ကြီးစာတတ်မြောက်ရေးလုပ်ငန်းကိုလည်း ကျောင်း ပြင်ပပညာရေးအနေဖြင့် သက်ဆိုင်ရာဒေသနှင့် ပူးပေါင်းညှိနှိုင်းကြကာ ဆောင်ရွက်လျက် ရှိပါသည်။ ထိုကဲ့သို့ ဆောင်ရွက်မှုကြောင့် ကျောင်းနေနှုန်းနှင့် သက်ကြီးစာတတ်မြောက်မှု နှုန်းတို့ တိုးတက်မြင့်မားလာပါသည်။ သို့ဖြစ်သည့်တိုင် ကလေးသူငယ် ကျောင်းနေနှုန်း ရာနှုန်းပြည့်လာစေရန် မသန်စွမ်းကလေးများသာမကဘဲ အကြောင်းကြောင်းကြောင့် ကျန်ရှိနေသေးသောကလေးများကို ကျောင်းသို့ရောက်ရှိလာကြပြီး ပညာကို သင်ယူနိုင်ကြ စေရေး ဆောင်ရွက်ကြရန်လည်း လိုအပ်သည်ဖြစ်၍ လူတိုင်းအကျုံးဝင်ပညာရေးလုပ်ငန်း များကို တိုးချဲ့ဆောင်ရွက်ကြရပါမည်။

လူတိုင်းအကျုံးဝင်ပညာရေးသည် လူတိုင်းအတွက် ပညာရေးအမှန်တကယ်ရရှိစေရန် ပုံမှန်ကျောင်းပညာရေးစနစ်၏ တိုးတက်မှုဖြစ်စဉ်တစ်ရပ်ပင်ဖြစ်ကြောင်း၊ အမှတ်(၁) အခြေခံပညာဦးစီးဌာနက ယခု ဘာသာပြန်ဆိုထုတ်ဝေသော **'လူတိုင်းအကျုံးဝင် သင်ယူပျော် ဝန်းကျင်များ တည်ထောင်ရေးလက်စွဲစာစဉ်'** စာအုပ်များက သိသာ ထင်ရှားစေမည် ဟူ၍ မှတ်ယူပါသည်။

ဤလက်စွဲစာစဉ်စာအုပ်များကို လေ့လာဆည်းပူးကြပြီး မိမိတို့၏ နိုင်ငံရေမြေ ဝန်းကျင်အလိုက် ဆီလျော်အပ်စပ်စွာ အသုံးပြုကြရန် အမှာပြုအပ်ပါသည်။


**ပညာရေးဝန်ကြီးဌာန**


# အမှာစာ


ကျွန်တော့်အနေဖြင့် ဤအမှာစာကို အလုပ်တာဝန်အရသာမက ပုဂ္ဂိုလ်အားဖြင့်ပါ ဂုဏ်ယူဝမ်းမြောက်စွာ ရေးသားခြင်းဖြစ်ကြောင်း ပထမဦးဆုံးဖော်ပြလိုပါသည်။


ယူနက်စကိုအဖွဲ့ချုပ်၏ အာရှနှင့်ပစိဖိတ်ဒေသ၊ ပညာရေးဗျူရိုမှ ဖြန့်ဝေလာသော 'လူတိုင်းအကျုံးဝင် ပညာရေးသင်ယူပျော်ဝန်းကျင်များတည်ထောင်ရေး၊ လက်စွဲစာစဉ်'စာအုပ်များမှာ အကြောင်းအရာကဏ္ဍအလိုက် စာအုပ်ငယ်(၆)အုပ်နှင့်ခြုံငုံညွှန်းဆိုသော စာအုပ်ငယ်(၁)အုပ်၊ စုစုပေါင်း(၇)အုပ်ဖြစ်ပါသည်။ ယခုထိုစာအုပ်များကို မြန်မာဘာသာသို့ ပြန်ဆိုကာ ပုံနှိပ်ထုတ်ဝေနိုင်သည့်အတွက် အထူးကျေးဇူးတင်ဝမ်းမြောက်ရပါသည်။ အဆိုပါ စာအုပ်များကို မိမိတို့၏နိုင်ငံတွင် ရေမြေနှင့်လူမှုဝန်းကျင်အလိုက် အကျိုးရှိရှိ စပ်ဟပ်ဆီလျော်စွာ အသုံးပြုနိုင်ရန် ဘာသာပြန်ဆိုယူခြင်းဖြစ်ပါသည်။ မြန်မာဘာသာလက်စွဲများအဖြစ် အောက်ဖော်ပြပါအတိုင်းဖြစ်လာကြပါသည်-

- ❐ 'နွေးထွေးပွေ့ယူ ဘယ်ပန်းမဟူ' လူတိုင်းအကျုံးဝင်ပညာရေးသင်ယူပျော်ဝန်းကျင်များတည်ထောင်ရေးလက်စွဲစာစဉ် (Embracing Diversity; Toolkit for Creating Inclusive Learning-Friendly Environments)














- ❐ စာအုပ်ငယ်(၁) ' လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခု ပေါ်ပေါက်လာခြင်း'
  (Booklet 1: Becoming an Inclusive, Learning-Friendly Environment -ILFE)
- ❐ စာအုပ်ငယ်(၂) 'လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခုဖန်တီးတည်ထောင်ရန် မိသားစုများနှင့် ရပ်ရွာလူထု ပူးပေါင်းဆောင်ရွက်ခြင်း'
  (Booklet 2: Working with Families and Communities to Create an ILFE)
- ❐ စာအုပ်ငယ် (၃) ' ကလေးအားလုံးကျောင်းသို့ ရောက်ရှိရေးနှင့်ပညာသင်ယူရေး '
  (Booklet 3: Getting all Children in School and Learning)
- ❐ စာအုပ်ငယ်(၄) ' လူတိုင်းအကျုံးဝင်သင်ယူပျော်စာသင်ခန်းများကို ဖော်ဆောင်ခြင်း'
  (Booklet 4 : Createing Inclusive, Learning-Friendly Classrooms)
- ❐ စာအုပ်ငယ်(၅) ' လူတိုင်းအကျုံးဝင်သင်ယူပျော်စာသင်ခန်းများ စီမံခန့်ခွဲမှု၊'
  (Booklet 5: Managing Inclusive, Learning-Friendly Classrooms)

❑ စာအုပ်ငယ်(၆)'ကျန်းမာရေးနှင့် ညီညွတ်ပြီး ကာကွယ်စောင့်ရှောက်မှု ပေးနိုင်သောလူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်တစ်ခုကိုတည်ထောင်ခြင်း' (Booklet 6: Creating a Healthy and Protective Inclusive Learning-Friendly Environment)




❑

ဤသို့သောခေါင်းစဉ်အမည်များကို ကြည့်ရှုဖြင့် လက်စွဲစာစဉ်သည် သင်ယူသင်ကြားမှုဖြစ်သည့် ပညာရေး လုပ်ငန်းများကို ဖြည့်ဆည်းပေါင်းစပ်မှုပြုထားကြောင်း သိသာနိုင်ပြီး အကြောင်းအရာကဏ္ဍအားဖြင့် ပြည့်စုံနေသည်ကို သိရှိနိုင်ပါသည်။ ခြုံငုံညွှန်းဆိုသည့် စာအုပ်တွင် အာရှနှင့်ပစိဖိတ်ဒေသ၊ ပညာရေးဗျူရို ညွှန်ကြားရေးမှူး ရှယ်လ်ဒန်ရှေးဖား (Sheldon Shaeffer) ကလည်း 'စကားချီး' ပြုထားသည်ဖြစ်၍ ကျွန်တော့်အနေဖြင့် ယခုအမှာစာတွင် လက်စွဲစာအုပ်များအကြောင်း အထူးဖော်ပြနေရန်ပင်မလိုအပ်ဟု ယူဆမိပါသည်။ ယူနက်စကိုညွှန်ကြားရေးမှူးရှယ်လ်ဒန်ရှေးဖားက ဤလက်စွဲသည် 'ဒါကာ ကမ္ဘာ့ပညာရေးညီလာခံ' က ချမှတ်သည့် ဒုတိယရည်မှန်းချက်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပညာရေးအခွင့်အလမ်းကွာဟမှုကို ကျဉ်းမြောင်းလာစေရန် လက်တွေ့ကျသည့် လက်စွဲစာအုပ်များကို ဆရာများအတွက် အသုံးဝင်စေပြီး စဉ်းစားတွေးဆမှုများဖြင့်ဆောင်ရွက်ကြရန် မျှော်မှန်းကြောင်း ဆိုထားပါသည်။ ထို့နည်းတူ လက်စွဲစာစဉ်ခြုံငုံသုံးသပ်ချက်၊ အသုံးပြုနိုင်ပုံတို့နှင့် ဝေါဟာရမှတ်စုမှအစ ထည့်သွင်းဖော်ပြထားပါသည်။

အနှစ်သာရထုတ် အချုပ်ဆိုရပါလျှင် ဤလက်စွဲစာအုပ်များသည် မိမိတို့နိုင်ငံတွင် ခံယူကျင့်သုံးလျက်ရှိ

သော 'ရပ်ရွာဒေသလူ့အဖွဲ့အစည်းသည် ပညာရေးအတွက် အရင်းအမြစ်ဖြစ်သည်၊ ကျောင်းတည်းဟူသော ပညာရေး ဝန်းကျင်သည် ရပ်ရွာဒေသအဖို့ ပညာရေးအရင်းအမြစ် ဖြစ်ရမည်' ဟူသည့် ခံယူဆောင်ရွက်မှုကိုပင် ဖော်ပြထား ခြင်းဖြစ်ပါသည်။

' အထူးသဖြင့် ဤလက်စွဲစာစဉ်သည် **သင့်** အတွက်ဖြစ်သည်' ဟု ဆိုထားသည့်အတိုင်း **ဆရာ**သည် **သော့ချက်** ပုဂ္ဂိုလ်ဖြစ်ကြောင်းကိုလည်း ခံယူထား ကြောင်းတွေ့ရှိရပြန်ပါသည်။ သို့ဖြစ်ပေရာ မိမိတို့ ပညာရေးသမားများ အစဉ်အလာဆိုစကားပြုလက်ခံခဲ့ကြ သည်နှင့်အညီ ဆရာသည် စာပေဘာသာကို သင်ကြား ပေးသူလည်းဖြစ်သည်၊ လက်တွေ့ ရှေ့ဆောင်ရှေ့ရွက် သရုပ်ပြသူလည်းဖြစ်သည်၊ ကူညီပံ့ပိုးပေးသူလည်း ဖြစ်သည်၊ ပြဿနာများကို ဖြေရှင်းပေးသူလည်းဖြစ်၍၊ ညှိနှိုင်းပေးသူ၊ စည်းရုံးလှုံ့ဆော်ပေးသူလည်းဖြစ်သည်။ ထို့အတူ ဆရာသည် ရပ်ရွာဒေသလူမှုအဖွဲ့အစည်း များတွင် ဆော်သြသူလည်းဖြစ်နိုင်သကဲ့သို့ ခေါင်းဆောင် ကောင်းလည်းဖြစ်နိုင်ပြန်ပါသည်။ အဓိကအခြေခံ အကျဆုံးဖြစ်ရသည့် ဇာတ်ရုပ် တစ်ရုပ်အနေနှင့်ကမူ ဆရာသည် ကိုယ်တိုင်သင်ယူသူဘဝတွင် ရှိနေရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဤလက်စွဲစာအုပ်များကို စာအုပ် အဖြစ်သာထားရှိကြရန်မဟုတ်ဘဲ ကိုယ်တိုင်ဖတ်ရှုခြင်း၊ လေ့လာဆည်းပူးခြင်း၊ လုပ်ဖော် ကိုင်ဖက်များကို ဖတ်ရှု လေ့လာစေခြင်း၊ ရပ်ရွာဒေသအဖွဲ့အစည်းများသို့ အသိ ပေးခြင်း၊လုပ်ငန်းများအတွက် ဦးစားပေးအစီအစဉ်များနှင့် ဆောင်ရွက်အကောင်အထည်ဖော်ကြရန် ဆွေးနွေး ညှိနှိုင်းခြင်း၊ နီးနှောဖလှယ်ခြင်းများ ဆောင်ရွက်ကြရန် အထူးလိုအပ်ကြောင်း အလေးအနက်ဖော်ပြလိုပါသည်။

မိမိတို့၏ ပြည်ထောင်စုမြန်မာနိုင်ငံတွင်

ပညာရေးပြုပြင်ပြောင်းလဲမြှင့်တင်မှုများကို ပညာခေတ်ဟု ခေါ်ဆိုသော တတိယထောင်စုနှစ်သစ်ကာလများသို့ အဝင်ကာလများတွင်ပင် အချိန်အခါကိုက် မြှင့်တင်ပြောင်းလဲမှုများဆောင်ရွက်နိုင်ခဲ့ပေရာ ယခုအခါ အမျိုးသားပညာရည်မြှင့်မားရေးကို နှစ်ရှည်နှစ်တို စီမံကိန်းများနှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာ့ပညာရေးညီလာခံများမှ ချမှတ်ခဲ့သည့်စီမံကိန်းများ၊ ရည်မှန်းချက်များကိုလည်း နှစ်ရှည်စီမံကိန်းဘောင်အတွင်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်ဖြစ်၍ 'လူတိုင်းအတွက် ပညာရေး' လုပ်ငန်းများ၊ 'လူတိုင်းအကျုံးဝင်ပညာရေးလုပ်ငန်း' တိုးချဲ့ဆောင်ရွက်မှုများမှာ အစပျိုးမှုကောင်းသည့် လုပ်ငန်းများအနေဖြင့် အရှိန်ကောင်းများရရှိနေပြီဖြစ်ပါသည်။ သို့ဖြစ်၍ ဤလက်စွဲစာအုပ်များပါလုပ်ငန်းများဖြင့် မိမိတို့၏စာသင်ခန်း၊ ကျောင်း၊ ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်လက်တွဲပူးပေါင်းဆောင်ရွက်မှုပြုကြပါရန် ထပ်မံတိုက်တွန်းနှိုးဆော်အပ်ပါသည်။

'**လူတိုင်းအကျုံးဝင်သင်ယူသူပျော်ဝန်းကျင်တစ်ခု**' ဟုဆိုရာတွင် ကလေးသူငယ်ကျောင်းသားကျောင်းသူများပျော်ရုံသာမဟုတ် ဆရာပျော်၊ မိဘပျော်၊ ရပ်ရွာလူထုပါပျော်ရွှင် ချမ်းမြေ့စေရန်ဟု ရည်ရွယ်ထားပါသည်။ ကလေးများသည် ကွဲပြားခြားနားကြသကဲ့သို့ လူတစ်ဦးစီတိုင်းသည်လည်း '**အထူး**' ဖြစ်သည်ဆိုခြင်းကို သဘောပေါက်ခံယူကြရန်လိုပါသည်။ခြေလှမ်းတစ်လှမ်း အဆင့်တစ်ဆင့်မှ စတင်ကာဆောင်ရွက်ကြပါစို့ဟု အသိပေးလိုပါသည်။

ဤလက်စွဲစာအုပ်များကို မြန်မာ ဘာသာပြန်စာအုပ်အဖြစ်သို့ရောက်ရှိရေးအတွက် လမ်းညွှန်မှုပြုပေးခဲ့သည့်အတွက် ပညာရေးဝန်ကြီးဌာနအား ကျေးဇူးအထူးတင်ရှိကြောင်းဖော်ပြအပ်ပါသည်။

ထို့အတူ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြသည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအားလည်း ကျေးဇူးအထူးတင်ရှိကြောင်း ဖော်ပြလိုပါသည်–

- ❒ ခြုံငုံညွှန်းဆိုစာအုပ်နှင့် စာအုပ်ငယ်(၁)ကို ပြန်ဆိုသူ အမှတ်(၁)အခြေခံပညာဦးစီးဌာန ဦးစီးအရာရှိ (နိုင်ငံခြားပညာသင်) ဒေါ်ညွန့်ညွန့်ရီ၊
- ❒ စာအုပ်ငယ်(၂) ကို ပြန်ဆိုသူ အမှတ်(၁) အခြေခံပညာဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မေစီအုန်းမောင်၊
- ❒ စာအုပ်ငယ်(၃)ကို ပြန်ဆိုသူ အမှတ်(၁) အခြေခံပညာဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သီသီထူး၊
- ❒ စာအုပ်ငယ်(၄)ကို ပြန်ဆိုသူ အမှတ်(၁) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (စီမံ) ဦးညွန့်ရွှေ၊
- ❒ စာအုပ်ငယ်(၅)ကို ပြန်ဆိုသူ အမှတ်(၁) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (မှတ်တမ်း/စာရင်းအင်း) ဒေါ်အေးအေးခိုင်၊
- ❒ စာအုပ်ငယ်(၆)ကို ပြန်ဆိုသူ အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး (ပညာ) ဦးဘာဘာ၊
- ❒ လက်စွဲစာအုပ်များကို ကနဦးဖတ်ရှု၍ စာတည်းပေးသူ အမှတ်(၁)အခြေခံပညာ ဦးစီးဌာန ဦးစီးအရာရှိ (ကျောင်းသားရေးရာ) ဦးစိုးမြင့် (ရဲထွတ်နီ)တို့အားလည်းကောင်း၊

❒ ဌာနမှ အငြိမ်းစားယူပြီးသော်လည်း လက်စွဲစာအုပ်များကို အစမှ အဆုံးတိုင် နောက်ဆုံးတည်းဖြတ်ပြင်ဆင်ပေးသူ ဖြစ်သည့်မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန အငြိမ်းစားတာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဟန် (မောင်ဟန်ဝင်း၊ ထန်းတပင်) အားလည်းကောင်း ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းပြုဖော်ပြအပ်ပါသည်။

ဤစာအုပ်များဖြစ်မြောက်ရေးအတွက် ဦးစီးဌာန ကွန်ပျူတာဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် အခြားလုပ်ငန်းပိုင်းဆိုင်ရာ ကြိုးစားဆောင်ရွက်ပေးခဲ့ကြသူများအားလုံးကိုလည်း ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

**(တင်ညို)**
**ညွှန်ကြားရေးမှူးချုပ်**
**အမှတ်(၁)အခြေခံပညာဦးစီးဌာန**
**လူတိုင်းအတွက် ပညာရေးနိုင်ငံအဆင့်ညှိနှိုင်းရေးမှူး**

**ပုံနှိပ်မှတ်တမ်း**

၂၀၀၅-ခုနှစ်၊ စက်တင်ဘာလ (ပထမအကြိမ်)
အုပ်ရေ - ၁၀၀၀
ပညာရေးဌာနအတွက် ဌာနဆိုင်ရာ ကန့်သတ်ထုတ်ဝေသည်။

**စာအုပ်ငယ်များအလိုက် ကွန်ပျူတာစာစီနှင့် ပန်းချီ**

ဦးမြင့်သန်း
ဒေါ်တင်မူဝင်း
ဒေါ်ရီရီဇင်
ဒေါ်ခင်အေးသန်း
ဒေါ်စန်းစန်းဝင်း
ဒေါ်ဇာခြည်နွယ်ဝင်း
ဒေါ်နန့်စယ်လီလှိုင်
ဒေါ်တင်တင်ဦး
ဒေါ်စီစီအေး
ဦးချမ်းမင်း
ဦးအောင်ဇော်လင်း
ဦးမြင့်အောင် (ပန်းချီ)

**ကွန်ပျူတာ ဒီဇိုင်း**

ဒေါ်ခင်မာရီ
အမှတ်(၁) အခြေခံပညာဦးစီးဌာန

**ပုံနှိပ်တိုက်**

ဇေယျာသုခပုံနှိပ်တိုက်
အမှတ် ၁၅၁-၁၅၃၊ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

နွေးထွေးပွေ့ယူ

ဘယ်ပန်းမဟူ



## စကားချီး

ဘဝနောက်ခံနှင့်စွမ်းရည်အမျိုးမျိုးရှိသော ကလေးများ၏ပညာသင်ယူခွင့်ရရှိရေးသည် အာရှ–ပစိဖိတ်ဒေသအတွက် အဓိကစိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်ပေသည်။ ဆီနီဂေါနိုင်ငံ၊ ဒါကာမြို့တွင် ၂၀၀၀ ပြည့်နှစ်၊ ဧပြီလ၌ ကျင်းပခဲ့သောကမ္ဘာ့ပညာရေးညီလာခံက ချမှတ်ခဲ့သည့် ဒုတိယရည်မှန်းချက်မှာ **'ခရစ်နှစ် ၂၀၁၅ တွင် ကလေးများအားလုံး (အထူးသဖြင့် မိန်းကလေးများ၊ အထူးခက်ခဲသည့်အခြေအနေတွင်ရှိနေသော ကလေးများ နှင့်လူမျိုးငယ်စုများ၏ကလေးများ)အနေဖြင့် အရည်အသွေးရှိ အခမဲ့၊ မသင်မနေရ မူလတန်းပညာကို လက်လှမ်းမီပြီး သင်ယူပြီးဆုံးနိုင်ခွင့်သေချာအောင် ဆောင်ရွက်ရေး'** ဖြစ်ပါသည်။ ထိုရည်မှန်းချက်သည် အမျိုးသားပညာရေးစနစ်များ၊ ကျောင်းများနှင့် သင်ရိုးညွှန်းတမ်းများအတွင်း ဘက်လိုက်မှုများကို ဖယ်ရှားခြင်း၊ ဘဝနောက်ခံနှင့် စွမ်းရည် အမျိုးမျိုးရှိသော ကလေးများ ကျောင်းတက်ရန်လိုလားမှုကို ဟန့်တားစေမည့် လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ခွဲခြားဆက်ခံခြင်းမျိုးကို ဖယ်ရှားခြင်းတို့ကြောင့် ကျောင်းတက်နှုန်း တိုးမြင့်လာခြင်းနှင့် ပြီးဆုံးမှုနှုန်းမြင့်မားလာခြင်းတို့ကို ဖြစ်စေရန် ဆိုလိုပါသည်။

ပညာရေးအခွင့်အလမ်းမညီမျှမှုဖြစ်ခြင်းသည် နိုင်ငံတကာပညာရေးပြဿနာကြီးတစ်ရပ်အဖြစ်ရှိနေသေးပြီး ခွဲခြားဆက်ဆံမှုသည် ပညာရေးဆိုင်ရာစနစ်များနှင့် ကျောင်းများသို့ စိမ့်ဝင်ပျံ့နှံ့လျက် ရှိနေပါသေးသည်။ ဤကွာဟမှုကို ကျဉ်းမြောင်းစေရန်အတွက် လူတိုင်းအကျုံးဝင်ပညာရေး၏ အရေးကြီးမှုကို ပညာရေးစီမံခန့်ခွဲသူများ သဘောပေါက်နားလည်လာကြစေရန် အလွန်အရေးပါပါသည်။ ထိုပုဂ္ဂိုလ်များက မိမိတို့၏ပကတိအခြေအနေကို စိစစ်ရန်နှင့် ကလေးအားလုံးကျောင်းသို့ရောက်ရှိကြကာ ကလေးများအစွမ်းရှိသမျှ အပြည့်အဝဆုံးသင်ယူနိုင်ရေးသေချာစေရန်တို့အတွက် လက်တွေ့ကျသော လုပ်ငန်းလက်စွဲကို ပေးဖို့သည်လည်း တူညီစွာ အရေးပါနေပြန်ပါသည်။ ထိုနည်းတူစွာပင် ကျောင်းမူဝါဒ၊ သင်ကြားသင်ယူမှုဖြစ်စဉ်၊ သင်ယူမှု ဝတ္ထုပစ္စည်းများသည် စာသင်ခန်းပိုင်းဆိုင်ရာတို့တွင် ညီတူညီမျှရှိစေမှုသေချာရန်နှင့် သင်ယူမှု ရလဒ်အတွက် ကြီးကြပ်မှုသေချာရန်တို့မှာလည်း အရေးပါပါသည်။

ဤလက်စွဲစာစဉ်သည် ဤစိန်ခေါ်မှုအတွက် ကျောင်းများနှင့် စာသင်ခန်းများအနေဖြင့် လူတိုင်းအကျုံးဝင်လာနိုင်ပြီး ပိုမို၍ သင်ယူပျော်ဖြစ်နိုင်ပုံကို လုံးဝလက်တွေ့ကျသော

မြင်ကွင်းရှုထောင့်ကို ပေးထားပါသည်။ လက်စွဲစာစဥ်သည် နှစ်ကာလများစွာ ရရှိခဲ့သော အတွေ့အကြုံများနှင့် နည်းဗျူဟာများပေါ်တွင် အခြေခံတည်ဆောက်ထားပြီး လုပ်ငန်းလက်စွဲများမှာ မကြာသေးသည့်ကာလများက အဖွဲ့အစည်းအလိုက်နှင့် တစ်ဦးချင်းအလိုက် လူတိုင်းအကျုံးဝင်ပညာရေး ဆောင်ရွက်မှုနှင့် ကလေးပျော်ကျောင်းများတည်ထောင်မှုတို့ကို အခြေခံ၍ပြုစုယူထားခြင်းဖြစ်ပါသည်။ ဤစာစဥ်သည် ဆရာများအတွက် ဤသို့မျှော်မှန်းပါသည်။ မိမိတို့သည် ကိုယ်တိုင်အမြဲ အရောင်အသွေးစုံလင်လှသော စာသင်ခန်းများတွင် ဆောင်ရွက်နေသူများဟူသောအမြင်ဖြင့် ဆရာများအတွက် အသုံးဝင်ကြစေရန်နှင့် စဥ်းစားတွေးခေါ်လာစေရန် ဖြစ်ပါသည်။ ဤလက်စွဲ စာစဥ်ရှိ စာအုပ်ငယ်များသည် ပညာပေးသူများ၊ ကျောင်းသားများ၊ မိဘများ၊ ရပ်ရွာအဖွဲ့အစည်းအဖွဲ့ဝင်များ အပြည့်အဝပါဝင်ဆောင်ရွက်မှုဖြင့် လူတိုင်းအကျုံးဝင်ပညာရေး သင်ယူပျော်ဝန်းကျင်များအတွက် ရင်းမြစ်အထောက်အကူများရရှိရေး၊ အဆိုပါဝန်းကျင်များ တည်ထောင်ရေးနှင့် စီမံခန့်ခွဲရေးတို့တွင် အသုံးဝင်သည်ကို တွေ့ရှိရမည်ဟု ကျွန်ုပ်မျှော်လင့်ပါသည်။

**ရှယ်လ်ဒန်ရှေးဖား**

**ညွှန်ကြားရေးမှူး၊ အာရှနှင့်ပစိဖိတ်ဒေသ၊ ပညာရေးဗျူရို၊ ယူနက်စကို**

## ကျေးဇူးတင်ရှိခြင်း

ဤလက်စွဲစာစဉ်ဖြစ်မြောက်ရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းတွင် အာရှဒေသတွင်းနှင့်အပြင်မှ ပညာရေးသမားပညာရှင်များ၊ ဆရာ၊ဆရာမများ၊ ကျွမ်းကျင်သူများနှင့် အခြားသောပုဂ္ဂိုလ်များသည် စိတ်ရောကိုယ်ပါ ပါဝင်ဆောင်ရွက်ပေးခဲ့ကြပါသည်။ အဆိုပါပုဂ္ဂိုလ်အားလုံး၏ပါဝင်ကူညီမှုကို ကျွန်ုပ်တို့ကကျေးဇူးတင်သောအားဖြင့် ၄င်းတို့၏အမည်များကို အောက်တွင်မှတ်တမ်းတင်ဖော်ပြထားပါသည်။ ဤစာစဉ်အရည်အသွေး ပြည့်ဝစေရန် အချက်အလက်နှင့်ဝေဖန်မှုတစ်ခုချင်းစီကို အသေးစိတ် ဆင်ခြင်စဉ်းစားပြီး ရေးသားပြုစုထားပါသည်။

ထိုင်းနိုင်ငံ ချင်းမိုင်မြို့မှ ဘဝတွက်တာကျွမ်းကျင်စရာ ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း၊ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မှ ယူနီဆက်ရုံး၊ အစ္စလာမ်မာဘတ်၊ ဘလူကစ်ရှ်တန် ယူနီဆက်ရုံးနှင့် ဆရာ၊ ဆရာမများသည် ဤလက်စွဲစာစဉ်တစ်ခုလုံးအပေါ် ခြုံငုံ၍လည်းကောင်း၊ စာအုပ်တစ်အုပ်ချင်းအပေါ်လည်းကောင်း၊ လက်စွဲစာအုပ်ငယ်များအပေါ်လည်းကောင်း၊ လုပ်ငန်းဆွေးနွေးပွဲများကျင်းပပြုလုပ်၍ သက်ရောက်တုံ့ပြန်မှုများပါဝင် ထည့်သွင်းထားပါသည်။ ကိုယ်စားပြုထားကြသည့် ဤစုပေါင်းဆောင်ရွက်မှုကြောင့် အသီးအပွင့်အဖြစ်ထွန်းဆုံးဟူသော အကျိုးနှင့် မျှော်လင့်ချက် သည် ဤလက်စွဲစာစဉ်နှင့် ယုံကြည်မှုတို့ကို ဆက်လက်ဆောင်ကြဉ်း ပါလိမ့်မည်ဟူ၍ ကျွန်ုပ်တို့တွေ့မြင်ထားပါသည်။

ကျွန်ုပ်တို့သည် ရင်းမြစ်များစွာတို့မှ အကြံဉာဏ်စိတ်ကူးစိတ်သန်းများ၊ လက်စွဲများကို အသုံးပြုထားပါသည်။ အထင်ကရဖြစ်သော အများစုမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

> ကလေးမှ ကလေးသို့ရင်းမြစ်စာအုပ်နံပါတ်(၂) ဘေလီဒီ၊ ဟော့အိပ်ချ်နှင့် မိုတာနီဘီ(၁၉၉၄)တို့ရေးသားပြီး လန်ဒန်မြို့ ကလေးမှကလေးသို့ ယုံကြည်မှု (Child-to-Child Trust)က ထုတ်ဝေသော လုပ်ငန်းစာရွက်များ၊
>
> FRESH ကျောင်းကျန်းမာရေးနည်းလမ်းဖြင့် လူတိုင်းအတွက်ပညာရေး အောင်မြင်ရေး(၂၀၀၂)ယူနက်စကို၊ ပါရီ

ဒေသတွင်းဆောင်ရွက်မှု၊ ကျောင်းကျန်းမာရေးမြှင့်တင်မှု၊ ကျောင်းများ တည်ထောင်ခြင်း(၂၀၀၂)၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဂျီနီဗာ၊ အကြမ်းဖက်မှုများ၊ ကာကွယ်ရေး၊ အာဟာရဖွံ့ဖြိုးရေးနှင့် HIV/ AIDS ကြောင့် ဆိုးကျိုးများခံစားမှုမှ ကာကွယ်ရေး စသည့် ကျောင်းကျန်းမာရေးဆိုင်ရာကမ္ဘာ့ကျန်းမာရေးသတင်းဖြန့်ချိရေးမှ အကိုးအကားစာရွက် စာတမ်းများစသည့် အလွန်အဖိုးတန်သောရင်းမြစ်များ

အတန်းတွဲ မူလတန်းကျောင်းများရှိ ကျန်းမာရေးပညာပေးမှုကို မွမ်းမံပြုပြင်ခြင်း၊ Son V, Pridmore P, Nga B, My D နှင့် Kick P(၂၀၀၂)တို့ရေးသားပြီး ဗြိတိသျှကောင်စီနှင့်အမျိုးသား ပညာရေးဆိုင်ရာသိပ္ပံတက္ကသိုလ်၊ ဟန္ဒိုင်း၊ ဗီယက်နမ်က ထုတ်ဝေသော သဘာဝနှင့်လူမှုရေးသိပ္ပံဘာသာရပ်များတွင် ကျန်းမာရေးဆိုင်ရာ ဆရာ့လမ်းညွှန် (**Grade 1,2,3**)နှင့် သိပ္ပံဘာသာ (**Grade 5**)

အကျုံးဝင်စာသင်ခန်းများရှိ ကလေးများ၏လိုအင်များအပေါ် နားလည်သဘောပေါက်ခြင်းနှင့်တုံ့ပြန်ခြင်း(၂၀၀၁)၊ ယူနက်စကို ပါရီ

သင်ယူခြင်းအကြောင်းအရာများဟောပြောခြင်းနှင့် ဘဝတွက်တာကျွမ်းကျင်စရာများဆိုင်ရာ ယူနီဆက်ကွန်ရက်များ၊ နယူးရောက် http://www.unicef.org

အထက်ပါရင်းမြစ်များအတွက် ဝမ်းမြောက်ဝမ်းသာကျေးဇူးတင်ပါသည်။ ဤလက်စွဲကို အဆင်ပြေစွာ အသုံးတည့်အောင် အသုံးပြုသူများအား အားပေးတိုက်တွန်းလိုပါသည်။

ဆက်လက်၍ ယူနက်စကိုမှပုံမှန်အစီအစဉ်ရေးဆွဲရေး ရန်ပုံငွေအဖွဲ့၊ Trust ဂျပန်ရန်ပုံငွေအဖွဲ့၊ စကင်ဒီနေဗီယမ် ရန်ပုံငွေအဖွဲ့တို့သည် ဤလက်စွဲစာစဉ် အောင်မြင်စွာထွက်ပေါ်ရေးအတွက် အထောက်အကူပြုထားပါသည်။ ဤအထောက်အကူပြုမှုနှင့်တကွ အာရှဒေသတွင်း၊ ဒေသပြင်ရှိ ကလေးများ အကျိုးကျေးဇူးများစွာရရှိသည့်အတွက် လွန်စွာကျေးဇူးတင်ရှိပါသည်။

နောက်ဆုံးအနေဖြင့် အထူးကျေးဇူးတင်အပ်သူများမှာ Ray Harris, Dr.Shirley Miske, George Attig နှင့် ဤလက်စွဲစာအုပ်ငယ်(၆)အုပ်ကို ရေးသားပြုစုပေးသူများ ဖြစ်ကြပါသည်။ George Attig သည် ဤလက်စွဲစာစဉ်ဖြစ်ပေါ်ရေးအကြံဉာဏ်သဘောတရား

သန္ဓေစတည်သည်မှ စ၍ စာမူကြမ်းပုံနှိပ်စက်သို့ရောက်သည်အထိ သူ၏ကဏ္ဍအနေဖြင့် ပါဝင်ဆောင်ရွက်ထားရှိခဲ့ပါသည်။ ဤစာစဉ်အောင်မြင်စွာပြီးဆုံးရေးအတွက် အခက်အခဲများစွာကို ကောင်းစွာညှိနှိုင်း ဆောင်ရွက်ပေးခဲ့သော ယူနက်စကို ဗန်ကောက်မှ အစီအစဉ်ရေးဆွဲရေးပညာရှင် Vibeke Jensen ကိုလည်း လွန်စွာကျေးဇူးတင်ရှိပါသည်။

အောက်ပါအဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များသည် ဤလက်စွဲစာစဉ်ပြီးစီးရေးအတွက် အဖိုးတန်အချိန်များပေး၍ အရည်အသွေးပြည့်သော အတွေးအမြင်များကူညီပေးသောသူများဖြစ်ပါသည်။ အကယ်၍ ကျွန်ုပ်တို့အနေဖြင့် အမှုမဲ့ အမှတ်မဲ့ဖြင့် တစ်စုံတစ်ဦးအား ဖော်ပြရန်မေ့ကျန်ခဲ့ပါက လိုက်လှဲစွာတောင်းပန်အပ်ပါကြောင်းနှင့် မိတ်ဆွေတို့၏ အဖိုးထိုက်တန်လှစွာသော အကူအညီပေးမှုအတွက် အလေးအနက်ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

❖ ❖ ❖

## လက်စွဲစာစဉ်ကို ဖြန့်ငုံသုံးသပ်ချက်

လူတိုင်းအကျုံးဝင်ပညာရေးသင်ယူပျော်စာသင်ခန်းတစ်ခန်းသည် ကလေးများအားလုံးအပေါ် ကျား မ မရွေး၊ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ လူမှုရေး၊ စိတ်လှုပ်ရှားမှု၊ ဘာသာစကား သို့မဟုတ် အခြားဝိသေသလက္ခဏာများသည် မည်သို့ရှိစေကာမူ နွေးထွေးစွာကြိုဆိုပြီး ပြုစုပျိုးထောင်ပညာပေးရာဌာနဖြစ်ပေသည်။ သူတို့ကလေးများသည် မသန်စွမ်းကလေးများ ဖြစ်နိုင်သည်။ သို့သော် ထူးချွန်ထက်မြက်ကြသူကလေးများလည်းဖြစ်နိုင်ပြန်သည်။ လမ်းပေါ်ရောက်ကလေး သို့မဟုတ် အလုပ်လုပ်နေရသူကလေးများလည်း ဖြစ်နိုင်သည်။ အိမ်အခြေအတည်တကျ မရှိသောကလေးများ၊ ဘာသာစကားကွဲပြားသောကလေးများ၊ လူမျိုး သို့မဟုတ် ယဉ်ကျေးမှုအရ လူနည်းစုကလေးများ၊ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါ မျိုးကူးစက်ခံရသောကလေးများ၊ သို့မဟုတ် ဝေးလံခေါင်ဖျားသည့် ဒေသနေကလေးများ သို့မဟုတ်နယ်စပ်ဒေသနေထိုင်သူများ၊ လူမျိုးစုငယ် ကလေးများလည်း ဖြစ်နိုင်ကြပါသည်။

### ဤလက်စွဲစာစဉ်ကို မည်သူတို့အသုံးပြုနိုင်သနည်း

အထူးသဖြင့် ဤလက်စွဲစာစဉ်သည် **သင့်**အတွက်ဖြစ်သည်။ '**သင်**' ဆိုသည်မှာ မူကြိုကျောင်း၊ မူလတန်း သို့မဟုတ် အလယ်တန်း/အထက်တန်းကျောင်းတို့မှ ဆရာတစ်ဦး၊ ကျောင်းစီမံအုပ်ချုပ်သူတစ်ဦး သို့မဟုတ် ဆရာအတတ်သင်ကျောင်းမှ သင်တန်းသူတစ်ဦး သို့မဟုတ် ၎င်းမှ နည်းပြတစ်ဦး သို့မဟုတ် ဘဝနောက်ခံနှင့်စွမ်းရည်အမျိုးမျိုးရှိသော ကလေးများကဲ့သို့ ကျောင်းသို့ မတက်ရောက်နိုင်သောကလေးများ၏ ပညာသင်ယူရေးနှင့် ကျောင်းများတိုးတက်ရေးတို့ကို လိုလားသော ပုဂ္ဂိုလ်များဖြစ်ကြပေသည်။ ဤလက်စွဲစာစဉ်သည် ပညာရေးဌာန၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အခြားသောလုပ်ငန်းစီမံချက်များက အစပျိုးဖွဲ့စည်းဆောင်ရွက်ပေးမှုဖြင့် ကလေးဗဟိုပြုပြီး သင်ယူပျော်ဝန်းကျင်အဖြစ်သို့ ပြောင်းလဲစ ပြုသော ကျောင်းများတွင် အလုပ်လုပ်သည့် ဆရာများအတွက် အထူးသဖြင့် တန်ဖိုးရှိပေမည်။

ကျွန်ုပ်တို့ အားလုံးလက်ခံထားရှိရမည့် အရေးကြီးသော သဘောထားခံယူချက်တစ်ရပ်မှာ '**ကလေးများအားလုံးသည် ကွဲပြားခြားနားကြသည်**' ဟူသောအချက်ဖြစ်သည်။ ပြီးလျှင် ဘဝနောက်ခံနှင့် စွမ်းရည်အမျိုးမျိုးမည်သို့ရှိစေကာမူ ကလေးအားလုံးတွင်

တူညီသော ပညာရေးအခွင့်အလမ်းရှိရမည်ဆိုသည့် အချက်ဖြစ်ပေသည်။ ကျွန်ုပ်တို့၏ ကျောင်းများနှင့် ပညာရေးစနစ်များသည် ဘဝနောက်ခံနှင့် စွမ်းရည်အမျိုးမျိုးရှိသော ကလေးများကို ရှာဖွေစုစည်းပြီး၊ ပညာသင်ယူရန် အားပေးတိုက်တွန်းကာ ပုံမှန်ကျောင်းများတွင် ပညာသင်ယူစေသော လူတိုင်း အကျုံးဝင်ပညာရေးဆီသို့ ဦးတည်သွားနေပါသည်။ တစ်ဖက်တွင် ကျောင်းတက်လာကြခြင်းသည် ကလေးအချင်းချင်းအပြန်အလှန် ဆက်သွယ်မှုပြုနိုင်သောကြောင့် သင်ယူနိုင်မှုအခွင့်အလမ်း ပို၍ရရှိကြပါသည်။ ကလေးများ၏ သင်ယူမှုတိုးတက်လာစေသကဲ့သို့ မိသားစုအတွင်းနှင့် ရပ်ရွာလူနေမှုဘဝတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်မှုဖြင့် တိုးတက်စေပါသည်။ အလားတူပင် အခြားတစ်ဖက်တွင် သူတို့နှင့် အပြန်အလှန် ထိတွေ့ဆက်ဆံကြရသူများထံကလည်း အကျိုးကျေးဇူးများရှိပါသည်။ မည်သို့ပင်ဖြစ်နေစေကာမူ တစ်ဦး၏စွမ်းရည်ကို တစ်ဦးကတန်ဖိုးထားတတ်လာသည်။ လေးစားတတ်လာသည်။ စိတ်ရှည်မှု၊ သည်းခံမှု၊ နားလည်မှုနှင့် သင်ယူမိလာကြသည်။ လူတစ်ဦးစီတိုင်းသည် ‘ **အထူး** ’ဖြစ်သည်ဆိုခြင်းကို သိရှိနားလည်လာကြပြီး၊ ထိုသို့ အမျိုးမျိုး အစားစား ကွဲပြားခြားနားမှုများကို မြတ်နိုးတတ် ထိန်းသိမ်းစောင့်ရှောက်တတ်လာကာ ချစ်ခင်မြတ်နိုးမှုရှိလာကြသည်။

ဆရာများအနေဖြင့်မူ မိမိတို့၏တပည့်ကျောင်းသားများအတွင်း အမျိုးမျိုးဖြစ်နေခြင်းကို နွေးထွေးပွေ့ယူရသည်မှာ လွယ်ကူသော အလုပ်တစ်ခု မဟုတ်ပါ။ အချို့သော စာသင်ခန်းများတွင် ကျောင်းသားဦးရေ အလွန်များခြင်းကြောင့် ကျွန်ုပ်တို့သည် အလုပ်ဝန်ပိုမှုဒဏ်ခံစားကြရပါပြီ။ စာသင်ခန်းထဲတွင် ဘဝနောက်ခံနှင့်စွမ်းရည်အမျိုးမျိုးရှိသော ကလေးများပါဝင်လာပြီဆိုလျှင် အလုပ်ပိုများလာကြသည် ဟူသောသဘောကို မကြာခဏ ခံစားမိကြသည်။ သို့သော် ဤခံစားချက်မျိုး မထားသင့်ကြပါ။ ကျွန်ုပ်တို့အားလုံး လုပ်ကိုင်ဆောင်ရွက်ဖို့လိုအပ်သည်မှာ ကလေးများအကြား ကွဲပြားခြားနားမှုများအတွက် သူတို့၏ အားသာချက်များနှင့် အားနည်းမှုများကို သိရှိပြီးမှ စီမံခန့်ခွဲမှုပြုရန်၊ သင်ခန်းစာများကို အခြေအနေနှင့် ကိုက်ညီအောင်စီစဉ်ရန်၊ ကလေးတစ်ဦးချင်းစီ၏ အရည်အသွေးများ၊ နောက်ခံအခြေအနေများနှင့်သင့်တော်သည့် သင်ရိုးညွှန်းတမ်းကို ပြုပြင်ယူရန်၊ သင်ပြနည်းဗျူဟာများကို အသုံးပြုရန်ဖြစ်ပါသည်။ ထို့အတူ အထူးအရေးကြီးဆုံးမှာ ကလေး အားလုံးအတွက် အရည်အသွေးပြည့်ပညာရေးရရှိစေရေးအတွက် ကျွန်ုပ်တို့ကို ကူညီမှုပေးမည့် ကျွန်ုပ်တို့၏ လုပ်ဖော်ကိုင်ဖက်များ၊ မိဘများ၊ ရပ်ရွာလူထုနှင့် အခြားကျွမ်းကျင်ပညာရှင် လုပ်ငန်းရှင်များအား မည်ကဲ့သို့စည်းရုံးလှုံ့ဆော်ဆောင်ရွက်ရမည်ကို သိရှိရန်တို့ပင် ဖြစ်ပါသည်။

အထက်ပါလိုအပ်ချက်များကို သင်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ဤလက်စွဲစာစဉ်ကို စီစဉ်ထားခြင်းဖြစ်ပါသည်။ ဤစာစဉ်သည် သင့်ကျောင်းနှင့် သင့်စာသင်ခန်းများရှိ ကလေးများအားလုံးနှင့် ဆရာများကိုပါ ပို၍ နွေးထွေးဖော်ရွေပြီး သက်ဝင်လှုပ်ရှားမှုရှိသော သင်ယူရာဌာနများဖြစ်လာစေရန် အသုံးဝင်သည့်လက်စွဲများကို ပေးပြီး ထိုသင်ယူဌာနများသည် ကလေးပျော်ဖြစ်စေရုံသာမကဘဲ ဆရာပျော်၊ မိဘပျော်နှင့် ရပ်ရွာလူထုပါပျော်စေပါမည်။ ဤလက်စွဲစာစဉ်တွင် သင်၏ကိုယ်ပိုင်အခြေအနေအရ အသုံးပြုနိုင်သည့် အထောက်အကူအရင်းအမြစ်များကို ပေးထားပြီး မည်သည့်အခြေအနေ ဒေသများတွင်မဆို အောင်အောင်မြင်မြင် ဆောင်ရွက်သက်သေထူပြီးသည့် လက်စွဲများဖြစ်၍ အချို့သောလက်စွဲများကိုအသုံးပြုကာ သင်က စတင်လှုပ်ရှားဆောင်ရွက်နိုင်ပါပြီ။ သို့တည်း မဟုတ် သင်ဆောင်ရွက်နိုင်သော အလားတူလုပ်ငန်းများအတွက် အကြံဉာဏ်စိတ်ကူးများကို သင့်အား ပေးပါလိမ့်မည်။ ဤလက်စွဲစာစဉ်တွင်ပါရှိသည့် စာအုပ်ငယ်များသည်လည်း သင်ကြိုးစားဆောင်ရွက်နိုင်ရန် အတွေးအမြင်အကြံအစည်များလည်းပေးထားပါသည်။ အဆိုပါစာအုပ်ငယ်များသည် ထိုအတွေးအခေါ် များကိုပင် ပြန်လည်ထင်ဟပ်သုံးသပ်ရန်၊ အခြားသူများနှင့်အတူ ဆွေးနွေးရန်နှင့် သင့် လူမှုအဖွဲ့အစည်းအတွင်းရှိ သင်ယူသူ အားလုံးနှင့် တကွ စုစုစည်းစည်းအင်တိုက်အားတိုက် ခွန်စိုက်အားစိုက်ဖြင့် တက်ကြွသော လူတိုင်း အကျုံးဝင် သင်ယူပျော်ဝန်းကျင်တစ်ခုကို တည်ထောင်ကြရန် သင့်အား ဖိတ်ခေါ်ကမ်းလှမ်း ထားပါသည်။

သို့သော် ဤလက်စွဲစာစဉ်သည် စင်းလုံးချောပြီး ပြည့်စုံသောစာအုပ်တစ်အုပ် မဟုတ်ပါ။ ထို့အတူ သင်တို့ရင်ဆိုင်ကြုံတွေ့နိုင်သည့် ပြဿနာတိုင်းအတွက် အဖြေလည်း ဤလက်စွဲ စာစဉ်တွင် ရှိလိမ့်မည်မဟုတ်ပါ။ စာအုပ်ငယ် အသီးသီး၏ နောက်ဆုံးပိုင်းတွင် သင့်အတွက် များနိုင်သမျှ အများဆုံးအကူအညီပေးနိုင်ရန်၊ အရေးပါသည့် အခြားသော အထောက်အကူပြု ရင်းမြစ်များ စာရင်းကို ဖော်ပြပေးထားပါသည်။ မည်သို့ဖြစ်စေ လူတိုင်း အကျုံးဝင်သင်ယူပျော် ဝန်းကျင်တစ်ခုတည်ထောင်ခြင်းသည် အဆင့်ဆင့်ဆောင်ရွက်ရမည့် ဖြစ်စဉ်တစ်ခု သို့မဟုတ် ခရီးတစ်ခုဖြစ်သည်ကို သတိပြုပါ။ ခြေရာခံလိုက်ရမည့် လမ်းကြောင်းအတိုင်း အသာကလေးလိုက်သွားနိုင်မည့် အသင့်လမ်းများ သို့မဟုတ် အသင့် ဖြေရှင်းထားပြီးသည့်အဖြေများလည်းရှိမည်မဟုတ်ပါ။ ကိုယ်တိုင်စူးစမ်းရှာဖွေဖွင့်လှစ်မှု ပြုရမည့် လုပ်ငန်းစဉ်တစ်ခုသာဖြစ်ပါသည်။ ဤကဲ့သို့သော ဝန်းကျင်မျိုးကို အသစ်ဖန်တီး နိုင်ရန်မှာ အချိန်ယူကြရပေမည်။ သို့သော် **‘မိုင်တစ်ထောင်ရှိသည့် ခရီးတစ်ခုကို ပထမ**

**ဆုံးသော ခြေတစ်လှမ်းဖြင့်သာ စတင်သည်**'ဆိုသောစကားအရ ဤလက်စွဲစာစဉ်သည် သင်၏ပထမခြေလှမ်း တစ်လှမ်းအတွက် ကူညီမည်ဖြစ်သည်။ ထို့နောက် ဒုတိယခြေလှမ်း၊ ထို့နောက် တတိယခြေလှမ်း၊ ထို့နောက် စတုတ္ထခြေလှမ်းစသည်ဖြင့် ခြေလှမ်းများ လှမ်းသွားနိုင်ရန် ကူညီပါလိမ့်မည်။ သင်နှင့်သင့် ကျောင်းသားများသည် အသစ်အသစ်သော အကြောင်းအရာများကို အစဉ်အမြဲ သင်ယူနေကြရမည်ဖြစ်သဖြင့် ဘယ်သောကာလတွင်မှ ပြီးဆုံးသွားမည်မဟုတ်ပါ။ သင်ယူမှုသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေဆဲပင်ဖြစ်ရာ ကျောင်းသားများ၊ ဆရာများ၊ စီမံအုပ်ချုပ်သူများ၊ အထူးပညာပေးသူများ၊ မိဘများနှင့် ရပ်ရွာလူထုစသည်တို့အား စိတ်ဓာတ်ကြံ့ခိုင်ကျေနပ်နိုင်မှုကို ဤလက်စွဲစာစဉ်က ပေးပါလိမ့်မည်။

## ဤလက်စွဲစာစဉ်ကို သင်မည်ကဲ့သို့ အသုံးချနိုင်ပါသနည်း။

ဤလက်စွဲစာစဉ်တွင် စာအုပ်ငယ်(၆)အုပ်ပါရှိပြီး တစ်အုပ်ချင်းသည် လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်တစ်ခု စတင်ဖန်တီးတည်ထောင်နိုင်ရန် သင်တို့ကိုယ်တိုင် လေ့လာလျက်ဆောင်ရွက်နိုင်သည့် လုပ်ငန်းများနှင့် ကိရိယာတန်ဆာပလာများပါဝင်ပါသည်။ အချို့သော လုပ်ငန်းများသည် သင်နှင့် သင့်ကျောင်းအားလူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်တည်ထောင်ရာတွင် မည်သည့်အရာများလုပ်ကိုင်ဆောင်ရွက်နေသနည်းဆိုသည်ကို ပြန်လည်ထင်ဟပ်သုံးသပ်စေပြီး အခြားလုပ်ငန်းများက သင့်ကို အမျိုးအစားစုံလင်စွာရှိသည့် စာသင်ခန်းတွင်းမှ ဆရာတစ်ဦးအနေဖြင့် သင့်ကျွမ်းကျင်မှုများအား ဖွံ့ဖြိုးတိုးတက်လာအောင် သွက်လက်စွာ လမ်းညွှန် ရှေ့ဆောင်မှုပြုနေပါလိမ့်မည်။ ပထမဦးစွာ လုပ်ငန်းတစ်ခုချင်းစီကို သင် စမ်းသပ်ကြည့်နိုင်ပါသည်။ ထိုအခါ 'လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်ဆိုသည်မှာ ဘာလဲ၊ ''သင့်စာသင်ခန်း နှင့် သင့်ကျောင်းတွင် မည်ကဲ့သို့ဖန်တီးယူမလဲ၊ ''အဆိုပါဝန်းကျင်၏အကျိုးကျေးဇူးများကို ဘယ်လိုရလာမလဲ 'ဆိုသည်များကို သင်အကျွမ်းတဝင်ဖြစ်လာမည် ဖြစ်ပေသည်။ ဤသို့လျှင် လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်ဖန်တီးရေးတွင် သင့်လုပ်ဖော်ကိုင်ဖက်များနှင့် ကြီးကြပ်သူများ၊ သင့်ကျောင်းသားများ၊ ကျောင်းသားမိသားစုနှင့် ရပ်ရွာလူထုစသည်တို့နှင့် သင် အတူတကွဆောင်ရွက်ရန် အထောက်အကူပြုကိရိယာများနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများရှိကြပြီဖြစ်၍ စုပေါင်းဆောင်ရွက်မှု လိုအပ်လာပြီ။ ဤလုပ်ငန်းများသည် သင့်စာသင်ခန်းနှင့် ကျောင်းတွင် အရေးကြီးသောအပြောင်းအလဲများကို

ရင်ဆိုင်ခံနိုင်အောင် သင့်ကို ကူညီမည်ဖြစ်ပြီး လူတိုင်းအကျုံးဝင်ပြီး သင်ယူပျော်ဖြစ်ရေးကို ဆက်လက်ဖော်ဆောင်နိုင်ပေမည်ဖြစ်သည်။

ဤစာအုပ်ငယ် (၆)အုပ်ကို နည်းလမ်း(၂)မျိုးဖြင့် အသုံးပြုနိုင်ပါသည်။ ကလေးပျော် ကျောင်းဖြစ်လာအောင် ဆောင်ရွက်လုပ်ကိုင်နေကြသည့် ကျောင်းများကဲ့သို့ လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်အဖြစ် ဖော်ဆောင်နေသောကျောင်းများအတွက် အထူးနည်းလမ်း ကောင်းများပေးနိုင်မည့် စာအုပ်ငယ်တစ်အုပ် (သို့မဟုတ်)စာအုပ်ငယ်များကို ရွေးချယ်ရန် ဖြစ်သည်။ မိသားစုများ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ အမျိုးအစား စုံလင်သော စာသင်ခန်းဖြစ်အောင် စီမံဆောင်ရွက်ရန်တို့အတွက်ဖြစ်ပါသည်။ အဆိုပါ ဝန်းကျင်ဖန်တီးတည်ထောင်ရန် လမ်းကြောင်းပေါ်သို့ စတင်ရုံသာရှိသော ကျောင်းများ အတွက်မူ စာအုပ်ငယ်တစ်အုပ်ကအစပြု၍ စာအုပ်ငယ်(၆)အထိ တစ်ဆင့်စီသွားရန် ဖြစ်ပါသည်။ လက်စွဲစာစဉ်တွင် ပါဝင်သောစာအုပ်ငယ်အသီးသီးသည် ရှေ့စာအုပ်ငယ်ကို နောက်စာအုပ်က အခြေပြုပြီး စဉ်ဆက်ရေးသားတည်ဆောက်ထားသဖြင့် လက်စွဲစာစဉ်သည် အဆင့်တစ်ခုတိုင်းစီဖြင့် သင့်ကို ကူညီပေးမည်ဖြစ်ပါသည်။

ဤလက်စွဲစာစဉ်တစ်တွဲလုံးတွင် သုံးထားသော **'ကျောင်း'** ဟူသည် မူကြိုပညာရေး၊ မူလတန်း သို့မဟုတ် အလယ်တန်း၊ အထက်တန်း၊ ပညာရေးသင်ယူနိုင်သည့် ကျောင်း ပညာရေး သို့မဟုတ် ကျောင်းပြင်ပ ပညာရေး သင်ယူရာဝန်းကျင်များကို ဆိုလိုပါသည်။ သို့ဖြစ်၍ ဤလက်စွဲစာစဉ်တွင် **'ကျောင်း'**ဟူသောအသုံးအနှုန်းကို ပညာသင်ယူရာ အမျိုးအစားနှစ်ခုစလုံး၏ အခင်းအကျင်းဖြင့် ကျယ်ကျယ်ပြန့်ပြန့်သုံးနှုန်းထားခြင်း ဖြစ်ပါ သည်။ ဤဝန်းကျင်များသည် ပုံမှန်ကျောင်းတွင်လည်းကောင်း သစ်တစ်ပင်အရိပ်အောက်တွင် ကျောင်းပြင်ပ ပညာသင်တန်းနေရာတစ်ခုတွင်လည်းကောင်း ဖြစ်ပေါ်စေပါသည်။ သင်သည် ကျောင်းဆရာတစ်ဦးအနေဖြင့်လည်း ဤလက်စွဲစာစဉ်ကို အသုံးပြုနိုင်သည်။ ထို့အတူ လမ်းပေါ်ရောက်နေရသည့် ကလေးများအတွက် ကိုယ်တိုင်သင်ယူပညာရေး အခင်းအကျင်း အဖြစ်လည်း တစ်စုံတစ်ယောက်က အသုံးပြုနိုင်ပေသည်။

## သင်ဘာတွေ သင်ယူမလဲ

ဤလက်စွဲစာစဉ်သည် လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်တစ်ခုဖြစ်လာစေရန် သင့်ကျောင်းနှင့်သင့်စာသင်ခန်းတွင် မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို **စာအုပ်ငယ်(၁)**တွင် ဖော်ပြထားပါသည်။

မိဘများနှင့်လူ့အဖွဲ့အစည်းအဖွဲ့ဝင်များအနေဖြင့် ကျောင်းတွင် မည်ကဲ့သို့ ပါဝင်လာကြရန်နှင့် လူ့အဖွဲ့အစည်းတွင် ကလေးများမည်ကဲ့သို့ ပူးပေါင်းပါဝင်မှုရှိစေရန်တို့ကို လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်တစ်ခု တည်ထောင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်ကို ဖော်ဆောင်ရင်း လုပ်ကိုင်ရမည့် ဖြစ်စဉ်တစ်ခုလုံး မည်သို့မည်ပုံ အလွန်အရေးပါကြောင်းသိရှိရန် **စာအုပ်ငယ်(၂)**တွင် ဖော်ပြထားပါသည်။

ကလေးအားလုံးကျောင်းသို့ အကျုံးဝင်ရောက်ရှိကြရန်အတွက် မည်သည့် အဟန့်အတားများက တားဆီးပိတ်ပင်နေသည်၊ ကျောင်းသို့ ရောက်မလာနိုင်သေးသော ကလေးအမျိုးမျိုးကို မည်သို့ရှာဖွေဖော်ထုတ်မည်၊ ကလေးများကျောင်းသို့ ရောက်လာကြရန်အဟန့်အတားများကို မည်ကဲ့သို့ဖြေရှင်းမည်ဆိုသည်ကို **စာအုပ်ငယ်(၃)**တွင် ဖော်ပြထားပါသည်။

လူတိုင်းအကျုံးဝင်စာသင်ခန်းတစ်ခုကို မည်ကဲ့သို့ ဖန်တီးတည်ထောင်ရမည်၊ ကလေးများ အောင်အောင်မြင်မြင်သင်ယူနိုင်ရေး၊ လူတိုင်းအကျုံးဝင်ရန် သင်ယူပျော်ဖြစ်ရန် မည်ကဲ့သို့ဖော်ဆောင်ရမည်၊ သင့်အတန်းသို့ ရောက်လာသည့် ဘဝနောက်ခံနှင့် စွမ်းရည်အမျိုးမျိုးရှိသော ကလေးများမည်ကဲ့သို့ဆက်ဆံရမည်နှင့် ကလေးများအားလုံးအတွက် အဓိပ္ပာယ်အပြည့်အဝရှိသော သင်ယူမှုဖြစ်အောင် မည်သို့ဆောင်ရွက်ရမည် စသည်တို့ကို **စာအုပ်ငယ်(၄)**တွင် ဖော်ပြထားပါသည်။

သင်ကြားသင်ယူမှုအစီအမံများပါဝင်သော လူတိုင်းအကျုံးဝင်စာသင်ခန်းတစ်ခု စီစဉ်ဆောင်ရွက်ရန်၊ လိုအပ်သော ရင်းမြစ်များ ရရှိနိုင်သမျှ ရရှိအောင် ဆောင်ရွက်ရန်နှင့် ကလေးများ သင်ယူမှုကို မည်ကဲ့သို့အကဲဖြတ်ရန်တို့ကို **စာအုပ်ငယ်(၅)**တွင် ဖော်ပြထားပါသည်။

နောက်ဆုံးအနေဖြင့် သင့်ကျောင်းကို ကလေးအားလုံး ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကာကွယ်တားဆီးရေးလုပ်ငန်းများဆောင်ရွက်ရန်၊ အထူးသဖြင့် ကျန်းမာရေးချို့တဲ့သော၊ အာဟာရချို့တဲ့သော၊ ဘေးဒုက္ခခံကြရသော ဘဝနောက်ခံနှင့်စွမ်းရည်အမျိုးမျိုးရှိ ကလေးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ရန်နည်းလမ်းများကို **စာအုပ်ငယ်(၆)**တွင် ဖော်ပြထားပါသည်။

## အခြားသောစာအုပ်များမှ သင်ယူရရှိခြင်း

ဤလက်စွဲစာစဉ်ကို ပြုစုရာတွင် ကမ္ဘာအရပ်ရပ်ရှိ ဆရာများနှင့် အသက်မွေးဝမ်းကျောင်းအရ ကျွမ်းကျင်ပညာရှင်များက ကူညီခဲ့ကြပါသည်။ ၄င်းတို့သည် ဒေသဆိုင်ရာလုပ်ငန်းဆွေးနွေးပွဲ (၄)ခုတွင် ကိုယ်တိုင်ပါဝင်တက်ရောက်ကြပြီး ကလေးအားလုံး ကျောင်းသို့

ရောက်ရှိ ပညာသင်ယူလာကြရန် အကြံဉာဏ်များနှင့် လက်စွဲကိရိယာများကို မျှဝေပေးခဲ့ကြပါသည်။ ထိုပုဂ္ဂိုလ်များ သည် ၎င်းတို့၏အသိပညာကို မျှဝေသကဲ့သို့ အင်တာနက်နှင့်ပုံနှိပ်ထုတ်ဝေသည့် စာအုပ်စာတမ်းများရရှိနိုင်ရာများကိုလည်း မျှဝေခဲ့ကြပါသည်။ ထို့ပြင်ထိုပုဂ္ဂိုလ်များသည် ဝေဖန်ဆန်းစစ်သူများအနေဖြင့်လည်း ဤလက်စွဲစာစဉ်၏ အစောပိုင်းမူကြမ်းများကို ဖတ်ရှုသုံးသပ် ပေးခဲ့ကြပါသည်။ ပဓာနအကျဆုံးမှာ နိုင်ငံအများအပြားရှိကျောင်းများနှင့် ဆရာများက ဤလက်စွဲစာစဉ်အတွက် ပြန်လည်သုံးသပ်ခြင်း၊ ဤလက်စွဲစာစဉ် ပိုပြင်တိုးတက်ကောင်းမွန်ရေးအတွက် အကြံဉာဏ်များနှင့် လက်စွဲများဖြည့်စွက်ပေးခြင်းတို့ပင်ဖြစ်ပါသည်။

သို့ဖြစ်၍ သင်သည် အကြောင်းအရာအများအပြားကိုပါ တစ်ထိုင်တည်း လေ့လာသိရှိနိုင်မည် ဖြစ်ပါသည်။ ဤလက်စွဲစာစဉ်ရှိ လက်စွဲများကို ကမ္ဘာ့နိုင်ငံ အနှံ့အပြား၊ အထူးသဖြင့် အာရှ–ပစိဖိတ်ဒေသအတွင်း နိုင်ငံများမှ ကျောင်းများတွင် အသုံးပြုလျက် ရှိနေကြပြီဖြစ်ပါသည်။

ဤလက်စွဲများကို အသုံးပြုသည့်အခါ သင့်ကိုယ်သင် ပြန်မေးနိုင်ရန် အရေးကြီးဆုံးမေးခွန်းတစ်ခုမှာ **'ငါ့အတန်း၊ ဒါမှမဟုတ် ငါ့ကျောင်းမှာ ဒီဝိသေသလက်စွဲကို ငါဘယ်လိုအသုံးပြုမလဲ'** ဟူသည့် မေးခွန်းပင်ဖြစ်ပါသည်။

## ဝေါဟာရများဆိုင်ရာမှတ်စု

ဤလက်စွဲစာစဉ်ကို ပြုစုထုတ်လုပ်ရာတွင် မည်သည့်ဝေါဟာရများကို ထည့်သွင်းသုံးရမည်ဟူသည့်အချက်ကို စိန်ခေါ်မှုအဖြစ် ရင်ဆိုင်ခဲ့ရပါသည်။ တစ်ခါတစ်ရံတွင် အကြောင်းအရာတစ်ခုတည်းကို ဝေါဟာရအမျိုးမျိုးဖြင့် အသုံးပြုပါသည်။ တစ်ခါတစ်ရံတွင်လည်း ဝေါဟာရတစ်ခုသည် မရည်ရွယ်သော အဓိပ္ပာယ်တစ်ခုသို့ သက်ရောက်သွားတတ်သည်။ သာဓကအားဖြင့် ခွဲခြားဆက်ဆံခြင်းဟု အဓိပ္ပာယ်သက်ရောက်သောဝေါဟာရမျိုးကိုသုံးရန် ရှောင်ခဲ့ကြသည်။ ဤစာအုပ်ကိုဖြစ်နိုင်သမျှ ဖတ်ရလွယ်စေရန်နှင့် ကျမ်းမဆန်စေရန် ရိုးရှင်းသော ဝေါဟာရများဖြင့်သာ ကြိုးစားရေးသားပြုစုထားပါသည်။

ဤစာအုပ်၏ ရည်ရွယ်ချက်ပေါက်မြောက်စေရန် အကျုံးဝင်မှု ဖြစ်နိုင်သမျှဖြစ်စေသည့် ဝေါဟာရများကိုသာ အတတ်နိုင်ဆုံးအသုံးပြုထားပါသည်။ ဤလက်စွဲစာစဉ်တွင် ပါဝင်သော အရေးကြီးဆုံးဝေါဟာရများမှာ တစ်ဖက်ပါအတိုင်းဖြစ်ပါသည်–

- ❑ ‘ **ဘဝနောက်ခံနှင့် စွမ်းရည်အမျိုးမျိုးရှိသော ကလေးများ** ’ ဟူသည့် ဝေါဟာရသည် ဤလက်စွဲစာစဉ်တွင် အများဆုံးပါဝင်သည်။ ၎င်းဝေါဟာရသည် ယောကျ်ား မိန်းမဖြစ်မှု၊ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ လူမှုရေးပိုင်း၊ ဘာသာစကားဆိုင်ရာ၊ စိတ်ခံစားမှုပိုင်းဆိုင်ရာ၊ ယဉ်ကျေးမှု၊ ကိုးကွယ်မှုနှင့် အခြားသောဝိသေသအခြေအနေများကြောင့် ကျောင်းပညာရေးစနစ် ပင်မရေစီးကြောင်း၏ပြင်ပသို့ ရောက်ရှိနေကြသောကလေးများအားလုံးကို ရည်ညွှန်းပါသည်။
- ❑ ‘ **သင်ယူမှုဝန်းကျင်** ’ ဟူသည့် ဝေါဟာရသည် ကျောင်းပညာရေးတွင်ဖြစ်စေ ကျောင်းပြင်ပပညာရေးတွင်ဖြစ်စေ ကလေးများသည် အသိပညာရရှိကာ နေ့စဉ်ဘဝတွင် ပြန်လည်အသုံးပြုနိုင်ရပါမည်။ ထိုအသိပညာများနှင့် ကျွမ်းကျင်မှုများရရှိနိုင်သည့် ပညာပေးရာနေရာအားလုံးကို သင်ယူမှုဝန်းကျင်ဟုဆိုလိုပါသည်။ ထိုသင်ယူမှုဝန်းကျင်များသည် ကျောင်းများနှင့်ကောလိပ်များ ပုံစံအသွင် သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာဌာနများ၊ ဝါသနာပါလုပ်ငန်းဌာနများ သို့မဟုတ် လူမှုရေးအသင်းအဖွဲ့များတွင် အကောင်အထည်ဖော်နိုင်ပါသည်။
- ❑ **‘လူတိုင်းအကျုံးဝင်ပညာရေး’ သို့မဟုတ် ‘လူတိုင်းအကျုံးဝင်သင်ယူမှု’** ဟူသည့် ဝေါဟာရသည် ယောကျ်ား မိန်းမဖြစ်မှု၊ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ လူမှုရေး၊ ဘာသာစကား၊ စိတ်ခံစားမှု၊ ယဉ်ကျေးမှု၊ ကိုးကွယ်မှုနှင့် အခြားသော အကြောင်းအရာများရှိစေကာမူ အလေးထားမနေဘဲ ကလေးအားလုံးကို ကျောင်း သို့မဟုတ် ကျောင်းပြင်ပသင်ယူမှုဝန်းကျင်များတွင် ထည့်သွင်း၍ ပညာသင်ကြားပေးခြင်းကို ဆိုလိုပါသည်။
- ❑ **‘သင်ယူပျော်’** ဆိုသည်မှာ သင်ယူမှုဖြစ်စဉ်တွင် ကလေးကို ဗဟိုပြုထား ခြင်းကိုဆိုလိုသည်။ ၎င်းဝေါဟာရသည် ဆရာများ၊ အုပ်ချုပ်သူများ၊ မိဘများနှင့် ရပ်ရွာလူထု ပုဂ္ဂိုလ်များကဲ့သို့ လုပ်ရှားဆောင်ရွက်သူများသည် ကလေးတစ်ယောက်ယောက်၏ သင်ယူနိုင်ရေးရှေ့ဆောင်မှုပြုပေးသကဲ့သို့ ကိုယ်တိုင်လည်း သင်ယူကြ သည့် အခြေအနေကို ဆိုလိုပါသည်။ သင်ယူပျော် ဝန်းကျင်တစ်ခုဆိုသည်မှာ သင်ယူမှုကြောင့် ထိုဝန်းကျင်ရှိကလေးများကိုယ်တိုင် အကျိုးရှိရုံသာမက အခြားသူများ၏သင်ယူမှုမှလည်း အကျိုးရရှိပါသည်။ အခြားသူတို့၏ လိုအပ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားမှု ပြုသင့်ပါသည်။ ကလေးများအတွက် အကျိုးရရှိစေသောနေရာကို ဆိုလိုပါသည်။ သာဓကအားဖြင့် သင်ယူ

ပျော်ဝန်းကျင်တစ်ခုသည် ကလေးများအား သင်ယူမှုတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်သင်ယူနိုင်သည့် အခွင့်အလမ်းတစ်ရပ်ကိုပေးသည်။ ထိုဝန်းကျင်မှာပင် ရှိသည့် ဆရာများအား သင်ယူမှု စွမ်းအားပြည့်ဝစေရန် ကူညီပေးပြန်ပါသည်။ သင်နည်းအသစ်များရရှိပြီး ၎င်းတို့ကိုအသုံးချနိုင်သော နေရာလည်းဖြစ်သည်။ ထိုဝန်းကျင်မှာပင် မိဘများနှင့်ရပ်ရွာဒေသမှအဖွဲ့ဝင်များကို သူတို့၏ကလေးများသင်ယူရေး အကူအညီပေးကြရသည်။ တက်တက်ကြွကြွ ပါဝင်ပူးပေါင်း ဆောင်ရွက်ရေးနှင့် ကျောင်း၏လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန် တိုက်တွန်းအားပေးသည့် နေရာလည်းဖြစ်ပါသည်။

- **'စာသင်ခန်း'** ဟူသည် ကလေးများ အတူတကွလာရောက်ကြပြီး ဆရာ အကူအညီဖြင့် သင်ယူမှုပြုရန် သတ်မှတ်ထားရှိသော နေရာကို ဆိုလိုသည်။ သာဓကအားဖြင့် အစိုးရကျောင်းများရှိ ပုံမှန်စာသင်ခန်းများ၊ အလုပ်သမား ကလေးများအတွက် သစ်ပင်အောက်တွင် ပြင်ဆင်ထားသော ကျောင်းပြင်ပ ပညာသင်ကြားရေးအတန်းများ၊ လမ်းပေါ်ရောက်လူငယ်များအတွက် လူငယ် ဂေဟာရှိစာသင်ခန်းများ သို့မဟုတ် အခြားသောမည်သည့် စာသင်ခန်း များတွင်မဆို တက်ရောက်ပညာသင်ကြားနိုင်ခြင်းမရှိသော ကလေးများအတွက် ယာယီ သို့မဟုတ် အမြဲတမ်းဖွင့်လှစ်ထားသော အိမ်အခြေပြုသင်ယူမှုဌာနများ စသည်တို့ပါဝင်သည်။
- **'ဆရာ'** ဟူသည်မှာ စည်းမျဉ်းစည်းကမ်းများဖြင့် သတ်မှတ်ထားသော ပုံမှန်ကျောင်း သို့မဟုတ် ကျောင်းပြင်ပ ပညာသင်ယူရာနေရာအတွင်း ကလေး တစ်ဦး၏ သင်ယူမှုကို စနစ်တကျလမ်းညွှန်မှုပြုသော ပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုလိုသည်။
- **'ကျောင်းသား'** သို့မဟုတ် **'သင်ယူသူ'** သို့မဟုတ် **'တပည့်'** ဆိုသည်မှာ ကျောင်းပညာရေး သို့မဟုတ် ကျောင်းပြင်ပ ပညာရေးသင်ယူမှုတွင် ကိုယ်တိုင် ပါဝင်သင်ယူသူတိုင်းကို ရည်ညွှန်းသည်။ ဤလက်စွဲစာစဉ်တွင် အပြောင်းအလဲ ပြု၍ အမျိုးမျိုးသုံးနှုန်းထားသည်။
- **'မသန်စွမ်းကလေးများ'** ဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ၊ အာရုံခံစားမှုပိုင်းဆိုင်ရာ သို့မဟုတ် ဉာဏ်ရည်ဖွံ့ဖြိုးမှုပိုင်းဆိုင်ရာ ချို့တဲ့သောကလေးများနှင့် ကျောင်းမှ အထုတ်အပယ်ခံကြရရန် ပညာသင်ယူခွင့်မရရှိသော ကလေးများ ပါဝင်ပါ

သည်။ အဆိုပါကလေးများသည် ကိုယ်ကာယပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာချို့တဲ့ မသန်စွမ်းမှုဖြင့် မွေးဖွားလာသော ကလေးများ သို့မဟုတ် မကျန်းမာခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်း သို့မဟုတ် အခြားသောအကြောင်းကြောင့် ချို့ယွင်းပျက်စီးမှု၊ အားနည်းမှုရှိသော ကလေးများဖြစ်ကြသည်။ အားနည်းမှုဆိုသည်မှာ ကလေးများအမြင် အကြားအားနည်းခြင်း၊ သွားလာလှုပ်ရှားနိုင်မှုအားနည်းခြင်းတို့ဖြစ်ပြီး အခြားသောကလေးများနှင့် မတူဘဲ သင်ယူမှုနှေးကွေးသဖြင့် သာမန်နှင့်မတူသည့် နည်းလမ်းများဖြင့် သင်ယူကြရသူများ ဖြစ်ပါသည်။ နိုင်ငံအများစုတွင် မသန်စွမ်းကလေးများအဖြစ် သတ်မှတ်သော ကလေးများကို ပညာရေးအထူးလိုအပ်ချက်ရှိသော ကလေးများအဖြစ်ဖြင့်လည်း အပြန်အလှန်အားဖြင့် သတ်မှတ်ပါသည်။ ထို့ကြောင့် ဤအုပ်စုနှစ်စုသည် တသီးတခြား မဟုတ်ကြပါ။ မသန်စွမ်းကလေးများသည် သင်ယူနိုင်စွမ်းရှိကြပါသည်။ ထို့အတူ အခြားကလေးများကဲ့သို့ ကျောင်းတက်ရောက်နိုင်သော အခွင့်အလမ်းလည်း တူညီစွာရှိကြပါသည်။ မည်သို့ဆိုစေ အာရှ–ပစိဖိတ် ဒေသရှိနိုင်ငံများ၏ ကျောင်းများတွင် အဆိုပါကလေးများအား ကျောင်းမှ မကြာခဏဖယ်ထုတ်ခြင်း ခံနေကြရပါသည်။

- **'သင်ယူမှု အထူးလိုအပ်ချက်ရှိသောကလေးများ' သို့မဟုတ် 'ပညာရေးဆိုင်ရာအထူးလိုအပ်ချက်ရှိသော ကလေးများ'** ဆိုသည်မှာ သူတို့၏သင်ယူမှုတွင် အခြားသူများ၏ဂရုစိုက်မှုကြီးကြီးဖြင့် အကူအညီ ပေးရန် လိုအပ်သော ကလေးများကို ဆိုလိုပါသည်။ နိုင်ငံပေါင်းများစွာတွင် ဤအထူး ဂရုပြုမှုကို အထူးကျောင်း/စာသင်ခန်းများ သို့မဟုတ် သာမန်ကျောင်း/ စာသင်ခန်းများတွင် ပေးနေကြပြီဖြစ်ပါသည်။ များစွာသောနိုင်ငံတို့သည် ပညာရေးဆိုင်ရာ အထူးလိုအပ်ချက်ရှိသောကလေးများ သို့မဟုတ် သင်ယူမှု အထူးလိုအပ်ချက်ရှိသော ကလေးအဖြစ် ကျောင်းသားများကို အုပ်စုအမည် အမျိုးမျိုးသတ်မှတ်ပြီး ပုံမှန်ကျောင်းသားများနှင့် တသီးတခြားစီထား၏။ ထို့ကြောင့် လက်စွဲစာစဉ်တွင် ဤဝေါဟာရများ ထွက်ပေါ်လာသည့်အခါတွင် ဤအမည်သတ်မှတ်သည့် အလေ့အထရှိနေခြင်းကို သိစေသည်။ သို့သော်လည်း ၄င်းသည်သင်ယူမှု အထူးလိုအပ်ချက်ရှိသောကလေးများ သို့မဟုတ် ပညာရေး အထူးလိုအပ်ချက်ရှိသောကလေးများနှင့် ပုံမှန်ကလေးများကြားတွင် ပညာရေးဆိုင်ရာကွာဟမှု အမှန်တကယ်ရှိနေသည်ဟု မဆိုလိုပါ။

- **'လိင်'** ဆိုသည်မှာ အမျိုးသားများနှင့် အမျိုးသမီးများကြား ဇီဝဆိုင်ရာ ခြားနားမှုတစ်ရပ်ကို ဖော်ညွှန်းခြင်းပင် ဖြစ်သည်။
- **'ကျား/မ'** ဟူသည် လူမှုရေးဆိုင်ရာ သီးခြားအုပ်စုခွဲခြင်းအရ အမျိုးသားနှင့် အမျိုးသမီးအတွက် သတ်မှတ်ထားသည့် လူမှုရေးဆိုင်ရာကဏ္ဍကို ဆိုလိုသည်။ သာဓက–**' အမျိုးသားများကို အိမ်ထောင်ဦးစီး'** အဖြစ် လည်းကောင်း၊ **'အမျိုးသမီးများကို ကလေးပြုစုစောင့်ရှောက်သူ'** အဖြစ် လည်းကောင်း သတ်မှတ်ခြင်းမျိုးဖြစ်သည်။ ကျား/မဆိုင်ရာကဏ္ဍများကို လူ့ဘောင် အဖွဲ့အစည်းတစ်ခုအနေဖြင့် သတ်မှတ်ပြီး လူ့အသိုင်းအဝိုင်း ယဉ်ကျေးမှု၏ တစ်စိတ်တစ်ဒေသအဖြစ် မျိုးဆက်တစ်ဆက်မှ တစ်ဆက်သို့ လက်ဆင့်ကမ်း သိရှိလာခြင်းဖြစ်သည်။ (မိသားစုတစ်စု သို့မဟုတ် ကျောင်းတွင်သင်ယူခဲ့ရသော) လူမှုရေးဆိုင်ရာ သင်ယူရရှိသော သဘောထားအမြင်အရ ကျား/မတို့ဖြင့် ဖွဲ့စည်းထားသော မည်သည့်အဖွဲ့အစည်းကိုမဆို အမျိုးသား/အမျိုးသမီး တန်းတူ ညီမျှမှုနှင့် တရားမျှတမှုရှိစေရန် အပြောင်းအလဲ သို့မဟုတ် ပြောင်းပြန်ပြုလုပ်နိုင် သည်။ တစ်နည်းဆိုရသော် **'အမျိုးသမီးများကို ကလေးပြုစုစောင့်ရှောက်သူများ'** အဖြစ်မှ **' အမျိုးသမီးများကို အိမ်ထောင်ဦးစီး'** အဖြစ်သို့လည်းကောင်း၊ **' အမျိုးသားများသည်အိမ်ထောင်ဦးစီး'**အဖြစ်မှ **' အမျိုးသားများသည် ကလေးပြုစုစောင့်ရှောက်သူများ'** အဖြစ်သို့လည်းကောင်း သို့မဟုတ် **' အမျိုးသားများ နှင့် အမျိုးသမီးများသည် အိမ်ထောင်ဦးစီးများနှင့် ကလေးပြုစု စောင့်ရှောက်သူများ'**အဖြစ်သို့လည်းကောင်း၊ ကျား မ ဆိုင်ရာ ကဏ္ဍကို ပြောင်းလဲနိုင်ပေသည်။
- **' မိသားစု'** ဆိုသည်မှာ အဓိကကျသောလူသားအစုတစ်ခုဖြစ်ပြီး ထိုအစုအတွင်း မှပင် ကလေးတစ်ယောက် ပေါ်ပေါက်လာခြင်းဖြစ်သည်။ **' ရပ်ရွာဒေသ'** ဆိုသည်မှာ ကလေးနှင့် ကလေးမိသားစုတို့ပါဝင်သော ပိုမို ကျယ်ဝန်းသည့် လူမှုအစုအဖွဲ့ကို ရည်ညွှန်းပါသည်။

# Toolkit Contributors

## Countries Represented

Bangladesh
Cambodia
China
France
India
Indonesia
Lao PDR
Pakistan
Philippines
Thailand
United States of America
United Kingdom
Vietnam

## Toolkit Development

| | |
|---|---|
| Laetitia Antonowicz | Intiranee Khanthong |
| Georage A.Attig | Shirley Miske |
| Tutiya Buabutta | Hildegunn Olsen |
| Tomo Chattopadhay | Ann Ridley |
| Ray Harris | Sheldon Shaeffer |
| Vibeke Jensen | |

## Toolkit Reviewers

| | |
|---|---|
| Teresa Abiera | Supee Donpleg |
| Koen Van Acoleyen | Kenneth Eklindh |
| Vonda Agha | Siwaporn Fafchamps |

Khalida Ahmed
Mohammad Tariq Ahsan
Anupam Ahuja
Safia Ali
Shabana Andaleeb
Arshi
Rukhshunda Asad
Mahmooda Baloch
Sultana Baloch
Sadiqu Bano
Shamim Bano
Anne Bernard
Flora Borromeo
Naeem Sohail Butt
Yasmin Kihda Bux
Gilda Cabran
Kreangkrai Chaimuangdee
Nikom Chaiwong
Sangchan Chaiwong
Renu Chamnannarong
Aporn Chanprasertporn
Tamo Chattopadhay
Francis Cosstick
Charles Currin
Joan DeJaeghere
Benedicta Delgado
Rosemary Dennis
Ragnhild Meisfjord
Cliff Meyers
Cynthia Misalucha
Farhat Farooqui
Aida Francisco
He GuangFeng
Els Heijnen
Budi Hermawan
Evangeline Hilario
Masooma Hussain
H.Moch.Sholeh Y.A Ichrom
Gobgeua Inkaew
Souphan Inthirat
Heena Iqbal
Shaista Jabeen
Salma M.Jafar
Venus Jinaporn
Najma Kamal
Kartini
Lyka Kasala
Chaweewan Khaikaew
Uzma Khalid
M.Khalil
Bilal Khan
Shaista Nasim Khan
Pralong Krutnoi
Ran Kuenpet
Chij Kumar
Nongnuch Maneethong
Rosalie Masilang
Porntip Roongroj
Rubina
Sobia Saqlain

Thanandon Na Chiangmai
Benjalug Namfa
Sompol Nantajan
Maria Fe Nogra-Abog
Thongpen Oatjareanchai
Sithath Outhaithany
Elizabeth Owit
Wittaya Pa-in
Marivic Panganiban
Wantanee Panyakasa
Manus Pasitvilaitum
Chalerm Payarach
Linda Pennells
Nongkran Phichai
Mary Pigozzi
Penny Price
Kunya Pundeng
Tahira Qazalbask
Nora N Quetulio
Sabiha Rahim
Florencia Ramos
Shyda Rashid
Ann Ridley
Clarina Rigodon
Wendy Rimer
Maurice Robson
Naheed Sajjad
Estelita Samson
Lourdes Santeco
Sadia Shahid
Ruchnee Somboot
Teresita Sotto
Norkham Souphanouvong
Persy Sow
Milagros Sucgang
Pensri Supavasit
Farida Tajamul
Sritoon Tathun
Philippa Thomas
Anchalee Thongsook
Nguyen Thi Thanh Thuy
Jocelyn Tuguinayo
Erlinda Valdez
Zenaida Vasquez
Sangwan Wangcham
Terje M. Watterdal
Marc Wetz
Mantariga Witoonchat
Somkid Wongsuntorn
Nuttapong Yoswungjai
Shahzad Yousat
Susana Zulueta

‘လူတိုင်းအကျုံးဝင်ပညာရေး သင်ယူပျော်ဝန်းကျင်များ တည်ထောင်ရေး လက်စွဲစာစဉ်’မှ ဤ ‘ခွဲခြားထွေးပွေ့ယူ ဘယ်ပန်းမဟူ’ (Embracing Diversity: Toolkit for Creating Inclusive, Learning-Friendly Environments) ခြုံငုံအညွှန်းစာအုပ်ကို ‘ရွှေမင်းသားပုံနှိပ်တိုက်’ (တိုက်–၇၉၇၊ အခန်းအမှတ် ၁၀၄–၁၀၅၊ ဝါးတန်းလမ်း (ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်)၊ လမ်းမတော်မြို့နယ်) က လှူဒါန်းပါသည်။

⌖ ⌖ ⌖ ⌖ ⌖ ⌖

စာအုပ်ငယ်-၁

# လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်တစ်ခု ပေါ်ပေါက်လာခြင်း

ပညာရေး



Booklet 1 :

# Becoming an Inclusive, Learning-Friendly Environment ILFE

လူတိုင်းအကျုံးဝင်
သင်ယူပျော်
ဝန်းကျင်များ

UNESCO

## လက်စွဲလမ်းညွှန်

စာအုပ်ငယ်(၁)တွင် လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်တစ်ခု၏အကြောင်းနှင့် ဆရာများ၊ ကလေးများ၊ မိဘများနှင့်ရပ်ရွာပြည်သူတို့အတွက် ရရှိနိုင်မည့်အကျိုးကျေးဇူးများအကြောင်း ဖော်ပြထားပါသည်။ ဤစာစဉ်သည် သင်၏ကျောင်းကို လူတိုင်းအကျုံးဝင်ပြီး သင်ယူပျော်လာစေမည့် နည်းလမ်းများနှင့် ပိုမိုတိုးတက်လာစေမည့် နယ်ပယ်တို့ကို ခွဲခြားသိရှိနိုင်ရန် လမ်းညွှန်ပေးပါလိမ့်မည်။ ထို့ပြင် တိုးတက်မှုများဖြစ်ထွန်းလာစေရန် မည်သို့စီစဉ်ဆောင်ရွက်သင့်သည်၊ တိုးတက်မှုကို မည်သို့စောင့်ကြည့်စစ်ဆေး အကဲဖြတ်သင့်သည်ဆိုသည့် အကြံဉာဏ်များကိုလည်းပေးပါလိမ့်မည်။

### လက်စွဲများ


၁. ၁ **လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်တစ်ခုသည်အဘယ်နည်း။ အဘယ်ကြောင့်အရေးကြီးပါသလဲ။** ........ **၃**

'အကျုံးဝင်' နှင့် 'သင်ယူပျော်' ဟူသည် အဘယ်နည်း။ ........ ၃

လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်တစ်ခု၏ အရေးကြီးသော ဝိသေသလက္ခဏာများမှာ မည်သည်တို့နည်း။ ........ ၉

လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခု၏အကျိုးကျေးဇူးမှာ အဘယ်နည်း။ ........ ၁၄

၁. ၂ **ကျွန်ုပ်တို့သည် ယခုဘယ်နေရာမှာရောက်နေပြီလဲ။** ........ ၂၃

ကျွန်ုပ်တို့ကျောင်းသည်လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်ဖြစ်ပြီလား။ ၂၃

ကျွန်ုပ်တို့ကျောင်းသည် လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခု မည်ကဲ့သို့ဖြစ်လာနိုင်မည်နည်း။ ........ ၃၁

ရေရှည်တည်တံ့ခိုင်မြဲမည့် အပြောင်းအလဲများကိုမည်ကဲ့သို့ဖန်တီးမလဲ။ .... ၃၄

၁. ၃ **လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်ဖြစ်လာရန်ဆောင်ရွက်ရမည့်အဆင့်များ။** ........ ၃၈

လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်တစ်ခု ဖြစ်လာစေရန် မည်ကဲ့သို့ကြိုတင်စီစဉ်မလဲ။ ........ ၃၈

ကျွန်ုပ်တို့၏ တိုးတက်လာမှုကို မည်ကဲ့သို့ ကြီးကြပ်ကွပ်ကဲမည်နည်း။ ...... ၄၅

၁. ၄ **ကျွန်ုပ်တို့ ဘာတွေသင်ယူပြီးပြီလဲ။** ........ ၄၉



## လက်စွဲ(၁.၁)

## လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခုဆိုသည် အဘယ်နည်း၊ အဘယ်ကြောင့် အရေးကြီးပါသလဲ။

လူတိုင်းအကျုံးဝင်ပညာရေးဆိုသည်မှာ စင်စစ်အားဖြင့် မိမိတို့၏ကျောင်းများ၊ စာသင်ခန်းများတွင် အောင်အောင်မြင်မြင်ရှိကြသည့် တခြားကလေးများလိုပင် ဘဝနောက်ခံနှင့် စွမ်းရည်အမျိုးမျိုးရှိသော ကလေးများကို မိမိတို့ဆောင်ရွက်ပေးနိုင်သည့် လက်တွေ့ကျသော အပြောင်းအလဲများအကြောင်းပင်ဖြစ်သည်။ ဤပြောင်းလဲမှုများသည် အထူးလိုအပ်ချက်ရှိသော ကလေးများအဖြစ်ကွက်၍ ကျွန်ုပ်တို့ရွေးထုတ်ထားသည့် ကလေးများအတွက်သာမက ကလေးအားလုံး၊ မိဘများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းစီမံအုပ်ချုပ်သူများ၊ ကျောင်းနှင့် ပတ်သက်သောလုပ်ငန်းများတွင် လုပ်ကိုင်ကြသော ဒေသခံပြည်သူတိုင်းအတွက်လည်း အကျိုးဖြစ်ထွန်းစေပါသည်။

### 'အကျုံးဝင်'နှင့် 'သင်ယူပျော်'ဟူသည်အဘယ်နည်း

'အကျုံးဝင်'ဟူသောဝေါဟာရမှာ မသန်စွမ်းသောကလေးများသည် သန်စွမ်းသောကလေးများ ပညာသင်ကြားနေရာ ပုံမှန်စာသင်ခန်းတွင်း၌ အကျုံးဝင်ခြင်းဟု လွန်ခဲ့သည့်နှစ်များက ဆိုထားခဲ့ပြီ။ ဤလက်စွဲစာစဉ်တွင် လူတိုင်းအကျုံးဝင်မှု၏ အဓိပ္ပာယ်သည် ပိုမို၍ကျယ်ဝန်းပါသည်။

ဤသို့နှယ် အကျုံးဝင်သောကလေးများ၌ အမြင်အကြားတွင် အခက်အခဲရှိသူကလေးများ၊ လမ်းမလျှောက်နိုင်သောကလေးများ၊ သင်ယူမှုနှေးကွေးသော ကလေးများအစရှိသည့်မသန်စွမ်းကလေးများပါဝင်၏။အကျုံးဝင်မှုကိုမည်သို့ဖွင့်ဆိုစေကာမူ ကျောင်းထွက်သွားသော ကလေးများ၊ ကျောင်းမရောက်နိုင်သေးသူကလေးအားလုံးလည်း ပါဝင်သည်။ အဆိုပါ ကလေးများသည် ကျောင်းစာသင်ခန်းသုံး ဘာသာစကားကို မပြောဆိုနိုင်ကြသူများလည်းဖြစ်နိုင်သည်။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် နေမကောင်းခြင်း၊ အာဟာရမပြည့်ဆာလောင်နေခြင်းတို့ကြောင့် ကျောင်းထွက်ထားသူများလည်းဖြစ်နိုင်သည်။ ကောင်းစွာမသင်ယူနိုင်သည်လည်း ဖြစ်နိုင်သည်။ သို့တည်းမဟုတ် ကွဲပြားခြားနားသော ဘာသာစကား

နှင့်ဇာတ်ခွဲခြားမှုကြောင့်လည်း ဖြစ်နိုင်သည်။ မိန်းကလေးငယ်ဘဝတွင် ကိုယ်ဝန်ဆောင် လိုက်ရသော မိန်းကလေးများ၊ HIV, AIDS ကျရောက်ခံစားနေသောကလေးများ၊ ယောကျ်ား လေးများနှင့် မိန်းကလေးများအားလုံးသည် အမှန်တွင်မူကျောင်းတွင်ရှိသင့်ကြသည်။ သို့သော်မရှိကြချေ။ အထူးသဖြင့် အချို့လည်း အိမ်မှာ၊ အချို့လည်းအလုပ်ခွင်၊လယ်ယာမှာ သို့မဟုတ် ကြုံရာရွှေ့ပြောင်းသွား နေကြရပြီး မိသားစုစားဝတ်နေမှုရှင်သန်ရေးအတွက် အထောက်အကူပြုရန် အလုပ် လုပ်နေကြရသည်။ လူတိုင်းအကျုံးဝင်မှုဆိုသည်မှာ ဆရာ၊ ဆရာမ များအနေဖြင့် ရရှိနိုင်သမျှအထောက်အကူများကို ကျောင်း၏တာဝန်ရှိအုပ်ချုပ်သူများ၊ ရပ်ရွာလူ့အဖွဲ့အစည်း၊ မိသားစုများ၊ ကလေးများ ပညာရေးဆိုင်ရာဌာနအဖွဲ့အစည်းများ၊ ကျန်းမာရေးဌာနများ၊ ရပ်ရွာဒေသခေါင်းဆောင်များအစရှိသည့် ပုဂ္ဂလိဌာနများထံမှ ဖော်ထုတ်ရယူရန် တာဝန်ရှိကြသူများ ဖြစ်ကြသည်။ ကလေးမှန်သမျှကို တွေ့ရှိအောင် ရှာဖွေရန်နှင့် သင်ကြားပေးကြရန် တာဝန်ရှိသူများ ဖြစ်ကြသည်။

ထို့ပြင် ရပ်ရွာဒေသအချို့တွင် ကလေးအားလုံးသည် ကျောင်းတွင် စာရင်းဝင်အောင် ကျောင်းအပ်နှံမှုတော့ရှိလိမ့်မည်။သို့သော် ကလေးအချို့မှာမူ စာသင်ခန်းအတွင်း သင်ယူခြင်း မပြုနိုင်သေးသည်များလည်း ရှိနိုင်သေးသည်။ သာဓကအားဖြင့် အောက်ပါ ကလေးမျိုးများ ဖြစ်နိုင်ပါသည်–

- ❖ ၄င်းတို့တတ်သည့် ကနဦးဘာသာစကားဖြင့် ရေးသားပြုစုထားသော သင်ခန်းစာ သို့မဟုတ် ပြဋ္ဌာန်းစာအုပ်မရှိသေးသောကလေးများ၊
- ❖ သင်ကြားမှုဖြည့်ဆည်းပေးရေးတောင်းဆိုပေးခြင်းမခံရသူများ၊
- ❖ တောင်းဆိုခြင်းလည်းမပြုသူများ၊
- ❖ ကျောက်သင်ပုန်း သို့မဟုတ် ပြဋ္ဌာန်းစာအုပ်ကို မမြင်နိုင်သူ သို့မဟုတ် ဆရာ့အသံကို မကြားနိုင်သူသို့တည်းမဟုတ်
- ❖ စာကောင်းကောင်းမသင်ယူနိုင်သူများနှင့်ကိုယ့်ကိုလည်း အကူအညီပေးလာ စေရန်ကြိုးပမ်းအားထုတ်မှုမပြုသူများ၊

ဤသို့သော ကလေးများသည် စာသင်ခန်း၏နောက်ဆုံးခုံတွင် ထိုင်ကြမည်။ ပြီးလျှင်သူတို့သည်မကြာခင်အတူတကွကျောင်းထွက်သွားနိုင်ကြသည်။ ဆရာများသည် ကလေးအားလုံး သင်ယူနိုင်သော၊ သင်ယူချင်သော၊ ကလေးကိုယ်တိုင် ကျောင်းနှင့် စာသင်ခန်း အတွင်း၌ ပါဝင်နေရသည်ဟု ခံစားရသော သင်ယူမှုဝန်းကျင်တစ်ခု ဖန်တီးရန်တာဝန် ရှိပေသည်။

## 'သင်ယူပျော်'ဆိုသည်မှာအဘယ်နည်း

ကျောင်းအများစုသည် ကလေးပျော်ကျောင်းများဖြစ်လာကြစေရန် ဆောင်ရွက်ကြသည်။ ယင်းသည်ကလေးများအတွက် သူတို့၏ သင်ယူမှုအလားအလာများ အပြည့်အဝဆုံးဖြစ်စေသည့် အခွင့်အလမ်းများကိုရရှိစေသည်။ သူတို့ကို နွေးထွေးစွာ ကြိုဆိုသော လုံခြုံစိတ်ချရသည့် ဝန်းကျင်တစ်ခုဖြစ်သည်။ ကလေးပျော်ကျောင်း၏ ရည်ရွယ်ချက်မှာ ဘာသာရပ်များနှင့် စာမေးပွဲပေါ်တွင်သာ အာရုံစူးစိုက်မှုထက် ကလေးများကိုယ်တိုင် ကျောင်းတက်လာရန်နှင့်ကိုယ်တိုင်ပါဝင်သင်ယူစေရန်ဖြစ်၏။ ကလေးပျော်ကျောင်း ဖြစ်ရေးသည် အလွန်အရေးပါပါသည်။ သို့ပါသော်လည်း ဖြစ်ရုံနှင့် မပြည့်စုံသေးချေ။

ကလေးများစာသင်ရန် ကျောင်းသို့လာကြသည်။ ထို့အတူ ဆရာများသည်လည်း အစဉ်သင်ယူနေကြရပေသည်။ ကျောင်းသားများကို သင်ကြားပေးရန်အတွက် မိမိတို့ ဆရာများသည် ကမ္ဘာကြီးနှင့်ပတ်သက်သည့်အကြောင်းအရာသစ်များကို သင်ယူကြရသည်။ ဆရာများ၏ သင်ယူမှုမှာမိမိတို့၏ကျောင်းသားများကို ပြန်လည်သင်ကြားရာတွင် ပို၍ထိရောက်ရန်နှင့် ပို၍သင်ယူချင်ဖွယ်ဖြစ်ရန် သင်ယူကြရခြင်းဖြစ်သည်။ ကျောင်းသား အားလုံးသည် စာဖတ်တတ်ရန် သို့မဟုတ် သင်္ချာတွက်တတ်ရန်သင်ယူကြရသည်။ ထို့အတူ မိမိတို့ဆရာ များကလည်း ကိုယ့်တပည့်များထံမှ သိစရာအကြောင်းအရာသစ်များကို ကောင်းစွာသင်ယူကြရသည်။ ဤလက်စွဲစာစဉ်သည် ဤလမ်းကြောင်းအတွက် လမ်းညွှန်မှုပထမအဆင့် ဖြစ်ပေသည်။

သင်ယူပျော်ဝန်းကျင်တစ်ခုသည် ကလေးနှင့်ဆရာပါပျော်ရွှင်သည့် ဝန်းကျင်ပင်ဖြစ်သည်။ ၎င်းဝန်းကျင်သည် သင်ယူနေသော လူ့အဖွဲ့အစည်းတစ်ခုအဖြစ် ဆရာနှင့်တပည့်တို့အတူ တကွပူးပေါင်းသင်ယူမှု၏ အရေးပါပုံကို အလေးပေးဖော်ညွှန်းပြသပါသည်။ ယင်းသင်ယူမှုတွင် ကလေးကို ဗဟိုပြုပြီး သူတို့ကိုယ်တိုင်သွက်လက်တက်ကြွစွာ ပါဝင်သင်ယူရန်အားပေးသည်။ ဆရာများ၏လိုအင်များနှင့် အကျိုးခံစားခွင့်များကိုလည်း ပြည့်စေသည်။ ဤသို့လျှင် မိမိတို့သည် ကလေးများကို အတတ်နိုင်ဆုံးနှင့် အကောင်းဆုံး အဖြစ်နိုင်ဆုံးသော ပညာများကိုပေးရန်နှင့် ပေးနိုင်စွမ်းများ ရှိချင်လာကြပေသည်။



**ဆောင်ရွက်ရန်လုပ်ငန်း။ အကျုံးဝင်ခြင်း၊ သင်ယူပျော်စာသင်ခန်းများကို နားလည်သဘောပေါက်စေခြင်း။**

**အောက်ပါမည်သည့်စာသင်ခန်းသည်လူတိုင်း အကျုံးဝင်ပြီး သင်ယူပျော် ဖြစ်သည်ဟု သင်ယူဆပါသနည်း။**

**စာသင်ခန်း(က)**

ကလေး(၄၀)တို့သည် သစ်သားခုံတန်းရှည်ပေါ်တွင်ထိုင်ပြီး စာရေးခုံပေါ်တွင် လေ့ကျင့်ခန်းစာအုပ်များကို ဖွင့်ထားကာ သူတို့လက်ထဲတွင် ဘောပင်များကို ကိုင်ထားကြ၏။ ဆရာမက အဆင့်(၃) [ဒုတိယတန်း]၊ ပြဋ္ဌာန်းစာအုပ်မှပုံပြင်တစ်ပုဒ်ကို စာအုပ်ပါရေးသားထားသည့်စာအတိုင်း တိကျသေချာအောင် ကျောက်သင်ပုန်း ပေါ်တွင် ပြန်ကူးရေးနေသည်။ ယောကျ်ားလေးများသည် အခန်း၏ညာဘက်ခြမ်းတွင်ထိုင် နေကြပြီး ဆရာမရေးပြသည်ကို ကူးယူနေကြသည်။ မိန်းကလေးများသည် ဘယ်ဘက် ခြမ်းခုံများတွင် ထိုင်ကာ လေ့ကျင့်ခန်းစာအုပ်ထဲတွင် ကူးယူနိုင်ရန်ဆရာမနေရာအရွှေ့ကို စောင့်ဆိုင်းနေကြ၏။ ဆရာမသည် စာရေးရင်းဖြင့် ‘တပည့်တို့တွေ ဆရာမ ရေးပြနေတဲ့ ပုံပြင်ကို ကူးရေးနေကြ သလား’ ဟုမေး၏။ ကလေးတိုင်းကလည်း ပြန်ဖြေကြ၏။

‘ဟုတ်ကဲ့ပါ ဆရာမ . . . . . ’

**စာသင်ခန်း(ခ)**

ကလေးများအုပ်စုနှစ်စုသည် ကြမ်းပြင်ပေါ်တွင် စက်ဝိုင်းပုံသဏ္ဍာန်ဖြင့် ထိုင်နေကြ၏။နှစ်အုပ်စုစလုံးတွင် ကျား၊မရောနှောပါဝင်နေ၏အဆင့်(၃)[ဒုတိယတန်း]၊ ဆရာမ သည် ပုံသဏ္ဍာန်များအကြောင်း သင်ကြားနေ၏။ အုပ်စုတစ်စုတွင် ကလေးများ သည် စက်ဝိုင်း များအကြောင်း ပြောနေကြ၏။ ဆရာမက လုံးဝိုင်းသောအရာဝတ္ထု အချို့ကိုပြသပြီး ဤပစ္စည်း မျိုး ကိုယ့်နေအိမ်များမှယူလာခဲ့ကြရန် မှာကြားထား၏။ ကလေးများသည် ထိုပစ္စည်းများကို ကိုင်တွယ်ကြည့်ပြီး စက်ဝိုင်းပုံအရာဝတ္ထုအမည် စာရင်းကို အတူတူရေးနေကြ၏။ နောက် အုပ်စုတစ်စုမှကလေးများမှာ တုတ်ချောင်းရှည် သဏ္ဍာန်သတင်းစာလိပ်များကို ကိုင်ဆောင် ထားကြ၏။ ဆရာမက နံပါတ်တစ်ခုကို ခေါ်လိုက်သည့်အခါ ထိုနံပါတ်ပြားနှင့် ကလေးမလေးသည် တုတ်ကို ကြမ်းပြင်၏ အလယ်ဗဟိုတွင်ချကာ စတုရန်းပုံ စတင်ပုံဖော် လိုက်၏။ နားလေးသောကလေးမက

တုတ်ချောင်းကို တြိဂံပုံဖော်ရန် ဆက်လိုက်ပြီးနောက် ဆရာမကို ပြုံးကြည့်လိုက်၏။ ဆရာမကလည်း သူကလေးကို ပြန်ပြုံးပြကာ ကလေးက သူမစကားပြောသည့် နှုတ်ခမ်းကိုကြည့်၍သဘောပေါက်စေမည့်'သိပ်တော်တာပဲ'ဟု ပြောလိုက်၏။ သီတင်းတစ်ပတ်အတွက် စာသင်ခန်းအကူအဖြစ် လုပ်အားပေးသော မိဘတစ်ဦးကလည်း ဤကလေး၏လက်မောင်းကို ချစ်စနိုးဖြင့်ပုတ်လိုက်ပြီး ပုံသစ်ဖော်ရန် အတွက် သူ၏တုတ်ကို ဘယ်နေရာ ထား ရမည်မှန်း ဇဝေဇဝါဖြစ်နေသော ကလေးဘက်သို့ အကူအညီပေးရန် လှည့်လိုက်ပါသည်။

**ယခု အောက်ပါမေးခွန်းများကို ဖြေပါ။**

- ❖ မည်သည့်စာသင်ခန်းသည် လူတိုင်းအကျုံးဝင်ဖြစ်ပြီး သင်ယူပျော်စာသင်ခန်းဖြစ်သည်ဟု သင်ယုံကြည်ပါသနည်း။
- ❖ မည်သည့်နည်းဖြင့် လူတိုင်းအကျုံးဝင်မှုနှင့်သင်ယူပျော်မှု ဖြစ်ရပါသနည်း။ သင်စဉ်းစားရရှိသမျှအောက်တွင် ရေးချပြပါ။

(၁) ------------------------------------------

(၂) ------------------------------------------

(၃) ------------------------------------------

ပြီးလျှင် သင့်လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများ၏ အဖြေစာရင်းနှင့် နှိုင်းယှဉ်ကြည့်ပါဦး။ မည်သည့်အချက်များတူညီကြပါသလဲ၊ မည်သည့်အချက်များခြားနားကြပါသလဲ၊ မတူညီသော အဖြေများရှိကြပေမည်။

ဖြေဆိုချက်အချို့တွင် ကလေးများကို နေရာချထားပုံ၊ အသုံးပြုသော သင်ထောက်ကူပစ္စည်းများ၊ စာသင်ခန်းတွင်ရှိနေသူ၊ တစ်ဦးနှင့်တစ်ဦးအပြန်အလှန်ဆက်သွယ် ပုံနည်းလမ်းများ၊ ၎င်းတို့၏ဆက်ဆံရေးများ စသည်တို့ပါဝင်နိုင်သည်။ စာသင်ခန်းနှစ်ခန်းရှိ သွင်ပြင်လက္ခဏာများ အလွန်ကွဲပြားခြားနားပြီး မည်သို့သောသင်ယူမှုဝန်းကျင်ဖြစ်ကြောင်းကိုလည်း ဖော်ပြနေကြ၏။ ဖော်ပြပါဇယားသည် သမားရိုးကျစာသင်ခန်းတစ်ခန်းနှင့် လူတိုင်းအကျုံးဝင်ပညာရေး သင်ယူပျော်ဝန်းကျင်တစ်ခုတို့၏ ခြားနားချက်များကို ဖော်ပြထားသည်။ အခြားအကြောင်းအချက်များကိုလည်း သိသင့်ကြ၏။ အဓိကအရေးပါမှုသည် ဆက်သွယ်ဆက်ဆံရေးများအပိုင်းပင်ဖြစ်ပါသည်။ လူတိုင်းအကျုံးဝင်စာသင်ခန်းတစ်ခန်းတွင် ကလေးများနှင့် နီးနီးကပ်ကပ်ရင်းနှီးစွာ ဆက်သွယ်ဆက်ဆံမှုဖွဲ့စည်းရန်လိုပြီး တတ်နိုင်သ၍ မိမိတို့၏ကလေးများကို အထောက်အကူပြုရန်လိုပါသည်။ သို့မှသာ ကလေးတစ်ဦးချင်းသည် သူတို့အစွမ်းရှိသ၍ များနိုင်သမျှ များများသင်ယူနိုင်ကြပေမည်။

## လူတိုင်းအကျုံးဝင် သင်ယူပျော်စာသင်ခန်းတစ်ခန်း၏ သွင်ပြင်လက္ခဏာများ

| | သမားရိုးကျစာသင်ခန်း | လူတိုင်းအကျုံးဝင် သင်ယူပျော်စာသင်ခန်း |
|---|---|---|
| **ဆက်သွယ် ဆက်ဆံရေးများ** | အလှမ်းကွာမှု(ဆရာသည်ကလေးများကို ကျောပေးထားပြီး ပို့ချသည်။) | ရင်းနှီးသည်၊ နွေးထွေးသည်၊ အကြားအာရုံအားနည်းသောကလေး၏နံဘေးတွင်ဝင်ထိုင်ကာ အပြုံးဖြင့်ကြည့်၏။ ကူညီလုပ်အားပေးသည့် မိဘများသည်အဆိုပါကလေးကိုချီးမွမ်း၍ အခြားကလေးများကိုလည်းအားပေး၏။ |
| **စာသင်ခန်း တွင်ရှိသူ** | တူညီသောအရည်အသွေးရှိဆရာနှင့် တူညီသောအရည်အသွေးရှိကျောင်းသားများ။ | ဆရာ၊ဘဝနောက်ခံများနှင့် အရည်အသွေးရှိသောကျောင်းသားများနှင့် ကူညီလုပ်အားပေးသည့် မိဘကဲ့သို့သော အခြားသူများ |
| **ထိုင်ခုံစီစဉ်မှု** | စာသင်ခန်းတိုင်းတွင် တစ်ပုံစံတည်း ထိုင်ခုံအစီအစဉ်။ ကလေး အားလုံးသည် စာရေး စားပွဲရှေ့ရှိ အတန်းလိုက်စီထားသော ခုံများတွင် မိန်းကလေးများက တစ်ဖက်၊ ယောကျ်ားလေးများက တစ်ဖက် ထိုင်နေကြရ၏။ | မိန်းကလေး၊ယောကျ်ားလေးများရောနှောကာကြမ်းပြင်ပေါ်တွင်စက်ဝိုင်းပုံသဏ္ဌာန်ဖြင့် ထိုင်ခြင်း၊စားပွဲတွင်အတူတကွထိုင်ခြင်းကဲ့သို့ ထိုင်ခုံအစီအစဉ်များ။ |
| **သင်ယူမှု အထောက်အကူ ပစ္စည်းများ** | ပြဋ္ဌာန်းစာအုပ်၊လေ့ကျင့်ခန်းစာအုပ် ဆရာ့အတွက်မြေဖြူ၊ သင်ပုန်း။ | ဘာသာရပ်အားလုံးအတွက်အမျိုးမျိုးသောဝတ္ထုပစ္စည်းများ၊ သာကေ–သတင်းစာ(သို့) ပိုစတာကြော်ငြာဖြင့် ပြုလုပ်သောသချာ်အထောက်အကူပစ္စည်းများ၊ ဘာသာစကားသင်ခန်းစာအတွက်အရုပ်စုံများ။ |
| **ရင်းမြစ်များ** | ဆရာသည်မည်သည့်သင်ထောက်ကူပစ္စည်းကိုမျှမသုံးဘဲကလေးများနှင့်ဆက်သွယ်မှုပြုသည်။ | ဆရာသည်သင်ခန်းစာမသင်ခင်တစ်ရက်ကြိုတင်ပြင်ဆင်ထားသည်။ ဆရာသည် ကလေးများကိုယ်တိုင်အတန်းတွင်းသို့အကုန်အကျမများသောသင်ထောက်ကူပစ္စည်းများ ယူဆောင်လာစေသည်။ |
| **အကဲဖြတ်ခြင်း** | အတန်းသတ်မှတ်သော ရေးဖြေစာမေးပွဲဖြေစေခြင်းများ။ | စစ်မှန်သောအကဲဖြတ်စစ်ဆေးခြင်း၊ လေ့လာဆန်းစစ်သုံးသပ်မှုပြုခြင်း၊ ကလေးများ၏ စာတွဲမှတ်တမ်းဖြင့် သတ်မှတ်သည်။ |



### ပြန်လည်ထင်ဟပ်မှုလုပ်ငန်း။ ။ ကျွန်ုပ်တို့၏စာသင်ခန်း အခြေအနေမှာမည်သို့နည်း။

အထက်ပါဇယားရှိ လူတိုင်းအကျုံးဝင် သင်ယူပျော် စာသင်ခန်းတစ်ခန်းအတွက် လိုအပ်သောအခြေခံအချက်အလက်များကို လေ့လာပြီး အောက်ပါမေးခွန်း များကို သင့်ကိုယ်သင်မေးကြည့်ပါ–

- ❖ ကျွန်ုပ်အလုပ်လုပ်နေသောစာသင်ခန်းသည် ဘယ်လိုအမျိုးအစားမျိုးဖြစ်ပါသလဲ။
- ❖ ကျွန်ုပ်၏စာသင်ခန်းကို ပိုမို၍လူတိုင်းအကျုံးဝင်စေပြီး သင်ယူပျော်ဖြစ်လာစေရန်အတွက် မည်ကဲ့သို့သော အပြောင်းအလဲများကို အစပျိုးနိုင်ပြီလဲ။
- ❖ ကျွန်ုပ်သင်ကြားရသော သင်ခန်းစာခေါင်းစဉ်ကို ကလေးများသင်ယူလိုချင်စိတ်ဖြစ်လာစေရေးအတွက် ပိုမိုစိတ်ဝင်စားဖွယ်ရာဖြစ်ရန် မည်ကဲ့သို့ ပြုလုပ်နိုင်သလဲ။
- ❖ ကျွန်ုပ်သည် ကလေးများအတူတူပျော်ရွှင်စွာ သင်ယူနိုင်ရေးအတွက် စာသင်ခန်းကို မည်ကဲ့သို့ စီစဉ်မှုပြုနိုင်မလဲ။
- ❖ လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခုဖြစ်ပေါ်လာရန် မည်သူသည် ကျွန်ုပ်ကိုကူညီနိုင်မည်နည်း။ (သာဓက–ကျောင်းအုပ်ကြီး၊ အခြား ဆရာ၊ ဆရာမများ၊ ကျွန်ုပ်၏ကျောင်းသားများ၊ မိဘများနှင့် ရပ်ရွာဒေသလူ့အဖွဲ့အစည်းခေါင်းဆောင်များ)

## လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခု၏အရေးကြီးသော ဝိသေသလက္ခဏာများမှာ မည်သည်တို့နည်း။

ကလေးအားလုံး ပညာသင်ယူရန် အခွင့်အလမ်း ခိုင်ခိုင်မာမာ ချမှတ်ခဲ့ခြင်းဖြစ်သည်နှင့်အညီ ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာညီလာခံတွင် ကမ္ဘာပေါ်ရှိ အစိုးရ အားလုံးက သဘောတူလက်မှတ်ရေးထိုးခဲ့ကြပြီးလည်းဖြစ်သည်။ ထို့ပြင် ကလေးအားလုံးသည် သူတို့၏ ကိုယ်ကာယပိုင်း၊ စိတ်ပိုင်း၊ လူမှုရေး၊ စိတ်ခံစားမှု၊ ဘာသာစကားနှင့်အခြား သောအခြေအနေတို့ မည်သို့ရှိစေ ထည့်သွင်းမစဉ်းစားဘဲ ပညာသင်ယူနိုင်ရပေမည်။ အဆိုပါ အခွင့်အလမ်း

တွင် မသန်စွမ်းသော်လည်း ထူးချွန်ထက်မြက်သူများ၊ လမ်းပေါ်ရောက်နေရပြီး အလုပ်လုပ်နေရသူကလေးများ၊ အသွားအလာခက်ခဲဝေးလံဒေသမှ ကလေး သို့မဟုတ် အိမ်ခြေအတည်တကျမရှိဘဲ ရွှေ့ပြောင်းနေရသော ကလေးများ၊ ဘာသာစကား၊ လူမျိုးနှင့် ယဉ်ကျေးမှုကွဲပြားခြားနားမှုရှိသောကလေးများ၊ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ရောဂါ ကူးစက်ခံစားနေရသောကလေးများ၊ အခြားသောရှားပါးဒေသရှိကလေးများ သို့မဟုတ် နယ်စွန်နယ်ဖျားဒေသမှကလေးများ.....စသည်တို့ပါဝင်၏။[1]

ဘဝအခြေအနေကွဲပြားခြားနားမှုမည်သို့ရှိစေ ကလေးများသည် သင်ပုန်းပေါ်ရှိစာများကို သူတို့၏ကျောက်သင်ပုန်း သို့မဟုတ် မှတ်စုစာအုပ်သို့ ကူးယူရုံမျှသာမဟုတ်ဘဲ နည်းလမ်းမျိုးစုံဖြင့် သင်ယူရန်လိုအပ်သည်။ သင်ပုန်းပေါ်မှကူးယူ ခြင်းသည် ကလေးများအဖို့ သင်ယူမှုတွင် ထိရောက်မှုအနည်းဆုံးရသော နည်းလမ်းများထဲမှတစ်ခု ဖြစ်ကောင်းဖြစ်ပေမည်။ ဤအကြောင်းအရာများကို လက်စွဲစာအုပ်ငယ်(၄)၌ လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင် တစ်ခုဖန်တီးတည်ထောင်ခြင်းတွင် အကျယ်တွေ့ရှိနိုင်ပါလိမ့်မည်။

ဘဝနောက်ခံနှင့် စွမ်းရည်အမျိုးမျိုးရှိသောကလေးများကို စာသင်ကြားရခြင်းသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ သို့ပါ၍ ဤကလေးမျိုးကို မည်သို့မည်ပုံသင်ကြားရမည်ကို ကျွန်ုပ်တို့သိရန် လိုအပ်ပါသည်။ ဤကိစ္စကို မည်သို့ဆောင်ရွက်ရမည်ဟူသောအသိ သိရှိရုံသာ ကျွန်ုပ်တို့ မွေးဖွားလာခြင်းမဟုတ်ပါ။ ထို့အတူ ဆရာအတတ်သင်တန်းတွင်လည်း သိလိုသောအရာမှန်သမျှ သင်ယူ၍မရနိုင်ပါ။ စူးစမ်းလေ့လာခြင်း၊ အတွေ့အကြုံရှိသောသူများထံ ဆွေးနွေးမေးမြန်းခြင်း၊ လုပ်ငန်းဆွေးနွေးပွဲများတက်ရောက်ခြင်း၊ စာဖတ်ခြင်း၊ ဤလက်စွဲစာစဉ်ကဲ့သို့သောရင်းမြစ်များကို စူးစမ်းရှာဖွေခြင်းနည်းလမ်းတို့ဖြင့် ကျွန်ုပ်တို့သင်ယူရန် လိုအပ်သည်။ ထို့နောက်စာသင်ခန်းတွင် ကျွန်ုပ်တို့သင်ယူခဲ့ရသော အကြောင်းအရာများကိုလည်း လက်တွေ့ဆောင်ရွက်ကြည့်ရန်လိုအပ်၏။ သို့ဖြစ်၍ လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်သည် ကလေးအားလုံးဖွံ့ဖြိုးတိုးတက်လာစေရေး သာမက ကျွန်ုပ်တို့ကိုယ်တိုင် ဆရာများအဖြစ် အသက်မွေးဝမ်းကျောင်းပညာတိုးတက်မှုအတွက်လည်း ကောင်းစွာအရေးပါပေသည်။

အဆိုပါဝန်းကျင်တစ်ခုတွင်ရှိကြသူလူတိုင်းက 'ကလေးများသည် မည်ကဲ့သို့ အတူတကွ စာသင်လိုက်၊ ကစားလိုက်လုပ်သင့်ကြောင်း' တူညီသောအမြင်ကို မျှဝေတင်ပြကြ၏။ ပညာရေးသည် လူတိုင်းအကျုံးဝင်စေရမည်။ **ကျား၊ မ မရွေး တန်းတူအခွင့်အလမ်းရှိရမည်၊**

---


[1] UNESCO (1994) The Framework for Action on Special Needs Education, p.6.

**ခွဲခြားဆက်ဆံခြင်း ကင်းရမည်၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံအားလုံးကို အလေးထားရမည်။ ကလေးများနှင့်သူတို့မိသားစုဝင်များ၏ နေ့စဉ်လူနေမှုဘဝနှင့် ဆီလျော်မှုရှိစေရမည်ဟု သူတို့ယုံကြည်ကြ၏။** ဆရာ၊ ဆရာမများ၊ စီမံအုပ်ချုပ်သူများနှင့် ကျောင်းသားများသည် ကလေးတို့၏ ကွဲပြားခြားနားသော ဘာသာစကားများ၊ ယဉ်ကျေးမှု၊ ဘဝနောက်ခံနှင့် စွမ်းရည်တို့ကို လေးစားလိုက်နာ ကျင့်သုံးကြသည်။

လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်သည် ကလေးများကို ဘဝတွက်တာ ကျွမ်းကျင်စရာများနှင့်ကျန်းမာစွာနေထိုင်မှုဘဝများကို လေ့ကျင့်သင်ကြားပေးသည်ဖြစ်၍ ဆုံးဖြတ်ချက်မှန်ကန်စွာချနိုင်ခြင်း၊ ဘေးဥပဒ်အန္တရာယ်နှင့်ဖျားနာခြင်းတို့မှ ကာကွယ်နိုင်ခြင်းတို့ကို သင်ကြားပေးသည်။ ထို့ပြင်၄င်းဝန်းကျင်တွင်ကလေးများ အလွဲခိုင်းစေခြင်း၊ ကြိမ်လုံးသုံးခြင်း၊ ရက်စက်စွာရိုက်နှက်အပြစ်ပေးခြင်းများလည်း မရှိပေ။

ထိုဝန်းကျင်သည် ဆရာများ၊ ကျောင်းစီမံအုပ်ချုပ်သူများ၊ ကလေးများနှင့်မိသားစုများကို အားပေးသည်။ ရပ်ရွာလူမှုအဖွဲ့အစည်းများအနေဖြင့်လည်း ကလေးများစာသင်ခန်းအတွင်းနှင့်အပြင်မှာပါပညာသင်ယူနိုင်ရေး ကူညီစေသည်။ စာသင်ခန်းထဲတွင် ဆရာတို့ချည်းသာမဟုတ်၊ ကလေးများပါတက်ကြွစွာပါဝင်သင်ယူကြရန်တာဝန်ရှိပေသည်။ ပညာသင်ယူခြင်းသည်ကလေးများဘဝတွင် ဖြစ်ချင်သောအရာနှင့် ဆက်စပ်မှုရှိရပြီး သူတို့၏ နေ့စဉ်ဘဝအတွက် အဓိပ္ပာယ်ရှိသော သင်ယူမှုလည်းဖြစ်ရပေမည်။

အဆိုပါဝန်းကျင်တစ်ခုသည် ဆရာများအဖြစ်ဖြင့် ကျွန်ုပ်တို့၏လိုအပ်ချက်များ၊ အကျိုးခံစားခွင့်များနှင့်လိုအင်ဆန္ဒများကို ထည့်သွင်းစဉ်းစားမှုပြုသည်။ ပိုမိုကောင်းမွန်စွာသင်ကြားပေးရန်အတွက် သင်ယူနိုင်မှုအခွင့်အလမ်းများကိုလည်း ပေးပါသည်။ သင်ကြားခြင်းအတွက် အကောင်းဆုံးသောအရင်းအမြစ်များကိုလည်းပေးသည်။ သင့်လျော်သောဆု ချီးမြှင့်ခြင်းနှင့်အသိအမှတ်ပြုခြင်းတို့ဖြင့် ကျွန်ုပ်တို့၏အောင်မြင်မှုများကိုလည်း ရရှိစေပါသည်။



**ဆောင်ရွက်ရန်လုပ်ငန်း။ ။ လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင် တစ်ခု ဆိုသည်မှာအဘယ်နည်း။**

စာသင်ခန်းတစ်ခန်း သို့မဟုတ် ကျောင်းတစ်ကျောင်း သို့မဟုတ် ကလေးများ ပညာသင်ယူရာနိုင်ရာ နေရာတစ်ခုသည် လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခု ဖြစ်ရန် မည်သည့် အခြေခံအချက်အလက်များအရေးပါသည်ကို သင်နှင့်လုပ်ဖော်ကိုင်ဖက် မိတ်ဆွေအပေါင်းအသင်းများ ဉာဏ်ဖွင့်စဉ်းစားကြည့်ပါ။

- ❖ ကျောက်သင်ပုန်းကြီး သို့မဟုတ် ပိုစတာရွက်ကဲ့သို့သော ရေးစရာမျက်နှာပြင်ကြီးတစ်ခုပေါ်တွင် စက်ဝိုင်းပုံကြီးတစ်ခုရေးဆွဲ၍ အလယ်တွင် ‘လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်’ ဟုရေးပါ။
- ❖ အဆိုပါဝန်းကျင်တွင် အရေးပါဆုံးဟု စဉ်းစားတွေးတောမိသော အခြေခံအချက်အလက်များမှ အချက်တစ်ချက် သို့မဟုတ် နှစ်ချက်ကို စက်ဝိုင်း၏အပြင်ဘက်တွင်သင်၏မိတ်ဆွေလုပ်ဖော်ကိုင်ဖက်များအား ချရေးခိုင်းပါ။
- ❖ ထိုအချက်များနှင့်နောက်စာမျက်နှာတွင်ဖော်ပြထားသော အချက်အလက်တွင် ကွဲလွဲသောအချက်များရှိပါသလားဟု နှိုင်းယှဉ်ကြည့်ပါ။
- ❖ သင်တို့အချင်းချင်းမေးကြည့်ပါ။ ကျွန်ုပ်တို့ကျောင်း သို့မဟုတ် စာသင်ခန်းတွင် မည်သည့်အချက်များကို ဆောင်ရွက်လျက်ရှိသလဲ။ မည်သည့်အချက်များကို ရှေ့ဆက်ဆောင်ရွက်ရန်လိုအပ်နေသေးသလဲ။ကျွန်ုပ်တို့၏ကျောင်း သို့မဟုတ် စာသင်ခန်းကို လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်တစ်ခု ဖြစ်လာစေရန် မည်သို့တိုးတက်အောင် ဆောင်ရွက်မည်လဲ။ သင့်စိတ်ကူးများကို စာရင်းပြုစုပေးပါ။

**ကျွန်ုပ်တို့ကျောင်း၌ဆောင်ရွက်ပြီးသည့်လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်ဆိုင်ရာ အခြေခံအချက်အလက်များ**

____________________________________________________

____________________________________________________

____________________________________________________

**ဆောင်ရွက်ရန် လိုအပ်သည့်အချက်များနှင့် မည်သို့ဆောင်ရွက်မည်ကိုဖော်ပြပါ။**

____________________________________________________

____________________________________________________

____________________________________________________

## သင်ယူပျော်ဝန်းကျင်တစ်ခု၏ ဝိသေသလက္ခဏာများ




**သတိပြုရန်၊** သမားရိုးကျပုံမှန်ကျောင်း သို့မဟုတ် စာသင်ခန်းတစ်ခန်းအသွင်မှ လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်တစ်ခုအဖြစ်သို့ပြောင်းလဲခြင်းသည် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး ဖြစ်ရပ်တစ်ခု မဟုတ်ကြောင်းသတိပြုပါ။ နေ့ချင်းညချင်းဖြစ်ပေါ်မှုမဟုတ်ပါ။ ယင်းသည် အချိန်ယူရမည်ဖြစ်သကဲ့သို့ စုပေါင်းသင်းဖွဲ့ ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ပါသည်။ ကျွန်ုပ်တို့ အတွက် ကားအသက်မွေး လုပ်ငန်းတတ်ကျွမ်းမှုနှင့် ကျွန်ုပ်တို့၏ ကလေးများ၊ သူတို့မိသားစုများနှင့် သူတို့၏ ရပ်ရွာအသီးသီးတို့အတွက်လည်းပို၍ အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေပါသည်။

## လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခု၏အကျိုးကျေးဇူးဆိုသည်မှာအဘယ်နည်း။



### ပြန်လည်ထင်ဟပ်မှုလုပ်ငန်း

အောက်ပါဖြစ်ရပ်လေ့လာမှုတစ်ခုကို ဖတ်ကြည့်ပါ–

**ပါပူဝါနယူးဂီနီနိုင်ငံမှရွာကျောင်းတစ်ကျောင်း**

၁၉၈၀ ပြည့်နှစ်တွင် မြောက်ဘက်ပိုင်းဒေသများရှိ မိဘများသည် သူတို့၏ ကလေးများမိမိရပ်ရွာ၏တန်ဖိုးကို သိနားလည်စေရေးနှင့် ကျေးရွာလူထု၏ဘဝ၊ ယဉ်ကျေးမှု၊ ဘာသာစကား လျော့ကန်မှုရှိစေရေး၊ ရပ်ရွာဒေသနှင့် တစ်သားတည်းကျစေရေးတို့ အတွက်အထောက်အကူဖြစ်စေသောပညာရေးစနစ်တစ်ခုကိုတောင်းဆိုကြ၏၊ ထိုပြည်နယ် အစိုးရ၊ တက္ကသိုလ်တစ်ခု၊ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုတို့က တိုင်းရင်းဘာသာ စကားသုံး ကျေးရွာမူကြိုကျောင်းတစ်ကျောင်းကို စတင်ပျိုးထောင်ခဲ့ကြသည်။ ထိုကျောင်း တွင် အသက် (၆)နှစ်မှ(၈)နှစ်အရွယ် ကလေးများကို ဒေသခံဘာသာစကားဖြင့် သင်ကြားသော ကျောင်းပြင်ပ ပညာရေးအစီအစဉ်ဖြင့် ကျောင်းအပ်လက်ခံ၏။

အဆိုပါကျောင်းတွင် ဒေသထွက်၊ အဖိုးနည်းသင်ထောက်ကူပစ္စည်းများသုံးကာ သင်ကြားသဖြင့်ကျောင်း၏ရည်မှန်းချက်ပြည့်စေရန် ငွေကုန်ကြေးကျမများစေဘဲ လွယ်ကူ ထိရောက်စွာဖြင့် သင်ကြားနိုင်၏။ ဒေသခံလူများသည် မူရင်းပုံဝတ္ထုများကို သူတို့ဘာသာ စကားဖြင့်ပင် ရေးသားကြ၏။ ထိုပုံပြင်များထဲတွင် ရိုးရာပုံပြင်များ၊ ဒဏ္ဍာရီများ၊ သီချင်းများနှင့်ကဗျာများပါဝင်ကြ၏။ ကျောင်းသားများသည် ထိုပုံပြင်ဝတ္ထုများနှင့် အတွေ့အကြုံများကိုအခြေခံ၍ရေးသားကြပြီးရုပ်ပုံများဖြင့်သရုပ်ဖော်၍ ဒေသထွက် ပစ္စည်း များဖြင့်စာအုပ်ချုပ်၏။ ဤစာအုပ်ကို ကျောင်းစာကြည့်တိုက်တွင် ထားရှိပြီး စာဖတ် ချိန်တွင်အုပ်စုဖွဲ့၍ ဖတ်ကြ၏။ ကျောင်းသားများကိုယ်တိုင် ဇာတ်လမ်းများတွင် သရုပ်ဆောင်ကြ၏။ သူတို့ဖန်တီး ထားသောအရုပ်စုံလေးများကိုသုံးကာ အတန်းထဲတွင် ထိုဇာတ်လမ်းနှင့်ပတ်သက်၍ ဆွေးနွေး ပွဲများပြုလုပ်ကြ၏။

ကလေးများသည် သူတို့၏ယဉ်ကျေးမှုကို နားလည်တန်ဖိုးထားသော ကလေးများ အဖြစ် ကျောင်းမှပေါ်ထွက်လာကြပြီး လုပ်ငန်းတာဝန်များကို ကိုယ့်ဘာသာ စကားဖြင့် ပင်ပိုမို၍ လှုပ်ရှားဆောင်ရွက်လာနိုင်ကြသည်။သူတို့သည်သင်ယူကြရန်ပို၍ စိတ်လှုပ်ရှား လာကြသည်။ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိလာကြသည်။ မေးခွန်းများ

ကိုလည်း ပို၍ မေးမြန်း လာကြ၏။ ထိုကလေးများသည် ကျောင်းပညာရေးကိုကောင်းစွာ ဆက်လက်သင်ယူ လာကြ သည်။

ဆရာများသည် သူတို့တစ်တွေကျောင်းစတင်တက်စဉ်က ကြောက်ရွံ့တုန်လှုပ်ခဲ့မှု၊ စိတ်ရှုပ်ထွေးခဲ့ရသည့် ခံစားချက်များနှင့် သူတို့တစ်တွေ နားမလည်သော ဘာသာစကားဖြင့် သူတို့ကိုစကားပြောခဲ့စဉ်ကအကြောင်းများကိုမကြာခဏပင်ပြန်ပြောင်းပြောပြကြသည်။ ဆရာအများစုကတော့ သူတို့၏ကလေးများ ဤအခက်အခဲမျိုးများ ရင်ဆိုင်ကြရခြင်းမရှိကြသဖြင့် စိတ်သက်သာမှုရကြ၏။ အချို့သောဆရာများသည် သူတို့သည် တစ်ဖက်တွင် စိတ်ရှည်သည်းခံပြီး၊ တည်ငြိမ်သောခံနိုင်ရည်ရှိနေသည့်အချိန်တွင်ကျောင်းသားများကို ထိန်းသိမ်းရသည်မှာ ပိုကောင်းမည်ဖြစ်ပြီး တစ်ဖက်တွင်လည်း ကလေးများသည် အသိသညာ အသစ် များကိုလျင်လျင်မြန်မြန်သင်ယူလာနိုင်ကြသည့်အခါ စိတ်လှုပ်ရှားမှု များ ခံစားကြရ ပြန်သည်။

ကျောင်းများတွင် ဒေသသုံးဘာသာစကားကို အသုံးပြုခြင်းဖြင့်ပင် မူကြိုကျောင်းသည် ပါပူဝါနယူးဂီနီအဖို့ ကြီးမားသောယဉ်ကျေးမှုနှင့် ဘာသာဗေဒဆိုင်ရာကွဲပြားခြားနားမှု သည် ဆက်လက်တည်မြဲစေခဲ့သည်။

*Dutcher N (2001) Expanding Educational Opportunity in Linguistically Diverse Societies. Center for Applied Linguistics: Washington, DC. and http://www. literacyonline.org/explorer/index.html*

**Summer Institute for Linguistics*

ယခု မူကြိုကျောင်းကိုထင်ဟပ်ကြည့်ကြပါစို့။ ဤ လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်များကနေ၍ ကလေးများ၊ ဆရာများ၊ မိဘများနှင့် ရပ်ရွာလူထုတို့ အကျိုးကျေးဇူးရနိုင်သည်ကို သင်မည်သို့ ထင်ပါသနည်း။ သင်၏အယူအဆများကို တစ်ဖက်တွင် စာရင်းပြုစုပေးပါ–

**ကလေးများအတွက် အကျိုးကျေးဇူးများ**

(၁) ------------------------------------------

(၂) ------------------------------------------

(၃) ------------------------------------------

**ဆရာများအတွက် အကျိုးကျေးဇူးများ**

(၁) ------------------------------------------

(၂) ------------------------------------------

(၃) ------------------------------------------

**မိဘများအတွက် အကျိုးကျေးဇူးများ**

(၁) ------------------------------------------

(၂) ------------------------------------------

(၃) ------------------------------------------

**ရပ်ရွာလူထုအတွက် အကျိုးကျေးဇူးများ**

(၁) ------------------------------------------

(၂) ------------------------------------------

(၃) ------------------------------------------

သင်၏အယူအဆများကို အခြားဆရာတစ်ဦး၏အယူအဆများနှင့် နှိုင်းယှဉ်ကြည့်ပါ။ ပြီးနောက် အောက်တွင် ပေးထားသောစာပိုဒ်ကို အတူတကွဖတ်ကြည့်ပါ။ အယူအဆသစ်များ ဘယ်လောက်များများ ပေါ်ထွက်လာပါသလဲ၊ အယူအဆသစ်များနှင့်အကျိုးကျေးဇူးများ သင်ရရှိပါရဲ့လား။

## ကလေးများအတွက် အကျိုးကျေးဇူးများ

လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်ကြောင့် ကလေးများသည် မိမိကိုယ်ကို ယုံကြည်မှုပိုရှိလာခြင်း၊ မိမိကိုယ်ကို လေးစားမှုပို၍ ဖြစ်လာခြင်း၊ သူတို့၏အောင်မြင်မှုများ အတွက် သူတို့ကိုယ်ကို ဂုဏ်ယူလာကြ၏။ ကျောင်းတွင်း ကျောင်းပြင်နှစ်ခုစလုံးတွင်ပင် လွတ်လပ်စွာမည်သို့သင်ယူရမည်ကို သင်ယူရာမှပင်သိနားလည်လာမိကြ၏။ သာဓက အားဖြင့် မေးခွန်းကောင်းများ မည်သို့မေးမြန်းရမည်ကို သိမြင်လာကြ၏။ ကလေးများသည် ကျောင်းတွင် သင်ယူရရှိသောအရာများကို သူတို့၏နေ့စဉ်ဘဝတွင် ကစားရာ၌လည်းကောင်း၊ နေအိမ်တွင်လည်းကောင်း အသုံးချတတ်ရန် နားလည်လာကြ၏။ ကလေးများသည် အတန်းဖော်များ၊ ဆရာများနှင့်လည်း ပျော်ရွှင်သွက်လက်စွာ အပြန်အလှန် ဆက်သွယ်ဆောင်ရွက်တတ်လာကြသည်။ သူတို့နှင့်မတူညီသော အခြားကလေးများနှင့်လည်း ပျော်ရွှင်စွာ နေထိုင်တတ်လာသည်။ မတူညီမှုများကို နားလည်ခံစားတတ်လာပြီး လက်ခံနိုင်လာကြသည်။ ဘဝနောက်ခံနှင့် စွမ်းရည်ချင်း မတူညီစေကာမူ ကလေးများသည် အတူတကွသင်ယူကြပြီး သူတို့အချင်းချင်း၏ ဆက်စပ်နေမှုကို တန်ဖိုးထားတတ်လာကြ၏။

ကလေးများသည် ပို၍ဖန်တီးတတ်လာကြသည်။ ဤဖန်တီးလာတတ်မှုသည် သူတို့ကောင်းစွာသင်ယူမှုကို တိုးတက်စေခြင်းပင်ဖြစ်သည်။ သူတို့၏ ဒေသသုံးမူရင်းဘာသာစကားကို တန်ဖိုးထားတတ်စေရန်နှင့်ရိုးရာယဉ်ကျေးမှုများကို လေးစားလိုက်နာစေရန် သင်ယူကြပြီး သူတို့ကိုယ်တိုင် အခြားသူများနှင့်မတူ ထူးခြားသူများအဖြစ်နှင့် ရှိကြသည်ကို စဉ်းစားတတ်လာကြပါသည်။

အဆိုပါဝန်းကျင်ကြောင့် ကလေးများသည် ဆက်သွယ်မှုဆိုင်ရာကျွမ်းကျင်မှုများ တိုးတက်လာပြီး ဘဝအတွက် ကြိုတင်ပြင်ဆင်မှု ပို၍ကောင်းလာကြ၏။ ကလေးများသည် အကျိုးကျေးဇူးများရရှိလာကြသည် သို့မဟုတ် ပြန်လည်၍ ရနိုင်လာကြသည်။ အခြားသူများကို လေးစားတတ်အောင် သင်ယူလာသည့်အတွက် သူတို့ကိုယ်ကိုလည်း လေးစားတတ်လာကြပါသည်။

## ဆရာများအတွက် အကျိုးကျေးဇူးများ

ဆရာများအနေဖြင့်လည်း အဆိုပါသင်ယူပျော်ဝန်းကျင်တစ်ခုတွင် သင်ကြားပေးခြင်းဖြင့် အရေးပါအရာရောက်သော အကျိုးကျေးဇူးများရရှိလာပါသည်။ ကွဲပြား

ခြားနားကြသည့် ကျောင်းသားများကို သင်ကြားရန်အတွက် နည်းလမ်းအသစ်များကို သင်ယူရရှိနိုင်မည့် အခွင့်အလမ်းများလည်း ပိုမို၍ ရရှိလာသည်။ ကလေးများသင်ယူနိုင်သော နည်းလမ်းများ၊ ကလေးများကို သင်ကြားပေးနိုင်သောနည်းလမ်းများကဲ့သို့သော အသိပညာများလည်းအမြတ်ရရှိလိုက်သည်။ စိန်ခေါ်မှုများကိုရင်ဆိုင်နိုင် ကျော်လွှားနိုင်မည့်နည်းလမ်း များကို ရှာဖွေခြင်းဖြင့် လူများ၊ ကလေးများနှင့် ပတ်ဝန်းကျင် အခြေအနေများနှင့် ပို၍အပြုသဘောဆောင်သည့် သဘောထားအမြင်များ၊ ချဉ်းကပ်မှုများကို ပိုမိုတိုးတက်လာ စေနိုင်ပါသည်။ ထို့ကြောင့် သင်ကြားခြင်းသည် ငြီးငွေ့ဖွယ်ကောင်းသော အလုပ်တစ်ခု မဟုတ်တော့ဘဲ ပျော်ရွှင်ဖွယ်တစ်ခု ဖြစ်လာပါသည်။

ဆရာများသည် ကျောင်းတွင်းကျောင်းပြင်၊ ကျောင်းမိသားစုအတွင်း သို့မဟုတ် အခြားကျောင်း သို့မဟုတ် ဆရာ၊ ဆရာမများအချင်းချင်း ကြိမ်ဖန်များစွာဆက်သွယ်ခြင်းဖြင့် အကြံဉာဏ်သစ်များ၊ အယူအဆသစ်များ ထုတ်ဖော်ရရှိလာနိုင်သည့် အခွင့်အရေးများစွာ ရရှိကြသည်။ ဤအကြံသစ်များကိုအသုံးချခြင်းဖြင့် ဆရာများသည် သူတို့၏ကလေးများကို ပိုမိုစိတ်ဝင်စားမှုရှိလာစေရန်၊ ပို၍ဖန်တီးတတ်စေရန်၊ ပို၍အာရုံစူးစိုက်လာစေရန် အားပေးမှု ပြုနိုင်သည်။ အကျိုးတစ်ရပ်အနေဖြင့် ကလေးများနှင့်မိဘများသည်ပင်လျှင် ဆရာများအပေါ် အပြုသဘောဆောင်သည့် တုံ့ပြန်မှုများ ပေးနိုင်၏။ ထို့ပြင် ရပ်ရွာဒေသက ကူညီထောက်ပံ့မှုများစွာ ရရှိလာနိုင်ပြီး သူတို့၏ကောင်းမွန်သောလုပ်ဆောင်မှုများအတွက် ဆုချီးမြှင့်ခြင်းခံရနိုင်ပါသည်။

ကလေးအားလုံးသည် ကျောင်းတွင်အကောင်းဆုံးစွမ်းရည်များဖြင့် အောင်မြင်မှုရရှိသည့်အခါဆရာများသည်အလုပ်အတွက် ကြီးကြီးမားမားကျေနပ်ရခြင်းနှင့် ပြီးမြောက်ခြင်းအတွက် မြင့်မားသည့်ခံစားမှုအတွေ့အကြုံများကို ရနိုင်သည်။ မည်သို့ဖြစ်စေ ကလေးများအားလုံး အောင်မြင်နေခြင်းသည် ရေးဖြေစာမေးပွဲတစ်ခု ချောမောစွာ အောင်မြင်သွားသည်ကို ဆိုလိုခြင်းမဟုတ်ကြောင်း သတိပြုပါ။ ကလေးများသည် အမျိုးမျိုးသော နည်းလမ်းများ၏ ကွဲပြားမှုကိုလက်ခံလာကြသည့်နည်းတူ သင်ယူခြင်းတွင် အောင်အောင် မြင်မြင် သင်ယူနိုင်မှုကိုသာ ဆိုလိုပါသည်။ သာဓကအားဖြင့် အသိသညာတစ်ခုအကြောင်းကို စာမေးပွဲတွင် ဖြေဆိုခြင်းအစား ဆရာ သို့မဟုတ် အတန်းထဲတွင် အယူအဆတစ်ခုခုကို အောင်မြင်စွာ ရှင်းလင်းပြနိုင်ခြင်း မျိုးဖြစ်ပါသည်။

လူတိုင်းအကျုံးဝင်ပြီး သင်ယူပျော်ကျောင်းများတွင် ဆရာများအတွက် စာသင်ခန်းများတွင် အကူအညီပေးမည့်သူများ ရှိလာနိုင်သဖြင့် ဆရာ့အတွက် သင်ကြားရေးလုပ်ငန်း

တာဝန်များမှာ လျော့ပါးသက်သာရသည်။ စာသင်ခန်းထဲတွင် သင်ယူသောအကြောင်းအရာသည် ကလေးများနှင့်သူတို့မိသားစုများ၏ ဘဝရှင်သန်ရေးအတွက် မည်မျှအရေးပါကြောင်း သိနားလည်သည့်အခါ ဆရာများ၏ရှေ့ဆောင်လမ်းညွှန်မှုအောက်တွင် ဤလုပ်အားပေးအကူများအနေဖြင့် ကလေးများအပေါ် ပို၍ ကူညီလိုစိတ်များရှိလာပါမည်။


## မိဘများအတွက် အကျိုးကျေးဇူးများ

မိဘများအနေဖြင့် လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်တွင် သူတို့၏ကလေးများအား ပညာသင်ကြားပေးနေပုံကို ပို၍ သိရှိလာ၏။ ပုဂ္ဂိုလ်ရေးအားဖြင့် ကိုယ်တိုင်ပါဝင်ပတ်သက်လာရသည်။ ကလေးများသင်ယူရေးတွင် အကူညီပေးဖို့အရေးကြီးကြောင်း အသိရှိလာကြသည်။ ကလေးများအကြောင်း ထင်မြင်ယူဆချက်များကို ဆရာများက မေးမြန်းသည့်အတွက် သူတို့အပေါ် တန်ဖိုးထား အလေးဂရုပြုမှုအပေါ် နားလည်ခံစားတတ်လာပြီး ကလေးများ အရည်အသွေးပြည့်ဝစွာ သင်ယူမှုအခွင့်အလမ်းရရှိရေးအတွက်ဆောင်ရွက်ရာတွင် တူညီစွာပူးပေါင်းဆောင်ရွက်ရမည့် လုပ်ဖော်ကိုင်ဖက်များဖြစ်သည်ဟု ဆင်ခြင်မိလာကြသည်။ မိဘများသည် ဆရာများကကျောင်းတွင် အသုံးပြုသော သင်ကြားနည်းများကို သုံးခြင်းဖြင့် နေအိမ်တွင် သူတို့၏ကလေးများကိုပိုမိုကောင်းမွန်အောင် မည်ကဲ့သို့ဆက်ဆံဆောင်ရွက်ရမည်ကို သင်ယူသိရှိလာနိုင်ကြသည်။ ရပ်ရွာဒေသအတွင်းရှိသူများနှင့် အပြန်အလှန်ဆက်သွယ်ဆောင်ရွက်ရန်၊ တစ်ဦးနှင့်တစ်ဦးပြဿနာများကို ကူညီဖြေရှင်းရန်နှင့် နားလည်မှုရှိရန် သင်ယူလာမိကြသည်။ အရေးအကြီးဆုံးမှာ သူတို့၏ကလေးများနှင့် အားလုံးသော ကလေးများသည် အရည်အသွေးပြည့်ပညာရပ်ကို လက်ခံရရှိနေပြီဟု သိရှိခြင်းပင်ဖြစ်သည်။

## ရပ်ရွာဒေသအတွက် အကျိုးကျေးဇူးများ

လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်တစ်ခုသည် ရပ်ရွာဒေသအတွက်လည်း အကျိုးကျေးဇူးများစွာပေး၏။ ကျောင်းသို့ သွားရောက်ပညာသင်ကြားကြသည့် ကျောင်းသားဦးရေ ပို၍ များပြားလာသောကြောင့် ရပ်ရွာဒေသသည် ဂုဏ်ယူစိတ်ပိုများလာသည်။ အနာဂတ်၏ ရပ်ရွာဒေသခေါင်းဆောင်များသည် ကြိုတင်ပြင်ဆင်မှုပြုနေကြရင်း လူ့အဖွဲ့

အစည်းတွင်တက်ကြွစွာပါဝင်လျက်ရှိကြသည်ဟူ၍လည်း သိမြင်လာကြ၏။ရပ်ရွာလူထုအနေဖြင့် အမှုအသေးအဖွဲ့များ သို့မဟုတ် အပျိုလူပျိုပြဿနာများကဲ့သို့သော လူမှုရေးပြဿနာအလားအလာ လျော့ပါးလာနိုင်မည်ကို မြင်လာကြ၏။ ရပ်ရွာလူထုသည် ကျောင်းနှင့် ရပ်ရွာလူထုအတွင်း ဆက်ဆံရေးပိုမိုကောင်းမွန်လာအောင် ဖန်တီးခြင်းဖြင့် ကျောင်းတွင် ပိုမိုပါဝင် ပတ်သက်ဆောင်ရွက်လာကြသည်။



**ဆောင်ရွက်ရန်လုပ်ငန်း။ ။ လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခု ပေါ်ပေါက်ရေးစိန်ခေါ်မှုများ။**

ဤသို့သော အကျိုးကျေးဇူးများစွာရှိပါလျက် ကျောင်းအားလုံးသည် လူတိုင်းအကျုံးဝင်ပြီး သင်ယူပျော်ဝန်းကျင်များ အဘယ်ကြောင့်မရှိရပါသလဲ။ အချို့သောကျောင်းများကို သင်ယူပျော်ဝန်းကျင်တစ်ခု ဖြစ်လာရန်အတွက် အတားအဆီး၊ အခက်အခဲအချို့ကို အောက်တွင် ဖော်ပြထား၏။ အခက်အခဲတစ်ခုစီအတွက် သင့်ကျောင်းတွင်ဆိုလျှင် ကျော်လွှားစေနိုင်မည့် နည်းလမ်းများကို ခွဲခြမ်းစိတ်ဖြာကြည့်ပါ။

(၁) ပြောင်းလဲဖို့သည် အားထုတ်ရန်၊ ပွင့်လင်းရန်နှင့်စိတ်ဝင်စားရန် လိုသည်။ အကယ်၍ ဆရာမများတွင်မိသားစုတာဝန်ယူရမှုများ၊သင်ကြားရေးမဟုတ်သည့် အစည်းအဝေးမကြာခဏတက်ရသလို စီမံအုပ်ချုပ်ရေးတာဝန်များ များပြားခဲ့လျှင် ပြောင်းလဲရန်အချိန် သို့မဟုတ် အားထုတ်နိုင်ခြင်းမရှိဟု ခံစားမိနိုင်သည်။

**ဤအခက်အခဲကို ကျော်လွှားနိုင်မည့်နည်းလမ်းများ**

(က) ------------------------------------

(ခ) ------------------------------------

(ဂ) ------------------------------------

(၂) ဆရာများသည် လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်တစ်ခုကိုဘာမှန်းမသိ နားမလည်ခြင်း သို့မဟုတ် အထောက်အကူ ရင်းမြစ်များမရှိဟု အတွေးရောက်နေကြသည်။

**ဤအခက်အခဲကို ကျော်လွှားနိုင်မည့်နည်းလမ်းများ**

(က) ----------------------------------------

(ခ) ----------------------------------------

(ဂ) ----------------------------------------

(၃) မိဘများနှင့်ဆရာများသည်ပင်လျှင် အဆိုပါ ဝန်းကျင်တစ်ခု၏ အကျိုးကျေးဇူးများကို သဘောပေါက် နားမလည်နိုင်ရှိကြသည်။ သို့ဖြစ်၍ ကျောင်းတွင် ကလေးများမျိုးစုံကို အကျုံးဝင်နေစေမှုသည် သူတို့၏သားသမီးများကို ပျက်စီးစေလိမ့်မည်ဟု စိတ်ပူပန်နေကြသည်။

**ဤအခက်အခဲကို ကျော်လွှားနိုင်မည့်နည်းလမ်းများ**

(က) ----------------------------------------

(ခ) ----------------------------------------

(ဂ) ----------------------------------------

**အတွေ့အကြုံက သင်ယူခြင်း။ ။မသန်စွမ်းကလေးများကိုအကျုံးဝင်စေခြင်း။**

ကလေးများဆိုသည်မှာ အရွယ်ရောက်ပြီးသော သက်ကြီးများထက်လူသားပိုမိုပီသသကဲ့သို့ပို၍လည်းရိုးသားကြောင်းကျွန်ုပ်တို့ တွေ့ရှိခဲ့ကြပြီးဖြစ်သည်။ လွန်ခဲ့သော လေးနှစ်အတွင်းကမူကလေးများသည်**'ကျွန်တော့်သူငယ်ချင်းဘာဖြစ်တာလဲ'** သို့မဟုတ် **'သူဘာ့ကြောင့် ဒီလိုပြုမူရတာလဲ'**စသည့်မေးခွန်းမျိုး မမေးခဲ့ဖူးကြပေ။ ကစားလိုစိတ်မရှိသော ကလေးတစ်ယောက်တွင် (ဤလိုမေးတတ်သည့်) ကိစ္စမျိုးကျွန်ုပ်တို့တွင်မရှိခဲ့ဖူးပါ။ မသန်စွမ်းသည့် သူငယ်ချင်းကလေးတစ်ဦးတစ်ယောက်ယောက် မေးခွန်းတစ်ခုကို ဖြေဆိုပြီးသည့်နောက်တွင်အမှတ်တစ်မှတ်ပေးသောအခါစာသင်ခန်းထဲတွင်လုံးဝတိတ်ဆိတ်ငြိမ်သက်နေရာက သြဘာသံများထွက်ပေါ်လာတော့သည်။ ကလေးတိုင်းက အောင်မြင်၍ ပျော်ရွှင်ရသည်ကို မျှဝေခံစားလိုက်ကြခြင်းဖြစ်ပါသည်။ သူငယ်ချင်းများဟူသည် ဘာတစ်ခုမျှ ကွဲပြားခြားနားခြင်း မပြုကြပေ။ ရေကူးကန်၊ လေ့လာရေးခရီး၊ ပါတီပွဲများနှင့် မွေးနေ့ပွဲများသို့ အတူတကွ သွားကြသည်။ သို့သော် ပွင့်ပွင့်လင်းလင်း ပြောနိုင်သည်ကတော့ မသန်စွမ်းကလေးများ မရှိသော စာသင်ခန်းများတွင် ကလေးများသည် ကွဲကွဲပြားပြားခြားနားစွာပြုမူကြမည်ဟူ၍ပင်။ တစ်ခါတစ်ရံတွင် မသန်စွမ်းကလေးများကို အခြားသူများ

ကရယ်မောတတ်ကြ သည်။ နံဘေးကို တွန်းတိုက်မိတတ်သည်။ အများက စိုက်ကြည့်တာ ခံရင်ခံရတတ်သည်။ ကံကောင်းထောက်မစွာပင် အဆိုပါကလေးမျိုးများရှိသော အတန်းများမှ ကလေးများသည် ချက်ချင်းပင် တုံ့ပြန်ပြုမူ တတ်ကြကာ သူတို့သည် သူတို့၏ သူငယ်ချင်းများကိုလည်း ကာကွယ်ပေးတတ်ကြသည်။ ထို့ပြင် အလွန်အရေးကြီးသည်မှာ မိဘများအားလုံးသည် ထိုကလေးများကို လက်ခံလာကြခြင်းဖြစ်သည်။ သူငယ်တန်းတက်စအချိန်က မိဘများသည် မသန်စွမ်းကလေးတစ်ဦးကို မြင်လိုက်ရသည့်အခါ ‘ငါ့ကလေး ဘာဖြစ်လို့ ဒီလိုကလေးမျိုး ဘေးမှာထိုင်ရပါလိမ့်။’ သို့မဟုတ် ‘စာသင်နေတုန်း ဒီကလေးကငါ့ကလေးကိုအနှောင့်အယှက်ပေးတော့မှာပဲ’ဟု ထင်မှတ်ကြသည်။ကံကောင်းထောက်မစွာပင် တစ်လနှစ်လခန့်ကြာသောအခါတွင် သူတို့၏ထင်မြင်ပြုမူမှုများ ရပ်သွားတတ်ကြတော့သည်။ သူတို့၏ကလေးများက ဤကဲ့သို့ မသန်စွမ်းကလေးမျိုးကို လက်ခံသည်ကို သိရှိသွားကြပြီး သူတို့သည်လည်း ကလေးများကို ကောင်းစွာအကူအညီ ပေးလာကြ၏။ မိဘများသည် ထိုကလေးများကို အဝတ်အစားဝတ်ပေး၊ လွယ်အိတ်လွယ်ပေး၊ နေအိမ်သို့ ပို့ဆောင်ပေးစသည်ဖြင့် ကူညီ ပေးကြ၏။ အခြားသောကလေးများ၏ မိဘများမှာ ကျွန်ုပ်ကို မိဘများနှင့် အစည်းအဝေး ကျင်းပကာ အမေးများရှိနေသည့် မသန်စွမ်းမှုအကြောင်း ကျွန်ုပ်က ရှင်းပြပေးစေလိုကြသည်။ ပွင့်ပွင့်လင်းလင်းချပ်ပြောရလျှင် တိုတောင်းလှသော အချိန်အတွင်းမှာပင် ကလေးများနှင့် မိဘများညှိနှိုင်းပြီး ဖြစ်လာကြသည်။ အတန်းတွင်းဆောင်ရွက်ရန် လုပ်ငန်းတာဝန်များသည် လည်း ချောချောမွေ့မွေ့ ဖြစ်မြောက်လာကြသည်။ မသန်စွမ်းကလေးများသည် အတန်းထဲတွင် အချစ်အခံရဆုံး ကလေးများ ဖြစ်လာကြသည်ဟု ပြောလိုပါသည်။

*"Including Children with Disabilities, an interview with Katica Dukovska Muratovska."*

*http://www.unicef.org/teachers/forum/0100.htm*




## လက်စွဲ(၁.၂)
## ကျွန်ုပ်တို့ယခုဘယ်နေရာမှာရောက်နေပြီလဲ။

### ကျွန်ုပ်တို့ကျောင်းသည် လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင် ဖြစ်ပြီလား။

ကျောင်းအများအပြားတို့သည် လူတိုင်းအကျုံးဝင်ပြီး သင်ယူပျော်ဖြစ်လာရေး လမ်းကြောင်းသည်အဆင်ပြေကောင်းမွန်နိုင်လိမ့်မည်။ ထိုသို့ဆောင်ရွက်မှုကြောင့် ဆရာများ၊ ကလေးများ၊ မိဘများနှင့်သူတို့ရပ်ရွာလူထုအတွက် အကျိုးကျေးဇူးများစွာ ရှိသည်ကိုလည်း တွေ့မြင်သဘောပေါက်လာကြသည်။ လူတိုင်းအကျုံးဝင်သင်ယူပျော်ပတ်ဝန်း ကျင်တစ်ခု ဖန်တီးဖော်ဆောင်ရာတွင် ပထမအဆင့်မှာ ကိုယ့်ကျောင်းသည် အဆိုပါဝန်းကျင် ဖြစ်လာစေရန် အကျုံးဝင်မှုနှင့်သင်ယူပျော်ဖြစ်ပြီးသည့်အတိုင်းအတာမည်သို့ရှိသည်ကို သုံးသပ်ဆုံးဖြတ်ရန် ဖြစ်ပေသည်။ ယင်းကိုသိပြီးမှသင်၏ကျောင်းတွင်ပြည့်ပြည့်ဝဝ အကျုံးဝင်စေရန်နှင့် သင်ယူပျော်ဝန်းကျင် ဖြစ်လာစေရန် နောက်ထပ်လိုအပ်သောခြေလှမ်းအဆင့်များကို သင်သိရှိလာလိမ့်မည်။

စစ်ဆေးကြည့်ရမည့်အောက်ပါအချက်အလက်များသည် သင့်ကျောင်းကို အကဲဖြတ်နိုင်ဖို့ရာအကူအညီပေးပါလိမ့်မည်။ အတတ်နိုင်ဆုံး ရိုးသားစွာဖြည့်စွက်ပါ။ သင့်ကျောင်းတွင် ဆောင်ရွက်လျက်ရှိသောအကြောင်းအရာတစ်ခုချင်း၏နံဘေးတွင်အမှတ်အသားတစ်ခု ပေးပါ။ အစီအစဉ်များစွာတွင်အမှတ်အသားမပြုနိုင်လည်းစိတ်မပူပါနှင့်။ ယခု လက်စွဲကို ဖတ်ရှုရခြင်းဖြင့် ကျွန်ုပ်တို့ အတူတကွဆောင်ရွက်နိုင်ပါသည်။ဤအကဲဖြတ်လွှာကို ဖြည့်စွက်၍ပြီးသွားပါက သင့်ကျောင်းတွင် လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင် တစ်ခုဖြစ်လာစေဖို့ အစီအမံများစတင်ရန်နှင့် အကောင်အထည်ဖော်ရန်လိုအပ်သော သတင်း အချက်အလက်များကို သင်ရရှိလာလိမ့်မည်။ ဤစာအုပ်ငယ်ရှိ နောက်လက်စွဲတွင် မည်သို့ဆောင်ရွက်ရသည်ကို သင်လေ့လာရပါမည်။



### ဆောင်ရွက်ရန်လုပ်ငန်း။ ။လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်ဆိုင်ရာ ကိုယ်တိုင်အကဲဖြတ်ဆန်းစစ်လွှာ။

သင့်ကျောင်းတွင်လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင် တစ်ခုဖန်တီးဖော်ဆောင်ရန် သင်ဘာတွေဆောင်ရွက်နေသလဲ။

**ကျောင်းဆိုင်ရာမှုများနှင့် စီမံခန့်ခွဲရေးဆိုင်ရာအထောက်အကူပြုမှု။**

သင်၏ကျောင်းသည်–

_______ခွဲခြားမှုကိုဆန့်ကျင်သည့်မူတစ်ရပ်အပါအဝင်သင်ယူပျော် ပညာရေးဆိုင်ရာမူများနှင့် မျှော်မှန်းချက်များ၊လုပ်ငန်းတာဝန်များ၊ သတ်မှတ်ချက်/ဖော်ပြချက်တစ်ရပ် ရှိပါသည်။

_______ကျောင်းနေသည်ဖြစ်စေ၊ မနေသည်ဖြစ်စေ ရပ်ရွာဒေသအတွင်းရှိ ကျောင်းနေအရွယ်ကလေးများအားလုံး၏ မူရင်းစာရင်းတစ်ခု ပြုစုထားရှိပါသည်။

_______မိဘများအား သူတို့၏ကလေးများကို ကျောင်းအပ်နှံကြရန်ပုံမှန်အားဖြင့် အမြဲတမ်းစည်းရုံးလှုံ့ဆော်မှုများပြုပါ။ကလေးများ အားလုံးကျောင်းအပ်နှံ သင့်ကြောင်းနှင့် အပ်နှံကြရန်လည်း ကြိုဆိုလျက်ရှိပါကြောင်း အထူးအလေး ထားပြီး အားပေးတိုက်တွန်းပါ။

_______ဘဝနောက်ခံနှင့် စွမ်းရည်အမျိုးမျိုး ရှိသောကလေးများ အားလုံး အကျုံးဝင် စေရန် ဦးတည်သည့်နိုင်ငံတော်အဆင့်သို့မဟုတ်ဒေသအဆင့်စာရွက်စာတမ်း အထောက်အထားများ၊ မိတ္တူ သို့မဟုတ် မူရင်းများရှိပါသည်။

_______လူတိုင်းအကျုံးဝင်ပညာရေးအတွက် မည်သည့်အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာအဖွဲ့အစည်းများ၊ရှေ့ဆောင်အားပေးသည့်အုပ်စုများ၊ ရပ်ရွာ ဒေသ အဖွဲ့အစည်းများသည် ရင်းမြစ်များပေးသည်ကို သိရှိသည်။

_______ကျောင်းစီမံအုပ်ချုပ်သူများနှင့်ဆရာများသည်လူတိုင်းအကျုံးဝင်ပညာရေး၏ သဘောသဘာဝနှင့်အရေးပါပုံကိုသိရှိ နားလည်ကြကြောင်း တိကျ သည့် နည်းလမ်းများအားဖြင့် ပြသကြပါသည်။

_______လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခု အပြည့်အဝအောင်မြင်တိုး တက်စေရေးကို အဟန့်အတားဖြစ်စေသည့် အတားအဆီးများစာရင်းနှင့် ကျော်လွှားနိုင်မည့် နည်းလမ်းများစာရင်းကို ကြိုတင်ပြင်ဆင် ပြုစုထားပါသည်။

_______အချို့သော ယောက်ျားလေးနှင့်မိန်းကလေးများအဖို့ အရည်အသွေးပြည့် ပညာရေးကိုရရှိစေရေးတွင်အဟန့်အတားဖြစ်စေနိုင်သည့် ကျောင်း စရိတ်နှင့် ကျောင်းအချိန်ဇယားတို့ကဲ့သို့သော ကျောင်း၏ မူများနှင့် ကျင့်သုံး မှုများ ပြောင်းလဲနေသည်ကို သိပါသည်။

________ကလေးများအားလုံးသင်ယူနိုင်ရေး အထောက်အကူပြုရန် အတွက် အသစ် တီထွင်ထားသည့် သင်ပြနည်းများကို လိုလိုချင်ချင် သင်ကြားရန် ဆရာများ အား လိုက်လျောညီထွေမှု ပေးထားပါသည်။

________ဒေသလိုအပ်ချက်နှင့်ချိတ်ဆက်၍ ရပ်ရွာဒေသက အကျုံးဝင်ပညာရေးတွင်အပြုသဘောဆောင်သော အပြောင်းအလဲများပြုလုပ်ရေးသဘောထားများ ဖလှယ်စေရန်အတွက် အခွင့်အလမ်းများကို ပေးပါသည်။

________ဝန်ထမ်းများ၏ လိုအပ်ချက်များကို တာဝန်ယူဆောင်ရွက်ပေးပါသည်။ကိုယ်ကျိုးခံစားစေခြင်းမဟုတ်ပါ။

________အနာဂတ်အတွက်ဆုံးဖြတ်ချက်များချမှတ်ခြင်းကဲ့သို့လူတိုင်းသည် အကျုံးဝင်ပညာရေးအလေ့အကျင့်များပြောင်းလဲမှုအကြောင်းနှင့် အထောက် အထားများကို သင်ယူလေ့လာရေးတွင် ပါဝင်သည်ဖြစ်ရာ ထိရောက် သောပံ့ပိုးမှု ကြီးကြပ်မှု၊ ကွပ်ကဲစီမံမှုယန္တရားများရှိပါသည်။

## ကျောင်း၏ဝန်းကျင်

သင်၏ကျောင်းသည်–

________ကျောင်းသားကျောင်းသူအားလုံး၏ လိုအပ်ချက်များအပါအဝင် မိန်းကလေးများအတွက် သီးသန့်ရေအိမ်၊ မသန်စွမ်းကျောင်းသား၊ကျောင်းသူများအတွက် ဆင်ခြေလျှောလမ်း (လှေကားထစ် မဟုတ်)၊ ကြမ်းခင်းများကဲ့သို့ ပစ္စည်းများရှိပါသည်။

________သန့်ရှင်း၍ ကျန်းမာရေးနှင့်ညီညွတ်ပြီး လာချင်စဖွယ်ဖြစ်သည့် ဝန်းကျင် တစ်ခုဖြစ်ပါသည်။

________ပုံမှန်ဖြည့်ပေးသည့် ရေကောင်းရေသန့်ရှိပြီး ကျန်းမာရေးညီညွတ်ကာ အာဟာရဖြစ်စေသည့်အစားအစာများကိုကျွေးမွေးသည် သို့မဟုတ် ရောင်း ချပါသည်။

________ကျောင်း၏ဝန်ထမ်းအမျိုးသားအမျိုးသမီးများတွင် လူမျိုး၊နေရပ်ဇာတိဒေသ၊ ရုပ်ပိုင်းစွမ်းရည်၊ဘာသာရေးကိုးကွယ်မှု၊ဘာသာစကား၊လူမှုစီးပွားရေး အဆင့်အတန်းအစရှိသည့်ဘဝနောက်ခံအမျိုးမျိုးရှိသောအမျိုးသားအမျိုးသမီးများပါဝင်သည့်ကျောင်းဝန်ထမ်းများရှိပါသည်။( ရှိရန်စီမံချက် ရေးဆွဲထားသည်)

________ကျောင်းသားကျောင်းသူများ၏ အထူးသင်ယူမှု လိုအပ်ချက်များကို ရှာဖွေ၍ ကူညီပေးနိုင်သောနစ်သိမ့်ဆွေးနွေးသူများနှင့်အများသုံးနှင့်ဒေသသုံးစကားတတ်ကျွမ်းသူဆရာများကဲ့သို့ ဝန်ထမ်းများ ရှိသည်။

________ကျောင်းသားကျောင်းသူများ၏ အထူးသင်ယူမှုလိုအပ်ချက်များကို ဆရာများ၊ မိဘများနှင့် ကလေးများအတူတကွလုပ်ကိုင် ဆောင်ရွက်ပြီး ရှာဖွေဖော်ထုတ်၍ ပံ့ပိုးရန်ကူညီသည့်လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းစဉ် များရှိပါသည်။

________ဆရာများနှင့်ကျောင်းသားများအတွင်းသင်းဖွဲ့စိတ်ဓာတ်ရှိရေးကိုဦးတည်ထားပါသည်။

________ကလေးများအား အချိန်အခါအလိုက် ကျန်းမာရေးစစ်ဆေးမှုပြုပေးသည့် လက်ရှိကျန်းမာရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့်ချိတ်ဆက်ထား ပါသည်။

## ဆရာများ၏ကျွမ်းကျင်မှု၊အသိပညာနှင့် စိတ်ဓာတ်

ဆရာများသည်–

________'လူတိုင်းအကျုံးဝင်'နှင့် 'သင်ယူပျော်' ဟူသည့်ဝေါဟာရများ၏အနက် အဓိပ္ပာယ်နှင့်ပညာရေးကို ရှင်းလင်းပြောပြ နိုင်ကြပြီး လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်ဖြစ်သည့် နမူနာသာဓကများကိုလည်း ပေးနိုင်ကြပါသည်။

________ကလေးများအားလုံးဖြစ်ကြသည့် မိန်းကလေးများ၊ ဆင်းရဲ/ချမ်းသာသော ကလေးများ၊ လူမျိုးငယ်စုမှကလေးများ၊ မသန်စွမ်းကြသောကလေးများ အားလုံးသည် သင်ယူနိုင်ကြသူများသာဟု ယုံကြည်သက်ဝင်ပါသည်။

________ကျောင်းတွင်မရှိသည့် ကျောင်းနေအရွယ်ကလေးများကို ပညာတတ်ရန် မြင်တွေ့လို၍ရှာဖွေနေခြင်းတွင် ပါဝင်သည်။

________ရုပ်ပိုင်းနှင့်စိတ်လှုပ်ရှားမှုပိုင်းဆိုင်ရာနှင့်သင်ယူရန်ခက်ခဲမှုကိုဖြစ်ပေါ် စေသောရောဂါများအကြောင်းကိုသိနားလည်ပြီး၊မကျန်းမာသောကျောင်းသားများကို စနစ်တကျပြုစုစောင့်ရှောက်မှုရရန် ကူညီနိုင်ပါသည်။

________အခြားကျောင်းဝန်ထမ်းများနှင့်အတူ နှစ်စဉ်ကျန်းမာရေးစစ်ဆေးမှုကို ခံယူပါသည်။

________ကလေးအားလုံးအတွက်မျှော်လင့်ချက်ကြီးစွာထားရှိပြီးအဆိုပါကလေးများ သင်ယူမှုပြီးဆုံးသွားစေရန် အားပေးပါသည်။

_______သင်ယူရာတွင်အထူးသင်ယူမှုလိုအပ်ချက်များရှိသော ကလေးများကို အထောက်အကူဖြစ်စေသည့် ရင်းမြစ်များကို သိရှိကြပါသည်။

_______သင်ကြားမှုပစ္စည်းများ၊ ကျောင်းပတ်ဝန်းကျင်နှင့်မိမိသင်ကြားရေးတွင် ယဉ်ကျေးမှုနှင့် ကျား၊မ ဘက်လိုက်မှုများတို့ကိုရှာဖွေဖော်ထုတ်ပြီး အမှန်သို့ ရောက်အောင်ပြုပြင်နိုင်ပါသည်။

_______ကလေးများအား သင်ယူမှုပစ္စည်းများတွင်ရှိသည့် ကျား၊မခွဲခြားမှုနှင့် ယဉ်ကျေးမှုဆိုင်ရာဘက်လိုက်မှုများကိုဖော်ထုတ်ပြီး အမှန်ပြုပြင်တတ်ရန် ကူညီသင်ကြားပေးပါသည်။

_______ဘဝနောက်ခံနှင့် စွမ်းရည်အမျိုးမျိုးရှိသော ကလေးများ၏လိုအပ်ချက်အရ သင်ရိုးညွှန်းတမ်းများ၊ကျောင်းသင်ခန်းစာများနှင့်ကျောင်းလုပ်ငန်းများကို လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ပါသည်။

_______ကျောင်းသားအားလုံးသင်ယူရန် အထောက်အကူ ဖြစ်စေသည့် သင်ရိုး မာတိကာ၊ ဘာသာစကားနှင့် သင်နည်းများကို သင်ကြားရေးတွင် အသုံးပြု ပါသည်။

_______ကလေးများ၏စွမ်းရည်နှင့်လိုအပ်ချက်များအရဆီလျော်မှုရှိသော နည်းလမ်း များဖြင့် ကလေးများသင်ယူမှုကို အကဲဖြတ်ပါသည်။

_______သင်ယူမှု၊ လက်ခံကျင့်သုံးမှု၊ စမ်းသပ်မှုနှင့် ပြောင်းလဲမှုများတွင် ထင်ဟပ် သုံးသပ်ပြီး လက်ခံပါသည်။

_______အသင်းအဖွဲ့အနေဖြင့် အလုပ်လုပ်နိုင်ပါသည်။

## ဆရာဘဝဖွံ့ဖြိုးတိုးတက်ရေး

ဆရာများသည် . .

_______ပုံမှန်ဖွင့်လှစ်သောလုပ်ငန်းဆိုင်ရာခေတ်မီသင်တန်းကိုတက်ရသည်။ လူတိုင်းအကျုံးဝင်သင်ယူပျော်ဖြစ်သော စာသင်ခန်းနှင့်ကျောင်းများ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းဆွေးနွေးများနှင့်သင်တန်းများသို့ တက်ရောက်ပါသည်။

_______လူတိုင်းအကျုံးဝင်သင်ယူပျော်စာသင်ခန်းများဖွံ့ဖြိုးရေးတွင် အခြားသော ဆရာများ၊ မိဘများနှင့် ရပ်ရွာလူထုအားရှင်းလင်းဆွေးနွေးတင်ပြမှုများ ပြုလုပ်ပေးပါသည်။

_______ဘာသာရပ်ဆိုင်ရာအကြောင်းအရာများအပေါ် နားလည်သဘောပေါက်မှု ပိုမို

တိုးတက်ရန်စဉ်ဆက်ပံ့ပိုးမှုများရရှိပါသည်။(သာဓက–သင်္ချာဘာသာ ရပ်)

________လူတိုင်းအကျုံးဝင်သင်ယူပျော်စာသင်ခန်းများဆိုင်ရာ သင်ကြား သင်ယူမှု ပစ္စည်းများ ဖွံ့ဖြိုးရေးအတွက် စဉ်ဆက်ပံ့ပိုးမှုများရရှိသည်။

________ကြီးကြပ်မှုစီမံချက်နှင့်ပုံမှန်ကြည့်ရှုလေ့လာမှုအားဖြင့် ကျောင်းစီမံခန့်ခွဲ သူများထံမှ စဉ်ဆက်ပံ့ပိုးမှုများရရှိပါသည်။

________သင်ခန်းစာဆိုင်ရာပစ္စည်းများကြိုတင်ပြင်ဆင်ရန်နှင့်အကြံဉာဏ်များမျှဝေ ဖလှယ် နိုင်ရန်အတွက် အလုပ်ခန်းတစ်ခန်းရရှိပါသည်။

________ဆရာများသည် လူတိုင်းအကျုံးဝင်သင်ယူပျော် စံပြကျောင်းများသို့ သွားရောက် လေ့လာနိုင်ပါသည်။

**ကျောင်းသားများ**

________ရပ်ရွာဒေသအတွင်းရှိ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းမှန်မှန် တက်ကြသည်။

________သူတို့၏သင်ယူမှုလိုအပ်ချက်များနှင့်ကိုက်ညီသော ပြဋ္ဌာန်းစာအုပ် များနှင့် သင်ယူမှု ဆိုင်ရာပစ္စည်းများရှိကြသည်။

________ကျောင်းသားများသည် ၄င်းတို့တိုးတက်မှုကိုသိရှိရန်ညွှန်ပြသော ကြီးကြပ် ထိန်း ကျောင်းသည့်ပုံမှန်အကဲဖြတ်မှုသတင်းအချက်အလက်များကိုရရှိသည်။

________ဘဝနောက်ခံနှင့်စွမ်းရည်အမျိုးမျိုးရှိကြသောကလေးများသည် သူတို့၏ ကျောင်းနှင့် စာသင်ခန်းတွင် တူညီမျှတသော သင်ယူမှုအခွင့်အလမ်းများ၊ ထုတ်ဖော်ပြောဆို ခွင့်ရရှိကြသည်။

________ကျောင်းသားများအားလုံးသည်ကျောင်းတက်မှန်ကန်မှုမရှိပါက မှန်ကန် အောင် ကြပ်မတ်ဆောင်ရွက်မှုများ ရရှိသည်။

________ကျောင်းသားများအားလုံးသည် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအားလုံးတွင် ပါဝင် နိုင်ရန် အခွင့်အရေးတူညီစွာ ရရှိကြသည်။

________ကျောင်းသားများအားလုံး ကျောင်းနှင့်စာသင်ခန်းတွင် လူတိုင်းအကျုံးဝင်မှု၊ ခွဲခြား ဆက်ဆံမှု၊ အကြမ်းဖက်မှု၊အလွဲခိုင်းစေမှုကင်းခြင်းဆိုင်ရာ လမ်းညွှန်မှုများ၊စည်းမျဉ်း စည်းကမ်းများဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက် ရာတွင် ကူညီကြသည်။

## စာပေဘာသာရပ်အကြောင်းအရာနှင့် စစ်ဆေးအကဲဖြတ်ခြင်း

________သင်ရိုးညွှန်းတမ်းသည်ဆွေးနွေးခြင်း၊ ပြဇာတ်ခင်းကျင်းပြသခြင်းကဲ့သို့ သော သင်ကြားနည်းနှင့်သင်ယူပုံအမျိုးမျိုးအသုံးပြုရန်အတွက်ခွင့်ပြုသည်။

________သင်ရိုးအကြောင်းအရာသည် ဘဝနောက်ခံနှင့်စွမ်းရည်များ မည်သို့ပင် ရှိစေကာမူ ကျောင်းရှိကလေးအားလုံး၏ နေ့စဉ်အတွေ့အကြုံများနှင့် ဆက်စပ်မှုရှိသည်။ သင်ရိုးညွှန်းတမ်းသည် စာတတ်မြောက်ရေး အတွက်အချက်နှင့်ဘဝတွက်တာ ကျွမ်းကျင်စရာများကို ဘာသာရပ်နယ်ပယ်များ အားလုံးနှင့်ဆက်စပ် ပေးထားသည်။

________ဆရာများသည်ကလေးများ၏ သင်ယူမှုကိုကူညီရန် ဒေသထွက်ပစ္စည်းများကို သုံးသည်။

________သင်ရိုးညွှန်းတမ်းဆိုင်ရာပစ္စည်းများတွင် မသန်စွမ်းသူများကဲ့သို့ လူမှုရေး နှင့်စီးပွားရေးနောက်ခံအမျိုးမျိုးရှိသောလူများ၊ လူမျိုးငယ်စုများ၊ ဇာတ်ကွဲပြားသူများ၊ မိန်းကလေးများနှင့်အမျိုးသမီးများအပါအဝင်လူအမျိုးမျိုး၏ ရုပ်ပုံကားချပ်များ၊ သာဓကများနှင့် သတင်းအချက်အလက်များ ပါဝင်သည်။

________သင်ရိုးညွှန်းတမ်းသည် အထူးသဖြင့် မသန်စွမ်းကလေးများအတွက် သင်ယူပုံနှင့်သင်ယူနှုန်းအမျိုးမျိုးအတွက် အလိုက်သင့် အသုံးပြုသည်။

________သင်ယူရန်အခက်အခဲရှိသောကလေးများသည်သင်ခန်းစာများ ပြန်လှန်လေ့ကျင့်ရန်နှင့်ပိုမို တတ်မြောက်ရန် သို့မဟုတ် ထပ်ဆောင်းနည်းပြ သင်ကြားခြင်းရှိရန် အခွင့်အလမ်းများ ရရှိသည်။

________သင်ရိုးညွှန်းတမ်းနှင့်သင်ယူမှုပစ္စည်းများသည် ကလေးများ ကျောင်းတွင်း ကျောင်းပြင်တွင် လက်တွေ့အသုံးပြုနေသော ဘာသာစကားများဖြင့် ရေးသားထားသည်။

________သင်ရိုးညွှန်းတမ်းသည်လေးစားတတ်မှု၊သည်းခံတတ်မှု၊မိမိနှင့်အခြားသူများ၏နောက်ခံယဉ်ကျေးမှုအမျိုးမျိုးနှင့်ဆိုင်သောအသိပညာများကဲ့သို့ စိတ်ဓာတ်သဘောထားများကို မြှင့်တင်ပေးသည်။

________ဆရာများသည် စာမေးပွဲရမှတ်များတစ်ခုတည်းအပေါ် အလေးထားသည် ထက် ကျောင်းသားများ၏ အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်ဓာတ်တို့ကို တိုင်းတာသည့် အကဲဖြတ်နည်းအမျိုးမျိုး တတ်ကျွမ်းထားသည်။

## အထူးဘာသာရပ်နယ်ပယ်များ/ တွဲဖက်သင်ရိုးဝင်လုပ်ငန်းများ

________ကိုယ်ကာယ မသန်စွမ်းကလေးများသည် ကိုယ်ကာယလှုပ်ရှားကစားခြင်းနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအခွင့်အလမ်းများ ရရှိသည်။

________မိန်းကလေးများသည် ယောကျ်ားလေးများကဲ့သို့ (ဘောလုံးကွင်းတွင် အချိန်တူညီစွာ ပေးသကဲ့သို့) ကိုယ်ကာယလှုပ်ရှားကစားခြင်းနှင့် တွဲဖက်သင်ရိုးဝင်လုပ်ငန်းများ အတွက် အခွင့်အလမ်းများနှင့် တန်းတူ ဆောင်ရွက်ခွင့် ရရှိသည်။

________ကလေးများအားလုံး သူတို့၏ကိုယ်ပိုင်/ မိခင်ဘာသာစကားဖြင့် စာဖတ်ရန်၊ စာရေး ရန်နှင့်သင်ယူရန်အခွင့်အလမ်းများ ရရှိကြသည်။

________ကျောင်းသည် ကလေးများအား ကျောင်းတက်ရက်တွင် သင့်လျော်သော ဘာသာရေး ထုံးတမ်းစဉ်လာများကို လေ့လာရန်အခွင့်အလမ်းရှိသကဲ့သို့ ကိုးကွယ်မှုဘာသာ အမျိုးမျိုးရှိသော ကလေးအားလုံးအတွက် အလေးထား သည်။

## ရပ်ရွာလူ့အဖွဲ့အစည်း

________ရပ်ရွာလူထုသည် လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်၏အကြောင်း ကို သိရှိပြီး ကျောင်းတွင်အဆိုပါဝန်းကျင်ဖြစ်ပေါ်လာရေး ကူညီကြသည်။

________ရပ်ရွာလူထုသည်ကျောင်းပြင်ပရှိကလေးများအားကျောင်းတက်ရေးအတွက်ကူညီသည်။

________မိဘများနှင့်ရပ်ရွာလူထုသည် လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခု အကောင် အထည် ဖော်မှုအတွက် အကြံဉာဏ်များနှင့်ရင်းမြစ်များ ပေးလှူသည်။

________မိဘများသည် သူတို့ကလေးများ၏ ကျောင်းတက်ရောက်မှုနှင့်တတ်မြောက်မှု ဆိုင်ရာ သတင်းအချက်အလက်များ လက်ခံရရှိကြသည်။

ဤကိုယ်တိုင်အကဲဖြတ်စစ်ဆေးလွှာသည် သင့်ကျောင်းတွင် လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်တစ်ခု ဖန်တီးတည်ထောင်ရန်နှင့်စီမံချက်ရေးဆွဲရန်အတွက် သင်နှင့်လုပ်ဖော်ကိုင်ဖက်အား ကူညီလိမ့်မည်။ ဤစာအုပ်ငယ်ရှိ နောက်လက်စွဲသည် သင့်အား မည်ကဲ့သို့ဆောင်ရွက်ရမည်ကို လမ်းညွှန်မည်ဖြစ်ရာ ဤအချက်များကို မမေ့ပါနှင့်။ လူတိုင်း အကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခု ဖြစ်မြောက်အောင် အကောင်အထည်ဖော်ခြင်းသည် စဉ်ဆက်လုပ်ငန်းစဉ် တစ်ရပ်ဖြစ်သည်ကို သတိပြုပါ။သင်နှင့် လုပ်ဖော်ကိုင်ဖက်များ၊ မိဘများ နှင့် ရပ်ရွာလူထုသည် လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခု ဖြစ်ပေါ်လာရေးအတွက်

သင်၏ဆောင်ရွက်မှုသည် လက်ခံနိုင်ဖွယ်နှုန်းထားအတိုင်း တိုးတက်မှု ရှိ၊မရှိကို ကြီးကြပ်ကွပ်ကဲရန် ဤစစ်ဆေးလွှာကို တစ်ချိန်ချိန်တွင် ပြန်လည်သုံးသပ်ချင်ပေမည်။

## ကျွန်ုပ်တို့ကျောင်းသည် လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခု မည်ကဲ့သို့ ဖြစ်လာနိုင်မည်နည်း။

အခြားကျောင်းက ဆရာတစ်ဦးသည် သင့်အား 'လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခုရှိသော ကျောင်းတစ်ကျောင်းဖြစ်ရန် ကျွန်ုပ်တို့ဘာလုပ်ရန်လိုအပ်ပါသနည်း'။ ဟု မေးပါကသင်မည်သို့ဖြေမည်နည်း။၎င်းဆရာအား ပြန်လည်ဖြေကြားရန်အတွက် အောက်တွင် ဖော်ပြသော အကြောင်းအရာကို ဖတ်ခြင်း၊ ဆွေးနွေးခြင်းတို့သည် သင့်အား အကြံဉာဏ်များ ပေးစွမ်းပါမည်။



**ဆောင်ရွက်ရန်လုပ်ငန်း။ ။ထိုင်းနိုင်ငံ၏ ကျောင်းတစ်ကျောင်းတွင် လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခု ဖြစ်ပေါ်လာပုံ**

၁၉၅၀ ပြည့်နှစ်တွင် ဗန်ကောက်မြို့၊ ဆင်ခြေဖုံးရပ်ကွက်ရှိ မိုးမျှော်တိုက်နှင့် ဆင်းရဲသားရပ်ကွက်နှစ်ခုစလုံးနှင့် သိပ်မဝေးကွာလှသော နေရာတွင် Meanprasatwittaya ဟု ခေါ်သော 'M' ကျောင်းကို ဖွင့်လှစ်တည်ထောင်ခဲ့သည်။ ထိုကျောင်းသည် လုပ်ငန်းတာဝန် အဖြစ် ဆင်းရဲချမ်းသာမရွေးမိသားစုများ၏ကလေးအားလုံးကို ဝန်ဆောင်မှုပေးရန် ဆောင်ရွက် ပေးသည်။ ၁၉၈၆ ခုနှစ်တွင် ကျောင်းအုပ် ဆရာမကြီးသည် ကျောင်းတွင် သွက်လက်သော ကလေးဗဟိုပြု သင်ယူနည်းကို အစပျိုးခဲ့ သည်။ ကျောင်းအုပ်ဆရာမကြီးသည် ကလေးဗဟိုပြု သင်ကြားသင်ယူမှုကို နှစ်များစွာ အတွေ့အကြုံရှိသည့် ဆရာများ ဦးဆောင်ကျင်းပသော (၄)ရက်တာလုပ်ငန်းဆွေးနွေးပွဲ တစ်ခုသို့တက်ရောက်ရန် 'M' ကျောင်းရှိ ဆရာ ဆရာမ အားလုံးကို ဖိတ်ကြားသည်။ ဤလုပ်ငန်း ဆွေးနွေးပွဲသည် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရပြီး လုပ်ဆောင်မှုအခြေပြုသည့် ဆွေးနွေးပွဲ ဖြစ်သည်။ ဦးတည်ချက်သည် အတန်းတွင် သင်ကြား သင်ယူမှု တိုးတက်ကောင်းမွန်ရန် ဖြစ်သည်။ ဆရာများစွာသည် သွက်လက်သောသင်ယူမှုနှင့်ပတ်သက်၍ စိတ်လှုပ်ရှားခဲ့ကြသည်။ သူတို့တီထွင်ထားသည့်ပစ္စည်းများကို စတင်ပြုလုပ် ကြကာအတန်းထဲတွင် သင်ကြားနည်းအသစ်များကို စမ်းသပ်ကြည့်ကြသည်။ ကျောင်းအုပ်ကြီးသည် အရေးကြီးလုပ်ငန်းတစ်ခုအဖြစ်ဖြင့် စဉ်ဆက်မပြတ်ကြီးကြပ်မှုပြု၏။ သူမ၏ဆရာများကိုလည်း တစ်ဦးနှင့်

တစ်ဦး လေ့လာကြည့်ရှုရန်နှင့် အကြံဉာဏ်များ မျှဝေဖလှယ်ကြရန် အားပေးတိုက်တွန်းသည်။ ဤကဲ့သို့အကြံဉာဏ်များမျှဝေခြင်းသည် ဆရာများ၏ ယုံကြည်မှု ကိုမြင့်မားစေပြီး တီထွင်ဖန်တီး တတ်မှုကို တိုးတက်ရန်အားပေးသည်။ တစ်ဦးနှင့်တစ်ဦး လုပ်ငန်းဆွေးနွေးပွဲများ ပြုလုပ်ပေးလာကြသည်။ သင်နည်းသစ်များရရှိစေရန် အခြားကျောင်းများသို့ သွားရောက်လည်ပတ်ပြီး ထိုင်းနိုင်ငံအနှံ့အပြားရှိဆရာများကို သူတို့၏ကျောင်းသို့ လာရန် ဖိတ်ခေါ်သည်။

'M' ကျောင်းသည် သူတို့ကျောင်းပတ်ဝန်းကျင်ရှိ ရင်းမြစ်ပစ္စည်းများကိုသာ အသုံးပြုရန်ကြိုးပမ်းကြပြီး ကျောင်း၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုရန် ရင်းမြစ်ပစ္စည်းအသစ်များကိုလည်း ရှာဖွေဖော်ထုတ်ကြသည်။ သူတို့သည် လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်၏ မျှော်မှန်းချက်များ၊ ကျောင်းလုပ်ငန်းများ၊ ယဉ်ကျေးမှုရေးရာများကို ဖွံ့ဖြိုးစေပြီး သူတို့၏ဗုဒ္ဓဘာသာနှင့်ယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံ အစဉ်အလာပွဲများကျင်းပကြသည်။ သာဓကအားဖြင့်ဆရာများနှင့် ကျောင်းသားများသည် တရားထိုင်ခြင်းနှင့် ထင်ဟပ် သုံးသပ်ခြင်းများကို နေ့စဉ်အချိန်ယူဆောင်ရွက်ကြသည်။

ကျောင်း၏လုပ်ငန်းရည်ရွယ်ချက်တစ်ရပ်မှာ **ကလေးအားလုံး အတူတကွကောင်းစွာသင်ယူနိုင်ကြသည်**ဆိုသည်ကိုထိုင်းလူ့အဖွဲ့အစည်းသို့ ပြသရန်ပင် ဖြစ်သည်။ ၁၉၉၀ ပြည့်လွန်နှစ်ကာလများတွင် ကျောင်းအုပ်ကြီး၊ ကျောင်းသားမိဘများပါဝင်သောကော်မတီနှင့်ဆရာများသည်ရပ်ရွာရှိကလေးများအားလုံးအားဘယ်လိုဆောင်ရွက်ပေးရမည်ဆိုသည့် သတင်းအချက်အလက်များကို ရှာဖွေစုစည်းကြသည်။ စိတ်ဝေဒနာရှင်ကလေးများ၊ဒေါင်း စင်ဒရုမ်း(Down's Symdrome) ရောဂါလက္ခဏာရှိ ကလေးများ၊ အကြားအာရုံချို့တဲ့သောကလေးများ၊ စိတ်ဂနာမငြိမ်သောကလေးများနှင့် မသန်စွမ်းကလေးများကို ကျောင်းသို့စတင်ဖိတ်ခေါ်ပြီး ကျောင်းဝင်လက်ခံထားသည်။ ကလေးများကျောင်း မရောက်ခင်ဆရာများသည်အတန်းထဲ၌အသုံးပြုရန်သင်ကြားနည်းများနှင့် သင်နည်းဗျူဟာများ ဆိုင်ရာအထူးသင်တန်းကို တစ်ဖန်ပြန်တက်ကြရသည်။ဤလူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်တွင်ကလေးအားလုံးသည်အကျိုးရှိကြောင်း သူတို့တွေ့ မြင်ယုံကြည်လက်ခံလာကြသည်။ကျောင်းရှေ့တွင်အဝေးပြေးကားလမ်းအသစ်တစ်ခုဖောက်လုပ်သည့်အခါ 'M' ကျောင်းသည် ဆောက်လုပ်ရေးဝန်ထမ်းများ၏ ကျောင်းမနေနိုင်သော ကလေးများကို အခြား ကျောင်းသားများနှင့်အတူ လာရောက် ပညာသင်ယူကြရန် ဖိတ်ခေါ်ကြ၏။ မိဘများသည် အဆိုပါအလုပ်သမားများ၏ ကလေးများအတွက်

ကျောင်းဝတ်စုံ များလျှုဒါန်းကာ ကျောင်းဝင်ကြေးများကိုလည်း ကင်းလွတ်ခွင့်ပြုခဲ့၏။


ကလေးအားလုံးကျောင်းနေပြီး သွက်လက်စွာသင်ယူမှုနှင့်အပြောင်းအလဲဖြစ်စေရန် တစ်ဆင့်ပြီးတစ်ဆင့် နှစ်ပေါင်းများစွာ ပျိုးထောင်လာခဲ့ရသည်။ ကျောင်းအုပ်ကြီးသည် လူတိုင်းပင်အလေ့အကျင့်အဟောင်းမှ အလေ့အကျင့်အသစ်များသို့ပြောင်းလဲရန် အချိန်လိုအပ်သည် ကို သိရှိခဲ့သည်။ ယခုဆိုလျှင် (၃)နှစ်မှ (၅)နှစ်ရှိတိုင်း သင်ယူမှုအတွက် ကျောင်း၏ ဦးစားပေးမှုများကို ဦးတည်သည့်အခွင့်အလမ်းပေးစည်းမျဉ်းသစ်တစ်ခုကို ရေးသားနိုင်လာသည်။ ကျောင်းရှိဝန်ထမ်းတိုင်းသည် ထိုစည်းမျဉ်းကို ဖွံ့ဖြိုးရန် လူတိုင်းကြိုးစားလုပ်ဆောင်ကြရသည်။ ကျောင်းသည် **‘လူတိုင်းပါဝင်၊ လူတိုင်းသင်ယူ’** ဆိုသည့် ပြောင်းလဲမှုဖြစ်စဉ်သို့ရောက်ရှိရန် ညှိနှိုင်း ပူးပေါင်းဆောင်ရွက်သောအသင်းအဖွဲ့ ချဉ်းကပ်မှုတစ်ရပ်အနေဖြင့်ဆောင်ရွက်ခဲ့သည်။

ဤဖြစ်ရပ်လေ့လာမှုကို ဖတ်ရှုပြီးနောက် ‘ M ’ ကျောင်းသည် လူတိုင်းပိုမို၍ အကျုံးဝင်လာပြီး သင်ယူပျော်ဖြစ်လာစေရန် မည်သည့်ပြောင်းလဲမှုအဆင့်များ ပြုလုပ်ခဲ့သနည်း။ အဓိကအချက်များကို အောက်တွင်စာရင်းပြုစုဖော်ပြပြီး သင်၏အဖြေများကို သင်၏ လုပ်ဖော်ကိုင်ဖက်များအားဝေမျှပါ။

၁။ -------------------------------------------

၂။ -------------------------------------------

၃။ -------------------------------------------



## ပြန်လည်ထင်ဟပ်မှုလုပ်ငန်း။ ။ ကျွန်ုပ်တို့၏အနေအထားသည်ဘာလဲ။

လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်ဖြစ်ပေါ်စေရန်အထောက်အကူ ပြုနိုင်မည့် သင်၏အစီအစဉ်တွင်ပါဝင်သည့် အပြောင်းအလဲများကို ယခုထင်ဟပ်ကြည့်ပါ။ သင့်စာသင်ခန်း၊ သင့်ကျောင်းသို့မဟုတ် ဝန်းကျင်ရှိကောင်းကျိုးဖြစ်စေသည့်အပြောင်းအလဲတစ်ခုကိုပြန်၍ စဉ်းစားကြည့်ပါ။ ဤအပြောင်းအလဲကို လက်ခံရန် သင် သို့မဟုတ် အခြား သူများ ထည့်သွင်းစဉ်းစားသည့်အဆင့်များ သို့မဟုတ် အရေးကြီးသည့်အကြောင်းအချက် များကို စာရင်းပြုစုပါ။

၁။ -------------------------------------------

၂။ -------------------------------------------

၃။ -------------------------------------------

## ရေရှည်တည်တံ့မည့် အပြောင်းအလဲများကို မည်ကဲ့သို့ဖန်တီးမလဲ။

အောက်ဖော်ပြပါအချက်များသည် ကျောင်းများတွင် ရေရှည်တည်တံ့မည့် အပြောင်းအလဲ ဖြစ်စေရန်လိုအပ်သော အချက်များဖြစ်သည်။ အောက်ပါအချက်များမှ မည့်သည့်အချက်သည် သင်အထက်တွင်ပြုစုထားသောစာရင်းပါ အချက်နှင့်ကိုက်ညီမှု ရှိပါသလဲ၊ သင်သည် လုပ်ဖော်ကိုင်ဖက်များနှင့်တကွအဘယ်ကြောင့်မတူညီကြောင်းနှင့်သင်၏ကျောင်းတွင် မည်ကဲ့သို့ ဆောင်ရွက်နိုင်သည်တို့ကို ဆွေးနွေးပါ။

**(၁) ခေါင်းဆောင်မှု**။ ပြုပြင်ပြောင်းလဲရေးတွင် ခေါင်းဆောင်မှုသည် မရှိမဖြစ်လိုအပ်သည်။ ခေါင်းဆောင်မှုမရှိပါကမည်သည့်အရာမျှပြောင်းလဲမည် မဟုတ်ပါ။ ကျောင်းအုပ်ကြီး၊ အထက်တန်းပြဆရာ သို့မဟုတ် ပြုပြင်ပြောင်းလဲရန် ကတိကဝတ်ပြုသူတစ်ဦးဦးသည် စိတ်ဝင်စားမှု အရှိဆုံးနှင့် 'ပြောင်းလဲမှုတာဝန်ခံ' ဖြစ်ရန် လိုအပ်ပြီး ထိုသူသည် စည်းရုံးရေး၊ ကြီးကြပ်ကွပ်ကဲရေးနှင့် ဦးဆောင်လမ်းညွှန်ရေးတို့တွင် တာဝန်ရှိပါသည်။

**(၂) လုပ်ငန်းဆွေးနွေးပွဲများနှင့် အခြားသင်ယူမှုအခွင့်အလမ်းများ**။ လုပ်ငန်းဆွေးနွေးပွဲများနှင့် အခြားသင်ယူမှုအခွင့်အလမ်းများ ရေရှည်တည်တံ့သော အပြောင်းအလဲများစတင်ရန်အတွက်ကိုယ်တိုင်ပါဝင်၍ လုပ်ငန်းအခြေပြုဆွေးနွေးပွဲများနှင့် အခြားသင်ယူမှု အခွင့်အလမ်းများ လိုအပ်ပါသည်။ သာဓက– ဆရာများအား ကလေးဗဟိုပြုသင်ကြားမှုစတင်သည့် 'ဆရာများ ဖွံ့ဖြိုးတိုးတက်ရေးနေ့များ'နှင့် အစပြုဆောင်ရွက်ပါ။ လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်နှင့် ဆိုင်သော မေးခွန်းများကို ပွင့်လင်းစွာ ဆွေးနွေးသည့် အခွင့်အလမ်းများပေးပါ။ တစ်ဦးနှင့်တစ်ဦးလေ့လာကြရန် အားပေးပါ။ အပြုသဘောဆောင်သည့် တုံ့ပြန်မှုပေးပါ။ မတူညီသော လိုအပ်ချက်များရှိသည့် ကလေးများကို ကျောင်းသို့အပ်နှံပြီးဖြစ်သောကြောင့် ဆရာများကို အထောက်အကူပေးသော ထပ်ဆောင်းလုပ်ငန်းဆွေးနွေးပွဲများ ပြုလုပ်ပေးပါ။ (က) ဤကလေးများမည်ကဲ့သို့ သင်ယူသည်ကို နားလည်ရန်၊ (ခ) သင်ပြနည်းသစ်များကို သင်ယူရန်၊ (ဂ) အဆိုပါကလေးများ သင်ယူနိုင်ရန် အထောက်အကူပေးသောကျောင်းအတွင်း အပြောင်းအလဲများကို ရှာဖွေဖော်ထုတ်ရန်ဖြစ်ပါသည်။ လုပ်ငန်းဆွေးနွေးပွဲများသည် ဆရာများအားမည်မျှအထောက် အကူပြုသည်၊ သင်ကြားသင်ယူမှုတွင် အပြောင်းအလဲများ မြင့်တင်ရန်

ထပ်မံ ပံ့ပိုးမှုလိုအပ်သောနယ်ပယ်များနှင့် မည်သည့်အနာဂတ်လုပ်ငန်းဆွေးနွေးပွဲမျိုး ကျင်းပသင့်သည်တို့ကို အသေအချာ ဆက်လက်ဆောင်ရွက်ရပါမည်။

**(၃) အတန်းတွင်းသင်ကြားသင်ယူမှုတိုးတက်စေခြင်း။** အတန်းတွင်း သင်ကြား သင်ယူမှုတိုးတက်စေခြင်းသည် လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်တစ်ခု ဖြစ်လာစေရန် ပြောင်းလဲမှု၏ဦးတည်ချက်ဖြစ်သည်။ ကျောင်းကိုပင်လျှင်စာသင်ခန်း အဖြစ်မှတ်ယူပါ။ သို့ရာတွင် ကျောင်းသည် ဝန်းကျင်တစ်ခုအဖြစ် ကိုယ်စားပြုနေစဉ် သင်နှင့် သင့်စာသင်ခန်းတို့သည် ကလေးများနှင့်အနီးကပ်ဆုံးအရာ ဖြစ်နေသည်။ သင်သည် ကလေးများကို မကြာခဏတွေ့နေရပြီး သူတို့နှင့်အတူ အနီးကပ်ဆုံး အလုပ်လုပ်ရသည် ဖြစ်၍ သင့်သင်ကြားနည်းများသည် ကလေးများသင်ယူမှုအတွက် အကျိုး သက်ရောက်မှုအများဆုံးရှိနေသည်။

**(၄) သတင်းအချက်။** လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခုဆိုင်ရာ သတင်း အချက်အလက်ကဲ့သို့ ကျောင်းနှင့်ရပ်ရွာရှိ စုစည်းထားသော အချက် အလက်များကို စီမံဆောင်ရွက်ရန်နှင့် ဆုံးဖြတ်ချက်ချရန်အတွက် ကောက်ယူပါသည်။ ကောက်ယူမှုနည်းလမ်းများနှင့်စိစစ်မှုလုပ်ငန်းများကို နောက်ပိုင်း လက်စွဲတွင် ကြည့်နိုင် ပါသည်။

**(၅) ရင်းမြစ်များ။** ရင်းမြစ်များကိုရယူစုစည်းရန်နှင့်အကျိုးရှိစွာ အသုံးချရန် လိုအပ်သည်။ လူတိုင်းအကျုံးဝင်သင်ယူပျော် ဝန်းကျင်တစ်ခုဖန်တီးနိုင်ရန် မိသားစုများနှင့် ရပ်ရွာလူထုသည် အလွန်အရေးပါရာ ၎င်းတို့နှင့်အတူတကွ ဆောင်ရွက်ရန်နှင့် ပတ်သက်၍ စာအုပ်ငယ် (၂) တွင် လေ့လာနိုင်ပါသည်။


**(၆) စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ခြင်း။** စီမံကိန်းရေးဆွဲ အကောင်အထည် ဖော်ခြင်းလုပ်ငန်းသည် အလွန်ပင်အရေးပါသည်။ ပြုပြင်လွယ်သော (၃-၅)နှစ် နှစ်ရှည်စီမံကိန်းသည် အဆင့်လိုက် ပြောင်းလဲမှုအတွက် လမ်းညွှန်မှုတစ်ရပ်အဖြစ် ဖြည့်စွမ်းပေးသည်။ ၎င်းစီမံကိန်းသည် ဆရာများ၊ ကျောင်းဝန်ထမ်းများနှင့် ရပ်ရွာလူထုအား ရိုးရာယုံကြည်မှုမှ ယုံကြည်မှုအသစ်သို့ ပြောင်းလဲနိုင်ရန် အချိန် ပေးရမည်။ ရည်မှန်းချက်များ ချမှတ်ရေး ဆွဲရာတွင်ဆရာများနှင့်မိဘများ ကိုယ်တိုင် ပါဝင်သင့်သည်။ အစတွင်လူတိုင်း ပါဝင်မှုများလေလေ ပို၍ကောင်းလေပင်ဖြစ်သည်။

**(၇) စုပေါင်းညှိနှိုင်းမှု သင်းဖွဲ့ဆိုင်ရာချဉ်းကပ်မှု။** စုပေါင်း၍ညှိနှိုင်းမှုရှိသော သင်းဖွဲ့ဆိုင်ရာချဉ်းကပ်မှုတစ်ရပ်သည်အပြောင်းအလဲလုပ်ငန်းစဉ်တွင် လိုအပ်ပါသည်။

လူတိုင်းပါဝင်ဆောင်ရွက်ပါ၊ သင်ယူပါ၊ အောင်ပွဲဆင်ပါ။ ဤသဘောထားသည် ဖန်တီးနိုင်မှုနှင့် ယုံကြည်မှုတို့ကို တွန်းအား ပေးပြီး တာဝန်နှင့်ဝတ္တရားများမျှဝေမှုကို မြှင့်တင်ပေးပါသည်။

**(၈) လုပ်ငန်းတာဝန်၊ လုပ်ငန်းမျှော်မှန်းချက်နှင့် ယဉ်ကျေးမှု။** ကျောင်း၏ မျှော်မှန်းချက်များ၊ လုပ်ငန်းတာဝန်များနှင့် ယဉ်ကျေးမှုများသည် ဤစာအုပ်ငယ်၏ပထမဦးဆုံး လက်စွဲတွင် ဆွေးနွေးခဲ့သည့်အတိုင်း လူတိုင်း အကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ရပ်၏ ထူးခြားသည့်အဝန်းအဝိုင်းတွင် ဖွံ့ဖြိုးရန်လိုအပ်ပါသည်။ ဆရာများ၊ စီမံအုပ်ချုပ်သူများ၊ ကလေးများ၊ မိဘများနှင့် ရပ်ရွာဒေသခေါင်းဆောင်များစသည့်တစ်ဦးချင်းစီကို ကျောင်း၏မျှော်မှန်းချက်များ၊ လုပ်ငန်းတာဝန်များ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်သင့်သည်။

**(၉) စဉ်ဆက်မပြတ်ထိတွေ့မှုနှင့် ဆက်သွယ်မှု။** မိဘများနှင့် ရပ်ရွာဒေသခေါင်းဆောင်များနှင့်စဉ်ဆက်မပြတ် ထိတွေ့နေမှုနှင့် ဆက်သွယ်ဆောင်ရွက်မှုတို့သည် အမှန်တကယ်လိုအပ်ပါသည်။ ရပ်ရွာလူထု၏ လုပ်ငန်းပိုင်ဆိုင်မှုအသိစိတ်၊ ရပ်ရွာနှင့်ကျောင်းအကြား ရင်းမြစ်များဝေမျှ သည့်အသိစိတ်များ တိုးပွားလာစေရန် ကဲ့သို့ ကလေးအားလုံးကျောင်းနေပြီး စွမ်းအားပြည့်သင်ယူရေးကို သေချာသည့် ယုံကြည်မှုတည်ဆောက်ရန် လိုအပ်လာပါသည်။



## ဆောင်ရွက်ရန်လုပ်ငန်း။ ။ဆန့်ကျင်ခုခံမှုများအားကျော်လွှားခြင်း။

လူတိုင်းသည် အပြောင်းအလဲပြုလုပ်ရန်ဆန္ဒမရှိချေ။ အချို့သောလူများသည် သူတို့၏ အရိုးစွဲနေသော ယုံကြည်မှုနှင့်အလေ့အထများကို ပြောင်းလဲပစ်ရန် အမှန်တကယ်ပင် အတိုက်အခံပြုကောင်းပြုပေမည်။ သင့်ကျောင်းအပါအဝင်ကျောင်းများတွင် လူတိုင်းအကျုံးဝင် သင်ယူသူပျော်ဝန်းကျင်တစ်ခုဖြစ်ရန် အဟန့်အတားဖြစ်သည့် အဓိကအကြောင်းရင်းများကို သင့်လုပ်ဖော်ကိုင်ဖက်များနှင့်ဆွေးနွေးပြီးတစ်ဖက်တွင် စာရင်းပြုစုပါ။ ဤအဟန့်အတားများကို ကျော်လွှားနိုင်မည့်နည်းလမ်းအချို့သည် မည်သည်တို့နည်း။

(၁) အဟန့်အတားများ ----------------------------------

ငင်းတို့ကိုကျော်လွှားနိုင်မည့်နည်းလမ်းများ --------------------

-----------------------------------------------

(၂) အဟန့်အတားများ ----------------------------------

ငင်းတို့ကိုကျော်လွှားနိုင်မည့်နည်းလမ်းများ --------------------

-----------------------------------------------

(၃) အဟန့်အတားများ ----------------------------------

ငင်းတို့ကိုကျော်လွှားနိုင်မည့်နည်းလမ်းများ --------------------

-----------------------------------------------

(၄) အဟန့်အတားများ ----------------------------------

ငင်းတို့ကိုကျော်လွှားနိုင်မည့်နည်းလမ်းများ --------------------

-----------------------------------------------

(၅) အဟန့်အတားများ ----------------------------------

ငင်းတို့ကိုကျော်လွှားနိုင်မည့်နည်းလမ်းများ --------------------

-----------------------------------------------



## လက်စွဲ (၁.၃)
## လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်တစ်ခုဖြစ်လာစေရန် ဆောင်ရွက်ရမည့် အဆင့်များ

**လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခုဖြစ်လာစေရန် မည်ကဲ့သို့ကြိုတင်စီစဉ်မလဲ။**

လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်တစ်ခု ဖြစ်လာရေးခရီးတွင် သင့်ကျောင်း ဘယ်အဆင့်ရောက်ပြီကို စိစစ်ပြီးနောက် ပြောင်းလဲမှုလုပ်ငန်းစဉ်တစ်ခုသို့ ရောက်နေမှုကို အသိအမှတ် ပြုကာ စာသင်ခန်းတစ်ခန်း သို့မဟုတ် တစ်ကျောင်းလုံးပိုမို၍ လူတိုင်းအကျုံးဝင် လာပြီး သင်ယူပျော်ဝန်းကျင်ဖြစ်လာစေဖို့ မည်သည့်အဆင့်များနောက်တွင် ဖန်တီးယူရ မည်ကို သင်ဆုံးဖြတ်ချင်ပါလိမ့်မည်။ အောက်ပါအကြံပြုချက်များသည် လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်တစ်ခုအတွက် စီမံချက်ရေးဆွဲအကောင်အထည်ဖော်ရန် အကြံပြု သည့် အဆင့်များဖြစ်ပါသည်။[2] ဤအဆင့်များသည် သင့်အတန်းနှင့်ကျောင်းကို လူတိုင်း အကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခုဖြစ်လာစေရန် အထောက်အကူပြုသည့်အဆင့်များ ဖြစ်ပါ သည်။ ဤအဆင့်များသည်အစီအစဉ်ကျရန်မလိုပါ။သင်၏အခြေအနေနှင့်အချိန်အခါအရ ဆီလျော်မှု ရှိသည်ဟု သိမြင်သည့်အတိုင်း ဤအဆင့်များကို တိုးတက်ဖွံ့ဖြိုးရေးကိုရှေးရှု၍ ဆောင်ရွက်နိုင် ပါလိမ့်မည်။ ထို့အပြင် အဆင့်တိုင်းတွင် အောင်မြင်နိုင်သည့်နည်းလမ်းများစွာ ရှိနိုင်ပြီး အချို့ကို သင်ရှာဖွေတွေ့ရှိပါလိမ့်မည်။ အရေးကြီးသောအချက်မှာ လူတိုင်းအကျုံးဝင် သင်ယူပျော် ဝန်းကျင်တစ်ခုအဖြစ် ဖန်တီးခြင်းကိုဦးတည်သော အကောင်းမြင်သဘောထား ရှိရန်ပင်ဖြစ်သည်။

**အဆင့်(၁) လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်ဆိုင်ရာအဖွဲ့ဖွဲ့စည်းခြင်း**

**လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်တစ်ခုအတွက် စီမံချက်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် မည်သူတို့က မည်သည့်ကဏ္ဍတွင် ဆောင်ရွက်မည်ကို ခွဲခြားဖော်ထုတ်ပြီး ပေါင်းစပ်ညှိနှိုင်းမှုအုပ်စုတစ်ခုကို ဖွဲ့စည်းပါ။**

---

[2] The steps in this section were adapted from The All Children Belong Project, www.uni.edu/coe/ inclusion/decision-making/planning-steps.html, and from Booth T, Ainscow M, et al. (2000) Index for inclusion: Developing learning and participation in schools (Bristol, CSIE).

ဤပုဂ္ဂိုလ်များသည် လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်ဆိုင်ရာအဖွဲ့ကို ပါဝင်ဖွဲ့စည်းမည်။ ဤအဖွဲ့တွင်ဆရာအနည်းငယ်၊ ကျောင်းအုပ်၊ မိဘနှစ်ဦး သို့မဟုတ် သုံးဦး သို့မဟုတ် ထို့ထက်ပိုသောသူများနှင့် ဖွဲ့စည်းမည်။ ပေါင်းစပ်ညှိနိုင်းမှုအုပ်စုတွင် ဆရာများ၊ စီမံခန့်ခွဲသူ များ၊ အခြားသောကျောင်းဝန်ထမ်းများ၊ ပညာရေးမှူးများနှင့် ကျန်းမာရေးပြုစုစောင့်ရှောက် သူများ၊ နယ်စွန်နယ်ဖျားရှိအုပ်စုများထဲမှလူများ၊ မသန်စွမ်းသူများ၊ ကျောင်းသားဟောင်းများ၊ မိဘများ၊ ရပ်ရွာလူထုများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများမှပုဂ္ဂိုလ်များ ပါဝင်ပါလိမ့်မည်။

## အဆင့်(၂) လိုအပ်ချက်များကို ရှာဖွေဖော်ထုတ်ခြင်း။ လူအများသည် မည်သည့်အရာကိုသိရှိပြီး မည်သည်တို့ကို သင်ယူလိုပါသလဲ။

(၁) ပေါင်းစပ်ညှိနိုင်းမှုအုပ်စု၏ အသိပညာကို စူးစမ်းပါ။ လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်တစ်ခု၏ ဝိသေသလက္ခဏာများနှင့် အကျိုးကျေးဇူး များအကြောင်းကို ထိုအုပ်စုဝင်ပုဂ္ဂိုလ်များ 'ဘာတွေသိရှိပြီးပြီလဲ'၊ 'သင်နှင့် တကွ သူတို့မည်သည့်အရာတွေ သင်ယူရန် လိုအပ်သလဲ'၊ 'တစ်ဦးချင်း မည်ကဲ့သို့ သင်ယူမည်လဲ'၊ (သာဓက– ပြင်ပက ဟောပြောမည့်သူများကို ဖိတ်ခေါ်ခြင်း၊ ရင်းမြစ်ပုဂ္ဂိုလ်များနှင့် ဌာန များသို့ သွားရောက် မေးမြန်းခြင်း)

(၂) ကျောင်းသားများ၊ ဝန်ထမ်းများ၊ မိဘများ၊ စောင့်ရှောက်သူများ၊ ရပ်ရွာ ဒေသအဖွဲ့အစည်းဝင်များမှ အသိပညာများကို စူးစမ်းရှာဖွေပါ။ ပေါင်းစပ် ညှိနိုင်းမှုအုပ်စုသည် လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်တစ်ခု၏ အကြောင်းကို နှံ့စပ်စွာ သိရှိပြီဆိုပါလျှင် အခြားသူများအား မည်သည့် မေးခွန်းမေးမည်ကို ဆုံးဖြတ်ပါ။ဤလုပ်ငန်းကိုတစ်ဦးချင်းတွေ့ဆုံ မေးမြန်းခြင်းဖြင့်လည်း ကောင်း၊အုပ်စုလိုက် ဆွေးနွေးခြင်းဖြင့်လည်းကောင်း ထည့်သွင်းဆောင်ရွက်နိုင်သည်။သို့မဟုတ်ပါက ဆန်းစစ်လွှာတစ်ခုရေးဆွဲတည်ဆောက်ပြီး ဆောင်ရွက်နိုင်ပါသည်။

## ကျောင်းနှင့် ရပ်ရွာမှကလေးများအကြောင်းလေ့လာခြင်း။

(၁) 'ယခုကျွန်ုပ်တို့ဘယ်နေရာမှာလဲ' ဟူသည့် ရှေ့လက်စွဲ၏ အစပိုင်းတွင် ပါဝင်သော လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင် အကဲဖြတ်လွှာရှိ အချက်အလက်များကို ပြန်လှန်သုံးသပ်ကြည့်ပါ။ သင်၏ကျောင်းတွင် အဆိုပါဝန်းကျင်တစ်ခု ဖြစ်ပေါ်လာ

စေရန် ဆောင်ရွက်ပြီးစီးမှုများနှင့် ထပ်မံဆောင်ရွက်ရန် လိုအပ်သောချက်များကို စာရင်းပြုစုပေးပါ။

(၂) ရပ်ရွာထဲရှိ ကျောင်းမနေသေးသည့် ကလေးများကို ရှာဖွေဖော်ထုတ်ပါ။ ထိုကိစ္စကိုဆောင်ရွက်ရန် စာအုပ်ငယ်(၃)တွင် 'ကလေးအားလုံး ကျောင်းသို့ ရောက်ရှိရေးနှင့် ပညာသင်ယူရေး' တွင် ဖော်ပြပေးထားသည်။

(၃) သင့်ရပ်ရွာဒေသရှိကျောင်းသားများနှင့် အစဉ်အလာအားဖြင့် သင့်ပတ်ဝန်းကျင်မှ ဖယ်ထုတ်ခြင်းခံကြရသော ကလေးများ၏ ပညာရေးဆိုင်ရာ လိုအပ်ချက်များကို ရှာဖွေဖော်ထုတ်ပါ။ အုပ်စုများသည် အဆိုပါ ကလေးများပါဝင် လာစေရေးအတွက် ကောင်းမွန်သောစာသင်ခန်းနှင့် ကျောင်းစီမံချက်များ ပြုလုပ်ရန်အလို့ငှာ ဤလိုအပ်ချက်များကို ပြည့်စုံနိုင်သမျှပြည့်စုံစွာ နားလည်သဘောပေါက်ရန်လိုသည်။ အဆိုပါ အုပ်စုသည် ကျောင်းသားများ ၏ သင်ယူမှုလိုအပ်ချက်များအပေါ် အကဲဖြတ်မှုတစ်ရပ်ကိုမလုပ်ရသေး ပါကပြီးစီးအောင်ဆောင်ရွက်ရန်လိုသည်။ မိဘများသည် အုပ်စုအား သူတို့၏ကလေးများနှင့် ပတ်သက်၍ရရှိသော အထောက်အကူပြု သတင်းအချက် အလက်များကို ပေးနိုင်သည်။

(၄) သင့်ကျောင်းနှင့်ရပ်ရွာဒေသ၏လက်ရှိအရင်းအမြစ်ပစ္စည်းများကို ဖော်ထုတ်ပါ။ ဘဝနောက်ခံနှင့်စွမ်းရည်အမျိုးမျိုးရှိသောကလေးများအတွက် လိုအပ်သောပံ့ပိုးမှု ပစ္စည်းနှင့် ဝန်ဆောင်မှုများ စာရင်းကိုပြုစုပါ။ ဤလိုအပ်သော ပံ့ပိုးပစ္စည်းများတွင် အစိုးရ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကျန်းမာရေး ဆေးပေးခန်းများနှင့် လူမှုရေးအဖွဲ့များ ပါဝင်နိုင်သည်။

(၅) လက်ရှိပညာရေးအစီအစဉ်နှင့်ကျောင်းပတ်ဝန်းကျင်ကိုဖော်ပြပါ။ ဤဖော်ပြ ချက်တွင်လက်ရှိနှင့်အသုံးပြုနေသောပစ္စည်းများ၊ ပရိဘောဂများနှင့် သင်ကြားမှုပစ္စည်းများကိုခွဲခြားသင့်သည်။ ဤအရာများသည် ကလေးများ အားလုံးသုံးစွဲနိုင်မှုရှိပါသလား၊ အကယ်၍ မရှိပါက သုံးစွဲနိုင်ရန်မည်ကဲ့သို့ ဆောင်ရွက်မည်နည်း။

(၆) စာသင်ခန်းများရှိ သင်ကြားသင်ယူမှုဖြစ်စဉ်များကို ရှာဖွေလေ့လာပြီး ဖော်ပြပါ။ စာသင်ခန်းများသို့သွားရောက်ပြီး ဆရာများနှင့်ကလေးများ 'ဘာတွေဆောင်ရွက်နေသည်'ကိုသင်မြင်သမျှတိကျစွာဖော်ပြပါ။စာသင် ခန်းများ လူတိုင်းအကျုံးဝင်မှုရှိပြီး သင်ယူပျော်ဖြစ်ရဲ့လား၊ အဘယ့်ကြောင့် ဖြစ်သလဲ။ အဘယ့်ကြောင့်မဖြစ်သလဲ။

ဤအကြောင်းအရာကို ပိုင်းခြားစိတ်ဖြာကြည့်ပါ။ လူတိုင်းအကျုံးဝင်မှုရှိပြီး သင်ယူပျော် စာသင်ခန်းများဖြစ်ရန်အတွက် လိုအပ်သည့် အပြောင်းအလဲများကို ဖော်ပြပါ။ စာသင်ခန်းအရွယ်အစား၊ သင်ကြားနည်းလမ်းများ၊ သင်ကြားမှုဟန်များ၊ ဆရာတပည့် ဆက်ဆံမှု၊ စာသင်ခန်းအကူများနှင့် အသုံးပြုသည့်ပစ္စည်းများကို စဉ်းစားပါ။

နောက်ထပ် သတင်းအချက်အလက်များကို စုစည်းပါ။ စုစည်းရရှိသော အချက်အလက်များသည် မေးခွန်းအသစ်များ သို့မဟုတ် ထပ်ဆောင်းမေးခွန်းများ ဖြစ်နိုင်သည်။ ထိုထပ်ဆောင်းသတင်းအချက်အလက်များကို စုစည်းပါ။ သို့မှသာလျှင် သင့်၏ထင်မြင်ချက် သို့မဟုတ် စိတ်ကူးပေါ်အခြေမခံဘဲ ဆီလျော်သောအချက်များအားလုံးကို အခြေခံသည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ပါမည်။

## အဆင့်(၃) မျှော်မှန်းချက်တစ်ခု ချမှတ်ပါ။

သင်ဖြစ်ချင်သော စာသင်ခန်းမြင်ကွင်းတစ်ခု သို့မဟုတ် သင်၏စိတ်ကူးစံပြစာသင်ခန်းတစ်ခုကို ဖော်ပြပါ။ သင်နှင့်သင့်ကလေးများ စာသင်ခန်းအတွင်းတွင် လမ်းလျှောက်သွားသောအခါ ဘာနှင့်သဏ္ဌာန်တူသလဲ။ ဘယ်လိုပရိဘောဂအမျိုးအစားရှိသလဲ။ ဆရာဘာလုပ်နေပါသလဲ။ ကျောင်းသားများဘာလုပ်ရသလဲ။ နံရံပေါ်တွင်ဘာတွေရှိမလဲ။ အများသုံးသောဘာသာစကားကိုမပြောသော၊ အမြင်အာရုံ ၊ အကြားအာရုံ သို့မဟုတ် အသိဉာဏ်ပိုင်းဆိုင်ရာအားနည်းသောကလေးများ၊ ကိုးကွယ်မှုတူညီသောကလေးများ သို့မဟုတ် ဇာတ်မတူညီသောကလေးများ စသည့်ကလေးများအားလုံးကို ကျား၊ မ အလိုက်ခွဲခြားစဉ်းစားပါ။ အကယ်၍ ရပ်ရွာဒေသရှိ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းသို့ရောက်ရှိပြီဆိုပါက သူတို့၏ သင်ယူမှုလိုအပ်ချက်အမျိုးမျိုးသည်'ဘာလဲ'၊ လိုအပ်ချက်များကိုရအောင်'ဘယ်လို'ဆောင်ရွက်ကြမည်လဲ၊ လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခုဖန်တီးရန် သင့်ရည်မှန်းချက်ကို ဖြည့်စွမ်းမည့် သင်၏စိတ်ကူးယဉ်စာသင်ခန်းနှင့်သင်၏အမြင်များကိုတိကျစွာ ချရေးပါ။

ထို့နောက် သင်ဖြစ်ချင်သောပညာရေးအစီအစဉ်နှင့် ကျောင်းဝန်းကျင်ကို ဖော်ပြပါ။ အထက်ဖော်ပြပါ အရင်းအမြစ်များကို ဆင်ခြင်စဉ်းစားကြည့်ပါ။ ရပ်ရွာလူထု၊ ဒေသအာဏာပိုင်အဖွဲ့အစည်းနှင့်ပညာရေးအရာထမ်းများထံမှ 'သင်ဘယ်လို' ပံ့ပိုးမှုမျိုးလိုအပ်ပါသလဲ၊ ဤပံ့ပိုးမှုကို သင်မည်သို့ရရှိမည်နည်း၊ ဤပံ့ပိုးမှုရရန် မည်သူကသင့်ကို ကူညီပေးနိုင်မည်နည်း၊ ကလေးများ မည်ကဲ့သို့ ပါဝင်လာနိုင်မည်နည်း၊ ဤလုပ်ငန်းများကို ချရေးပါ၊ ဤအချက်များသည် သင်၏ မျှော်မှန်းချက်ကို သိရန်အတွက်ကူညီပေးပါလိမ့်မည်။

## အဆင့်(၄) လူတိုင်းအကျုံးဝင် သင်ယူပျော် ကျောင်းတစ်ကျောင်း၏ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို ရေးဆွဲပါ။

သင်၏လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင် အကောင်အထည်ဖော် တည်ထောင်ရန်အတွက် လုပ်ငန်းဇယားတစ်ခုရေးဆွဲပါ။ လိုအပ်သော အပြောင်းအလဲများနှင့် မည်သည့်အချိန်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဆိုသည်ကို အသေးစိတ်ဖော်ပြ ရန်လိုအပ်ပါသည်။ ပစ္စည်းပစ္စယများနှင့် ဝန်ဆောင်မှုများ၊ ထိုဝန်ဆောင်မှုများကိုပေးရန် အတွက် တာဝန်ရှိပုဂ္ဂိုလ်များနှင့်လိုအပ်သောအခြားအရင်းအမြစ်များကိုလည်း စာရင်းပြုစုသင့်သည်။ သင်၏လုပ်ငန်းဇယားတွင် အပြောင်းအလဲများအကောင်အထည်ဖော်ရန် အမှန်တကယ်ဖြစ်မည့်နေ့ရက်များပါဝင်သင့်သည်။ သို့အတွက်ခိုင်မာသောရည်မှန်းချက်ရှိရမည့် အပြင် လိုအပ်ချက်များနှင့် အခြေအနေများပြောင်းလဲမှုနှင့်လည်း ကိုက်ညီအောင် ပြုလွယ်ပြင်လွယ်မှု ရှိသင့်ပါသည်။

ထပ်ဆောင်းပစ္စည်းများကို လိုအပ်သလောက်ပေးပါ။ လိုအပ်သောပစ္စည်းများထပ်မံဖြည့်ဆည်းပေးရန်အတွက် ကြိုတင်၍ ပြင်ဆင်ပါ။[ သာဓက– သင်ကြားမှုအထောက်အကူ အတွက် ရန်ပုံငွေသတ်မှတ်ခြင်း၊ ရွယ်တူချင်းသင်ကြားသောစနစ်တစ်ခုဖွံ့ဖြိုးစေခြင်း သို့မဟုတ် အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိဘဆရာအထူးကော်မတီ တည်ထောင်ခြင်း]

အသိနှင့်စိတ်ဓာတ်ကိုထည့်သွင်းစဉ်းစားပါ။ ပညာရေးတိုးတက်ဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်းသည် အသေးစိတ်ခွဲခြမ်းစိတ်ဖြာခြင်း၊ စီမံကိန်းရေးဆွဲခြင်းနှင့် ပြည်သူများစဉ်းစားတွေးခေါ်မှု၊ ခံစားမှုပြောင်းလဲခြင်းဟူသော နည်းလမ်း(၂)သွယ်ဖြင့် သင်ယူသူအားလုံးပါဝင်သင်ယူခြင်းကို အားပေးခြင်းဖြစ်ပါသည်။ အသေးစိတ်စိစစ်ရန် လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင် ဆိုင်ရာကိုယ်တိုင်ဆန်းစစ်လွှာပါအချက်များနှင့် ဤလမ်းညွှန်ချက် များကိုသင်အသုံးပြုနိုင်ပါသည်။ လူများ၏နှလုံးသားထဲ၊ စိတ်ထဲမှ ခံစားမှုများပြောင်းလဲစေရန် သင်မည်သို့ ကြိုးစား ဆောင်ရွက်မည်နည်း။ သာဓက–သင်၏စာသင်ခန်းတွင် မိဘများနှင့် ရပ်ရွာပြည်သူများ၊ ပိုမိုပါဝင်ဆောင်ရွက်လာနိုင်စေရန် သင်မည်သို့စတင်ဆောင်ရွက်မည်ကို ဆိုလိုခြင်း ဖြစ်သည်။ ဤနည်းအားဖြင့်လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခုအပေါ် သူတို့ကိုယ်တိုင် နားလည်သဘောပေါက်လာပြီး သူတို့သည်သင်၏သင်ကြားမှုနှင့် ကလေးများ သင်ယူမှုကို ပို၍ကူညီချင်လာမည်ဖြစ်သည်။ အဆိုပါဝန်းကျင်တစ်ခုဖန်တီး

တည်ထောင်ရန် မိသားစုများနှင့်ရပ်ရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဟူသောခေါင်းစဉ်ဖြင့် စာအုပ်ငယ် (၂)သည် သင့်အား ကြိုးပမ်းဆောင်ရွက်နိုင်မည့်အကြံဉာဏ်များ ပေးပါလိမ့်မည်။

## အဆင့်(၅) သင့်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပါ။

ဝန်ထမ်းများအတွက်လိုအပ်သည့် နည်းပညာပံ့ပိုးမှုကိုပေးပါ။ အတွေ့အကြုံ ရှိပုဂ္ဂိုလ်များကပေးသည့်အထူးအကြောင်းအရာခေါင်းစဉ်ဖြင့် လုပ်ငန်းဆွေးနွေးပွဲများကဲ့သို့သော နည်းပညာပံ့ပိုးမှုမျိုး လိုအပ်ပါသလား၊ အကယ်၍လိုအပ်ပါက မည်သို့သောအကူအညီမျိုး လိုအပ်ပါသလဲ၊ မည်သူက ၄င်းအကူအညီကိုပေးမည်နည်း၊ မည်ကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်မည်နည်း။ ဆွေးနွေးပွဲ ဘယ်နှကြိမ်ပေးမည်နည်း။

ကျောင်းဝန်ထမ်း (သင်ကြားရေးဝန်ထမ်းနှင့်အခြားဝန်ထမ်းများ)များနှင့် ကျောင်းသားများကို လိုအပ်သလိုလေ့ကျင့်သင်တန်းပေးပါ။ သင်တန်းခေါင်းစဉ်များမှာ ကလေးများ၏အခွင့်အလမ်းနှင့် ပညာရေးတွင်ကလေးများပါဝင်ခြင်း၊ ကျား မ တန်းတူအခွင့်အရေးမညီမျှမှု ညီမျှမှု၊ ယဉ်ကျေးမှုနှင့်ဘာသာစကား မတူညီမှုနှင့်တူညီမှု၊ အထူးပို့ချချက်၊ တစ်ဦးချင်းတာဝန်ယူမှုဖော်ပြချက်၊ ပူးပေါင်းသင်ယူမှုနည်းလမ်းများ ဖြစ်နိုင် ပါသည်။

မိဘများ တက်ကြွစွာပါဝင်မှုကို မြှင့်တင်ပါ။ စီမံကိန်းရေးဆွဲသောအဖွဲ့သည် မိဘ၊ ဆရာ ဆက်သွယ်ရေးစနစ်တစ်ခုဖြစ်ပေါ်လာအောင် ဖွံ့ဖြိုးစေသင့်ပါသည်။ မိဘများနှင့် ပုံမှန်ဆက်သွယ်နိုင်ရေးအတွက် မည်သူ့တွင်တာဝန်ရှိပါသလဲ။ စီမံကိန်းရေးဆွဲမှုနှင့် အကောင်အထည် ဖော်ဆောင်ရွက်မှုဖြစ်စဉ်တစ်လျှောက်တွင် မိဘများပါဝင်မှုကို အားပေးသင့်ပြီး လေးနက်စွာ ထည့်သွင်းစဉ်းစားမှုပြုသင့်သည်။

အတိုက်အခံပြုမှုများအပေါ် သင် ဘယ်လိုကိုင်တွယ်ဖြေရှင်းမည်ဆိုသည်ကိုလည်း စီမံကိန်း ရေးဆွဲ ပါ။ 'M'ကျောင်း၏ ကျောင်းအုပ်ကြီးသည် ဆရာများ သက်သောင့်သက်သာဖြစ်စေမည့်အတိုင်းအတာအရ အပြောင်းအလဲပြုလုပ်ရန် ခွင့်ပေးလိုက်၏။ ဆရာအများစုသည် သင်ယူသူ ဗဟိုပြုသင်နည်းကို လျင်မြန်စွာ လက်ခံလိုက်ကြ၏။ သို့သော် အချို့ဆရာများက လက်မခံပါ။ မိဘအများစုသည် လူတိုင်းပိုမို၍အကျုံးဝင်လာစေရန် ချမှတ်ထားသောကျောင်း၏ဆုံးဖြတ်ချက်ကိုထောက်ခံကြ၏။ သို့သော် အချို့မိဘများသည် မသန်စွမ်းကလေး မည်ရွေ့မည်မျှ ကျောင်းဝင်ခွင့်ပြုမည် ဆိုသည့်ကိစ္စနှင့်ပတ်သက်၍ ပူပန်သောကရောက်ကြ၏။ သူတို့သည် 'မသန်စွမ်းကလေးများကျောင်း သို့မဟုတ် အထူးလိုအပ်ချက်ရှိသော ကလေးများကျောင်းအဖြစ် ရောက်လာမည်ကို မလိုလားချေ။ ကျောင်းသည် ဤပြဿနာကို တိကျ

သောရာခိုင်နှုန်းတစ်ခုသတ်မှတ်ပြီး ဆောင်ရွက်ခြင်းနည်းဖြင့် ဖြေရှင်းခဲ့ကြရသည်။ ပေါ်ပေါက်လာနိုင်သည့် ဖြစ်နိုင်ခြေအတိုက်အခံများနှင့် ၄င်းတို့ကိုကျော်လွှားနိုင်သည့် နည်းလမ်းတို့ကို သိရှိနိုင်ရန် ' လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်တစ်ခုဖြစ်ပေါ်လာရန် စိန်ခေါ်မှုများနှင့် ပတ်သက်သည့် လုပ်ငန်းခေါင်းစဉ်ဖြင့် လက်စွဲ ၁. ၁ ' ၏နောက်ဆုံးခန်းတွင်ပါရှိသည့် အချက်များကို အသုံးပြုပါ။

## အဆင့်(၆) သင့်စီမံကိန်းကိုအကဲဖြတ်ပြီး သင့်အောင်မြင်မှုကိုရယူပါ။

တိုးတက်လာမှုကိုစောင့်ကြည့်ကွပ်ကဲပြီး လိုအပ်လျှင် သင်၏စီမံကိန်းကို ပြုပြင်မွမ်းမံပါ။ လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်ဆိုင်ရာအသင်းအဖွဲ့သည် စာသင်နှစ်တစ်နှစ်တာပတ်လုံးအသုံးပြုရမည့် အစဉ်တစိုက် သက်ဝင်လှုပ်ရှားနေရမည့် အထောက်အကူရင်းမြစ်ပင်ဖြစ်သည်။ လုပ်ငန်းဆက်လက်အကောင်အထည်ဖော်ရန် အစည်းအဝေးများအတွက် လုပ်ငန်းဇယားတစ်ခုကို ပြင်ဆင်ပါ။ ကြီးကြပ်ကွပ်ကဲမှုကို မည်သူက မည်ကဲ့သို့ဆောင်ရွက်မည်ကို ဆုံးဖြတ်ပါ။ ယခု လက်ရှိဆောင်ရွက်နေဆဲ အစီအစဉ် မည်သို့ရှိသည်ကိုလေ့လာပါ။ ထောက်ကူပံ့ပိုးမှုများ လုံလောက်မှုရှိသည်။ သို့မဟုတ် ထပ်မံ တိုးမြှင့်ထောက်ပံ့ရန် လိုအပ်ပါသည်။ သို့မဟုတ် ပံ့ပိုးမှုများဖယ်ရှားရမည် စသည်ဖြင့် ဆုံးဖြတ်ပါ။

အောင်မြင်မှုများကို ချီးကျူးဂုဏ်ပြုပေးပါ။ အထူးသဖြင့် ပညာရေးအစီအစဉ်တွင် လူသားနှင့် ရုပ်ဝတ္ထုပစ္စည်းရင်းမြစ်များ ရင်းနှီးမြှုပ်နှံမှုပါဝင်သော အရေးပါအရာရောက်သည့် ပြောင်းလဲမှု များဖြစ်ပေါ်လာခြင်းအတွက် ချီးကျူးဂုဏ်ပြုမှုပြုထိုက်ပါသည်။ သင့်လုပ်ငန်း၏အဆင့်တိုင်းတွင် ရပ်ရွာလူထုက ပါဝင်ဆောင်ရွက်စေခဲ့သောကြောင့် ၄င်းတို့ကိုဖိတ်ကြား၍ သင့်ကျောင်းတွင် အပြောင်းအလဲဖြစ်ပေါ်လာမှုများကို ပျော်ပွဲရွှင်ပွဲ၊ ပွဲတော် သို့မဟုတ် စုံညီပွဲတော်နေ့စသဖြင့် ဂုဏ်ပြုပွဲ ကျင်းပပေးပါ။ ၄င်းစုံညီ ပွဲတော်နေ့တွင် မိဘများ၊ ရပ်ရွာလူထု၊ ဌာနဆိုင်ရာအရာရှိများကိုပါ ဖိတ်ကြားပါ။ ကလေးအားလုံးလုပ်ကိုင်ထားကြသည့် ကိုယ်စားပြုလုပ်ငန်းကို သင်ကြားနည်းအထောက်အကူပစ္စည်းသစ်များနှင့်တကွ ခင်းကျင်းပြသပြီး၍ ဆရာများက သူတို့၏အကဲဖြတ်စစ်ဆေးမှုနှင့် သင်ကြားခြင်းဆိုင်ရာ ကျွမ်းကျင်မှုများကို သရုပ်ပြနိုင်ပါသည်။ မသန်စွမ်းကလေးများအားလုံးသည် သူတို့သင်ယူခဲ့ရသမျှကို သရုပ်ဖော်ပြနိုင်ကြသည်။

## ကျွန်ုပ်တို့၏ တိုးတက်လာမှုကိုမည်သို့ ကြီးကြပ်ကွပ်ကဲမည်နည်း။

'ဘယ်လိုကွဲပြားခြားနားချက်တွေကို ကျွန်ုပ်တို့ဆောင်ရွက်နေပါသလဲ၊ ကျွန်ုပ်တို့၏ စာသင်ခန်းများနှင့် ကျောင်းများသည် ပို၍လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင် ဖြစ်လာပြီလား'၊ 'လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခုကို သင်အောင်မြင်စွာ ဆောင်ရွက်နိုင်ပြီးလား'သိရှိနိုင်ရန် အဓိကကျသောအောက်ပါ မေးခွန်းနှစ်ခုကို သင်မေးကြည့်ချင်ပါလိမ့်မည်။

(၁) ကျွန်ုပ်တို့ ရည်မှန်းခဲ့သော လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်ဟူသည့် လမ်းကြောင်းပေါ်သို့ ကျွန်ုပ်တို့ရောက်ပြီလား၊ (ဆောင်ရွက်ပြီးခဲ့သောအရာကို တိုးတက်အောင်ကျွန်ုပ်တို့မည်သို့ ပြုလုပ်နိုင်မည်နည်း။)

(၂) အထူးသဖြင့် ကလေးများသင်ယူမှုတိုးတက်အောင်ဆောင်ရွက်ရာတွင် မည်သို့သော ခြားနားမှုများကို ကျွန်ုပ်တို့ပြုလုပ်ခဲ့သနည်း။

သင်သည် လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခု၏လုပ်ငန်းစဉ်(နံပါတ် ၁)နှင့် အကျိုး ရလဒ်(နံပါတ် ၂) တို့ကို အလွတ်သဘောအနေဖြင့်လည်းကောင်း၊ ပုံစံတကျဖြင့်သော်လည်းကောင်း နှစ်နည်းဖြင့်အကဲဖြတ်နိုင်ပါသည်။ သင်နှင့် ကျောင်းရှိအခြားသောသူများ အလွတ်သဘောဖြင့် အကဲဖြတ်လွှာများ တည်ဆောက်ပြီး သင့်အစီအစဉ်တွင် အပြောင်းအလဲများ ပြုလုပ်ရန် သို့မဟုတ် ပုံဖော်ရန် သင်စုစည်းရရှိသော အချက်အလက်များကို အသုံးပြုပါ။ အလွတ်သဘောအကဲဖြတ်ခြင်းအပြင် ယုံကြည်ကိုးစားနိုင်သော ပြင်ပပုဂ္ဂိုလ်များကို ပုံမှန်လာရောက်စေပြီး ပုံစံကျ အကဲဖြတ်လွှာတစ်ခုဖြင့် အကဲဖြတ်စေပါ။ ဤအကဲဖြတ်ခြင်းသည်တရားဝင်ခွဲခြားအသိအမှတ်ပြုခြင်းတစ်စိတ်တစ်ပိုင်း သို့မဟုတ် ကျောင်းသို့ အမြင်သစ်ဖြင့် ရှုမြင်သုံးသပ်သည့် နည်းလမ်းတစ်ခု ဖြစ်ပါမည်။ ' M 'ကျောင်း၌ နှစ်ပတ်လည်စုံညီပွဲ တော်ပြုလုပ်နေစဉ်တွင် မိဘများသည် ကျောင်း၏ပရိဘောဂ ပစ္စည်းပစ္စယများ၊ ကြိုးပမ်းလုပ်ဆောင်မှုများ၊ ကလေးများ၏သင်ယူမှု၊ တိုးတက်မှုအချို့အပေါ် အကြံပြုထောက်ခံမှုစသည်တို့ကို အကဲဖြတ်သည့် မေးခွန်းလွှာ များကို ဖြည့်စွက်ကြသည်။ ဤနည်းဖြင့် အကြံဉာဏ်ကောင်းများ ရရှိကြပါသည်။ ကလေးများသည်ပင်လျှင် ကြီးကြပ်ကွပ်ကဲသူများ၊ အကဲဖြတ်သူများဖြစ်ပြီး ကျွန်ုပ်တို့အနေဖြင့် သူတို့ကိုလည်းပဲ မေးခွန်းများ မေးသင့်သည်။

ဤစာအုပ်ငယ်၏အစပိုင်းတွင်ဖော်ပြထားသော လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်ဆိုင်ရာ ကိုယ်တိုင်အကဲဖြတ်လွှာတွင်ပါသော အချက်အလက်များကို စောင့်ကြည့်

အကဲဖြတ်ကိရိယာတစ်ခုအဖြစ် အသုံးပြုနိုင်ပြီး သင်၏ကျောင်း လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခု ဖြစ်လာစေရေးကို တစ်နှစ် သို့မဟုတ် နှစ်နှစ် သို့မဟုတ် နှစ်အတန်ကြာ သို့မဟုတ် ဆယ်စု နှစ် သို့မဟုတ် ထို့ထက်ကြာရှည်သော နှစ်များအတွင်း ဖြစ်လာစေမည့် တိုးတက်မှုအခြေအနေများကို သင်ဆက်လက်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

ထိုအချက်အလက်များအပြင် အဆိုပါကျောင်းသည် လူတိုင်း အကျုံးဝင် သင်ယူပျော်ဝန်းကျင်ဖြစ်လာစေရေး ရှေးရှုနေသောကျောင်း ဖြစ်၊ မဖြစ် သိရှိရန် လိုအပ်သော အချက်အလက်များကို နည်း(၅)မျိုးဖြင့် စုဆောင်းရရှိနိုင်ပါသည်။

**(၁) ဒိုင်ယာရီနှင့် မှတ်တမ်းများထားရှိပါ။** ။သင်နှင့်သင့်လုပ်ဖော်ကိုင်ဖက်များသည် လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်နှင့်ပတ်သက်၍ လစဉ် တိုးတက်မှု ဒိုင်ယာရီကို အတိုချုပ်ရေးသားပါ။ ဒိုင်ယာရီတွင် လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းများ၊ ကျောင်းရပ်ရွာဒေသဆိုင်ရာ အစည်းအဝေး မှတ်တမ်းများပါဝင်၏။ အတန်းခေါင်းဆောင်များ သို့မဟုတ် အခြားသောကျောင်းသားများသည် ဆောင်ရွက်ချက်များကို မှတ်တမ်းငယ်တစ်ခုထားရှိပြီး ဆရာများနှင့် တစ်ကျောင်းလုံးရှိ ကျောင်းသားများ လစဉ်ဆွေးနွေးပွဲများ ပြုလုပ်နိုင်ပါသည်။ ရပ်ရွာ ခေါင်းဆောင်များ သို့မဟုတ် မိဘများလည်းပုံမှန် လာရောက်ပြီး မှတ်တမ်းများထားရှိနိုင်ပါသည်။

**(၂) အခြားသူများနှင့်စကားပြောပါ။** ။လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင် အစီအစဉ် ဖွံ့ဖြိုးလာသည်နှင့်အမျှ ဤလုပ်ငန်းဆောင်ရွက်မှုအများစုသည် အပေါ်ယံ အားဖြင့်ပြီးစီးသွားသည်။ သို့သော်တစ်ခါတရံတွင်မူ အဖြေများ ရှာလိုသည့်အခါ အထူးပွဲစီစဉ်ရန် လိုသည်။ ထိုပွဲတွင် မေးခွန်းများနှင့် မှတ်တမ်းတင်ထားသောအဖြေများကို အသုံးပြု ဆောင်ရွက်နိုင်သည်။ ကလေးများ၊ မိဘများနှင့်အခြားဆရာများကို တစ်ဦးချင်းဖြစ်စေ အုပ်စုလိုက်ဖြစ်စေ စကားပြောပါ။ သင် လိုချင်သည်ဟု စဉ်းစားထင်မြင်သော လူများကပေးသည့် အဖြေများထက် ရရှိလာသော သတင်းအချက်အလက်များနှင့် ထင်မြင်ချက် အယူအဆများက သင့်အတွက် ပို၍ အရေးကြီးသည်။

**(၃) စာစီစာကုံးများရေးသားခြင်းဖြင့် အသိပညာနှင့် ကျွမ်းကျင်မှုများကို အကဲဖြတ်ပါ။** ။ကျောင်းတွင်ရှိသော ကလေးအမျိုးမျိုး၏အကြောင်းကို သင်နှင့် အခြားဆရာများ ဘာတွေသိရှိကြပါသလဲ၊ သင်သည် အခြားသော

ဆရာများအား သူတို့သိရှိသည့်အကြောင်းအရာများဖြင့် စာစီစာကုံးတစ်ပုဒ် ရေးရန်နှင့် သူတို့သိချင်သော မေးခွန်းများ စာရင်းပြုစုရန် စေခိုင်းချင်မည် ဖြစ်သည်။ ယင်းသို့ရေးသားစေခြင်းသည်လည်း ကျောင်းသားဆောင်ရွက်စေ သင့်သည့် အလုပ်ကောင်းတစ်ခုဖြစ်ပါသည်။

(၄) **စူးစမ်းလေ့လာပါ။** ။မည်သူ့ကို၊ မည်သည့်ကို ကျွန်ုပ်တို့လေ့လာကြသလဲ၊ ကျောင်းအုပ်ကြီးများသည် အသက်မွေးဝမ်းကြောင်းကျွမ်းကျင်မှုဆိုင်ရာ တိုးတက်ရေးတစ်ရပ်အနေဖြင့် စာသင်ခန်းတွင်း ဆရာများ သင်ကြားမှုကို လေ့လာရန် လိုအပ်သည်။ (ကျောင်းအုပ်ကြီးသည် စာသင်ခန်းကို ဘယ်နှကြိမ် ရောက်ရှိသလဲနှင့် ဘာအကြောင်း ဆွေးနွေးသည်ကိုမှတ်တမ်းပြုလုပ်ပါ။) သက်တူရွယ်တူအချင်းချင်း စူးစမ်းလေ့လာခြင်းသည်လည်း စုပေါင်းသင်ကြား ခြင်း၏တစ်စိတ်တစ်ဒေသအဖြစ် အထူးအသုံးဝင်သည်။ စာသင်ခန်း တစ်ခန်းမှ ဆရာများသည် အခြားအတန်းမှ တပည့်များကို လေ့လာနိုင်သည်။ ဤလေ့လာတွေ့ရှိချက်များ၊ထောက်ခံအကြံပြုချက်များ ကို မှတ်တမ်းထားရှိပြီး ကျောင်းအုပ်ကြီးနှင့် ဆရာများ ပါဝင် သောအုပ်စုများ အခါအားလျော်စွာ ဆွေးနွေးပွဲ ပြုလုပ်နိုင်သည်။

အဆောက်အအုံများနှင့်ပတ်ဝန်းကျင်များကိုကြည့်ပါ။ သင်၏ လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်နှင့်ပတ်သက်သည့် လုပ်ငန်းများသည် ကျောင်း၏သွင်ပြင်လက္ခဏာတွင် အကျိုးသက်ရောက်မှုပြုပါသလား။ ဟန့်တားမှုကင်းရဲ့လား။ ယောကျာ်းလေးရေအိမ်နှင့် မိန်းကလေးရေအိမ် တသီးတခြားစီ ရှိကြရဲ့လား။ အရည်အသွေးမျိုးစုံရှိသော ယောကျာ်းလေး၊ မိန်းကလေးများ အားကစားကွင်းထဲတွင် တန်းတူအခွင့်အရေးရရှိရဲ့လား။

တပည့်များပြုမူဆောင်ရွက်ပုံ အပြောင်းအလဲဖြစ်သွားမှုများကို လေ့လာကြည့်ပါ။ ယခင်က သူတို့ မဆောင်ရွက်ခဲ့သည့်အရာဖြစ်သည့် တစ်ဦးနှင့်တစ်ဦး ကူညီဆောင်ရွက်မှုမျိုး ရှိရဲ့လား။

(၅) **အထောက်အထား စာရွက်စာတမ်းများ။** ။သတင်းလွှာများ၊ မိဘများထံသို့ ပေးစာများ၊ တိုးတက်မှုအစီရင်ခံ စာများ၊ သင်ခန်းစာကြိုတင်ပြင်ဆင်မှုများ၊ သင်ရိုးညွှန်းတမ်း မာတိကာများ စသည့်ကျောင်းနှင့်သက်ဆိုင်သော အထောက် အထားအမျိုးမျိုးကို သေချာစွာဆန်းစစ်ကြည့်ပါ။ မိဘများထံနှင့် ရပ်ရွာ လူထုထံသို့ သင့်ကျောင်းက ရေးသားပေးပို့သောစာရွက် စာတမ်း အထောက်

အထားများသည် သင်ကြိုးစားဆောင်ရွက်နေသော လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင် အောင်မြင်စွာ ဖြစ်ထွန်းလာစေရေးကို အကျိုးသက်ရောက်မှု ရှိစေရဲ့လား၊ ဆရာများ၏ သင်ခန်းစာများနှင့် သင်ရိုးမာတိကာများသည် သင့်ကျောင်း လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်ကို ထင်ဟပ်မှု ရှိစေရဲ့လား။



## လက်စွဲ (၁.၄)
## ကျွန်ုပ်တို့ဘာတွေသင်ယူပြီးပြီလဲ

သင်သည် ဤစာအုပ်ငယ်၏ နောက်ဆုံးအခန်းသို့ရောက်ရှိလာပါပြီ။ သို့သော် နောက်ထပ်ဆောင်ရွက်ရန်လုပ်ငန်းတစ်ခု ကျန်ရှိနေပါသေးသည်။ ဤစာအုပ်ငယ်တွင်ပါရှိသော လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်အကြောင်းကို သင်ဘာတွေသိရှိခဲ့ပြီးသည်ကို ပြန်လည်ဆန်းစစ်ရာတွင် အောက်ပါလုပ်ငန်းများကို ပြီးစီးအောင် သင်ဆောင်ရွက် နိုင်ပါမည်လား ဟူသည့်မေးခွန်းဖြင့် စတင်ကြပါစို့။

၁။ 'လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်တစ်ခုဆိုတာဘာလဲ။ ၄င်း၏အဓိပ္ပာယ်နှင့် စာသင်ခန်းထဲတွင် ဘယ်လိုပုံစံမျိုးဖြစ်ရမည်။ 'ဆိုသည်ကို ဖော်ပြပါ။ (ထိုင်ခုံစီစဉ်ထားရှိပုံ၊ သင်ယူမှုပစ္စည်းများ၊ ဆက်သွယ်ဆောင်ရွက်မှုများ စသည်ကဲ့သို့)

၂။ လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခု၏ ဝိသေသလက္ခဏာ (၅)မျိုး ကို ရေးပြပါ။

၃။ ကလေး၊ ဆရာ၊ မိဘနှင့် ရပ်ရွာလူထုစသည့် အုပ်စုအသီးသီးအတွက် လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်၏ အကျိုးကျေးဇူး(၂)ခုကို ချရေးပြပါ။

၄။ လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခုဖြစ်လာစေရန် အပြောင်းအလဲများဆောင်ရွက်ရန် အဖွဲ့အချို့က ဘာကြောင့် အတိုက်အခံပြုသလဲ။

၅။ ကျောင်းများတွင် အပြောင်းအလဲစတင်နိဒါန်းပျိုးခြင်းနှင့် ပြုပြင်ခြင်းအတွက် အရေးကြီးသောအဆင့်များကို ချရေးပြပါ။ သင်၏ကျောင်းမှာ ဖြစ်ပေါ်နေသော အပြောင်းအလဲဖြစ်စဉ်ရှိ အဆင့်များကို သင်လေ့လာခဲ့ပုံနည်းလမ်းများကို ဖော်ပြပါ။

၆။ 'လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်တစ်ခု ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဓိကကျသောစီမံချက်များ ရေးဆွဲဆောင်ရွက်မှုအဆင့်(၅)ခုဟာဘာလဲ၊ သင့်ကျောင်းတွင် ပြောင်းလဲမှုအစဉ်သည် မည်သည့်နေရာတွင် ဖြစ်ပေါ်သလဲ။ အဆိုပါဝန်းကျင်ဖြစ်လာစေရန် သင်ဘာတွေဆောင်ရွက်ပြီးပြီလဲ၊ အစဉ်တစိုက်ဆောင်ရွက်နေသောဖြစ်စဉ်ဖြစ်သဖြင့် ဘာတွေလိုအပ်ပြီး ဘာတွေဆောင်ရွက်ချင်ပါသလဲ။

လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခုကို ထူထောင်ဖွံ့ဖြိုးစေခြင်းသည်

လျှောက်လှမ်းရန် အလွန်အရေးကြီးသည့် မဟာလမ်းမကြီးတစ်ခုဖြစ်သည်။ လူတိုင်းအတွက် ပညာရေး အမှန်တကယ်ဖြစ်ထွန်းလာစေရန် ဤသည်သာ လျှောက်လှမ်းရာလမ်းမကြီးတစ်ခု ဖြစ်ပါသည်။ ဤသို့ ထူထောင်ရန်အတွက် ကိုယ်ပိုင်အသိရှိဖို့လိုသည်။ အလုပ်ကြိုးစားဖို့လို သည်။ အသစ်သစ်များအားသင်ယူလိုစိတ် ရှိဖို့လိုသည်။ ဤလုပ်ငန်းသည် ကလေးများ အားလုံး သင်ယူနေသည်ကို မြင်တွေ့ခြင်းဖြင့် နှစ်ခြိုက်ကျေနပ် ခြင်းတည်းဟူသော ခံစားချက် ကိုပါ ပေးစွမ်းနိုင်ပါသည်။ နှစ်ခြိုက်ကျေနပ် ခြင်းဆိုသည်မှာ ကျောင်းရှိကလေးများက ယခင်က ပစ်ပယ်ခြင်းခံခဲ့ရသည့် ကျောင်းဝင်လာခါစ ကလေးများထံမှ အရာရာကို သင်ယူခြင်းမျိုးနှင့် ပစ်ပယ်ခံကလေးများကိုယ်တိုင်က သင်ယူခြင်းအတွက် ပျော်ရွှင်မှုကို သိရှိခံစားရခြင်းကို ဆိုလိုရင်းဖြစ်ပါသည်။

ဤစာအုပ်ငယ်သည် 'လူတိုင်းအကျုံးဝင် သင်ယူပျော် ဝန်းကျင်' ထူထောင်သည့် ကျောင်းမျိုး ဖြစ်လာစေရန် နည်းလမ်းများကို သင့်အား ဆင်ခြင်စဉ်းစားခိုင်းထားပါသည်။ ယခုသင့်ကိုသင်ပြန်မေးပါ။ **'အနာဂတ် ကာလအတွက် ငါ့စာသင်ခန်း၊ ငါ့ကျောင်းမှာ ဘာအပြောင်းအလဲတွေ လုပ်နိုင်မလဲ။' ကိုယ်ပိုင်ရည်မှန်းပစ်မှတ်သုံးခုကိုချမှတ်ပြီး လုပ်ဖော် ကိုင်ဖက်များနဲ့ နှိုင်းယှဉ်ဆွေးနွေးပါ။' တစ်ပတ် နှစ်ပတ်ခန့်ကြာ သောအခါ တိုးတက် မှုများကို နှိုင်းယှဉ်ပါ။**

## နောက်ထပ်မည့်သည့်နေရာတွင် သင်ယူနိုင်မည်နည်း။

တစ်ဖက်တွင်ဖော်ပြပါ ပုံနှိပ်ထုတ်ဝေသော စာအုပ်များနှင့် ကွန်ရက်များသည်လည်း အကြံဉာဏ်များနှင့် သတင်းအချက်အလက်များဆိုင်ရာ အရင်းအမြစ်များ ဖြစ်ပါသည်။

## ပုံနှိပ်ထုတ်ဝေပြီးစာအုပ်များ


Booth T, Ainscow M, Black-Hawkins K, Vaughan M and Shaw L.(2000) Index for Inclusion : Developing Learning and Participation in Schools. Bristol, Centre for Studies on Inclusive Education.

Dutcher N(2001) Expanding Educational Opporturity In Linguistically Diverse Societies. Centre for Applied Linguistics: Washington, DC.

Pijl SJ, Meijer CJW, and Hegarty S. (Eds.) (1997) Inclusive Education : A Global Agenda London : Routledge.

Slavin RE, Modden NA, Dolan LJ and Wasik BA. (1996) Every Child, Every School, Success for All. Newbury  Park, California: Corwin.

UNESCO (2001) Open file on Inclusive Education: Support Materials for Managers and Administrators: Paris.

UNESCO (1993) Teacher Education Resource Pack: Special Needs in the Classroom. Paris.

UNESCO (2000) One School for All Children. EFA 2000 Bulletin: Paris.

United Nations (1989) Covention on the Rights of the Child. Adopted and opened for signature, ratification and accession by General Assembly aesolution 44/25 of 20 November 1989, entry into force 2 September 1990, in accordance with article 49.


## ကွန်ရက်များ

Centre for Studies on Inclusive Education (CSIE)

http://www. inclusion.uwe.ac.uk

Enabling Education Network (EENET)

http://www.eenet.org.uk

International Labour Organization

http://www.ilo.org

စာအုပ်ငယ်-၂

# လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်တစ်ခု ဖန်တီးတည်ဆောက်ခြင်း

ပညာရေး

Booklet 2 :

# Working with Families and Communities to Create an ILFE

လူတိုင်းအကျုံးဝင်
သင်ယူပျော်
ဝန်းကျင်များ

UNESCO

## လက်စွဲလမ်းညွှန်

ဤလက်စွဲ(၂)တွင် လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးတို့၌ မိဘများ၊ ရပ်ရွာလူထုနှင့် အဖွဲ့အစည်းဝင်များကို မည်သို့ကူညီနိုင်ကြောင်း ဖော်ပြထားပါသည်။ ဤစာအုပ်ငယ်သည် ရပ်ရွာလူထုအဖွဲ့အစည်းသည် ကျောင်းနှင့်သော်လည်းကောင်း၊ ကျောင်းသား ကျောင်းသူများသည် ရပ်ရွာလူထုနှင့်သော်လည်းကောင်း မည်သို့ပတ်သက်သည်၊ မည်သို့ပံ့ပိုးကူညီနိုင်သည်ကို အကြံဉာဏ်ပေးထားပါသည်။ မည်သည့်နည်းလမ်းများ ကျင့်သုံးနေပြီကို ခွဲခြားသိစေရန်လည်းကူညီမည်ဖြစ်ပြီး ဆိုင်ရာကျောင်းသားကျောင်းသူများ၊ ၄င်းတို့၏ မိသားစုများနှင့် ရပ်ရွာလူထုကို လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခုအဖြစ် တိုးမြှင့်ဆောင်ရွက်နေသည့်တိုင်အောင် အကြံဉာဏ်များပေးမည်ဖြစ်ပါသည်။


## လက်စွဲများ


၂.၁ **လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခုရှိ ဆရာ၊ မိဘ၊ ရပ်ရွာလူ့အဖွဲ့အစည်းတို့၏ဆက်နွယ်မှု ................................ ၃**
- ရပ်ရွာလူ့အဖွဲ့အစည်းဟူသည်မှာ ............................................... ၃
- မိမိတို့သည်မည်သည့်အတွက်ကြောင့် ရပ်ရွာဒေသလူ့အဖွဲ့အစည်းနှင့် ပါဝင် ပတ်သက်သင့်သနည်း။ ............................................... ၅
- မိမိတို့၏ အခန်းကဏ္ဍနှင့် တာဝန်ယူဆောင်ရွက်ရမှုများ .................. ၉

၂.၂ **မိသားစုများနှင့် လူ့အဖွဲ့အစည်းတို့တွင် လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်နှင့် အစပျိုးစည်းလုံးလှုံ့ဆော်ခြင်း ................................................ ၁၂**
- မိသားစုဝင်များနှင့် ရပ်ရွာလူထုအဖွဲ့အစည်းတို့ကို ဆက်သွယ်ထိတွေ့မှု ၁၂
- လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်အကြောင်းကို မိဘများသို့ အသိပညာပေးခြင်း ................................................................ ၁၉

၂.၃ **ရပ်ရွာလူ့အဖွဲ့အစည်းနှင့်သင်ရိုးညွှန်းတမ်း......................... ၂၈**
- စာသင်ခန်းအတွင်းရှိလူ့အဖွဲ့အစည်း ............................................ ၂၈
- စာသင်ခန်းနှင့်ရပ်ရွာဒေသလူထုအဖွဲ့အစည်း ..................................... ၃၂

၂.၄ **မည်သည့်အကြောင်းအရာများကို ကျွန်ုပ်တို့သင်ယူခဲ့ပြီးပြီနည်း.. ၃၅**



## လက်စွဲ (၂.၁)

## လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခုရှိ ဆရာ၊ မိဘ၊ရပ်ရွာလူ့အဖွဲ့အစည်း တို့၏ဆက်နွယ်မှု

### ရပ်ရွာလူ့အဖွဲ့အစည်းဟူသည်မှာ ..................

ယင်းအဖွဲ့အစည်းတွင် ကျောင်းသား၊ ကျောင်းသူများ၏ မိဘများ၊ အုပ်ထိန်းသူများ၊ ၄င်းတို့၏မိသားစုဝင်များနှင့် ကျောင်းတည်နေရာဝန်းကျင်အနီး၌ နေထိုင်သူများ အားလုံး အကျုံးဝင်နေပါသည်။ ထို့ပြင် ပင်စင်စားကျောင်းအုပ်ဆရာကြီးများ၊ ဘိုးဘွားမိဘများနှင့် ကျောင်း၏အုပ်ချုပ်မှုနယ်မြေအတွင်းနေထိုင်သူများ အားလုံးပါဝင်ပါသည်။ ကျောင်း၏ တည်နေရာသည် မြို့ပြဧရိယာတစ်ခုအတွင်းဖြစ်ခဲ့လျှင် ထိုလူ့အဖွဲ့အစည်းတွင် ကုန်သည်များ၊ ဈေးဆိုင်ရှင်များ၊ အစိုးရအလုပ်သမားများ ပါဝင်နေကြမည်ဖြစ်သဖြင့် အခြားသောဒေသ ဧရိယာနှင့် ကွဲပြားအောင်ဖွင့်ဆို သတ်မှတ်ရပါလိမ့်မည်။ အားလုံးသော လူပုဂ္ဂိုလ်တိုင်းသည် အကျုံးဝင်သင်ယူပျော်ဝန်းကျင်၌ ကလေးများ၏ သင်ယူမှုတိုးတက်ရေးကို ရှေးရှုရာတွင် ထူးခြားအရေးပါသော ပံ့ပိုးဖြည့်ဆည်းမှုများကို ဆောင်ရွက်ပေးနိုင်သူများ ဖြစ်ကြပါသည်။

မိမိတို့သည် ကလေးများအားလုံး ကျား၊မ မရွေး လူတိုင်းအကျုံးဝင်သင်ယူပျော် ဝန်းကျင်တစ်ခုတွင် သင်ယူနိုင်ရန်နှင့် အကျုံးဝင်သင်ယူနေရသည်ဟု ခံစားမိကြရန် ဖန်တီး ဖော်ဆောင်ပေးဖို့ တာဝန်ရှိသူများဖြစ်ကြပါသည်။ မိဘများနှင့် ရပ်ရွာလူထုတို့သည် ကျောင်းများနှင့် စာသင်ခန်းများတွင် လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်ဖြစ်ပေါ်တိုးတက် ရေးအထောက်အကူပြုရန် အရေးပါသည့်အလုပ်များကို လုပ်ကိုင်ကြရန်ရှိသည်။ ဥပမာ– ရပ်ရွာလူထုသည် ကျောင်းပြင်ပရောက်ကလေးများကို ရှာဖွေပေးရန်၊ ကျောင်းအပ်နှံကြစေရန် နှင့် ကောင်းမွန်စွာ ဆက်လက်သင်ယူနိုင်ကြရန်အတွက် မိမိတို့နှင့် အတူတကွ ဆောင်ရွက် ပေးကြဖို့ လိုအပ်ပါသည်။

လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခု ဖြစ်ပေါ်တိုးတက်ရေးတွင် ရပ်ရွာလူထု သည် အရေးပါလှသည့်တိုင်အောင် လက်တွေ့တွင်ကျောင်းနှင့်ရပ်ရွာလူထုတို့ကြား၌ မမျှော်လင့် သောကွာဟမများ မကြာခဏတွေ့နေရတတ်ပါသည်။ ဤကွာဟမှုများမှာ အကြောင်းအမျိုးမျိုး ကြောင့်ဖြစ်သည်။ ကျောင်း၏လုပ်ငန်းဇယားနှင့် မိဘများ၏လုပ်ငန်းဇယားချင်း ဆန့်ကျင် ကွဲပြားမှုဖြစ်နိုင်သည်။ အထူးသဖြင့် ကိုယ်ခွဲမရှိသောမိဘများသည် အလုပ်မအားလပ်၍

ကျောင်းလုပ်ငန်းများတွင် ပါဝင်တက်ရောက်နိုင်မှု မရှိခြင်းဖြစ်သည်။ တစ်ခါတစ်ရံတွင် ကိုယ်နှင့်မကျွမ်းဝင်သော မရင်းနှီးသောဒေသကျောင်းများသို့ ဆရာအဖြစ်တာဝန်ချထား ပေးခြင်းလည်းရှိသည်။ မိမိစာသင်ကြားပေးရသော ကျောင်းရှိရာရပ်ရွာဒေသအတွင်း မိမိတို့၏ ဆရာများမနေထိုင်မှု သို့မဟုတ် ကျောင်းတွင်နေထိုင်သော်လည်း သီတင်းပတ်အကုန်၌ ကျောင်းနှင့်ဝေးကွာသော ကိုယ့်မိသားစုထံပြန်နေခြင်းမျိုးလည်းရှိသည်။ ဤအခြေအနေမျိုးနှင့်အခြားအကြောင်းတို့ကြောင့် ကျောင်းမှမိဘများသို့ သို့တည်းမဟုတ် ကျောင်းမှရပ်ရွာလူထုသို့ဆက်သွယ်ရေးသည် တစ်လမ်းသွားတစ်ဖက်သတ်ဆက်ဆံရေးသာဖြစ်လာတော့သည်။ ဤသို့ဖြင့် မိဘများကကျောင်းသို့၊ ရပ်ရွာလူထုအဖွဲ့အစည်းမှ ကျောင်းသို့ ဆိုသလို အပြန်အလှန်အားဖြင့် ဆက်သွယ်ရေးမှာ အလွန်နည်းပါးသွားတော့သည်။ သို့ဖြစ်၍ လူတိုင်းအကျုံးဝင်သင်ယူမှုပျော်ဝန်းကျင်တစ်ခု ဖန်တီးတည်ထောင်ရန်အတွက် ဤအဟန့်အတားများကို မဖြစ်မနေကျော်လွှားရပေမည်။

### ရပ်ရွာဒေသလူ့အဖွဲ့အစည်းများက ကျောင်းတွင်ပါဝင်မှု

‘ရပ်ရွာဒေသလူထုအဖွဲ့အစည်းအားလုံးကျောင်းတွင် ပါဝင်ရမည်’ ဟူသော အဆိုသည် အိန္ဒိယနိုင်ငံချန်နာယာမှ ဆရာများအတွက် စိန်ခေါ်မှုဖြစ်ခဲ့သည်။ ၎င်းဆရာတို့သည် ကြီးမားသောလူထုအစုအဖွဲ့အစည်းတွင် အစိတ်အပိုင်းအဖြစ်ပါဝင်နေသည်ကို ကိုယ်တိုင်သိလာရသော်လည်း တစ်ဦးချင်းစီအနေနှင့်ရော အဖွဲ့အစည်းအနေဖြင့်ပါ သူတို့သည် လူထုနှင့်ဆက်သွယ်မှု၊ ထိတွေ့မှုအနည်းငယ်သာရှိကြောင်းလည်း သိလာခဲ့ကြသည်။ ၎င်းတို့သည် ပညာရေးနှင့်ဆိုင်သော အခြားအသိုင်းအဝိုင်းများနှင့်သာ အပြန်အလှန်ဆက်သွယ်မှုရှိခဲ့သည်။ သူတို့သည်လူမှုအစုအဖွဲ့အတွင်းရှိနေရင်းကနီးရက်နှင့်ဝေးဆိုသကဲ့သို့ဖြစ်နေကြောင်းခံစားလာမိကြသည်။ အခြားသူတို့၏အကြောင်းကို ထိုဆရာတို့မသိ။ ထို့အတူအခြားသူတို့ကလည်း ထိုဆရာတို့၏အကြောင်းနှင့်လုပ်ကိုင်ဆောင်ရွက်နေမှုများကိုလည်း မသိရှိကြချေ။ ယေဘူယျအားဖြင့်ဆိုပါမူပညာရေးလောကမှ ဆရာတို့သည်သင်ယူသူများ၊ မိဘများနှင့်တွဲ၍အလုပ်ပိုမို လုပ်လိုကြကာ သူတို့၏ကျောင်းအပေါ်အမြင်ကိုရရှိလိုကြ မြဲဖြစ်ပါသည်။ ဤသို့ဖြင့် ဆရာများနှင့် မိဘများကိုအဖွဲ့ငယ်များခွဲ၍ သွက်လက်တက်ကြွစွာဆွေးနွေးနိုင်ကြရန်အတွက် အလုပ်စတင်ခဲ့ပါတော့သည်။ ထို့အတူသင်ယူသူများနှင့် အပြန်အလှန်ထိတွေ့ ဆက်ဆံမှုပြုနိုင်ရန်အတွက်လည်းရပ်ရွာလူထုတို့ကို ကျောင်းသို့ဖိတ်ခေါ်မှုများကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

*Booth T and Black -Hawkins K. (2001) Developing Learning and Participation in Countries of the South: The Role of an Index for Inclusion. UNESCO: Paris.*

## မိမိတို့သည်မည်သည့်အတွက်ကြောင့် ရပ်ရွာဒေသလူ့အဖွဲ့အစည်းနှင့် ပါဝင်ပတ်သက်သင့်သနည်း။

ကလေးများသည် ရပ်ရွာလူထုအတွင်းမှာပင်နေထိုင်ပြီး သင်ယူနေကြရပြန်သည်။ ထို့အပြင် မိမိတို့သင်ကြားပေးလိုက်သည်များကိုလည်း အသုံးချရသည်ဖြစ်၍ လူ့အဖွဲ့အစည်းများသည်ဆက်စပ်စဉ်းစားရသည့်အခြေအနေများသာ ဖြစ်ကြသည်။ ကလေးအားလုံးကျောင်းသို့ရောက်ရေးနှင့် အောင်အောင်မြင်မြင် သင်ယူနိုင်ရေးတို့တွင် ကလေးတို့ကိုကူညီရန်မှာ မိသားစုများ၊ ရပ်ရွာလူထုအဖွဲ့အစည်း ခေါင်းဆောင်များ၊ အခြားလူထုအဖွဲ့အစည်းဝင်များ၏ ပါဝင်မှုတန်ဖိုးထားမှုများကား မရှိမဖြစ် အရေးကြီးလှပါသည်။ သာဓက–မိသားစုများနှင့် ရပ်ရွာလူထုတို့သည် ၄င်းတို့၏ ကလေးများကို မိမိတို့သင်ကြားပေးသည့် ပညာနှင့် ဆရာများဖြစ်သည့် မိမိတို့ကိုတန်ဖိုးထားလာကြမည်ဆိုလျှင် ကလေးများသည်လည်း သူတို့၏သင်ယူမှုအခွင့်အလမ်းကိုလည်း တန်ဖိုးထားလာကြမည်ဖြစ်သည်။ ထိုသို့တန်ဖိုးထားလာမှုသည် ကလေးများအဖို့ မိမိတို့ဆရာများနှင့် အတန်းဖော်များကို လေးစားမှုဖြစ်စေပါသည်။ အထူးသဖြင့် ဘဝနောက်ခံနှင့် စွမ်းနိုင်မှုအမျိုးမျိုးရှိသော ကလေးများကိုလည်း အလေးထားလေးစားတတ်စေမည်ဖြစ်ပါသည်။ ထို့နည်းတူစွာပင် ၄င်းတို့၏သင်ယူမှုများကိုလည်း နေ့စဉ်ဘဝတွင် အသုံးချရန် တွန်းအားပေးမည်ဖြစ်ပါသည်။

ရပ်ရွာလူထုသည် မိမိတို့၏ သင်ကြားရေးတိုးတက်စေရန်နှင့် ကလေးများ၏ သင်ယူမှုကို မြှင့်တင်စေရန် အသုံးပြုနိုင်မည့် ပေါများကြွယ်ဝသည့်အကြောင်းအရာ သတင်းအချက်အလက်များနှင့် လက်တွေ့ကျသည့် ဗဟုသုတများကိုလည်း ပေးပါသည်။ ဥပမာပြရလျှင် မိမိတို့သည် ရိုးရာပုံပြင်များ သို့မဟုတ် ရိုးရာသီချင်းများကို ဘာသာစကားဆိုင်ရာ သင်ခန်းစာများတွင် ပေါင်းစပ်ထည့်သွင်းသင်ကြားနိုင်ပါသည်။ ရပ်ရွာဒေသမှ သစ်ပင်စိုက်ပျိုးရေးများနှင့် တိရစ္ဆာန်မွေးမြူရေးတို့မှ ကြွပြားသည့်နည်းပညာများကို မိမိတို့၏ သိပ္ပံဘာသာရပ်သင်ခန်းစာများတွင် ထည့်သွင်းပေါင်းစပ်သင်ကြားနိုင်ကြပါသည်။

ထို့အပြင် ကလေးများအားလုံးအတွက် သင်ယူမှုကို တိုးတက်မှုရှိရန်၊ ကျောင်း၏အရည်အသွေးကို တိုးတက်ကောင်းမွန်ရန်နှင့် ရေရှည်တည်တံ့ခိုင်မာပြီး ပြောင်းလဲမှုကို ခံယူနိုင်ရန်အတွက် ရင်းမြစ်များရရှိရေးဆော်ဩစည်းရုံးလိုပါလျှင် **မိမိတို့သည် အတူတကွပူးပေါင်းဆောင်ရွက်ကြရပါမည်။** ဖိလစ်ပိုင်နိုင်ငံကျောင်းများသည် ဤကဲ့သို့သော လေ့လာသုံးသပ်မှုဖြင့် ပညာရေးပြောင်းလဲမှုတွင် ပါဝင်ကျင့်သုံးနေပြီဖြစ်ပါသည်။

တစ်ဦးတည်းထီးထီးခံရပ်နေခြင်းနှင့် တစ်ပွဲတိုးပြီးစလွယ်အမြန် ဖြေရှင်းခြင်း သည်မည်သည့်အခါမှအလုပ်မဖြစ်ပါ။ ဤသည်မှာ ဆရာများ၊ ကျောင်းအုပ်ချုပ်သူ များ၊ ကြီးကြပ်သူများ၊ မိဘများနှင့် ရပ်ရွာလူထုအဖွဲ့အစည်းဝင်များ၏အကြား အကျိုးပြု နေသည့်ကြားဝင်လုပ်ဆောင်မှုများ အပြန်အလှန်ဆက်ဆံမှုလမ်းကြောင်းများဖြစ်ကြပြီး ကလေးများကိုယ်တိုင်လည်း ပါဝင်နေကြပါသည်။ ယင်းဖြစ်စဉ်သည်ပင် ကွဲပြားခြားနား မှုကို ခံယူနိုင်နေသည့် သဘောဖြစ်သည်။

*Feny de los Angeles-Bautista with Marissa J.Pascual, Marjorie S. Javier, Lillian Mercado-Carreon and Cristina H. Abad (2001). Reinventing Phillppine Education: Building Schools Fillipino Children Deserve. The Ford Foundation. Philippines.*

ရပ်ရွာလူထုများသည် လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခု ဖြစ်လာစေရန် အစပြုဆောင်ရွက်လာကြသည့် ကျောင်းများအတွက် အဖိုးတန်လှသော အရင်းအမြစ်များ ဖြစ်ကြပေသည်။ ဘင်္ဂလားဒေ့ရှ်ရှိ BRAC ကျောင်းများသည် နမူနာတစ်ခုပင် ဖြစ်ပါသည်။

**လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်အတွက် ရပ်ရွာလူထုအဖွဲ့အစည်း၏ ထောက်ကူမှုပြုခဲ့သည့်အစောပိုင်းစံနမူနာတစ်ခု**

မိမိတို့၏ကလေးများကို အခြေခံပညာရစေလိုကြောင်း စာတတ်မြောက်ရေး လုပ်ငန်းခွင် စာသင်ခန်းရှိမိခင်များ၏တောင်းဆိုချက်ကို တုံ့ပြန်ဖြည့်ဆည်းရန်အတွက် ဘင်္ဂလားဒေရှ်နိုင်ငံတွင် ၁၉၇၉ခုနှစ်က ပထမဦးဆုံးသော BRAC ကျောင်းကို ဖွင့်လှစ် ခဲ့ပါသည်။ BRAC ဆိုသည်မှာ ဘင်္ဂလားဒေရှ်နိုင်ငံကျေးရွာတိုးတက်ရေးကော်မတီ Bangladesh Rural Advancement Committee ဖြစ်ပါသည်။ ကျေးရွာတိုးတက်ရေး ကော်မတီသည် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုအနေဖြင့် မိခင်များကို ကျောင်း ကော်မတီတစ်ခုအဖြစ်ဖွဲ့စည်းပြီး ကျောင်းနေရာရှာဖွေပေးခြင်း၊ ဆရာသတ်မှတ် ပေးခြင်းနှင့် ကျောင်းစီမံခန့်ခွဲခြင်းများတွင် ကူညီဆောင်ရွက်ပေးခဲ့သည်။


ကော်မတီသည် ကျေးရွာအတွင်းအိမ်များသို့ ကွင်းဆင်းကာ ဆင်းရဲနွမ်းပါးသော ကလေးများကိုစာရင်းပြုစုသည်။ အထူးသဖြင့် မိန်းကလေးများဖြစ်ကြသည်။ ကျောင်းများ သည် မိန်းကလေးများကိုအဓိကထားကာ ကျောင်းအပ်နှံစေကြရမည်။ ဆီလျော်သည့် သင့်တော်သောသင်ရိုးညွှန်းတမ်းရှိရမည်။ ကလေးဗဟိုပြုသင်ကြား နည်းကျင့်သုံးရမည်။

ထို့အပြင် ရက်စက်စွာရိုက်နှက်ပြီး အပြစ်ဒဏ်ပေးမှုကိုလည်းပယ်ခဲ့သည်။ ကျောင်းသား၊ ကျောင်းသူများသည်ကျေးရွာတိုးတက်ရေးကော်မတီ၏ အခြေခံပညာသင်ရိုးညွှန်းတမ်း သင်ယူပြီးဆုံးသောအခါ အစိုးရကျောင်းများသို့ တက်ရောက်ပညာသင်ကြားနိုင်ကြသည်။ ကလေးအမြောက်အမြား အောင်အောင် မြင်မြင်ပြီးမြောက်ကြပါသည်။

ကျောင်းဝန်ထမ်းများသည် ပုံမှန်အားဖြင့် ဒေသခံများဖြစ်လေ့ရှိကြပြီး မိဘများနှင့် အဆင့်ရှိရှိဆက်ဆံမှုကို ထိန်းသိမ်းထားနိုင်သူများဖြစ်ကြသည်။ မိဘများသည် ကျောင်းအချိန်ဇယားအတွက် သီးသန့်ဖြစ်စေသည့် စာသင်ချိန်များကို ဆုံးဖြတ်သတ်မှတ်ပေးကြပြီး ကျောင်းအားလပ်ရက်ကို စိုက်ပျိုးရေးရာသီကာလများနှင့် အံကိုက်ဖြစ်အောင်ပြောင်းလဲပေးကြသည်။ မိဘများသည်ဆရာများ ပျက်ကွက်မှုကို အလွတ်သဘောစောင့်ကြပ်ပေးကြသည်။ ဆရာပျက်ကွက်မှုကို ဖြေရှင်းခြင်းဟူသည့် နောက်ဆက်တွဲလုပ်ငန်းကို ဆောင်ရွက်ကြသည်။ ယင်းသို့အဖြစ်မျိုးမှာလည်း နည်းပါးလှပါသည်။ ကျောင်းတစ်ကျောင်းစီတွင်မိဘသုံးဦး၊ ရပ်ရွာလူထုအဖွဲ့အစည်းမှ ခေါင်းဆောင်တစ်ဦးနှင့် ဆရာတစ်ဦးတို့ဖြင့် ဖွဲ့စည်းထားသော ကျောင်းကြီးကြပ်မှုကော်မတီတစ်ခုစီလည်းရှိသည်။ ၎င်းတို့သည် ကျောင်းစီမံခန့်ခွဲမှုများကို အတူတကွ တာဝန်ယူကြရမည့်သူများဖြစ်ကြပါသည်။

ကျေးရွာတိုးတက်ရေးကော်မတီကျောင်းများမှ ဝန်ထမ်းများသည် မိဘများအဆင်ပြေသည့်အချိန်တစ်ချိန်တွင် မိဘဆရာလစဉ်အစည်းအဝေးပွဲများကို ကျင်းပလေ့ရှိသည်။ စည်းဝေးပွဲများကို နေ့အချိန်များတွင်ကျင်းပလေ့ရှိသဖြင့် အမျိုးသမီး အများစုတက်ရောက်နိုင်ကြသည်။ကျေးရွာတိုးတက်ရေးကော်မတီ ကျောင်း၏ အရည် အသွေးပြအညွှန်းကိန်းတစ်ခုမှာအစည်းအဝေးသို့ အနည်းဆုံးကလေး ၇၀ % ၏ မိဘများတက်ရောက်ကြခြင်းပင်ဖြစ်သည်။ ပျမ်းမျှအားဖြင့်ကလေး ၈၀ % ၏ မိဘတစ်ဦးစီတက်ရောက်ကြသည်။ အစည်းအဝေးတွင် မိဘများသည်၎င်းတို့ ပြောဆို လိုသောကျောင်းနှင့် ပတ်သက်သည့်အကြောင်းအရာများကို ထုတ်ဖော်ပြောဆိုနိုင် ကြသည်။ သို့သော် ကျေးရွာကျောင်းကော်မတီသည် အဓိကဖြစ်သည့် ကျောင်းလခ၊ အခြားစရိတ်များ၊ ခရီးကွာဝေးမှု၊ စည်းကမ်း၊ လုပ်ငန်းဇယားများနှင့် ပတ်သက်သည့်အကြောင်းအရာတို့ကို တင်ပြဆွေးနွေးသည့်အခါ မကျေနပ်မှုအနည်းငယ်တော့ရှိကြပါသည်။

*Adapted from Rugh A and Bossert H. (1998) Involving Communities: Participation in the Delivery of Education Programs. Washington, DC: Creative Associates International, Inc.*



## ပြန်လည်ထင်ဟပ်မှုလုပ်ငန်း။ ။ လူတိုင်းအကျုံးဝင်သင်ယူမှုပျော်ဝန်းကျင်အတွက်ရပ်ရွာ လူထုက မည်သို့ ပံ့ပိုးပါသလဲ။

ကျေးရွာတိုးတက်ရေးကော်မတီကျောင်းများတွင် လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်ဖြစ်ပေါ် တိုးတက်ရေးအတွက် ရပ်ရွာလူထုများသည် မည်သည့်နည်းလမ်း များဖြင့် ပါဝင်နေသလဲ။

(၁) ---------------------------------------------
(၂) ---------------------------------------------
(၃) ---------------------------------------------

သင်၏ရပ်ရွာလူထုအနေဖြင့် သင့်ကျောင်းကို လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင် တစ်ခုအဖြစ်ပိုမိုကောင်းမွန်အောင်ပြုပြင်ရန်မည်သည့်နည်းများဖြင့်ကူညီပါသလဲ။

(၁) ---------------------------------------------
(၂) ---------------------------------------------
(၃) ---------------------------------------------

အခြားမည်သည့်နည်းများဖြင့် ကူညီပါသလဲ။

(၁) ---------------------------------------------
(၂) ---------------------------------------------
(၃) ---------------------------------------------

လူတိုင်းအကျုံးဝင်သင်ယူမှုပျော်ဝန်းကျင်တစ်ခု ဖန်တီးတည်ထောင်ရန်နှင့် ပိုမိုကောင်းမွန်အောင်ပြုပြင်ရန် ရပ်ရွာလူထုအဖွဲ့အစည်းမှ မည်သူများက ဦးဆောင်ဦးရွက်သူအဖြစ် ဆောင်ရွက်ပါသလဲ။

(၁) ---------------------------------------------
(၂) ---------------------------------------------
(၃) ---------------------------------------------

သင်၏ကျောင်းတွင် လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခုအဖြစ် ပိုမိုကောင်းမွန်အောင်ပြုပြင်ရာတွင် ရပ်ရွာလူထုကသင့်ကိုကူညီလာအောင် သင်မည်ကဲ့သို့တိုက်တွန်းအားပေးနိုင်သလဲ။

(၁) ------------------------------------------

(၂) ------------------------------------------

(၃) ------------------------------------------

## မိမိတို့၏ အခန်းကဏ္ဍနှင့် တာဝန်ယူဆောင်ရွက်ရမှုများ

မိဘများနှင့် ရပ်ရွာလူထုအဖွဲ့အစည်းဝင်များက လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်ကို အထောက်အကူပြုပံ့ပိုးလာနိုင်အောင် မိမိတို့ဆရာများ၏ အခန်းကဏ္ဍနှင့် တာဝန်ယူဆောင်ရွက်မှုများမှာ အဘယ်နည်း။

## ဆရာအားလုံးတွင်ရှိရမည့်တာဝန်များမှာ အောက်ပါတို့ဖြစ်ပါသည်–

(၁) နေအိမ်၊ မိဘအုပ်ထိန်းသူများနှင့် ပုံမှန်ဆက်သွယ်ရန်၊ ယင်းသည်ကလေးများ၏သင်ယူမှုနှင့် တတ်မြောက်အောင်မြင်မှုတိုးတက်ရန်အတွက်ဖြစ်သည်။

(၂) ကျောင်းသို့မရောက်လာသည့် ကလေးများသည်မည်သည့်အတွက် ကြောင့်ကျောင်းသို့မရောက်သည်ကို ရှာဖွေရန်၊ ဖော်ထုတ်ရန်နှင့် ကျောင်းသို့ရောက်ရေးနည်းလမ်းများကို ရပ်ရွာလူထု ခေါင်းဆောင်များနှင့် တီထွင်ဖန်တီးဖော်ဆောင်ရန်၊

(၃) တပည့်များ၏ မိဘများကို လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်၏ရည်ရွယ်ချက်နှင့် တန်ဖိုးတို့ကိုရှင်းပြရန်


(၄) သင်ရိုးညွှန်းတမ်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် ရပ်ရွာလူ့အဖွဲ့အစည်းအတွင်းသို့ ကလေးများကွင်းဆင်းလေ့လာရေးခရီးများ၊ လက်တွေ့ဖွံ့ဖြိုးမှု လုပ်ငန်းများနှင့် ပြပွဲပြိုင်ပွဲများကဲ့သို့သော အပြန်အလှန်ထိတွေ့ဆက်ဆံမည့် လှုပ်ရှားမှုများကို စီစဉ်ပေးရန်၊

(၅) မိဘများနှင့်ရပ်ရွာလူထုကို စာသင်ခန်းတွင် သင်ကြားမှု လုပ်ငန်းများသို့ပါဝင်မှုပြုအောင် ဖိတ်ခေါ်ရန်တို့ဖြစ်ပါသည်။

**အချို့သော ဆရာများ ဆောင်ရွက်ကြရမည့်တာဝန်များမှာ–**

(၆) ကျောင်းအုပ်သည်အခြားဆရာများနှင့်အတူ မိဘများ၊ရပ်ရွာလူထုအတွင်းမှ အဖွဲ့အစည်းများ(ကျောင်းစီမံခန့်ခွဲမှုကော်မတီ၊ ရပ်ရွာပညာရေးကော်မတီ၊ မိဘဆရာအသင်း) ကို လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်အကြောင်း ဆက်သွယ်ကြရန်အတွက် လုပ်ကိုင်ဆောင်ရွက်ကြရန်၊

(၇) အခြားမိဘများနှင့် ရပ်ရွာလူထုကို လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင် အတွက် ဦးဆောင်ဦးရွက် ထောက်ခံပြောကြားရန် အလို့ငှာ မိဘများကို အားပေးပြီးအတူတကွ ဆောင်ရွက်ခြင်းများပြုရန်ဖြစ်သည်။



**ဆောင်ရွက်ရန်လုပ်ငန်း။ ။ရပ်ရွာလူထုအဖွဲ့အစည်းများနှင့်အတူ မိမိတို့ မည်သို့ဆောင်ရွက်နိုင်မည်လဲ။**

ကျောင်း၏လှုပ်ရှားမှုလုပ်ငန်းမှန်သမျှသည်မိသားစုများ၊ ရပ်ရွာလူထုအဖွဲ့အစည်းများ နှင့်လည်း သက်ဆိုင်ပတ်သက်သည်ဟူသော အသိဖြင့် ကွင်းဆင်းလေ့လာ ခရီးများ၊ မိဘဆရာ အသင်းစည်းဝေးများ၊ အားလပ်ရက်စုပေါင်းကိုယ်လက်လှုပ်ရှားသည့် ဆင်နွှဲမှုများကဲ့သို့သော လုပ်ငန်းများကို စာရင်းဇယားချ၍ စတင်ဆောင်ရွက်ပါ။ [1]ယင်းတို့တွင် ဆရာများ၊ ကလေး များ၊ မိသားစုများနှင့် ရပ်ရွာလူမှုအဖွဲ့အစည်းပါ အတူတကွစုစည်းပါဝင်လာမည်ဖြစ်သည်။ ပြီးလျှင် ယင်းလှုပ်ရှားမှု လုပ်ငန်းများတစ်ခုစီအတွက် အောက်ပါတို့ကိုချရေးပါဦး–

- ❖ ဤလုပ်ငန်းတွင် သင်ကူညီခဲ့မှုရှိ/မရှိ၊ ကူညီခဲ့သော်မည်သည့်အတိုင်းအတာ ဖြင့်ဖြစ်ကြောင်း (စည်းရုံးသူ သို့မဟုတ် ဖိတ်ခေါ်ကြိုဆိုသူမျိုး)
- ❖ လှုပ်ရှားမှုမှ ရလဒ်ဖြစ်သည့်အကျိုးပြုဖြစ်ပေါ်မှုများ
- ❖ ဆန့်ကျင်ဘက်သဘော သို့မဟုတ် မမျှော်လင့်သောအနှောင့်အယှက်ဖြစ်ရမှု များနှင့် ယင်းတို့ကို နောင်အခါတွင် မည်သို့ဖယ်ရှားနိုင်ကြောင်း (သာဓက– မိဘများ အစည်းအဝေးတက်ရောက်မှုနည်းသည်ကို တစ်ကြိမ်တည်း ကြိုတင် ကြေညာခြင်းမျိုးထက် အကြိမ်ကြိမ်ထုတ်ပြန်ကြေညာခြင်းဖြင့် မိဘအနည်းငယ် သာ အစည်းအဝေးတက်ရောက်ခြင်းဖြစ်ရပ်ကို ကျော်လွှားနိုင်ခြင်း)

[1] This activity was adapted from The Multigrade Teacher's Handbook (1994) Bureau of Elementary Education, Department of Education, Culture and Sports in cooperation with UNICEF Philippines, and UNICEF at http://www.imocef.org/teachers/enviroment/families.htm

အရေးကြီးဆုံးဟု သင်ထင်သောလုပ်ငန်းများကို မျဉ်းသားပါ။ သင်၏စာသင်ခန်းနှင့် သော်လည်းကောင်း၊ သင်ကြားမှုလက်တွေ့လုပ်ငန်းများနှင့်လည်းကောင်း တိုက်ရိုက်ပတ်သက်နေသောလုပ်ငန်းများကို စက်ဝိုင်းဝိုင်းပါ။ မည်သည့်လုပ်ငန်းများကို မျဉ်းသား၍ မည်သည့်လုပ်ငန်းများကို စက်ဝိုင်းဝိုင်းထားပါသနည်း။ မျဉ်းသားခြင်းသာ ပြုလုပ်ထားသောလုပ်ငန်းများကို သင်၏လုပ်ရှားဆောင်ရွက်မှုများတွင် မည်သို့ပေါင်းစပ်ထည့်သွင်းနိုင်မည်ကို စဉ်းစားပါ။

သင်၏ကျောင်းနှင့် စာသင်ခန်းတွင် အကျုံးဝင်ပညာရေးနှင့် သင်ယူပျော်ဖြစ်အောင် ဖန်တီးတည်ထောင်ရာ၌ မည်သည့်လှုပ်ရှားမှုလုပ်ငန်းများက အရေးကြီးဆုံးဖြစ်သည်၊ မည်သည့်လှုပ်ရှားမှုလုပ်ငန်းများသည် မိသားစုများနှင့် ရပ်ရွာပြည်သူအဖွဲ့အစည်းများအကြား လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်ကို ပိုမိုကောင်းမွန်သော နားလည်သဘောပေါက်မှုတစ်ခုအဖြစ်သို့ မြှင့်တင်ရန် ဖြစ်ရပ်ကောင်းများဖြစ်ကြသည်ကို သင့်ကိုယ်သင်မေး ကြည့်ပါ။

လှုပ်ရှားမှုလုပ်ငန်းတစ်ခုစီတွင် သင်၊ သင်၏ကျောင်းနှင့်ရပ်ရွာလူထုအဖွဲ့အစည်းတို့ကြား တိုးတက်လာသည့်ဆက်ဆံရေးကို အကျဉ်းချုပ်အနှစ်သာရထုတ်ကြည့်ပါ။သာဓက– 'ကျောင်းစာသင်နှစ်အတွင်း မိဘဆရာအသင်းစည်းဝေးကျင်းပခြင်းဖြင့် မိမိသည် ကျောင်းသား၊ ကျောင်းသူများ၏ မိသားစုများကို ပိုမိုကောင်းမွန်သောနားလည်မှုတစ်ခုကို ဖြစ်လာစေပြီး ကျောင်းလုပ်ငန်းများကို စေတနာ့ဝန်ထမ်းကူညီရန် မိဘများပိုမိုလာစေပါသလား' ဟူ၍ဖြစ်သည်။

နောက်ဆုံးတွင်အပြုသဘောဆောင်သော လုပ်ငန်းများနှင့်သင်၏ကျောင်း၊ ရပ်ရွာလူထုအဖွဲ့အစည်းတို့ကြား ဆက်နွယ်မှုများကို ပြန်လည်သုံးသပ်ပါ။ ထို့နောက် ၎င်းလုပ်ငန်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ရွေးထုတ်ပါ။ သာဓက–ကျောင်း၏စုံညီပွဲတော်ကို တစ်နှစ်တွင်တစ်ကြိမ်သာကျင်းပခြင်းထက် စာသင်နှစ်၏အစနှင့်အဆုံးတို့တွင် ကျင်းပခြင်း၊ စုံညီပွဲတော်ကိုနှစ်စတွင် ကျင်းပလျှင် ကလေးများ မည်သည်တို့ကို သင်ယူရမည်၊ မိဘများကမည်သို့ကူညီနိုင်မည်ကို တွက်ချင့်သိရှိနိုင်သည်။ တစ်ဖန် ကျောင်း စာသင်နှစ်ပြီးဆုံးချိန်တွင်ဆိုလျှင် ကလေးများ၏ လုပ်ဆောင်မှုများကို ခင်းကျင်းပြသနိုင်ပြီး အတူတကွ လုပ်ကိုင်ဆောင်ရွက်ခြင်းမှ ကလေးတစ်ဦးစီတိုင်း၏ အောင်မြင်မှုများနှင့် လူတိုင်းအကျုံးဝင်သင်ယူ ပျော်ဝန်းကျင်တစ်ခုဖန်တီး တည်ထောင်မှုကို ပွဲလမ်းအခမ်းအနားကျင်းပနိုင်ပါသည်။

## လက်စွဲ (၂.၂)



## မိသားစုများနှင့် လူ့အဖွဲ့အစည်းတို့တွင် လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်နှင့် စပြီးစည်းရုံး လှုံ့ဆော်ခြင်း

ပညာရေးဆိုင်ရာညှိနှိုင်းလုပ်ရှားဆောင်ရွက်မှုများသည် ထိရောက်ပြီး အကျိုးရှိရန် ဖြစ်ပါသည်။ ရပ်ရွာလူထုအဖွဲ့အစည်းသည် အပြည့်အဝထောက်ကူပံ့ပိုးပြီး တက်ကြွစွာလည်း ပါဝင်ရမည်ဖြစ်သည်။ ရပ်ရွာလူထုအဖွဲ့အစည်းအနေဖြင့် ထိုသို့တက်ကြွစွာပါဝင်နိုင်ရေး အတွက် ၄င်းတို့ကိုဆက်သွယ်မှုပြုရန်၊ သတင်းအချက်အလက်များပေးရန်နှင့် ပါဝင်လှုပ်ရှား ဆောင်ရွက်လာဖို့ လှုံ့ဆော်မှုပြုရန်လိုအပ်ပါသည်။

## မိသားစုဝင်များနှင့် ရပ်ရွာလူထုအဖွဲ့အစည်းတို့ကိုဆက်သွယ်ထိတွေ့မှု

မိမိတို့ဆရာများအနေဖြင့်တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများမှအရေးကြီးဆုံးတစ်ခုမှာ မိသားစုဝင် များနှင့်အခြားရပ်ရွာလူထုအဖွဲ့အစည်းဝင်များကို ဆက်သွယ်ရေးလမ်းကြောင်းများ ဖွင့်ပေးရန်ဖြစ်သည်။ မိဘများနှင့်အခြားမိသားစုဝင်များကကျောင်းနှင့် ပညာရေးတွင် စိတ်ဝင်တစားပါဝင်လာသောအခါ ကလေးများ၏ သင်ယူမှုသည်ပိုမိုတိုးတက်လာသည်။ မိဘ များကိုသားသမီးများ၏သင်ယူမှုတွင် ပါဝင်လာစေသောအခါ စာသင်ခန်းတွင် သင်ယူမှု အတွက် စွမ်းရည်ကို ပိုမိုမြင့်မားလာစေပါသည်။ ထို့အပြင်မိမိတို့၏ သင်ကြားပေးမှုတွင် နည်းလမ်းအမျိုးမျိုးဖြင့် ထောက်ကူမှုကိုတီထွင်ဖန်တီးနိုင်လာသည်။ ကလေးများ၏မိသားစု များနှင့်ဆက်သွယ်ခြင်း၊ အရေးပါသောရပ်ရွာလူထုအဖွဲ့အစည်းဝင်များနှင့် ဆက်သွယ် မှုပြုခြင်းတို့သည် လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်များကို ဖန်တီးတည်ထောင်ရာတွင် အဓိကအရေးပါ အရာရောက်သည်မှာကြောင်းကျိုးဆီလျော်လှပါသည်။[2]


မိသားစုများနှင့်စတင်ဆက်သွယ်ရန် ထိရောက်သော နည်းလမ်းများအများအပြားရှိပါ သည်။ စာရင်းတစ်ခုကိုအောက်တွင်ဖော်ပြပါသည်။ ထိုနည်းလမ်းအချို့မှ သင်အကြိုက်ဆုံးနှင့် အဆင်ပြေဆုံး နည်းတစ်နည်းကိုကြိုးစားကျင့်သုံးကြည့်ပါ။ ပြီးလျှင် အခြားနည်းများကိုလည်း ဆက်လက်ကြိုးစားကြည့်ပါ။

---

[2] This section and activity were adapted from The Multigrade Teacher's Handbook (1994) Bureau of Elementary Education, Department of Education, Culture and Sports in cooperation with UNICEF Philippines, and UNICEF at http://www.unicef.org/ teachers/ environment/ families.htm.

- မိသားစုများ၊ ရပ်ရွာလူထုအဖွဲ့အစည်းများဖြင့် အစည်းအဝေးများကျင်းပပြီး ကိုယ်တိုင်မိတ်ဆက်ပါ။ သင်၏ သင်ကြားမှုနှင့်ကလေးများ၏သင်ယူမှုအတွက် သင့်ရည်မှန်းချက်များကိုပြောပြပါ။ အကျုံးဝင်သင်ယူပျော်စာသင်ခန်းများ အခွင့်အလမ်းခက်ဖြာမှု တန်ဖိုးအကြောင်းကိုရှင်းပြပါ။ သင့်စာသင်ခန်း၏ ကျောင်းလှုပ်ရှားမှုလုပ်ငန်းများအတွက် မည်သည့်နည်းလမ်းများတွင် မိသားစုဝင်များ ပူးပေါင်းပါဝင်နိုင်မည်ကို ဆွေးနွေးပါ။
- ကလေးများ၏သင်ယူမှုကို အကဲဖြတ်စစ်ဆေးသိရှိနိုင်ရန် မိဘများနှင့် တစ်နှစ်လျှင် တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ် အလွတ်သဘောဆွေးနွေးခြင်းများကို ဇယားဆွဲထားပါ။ သူတို့ကိုကလေးများ၏ လုပ်ဆောင်မှုနမူနာများပြသပါ။ကလေးတစ်ဦးချင်း၏ ထူးချွန်မှုနှင့် တိုးတက်လာသောအောင်မြင်မှုများကိုထောက်ပြပါ။ ကြုံတွေ့နေရသော အခက်အခဲများကို ကျော်လွှားနိုင်ပါက ကလေးတစ်ဦးချင်းတို့သည် မည်သို့ မည်ပုံပိုမို ကောင်းမွန်စွာ သင်ယူနိုင်မည်ဖြစ်ကြောင်း ပြောပြပါ။
- သင့်ကလေးများ၏လုပ်ကိုင်ထားမှုများကိုသူတို့၏ မိဘများထံပို့ပြီး ကလေးများ မည်ကဲ့သို့ကောင်းစွာလုပ်ကိုင်နိုင်သည်ကိုပြသပါ။ ကလေးများ၏ ဆောင်ရွက်မှုများ အပေါ် ထင်မြင်ချက်များနှင့် နောက်ထပ် မည်သည့်အကြောင်းအရာများ ဆက်လက် သင်ယူသင့်သည်ဟူသော ယူဆချက်များ၊ သဘောထားများကို တောင်းဆိုပါ။
- အိမ်တွင်ကလေးများဘာတွေသင်ယူတတ်မြောက်ခဲ့သည်ကို ပြောရန် တိုက်တွန်းပြီး ရရှိလာသောအချက်အလက်များကို သင်၏သင်ခန်းစာတွင် ထည့်သွင်းအသုံးပြုပါ။ ထို့အတူကလေးများသည် စာသင်ခန်း၌ ဘာတွေဘယ်လိုသင်ယူကြောင်း၊ ၄င်းတို့ အိမ်မှာနေသည့်ဘဝနှင့် မည်သို့ဆက်နွယ်နေကြောင်း မိဘများနှင့်ဆွေးနွေးပါ။ တစ်နည်းအားဖြင့် ကလေးများစာသင်ခန်းမှရရှိခဲ့သည့် ပညာဗဟုသုတများသည် ၄င်းတို့၏ အိမ်တွင် မည်သို့မည်ပုံအသုံးပြုနိုင်ကြောင်း (သို့မဟုတ်) အသုံးဝင်ကြောင်း ပြသပါ။
- ရပ်ရွာလူထုအတွင်း ကွင်းဆင်းလေ့လာရန် ဆောင်ရွက်ပေးပါ။ မိဘ၊ဘိုးဘွားများကို ၄င်းတို့၏ ကလေးဘဝရပ်ရွာတွင်နေထိုင်ခဲ့ကြပုံများကို မေးမြန်းစေပြီးလျှင် ထိုအကြောင်းအရာများကို 'အတိတ်ကာလ ရပ်ရွာလူမှုဘဝ'ဟူ၍ ဝတ္ထုဇာတ်ကြောင်း (သို့မဟုတ်) စာစီစာကုံးရေးသားခိုင်းပါ။

❖ မိသားစုဝင်များကိုစာသင်ခန်းဆိုင်ရာ လုပ်ငန်းများတွင်ပါဝင်လာစေရန် တိုက်တွန်းအားပေးပြီးရပ်ရွာဒေသခံ ကျွမ်းကျင်သူများအား ၄င်းတို့၏အသိပညာ ဗဟုသုတများကို ကျောင်းသား ကျောင်းသူများသို့ မျှဝေပေးရန် ဖိတ်ကြားပါ။



## ဆောင်ရွက်ရန်လုပ်ငန်း။ ။မိသားစုများနှင့်ရပ်ရွာလူထုအဖွဲ့အစည်းများကိုဆက်သွယ်ခြင်း

ကလေး၏မိသားစုဝင်များ၊ ရပ်ရွာလူထုအဖွဲ့အစည်းများနှင့် လောလောဆယ် လက်ရှိပါဝင်ဆောင်ရွက်နေသည့်နည်းလမ်းများကို အကျဉ်းရုံးဖြင့်သာစတင်ဆောင်ရွက်ပါသည်။ သင်သူတို့နှင့်ပထမဆုံးမည်သို့ဆက်သွယ်ခဲ့သနည်း။ ကလေးများ၏သင်ယူမှုတွင် မည်သည့်အတိုင်းအတာအထိ ၄င်းတို့ပါဝင်ခဲ့သနည်း။

အထက်တွင်ဖော်ပြခဲ့ပြီးသောရပ်ရွာအဖွဲ့အစည်းများနှင့်ဆက်သွယ်သည့်နည်းလမ်းအသွယ်သွယ်ကို ပြန်လည်လေ့လာကြည့်ရှုပါ။ အောက်ပါကဏ္ဍတစ်ခုစီ၏အောက်တွင် ဖော်ပြသည့်နည်းအမျိုးမျိုးမှနှစ်နည်း (သို့မဟုတ်) သုံးနည်းနှင့်အထက်ကိုရေးချပါ။ ထို့နောက် တစ်ခုစီ၌ မှတ်ချက်ရေးပါ။

❖ ကြိုတင်ပြင်ဆင်သင့်သောပစ္စည်းများ(အကယ်၍ရှိခဲ့လျှင်)

❖ ကလေး၏မိသားစုဝင်များ (သို့မဟုတ်) ရပ်ရွာလူထုအဖွဲ့အစည်းဝင်များနှင့်ဆက်သွယ်မည့်နည်းလမ်းများနှင့်

❖ လှုပ်ရှားဆောင်ရွက်မည့်လုပ်ငန်းများအတွက် ခန့်မှန်းနေ့ရက်နှင့်အချိန်၊ အခါကြီးရက်ကြီးကဲ့သို့ အခြားစပ်ဆိုင်သည့်နေ့ရက်များ။

ထို့နောက်ရေးသားရလာသော ချိတ်ဆက်နိုင်မည့်လမ်းကြောင်းအမျိုးမျိုးကို ဆုံးဖြတ်ပါ။ သာဓက–စာသင်နှစ်၏အစ၌စုံညီအစည်းအဝေးတစ်ရပ်ကို ကျင်းပလိုကောင်းကျင်းပချင်မည်။ သို့မဟုတ် စာသင်နှစ်အတွင်းမှာလည်း ဖြစ်ချင်ဖြစ်မည်။ ဤအစည်းအဝေးတွင် ကလေးမိသားစုဝင်များကို စာသင်ခန်းအတွက် အထောက်အကူပြုသူများအဖြစ်အဖွဲ့ဝင်သစ်အနေဖြင့် ပါဝင်ရန်တိုက်တွန်းနိုင်သည် သို့မဟုတ် ဖွဲ့စည်းနိုင်သည်။ ဒေသရပ်ရွာအဖွဲ့အစည်းများက စေတနာ့ဝန်ထမ်းကျွမ်းကျင်သူများကို ကလေးများ အတွက်အထူးဟောပြောပို့ချ ချက်များပေးဖို့တောင်းဆိုနိုင်ပါသည်။

သင်၏ပြက္ခဒိန် သို့မဟုတ် နေ့စဉ်မှတ်တမ်းစာအုပ်တွင်လှုပ်ရှားမှုစတင်သည့်ရက်များကိုရေးမှတ်ပါ။ သင့်လျော်သည့်အချိန်နှင့် အကြောင်းအရာများကိုရေးမှတ်ခြင်းဖြင့် ရိုးရှင်းသည့် **' မိသားစုများနှင့် ရပ်ရွာလူထုအဖွဲ့အစည်းတို့ ပူးပေါင်းပါဝင်သော အစီအစဉ် '** တစ်ခု ရေးဆွဲဖန်တီးနိုင်ပါသည်။

## ပုံမှန်ဆက်သွယ်ရေးထူထောင်ထားရှိခြင်း

## ကလေးများ၏တိုးတက်မှုကို မိဘများသို့အသိပေးခြင်း

လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခုရှိဆရာများအနေဖြင့် ကလေးများ၏ အကြောင်းကို မိဘများထံသို့ပုံမှန်အသိပေးပို့ရန်လိုအပ်ပါသည်။ မိဘများနေထိုင်ရာအိမ်သို့သွားရောက်လည်ပတ်ခြင်း၊ ကလေးများမှတစ်ဆင့်သူတို့၏ တိုးတက်မှုမှတ်တမ်းများကို အိမ်သို့ပေးပို့ခြင်း သို့မဟုတ် မိဘများကို ကျောင်းသို့ဖိတ်ခေါ်၍ကလေးများ၏ တိုးတက်မှုကိုအသိပေးနိုင်ပါသည်။ထို့အတူပင်ကလေးမိဘများအားလုံးနှင့် ရပ်ရွာလူထုအဖွဲ့အစည်းဝင်များအတွက် ရင်းရင်းနှီးနှီးဖွင့်ဟပြောဆိုနိုင်သည့် ဆွေးနွေးပွဲစကားဝိုင်းတစ်ခုကို ကျောင်းတွင်ဖန်တီးထားရန်လိုအပ်ပါသည်။

မိဘများ၊ အုပ်ထိန်းသူများနှင့်တွေ့ဆုံခြင်းကို ကျောင်းစာသင်နှစ်စတွင် စောစီးစွာကျင်းပပြုလုပ်ရန် အရေးကြီးပါသည်။ သို့မှသာကလေးတို့၏သင်ယူရေးအတွက် ဆက်သွယ်မှုနှင့် ပေါင်းစပ်ဆောင်ရွက် လုပ်ကိုင်မှုတို့ကို ဆရာများနှင့်မိဘများ ပျိုးထောင်နိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ ဆရာများကမိဘများ၏နေအိမ်သို့ အလည်သွားခြင်းနှင့် မိဘများအား ကျောင်းသို့ ဖိတ်ခေါ်ခြင်းကိုမိဘများအနေဖြင့် သူတို့၏ကလေးကို အပြစ်ဒဏ်ပေးခံရသောအခါမှပြုလုပ်သည်ဟု နားလည်လက်ခံထားမှုရှိနေခြင်းကြောင့် သင်၏လည်ပတ်မှုနှင့် ဖိတ်ခေါ်မှုသည် နားလည်ထားမှုနှင့် ခြားနားကြောင်း၊ မတူညီကြောင်း ကနဦးကပင်သေချာစွာရှင်းပြထားရန် လိုအပ်ပါသည်။ မိမိသည်ကလေးများ အကြောင်းကိုလည်း မိဘများထံသို့ သိလို၍သာဖြစ်ကြောင်း၊ ထိုသို့ပြုလုပ်ခြင်းဖြင့်ကလေးများကို သင်ကြားရာတွင်ပို၍ထိရောက်စွာ သင်နိုင်မှာဖြစ်ကြောင်းပြောပြပါ။ ကလေးများ၏ တတ်ကျွမ်းလာမှုများကိုအသိပေးလိုခြင်းဖြစ်ကြောင်းသာဖြစ်ပြီး၊ ဤသို့ဖြင့် မိဘများသည်လည်းမိမိတို့၏ ကလေးများကျောင်းမှသင်ယူလာသည်များကို အိမ်တွင်အားဖြည့်ပေးနိုင်မည်ဖြစ်ကြောင်းလည်း ရှင်းပြထားရပါမည်။

**ဆရာနှင့် ကလေးများ၏နေအိမ်ဆက်သွယ်မှု**

ထိုင်းနိုင်ငံရှိကလေးပျော်ကျောင်းများတွင် အကဲဖြတ်ဆန်းစစ်ချက်ပုံစံ၌ ကျွန်ုပ်တို့ကျောင်းအတွက်ဘာအရေးကြီးဆုံးလဲ၊ ဘာကြောင့်ပါလဲဟူသော မေးခွန်းကိုမေးထားသည်ကို မိဘများနှင့် ရပ်ရွာလူထုအဖွဲ့အစည်းဝင်များက ဖြေဆိုကြရပါသည်။ ထိုမေးခွန်း၏အဖြေများအနက် မြင့်မားသည့် ဦးစားပေးအချက်တစ်ချက်မှာ ဆရာနှင့် ကလေးများ၏အိမ်ဆက်သွယ်မှုပင်ဖြစ်သည်။ ကလေးများ၏ အပြုအမူနှင့်သင်ယူမှုကို ဆွေးနွေးတိုင်ပင်ရန် ဆရာများနှင့် ကလေးအားလုံး၏မိဘများသည် သတ်မှတ်စာသင်ကာလတစ်ခုစီတိုင်းတွင် တွေ့ဆုံသင့်ပါသည်ဟူ၍ ဦးစားပေးဖြေဆိုထားသည်ကိုတွေ့ရသည်။ ဤတွေ့ဆုံမှုသည်အရေးပါရသည့်မှာ ကျောင်းကော်မတီအဖွဲ့ဝင်များ၊ အရေးပါသော ရပ်ရွာလူထုအဖွဲ့အစည်းဝင်များနှင့် ကျောင်းအကြားတွင်ပြဿနာများကို ဖြေရှင်းနိုင်သည့် ဦးတည်ချက်လမ်းကြောင်းကို ညွှန်ပြနိုင်ခြင်းပင်ဖြစ်သည်။ ယင်းသည်ကျောင်းမှ ရပ်ရွာအဖွဲ့အစည်းသို့ သတင်းပေးခြင်း၊ ဆက်သွယ်ခြင်းကို တိုးပွားစေပြီး မိဘများနှင့် ဆရာများ အကြားနားလည်မှုကိုလည်း ရရှိစေပါသည်။

*Hopkins J and Chaimuangdee K (2000) School Self. Assesment: Participatory Leaening and Action for Child Friendly Schools. Chiang Mai, Thailand; The life skills Development Foundation, in With the UNICEF office for Thailand, Bangkok.*

ကလေးများ၏သင်ယူမှုတိုးတက်သည်ကို မိဘများထံ သို့ပုံမှန်အသိပေးသတင်းပို့ရန်သည်အရေးကြီးပါသည်။ ဆိုလိုသည်မှာအကဲဖြတ်စစ်ဆေးနည်းများအသုံးပြုခြင်းသည် ဆရာနှင့် ကျောင်းသားများ၊မိဘများ၊ဆရာများအား ကလေးတစ်ယောက်၏စာပေ၊ဘာသာ၊သင်္ချာ၊ဘဝတွက်တာကျွမ်းကျင်စရာနှင့်အခြားဘာသာရပ်များတွင် တိုးတက်ကျွမ်းကျင်မှုကို သိနိုင်စေပါသည်။ ကလေးများမည်သည်ကိုကောင်းစွာသင်ယူပြီးကြောင်းနှင့် မည်သည့်တို့ကိုသင်ယူရန်လိုအပ်နေသေးကြောင်းကို မိဘများသိရှိရန်လိုအပ်ပါသည်။ စာမတတ်သူမိဘများအတွက် အရောင်ခြယ်ကားချပ်များကို တီထွင်၍ အသုံးပြုခြင်းသည် နည်းလမ်းများအနက် ထိရောက်သောဆောင်ရွက်နည်း တစ်နည်းဖြစ်ပါသည်။ သာဓက–တစ်ဖက်ဖော်ပြပါကားချပ် ဇယား(၁)တွင်အရောင်တစ်ရောင်သည်ဂရိတ်(၃)အဆင့်သင်္ချာအတွက်လိုအပ်သောကျွမ်းကျင်မှုနှင့် ညီမျှပါသည်။

## ဂရိတ်(၃)အဆင့်သင်္ချာအတွက်မာတိကာနှင့် လုပ်ငန်းပြအရောင်ခြယ်ကားချပ်


| အဆင့် | (၁၀)အနက် (၈)မှန်ပါက နောက်တစ်ဆင့်သို့တက်ရန် |
|---|---|
| အနီ | ❖ ငွေကြေးတန်ဖိုး(၁.၀၀ ကျပ်အထိ)ကိန်းရေးခြင်း<br>❖ နှုတ်ခြင်း – ဂဏန်း ၁ လုံးပါခုကိန်းများနှုတ်ခြင်း<br>❖ ပေါင်းခြင်း – ဂဏန်း ၁ လုံးပါခုကိန်းနှင့် ၂ လုံးပါဆယ်ကိန်းများပေါင်းခြင်း |
| လိမ္မော် | ❖ စိတ်တွက်(ပေါင်းခြင်း၊ နှုတ်ခြင်း)<br>❖ အစား – (ဂဏန်း ၁ လုံးပါခုကိန်းများ)<br>❖ သင်္ချာပုစ္ဆာများဖတ်ခြင်း |
| အဝါ | ❖ မြှောက်ခြင်း<br>❖ ဂဏန်း ၂ လုံးပါဆယ်ကိန်းများ နှုတ်ခြင်း၊ ပေါင်းခြင်း<br>❖ တိုင်းတာခြင်း(အကွာအဝေး၊ ထုထည်) |
| အစိမ်း | ❖ ၇၀၀ အထိကိန်းများကိုတွက်ခြင်း<br>❖ ပြန်လည်အုပ်စုဖွဲ့ခြင်းဖြင့် ပေါင်းခြင်း၊ နှုတ်ခြင်း<br>❖ ဂဏန်း ၃ လုံးပါရာကိန်းနှင့် ဂဏန်း ၂ လုံးပါဆယ်ကိန်းများနှုတ်ခြင်း<br>❖ ဂဏန်း ၃ လုံးပါရာကိန်းများကို ဖော်ပြခြင်း |
| အပြာ | ❖ မြှောက်ခြင်း–ဂဏန်း ၂ လုံးပါဆယ်ကိန်းနှင့်ဂဏန်း ၁ လုံးပါခုကိန်းများ<br>❖ စားခြင်း – ဂဏန်း ၂ လုံးပါဆယ်ကိန်းနှင့်ဂဏန်း ၁ လုံးပါခုကိန်းများ<br>❖ စာဖြင့်ပေးထားသောပုစ္ဆာများဖတ်ခြင်း |
| ခရမ်း | ❖ မြှောက်ခြင်း – ဂဏန်း ၂ လုံးပါဆယ်ကိန်းနှင့် ဂဏန်း ၁ လုံးပါခုကိန်းများ<br>❖ တိုင်းတာခြင်း(အကွာအဝေး၊ အရည်များ)<br>❖ စာဖြင့်ပေးထားသောပုစ္ဆာများဖတ်ခြင်း |

*Adapted from duPlessis J. (2003)Rainbow Charts and C-O-C-O-N-U-T-S: Teacher Development for Continuous Assessment in Malawi Classrooms. Washington, DC: American Institutes for Research.*

ကားချပ်(၁)အရောင်ခြယ်ထားသော သက်တန့်ကားချပ်များကိုအသုံးပြုခြင်း သည်ကလေးများ၏ တိုးတက်မှုကိုဖော်ပြရန်ဖြစ်ပြီး ကလေးများ၏သင်ယူမှုကို ဆရာ၊ ကျောင်းသား၊ မိဘများ ပူးပေါင်းကြီးကြပ်မှုကို သေချာစေသည်။

သက်တန့်ကားချပ်(၂)တွင် ကလေးတစ်ဦးစီ၌ မိမိ၏အမည်ပါရှိသော အပြုံးမျက်နှာ အမှတ်အသားတစ်ခုစီ ရှိပါသည်။ ၄င်းအမှတ်အသားကလေးများကို ကလေးတို့၏ ကျွမ်းကျင်မှု၊ တိုးတက်မှုအရ အရောင်ခြယ်ကားချပ်တွင် ဖော်ပြသည်။ ကလေးတို့၏ အမှတ်အသားလေး များကို ၄င်း၏စွမ်းရည်နှင့်ကိုက်ညီသည့်အဆင့်သို့ ရွှေ့ပြောင်းပေးရသည်။ အကယ်၍ ကလေးတစ်ဦး၏အမှတ်အသားသည် အဆင့်တစ်ခုတွင် အချိန်ကြာမြင့်စွာရှိနေပါက နောက်တစ်ဆင့်သို့ ကူးပြောင်းရန် ကလေးအတွက်လိုအပ်သည့် သင်ယူမှုကို ပေးနိုင်ရန် နည်းလမ်းများကို ဆရာက ရှာဖွေနိုင်မည်ဖြစ်ပါသည်။


**ကားချပ်(၂)ကျောင်းသား၊ ကျောင်းသူများ၏တိုးတက်မှုပြသက်တန့်ကားချပ်**




သက်တန့်ကားချပ်ကိုအသုံးပြု၍ ဖြစ်စေ၊ တတ်ကျွမ်းမှုစာရင်းတစ်ခု သို့မဟုတ် တိုးတက်မှု အစီရင်ခံစာ မှတ်တမ်းကတ်ပြားကိုအသုံးပြု၍ဖြစ်စေ၊ ကလေးအခြေအနေကိုအိမ်သို့ အသိပေးနိုင်ပါသည်။ကလေး၏တိုးတက်မှုကိုမိဘများသို့အသိပေးခြင်းသည် ကျောင်းနှင့် ကလေးများ၏အိမ် ဆက်သွယ်မှုထူထောင်ထားရှိခြင်းနှင့် အရည်သဖြင့်ဆက်သွယ်မှုပြုခြင်း တို့သည် အလွန်အရေးကြီးပါသည်။

## လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်အကြောင်းကို မိဘများသို့ အသိပညာပေးခြင်း

ကလေးများ၏သင်ယူမှုအကြောင်းကိုမိဘများ သို့မဟုတ် အုပ်ထိန်းသူများနှင့် ပြောဆိုဆွေးနွေးရာတွင် သင်၏စာသင်ခန်းနှင့်ကျောင်းသည် အကျုံးဝင်ပညာရေးနှင့် သင်ယူပျော်ဝန်းကျင် မည်သို့ဖြစ်လာပုံကိုရှင်းပြရန် အရေးကြီးပါသည်။ ကြိုးစားလုပ်ဆောင်နေမှုများကို ရှင်းပြရန်ကျောင်း၏ လက်ကမ်းစာစောင်များ သို့မဟုတ် သင်ဆောင်ရွက်နေမှုကို ရှင်းပြရာတွင် ထောက်ခံကူညီသည့် ကျောင်းအုပ်ကြီး၏ လက်မှတ်ထိုးထားသောစာတစ်စောင်ရှိထားရန် သင်လိုချင်မည်ဖြစ်သည်။ သင်ယူပျော်ဝန်းကျင်ဆိုသည်မှာဆရာများ၊မိဘများ၊ ရပ်ရွာလူထုအဖွဲ့အစည်းဝင်များဖြစ်ကြသည့် လူတိုင်းက ကလေးများပညာသင်ယူကြဖို့ ကူညီနေခြင်းသာဖြစ်ပြီး၊ ၎င်းတို့ကိုယ်တိုင်လည်း ကလေးများနှင့်အတူသင်ယူနေကြခြင်းသာဖြစ်ကြောင်း ရှင်းပြပါ။ မိဘများကို၎င်းတို့၏ ကလေးများလုပ်ဆောင်ထားမှုများ ပြသနိုင်ပြီး သင်ယူမှုဝန်းကျင်တွင်ကလေးများမည်သည်တို့ကို လုပ်ဆောင်နေကြသည်၊ ဤသို့လုပ်ဆောင်နေကြသည်မှာ ကလေးတို့၏ ညီအစ်ကိုမောင်နှမအရင်းများတက်ရောက်ခဲ့သော ကျောင်းများနှင့်မတူဘဲ၊ တစ်မူထူးခြားကြောင်း၊ ကလေးများကိုဗဟိုပြုပြီး သွက်လက်သော သင်ယူမှုဝန်းကျင်ဖြစ်ကြောင်းကို ပြသနိုင်ပါသည်။ ဤလက်စွဲပါပထမစာအုပ်ငယ်တွင် သိရှိခဲ့ကြရသည့်အတိုင်း လူတိုင်း'အကျုံးဝင်သည်'ဟူသော အဓိပ္ပာယ်ကိုသေချာစွာရှင်းပြရန်လိုပါသည်။ ထို့အတူ ကလေးများအားလုံးအတွက် အကျုံးဝင်ပညာရေးသည် အကျိုးသက်ရောက်မှုရှိလှကြောင်းကို ဖြစ်ရပ်လေ့လာမှု တချို့ကိုသာဓကအဖြစ် ပေးကာရှင်းပြနိုင်ပါသည်။



## ဆောင်ရွက်ရန်လုပ်ငန်း။ ။ 'အနှစ်သက်ဆုံးရွေးချယ်မှု' ကစားခြင်း

အပယ်ခံများကိုအကျုံးဝင်စေသည့်အခိပ္ပာယ်ကိုမိဘများနားလည်စေရန်၊ မိဘများနှင့်တွေ့ဆုံချိန်တွင် သင်ကရှင်းပြရန်လိုအပ်ပါသည်။ဤသို့ပြုလုပ်နိုင်ရန်အတွက် အနှစ်သက်ဆုံးရွေးချယ်မှု ကစားခြင်းနည်းသည် သင့်တော်သည့် အဖိုးတန်လှုပ်ရှားမှုတစ်ခုဖြစ်ပါသည်။

ဤကစားနည်းမှာ အင်္ကျီတွင်တိပ်သို့မဟုတ်ပင်အပ်ဖြင့် တွယ်ကပ်နိုင်သည့်အနီ၊ အပြာကဲ့သို့သောရောင်ကွဲရင်ထိုးတံဆိပ်များကိုပြုလုပ်ထားပါ။အခန်းတွင်းရှိလူတိုင်းကို ရင်ထိုးတစ်ခုစီပေးပါ။အမျိုးသား၊ အမျိုးသမီးတချို့ကို အနီရောင်ရင်ထိုးပေးပြီး ကျန်အမျိုးသား၊ အမျိုးသမီးတို့ကို အပြာရောင်ရင်ထိုးပေးပါ။ ဤလုပ်ငန်းတွင် တချို့သည် အခွင့်အရေးရသူများအဖြစ်လည်းကောင်း၊ တချို့သည်အပယ်ခံများအဖြစ်လည်းကောင်း ခံစား(ယူဆ)ရမည်ဖြစ်ကြောင်းကိုရှင်းပြပါ။

နီရောင်ရင်ထိုးရသူများကိုအခန်း၏နောက်ပိုင်းတွင် သို့မဟုတ် ဘေးတစ်ဖက်တွင်ထိုင်ပါစေ။ပြီးလျှင်အပြာရောင်ရင်ထိုးရသူများနှင့်သာ သင်ကစကားဝိုင်းဖွဲ့နေပါ။အနီရောင်အဖွဲ့ကိုလျစ်လျူရှုထားပါ။မကြာခဏဆိုသလို အနီရောင်အုပ်စုသို့ ရှုတည်တည်ခက်ထန်တင်းမာစွာကြည့်ပါ၊ လှုပ်ရှားခြင်း ပြုံးရယ်ခြင်းကိုရပ်တန့်ပြီး ငြိမ်ငြိမ် သက်သက်ထိုင်နေကြရန်လည်းပြောပါ၊ အပြာရောင်အဖွဲ့နှင့်သာ ငါးမိနစ်မှဆယ်မိနစ်ထိ ကြာအောင်ဖော်ရွေသောစကားဝိုင်းဖွဲ့ပါ။ ဆယ်မိနစ်အချိန်ကုန်ဆုံးသွားသောအခါရင်ထိုးများကိုဖြုတ်ပြီးအားလုံးအတူတကွပြန်၍ ရောနှောထိုင်ပါစေ။ ထို့နောက်အောက်ပါမေးခွန်းများကိုမေးပါ။

- ❖ အပြာရောင်ရင်ထိုးကိုရ၍မည်သို့ခံစားရသနည်း။ အကယ်၍အနီရောင်ရင်ထိုးကိုတပ်ဆင်ထားရစဉ်တွင် အပြာရောင်ရင်ထိုးကိုတပ်လိုပါသလား။ အပြာရောင်ရင်ထိုးကိုရရန် သင်တစ်စုံတစ်ရာပြုလုပ်နိုင်ခဲ့ပါသလား။ ဖယ်ထုတ်ခြင်းခံရသည်ဆိုသည်မှာအဘယ်နည်း။ ဖယ်ထုတ်ခြင်းကို ဘယ်သူပြုလုပ်ခဲ့ပါသနည်း။ မည်သူသည် အားအငယ်ဆုံးဖြစ်နိုင်သနည်း။

ရပ်ပိုင်းဆိုင်ရာမသန်စွမ်းသူမျိုးကဲ့သို့ အဖယ်ခံရသူတိုင်းသည် ထပ်မံဘေးဖယ်ခံနေရပြန်သည်ဆိုလျှင်အရှက်ရခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်ရခြင်းခံစားရမှုမှာ မသန်စွမ်းကလေးတစ်ဦးကိုထပ်ပြီးရရှိလိုက်သလိုငှင်းတို့သည် နှစ်ခါနှစ်ဆင့်ဖယ်ထုတ်ခြင်းခံရသူနှယ်ဖြစ်သည်ကို သတိပြုရန်လိုပါသည်။ သူတို့သည်အများအားဖြင့် လူမျိုးငယ်စုမှဖြစ်ကြပြီး ဆင်းရဲနွမ်းပါးသည့် မသန်စွမ်းကလေးများဖြစ်ကာ၊ အများသုံးအဓိကဘာသာစကားကိုလည်း မပြောဆို

မသုံးတတ်ကြချေ။ အထူးအားဖြင့်မိန်းကလေးများဖြစ်ကြသည်။ တစ်ချိန်တည်းတွင်ပင် အပယ်ခံလိုဖြစ်ရသည့်အကြောင်းမှာလည်းအမျိုးမျိုးရှိသည်။ (သာဓက–ဆင်းရဲခြင်း၊ အတန်းထဲတွင်အများသုံးအဓိကဘာသာစကားကို နားမလည်သည့် လူမျိုးငယ်စုမှ မသန်စွမ်း မိန်းကလေးဖြစ်နေခြင်းကဲ့သို့) အကြောင်းများဖြစ်သည်။ ထိုကလေးများသည် လူတိုင်း အကျုံးဝင် သင်ယူပျော်ဝန်းကျင်တွင် ပါဝင်လာစေရန်ကျွန်ုပ်တို့ ရှာဖွေကြရမည့်ကလေးများ ဖြစ်ကြပါသည်။

'အကျုံးဝင်ခြင်း'နှင့်'သင်ယူပျော်'ဟူသောဝေါဟာရ အဓိပ္ပာယ်သည် ဘာကိုဆိုလို ကြောင်း အထက်ဖော်ပြခဲ့သည့်သင်ခန်းစာများကိုအသုံးပြု၍ ပိုမိုနားလည်သဘောပေါက်စေရန် ရှင်းပြပါ။ ဆရာ၊ မိဘပေါင်းစပ်ဆောင်ရွက်မှုဖြင့် အကျုံးဝင်သင်ယူမှု အကျိုးကျေးဇူးများနှင့် အကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခု မည်ကဲ့သို့တည်ထောင်နိုင်မည်ကိုဆွေးနွေးပါ။

**အတွေးအဆ**–ဤကစားနည်းလှုပ်ရှားမှုသည် ကလေးများအားဖယ်ထုတ်ခြင်း ခံရသည့် 'အပယ်ခံ' ဟူသော ဝေါဟာရကိုနားလည်စေပြီး ဘဝနောက်ခံနှင့်စွမ်းရည် အမျိုးမျိုးကို တန်ဖိုးထားရန်အဘယ်ကြောင့် အရေးကြီးသည်ကို ကလေးများနားလည် သဘောပေါက်လာစေပါသည်။

## လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်အကြောင်းရပ်ရွာလူထုကိုအသိပညာပေးခြင်း

မိဘများနှင့် ပြောဆိုရာတွင် အချို့သောဆရာများသည်ကျောင်းအုပ်များ၊ ကျောင်း၏ လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်ဖော်ဆောင်ရေးအဖွဲ့ သို့မဟုတ် ပေါင်းစပ်ညှိနှိုင်းမှု ကော်မတီများနှင့် လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်တစ်ခုသည် ရပ်ရွာလူထုမှ အုပ်စုများ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်မှုဖြင့် တိုးတက်ဖွံ့ဖြိုးသည်ကို ထည့်ပြောနိုင်ပါသည်။ အကယ်၍ သင်ကိုယ်တိုင်သည် ထိုရပ်ရွာဒေသလူများ ထဲမှတစ်ဦးဖြစ်လျှင် လူတိုင်းအကျုံးဝင်သင်ယူပျော် ဝန်းကျင်ကို ရှင်းပြရန် အောက်ပါနည်းလမ်းအချို့ကို ရှင်းပြနိုင်ပါသည်။

၁။ **ပုံနှိပ်သတင်းအချက်အလက်များ–** ဖြန့်ဝေရန်ကျောင်းလက်ကမ်းစာစောင်များ၊ သတင်းလွှာများပုံနှိပ်ဖြန့်ဝေရန် ကြိုတင်ပြင်ဆင်ပါ။ ဒေသသတင်းစာဆရာများ ကို ကျောင်းသို့ဖိတ်ခေါ်၍ လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်အကြောင်း ဒေသသတင်းစာတွင်ရေးသား ဖော်ပြပေးရန်အားပေးတိုက်တွန်းပါ။ သတင်းစာ ဆရာများအား လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်ဖြစ်သည့်ကျောင်း၏

အကျိုးကျေးဇူးများကိုပြသပါ။ ကျောင်းသည် ကလေးများအားလုံးအတွက် အရည်အသွေးမီပညာရေးရရန် စီမံထားကြောင်း ကျောင်းစီမံချက်ကိုရှင်းပြပါ။

၂။ **ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ ပြည်သူအတွက်ပြန်ကြားချက်များ–**ကျောင်းများသည် ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့ကိုအသုံးပြု၍ ကလေးများအား ကျောင်းထားရန် လိုအပ်ကြောင်း မိဘများကိုကြေညာအသိပေးပါ။

၃။ **ရပ်ရွာလူထု(သို့မဟုတ်) အုပ်စုအစည်းအဝေးများ–**၁ ရက်မှ ၃ ရက်ထိ အချိန်ယူကျင်းပသည့်လုပ်ငန်းဆွေးနွေးပွဲများ သို့မဟုတ် သင်တန်းများပေးရန် စီစဉ်ပေးပါ။ ဤသင်တန်းများသည် လူသစ်များအထူးသဖြင့် ကျောင်းမနေရသေးသော ကလေးများ၏မိဘများကို ကျောင်းနှင့်မိတ်ဆက်ပေးရာတွင် အကူအညီရပါသည်။ ဤကဏ္ဍမှာကလေးအားလုံးကိုပညာသင်ကြားပေးရန်သည် ကျောင်း၏လုပ်ငန်းတာဝန်ဖြစ်ပြီး ကျောင်းတွင်ပူးပေါင်းပါဝင်ကြလျက် သွက်လက်သောသင်ယူမှုဝန်းကျင်ဖြစ်နေကြောင်းကို ရှင်းပြနိုင်ပါသည်။ ထိုပွဲများတွင် မိဘများပြောသည်ကိုနားထောင်ရန်နှင့်၊ မေးမြန်းသည်ကို ဖြေကြား ရန် အရေးကြီးပြီးသင့်ကျောင်း၏ပညာရေး အရည်အသွေးတိုးတက်စေမည့် စိတ်ကူးအကြံဉာဏ်များကိုလည်းရစေပါသည်။

၄။ **လူမှုရေးလုပ်ငန်းများတွင်ပါဝင်ပါ–**လူမှုရေးလုပ်ငန်းများပါဝင်ခြင်းမှာ သင်၏ကျောင်းကို အကျုံးဝင်မှုပို၍ ဖြစ်လာစေပါသည်။ ထိုလူမှုရေးလုပ်ငန်းများ၌ အဆက်မပြတ်ထိတွေ့ဆက်ဆံမှုသည် သင်၏အရေးကြီးသော နည်းဗျူဟာများထဲမှ တစ်ခုပင်ဖြစ်သည်။ ၄င်းတို့သည် အရေးပါသောအထောက်အကူ အရင်းအမြစ်များကို စီမံပေးနိုင်ပြီး၊ ကလေးများ၏အခွင့်အလမ်းကို ကာကွယ်စောင့်ရှောက်ရန် ကူညီပါသည်။

၅။ **အခြားကျောင်းများနှင့် ကွန်ရက်ချိတ်ဆက်ခြင်း–**အချို့နိုင်ငံများတွင် ပိုမိုအကျုံးဝင်လာကြစေရန် အနည်းဆုံးကျောင်းသုံးကျောင်းသည် တစ်ကျောင်းနှင့်တစ်ကျောင်းအပြန်အလှန်ပံ့ပိုးပေးခြင်းဖြင့် အတူတကွ အလုပ်လုပ်ကြသည်။

ဆရာတို့သည်၎င်းတို့အသုံးပြုသော ရပ်ရွာလူထုအဖွဲ့အစည်းများကို စာသင်ခန်းတွင်ပါဝင်လာစေသည့်နည်းလမ်းများ (သို့မဟုတ်) သင်ကြားနည်းသစ်များအတွက် အကြံဉာဏ်များမျှဝေပေးကြသည်။ ဆရာများ၏ အသိပညာခေတ်မီရန် ကျောင်းတွင်လုပ်ငန်းဆွေးနွေးပွဲများကျင်းပပေးကြသည်။ ၎င်းတို့သည်ကလေးများ အားလုံးကျောင်းသို့ ရောက်ရန် ရပ်ရွာလူထုအဖွဲ့အစည်းကို စည်းရုံးသည်။ ကျောင်းနေရန်ရပ်ရွာဒေသလူ့အဖွဲ့အစည်း အတွင်းလက်တွဲစည်းရုံး ဆောင်ရွက်ကြသည်။ ကလေးများရပ်ရွာဒေသတွင် လေ့လာသင်ယူရန် အတွက် ကွင်းဆင်းလေ့လာရေးခရီးများကိုလည်း ပူးပေါင်းဆောင်ရွက်ပေးကြသဖြင့် ကလေးများသည် ကိုယ့်ဒေသရပ်ရွာလူ့အဖွဲ့ အစည်းအတွင်းမှာပင်ပို၍ သင်ယူနိုင်လာကြသည်။

## လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခုအတွက် လှုံ့ဆော်ပေးသည့်ပံ့ပိုးမှုများ

## မိဘများသည်ရှေ့ဆောင်သူများ

ရပ်ရွာဒေသအဖွဲ့အစည်းအချို့တွင် မိဘများသည် ၎င်းတို့ကိုယ်တိုင် ဆရာများ၊ ကျောင်းအုပ်များထက် ကျောင်းအဆင့်၌အကျုံးဝင် သင်ယူပျော်ဝန်းကျင် အတွက်ရှေ့ဆောင်သူများဖြစ်ကြသည်။ သာဓက–ပါပူဝါနယူးဂီနီ၏မြောက်ပိုင်းခရိုင်တွင် မိဘများက ၎င်းတို့၏ကလေးများကိုသူတို့၏ တိုင်းရင်းသားဘာသာစကားဖြင့် ကျောင်းတွင် သင်ကြားပေးရန် တောင်းဆိုကြသည်။ ဒေသအာဏာပိုင်များကတက္ကသိုလ်/ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်တွဲဖက်၍ ကလေးများ၏ မူလဘာသာစကားကိုသုံးကြစေရန် ကုန်ကျစရိတ် သက်သာသောပညာရေးကိုစီမံပေးကြသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကျေးရွာတိုးတက်ရေးကော်မတီကျောင်းများတွင်မူ ကျောင်းစရိတ်ကြီးမြင့်မှု၊ကျောင်းတည်နေရာဝေးကွာမှုတို့ကြောင့် ကျောင်းပြင်ပရောက်နေသော သား၊ သမီးများအခြေခံပညာရရှိရေးကိုမိခင်များက တောင်းဆိုခဲ့ကြသည်။

**အပြောင်းအလဲကိုလက်မခံလိုသူမိဘများ–**အခြားရပ်ရွာဒေသလူ့အဖွဲ့အစည်းများတွင် မိဘများသည် အပြောင်းအလဲကို လက်မခံလိုကြပေ။ လူ့အဖွဲ့အစည်းအချို့၏ လူကုံထံမိဘများသည် ၎င်းတို့၏ သားသမီးများနှင့်အခြားမတူသောကလေးများ

တစ်ကျောင်းတည်းတွင်ပညာသင်စေခြင်းကို မလိုလားကြချေ။ ဤလူများကို ရည်ရွယ်ဦးတည်ကာ အောက်ပါရှေ့ဆောင်ရှေ့ရွက် ဟောပြောမှုများပြုသင့်ပါသည်။

**အပြောင်းအလဲတွင်လိုလားသူ မိဘများ**–အခြားရပ်ရွာအဖွဲ့အစည်းတွင် လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်တစ်ခု အကြောင်းမေးလာ၍ ရှင်းပြလျှင် မိဘများသည် ကျောင်းလုပ်ငန်းတွင် အလွန်စိတ်ဝင်စားစွာဖြင့် လိုလားပါဝင်လာတတ်ကြပါသည်။ အကယ်၍ မိဘများသည် သမားရိုးကျအတိုင်းပင် ၎င်းတို့၏ ကလေးများပညာရေးတွင် ပါဝင်မှုမရှိခဲ့လျှင် သူတို့ကိုဖိတ်ကြားပြီး ဆွေးထွေးလိုက်လှဲစွာကြိုဆိုရန်နှင့် ထပ်မံဖိတ်မန္တကပြုရန်လိုအပ်ပါသည်။

## ရှေ့ဆောင်ရှေ့ရွက်ပြုနည်းဗျူဟာများ

ပညာရေးတွင် ရှေ့ဆောင်စည်းရုံးမှု ပြုရန်လိုသည်။ ပြည်သူအများအတွင်း အတွေးအဆများသိရှိပျံ့နှံ့ရမည်။ အောင်မြင်စေသည့်ပံ့ပိုးမှုများရရှိရပါမည်။ သင့်သတင်းစကားများကို အခြားသူများသို့ပါးပါ။ မိဘများနှင့် ရပ်ရွာလူ့အဖွဲ့အစည်းဝင်များသည် လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်အတွက် အခြားသူများသို့ ရှေ့ဆောင်ရှေ့ရွက်ပြုသူများမည်သို့ ဖြစ်လာနိုင်သနည်း။

၁။ **သင်၏လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင် ကျောင်းအကြောင်းကို အခြားသူများအား ပြောပြရန် မိဘများကိုတိုက်တွန်းအားပေးပါ။**

ရှေ့ဆောင်ရှေ့ရွက်ပြုကြသည့်မိဘများသည် လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင် အကြောင်းသင်ရှင်းပြစဉ်ကအသုံးပြုခဲ့သည့် လက်ကမ်းစာစောင်များ၊ သတင်းလွှာများ၊ ကလေးများ၏လုပ်ဆောင်ချက်များစသည့် သတင်းအချက်အလက်များအတိုင်း အသုံးပြုလိုကောင်းပြုလိုကြပါမည်။ သူတို့၏ကိုယ်ပိုင်အတွေ့အကြုံနှင့် အခြားသူများ၏အတွေ့အကြုံများအရ ကျောင်းနှင့်စာသင်ခန်းရှိ ခက်ဖြာပညာရေး၏တန်ဖိုး အသုံးဝင်မှုကိုရှင်းပြရာ၌လည်းကောင်း၊ လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်ကျောင်းတွင် အရည်အသွေးမီပညာရေးသည် ပထမဖြစ်သည်ကို သက်ဝင်ယုံကြည်မှုရှိစေရာ၌လည်းကောင်း၊ အပြောင်းအလဲကို မထောက်ခံသူတို့အား အထူးတလည် ထိရောက်အကျိုးရှိစွာ ဆွေးနွေးနိုင်သူများ ဖြစ်ကြပါသည်။

၂။ **မိရိုးဖလာထုံးတမ်းစဉ်လာအရဖယ်ထုတ်ခြင်းခံရသည့် ကလေးများအား ကူညီရန်အတွက် မိဘများကို စာသင်ခန်းတွင်ပါဝင်စေခြင်း။** မိဘများသည်ကျောင်းနှင့်စာသင်ခန်းတို့ကကြိုဆိုသည်ဟုထင်မြင်လာပါက စေတနာ့ဝန်ထမ်း ကူညီလုပ်အားပေးကြရန်ကျောင်းသို့မကြာခဏရောက်လာကြပေမည်။ အကယ်၍ မရောက်လာခဲ့ကြပါလျှင်မိဘများ၊ ရပ်ရွာလူထုအဖွဲ့အစည်းဝင်များကို ဖိတ်ခေါ်ကာ ၄င်းတို့ ကူညီရမည့်လုပ်ငန်းများကို စီစဉ်ပါ။ သာဓက–မိဘများ သို့မဟုတ် ရပ်ရွာဒေသ လူ့အဖွဲ့အစည်းဝင်များသည် ဘာသာစကား သင်ကြားပို့ချပေးခြင်း သို့မဟုတ် မသန်စွမ်းသော ကလေးများကိုကူညီခြင်းတို့တွင် စေတနာ့ဝန်ထမ်းလုပ်အားပေးနိုင်ပါသည်။ ကလေးများကို စာဖတ်ပြနိုင်ပြီး ကလေးများဖတ်ပြသည်ကိုလည်းနားထောင်ပေးနိုင်ပါသည်။ အုပ်စုအလိုက်လုပ်ဆောင်ရသောလုပ်ငန်းများတွင်လည်း ပါဝင်ကြီးကြပ်ပေးနိုင်သည်။ ပို၍ဂရုစိုက်ရန်လိုအပ်သော ကလေးတစ်ဦးစီကို သို့မဟုတ် အုပ်စုငယ်တစ်ခုစီကို အလေးပေးဆောင်ရွက်ရမည့် ဆရာ၏လုပ်ငန်းကို သက်သာစေပါသည်။ မိဘများနှင့် ရပ်ရွာလူ့အဖွဲ့အစည်းဝင်တို့ ပါဝင် ဆောင်ရွက်နိုင်သည့် အခြားနည်းလမ်းများကို ယခုစာအုပ်ငယ်၏ နောက်ပိုင်းတွင် လေ့လာ စူးစမ်းထုတ်ဖော်ပြထားပါသည်။

၃။ **မိရိုးဖလာထုံးတမ်းစဉ်လာအရ ကျောင်းပြင်ပရောက်ကလေးများ ရှာဖွေခြင်းလုပ်ငန်းတွင် မိဘများကိုပါဝင်စေခြင်း။** သာဓက–ရပ်ရွာလူ့အဖွဲ့အစည်းအတွင်းရှိ မိသားစုအားလုံးကိုဆွဲဆောင်ရန်နှင့် တက်ရောက်လာကြရန် ကျောင်း၌ ကျောင်းအပ်နှံရေးနေ့လှုပ်ရှားမှု အခမ်းအနားကို စာသင်နှစ်စ မတိုင်မီ ကျင်းပပါ။ ထို့နောက်ကလေးများအားလုံးကိုကျောင်းလက်ခံပါ။ ထိုအခါရပ်ရွာရှိ ကုန်သည်များ၊ စီးပွားရေးလုပ်ငန်းရှင်များက ကံစမ်းမဲစနစ်ဖြင့် လက်ဆောင်ကလေးများပေးပြီး ဖြည့်ဆည်းထောက်ပံ့ပေးနိုင်ကြပါသည်။ မိဘများနှင့် ဆရာများက အထူးစီမံပြုလုပ်သည့် အကျွေးအမွေး စားသောက်ဖွယ်ရာများကိုလှူဒါန်းနိုင်ကြပြီး ကစားပွဲများလည်း စီစဉ်ပေးနိုင်ပါသည်။ အဆိုအကများလည်းထည့်သွင်းနိုင်ပါသည်။ ဤလှုပ်ရှားမှုအားလုံးသည် အရည်အသွေးပြည့် ပညာရေးအရေးကြီးမှုနှင့် ဤနည်းလမ်းများအားဖြင့် ကလေးအားလုံးကို ပညာရေးသင်ကြားပေးရန်အတွက် ကျောင်းနှင့်ရပ်ရွာဒေသ လူ့အဖွဲ့အစည်းတို့

အတူတကွ ဆောင်ရွက်နိုင်မှုကိုဦးတည်ပါသည်။ ဂွာတီမာလာကျောင်းတစ်ကျောင်း၏ ကျောင်းအပ်နှံရေး ပွဲတွင်လူရွှင်တော်များ၊ အထူးစီမံထားသော အစားအစာများ၊ ကပွဲများနှင့် ကံစမ်းမဲများထည့်သွင်း ကျင်းပနိုင်ခဲ့၍ ကျောင်းဝင်ဆန့်အင်အားထက်ကျော်လွန်ကာ ကျောင်းဝင်သူဦးရေများပြားခဲ့သဖြင့် ကျောင်းဆောင်သစ်ဆောက်လုပ်ရန် စီမံကိန်းများကို ပါတစ်ပြိုင်နက်တည်းစတင်ဆောင်ရွက်ခဲ့ရပါသည်။ ကျောင်းနေအရွယ်ကလေးများ ရှာဖွေရေးလုပ်ငန်းတွင် မိဘများနှင့်ရပ်ရွာဒေသလူထုအဖွဲ့အစည်းများ ပါဝင်နိုင်ရန်အတွက် အခြားအကြံဉာဏ်များကို ဤလက်စွဲ၏ စာအုပ်ငယ်တစ်အုပ်ဖြစ်သည့် 'ကလေးများအားလုံး ကျောင်းသို့ရောက်ရှိရေးနှင့် ပညာသင်ယူရေး' စာအုပ်တွင် တွေ့နိုင်ပါသည်။

၄။ **ကျောင်းစီမံအုပ်ချုပ်မှုကော်မတီများနှင့် လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်များကိုချိတ်ဆက်မှု။** မိဘဆရာအသင်းများ သို့မဟုတ် ကျောင်းစီမံအုပ်ချုပ်မှုကော်မတီများသည် မိဘများနှင့် ကျောင်းတို့၏ ရေရှည် ဆက်သွယ်ဆက်ဆံမှု နည်းလမ်းများပင်ဖြစ်ကြသည်။ ၎င်းအသင်းအဖွဲ့တို့သည် လုပ်ငန်းခွင်အရည်အသွေးတိုးတက်ကောင်းမွန်မှုနှင့်တာဝန်ခံမှုတို့အတွက် ကြီးကြပ်ကွပ်ကဲခြင်းဖြင့် ကူညီပေးပါသည်။

**ကျေးရွာပညာရေးကော်မတီများ**

ပါကစ္စတန်နိုင်ငံရှိဘာလိုချစ်စတန်ပြည်နယ်တွင် ရပ်ရွာဒေသ လူ့အဖွဲ့အစည်းပံ့ပိုးမှုအစီအစဉ်သည် အမျိုးသမီးများ၏ကျေးရွာပညာရေးကော်မတီ ထူထောင်မှုကိုပံ့ပိုးပေးခဲ့သည်။ ယခုအခါအဖွဲ့ဝင် ငါးထောင်စီပါသောအမျိုးသမီး ကျေးရွာပညာရေးကော်မတီ (၁၀၀၀)ကျော် ရှိလာပြီဖြစ်ပါသည်။ အမျိုးသားများ၏ ပညာရေးကော်မတီများပေါ်ပေါက်လာပြီးနောက် ဤအမျိုးသမီးကော်မတီများ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပါသည်။ ဘာလိုချစ်စတန် ပြည်နယ်ကဲ့သို့ ရှေးရိုးစွဲနယ်ပယ်များတွင် အမျိုးသားနှင့်အမျိုးသမီးများကို ကော်မတီ တစ်ခုတည်းတွင် ရောနှောဖွဲ့စည်းရန် ခက်ခဲပါသည်။ သို့သော်အမျိုးသမီးများသည်ပြုစုစောင့်ရှောက်မှု၊ မိန်းကလေးကျောင်းများ၏အခြားသော နေ့စဉ်လုပ်ရှားမှုလုပ်ငန်းများနှင့် ရေရှည်ကျောင်းတက်မှုတို့တွင် ကောင်းမွန်ကြောင်းသက်သေပြသခဲ့ကြပြီးဖြစ်သည်။

*For more information on this programme, see http://www.worldbank.org and search for "Balochistan."*

၅။ **အိမ်များသို့ ရပ်ကျော်ရွာကျော်သွားရောက်ဆွေးနွေးခြင်း။** မိရိုးဖလာအစဉ်အလာအရ ဖယ်ထုတ်ခြင်းခံရသော ကလေးများ၏မိဘများစုနှင့် ဆက်သွယ်ရေးသည် မလွယ်ကူပါ။ မသန်စွမ်းသူ သို့မဟုတ် လူမျိုးငယ်စုမှပုဂ္ဂိုလ်တစ်ဦးကဲ့သို့ ဖယ်ထုတ်ခြင်းခံရသူ အုပ်စုတစ်စုကတစ်ဦးဦးကို လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်အကြောင်း အသိပညာသတင်းအချက်အလက်ကို ဖြန့်ဝေပေးခြင်းသည် နည်းလမ်းတစ်မျိုးဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်မျိုးနှင့် အုပ်စုအစည်းအဝေးပြုလုပ်ပေးခြင်း သို့မဟုတ် တစ်အိမ်တက် ဆင်းလည်ပတ်ဆွေးနွေးစေခြင်းသည် လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်အတွက် ကျောင်း၏ချဉ်းကပ်မှုအကြောင်း ရှင်းပြရာ၌အလွန် ထိရောက်နိုင်ပါသည်။



## လက်စွဲ (၂.၃)

## ရပ်ရွာလူ့အဖွဲ့အစည်းနှင့်သင်ရိုးညွှန်းတမ်း

### စာသင်ခန်းအတွင်းရှိလူ့အဖွဲ့အစည်း

မိဘပြည်သူများနှင့်ရပ်ရွာဒေသလူ့အဖွဲ့အစည်းတို့၏လက်တွေ့ကျသော ဖြည့်ဆည်းကူညီပံ့ပိုး ပေးမှုတို့သည်လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင် တိုးတက်မှုအတွက် အရေးကြီးပါသည်။ ငွေကြေးနှင့်ငွေကြေးအစားလူ သို့မဟုတ်ပစ္စည်းပံ့ပိုးမှုတို့သည် ကလေးများ၏ သင်ယူမှုကို မိဘများက ပံ့ပိုးနိုင်သော ခိုင်မာသည့်နည်းများဖြစ်ပါသည်။ သာဓက–ရပ်ရွာဒေသ အသင်းအဖွဲ့များ၊ မိဘဆရာအသင်းများ၊ ကျောင်းအုပ်ချုပ်မှုကော်မတီများက ကျောင်း၏ အထောက်အကူပစ္စည်းများ တိုးတက်ပွားများရန် မကြာခဏပါဝင်ကူညီခြင်းမျိုး ဖြစ်ပါသည်။ အထူးသဖြင့် သာဓက–လှေကားထစ်များ၊ အဆင့်များသာရှိနေပါကရပ်ရွာဒေသ လူ့အဖွဲ့အစည်းဝင်များက ဆင်ခြေလျှောလမ်းများပြုလုပ်ပေးနိုင်ပါသည်။ နိုင်ငံအများအပြားတွင် ရပ်ရွာဒေသ လူထုအသင်းအဖွဲ့များသည် ကျောင်းအတွက်ရေရှိရေးနှင့် သန့်ရှင်းရေး တိုးတက်ကောင်းမွန်ရေးတို့ကို တက်ကြွစွာဆောင်ရွက်လျက်ရှိနေကြသည်။ မိန်းကလေးများအတွက် အိမ်သာသီးသန့်မရှိခဲ့လျှင် ၎င်းတို့သည် အိမ်သာဆောက်လုပ်ပေးကြသည်။

မာလာဝီလူ့အဖွဲ့အစည်းတစ်ခုမှမိဘများသည် ကလေးများကိုယ်တိုင် ပါဝင်သင်ယူမှုကိုတိုးတက်စေရန်ထုတ်လုပ်ထားသည့် သင်ယူမှုပစ္စည်းများကိုသိမ်းဆည်းဖို့ ဆရာများတွင်လုံခြုံသောနေရာမရှိကြောင်းသိရှိခဲ့၍ ထိုအဖွဲ့အစည်းကစာသင်ခန်းနှင့် ကျောင်းအုပ်ကြီးရုံးခန်းအတွက် တံခါးများဝယ်ပေးခဲ့ကြသည်။ ထိုအဖွဲ့အစည်းနှင့် တစ်ခရိုင်တည်းရှိ အခြားလူထုအဖွဲ့အစည်း(၂၀)တို့မှ မိဘတို့ကလည်း စာပေနှင့် သချ်ာ သင်ခန်းစာများတွင်ဆရာနှင့် ကလေးများအသုံးပြုနိုင်ရန်သေတ္တာအဟောင်းများ၊ ရော်ဘာ ဖိနပ်များနှင့် သင်ထောက်ကူဝတ္ထုပစ္စည်းများအဖြစ် အခြားပစ္စည်းများကို စီစဉ်ပေးလာကြသည်။ မိဘများအနေဖြင့် ကျောင်း၏သင်ရိုးအဆင့်တွင် ပါဝင်လာခြင်းအတွေ့အကြုံသည် ကလေးတို့၏သင်ယူအောင်မြင်ပြီးမြောက်မှုနှင့် ကလေးများ၏ အောင်မြင်မှုကို တိုးပွားစေခဲ့ပါသည်ဟူ၍ ဆရာတစ်ယောက်က ကောက်ချက်ချခဲ့ပါသည်။

*Miske SJ(2003)Proud Pioneers Improving Teaching and Learning in Malawi Through Continuous Assessment. Washington DC: American Institutes for Research.*

ဖိလစ်ပိုင်နိုင်ငံမှ ပညာရေးမှူးတစ်ဦးက အစီရင်ခံခဲ့သည်မှာ သူတို့သည် မိဘများနှင့် ကြိုးပမ်းမှုအမြောက်အမြားဆောင်ရွက်သည်တွင် မိဘများသည်ကျောင်း၏ အစိတ်အပိုင်းတစ်ခုအဖြစ်ခံယူမိသွားကြကြောင်း၊ ကျောင်းသားများသည်လည်း ရပ်ရွာလူထုအဖွဲ့အစည်းဝင်အဖြစ် ခံယူမိသွားကြစေရန် ထိရောက်စွာစွမ်းဆောင်နိုင်ခဲ့ကြောင်း တင်ပြအစီရင်ခံခဲ့ပါသည်။ သင်ယူမှုပစ္စည်းများကို ဆရာများနှင့် ကျောင်းသားများကိုယ်တိုင်ပြုလုပ်ကြပြီး အစိုးရမဟုတ်သောအဖွဲ့အစည်းဝင်များကလည်း လှူဒါန်းကြစဉ်တွင် မိဘများကလည်း ယူနီဆက်ကလှူဒါန်းသော စာအုပ် ၁၀၀ နှင့်အစပြု မတည်သည့် အရင်းအမြစ်ဌာန စာကြည့်တိုက်တစ်ခုကိုတည်ဆောက်ရာတွင် ပါဝင်ကူညီခဲ့ပါသည်။ ကျောင်းသားများက ရင်းမြစ်ဌာနအတွက် စာအုပ်စင်ကဲ့သို့ ပရိဘောဂများ လုပ်ပေးခဲ့ကြပါသည်။

*Feny de los Angeles Bautista with Marissa J.Parcual Marjorie S. Javier, Lillian Mercado-Carreon and Cristina H. Abad. (2001) Reinventing Philippine Education Building Schools Filipino Children Deserve. The Ford Foundation, Manila.*

မိဘများတိုက်ရိုက်ပါဝင်လာစေသည့်နည်းတစ်နည်းမှာ ၄င်းတို့ကို စာသင်ခန်းသို့ ဖိတ်ခေါ်ခြင်းဖြစ်သည်ဟူ၍ပြီးခဲ့သည့် လက်စွဲ(၂–၂)တွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ အကျုံးဝင်သင်ယူပျော်ဝန်းကျင်စာသင်ခန်း၏ သဘောသဘာဝကို ဖြည့်ဆည်းမှု ဖြစ်စေမည့်တပည့်တစ်ယောက်၏ပညာရေးတွင်မိဘများ၊ ဘိုးဘွားများ၊ အုပ်ထိန်းသူများ ပါဝင်လာစေသည့် နည်းလမ်းအမျိုးမျိုးရှိပါသည်။

- ❖ စာဖတ်ပြခြင်းသို့မဟုတ်သင်ယူမှုပစ္စည်းများ ပြင်ဆင်ခြင်းစသော စာသင်ခန်းစနစ် လုပ်ငန်းများတွင် ဆရာများကိုထောက်ပံ့ရန်နှင့် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုတွဲဖက်သင်ရိုးများဖြစ်သော အားကစား သို့မဟုတ် ကွင်းဆင်းလေ့လာခြင်း သို့မဟုတ် ပွဲတော်များကဲ့သို့ အထူးလှုပ်ရှားမှုများကို စီစဉ်ခြင်းလုပ်ငန်းများတွင် မိဘများ သို့မဟုတ် အခြားသော မိသားစုဝင်များသည် ဆရာများအား စေတနာ့ဝန်ထမ်းပါဝင် ကူညီဆောင်ရွက်နိုင်သည်။
- ❖ မိဘများသည်စာသင်ခန်းတွင်ဧည့်သည်အဖြစ် ၄င်းတို့၏လုပ်ငန်းများနှင့် လုပ်ငန်း၏ လောကအကြောင်းအရာဗဟုသုတများကို လာရောက်ဟောပြောနိုင်ပါသည်။ ပညာရေးသည်အလုပ်တွင်ကျွမ်းကျင်မှုကိုဖြစ်စေကြောင်း ဆွေးနွေးပြောပြနိုင်သည်။ စာမတတ်သူမိဘများအနေဖြင့်လည်း ၄င်းတို့ရပ်ရွာဒေသ၏သမိုင်း၊ ရိုးရာပုံပြင်များကိုပြောပြနိုင်သကဲ့သို့ ရိုးရာလက်မှုပညာများကိုသရုပ်ပြသနိုင်ပါသည်။

❖ မိဘများသည် မိဘဆရာအသင်းတွင်ပါဝင်ခြင်း၊ မိဘဆရာအသင်းအစည်းအဝေးတက်ရောက်ခြင်းနှင့်ကျောင်း၏ အခြားအစည်းအဝေးများကို တက်ရောက်ခြင်း၊ စာသင်ခန်း၏ဖြစ်စဉ်ပါဝင်ခြင်းတို့ဖြင့်ဗဟုသုတပွားများစေနိုင်သည်။ ထိုသို့ပါဝင်တက်ရောက်ခြင်းဖြင့် မိမိတို့ကလေးများ၏ဆရာများနှင့်တွေ့ဆုံရသည်။ ကျောင်း၏သင်ရိုးများကိုသိရှိရသည်။ လုပ်ငန်းများတွင်မည်သို့ပါဝင်ရမည်ကိုလည်း သိရှိနိုင်လာကြပါသည်။

❖ မိဘများသည်ကျောင်းတွင် လိုအပ်နေသောပစ္စည်းများကိုလှူဒါန်းနိုင်ကြသည်။ ကျောင်းနှင့်စာသင်ခန်း တို့အတွက် လိုအပ်သည့် ငွေကြေးအကူအညီ အထောက်အပံ့များကို ရှာဖွေရာတွင် အကူအညီပေးနိုင်သည်။

❖ မိဘများသည်ကျောင်းသို့မနေသေးသည့်ကလေး၏ မိဘများ၊ ကျောင်းထုတ်ရန်ကြံရွယ်နေသောမိဘများ ထံသို့သွားရောက်ကာ ကလေးများပညာသင်ယူမှုပြီးမြောက်ရေးတို့ကို တိုက်တွန်းအားပေးနိုင်ပါသည်။

❖ မိဘများသည်မိမိတို့ကလေးများ၏ကျောင်းများ၊ ကလေးပြုစုစောင့်ရှောက်ရေးဌာနများ၌ လုံခြုံရေးနှင့် သန့်ရှင်းကြိုးပမ်းဆောင်ရွက်မှုများတွင် ပါဝင်လုပ်ဆောင်နိုင်ပါသည်။

❖ မိဘများသည် ကျောင်းစုံညီပွဲတော်နေ့အခမ်းအနားကျင်းပရာတွင် ကူညီနိုင်သည်။ ထိုနေ့များတွင်မိဘများ၊ ရပ်ရွာဒေသလူ့အဖွဲ့အစည်းဝင်များ၊ အမှုဆောင်များကိုဖိတ်ကြားကြသည်။ ကလေးများအားလုံး၏ လုပ်ဆောင်ချက်များမှ ကိုယ်စားပြုလုပ်ဆောင်မှုများကို သင်ကြားမှုပစ္စည်းအသစ်များနှင့် တွဲ၍ ခင်းကျင်းပြသထားသည်။ ဆရာများကလည်း၎င်းတို့အကဲဖြတ်စစ်ဆေးမှုနှင့် သင်ကြားမှုစွမ်းရည်သစ်များကို သရုပ်ပြသကြသည်။ ဘဝနောက်ခံနှင့် စွမ်းရည်အမျိုးမျိုးရှိသူများကလည်း သူတို့ဘာတွေသင်ယူခဲ့ပြီးသည်ကို သရုပ်ပြသကြပါသည်။

❖ ကလေးများ၏သင်ယူမှုတတ်မြောက်မှုကိုအကဲဖြတ်ရာတွင်မိဘများ၊ ရပ်ရွာလူထုအဖွဲ့အစည်းဝင်များကကူညီပေးနိုင်သည်။ကလေးများ၏ အိမ်စာများတွင်အမှတ်များလည်းပေးနိုင်သည်။ဤသည်မှာ ကလေးများသင်ယူမှုလုပ်ငန်းတွင်သွင်းအားစု ကိုဖြည့်ပေးခြင်းပင်ဖြစ်သည်။

- ❖ ဘွဲ့ရများနှင့် ဘဝကိုအလုပ်ရည်မှန်းချက်တို့အတွက် မြုပ်နှံထားသည့် မိဘများသည်ကလေးများ အထူးသဖြင့်ဘဝနောက်ခံနှင့် စွမ်းရည်အမျိုးမျိုးရှိ ကလေးများအတွက် စံနမူနာဖြစ်စေပါသည်။ လုပ်ငန်းစွမ်းဆောင်ရှင်များနေ့ကို နှစ်စဉ်ကျင်းပပါ။ စံပြုထိုက်သူ အမျိုးသား၊ အမျိုးသမီးများကို ၎င်းတို့၏ အသက်မွေးမှုလုပ်ငန်းများအကြောင်းနှင့် ယောကျ်ားကလေးများ မိန်းကလေးများက ထိုအသက်မွေးမှုလုပ်ငန်းများအတွက် မည်သို့ပြင်ဆင်နိုင်ကြောင်းကို ဆွေးနွေးပေးရန် ဖိတ်ခေါ်ရပါမည်။

**အမျိုးသမီးကဏ္ဍစံပြများ**

ဆရာမများမရှိသော ကျောင်းတွင်ရပ်ရွာဒေသလူ့အဖွဲ့အစည်းမှ အမျိုးသမီးများကို စံပြကဏ္ဍအစီ အစဉ်များတွင်ပါဝင်စေနိုင်ပါသည်။ မိန်းကလေးများအတွက် စံနမူနာကောင်းများရယူနိုင်စေရန် ကျောင်းများ စာသင်ခန်းများတွင် ရပ်ရွာဒေသလူ့အဖွဲ့အစည်းမှ မိဘများ၊ ကျောင်းသားကျောင်းသူများ၏ ဆွေမျိုးများ၊ ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များ၊ အနုပညာအရည်အသွေးရှိကြသူများ၊ အားကစားသမားများ၊ နိုင်ငံရေးဆိုင်ရာပုဂ္ဂိုလ်တို့သည် ကျောင်းတစ်ကျောင်း သို့မဟုတ် စာသင်ခန်းနှင့် ဤသို့ပါဝင်ပတ်သက်ရသည်ကို စိတ်ဝင်စားကြပါသည်။

အကယ်၍ဒေသခံအမျိုးသမီးများအနေဖြင့် ဤကဲ့သို့တွေ့ဆုံခွင့်ပေးနိုင်ကြသူများဖြစ်ပါက စာသင်နှစ်အတွင်းကြိမ်ဖန်များစွာကျောင်းသို့လာပါစေ။ အမျိုးသားများနှင့် မိမိတို့အမျိုးသမီးများသည် မည်ကဲ့သို့အလုပ်ကို အတူတကွလုပ်ကိုင်ဆောင်ရွက်ခဲ့ရသည်ကို ပြောပြပေးရန်သူတို့ကိုတောင်းဆိုပါ။ အမျိုးသား၊ အမျိုးသမီး ကျား၊မဖြစ်မှုသည် ၎င်းတို့၏ ရွေးချယ်မှုများ၊ အောင်မြင်မှုများနှင့်ရှုံးနိမ့်မှုများအပေါ် မည်သို့အကျိုးသက်ရောက်မှုရှိကြောင်း ပြောပြပါစေ။အချုပ်အားဖြင့်ဆိုရသော် ၎င်းတို့၏လုပ်ငန်းနှင့်ပတ်သက်သည့် သရုပ်ပြမှုများနှင့် ကျောင်းသားကျောင်းသူတစ်ဦးဦးနှင့်ဆွေးနွေးတိုင်ပင်မှုများသည် ကလေးများ၏ နှုတ်မှုအတတ်ကို လမ်းညွှန်ရန်နှင့် အကြံဉာဏ်ရရန်ကူညီနိုင်ပါသည်။

ဆရာမတစ်ဦးနှင့်ဂရိတ်(၆)သို့မဟုတ်ဂရိတ်(၁၁)သို့ အောင်မြင်စွာရောက်ရှိနေသော မိန်းကလေးတို့ကိုဂရိတ်(၆) သို့မဟုတ် ဂရိတ်(၅)မတိုင်မီကျောင်းထွက်လေ့ရှိသော ကျေးရွာဆင်ခြေဖုံးကျောင်းများသို့ အလည်အပတ်သွားစေသည်။ မိန်းကလေးအားလုံး အတူတကွတွေ့ဆုံကြကာ မိန်းကလေးများကျောင်းနေရန်နှင့် ကျောင်းလုပ်ငန်းကောင်းစွာ

လုပ်နိုင်ရန် အကြောင်းများကိုပြောဆိုဆွေးနွေးရန်သင့်ကြပါသည်။ ဆရာမများသည် အသက်အရွယ်ကြီးလာသော မိန်းကလေးများနှင့်အတူ ၄င်းတို့၏မိဘများ ထံသွားရောက် လည်ပတ်တွေ့ဆုံကြကာ မိန်းကလေးများကိုကျောင်းထားရေးနှင့် ကျောင်းပညာပြီးဆုံး ရေးတို့ကို ကူညီနိုင်မည့် နည်းလမ်းများအတွင်း ဆွေးနွေးမှုပြုရပါမည်။

The Gender-Fair Teacher(2003)UNICEF/Eritrea

## စာသင်ခန်းနှင့် ရပ်ရွာဒေသလူထုအဖွဲ့အစည်း

လူတိုင်းအကျုံးဝင်သင်ယူပျော်ကျောင်းသို့ မိဘများနှင့် ရပ်ရွာဒေသ လူထုအဖွဲ့အစည်း ဝင်များကို ဖိတ်ခေါ်သည့်အပြင် လူ့အဖွဲ့အစည်းအတွင်းရှိကလေးများအတွက် ဆီလျော်သည့် သင်ရိုးညွှန်တမ်းလည်း ရှိရပါဦးမည်။ထိုသင်ရိုးတွင်ကလေးများပတ်ဝန်းကျင်မှ သင်ယူနိုင်စွမ်း ရှိသလောက်သင်ယူနိုင်ရန်ခေါင်းစဉ်အမျိုး မျိုးရှိရပါမည်။ နမူနာ–

- ❖ ကလေးများသည် ၄င်းတို့၏ကျောင်းသင်ခန်းစာနှင့် ဆက်စပ်သည့် အကြောင်း အရာခေါင်းစဉ်များ၊ သတင်းအချက်အလက်များကိုအိမ်သို့မဟုတ် ရပ်ရွာဒေသ ပတ်ဝန်းကျင်အဖွဲ့အစည်းတွင်ရှာဖွေနိုင်သည်။ သတင်းအချက်အလက်များ ရယူနိုင်သည်။
- ❖ ကလေးများသည် မိဘများဘိုးဘွားများကို သူတို့၏ကလေးဘဝက အကြောင်း များကို တွေ့ဆုံမေးမြန်းစုံစမ်းနိုင်သည်။
- ❖ သင်ခန်းစာနှင့်ဆက်စပ်သောသစ်ပင်များနှင့် အခြားအရာများကို ၄င်းတို့ရပ်ရွာ ဒေသပတ်ဝန်းကျင်တွင် ရှာဖွေတွေ့ရှိနိုင်သည်။
- ❖ သင်ကြားသင်ယူမှုပစ္စည်းအဖြစ်ဆရာကအသုံးပြုနိုင်သည့် အသုံးပြုပြီးသား ကတ်ထူပြားကဲ့သို့သော ပစ္စည်းများကို ယူဆောင်နိုင်လာကြသည်။
- ❖ ကလေးများသည် စာသင်ခန်းကိုပြန်လည်၍ ပုံစံပြောင်းလဲရာနှင့် ကျောင်းမြေ ကိုတိုးတက်အောင်ပြုလုပ်ရာတွင် ပါဝင်ဆောင်ရွက်ကြ၍ (အထူးသဖြင့် မသန်စွမ်းကလေးများအတွက်) ပို၍ ကလေးပျော်ကျောင်း၊ လုံခြုံစိတ်ချရသော (ပဋိပက္ခဖြစ်မှုလျော့နည်းသော) ကျောင်း၊ ကျား/ မ ခံစားမှု ရှိသောကျောင်း ဖြစ်လာပါသည်။ ကျောင်းမြေကိုကောင်းမွန်တိုးတက်စေခြင်းသည် ပြင်ပရှိ စာသင်ခန်းများအဖြစ်သို့ပိုမိုဖြစ်ထွန်းလာစေသည်။ [3]

---

[3] UNICEF . Children as Community Reaearchers. http:// www. Unicef.org/teachers

❖ ကလေးများသူတို့၏ရပ်ရွာဒေသဆိုင်ရာပတ်ဝန်းကျင်မြေပုံကိုဆွဲ၍ ကျောင်းမနေသေးသော၊ ကျောင်းသို့မရောက်သေးသော်လည်း ကျောင်းရောက်သင့်ကြသည့် ကလေးများကိုရှာဖွေရေး လုပ်ငန်းတွင်ကူညီပေးနိုင်သည်။
❖ ကလေးများသည်၄င်းတို့၏ ရပ်ရွာဒေသ၏ လှုပ်ရှားဆောင်ရွက်မှုလုပ်ငန်းများတွင် ပါဝင်နိုင်ကြပါသည်။ ထိုင်းနိုင်ငံရှိ ကလေး(CHILD)စီမံကိန်းတွင် ကလေးများသည် တစ်ကိုယ်ရေတစ်ကာယနေထိုင်ကြသော သက်ကြီးရွယ်အိုတို့၏ နေအိမ်များကို မကြာခဏသန့်ရှင်းရေးလုပ်အားသွားပေးကြပါသည်။ တစ်နေ့တာကုန်ဆုံးချိန်တွင် စားစရာများကို မျှဝေစားသောက်ကြပြီး သက်ကြီး ရွယ်အိုများက သူတို့ ရပ်ရွာဒေသ၏ သမိုင်းနှင့်ယဉ်ကျေးမှုကိုပြောပြကြသည်။ အသက်အရွယ်အားဖြင့်ကွာခြားမှုရှိသော်လည်း လူတိုင်းသည် ရင်းနှီးသော ဆက်ဆံမှုကိုရရှိပြီး ကောင်းကောင်းမွန်မွန်ပြုစုစောင့်ရှောက်တတ်သော အလေ့အကျင့်များရရှိလာကြပါသည်။ ထို့အပြင်ကလေးများသည်မတော်တဆထိခိုက်ဖြစ်ပွားမှု ကင်းရှင်းစေရန် သူတို့၏ ရပ်ရွာဒေသဝန်းကျင်အတွင်းရှိ ယာဉ်လမ်းကြောများ၊ လမ်းငယ်များ၌သန့်ရှင်းပြီး စနစ်တကျမှုရှိစေရန်လည်း ဆောင်ရွက်ကြပါသည်။ [4]

## ရပ်ရွာဒေသလူထုသို့ဦးတည်ဆောင်ရွက်သည့် စာသင်ခန်းလုပ်ငန်းများ။

ကလေးများအဖို့သူတို့၏ ရပ်ရွာဒေသလူ့အဖွဲ့အစည်းအတွင်းမှ သင်ယူနိုင်သည်များ ရှိသလို ရပ်ရွာဒေသလူ့အဖွဲ့အစည်းဝင်လုပ်ငန်းများတွင်လည်း ပြန်လည်မျှဝေပါဝင်နိုင်ရန် အခြားနည်းလမ်းများစွာရှိပါသည်။ ဥပမာ– ထိုင်းနိုင်ငံမြောက်ပိုင်းရှိ Grade-5 ကျောင်းသူ ကျောင်းသားတစ်စုသည် ထိုနှစ်အတွင်း သိပ္ပံဘာသာအတွက် သူတို့၏ရပ်ရွာဒေသ ပတ်ဝန်းကျင်ကို လေ့လာကြသည်။ သူတို့သည်တောပြုန်းတီးခြင်းနှင့် တောပြုန်းတီးစေသည့် လက္ခဏာများကို တွေ့ရှိသဖြင့် မှတ်တမ်းတင်ကြပြီးထိုရပ်ရွာဒေသလူ့အဖွဲ့အစည်းဝင်များထဲတွင် ဒေသရပ်ရွာပတ်ဝန်းကျင်ရှိ သစ်တောများအကြောင်းနောက်ခံသမိုင်းကို စုံစမ်းမေးမြန်းကြသည်။ ကလေးများသည်သူတို့၏ပတ်ဝန်းကျင်အတွင်း သစ်ပင်စိုက်နည်းများကိုလည်း ဆွေးနွေးပြောပြကြသည်။ နှစ်ကုန်ပိုင်းရောက်သောအခါကလေးများသည် လေ့လာမှုများကို မိဘများအားလုံးသို့ ပြသနိုင်ခဲ့ကြလေသည်။ ထိုအခါတွင် မိဘများမှာလည်း ကလေးများထံမှပတ်ဝန်းကျင်အကြောင်းကို အမှန်တကယ်သိရှိလာခဲ့သည်။ ကလေးများသင်ယူလာနိုင်မှုများ၊ သူတို့ပေးသည့် ဗဟုသုတအချက်အလက်များကြောင့် မိဘများကအထင်ကြီးလာကြသည်။ မိဘများနှင့်

[4] For more ideas on children's participation, see http://www.inmu.mahidol.ac.th CHILD

ကျောင်းသား၊ ကျောင်းသူများသည် ၎င်းတို့ရပ်ရွာဒေသ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို အတူတကွပူးပေါင်းဖြေရှင်းနိုင်ခဲ့ကြသည်။

**အစည်းအဝေးများတွင် ကျောင်းသား၊ ကျောင်းသူများပါဝင်မှု။** ကလေးများသည် ကျောင်းနှင့်မိဘများ၏အစည်းအဝေးပွဲများ၊ ရပ်ရွာဒေသအစည်းအဝေးများနှင့် အခြားမြို့ပြဆိုင်ရာဖြစ်စဉ်များတွင် တက်ရောက်ပါဝင်ခြင်းဖြင့်၎င်းတို့၏ တကယ့်လက်တွေ့ဘဝအတွေ့အကြုံများကိုတိုးပွားစေနိုင်ပါသည်။ စာသင်ခန်းတွင်မူဆရာသည် အစည်းအဝေးကိုကြိုတင်၍ ကလေးများနှင့် ဇာတ်ဟန်ခင်းကျင်းထားပြီးမည်သည့်အချိန်တွင်ပါဝင်မည်၊ မည်သို့ပါဝင်ရမည်ကိုလေ့ကျင့်နိုင်ပါသည်။ ကလေးများသည် ၎င်းတို့၏ အတန်းဆိုင်ရာသင်ခန်းစာများမှ လုပ်ငန်းများ၊ စီမံချက်များကိုစုစည်းပြီးကျောင်းပွဲတော်တွင် တင်ပြနိုင်ပါသည်။ သို့တည်းမဟုတ် ကျောင်းသား၊ ကျောင်းသူအုပ်စုငယ်များက ဇာတ်၊ သီချင်း၊ ကဗျာလင်္ကာများကို သီဆိုတင်ဆက်ကပြနိုင်သည်။ဤလုပ်ရှားမှုလုပ်ငန်းမျိုးတွင်ကလေးများ အနေဖြင့်သူတို့သင်ယူမှုများကို မိဘဘိုးဘွားများအား ပြန်လည်ရှင်းပြနိုင်သည်။ ဤသို့ပြုလုပ်ခြင်းသည် ကျောင်းနှင့်မိဘများကြား ဆက်သွယ်မှုကို တိုးတက်လာစေပြီး ကျောင်းသားကျောင်းသူတို့၏ သင်ယူပြီးခဲ့မှုများကိုလည်း ထပ်ဆင့်အားဖြည့်ပေးနိုင်ပါသည်။

ကလေးများ၏သင်ယူမှုနှင့်စပ်လျဉ်းသည့်ကျောင်းနှင့်မိဘတို့၏ အစည်းအဝေးကို ကြိုတင်ပြင်ဆင်ရာ၌ အစည်းအဝေးတွင် မည်သည့်ဘာသာစကားကို အသုံးပြုမည်ကို အထူးသတိထား ရပါမည်။မိဘများနှင့် ဆရာများသည် အများသုံးအဓိကဘာသာစကားကို မသုံးနှုန်းသော မိဘများနှင့်အကြား အာရုံခက်ခဲမှုရှိသော မိဘများအားမည်သို့ဆက်သွယ်ရမည်ကိုဆုံးဖြတ်ရန်လိုအပ်ပါသည်။



## လက်စွဲ (၂.၄)

## မည်သည့်အကြောင်းအရာများကို ကျွန်ုပ်တို့သင်ယူခဲ့ပြီးပြီနည်း။

ဤစာအုပ်ငယ်သည်လူတိုင်းအကျုံးဝင် သင်ယူမှုပျော်ဝန်းကျင်တွင် မိသားစုများ၊ ရပ်ရွာဒေသလူ့အဖွဲ့အစည်းဝင်များပါဝင်စေရန်လက်စွဲအမျိုးမျိုးကိုပေးထားပါသည်။ အောက်ပါလုပ်ငန်းများကိုသင်သည် ပြီးစီးနိုင်ပါပြီလား။

၁။ ဆရာများ၏ ရပ်ရွာလူထုအဖွဲ့အစည်းနှင့်ပတ်သက်သည့် တာဝန်ဝတ္တရားများကို စာရင်းပြုစုပေးပါ။

၂။ ကလေးများ၏သင်ယူမှုစွမ်းရည်ကို ၄င်းတို့၏မိဘများအား မည်သည့်နည်းဖြင့် ပြောပြမည်နည်း။

၃။ မိခင်များနှင့်ဖခင်များကမိရိုးဖလာထုံးတမ်းစဉ်လာအရ ဖယ်ထုတ်ခြင်းခံရ သောကလေးများကို အကျုံးဝင်လာစေရန် ကူညီနိုင်သည့်နည်းလမ်း နှစ်ခုကို ဖော်ပြပါ။ (က)ကျောင်းတွင်းသို့မဟုတ်(ခ)ကျောင်းပြင်ပတွင်ဖြစ်သည်။

၄။ စာသင်ခန်းတွင်းသို့ ရပ်ရွာလူ့အဖွဲ့အစည်းဝင်များပါဝင်လာနိုင်သည့် နည်းအမျိုးမျိုးကို ဖော်ပြပါ။

၅။ ရပ်ရွာလူ့အဖွဲ့အစည်းတွင် တပည့်များပိုမိုပါဝင်လာစေမည့် နည်းလမ်းအမျိုးမျိုး သို့မဟုတ် နေအိမ်နှင့်ရပ်ရွာဒေသပတ်ဝန်းကျင်မှ ပစ္စည်းများကို အသုံးပြုခြင်း နည်းအမျိုးမျိုးကို ဖော်ပြပါ။

ရပ်ရွာဒေသမှလူ့အဖွဲ့အစည်းများပါဝင်ခြင်းသည် လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်၏အောင်မြင်မှုအတွက် အလွန်အရေးပါ ပါသည်။ ရပ်ရွာဒေသလူ့အဖွဲ့အစည်းတွင် ကလေးများသည် သင်ယူနေဖြစ်အောင် အသင့်ချိတ်ဆက်ပြင်ဆင်ပေးထားနိုင်သည့် နည်းလမ်းများစွာရှိပါသည်။ ဆရာများ၊ကျောင်းသားများ၊ ကျောင်းသူများ၊ မိဘများ၊ အုပ်ထိန်းသူများနှင့်ဆောင်ရွက်နိုင်သည့် လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်အကြောင်း အသိပေးခြင်းနှင့် ရပ်ရွာလူ့အဖွဲ့အစည်းများတွင် ၄င်းတို့သည်လူတိုင်းအကျုံးဝင် သင်ယူပျော် ဝန်းကျင်ကို ရှေ့ဆောင်ရှေ့ရွက်ပြုသူများဖြစ်လာစေရန် အားပေးနိုင်သည့်နည်း အမျိုးမျိုးလည်း ရှိပါသည်။ ဤစာအုပ်ငယ်သည် အထက်ပါနည်းများကိုရရှိစေရန် အကြံဉာဏ်များကို ဖော်ပြထားပြီး ဖြစ်ပါသည်။

ကိုယ့်ကိုကိုယ်ပြန်လည်မေး၍ဆန်းစစ်ဝေဖန်ပါ။ ‘မိမိသည်ကလေးများ၏ မိသားစုများ၊ ရပ်ရွာလူထုအဖွဲ့အစည်းများနှင့် ပိုမိုရင်းနှီးစွာ မည်သည့်လုပ်ငန်းတွေကိုစတင် ဆောင်ရွက်နိုင်ပါသနည်း။ လူပုဂ္ဂိုလ်သုံးဦးကို ဦးတည်ပြီး စိတ်ကူးများရယူပါ။ ပြီးလျှင်သင်၏လုပ်ဖော်ကိုင်ဖက်များနှင့် သင်၏ ကျောင်းသား ကျောင်းသူများမိဘများနှင့်အတူ ဆွေးနွေးပါ။ ရက်သတ္တပတ်သို့မဟုတ်နှစ်ပတ်ကြာပြီးနောက် သင်မည်သို့တိုးတက်လာမည်နည်း။ နောက်ထပ်မည်သည့်လုပ်ငန်းများဆောင်ရွက်နိုင်လိမ့်မည်ကို နှိုင်းယှဉ်ကြည့်ပါ။

## ပိုမိုလေ့လာနိုင်သောနေရာများ

အောက်ဖော်ပြပါထုတ်ဝေမှုများနှင့် Web-Site တို့သည်ကျောင်းမိသားစုများနှင့် ရပ်ရွာဒေသလူမှု အဖွဲ့အစည်းတို့ ပတ်သက်ဆက်နွယ်မှုကို အားပေးရန်အဖိုးတန် အရင်းအမြစ်များဖြစ်ပါသည်။

## ပုံနှိပ်ထုတ်ဝေပြီးစာအုပ်များ

Bureau of Elementary Education, Department of Education, Culture and Sports in cooperation with UNICEF Philippines (1994) The Multigrade Teacher's Handbook, Manila.

duPliessis J. (2003)Rainbow Charts and C-O-C-O-N-U-T-S: Teacher Development for Continuous Assessment in Malawi Classroom. Washington, DC: American Institutes for Research.

Miske SJ. (2003) Proud Pioneers: Improving Teaching and Learning in Malawi through Continuous Assessment. Washington, DC: American Institutes for Research.

Rugh A and Bossert H. (1998) Involving communities: Participation in the delivery of education programs. Washington, DC: Creative Associates International, Inc.

The Gender-Fair Teacher (2003) UNICEF/Eritrea.

## ကွန်ရက်များ

Children as Community Researchers. This is an excellent publication for promoting children's learning through the community. It can be downloaded at:
http://www.unicef.org/teachers/researchers/index.html or
http://www.unicef.org/teachers/researchers/childresearch.pdf

Children's Integrated Learning and Development Project.
http://www.inmu.mahidol.ac.th/CHILD

Community School Alliances.
http://www.edc.org/CSA

Supporting Home-School Collaboration by Sandra L. Christenson.
http://www.cyfc.umn.edu/schoolage/resources/supporting.html

UNICEF Teacher Talking about Learning.
http://www.unicef.org/teachers/environment/commun.htm.

This excellent Web site offers information on: learning and the community; teachers and communities; involving families in learning; communities helping schools; community life and tips for improving schools.

စာအုပ်ငယ်-၃

# ကလေးအားလုံး ကျောင်းသို့ရောက်ရှိရေးနှင့် ပညာသင်ယူရေး



Booklet 3 :

# Getting All Children In School and Learning

လူတိုင်းအကျုံးဝင်
သင်ယူပျော်
ဝန်းကျင်များ

## လက်စွဲလမ်းညွှန်

ကလေးများကျောင်းသို့ရောက်ရှိရေးအတွက် အခက်အခဲအတားအဆီးဖြစ်စေသည့် အချို့သောအကြောင်းရင်းများနှင့် သူတို့အတွက် မည်သို့လုပ်ဆောင်ပေးရမည်ကို သင်နှင့်သင့် လုပ်ဖော်ကိုင်ဖက်များ သိနားလည်စေရန် ဤစာအုပ်ငယ် (၃)က ကူညီဆောင်ရွက်ပေးပါမည်။ ဤစာအုပ်တွင် လုပ်ဆောင်ရမည့်လုပ်ငန်းများကို တစ်ဆင့်ချင်းဖော်ပြထားပြီး ကမ္ဘာတစ်ဝန်းရှိ ဆရာများကျယ်ကျယ်ပြန့်ပြန့်နှင့် ထိထိရောက်ရောက် အသုံးပြုနေသော ရှေးရိုးအစဉ်အလာ အရ ကျောင်းပြင်ပရောက်ကလေးများ အကျုံးဝင်ရေးနည်းလမ်းများ ပါဝင်ပါသည်။ ဤလက်စွဲကိုလေ့လာဆောင်ရွက်ပြီးလျှင် အခြားဆရာများ၊ မိဘများ၊ လူမှုအဖွဲ့အစည်းဝင်များ ကျောင်းသားများအား ကလေးများနှင့် ကျောင်း ဝေးကွာစေရန် တွန်းပို့သော အခြေအနေ များကို ပြောပြနိုင်ပါမည်။ ကလေးများမည်သည့် နေရာတွင်ရောက်နေရသည်၊ မည်သည့် အတွက်ကြောင့်ကျောင်းမတက်ရသည်နှင့် ထိုကလေးများ ကျောင်းရောက်ရှိရေးအတွက် လုပ်ဆောင်ရမည့်အချက်များကို သင်ခွဲခြားသိရှိလာနိုင်မည်ဖြစ်သည်။

### လက်စွဲများ


**၃.၁ သင်ယူခွင့်မရသူများမှာမည်သူတွေနည်း။ ............................... ၃**

လူတိုင်းအကျုံးဝင်ပညာရေး သင်ယူမှုတွင် အဟန့်အတားများရှာဖွေ ဖော်ထုတ်ခြင်း ............ ၃

လူတိုင်းအကျုံးဝင် သင်ယူမှုအတွက် ကိုယ်တိုင်အကဲဖြတ်ခြင်း ................... ၁၄

**၃.၂ ကျောင်းသို့မရောက်လာသော ကလေးများနှင့် အဘယ်ကြောင့်မရောက် လာရသည့် အကြောင်းတို့ကိုရှာဖွေခြင်း .................................... ၁၈**

ကျောင်းနှင့် ရပ်ရွာဒေသ မြေပုံ ရေးဆွဲခြင်း .......................................... ၁၈

ကျောင်းမြေပုံရေးဆွဲခြင်းတွင် ကလေးများ၏ပါဝင်မှု ................................ ၂၂

ကလေးများကျောင်းသို့မရောက်နိုင်ရခြင်းအကြောင်းကို ရှာဖွေခြင်း ........... ၂၇

**၃.၃ ကလေးအားလုံးကျောင်းသို့ရောက်ရှိရေးအတွက်ဆောင်ရွက်ချက်များ ....... ၃၉**

ဆောင်ရွက်ရန်စီမံချက်လုပ်ငန်းများ ...................................................... ၃၉

လုပ်ငန်းအတွက်အကြံဉာဏ်များ ......................................................... ၄၃

**၃.၄ ကျွန်ုပ်တို့ မည်သည်တို့ကို သင်ယူပြီးသနည်း။ ................................ ၅၇**



## လက်စွဲ ၃.၁
## သင်ယူခွင့် မရသူများမှာမည်သူတွေနည်း။


မိမိရပ်ရွာဒေသထဲတွင် ကျောင်းသို့ရောက်မလာနိုင်သေးသည့် ကလေးများကို ရှာဖွေခြင်းသည် လူတိုင်းအကျုံးဝင်ပညာရေး သင်ယူပျော်ဝန်းကျင်ကို ဖန်တီးဖော်ဆောင်ခြင်း၊ မိသားစုများနှင့် ရပ်ရွာပြည်သူတို့ပါဝင်မှု၏ အရေးကြီးသည့်အဆင့်တစ်ဆင့် ဖြစ်ပါသည်။ သင့်တပည့်များ၏ ညီအစ်ကို မောင်နှမများ သို့မဟုတ် သူတို့၏သူငယ်ချင်းများ ကျောင်း မတက်နိုင်ခြင်း၊ ကျောင်းမလာခြင်း အကြောင်းများကို စဉ်းစားမိပါသလား။ အကယ်၍ မိမိတို့သည် ထိုကလေးများကို လူတိုင်းအကျုံးဝင်ကျောင်း စာသင်ခန်းသို့ရောက်လာစေရန် ရည်စူးပါက ထိုကလေးများ ကျောင်းနေနိုင်အောင်စီစဉ်ခြင်း၊ ထိုကလေးများ၏ဘဝအတွက် လိုအပ်သော အသိပညာကျွမ်းကျင်မှုများရအောင် သင်ယူရာ၌ကူညီခြင်းတို့ကိုဆောင်ရွက် ပေးရမည်။ ထို့အပြင် ထိုကလေးများအဘယ်ကြောင့် ကျောင်းသို့ရောက်မလာနိုင်ခြင်း အကြောင်းကိုလည်း နားလည်ရန်လိုအပ်ပါသည်။

### လူတိုင်းအကျုံးဝင်ပညာရေးသင်ယူမှုတွင်အဟန့်အတားများ ရှာဖွေဖော်ထုတ်ခြင်း

အောက်ဖော်ပြပါ ဖြစ်ရပ်လေ့လာခြင်းကို သင်ကိုယ်တိုင် သို့မဟုတ် သင့်လုပ်ဖော် ကိုင်ဖက်များအားဖတ်ပြပါ–

***မောင်တစ်***သည် ၁၂–နှစ်အရွယ်ကလေးတစ်ယောက်ဖြစ်သည်။ ပူပြင်းသော နွေရာသီနေ့များ သို့မဟုတ် အလွန်အေးသော ဆောင်းရာသီနံနက်တိုင်း၌ ***မောင်တစ်*** သည် ဝမ်းရေးအတွက်နှင့် ငွေအနည်းငယ်ကို ရနိုင်ရန်ရပ်ရွာထဲတွင် သွားလာလှည့်လည် အလုပ်လုပ်ရပါသည်။ တစ်ခါတစ်ရံ သူသည် ကုန်ခြောက်ဆိုင်၌ ပစ္စည်းများကို သေသပ်အောင်ထားခြင်း၊ ရှင်းပေးခြင်းဖြင့် ကူညီပေးရသည်။ တစ်ချိန်တစ်ခါတွင် အနီးအနားရှိ ခေါက်ဆွဲဆိုင်၌ပန်းကန်များကို ဆေးပေးရသည်။ အကယ်၍ အလုပ်မရှိပါက လမ်းတစ်လျှောက် စွန့်ပစ်ထားသောပုလင်းနှင့် ဘူးများကို ကောက်၍ အလေအလွင့်ပစ္စည်း ပြန်လည်ပြုပြင် အသုံးပြုသောနေရာ၌ သွားရောင်းသည်။ အမှန်တကယ်ခဲယဉ်းသော အခြေအနေများတွင် သူသည် ရပ်ကွက်ဘုရားကျောင်းသို့လာသော လူများထံပိုက်ဆံ တောင်းသည်။ ကံကောင်းသောနေ့၌ သူသည် ကိုးရာမှတစ်ထောင်ကျပ်အထိရ၍ ကံမကောင်းသောနေ့တွင် ကျပ်နှစ်ရာခန့်သာရသည်။ ငွေရဖို့အတွက်ဆိုလျှင် ပိုက်ဆံ

ပေးပါက သူတို့ခိုင်းသမျှကို ကျွန်တော်လုပ်မှာပဲဟု စိတ်အားထက်သန်စွာပြောသည်။ ယခင်ကမောင်တစ်သည် ကျောင်းသို့ သွားလေ့ရှိပါသည်။ ယခုအခါ စာသင်ရန်ထက် ဝမ်းရေးအတွက်ငွေရရှိဖို့ကိုသာ၍ အလိုရှိနေလေသည်။



## ဆောင်ရွက်ရန်လုပ်ငန်း။ လူတိုင်းအကျုံးဝင်ပညာရေးတွင်ရှိသော အဟန့်အတားဖြစ်စေသည့် အချက်များကိုခွဲခြားဖော်ပြခြင်း

အကယ်၍ သင်သည် လုပ်ဖော်ကိုင်ဖက်များနှင့် အတူတကွ လုပ်ဆောင်ပါက နှစ်ဦးသို့မဟုတ်လေးဦးအဖွဲ့ဖွဲ့ပါ။ အကယ်၍ တစ်ဦးတည်း ဆောင်ရွက်ပါက သင် ကိုယ်တိုင် ဤလုပ်ငန်းကို လုပ်ဆောင်ပါ။

❖ ပထမအဆင့်အနေဖြင့် ကျောင်းမသွားသည့် အကြောင်းပြချက်တချို့ကို အားလုံးက စဉ်းစားကြည့်ပါ။ ပြီးလျှင်လူတစ်ယောက်ချင်းက ကူညီနိုင်မည့် အချက်များကို အတိုချုံးရေးကြပါ။ အချိန် ၅–မိနစ်ယူပါ။

❖ ကလေးတစ်ဦး၏သင်ယူမှုဝန်းကျင်တွင် သူ၏ကျောင်း၊ မိသားစုနှင့် ရပ်ရွာလူထုတို့ပါဝင်ပါသည်။ သူကိုယ်တိုင်လည်းပါဝင်ပါသည်။ ဆိုလိုသည်မှာ သူကိုယ်တိုင်ကျောင်းသို့ သွားလိုစိတ်ရှိခြင်းဖြစ်သည်။ ထို့နောက် အဖွဲ့အသီးသီးကို သင်ယူမှုဝန်းကျင်တစ်ခုစီပြုလုပ်ခိုင်းပါ။ တစ်ဖွဲ့သည် ကျောင်း၊ နောက်တစ်ဖွဲ့သည် မိသားစု၊ နောက်တစ်ဖွဲ့သည် ရပ်ရွာလူထုနှင့် စတုတ္ထအဖွဲ့သည် မောင်တစ်ကဲ့သို့သော ကလေးအဖြစ် စဉ်းစားပါ။ အကယ်၍ အဖွဲ့(၂)ဖွဲ့ဖြစ်ပါက တစ်ဖွဲ့စီသည် သင်ယူမှုဝန်းကျင်(၂)မျိုး ကိုစဉ်းစားလုပ်ဆောင်ပါ။ အကယ်၍ တစ်ဦးတည်း လုပ်ဆောင်ပါက ထိုသင်ယူမှုဝန်းကျင်၄–မျိုးလုံးကို စဉ်းစားလုပ်ဆောင်ပါ။

❖ တစ်ဖွဲ့စီကို ပိုစတာစာရွက်ဖြူတစ်ရွက်စီပေးပါ။ ထို့နောက်မိမိတို့ စဉ်းစားလုပ်ဆောင်သော သင်ယူမှုဝန်းကျင်ကို စာရွက်ထိပ်မှာ ရေးရန်ပြောပါ။ သင်ယူမှုဝန်းကျင်တစ်ခုစီအတွက် တစ်ရွက်စီဖြစ်ပါသည်။

❖ ***မောင်တစ်*** ကျောင်းမလာနိုင်အောင် ဖြစ်စေသော သင်ယူမှုဝန်းကျင်၌ရှိသည့် ဖြစ်နိုင်သော အဟန့်အတားများကို အဖွဲ့တွင်း၌ ဆွေးနွေးပါ။ သင်ယူမှုဝန်းကျင်၌ရှိသော ထိုအနှောင့်အယှက် အတားအဆီးများကို ပိုစတာစာရွက်တွင် စာရင်းပြုစုပါ။ ထို့နောက် တစ်ဖက်ဖော်ပြပါအခန်းကို ဖတ်ပါ။

## ကလေးများကျောင်းတွင်မရှိရခြင်း၏အကြောင်းရင်းအချို့

### မောင်တစ်(ကလေး)

ကလေး၏စရိုက်လက္ခဏာ သို့မဟုတ် သူနေထိုင်ရသော အခြေအနေသည် ထိုကလေး ကျောင်းတက်ရောက်နိုင်ခြင်း၊ ကျောင်းတက်လိုခြင်းကို တစ်စိတ်တစ်ပိုင်းအားဖြင့် သက်ရောက်မှု ရှိပါသည်။ သာဓက–ဝင်ငွေရှာနိုင်သောအလားအလာများ၊ မျှော်လင့်ချက်များ သည် ကလေးကျောင်းတက်နေခြင်းထက် မိမိအိမ်ကိုစွန့်ခွာ၍ မြို့ကြီးပြ ကြီး သို့ထွက်ခွာခြင်း ကို အားပေးကောင်းအားပေးမည်။ အောက်ဖော်ပြပါ အကြောင်းအချက်များသည် ကလေး ကျောင်းမတက်နိုင်ခြင်းနှင့် ဆက်စပ်ကာအဓိကအကြောင်းရင်းများအချို့ဖြစ်သည်။ ကလေး ကျောင်းသို့ တက်ရောက်လာစေရန်ဖန်တီး ကလေးဗဟိုပြု အကြောင်းအချက်များသည် သင်၏ရပ်ရွာအဖွဲ့အစည်း၊ သင့်တိုင်းပြည်နှင့် ယဉ်ကျေးမှု တွင်ရှိနေပါသလား။

## အိုးမဲ့အိမ်မဲ့ဖြစ်ခြင်းနှင့် အလုပ်လုပ်ရန်လိုအပ်ခြင်း

ဤကဲ့သို့သောကလေးများကိုမိမိတို့နေ့တိုင်းတွေ့ရပါသည်။ အထူးသဖြင့် မြို့ကြီးများတွင် နေထိုင်ခဲ့လျှင် ပိုက်ဆံတောင်းရမ်းခြင်း သို့မဟုတ်တစ်နည်းနည်းဖြင့် ငွေရအောင် လှုပ်ရှားနေကြသည်ကို မိမိတို့သတိပြုရန်ခက်ခဲပေမည်။ လမ်းသည် သူတို့ အတွက် အိမ်နှင့် ငွေရရှိနိုင်သော နေရာပင်ဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်းလုံး၌ လေလွင့် ကလေးများ သန်း ၁၀၀ ကျော်ရှိပါသည်။ လေလွင့်ကလေးများသည် အများအားဖြင့် ကျောင်းထွက်ပြီး အလုပ်လုပ်နေရသော ကလေးများ သို့မဟုတ် အိမ်ရာမရှိသော မိန်းကလေး၊ ယောကျ်ားလေးများဖြစ်ကြသည်။ အိမ်မဲ့ရာမဲ့ဖြစ်နေသောကလေးများ (လေလွင့်ကလေးများ) သည် ခေါင်းပုံဖြတ်မှု အများဆုံးခံရကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ကိုယ့်မိသားစု၊ ကိုယ့်လူ့အဖွဲ့အစည်း၊ ကျောင်းနှင့် ခိုင်မာသောဆက်သွယ်မှု မရှိသောကြောင့် ဖြစ်သည်။ လေလွင့်ကလေးအားလုံးသည် မိသားစုမရှိသော ကလေးများမဟုတ်ကြပါ။ အချို့သည် ဝမ်းရေးအတွက်လမ်း၌ငွေရှာပြီး ညအချိန်၌ မိမိ၏ မိသားစုထံသို့ ပြန်ကြသည်။ ဤအဖြစ် မျိုးသည် အထူးသဖြင့် ပညာရေးကို တန်ဖိုးမထားသော ကလေးများ၊ ကျောင်းစာကို (သို့မဟုတ်) နိုင်ငံရေးပဋိပက္ခ၏ သက်ရောက်မှုကြောင့် စာသင်ကြားနိုင်ရေးထက် အသက်ရှင်နိုင်ရေးကိုပို၍ ဦးစားပေးနေသောကလေးများ၌ ဖြစ်နေရပါသည်။ အိမ်မဲ့ရာမဲ့ ကလေး (လေလွင့်ကလေး) အတော်များများသည်သူတို့၏ မိသားစုနှင့် အနည်းငယ်သာ ဆက်သွယ်မှုရှိခြင်းသို့မဟုတ်အဆက်အသွယ် လုံးဝမရှိခြင်းမျိုးဖြစ်တတ်သည်။ လူကြီးများ၏

ကြီးကြပ်ကွပ်ကဲမှုကိုလည်း မရရှိပါ။ ထို့အပြင် သူတို့သည် ကိုယ်ခန္ဓာသို့မဟုတ် လိင်မှုဆိုင်ရာများနှင့်ပတ်သက်ပြီး အိမ်၌ မတော်မတရားပြုခြင်းကို ခံကြရသူများလည်းဖြစ်တတ်ကြပါသည်။ ဤသို့ဖြင့် သူတို့သည် အိမ်မှထွက်ပြေးရန် အကြောင်းဖြစ်ရပြီး၊ လမ်းပေါ် ရောက်ရသောအဖြစ်ကို ကြုံခဲ့ကြရပါသည်။ လမ်းပေါ်၌ အလားတူ အကြမ်းဖက်မှုများကို ရင်ဆိုင်ကြုံတွေ့ကြရပါသေးသည်။

**နေထိုင်မကောင်းခြင်းနှင့် အစာအာဟာရချို့တဲ့ငတ်မွတ်ခြင်း။** အကယ်၍ကလေးများသည် ဖျားနာနေလျှင်သော်လည်းကောင်း၊ အစားအစာဆာလောင်နေသောအခါ၌ လည်းကောင်း၊ အာဟာရချို့တဲ့နေသောအခါတွင်လည်းကောင်း၊ သင်ယူမှုကို မပြုလုပ်နိုင်ပါ။ မကြာခဏဖြစ်လာသောအခါ ထိုကလေးများသည် ကျောင်းပျက်လာ၍ သူတို့ကို သင်ယူမှုနှေးသောကလေးများဟု ခွဲခြားသတ်မှတ်လာကြ သည်။ သူတို့အတွက် လိုအပ်သော ဂရုစိုက်မှုကိုမရသောအခါသူတို့သည် အတန်းစာသင်ဖော်များ မဟုတ်သကဲ့သို့ခံစားရပြီး ကျောင်းထွက်သွားသည်အထိ ဖြစ်ကြသည်။ သူတို့၏ဖျားနာခြင်းသို့မဟုတ် အစာ အာဟာရချို့တဲ့ခြင်းသည် ဘဝတစ်လျှောက်လုံးအကျိုးဆက်အဖြစ် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်သကဲ့သို့ ဉာဏ်ရည်နိမ့်ကျမှုကိုပါ ဖြစ်စေပါသည်။

**မွေးစာရင်းမှတ်ပုံတင်ခြင်း။** တချို့သောနိုင်ငံများတွင် မောင်တစ် ကဲ့သို့ မွေးစာရင်းမှတ်ပုံတင်ပြုလုပ်ထားသည့် အထောက်အထားမရှိသောကလေးများသည် ကျောင်းတက်ရောက်နိုင်ခွင့်မရှိပါ။ သို့တည်းမဟုတ် သတ်မှတ်ထားသော ကျောင်းနှစ်အနည်းငယ်သာ နေခွင့်ရရှိသည်။ ဤသတ်မှတ်ချက်သည် အထူးသဖြင့် မွေးစာရင်းမှတ်ပုံတင်ထားခြင်းမရှိသော မိန်းကလေးများအဖို့ကျောင်းဝင်ခွင့် သို့မဟုတ် စာမေးပွဲဖြေဆိုရန်အကျုံးမဝင်သည်ကိုလည်း ဖြစ်စေသည်။ တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့နေထိုင်သူ၊ လူမျိုးစုငယ်နှင့် ဒုက္ခသည်များအဖြစ် ဝင်ရောက်လာသူများလည်း ဤသို့ပင် သတ်မှတ်ခံကြရသည်။

**အကြမ်းဖက်မှုကို ကြောက်ရွံ့ခြင်း။** အိမ်မှကျောင်းသို့အလာ၊ ကျောင်းမှာ သို့မဟုတ် ကျောင်းမှအိမ်သို့ ပြန်သောအခါ အကြမ်းဖက်မှုကို ကြောက်နေရလျှင် ကလေးများ ကျောင်းသို့လာရန် ကြောက်ရွံ့နေတော့မည်။ ယောကျ်ားလေးများကို ရိုက်နှက်ခြင်း သို့မဟုတ် အနိုင်ကျင့်ခြင်း၊ မိန်းကလေးကိုအဓမ္မပြုစော်ကားခြင်း သို့မဟုတ် အခြားသောဒုက္ခ၊ စိတ်ညစ်စရာများကို တွေ့ကြုံနေရသူများ၊ ညှင်းပန်းနှိပ်စက်ခံရသူများသည် မိမိကိုယ်ကို သိမြင်

လေးစားမှု၌ လျော့ပါးလာပါသည်။ မောင်တစ်သည်လည်း ထိုကဲ့သို့ ညှင်းပန်းနှိပ်စက် ခံရသူတစ်ဦးဖြစ်ကောင်းဖြစ်မည်။ ကျောင်းသို့ ဆက်လက်သွားလိုခြင်း မရှိသူလည်း ဖြစ်နိုင်ပါသည်။

**မသန်စွမ်းမှုများနှင့် အထူးလိုအပ်ချက်များ။** မသန်စွမ်းနှင့် အထူးလိုအပ်ချက်ရှိ ကလေး အများစုကြီးမှာ ကျောင်းမနေနိုင်ကြပါ။ အထူးသဖြင့်ကျောင်းနှင့် ပညာရေးစနစ်တို့တွင် ရုပ်ပိုင်းစိတ်ပိုင်း သို့မဟုတ် သင်ယူမှုအဟန့်အတားရှိသူကလေးများ ပါဝင်သင်ယူနိုင်ခွင့် ဆိုင်ရာမူဝါဒနှင့် အစီအစဉ်များမရှိကြသောအခါ ကျောင်းမနေကြပါ။ လူတိုင်းအတွက် အကျုံးဝင်ပညာရေးဟု ဆိုခြင်းသည် ဤကဲ့သို့သော ကလေးများအတွက် ထည့်သွင်းစဉ်းစား၍ ဆိုခြင်း ဖြစ်ပါသည်။ ထိုကလေးများ သည်သင်ယူနိုင်စွမ်းမရှိဟူ၍ အဆိုးမြင်သဘောထား သို့မဟုတ် ယုံကြည်ချက်၊ ခံယူချက်ရှိနေလျှင် သူတို့သည် ကျောင်းသို့မည်သည့်အခါမှ လာမည်မဟုတ်ပါ။ ထိုကလေးများလည်း 'ပညာသင်ယူမှု အခွင့်အလမ်းရှိသည်၊ ကျောင်းတက်သင့်သည်'ဆိုသည်ကို မိဘများ သို့မဟုတ် ရပ်ရွာ အဖွဲ့အစည်းဝင်များက သတိပြုမိကောင်းပြုမိမည် မဟုတ်ပေ။ ကျောင်းအဆောက်အအုံများတွင်(အမြင့်တက် လှေကား ကဲ့သို့သည်) ထိုကလေးကျောင်းသို့ လာနိုင်ရန်အတွက် အတားအဆီး ဖြစ်ကောင်းဖြစ်နေမည်။ အတန်းထဲ၌ ကလေးဦးရေများခြင်းနှင့် ထိုကလေးများ၏ အထူးလိုအပ်ချက်များကို မသိနိုင်ခြင်းကြောင့် ထိုကလေးများသည် မကြာခဏ ကျောင်းထွက်လေ့ရှိပါသည်။ ထို့အပြင် သင်ရိုးညွှန်းတမ်း၌ပါဝင်သော အကြောင်းအရာ၊ သင်ကြားနည်းများနှင့် သင်ပြမှုပုံစံ (အကြားအာရုံ ၊ အမြင်အာရုံ)တို့သည် မသန်စွမ်းသောကလေးများ သို့မဟုတ် အထူးပံ့ပိုးမှု ပေးရန် လိုအပ်သည့်ကလေးများအတွက် ဆီလျော်မှု ရှိကောင်းမှရှိမည် ဖြစ်ပါသည်။

**ကိုယ်ဝန်ဆောင်ရခြင်း။** အချို့သောတိုင်းပြည်နှင့်ရပ်ရွာလူအဖွဲ့အစည်းတွင်မိန်းကလေး များ ကိုယ်ဝန်ရလာ လျှင် ကျောင်းတက်ခွင့်မရတော့ပါ။ အဘယ့်ကြောင့်ဆိုသော် သူတို့၏ နမူနာသည်အခြား သောကလေးများအား လွဲမှားသော အားပေးမှုဖြစ်မည်ကိုကြောက်ရွံ့သော ကြောင့်ဖြစ်သည်။ အဓမ္မပြုကျင့် ခံရ၍ ကိုယ်ဝန်ရလာလျှင်တောင်မှ ထိုအချင်းအရာသည် မိသားစုအတွက် အရှက်ရစေပါသည်။ ထိုအကျိုး ဆက်ကြောင့် သူမကို မိသားစုများကပင် ပြောဆိုဆက်ဆံပေါင်းသင်းလိုစိတ်မရှိတော့သည့်အပြင် ကျောင်းတက်ဖို့ရန်လည်း အကြောင်း မရှိဟုမြင်လာတတ်ကြသည်။

**မိသားစုဝန်းကျင်။** မိသားစုနှင့် ရပ်ရွာအဖွဲ့အစည်းများသည် ကလေးများအတွက် အကာအကွယ်ပေး ဂရုစိုက်သောသူများ၊ ကလေးများလတ်တလောရင်ဆိုင်နေရသည့် ပြဿနာများကို နားလည်နိုင်ပြီး ရေရှည်တည်တံ့သောနည်းလမ်းများဖြင့် ဖြေရှင်းရပ်တည်ကာ ရှေ့တန်းမှ လုပ်ဆောင်ပေးသောသူများဖြစ်ကြပါသည်။ နိုင်ငံအများစုတွင် ကလေးများကျောင်းထွက်စောမှုနှင့် ပတ်သက်၍ အထိရောက်ဆုံးအကာအကွယ်ပေးမှု နည်းလမ်းမှာ ဂရုစိုက်ခြင်း၊ ထုတ်လုပ်စွမ်းအားခိုင်မာပြည့်စုံသောမိသားစုနှင့်၊ ရပ်ရွာအဖွဲ့အစည်းများကသာ ဆောင်ရွက်နိုင်ခြင်းဖြစ်ပါသည်။ ကလေးများကျောင်းတက်မှုကို သက်ရောက်မှုရှိစေသော မိသားစုနှင့်ရပ်ရွာအဖွဲ့အစည်း၌ရှိသည့် အဓိကအကြောင်းရင်း အချို့မှာအောက်ပါအတိုင်းဖြစ်သည်။ **ကလေးများ ကျောင်းနေမှုအပေါ် သက်ရောက်မှုရှိနိုင်သော မိသားစု၊ ရပ်ရွာအဖွဲ့အစည်းများဆိုင်ရာ အချက်များသည် သင်၏ လူမှုအသိုင်းအဝိုင်း၊ နိုင်ငံ သို့မဟုတ် ယဉ်ကျေးမှုတွင် ရှိပါသလား။**

**နွမ်းပါးခြင်းနှင့် ပညာရေး၏လက်တွေ့တန်ဖိုးထားမှု။** ဆင်းရဲနွမ်းပါးခြင်းကြောင့် ကလေးများကျောင်းမနေနိုင်ကြပါ။ ထို့အတူ ကလေးတစ်ဦးသည် ကျောင်းမတက်နိုင်လျှင် သူ၏အသက်မွေးမှုအတွက် လိုအပ်သောဝင်ငွေကို အလုံလောက်မရရှိနိုင်သည့်အပြင် ဆင်းရဲတွင်း၌ပင် ရုန်းကန်နေရမည်ဖြစ်သည်။ ငွေကြေးအခက်အခဲ ကြောင့် ဘဝအတွက် အခြေခံလိုအပ်ချက်များကို ပေးရန်မိဘများသည် ဘေးကြပ်နံကြပ် ဖြစ်ကြရသည်။ ထိုကြောင့် မောင်တစ်ကဲ့သို့သောကလေးများသည် သူတို့၏ပညာရေးနှင့် ရှေ့ဘဝအတွက် လိုအပ်သော အသုံးစရိတ်နှင့် မိဘများ၏ ဝင်ငွေအတွက်ကို ဝိုင်းဝန်းရှာကြရပါသည်။ အထူးသဖြင့် ပညာရေးသည် သူတို့၏ဘဝအတွက် အဓိပ္ပာယ်မရှိဟု ထင်မြင်ခံစား နေသော မိသားစု၌ ဤကဲ့သို့သောအဖြစ်များကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ ထိုသို့သော မိဘများသည် သူတို့၏ကလေးများ အဘယ့်ကြောင့်ကျောင်းတက်သင့်သည်ကို နားမလည်ကြသူများ ဖြစ်ပါသည်။ ထိုမိဘများသည် သူတို့၏ကလေးများ တော်သင့်ရုံသော ပညာကို ရရှိပြီး တော်သင့်သောအလုပ်ကိုကျွမ်းကျင်မှုရရှိခြင်းသည် စာသင်ခန်း၌ သင်ကြားနေခြင်းထက် ပို၍တန်ဖိုးရှိသည်ဟု ထင်မြင်ကောင်းထင်မြင်နေပါမည်။

**ပဋိပက္ခ။** ငွေရေးကြေးရေး သို့မဟုတ် အခြားသောပြဿနာများကြောင့် မိဘများသည် သူတို့၏ကလေးအပေါ် ဝေဖန်ပြစ်တင်ခြင်း၊ အချင်းများခြင်းများဖြစ်ပြီး ၎င်းတို့သည် အဆုံး၌ အကြမ်းဖက်ခြင်းနှင့် မဟုတ်မတရားပြုမူတတ်ခြင်းများဘက်သို့ ဦးတည်ရောက်ရှိ သွားတတ်

ပါသည်။ ၎င်းအချက်များသည် မောင်တစ်ကဲ့သို့ ကလေးများအား ကျောင်းတက် မမှန်မှုနှင့် ကျောင်းသို့မဟုတ် အိမ်မှထွက်ပြေးရခြင်းကို ဖြစ်စေသည်။

**လုံလောက်သောပြုစုစောင့်ရှောက်မှုမရှိခြင်း။** ဝမ်းရေးအတွက်ငွေကြေးရရှိရန် လိုအပ်သောကြောင့် မိဘများသည် အိမ်မှထွက်၍ အခြားသောနေရာ၌ ယာယီ သို့မဟုတ် အချိန်ကြာမြင့်စွာပြောင်းရွှေ့အလုပ်လုပ်ကြရပါသည်။ အဆုံးတွင် ကလေးများကို မောင်တစ်ကဲ့သို့ပင် အဘိုးအဘွား သို့မဟုတ် အခြားသောသူများထံ အပ်ခဲ့ရပါသည်။ ထိုလူများတွင် ပညာဗဟုသုတ၊ အတွေ့အကြုံ သို့မဟုတ် ကလေးများကို သင့်လျော်သော ပြုစုစောင့်ရှောက်မှုများပေးရန် အထောက်အကူများရှိချင်မှရှိမည်။ ငွေအလွန်အမင်းလိုအပ်လာလျှင် သူတို့သည် ပညာရေးကိုလည်း တန်ဖိုးထားချင်မှ ထားပေလိမ့်မည်။

**HIV / AIDS ဝေဒနာသည်များကို ခွဲခြားဆက်ဆံခြင်းနှင့် ကဲ့ရဲ့ရှုတ်ချခြင်း။** AIDS ရောဂါကြောင့် သေဆုံးသွားသော မိဘများ၏ ကလေးများသည် မိဘရှိသော ကလေးများထက် ကျောင်းတက်ရန် အလားအလာနည်းပါးပါသည်။ အချို့သောနိုင်ငံများတွင် အထူးသဖြင့် မိန်းကလေးများကို သူတို့၏ညီအစ်ကိုမောင်နှမများအား ကြည့်ရှုရန် သို့မဟုတ် နာဖျားသူကို ပြုစုရန် သို့မဟုတ် မိသားစုဝင်ငွေအတွက် အထောက်အပံ့ပြုနိုင်ရန်အတွက် ကျောင်းမှ ထွက်ခိုင်းပါသည်။ အချို့သော ဖြစ်ရပ်များတွင် ထိုကဲ့သို့သော ကလေးများကို ကူးစက်ရောဂါပြန့်ပွားစေသော သူများဟူ၍ရပ်ရွာအဖွဲ့ အစည်းအသီးသီးနှင့် ဆရာများကပင် ထင်မြင်ကာ ကျောင်းသို့လာရောက်ခွင့်မပေးပေ။ မောင်တစ် သို့မဟုတ် သူ၏မိသားစုသည် HIV ရောဂါပိုးရှိကောင်းရှိနေမည်။

## ရပ်ရွာအဖွဲ့အစည်းပတ်ဝန်းကျင်

**ကျား မခွဲခြားခြင်း။** အစဉ်အလာ ဓလေ့ထုံးစံ ယုံကြည်မှုဖြစ်သည့် အမျိုးသားနှင့် အမျိုးသမီးတို့၏အခြေအနေနှင့် ကဏ္ဍ မတူညီခြင်းသည် အမျိုးသမီးများ၏ ကျောင်းနေရေးကို ကန့်သတ်ထားမှု တစ်ခုဖြစ်တတ်ပါသည်။ လူ့အသိုင်းအဝိုင်းတွင်အမျိုးသမီးများသည် အမျိုးသားများ ထက်နိမ့်ကျသည်ဟု ယုံကြည်ကြသည်။ မိန်းကလေးများသည် အိမ်တွင်နေ၍ အိမ်မှုကိစ္စကိုသာဆောင်ရွက်ရသည်။ ဤသို့ဖြစ်ရခြင်းမှာ မိရိုးဖလာအလေ့အကျင့်ဖြစ်သည့် မိန်းကလေးများသည် ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ပြုလျှင် မွေးရပ်မြေကို

စွန့်ခွာသွားရသောအဖြစ်ကြောင့် ဖြစ်သည်။ ထို့ကြောင့် မိန်းကလေးများသည် မိသားစုအတွက် အကူအညီကို မပေးနိုင်သဖြင့် မိဘများသည်လည်း သူတို့ပညာရေးအတွက် ငွေအကုန်ခံလိုစိတ်များ မရှိကြခြင်းဖြစ်သည်။ မောင်တစ်သည်လည်း ထိုသို့အခြေအနေမျိုးကြောင့် ကျောင်းပြေးကောင်းပြေးမည် ဖြစ်သည်။

**ယဉ်ကျေးမှုမတူညီခြင်းနှင့် ဒေသဆိုင်ရာဓလေ့ထုံးစံများ။** ဘာသာစကား၊ ဘာသာအယူဝါဒ၊ ဇာတ်နှင့် အခြားသောယဉ်ကျေးမှုသွင်ပြင်များ အလွန်အမင်းခြားနားသောမိသားစုမှ ဆင်းသက်လာသည့်ကလေးများသည် ကျောင်းသို့တက်ရောက်ရန် ငြင်းပယ်မှုများနှင့် ကြုံရပါသည်။ တစ်ခါတစ်ရံ သူတို့ကိုအဆင့်နိမ့်သောပညာရေး၊ အရည်အသွေးနည်းပါးသောသင်နည်းများနှင့် သင်ထောက်ကူပစ္စည်းအနည်းငယ်ဖြင့်သာ သင်ကြားပေးပါသည်။ သူတို့သည် အခြားသောသူများထက် အထက်တန်းပညာရေးကို သင်ကြားရန်အခွင့်အလမ်းနည်း ပါးပါသည်။ ထို့အပြင် အချို့သော နိုင်ငံများ၌ ဒေသဆိုင်ရာဓလေ့ထုံးစံအယူအဆအရ ကျောင်းနေရေးအကျိုးအခွင့်ကို မခံစားရဘဲ ကလေးဘဝမှစ၍ အလုပ်လုပ်ကြရပါသည်။ ဤအယူအဆကြောင့် ဆွေမျိုးအစဉ်အဆက်သည် ဆင်းရဲမှုနှင့် စာမတတ်မှုသံသရာထဲမှ ရုန်းမထွက်နိုင်ဘဲ အဆုံးမသတ် ဖြစ်နေရပါသည်။ မောင်တစ်သည်လည်း ထိုကဲ့သို့သော အသိုင်းအဝိုင်းများမှ တစ်ဦးဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။

**အဆိုးမြင်သဘောထားများ။** ဘဝနောက်ခံနှင့် စွမ်းရည်အမျိုးမျိုးနှင့် ပတ်သက်၍ ကလေးအပေါ်မကောင်းမြင်သောသဘောထားများသည် ကလေးများကျောင်းသို့ ရောက်ရှိရေးအတွက် အကြီးဆုံးသော အတားအဆီးတစ်ခုဖြစ်ပေသည်။ အဆိုးမြင် သဘောထားများကို မိဘ၊ ရပ်ရွာအဖွဲ့အစည်းမှ အဖွဲ့ဝင်များ၊ကျောင်းနှင့် ဆရာ၊ ဆရာမများ၊ အစိုးရအဖွဲ့အစည်းများနှင့် ဘေးဖယ်ခြင်းခံရသော ကလေးများကိုယ်တိုင်အထိ အဆင့်အသီးသီး၌ တွေ့မြင်ရတတ်ပါသည်။ ကြောက်ရွံ့မှုများ၊ ဘာသာရေးအရတားမြစ်မှုများ၊ ရှက်ရွံ့မှု၊ လျစ်လျူရှုမှုနှင့် မှားယွင်းသောသတင်းအချက်အလက်များ၊ အခြားသောအကြောင်းများသည် ထိုကလေးများနှင့် သူတို့၏အခြေအနေများအပေါ်၌ အဆိုးမြင်သဘောထားများကို ဖြစ်စေရန် အားပေးတတ်ပါသည်။ ထိုကလေးတို့အပြင် သူတို့၏မိသားစုများသည် မိမိကိုယ်ကို အလေးထားမှု၌ လျော့ပါးလာခြင်း၊ ပေါင်းသင်းဆက်ဆံမှုများ မလုပ်ရန် ပုန်းရှောင်ခြင်း၊ ရှောင်ရှားခြင်းနှင့် ရပ်ရွာအသိုင်းအဝိုင်း အဖွဲ့ဝင်များအဖြစ်မှ ပျောက်ကွယ်လာသည်။ ဤအကြောင်းအရာ

များကြောင့် သူတို့သည် မိမိတို့၌ အခြားသောကလေးများကဲ့သို့ တူညီသော အခွင့်အလမ်းနှင့် လိုအပ်မှုများရှိသော်လည်း ကျောင်းပြင်ပ သို့ရောက်ရန်ဖြစ်ရ တော့သည်။ မောင်တစ်သည် လည်း ထိုကဲ့သို့သော အဆိုးမြင်သဘောထားများဖြင့် အမြင်ခံရသူဖြစ်ကောင်း ဖြစ်နိုင် ပါသည်။

## ကျောင်းပတ်ဝန်းကျင်

ကျောင်းများ၏ လုပ်ငန်းတာဝန်မှာ ကလေး**အားလုံး** သူတို့ဘဝအတွက် ကျွမ်းကျင်မှု နှင့် ဘဝတစ်သက်တာ သင်ယူနိုင်ရေးအတွက် ပညာရေးကို ထိရောက်စွာပေးခြင်း ပင်ဖြစ်ပါသည်။ ဘဝနောက်ခံနှင့် စွမ်းရည်အမျိုးမျိုးရှိသော မိန်းကလေးနှင့် ယောကျ်ား လေးများ (ဆိုလိုသည်မှာမသန်စွမ်းကလေးများ)ကို ပညာပေးရန် ကျောင်း၌ လုံလောက်သော ပစ္စည်းများမရှိပါ။ မိသားစုနှင့် ရပ်ရွာလူထုအသိုင်းအဝိုင်းများက ကျောင်းပြင်ပရောက်နေသော ကလေးများကိုကူညီပေးခြင်း၊ အခြေအနေများကိုပို၍ တိုးတက်အောင် ပြုလုပ်ပေးရုံဖြင့် လူတိုင်းအတွက် အကျုံးဝင်သော ကျောင်းဖြစ်မလာနိုင်သေးပေ။ ကျောင်း**အတွင်း**၌ပင် ရှိနေသောအချက်များသည် တချို့သောကလေးများအား ကျောင်းသို့မလာရေးအတွက် အခြေအနေဖန်တီး အားပေးနေသလိုရှိနိုင်သည်။ မောင်တစ် ကဲ့သို့ကျောင်းခေါ်ကြိမ်နည်းပြီး ကျောင်းစောစောထွက်ခြင်းမျိုးလည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ **သင်**နှင့် သင့်လုပ်ဖော် ကိုင်ဖက်များသည် အရေးပါသောကဏ္ဍများကို လုပ်ဆောင်ရပေမည်။ သင်၏ကျောင်းကို ကလေးတိုင်းသင်ယူနိုင်သော နေရာအဖြစ်ပြောင်းလဲနိုင်ပါသည်။ အောက်ဖော်ပြပါအချက် များသည် ကလေးများအဘယ်ကြောင့် ကျောင်းသို့မလာရသော အကြောင်းပြချက်တချို့ဖြစ် ပါသည်။ **ကလေးများကျောင်းတက်မှုကို ထိခိုက်စေသောအချက်များ သင်၏ကျောင်း တွင်ရှိပါသလား။**

**ကုန်ကျစရိတ် (ပေါ်လွင်/ငုတ်လျှိုး)** ။ ဆင်းရဲသောမိသားစုအတွက် ကျောင်းလခ၊ စာမေးပွဲကြေး၊ ကျောင်းအတွက် ထည့်ဝင်မှုများသို့မဟုတ် မိဘဆရာအသင်းကြေးများ သာမက စာအုပ်၊ ခဲတံ၊ ကျောင်းဝတ်စုံစရိတ် သို့မဟုတ် ကျောင်းသွားလာစရိတ် များသည် ကလေးများကို မောင်တစ်ကဲ့သို့ပင် ကျောင်းပြေးစေသော အကြောင်းများ ဖြစ်စေပါသည်။

**ကျောင်းတည်နေရာဒေသ။** အထူးသဖြင့်တောရွာဒေသများတွင်အကယ်၍ကျောင်းသည် ရပ်ရွာနှင့်ဝေးပါက မောင်တစ်ကဲ့သို့သော ကလေးများအတွက်လုံခြုံသော အိမ်၌ပင်ရှိ

သင့်ပါသည်။ အထူးသဖြင့် မိန်းကလေးဆိုပါမူ လုံခြုံစိတ်ချရမှုအတွက် စိတ်ပူပြီးဝေးလံသော နေရာရှိကျောင်းသို့ တက်ရောက်ရန် မိဘများသည် အားမပေးချေ။ မသန်စွမ်းသော ကလေးများအတွက်လည်း သင့်လျော်သော ပို့ဆောင်ရေးအစီအစဉ်မရှိပါက ထိုကလေး များသည်လည်း ကျောင်းသို့တက်ရောက်နိုင်မည်မဟုတ်ချေ။

**ကျောင်းအချိန်ဇယား။** မောင်တစ်သည် စာသင်ချင်ကောင်းသင်မည်ဖြစ်သော်လည်း ပုံမှန် ကျောင်းတက်ချိန်၌ မသင်ကြားနိုင်ပါ။ ကျောင်းအချိန်ဇယားနှင့် ကျောင်းပြက္ခဒိန်သည် မောင်တစ်၏အလုပ်ချိန်နှင့် တိုက်နေသောကြောင့် သူသည်စာသင်ကြားမှုနှင့် ဝင်ငွေရှာမှု တို့ကို တစ်ချိန်တည်း၌ မလုပ်နိုင်ရာပါ။ ထို့အပြင် မိန်းကလေးများသည် အိမ်မှုကိစ္စများနှင့် မောင်ငယ်ညီမငယ်များကို ကြည့်ရှုစောင့်ရှောက်ရသော မိသားစုတာဝန်များကိုလည်း လုပ်ရသဖြင့် ကျောင်းတက်ချိန်နှင့် မကိုက်ညီ၍ ကျောင်းထွက်ကြရပါသည်။

**အထောက်အကူပစ္စည်းများ။** အချို့ကလေးများ ကျောင်းသို့မတက်ရောက်ခြင်း အကြောင်းရင်းတစ်ခုမှာ ကျောင်း၌ လုံလောက်သော အထောက်အကူပစ္စည်း မရှိသောကြောင့် ဖြစ်သည်။ သာဓက–အပျိုဖော်ဝင်စမိန်းကလေးအတွက် ကျောင်းအိမ်သာ သီးသန့်စီမရှိပါက ထိုကလေးများ ဓမ္မတာ(ရာသီ)လာချိန်၌ ကျောင်းသို့လာလိုစိတ်လျော့ပေမည်။ လုံလောက်မှု မရှိသော အထောက်အပံ့ပစ္စည်းများကြောင့် မသန်စွမ်းသောကလေးများသည်လည်း ကျောင်းသို့လာရန် ခက်ခဲပေမည်။ မောင်တစ်သည်လည်း ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် အခြားသော မသန်စွမ်းသည့်အချက်များ ရှိကောင်းရှိပေမည်။

**ကြိုတင်ပြင်ဆင်ထားရှိမှု ။** ဘဝနောက်ခံနှင့်စွမ်းရည်အမျိုးမျိုးရှိသော မသန်စွမ်းသော ကလေးများကျောင်းပြင်ပသို့ ရောက်နေရသည့် အရိုးရှင်းဆုံးအကြောင်းအချက်တစ်ခုမှာ ကျောင်းနှင့် ကျောင်းမှ ဆရာ ဆရာမများသည် ထိုကဲ့သို့သောကလေးများ အတွက်သင်ကြား ရန် ကြိုတင်ပြင်ဆင်မှုမရှိထားသောကြောင့် ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ဆရာ ဆရာမများတွင် ထိုကဲ့သို့သောကလေးများ သင်ယူစေရန်အတွက် လိုအပ်သော အကူအညီကို ပေးနိုင်မည့် သင်တန်းမရှိခြင်း၊ အကြံအစည်စိတ်ကူးစိတ်သန်း သို့မဟုတ် သတင်းအချက် အလက် မရှိသောကြောင့် မည်ကဲ့သို့သင်ကြားရမည်ကိုမသိခြင်းတို့ကြောင့် ဖြစ်ကြရ ပါသည်။ အကျိုးဆက်အနေဖြင့် အခြားသောကလေးများနှင့် နှိုင်းယှဉ်လျှင် ထိုကလေးများ သည် ဂရုစိုက်မှု အနည်းငယ်သာခံရ၍ အရည်အသွေးပြည့်ဝသောပညာရေး အနည်းငယ် ကိုသာ ရကြပါသည်။

**စာသင်ခန်းအရွယ်အစား၊ ရင်းမြစ်ပစ္စည်းများ၊ အထောက်အကူနှင့် လုပ်ငန်းခွင်ဝန်ထုတ်ဝန်ပိုး။** နိုင်ငံတိုင်း၌ စာသင်ခန်းတစ်ခန်းတွင် ကလေးများစွာရှိနေသည်။ ယင်းတို့သည် ဘဝနောက်ခံနှင့်စွမ်းရည်အမျိုးမျိုးရှိသော ကလေးများဖြစ်ရာ သင်ကြားသင်ယူမှုတွင် အခက်အခဲ အတားအဆီး ဖြစ်နိုင်ပါသည်။ ချမ်းသာသော တိုင်းပြည်များတွင် စာသင်ခန်းတစ်ခန်း၌ ကလေး ၃၀ ယောက် ရှိသည်ကို အလွန်များသည်ဟု ယူဆနေကြစဉ် ရင်းမြစ်များ ကန့်သတ်မှုရှိသောနိုင်ငံများ၌ စာသင်ခန်းတစ်ခန်း၌ ကလေး ၆၀–၁၀၀ ယောက်ရှိခြင်းသည် ဖြစ်ရိုးဖြစ်စဉ်လိုပင် ဖြစ်လာသည်။ ထို့ကြောင့် ဆရာများသည် လုပ်ငန်းတာဝန်မပျော်ရွှင်မှုများ ဖြစ်လာရပါသည်။ ပစ္စည်းပစ္စယများနှင့် ဆရာ့သင်ချိန် အပါအဝင် ရင်းမြစ်များ လုံလောက်မှုမရှိသော စာသင်ခန်းထက် ကျောင်းသားအရည်အတွက် နည်းနည်းနှင့်သေချာစွာ စီမံကွပ်ကဲနိုင်သောစာသင်ခန်းသည် အမှန်တကယ်လိုလားအပ်သော အနေအထားဖြစ်ပါသည်။ အကယ်၍အကောင်းမြင်သဘောထားနှင့် ကြိုဆိုမှုရှိလျှင် စာသင်ခန်းတစ်ခန်း၌ ကလေးပေါင်းများစွာတက်နေရခြင်းသည် လူတိုင်းအတွက် အကျုံးဝင်မှုကိုအောင်မြင်အောင်ဖော်ဆောင်ရာ၌ အရေးပါသောအခက်အခဲပြဿနာမဟုတ်တော့ပေ။ ဘဝနောက်ခံနှင့် စွမ်းရည်အမျိုးမျိုးရှိသော ကလေးဦးရေများသည့် စာသင်ခန်းတွင် အောင်မြင်စွာ ပါဝင်တက်ရောက်နေသော သာဓကများစွာရှိပါသည်။ ရင်းမြစ်ပစ္စည်းများ လုံလောက်မှုမရှိခြင်းကြောင့်ဖြစ်သည့် အတားအဆီးများထက် သဘောထားအမြင်များကြောင့်ဖြစ်သော အတားအဆီးများကပို၍များပြားသည်ကိုအောက်တွင်ဆက်လက်ဆွေးနွေးပါမည်။

**အကျုံးဝင်ခြင်း။** ကျောင်းသား ၁၁၅ကျော်သော်လည်းပညာရေးဌာန၏ လူတိုင်းအကျုံးဝင်ပညာရေးအစီအစဉ် စမ်းသပ်မှု၏ တစ်စိတ်တစ်ဒေသကို ‘လီဆိုသို’ ရှိကျောင်းနှစ်ကျောင်း၌ ၁၉၉၄ ခုနှစ်တွင် လေ့လာမှုပြုလုပ်ခဲ့ပါသည်။ ‘မာဆရူ’အနီးရှိကျောင်းတစ်ကျောင်း၌ ပျမ်းမျှအားဖြင့် အတန်းတစ်တန်းတွင် ကလေးဦးရေအယောက် ၅၀ ယောက်ရှိပြီး ၊ ကိုယ်ကာယမသန်စွမ်းသောကလေးများလည်း တက်ရောက်ကြသည်။ အခြား ကျောင်းတစ်ကျောင်းမှာ တောင်ပေါ်၌ တည်ရှိပြီး မြို့တော်မှ ကားဖြင့်သွားလျှင် ၈ နာရီကြာမြင့်ပါသည်။ထိုကျောင်း၌ အခန်းတစ်ခန်းလျှင် ယောကျ်ားလေးနှင့် မိန်းကလေးပေါင်း ၁၁၅ ယောက်ကျော်ရှိပါသည်။

ပထမကျောင်းတွင်ရှိသော ဆရာများ၌ လူတိုင်းအကျုံးဝင်ပညာရေးကို

အစပြုရာတွင် မကောင်းသောအမြင်များရှိကြသည်။ ကျောင်းသည်သင်ကြားရေး၌ နာမည်ကြီးပြီး ဉာဏ်ရည်နှေးသောကလေးများကြောင့် အချိန်များစွာပေးရမည်ကို စိုးရိမ်ကြောက်ရွံ့နေကြသည်။ လုပ်ငန်း၏ တာဝန်အရသူတို့သည် မသန်စွမ်း ကလေးများအတွက် ကျောင်းအိပ်ကျောင်းစားအဆောင်သတ်မှတ်ပေးပါသည်။ ယင်းလုပ်ငန်းများကို ဆရာများအား တာဝန်ပေးသည်။

သို့သော်လည်း တောင်ပေါ်၌တည်ရှိသော ကျောင်းရှိဆရာများကို စည်းရုံး လှုံ့ဆော် အားပေးတိုက်တွန်းသည်။ သူတို့သည်သူတို့၏ နေ့လယ်အားလပ်ချိန်များ၊ ကျောင်းပိတ်ရက်များနှင့် ညနေပိုင်းတွင် ထို မသန်စွမ်းသောကလေးများ အကူညီ လိုအပ်ပါကကူညီပေးခြင်း၊ သူတို့၏မိသားစုထံသွားရောက်လည်ပတ်ခြင်းနှင့် ဆွေးနွေးတိုင်ပင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးကြရပါသည်။ သူတို့အတွက်စာသင်ခန်း၌ ကလေးများနေခြင်းသည် လူတိုင်းအကျုံးဝင်ပညာရေးအတွက် အတားအဆီး မဟုတ်ပေ။ ဆရာမများသည် ထိုကဲ့သို့ ကလေးများခြင်းကို လက်ခံလုပ်ဆောင်နိုင် သည်ကို တွေ့ရသော်လည်း သူတို့၏ သဘောထားကို မေးကြည့်လျှင်မူ အခန်း တစ်ခန်း၌ ၅၀–၅၅ ယောက်သာရှိခြင်းကို ပို၍နှစ်သက်ကြသည်။

*Schools For All . Save the children.*

*www. eenet.org.uk/bibliog/scuk /schools_for_all.shtml*

## လူတိုင်းအကျုံးဝင်သင်ယူမှုအတွက်ကိုယ်တိုင်အကဲဖြတ်ခြင်း

**လူတိုင်းအကျုံးဝင်သင်ယူမှုအတွက် အခက်အခဲ အဟန့်အတားများအနှစ်ချုပ်**

- ❖ **ကလေး။** အိုးမဲ့အိမ်မဲ့ဖြစ်ခြင်းနှင့် အလုပ်လုပ်ရန်လိုအပ်ခြင်း၊ နေထိုင် မကောင်းခြင်းနှင့် အစာအာဟာရချို့တဲ့ငတ်မွတ်ခြင်း၊ မွေးစာရင်း မှတ်ပုံတင်ရေး၊ အကြမ်းဖက်မှု၊ ကိုယ်ဝန်ဆောင်ရခြင်း။
- ❖ **မိသားစု။** ဆင်းရဲနွမ်းပါးခြင်း၊ ပဋိပက္ခ၊ ပြုစုစောင့်ရှောက်မှု မလုံလောက် ခြင်း HIV / AIDS။
- ❖ **လူမှုအဖွဲ့အစည်း။** ကျား မ ခွဲခြားခြင်း၊ ယဉ်ကျေးမှုမတူညီခြင်းနှင့် ဒေသဆိုင်ရာဓလေ့ ထုံးစံများ၊ အဆိုးမြင်သဘောထားများ။

❖ **ကျောင်း။** ကုန်ကျစရိတ်၊ ကျောင်းတည်နေရာ၊ ကျောင်းအချိန်ဇယား၊ ပစ္စည်းများ အရန်သင့် ကြိုတင်ပြင်ဆင်ထားရှိမှု၊ အတန်းအရွယ်အစား၊ ရင်းမြစ်နှင့် လုပ်ငန်းတာဝန်များ ၊

ပြီးခဲ့သောလုပ်ငန်းသို့မဟုတ် ဆွေးနွေးမှု အလုပ်ဝန်ထုပ်ဝန်ပိုးနှင့် ပတ်သက်၍ ပိုစတာစာရွက်တွင် မည်သည့်အခက်အခဲအတားအဆီးများစာရင်းပြုစုထားသနည်း။


အထက်ပါဖော်ပြထားသောအချက်အလက်များကို ဖတ်ရှုဆွေးနွေးပြီးမှ ရရှိသော ထင်မြင်ချက်များ သို့မဟုတ် သင်ယူရရှိမှုများမှ ရင်ဆိုင်ရမည့်အခက်အခဲအဟန့်အတားများကို အဓိကပင်မစာရင်း တစ်ခုပြုလုပ်ပါ။



**ဆောင်ရွက်ရန်လုပ်ငန်း။ ။အဟန့်အတားအခက်အခဲများနှင့် အခွင့်အလမ်းများ**

❖ မျက်စိကိုမှိတ်၍ မိမိကိုယ်မိမိသည် မောင်တစ်သို့မဟုတ် ကျောင်းပြင်ပရောက်နေသော ကလေးတစ်ယောက်အဖြစ် စိတ်ကူးကြည့်ပါ။ မိမိ၏နာမည်၊ အသက်၊ ကျား၊ မ၊ နေထိုင်သောနေရာနှင့် အတူနေထိုင်သူ၊ သင်ကိုယ်တိုင် နေနေရသော ဘဝအခြေအနေများကို ဆုံးဖြတ်ပါ။ (မောင်တစ်ကဲ့သို့)

❖ ကျောင်းအပ်ရာတွင် သင့်၌ရှိသည့် အခွင့်အလမ်းများနှင့် (သာဓက–ကျောင်းသည် အိမ်နှင့်နီးခြင်း) ရှိနိုင်သည့်အခက်အခဲအတားအဆီးများကို စဉ်းစားပါ။ အထက်၌ဖော်ပြထားသော အဓိကပင်မစာရင်းပါ လူတိုင်းအကျုံးဝင်ပညာရေးအတွက် အခက်အခဲအဟန့်အတားများကို ဖော်ပြထားသည့် ဤစာအုပ်ငယ် ပထမလက်စွဲမှ အနှစ်ချုပ်များကို ကိုးကားနိုင်ပါသည်။



❖ ပိုစတာစာရွက်ကြီး သို့မဟုတ် စာရေးနိုင်သောမျက်နှာပြင်ပေါ်၌ ပုံပါအတိုင်း စက်ဝိုင်းလေးခုထပ်၍ဆွဲပါ။ အသေးဆုံးစက်ဝိုင်း၏အလယ်၌**ကလေး**၊ နောက်စက်ဝိုင်းသည် **မိသားစု**၊ နောက်စက်ဝိုင်းကြီးသည် **ရပ်ရွာအဖွဲ့အစည်း**နှင့် နောက်စက်ဝိုင်းသည် **ကျောင်း**ကို ကိုယ်စားပြုသည်။ စက်ဝိုင်းများကို နာမည်တပ်ပါ။

❖ အခက်အခဲအတားအဆီးများနှင့် အခွင့်အလမ်းများကို ဖော်ပြရန် အရောင်မတူသည့် မင် သို့မဟုတ် မတူသောလက်ရေးများကို အသုံးပြုရန်နှင့် (ကလေး၊ မိသားစုရပ်ရွာအဖွဲ့အစည်း၊ ကျောင်း)အဆင့်တိုင်းစီအတွက် လူတိုင်း သူတို့၏ အတွေးအခေါ်များကိုရေးချရပါမည်။ ဤလုပ်ငန်းကို အဖွဲ့လိုက် အတူတကွ လုပ်ရန်ဖြစ်ပြီး တစ်ဦးစီလုပ်ရန်မဟုတ်ပါ။ အကယ်၍ အဆင့်တိုင်းအတွက် အခွင့်အလမ်း သို့မဟုတ် အဟန့်အတားများနှင့် ပတ်သက်၍ အခြားသော အဖွဲ့များ၏ရေးသားချက်သည် မိမိထင်မြင်ယူဆချက်နှင့် တူနေသည့်တိုင်အောင် တစ်ဖန်ပြန်ရေးပါ။

❖ လူတိုင်းလုပ်ဆောင်ပြီးသောအခါ သင်လုပ်ဆောင်ထားပြီးသော ကတ်ပြားကို ကြည့်ပါ။ အခွင့်အလမ်းများထက် အခက်အခဲအဟန့်အတားများက ပို၍ များပါသလား။အခက်အခဲအဟန့်အတားများသည် သင်ထင်မြင်ထားသည် ထက်ပိုများနေပါသလား။ ထိုအခက်အခဲအတားအဆီးများသည် စိန်ခေါ်မှုကို ကိုယ်စားပြု၍ ယင်းတို့ကိုကျော်လွှားရပါမည်။ သို့မှသာ မောင်တစ်ကဲ့သို့သော ကလေးများကျောင်းတက်နိုင်ပြီး သင့်အကူအညီဖြင့် အခက်အခဲများကို ကျော်လွှားနိုင်ပေမည်။

❖ အဆင့်တိုင်းနှင့် ထိုအဆင့်များအကြား (စာရင်းအများဆုံးသော အခွင့်အလမ်းများ) မည်သည့် အခွင့်အလမ်းသည် အဖြစ်အများဆုံးဖြစ်ပါသနည်း။ ထိုအရာများသည် အမှန်တကယ် အခွင့်အလမ်းများဖြစ်ပါသလား။ ဘဝနောက်ခံနှင့် စွမ်းရည်အမျိုးမျိုးရှိသော မသန်စွမ်းသော ကလေးများအတွက် ဤအခွင့်အလမ်းများသည် သင်၏ရပ်ရွာအဖွဲ့အစည်းအတွင်း၌ ယခုရှိနေပါသလား။ သို့မဟုတ် မိမိတို့ ထင်မြင်ထားချက်များသည် ရှိသင့်ပါသလား။ အကယ်၍ ရှိသင့်သည်ဆိုပါက ထိုအခွင့်အလမ်းများကို ရည်မှန်း၍ လုပ်ငန်းအစီစဉ် လုပ်ဆောင်မှုအားဖြင့် ရရှိအောင်ဆောင်ရွက်ရမည်။ ထိုအခွင့်အလမ်းများသည် လူတိုင်းအကျုံးဝင်ပညာရေးအတွက် အခက်အခဲ အဟန့်အတားများကို ဖယ်ရှား

ခြင်းနှင့် အခွင့်အလမ်းများကို တိုးချဲ့ရေးသင်ရယူလိုသော မျှော်မှန်းချက်အဖြစ် ကိုယ်စားပြုပါသည်။

- ❖ အခွင့်အလမ်းနှင့် အတားအဆီးများတူညီစွာပျံ့နှံ့ပါသလား။ သို့မဟုတ် အဆင့်တစ်ဆင့်တည်းကို အခြားသောအဆင့်များထက်ပို၍ အလေးထားစဉ်းစားနေပါသလား။ ကြားဝင်ဆောင်ရွက်မှုများ များပြားလာခြင်းနှင့် အဟန့်အတားများကို ကျော်လွှားရာ၌ မည်သည့်အဆင့်ကို ဦးစားပေးအာရုံ စူးစိုက်သင့်သည်ကို ရှာဖွေဖော်ထုတ်ရာ၌ ဤအချက်သည် သင့်ကို ကူညီပေးပါမည်။
- ❖ အဆင့်များကြားနှင့် အဆင့်များအတွင်းမှာပင်သူတို့၏အခွင့်အလမ်းနှင့် အဟန့်အတားများထပ်တလဲလဲဖြစ်နေပါသလား။ ဤအရာများသည် လုပ်ငန်းစတင်ရန်အတွက် ကောင်းသောအချက် ဖြစ်သည်။
- ❖ သူတို့အခက်အခဲအဟန့်အတားများသာဓကအားဖြင့် အဆိုးမြင်သဘောထားများသည် အဆင့်တစ်ဆင့်ထက်ပို၍ ကျရောက်ပါသလား။ (ဆရာများ၊ ရပ်ရွာလူထုအဖွဲ့အစည်းဝင်များ) ဤအခက်အခဲကျော်လွှားရန် ပေါင်းစည်းအင်အားလိုအပ်ပါသည်။



## လက်စွဲ ၃.၂

## ကျောင်းသို့မရောက်လာသောကလေးများနှင့်အဘယ့်ကြောင့် မရောက်လာရသည့် အကြောင်းတို့ကို ရှာဖွေခြင်း

ပြီးခဲ့သောလက်စွဲသည်'အချို့ကလေးများအဘယ့်ကြောင့် ကျောင်း၌မရှိရသည်' ကို ရှာဖွေရာ၌ မိမိတို့အား ကူညီပေးခဲ့ပြီးဖြစ်သည်။ ယခုဖြေဆိုရန်လိုအပ်သောမေးခွန်းမှာ မည်သည့်အခက်အခဲအတားအဆီးများ သို့မဟုတ် တခြားဖြစ်နိုင်ဖွယ်များသည် မိမိ၏ ကျောင်း သို့မဟုတ် ရပ်ရွာအဖွဲ့အစည်းတွင်ရှိနေသနည်း။ ဤမေးခွန်းကိုဖြေဆိုရန် မိမိတို့၏ ရပ်ရွာအဖွဲ့အစည်းအဝန်းအဝိုင်း၌ မည်သို့သော ကလေးများကျောင်းမတက်သည်ကို ပထမဦးစွာသိဖို့လိုပါသည်။ ထို့နောက်ဤကဲ့သို့ဖြစ်နေရသောအကြောင်းအရင်းအချို့ကို စုံစမ်းရှာဖွေရမည်။ သတင်းအချက်အလက်များရရှိလျှင် မိမိတို့သည် ကလေးများ ကျောင်းသို့ရောက်ရှိရန်အတွက် အစီအစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းလုပ်ငန်းများကို စတင်နိုင်ပါပြီ။

### ကျောင်းနှင့် ရပ်ရွာဒေသမြေပုံရေးဆွဲခြင်း

ကျောင်း၌မရှိသောကလေးများကို စိစစ်ရှာဖွေရန် ကျယ်ပြန့်စွာအသုံးပြုသည့် ထိရောက်သောလက်စွဲတစ်ခုမှာ ကျောင်းနှင့်ရပ်ရွာဒေသမြေပုံရေးဆွဲခြင်းဖြစ်ပါသည်။ ၎င်းကို ကျောင်းမြေပုံရေးဆွဲခြင်း သို့မဟုတ် ရပ်ရွာဒေသအခြေပြုမြေပုံရေးဆွဲခြင်း ဟုလည်း ခေါ်ပါသည်။ သမားရိုးကျမြေပုံရေးဆွဲမှုကဲ့သို့ပင် ဤမြေပုံများသည် အဓိကတည်ရှိနေသည့် အဆောက်အအုံ၊ ဒေသ၏ထင်ရှားမှုကို ဖော်ပြပါသည်။ မည်သို့ပင်ဖြစ်စေ ပို၍အရေးပါပါ ဖော်ပြသည်မှာ ရပ်ရွာဒေသအဖွဲ့အစည်းအတွင်းရှိ အိမ်ထောင်စု၊ အိမ်ခြေအိမ်ထောင်စု တစ်ခုစီ၌ရှိသော ကလေးဦးရေ၊ သူတို့၏အသက်၊ မူကြိုအရွယ် ကလေးများနှင့် ကျောင်းနေအရွယ်ကလေးများ ကျောင်းတက် မတက်တို့ဖြစ်သည်။ ထိုမြေပုံရေးဆွဲခြင်းများကို အောက်ပါအဆင့်အတိုင်းရေးဆွဲနိုင်ပါသည်–

၁။ ရပ်ရွာကော်မတီများ၏ အကူအညီ သို့မဟုတ် လုပ်ကိုင်လိုသည့် စေတနာ့ဝန်ထမ်းများနှင့် ကျောင်းရှိ အခြားဆရာများကို စာရင်းရေးမှတ်ပါ။ယင်းသည် ဝန်ထမ်းအဖွဲ့ဝင်များအားလုံး(ဆရာအားလုံး၊ လက်ထောက်အားလုံး၊ ထိန်းသိမ်းစောင့်ရှောက်သူများစသည်ဖြင့်) ပါဝင်သော 'ကျောင်းလုံးကျွတ် ချဉ်းကပ်မှု' တစ်ခုအဖြစ် မြှင့်တင်ရန်အတွက် လှုပ်ရှားမှုလုပ်ငန်းကောင်း ဖြစ်ပါသည်။

သို့ရာတွင် လိုအပ်သော သတင်းအချက်အလက်ရရှိရန်နှင့် မြေပုံများကို ပုံဖော်ရာ၌ အခြားရပ်ရွာလူထုအဖွဲ့ဝင်များ အများအပြားသည် ကူညီပံ့ပိုး ပေးနိုင်သည်ကို မမေ့ဖို့လိုအပ်ပါသည်။ သာဓက–ရပ်ရွာဒေသ ဖွံ့ဖြိုးရေး စေတနာ့ဝန်ထမ်းများ၊ ရပ်ရွာအကြီးအကဲများ၊ ဘာသာရေးခေါင်းဆောင်များ၊ မိဘဆရာအသင်းဝင်အမှုဆောင်များနှင့် ကလေးများကိုယ်တိုင်တို့ဖြစ်ကြပါသည်။ (ကလေးများပါဝင်မှုကို နောက်ပိုင်းတွင်ဖော်ပြပါမည်) ဤအဆင့်သည် သင်၏ကျောင်းနှင့်ကူညီဆောင်ရွက်ပေးသည့် ရပ်ရွာအဖွဲ့အစည်းကြား ခိုင်မာသောဆက်နွယ်မှုတည်ဆောက်ရန်အတွက် အမှန်တကယ်အကူအညီဖြစ်စေပါသည်။ ယင်းသည် သင်၏ကျောင်းကို ကျောင်းလုပ်ငန်းအစီအစဉ်များအတွက် ဒေသအရင်းအမြစ်များ ရရှိနိုင်ရေး(အရင်းအမြစ်နည်းပါးသောကျောင်းများအတွက် အထူးအရေးပါသည်) အတွက်လည်း ကူညီပေးပါသည်။ ထို့အတူ ရပ်ရွာလူထု၏ မြေပုံများကိုယ်ပိုင်ဆောင်ရွက်မှုကို မြှင့်တင်ပေးသည်။ လူတိုင်းအတွက် အကျုံးဝင်ပညာရေး သင်ယူမှုအစီအစဉ်များသည် ဤသို့မြေပုံရေးဆွဲ ခြင်းနှင့် ရေးဆွဲနိုင်ရန်စီစဉ်မှုလုပ်ငန်းစဉ်များမှနေ၍ ထွက်ပေါ်လာခြင်းသာဖြစ်ပါသည်။

၂။ သတင်းအချက်အလက်များ စုစည်းခြင်းနှင့်မြေပုံရေးဆွဲရေး ကူညီဆောင်ရွက်ပေးကြမည့်သူများအတွက် ရှင်းလင်းဆွေးနွေးပွဲ တစ်ခုကိုကျင်းပရမည်။ သူတို့ကိုကလေးအားလုံး ကျောင်းနေသင့်ကြောင်းနှင့် ဘဝနောက်ခံ စွမ်းရည်အမျိုးမျိုး ရှိသော ကျောင်းသားများတွင် အကျိုးကျေးဇူးများကြောင်း ထို့အပြင် ဤမြေပုံများသည် ကျောင်းတွင်မရှိကြသည့် ကလေးများကို ရှာဖွေရာ၌လည်းကောင်း၊ ကျောင်းသို့လာပြီး ပညာကို ပျော်ပျော်ရွှင်ရွှင် သင်ယူမှုရရန်အားပေးရန် လည်းကောင်း အရေးပါသောလက်စွဲဖြစ်ကြောင်း သူတို့အားပြောပြပါ။

၃။ ထိုရှင်းလင်းဆွေးနွေးပွဲ သို့မဟုတ် ထပ်မံကျင်းပသည့်ဆွေးနွေးပွဲတွင် ရပ်ရွာဒေသ၏ပုံကြမ်းတစ်ခုကို ရေးဆွဲရန်ပြင်ဆင်ပါ။ တချို့ရပ်ရွာတွင် မြေပုံရေးဆွဲထားခြင်း ရှိကောင်းရှိမည်ဖြစ်သော်လည်း တချို့မရှိတတ်ကြပါ။ ထိုမြေပုံတွင် အဓိကအထင်ကရဖြစ်သည့်လမ်းများ၊ ရေအရင်းအမြစ်များ၊ ကျေးလက်ကျန်းမာရေးဌာန၊ ဘုရားဝတ်ပြုရာနေရာကဲ့သို့သော နေရာများကိုထည့်သွင်းပါ။ ထို့အပြင် ထိုရပ်ရွာဒေသအတွင်းမှ အိမ်ခြေအားလုံးလည်း ပါဝင်စေပါ။

၄။ ထို့နောက် အိမ်ထောင်တစ်စု၌ရှိသော အိမ်သားအရေအတွက်၊ သူတို့၏ အသက်နှင့် ပညာအရည်အချင်းတို့ကိုပါ ဖော်ပြနိုင်ရန် အိမ်ထောင်စု စစ်တမ်း တစ်ခုကောက်ပါ။ ကလေးများ၏ ပညာအရည်အချင်းဆိုင်ရာ သတင်းအချက် အလက်သည် ကျောင်းတွင်မရှိသည့်ကလေးများကို ဦးတည်ရှာရန်၌ အကူအညီ ဖြစ်လိမ့်မည်။ သက်ကြီးများနှင့်ပတ်သက်သည့် သတင်း အချက်အလက်များကမူ မည်သည့် သက်ကြီးမိဘများအဖို့ စာတတ်မြောက်ရေး အစီအစဉ်များကဲ့သို့ လှုပ်ရှားမှုလုပ်ငန်းများမှ အကျိုးကျေးဇူးရနိုင်ကြောင်းကို ဖော်ညွှန်းပါသည်။ အိန္ဒိယနိုင်ငံနှင့် ဘီနင် (အနောက်အာဖရိက)တို့တွင် ထိုအစီအစဉ်များသည် အလွန်တန်ဖိုးရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် မိဘများသည် သူတို့ ကိုယ်တိုင်နှင့် သူတို့၏ကလေးများ (အထူးသဖြင့် မိန်းကလေးများ) အတွက် စာသင်ယူခြင်း၏ တန်ဖိုးများကို သိရှိနားလည်လာရန် ကူညီဆောင်ရွက်ပေး သောကြောင့်ဖြစ်ပါသည်။အိမ်ထောင်စု စစ်တမ်းကို နည်းအမျိုးမျိုးဖြင့် ပြုလုပ်နိုင် သည်။ အိမ်များသို့ အလည်အပတ် သွားရောက်ခြင်းများ(ယင်းသည် မိဘများ အား သူတို့၏ကလေးများကို ကျောင်းသို့ပို့ရန် အားပေးပြောကြားနိုင်သည်)၊ ဗဟုသုတရှိသောသူများ (ကလေးကိုပင်လျှင် ဖြစ်ပါစေ) နှင့် တွေ့ဆုံမေးမြန်းခြင်း သို့မဟုတ် ရှိထားသော မှတ်တမ်းများကို သုံးခြင်းဖြင့်လည်းပြုလုပ်နိုင်ပါသည်။ သာဓကအားဖြင့် ထိုင်းနိုင်ငံတွင် ကျေးရွာသန်းခေါင်စာရင်းကို အသုံးပြု၍ အိမ်ထောင်စုအဖွဲ့ဝင်များနှင့် သူတို့၏ အသက်ကိုဖော်ထုတ်ပါသည်။ ဤအချက်အလက်များကို ကျောင်းဝင်မှုမှတ်တမ်းများနှင့် နှိုင်းယှဉ်ကြည့်ပြီး ကျောင်းမတက်သော ကလေးများဦးရေကို သိရှိရန် ရှာဖွေနိုင်ပါသည်။

၅။ သတင်းအချက်အလက်များကို စုစည်းပြီးသည်နှင့် ရပ်ရွာလူထုရှိ အိမ်ခြေ များ၊ အိမ်သားများ၊ အသက်နှင့် ပညာအရည်အချင်းအဆင့်ကို ဖော်ပြသည့် အပြီး သတ်မြေပုံတစ်ခုကိုရေးဆွဲခြင်းအတွက် ပြင်ဆင်ရပါမည်။ ထို့နောက် မြေပုံကို ရပ်ရွာခေါင်းဆောင်များ၊ ရပ်ရွာလူကြီးအားဝေငှပေးပြီး မည်သို့သော ကလေး များ ကျောင်းသို့မရောက်သည်ကိုသိရှိစေကာ သူတို့၏မိဘများကလည်း ကလေးများကို အဘယ့်ကြောင့် ကျောင်းမပို့နိုင်ရသည်နှင့် ပတ်သက်သော အချို့အကြောင်းရင်းများကို ဆွေးနွေးပါ။ ဤအချက်အလက် များအားဖြင့် မိမိတို့သည် လုပ်ငန်းအစီအစဉ်များကို စတင်ထူထောင်နိုင်ပါပြီ။

**လိုဂျမ်ဘစ်ရှ်စီမံချက်(LJ)၏ ကျောင်းမြေပုံရေးဆွဲခြင်း၊ အိန္ဒိယနိုင်ငံ (ရဂျတ်စ်သန်)**

LJ စီမံချက်သည် ရပ်ရွာလူထုမှရွေးချယ်ပြီး တာဝန်ပေးထားသော အမာခံ အမျိုးသား၊ အမျိုးသမီးများပါဝင်သည့် အဖွဲ့တစ်ဖွဲ့က စည်းရုံးလှုံ့ဆော်ဆောင်ရွက်ခြင်းဖြစ်သည်။ အဖွဲ့ကိုသင်တန်းပေးပြီးနောက် အိမ်ထောင်စုတိုင်းသို့ ကွင်းဆင်းစေကာ မိသားစုအဖွဲ့ဝင်များ၏ ပညာရေးအခြေအနေမှတ်တမ်းတင်စေသည်။ ထို့နောက် အိမ်ထောင်စုတိုင်းတွင် မိသားစုတစ်ဦးစီ၏ ပညာရည်အဆင့်ကို ဖော်ပြသည့် ကျေးရွာမြေပုံတစ်ခုရေးဆွဲခြင်းကို ပြင်ဆင်ပါသည်။ ပြီးလျှင် ကလေးများ ကျောင်းမတက်သည့် အကြောင်းရင်းကို တစ်ရွာလုံးက ခွဲခြမ်းစိတ်ဖြာ သုံးသပ်ကြသည်။ နေရာအတော်များများ၌ ကျောင်းရှိသော်လည်း ဆရာရှိခြင်း သို့မဟုတ် ကျောင်းပရိဘောဂပစ္စည်းနည်းပါးခြင်းတို့ကြောင့် ကျောင်းလုပ်ငန်းများကို ပုံမှန်မဆောင်ရွက်နိုင်ပေ။ မိန်းကလေးများသည်လည်း ကျောင်းမတက်ကြပေ။ အဘယ့်ကြောင့်ဆိုသော် အိမ်နှင့်ကျောင်းသည် လမ်းလျှောက်ရန်ဝေးကွာလွန်းသောကြောင့် မိဘများက ကျောင်းတက်ရန်ခွင့်မပြုပေ။ ထို့နောက် ကျောင်းများစွာတွင်ရှိကြသော ဆရာများမှာ အမျိုးသားများသာဖြစ်ကြသည်။ သို့ဖြစ်၍ ကျေးရွာအသင်း၊ အမျိုးသမီးအဖွဲ့နှင့် ဒေသဆိုင်ရာ ဆရာများသည် ကလေးများကျောင်းနေစေခြင်းနှင့် ကျောင်းနေမြဲစေခြင်းကဲ့သို့ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲပြီး ကျောင်းပြင်ပဌာနများကိုစတင်ခဲ့သည်။ ကျောင်းအဆောက်အအုံများကို ပြင်ဆင်ခြင်း သို့မဟုတ် ဆောက်လုပ်ခြင်းများ ဆောင်ရွက်ကြသည်။ ကျောင်းကျန်းမာရေးအစီအစဉ်များနှင့် အပျိုဖော်ဝင်မိန်းကလေးများအတွက် ဆွေးနွေးပွဲများ ကဲ့သို့သော လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ကြပါသည်။ အခြားသော တိုးတက်ဆောင်ရွက်မှုများမှာ တိုက်တွန်းစေ့ဆော်မှုနှင့် သင်ရိုးအခြေပြု ဆရာများသင်တန်း၊ သင့်လျော်သော ကျောင်းသုံးစာအုပ်များ ပုံနှိပ်ထုတ်လုပ်ခြင်းနှင့် အရည်အသွေးကောင်းသည့် ကျောင်းသုံးပစ္စည်း ကိရိယာများနှင့် စီမံချက်ဝင်ဒေသကျောင်းအားလုံးအတွက် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ ထောက်ပံ့ခြင်းများဖြစ်ကြသည်။ LJ စီမံချက် သည် ကျောင်းပြင်ပပညာရေးကွန်ရက်နေရာများလည်း ထူထောင်ကာ ဒေသတွင်း ပညာတတ်လူငယ်များကို သင်ပြသူများအဖြစ် ဆောင်ရွက်စေခဲ့ပါသည်။

Mathur R .(2000) Taking Flight. Education for All Innovation Series No.14 UNESCO Principal Regional Office for Asia and the Pacific ,Bangkok.

## ကျောင်းမြေပုံရေးဆွဲခြင်းတွင် ကလေးများ၏ပါဝင်မှု

ကျောင်းနှင့်ကျောင်းဝန်းကျင်မြေပုံရေးဆွဲခြင်းလုပ်ငန်းဖြစ်စဉ်သည် 'ရပ်ရွာလူထုအဖွဲ့အစည်းမှ ကလေးသို့' လှုပ်ရှားမှုလုပ်ငန်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ကလေးများအားလုံးကို ရှာဖွေဖော်ထုတ်၍ သူတို့ကျောင်းသို့ရောက်ရှိရေးအတွက် ရပ်ရွာလူထုက မည်ကဲ့သို့ ပါဝင်ဆောင်ရွက်နိုင်မည်ကို ဆိုလိုပါသည်။အတိအကျဆိုရလျှင် ဤမြေပုံရေးဆွဲခြင်းလုပ်ငန်းသည် 'ကလေးမှကလေးသို့' ချဉ်းကပ်နည်းအသွင် ဆောင်ရွက်နိုင်သည်။ ၎င်းကို သင်၏ သင်ခန်းစာပြင်ဆင်မှုတွင် ထည့်သွင်းဆောင်ရွက်နိုင်ပါသည်။ မည်သည့်အရွယ်ကလေးမဆို ဤမြေပုံရေးဆွဲခြင်းတွင် ပါဝင်လုပ်ကိုင်နိုင်သည်ဟု ဆိုရမည်။ယင်းသည် သူတို့၏သင်ယူမှု၌ အရေးပါသော လှုပ်ရှားဆောင်ရွက်မှုပင် ဖြစ်နိုင်ပါသည်။[1]

ကလေးမှကလေးသို့ ချဉ်းကပ်နည်းဖြင့် မြေပုံရေးဆွဲခြင်းလှုပ်ရှားဆောင်ရွက်မှုသည် ကလေးများ၏ ကျောင်းနေမှုကို စည်းရုံးရာ၌ အလွန့်အလွန်ထိရောက်သော နည်းလမ်းဖြစ်သည်။ သူတို့သည် ကျောင်းသို့ရောက်မလာသော ကလေးများကို ဖော်ထုတ်ရာတွင် ဦးဆောင်နိုင်သည်။ ထိုကလေးများကို ကျောင်းတက်လာအောင် မိဘ၊ ရပ်ရွာလူထုကိုလည်း စည်းရုံးစွမ်းဆောင်ပေးနိုင်သည်။ သာဓက–ထိုင်းနိုင်ငံ၏ 'ကလေးစီမံချက်' ၌ ဂရိတ် ၄–၆ အဆင့် ယောကျ်ားလေးနှင့်မိန်းကလေးတို့သည် ကျောင်းပတ်ဝန်းကျင်ရှိ ရပ်ကွက်များနှင့် အိမ်များ၏ မြေပုံကို အတူတကွ ရေးဆွဲကြပါသည်။ တစ်အိမ်စီတွင်နေသောကလေးများကို ကျောင်းတက်/မတက် ခွဲခြားပြီး မြေပုံပေါ်၌မှတ်သားကြသည်။ အကယ်၍ ကျောင်းသား ၃ ယောက်ကသာ အိမ်တစ်အိမ်တွင် ကလေးတစ်ယောက်နေထိုင်သည်ဟု သဘောတူချက်ပေးလျှင် ၎င်းသည် မှန်ကန်ပြီဟု စီမံကိန်း၏အဖွဲ့ဝင်တစ်ဦးက မှတ်ချက်ပြုပါသည်။ သို့ဖြစ်ရာ ကလေးများသည် ကျောင်းနှင့်ရပ်ရွာ မြေပုံရေးဆွဲပုံဖော်ရာတွင် ဦးဆောင်သူများ ဖြစ်နိုင်ပါသည်။ သူတို့သည် မည်သူမျှ တစ်ခါမှ မစဉ်းစားခဲ့သော သူတို့ရပ်ရွာဒေသအကြောင်းဖြစ်သည့် အရေးပါတန်ဖိုးရှိ အချက်အလက်များကိုပင် ရရှိရေးဆွဲနိုင်သည်။

အသုံးဝင်သောနည်းလမ်းတစ်ခုမှာ သူတို့၏ရပ်ရွာဝန်းကျင်မြေပုံကို ကိုယ်တိုင်ရေးဆွဲစေခြင်းပင်ဖြစ်သည်။ ဤသို့ ရေးဆွဲစေခြင်းသည် ကျောင်းနှင့်ရပ်ရွာမြေပုံပေါ်၌ မည်သည့်အရာ ဖော်ပြရမည်ကို သူတို့ဆုံးဖြတ်နိုင်သည်။ ကလေးများအနေဖြင့် မြေပုံကို တိတိ

[1] This section and the process of creating the map were adapted from "Children as Community Researchers," UNICEF Web site: Teachers Talking about Learnings: www.unicef.org/teachers/researchers/basemap.htm. Readers are strongly encouraged to access this Web site, see examples of children's maps, and learn more!

ကျကျရေးဆွဲနိုင်မှုစွမ်းရည်မှာ ကလေးတို့၏အသက်အရွယ်အရ အမျိုးမျိုးကွဲပြားပါသည်။ သို့သော်လည်း သူတို့၏ မတူညီကွဲပြားသောရေးဆွဲဟန်များနှင့် သူတို့စွမ်းရည်များ ကိုပင် အသိအမှတ်ပြု လက်ခံသည်ဆိုလျှင် မည်သည့်အရွယ်ကလေးများမဆို ကလေး အားလုံးမှာ ကျောင်းနှင့်ရပ်ရွာမြေပုံအတွက် အသုံးဝင်လှသော အချက်အလက် ထင်ရှား ပေါ်လွင်မှုများ စုစည်းရာ၌ ပျော်ရွှင်ကြပေလိမ့်မည်။

အကယ်၍ ဒေသရပ်ရွာသည် မြေပုံအဆင်သင့်မရှိပါက ပုံကြမ်းဖြင့် ရိုးရှင်းပုံစံတစ်ခု ကို ပြင်ဆင်နိုင်ပါသည်။ ကျောင်းနှင့်ရပ်ရွာမြေပုံများသည် ကလေးများအဖို့ သူတို့၏ အိမ်များနှင့် သူတို့သူငယ်ချင်းများ၏ အိမ်များတည်နေရာကို ဖော်ပြနိုင်ရန် အတွက် မြေပုံအရွယ် ကြီးသင့်သည်။ ထိုမြေပုံများသည် ကလေးများ သူတို့၏ ရပ်ရွာဒေသ အဖွဲ့အစည်းအတွက် သူတို့၏ တန်ဖိုးရှိသော ဆောင်ရွက်ပေးမှု တစ်ခုပင်ဖြစ်တော့သည်။ မြေပုံကို ဤကဲ့သို့ ပုံဖော်ပါသည်။

၁။ သင်၏ကလေးများကို အတူတကွစုစည်းပြီး ပတ်ဝန်းကျင်ရှိအရေးကြီးသော နေရာများအားလုံးကို စာရင်းပြုလုပ်ပါစေ။ (ကျောင်း၊ ဘုရားပုထိုးကျောင်းကန်၊ အိမ်၊ ကျန်းမာရေးဌာန၊ ဈေးဆိုင်)များ အစရှိသည့် အခြားအရေးပါသော (လမ်း၊ မြစ်၊ တောင်များကဲ့သို့) သဘာဝမြေမျက်နှာအသွင်အပြင်များ။ ထို့အပြင် ရပ်ရွာလူထုအဖွဲ့ဝင်များ မကြာခဏတွေ့ဆုံလေ့ရှိသည့် အရေးပါသောနေရာများ လုပ်ခွင်လယ်ယာ သို့မဟုတ် ရေခပ်သွားရလေ့ရှိသော ရေတွင်းများကဲ့သို့။

၂။ ကတ်ထူပြားလေးများဖြတ်၍ အရေးပါသောနေရာများဖြစ်သည့် သဘာဝ မြေမျက်နှာသွင်ပြင်များနှင့် နေရာများကို ထိုကတ်ထူပြားပေါ်၌ ရေးဆွဲပါစေ။ အကယ်၍ ကတ်ပြားသို့မဟုတ် အခြားသောပစ္စည်းများမရရှိနိုင်ပါက ကျောက်တုံး၊ သစ်သားတုံး၊ ကြိုး သို့မဟုတ် တုတ်ချောင်းလေးများသုံးပါ။ လေးထောင့်ကတ်ထူပြား သို့မဟုတ် ကျောက်တုံးများကို အိမ်အဖြစ်ကိုယ်စား ပြုပြီး တုတ်ချောင်းများ၊ နွယ်ကြိုးကို မြစ်အဖြစ်ပုံစံအမျိုးမျိုးကိုယ်စားပြု အသုံးပြုနိုင်ပါသည်။ သို့သော်သင်္ကေတတစ်ခုစီသည် မည်သည်ကိုကိုယ်စားပြု သည်ကို ကလေးများမမေ့ဘဲ သေချာစွာသတ်မှတ်စေရန် ကူညီပေးပါသည်။

၃။ ကလေးများအား ‘သူတို့၏ရပ်ရွာဒေသမှ ကျောင်းကဲ့သို့ပင် အရေးကြီးဆုံး ဖြစ်သည့် အဓိကသွင်ပြင်အချင်းအရာများ ဘာဖြစ်သည်’ ကို ဆုံးဖြတ်ပေးရန်

မေးပါ။ ကတ်ထူပြားပေါ်၌ ၎င်း၏ အထူးသင်္ကေတပုံကို ပြုလုပ်ခိုင်းပါ။ ၎င်းပုံသည်သိသာထင်ရှားစေရန် အလို့ငှာ အခြားသောအရာများနှင့် မတူညီသင့်ပါ။ ၎င်းသည် မြေပုံ၏ 'ရည်ညွှန်းမှတ်' အဖြစ် ရလာပေလိမ့်မည်။ (လူတိုင်းမှတ်မိသိရှိနေသောနေရာအဖြစ်အပြင် ရပ်ရွာဒေသအတွင်း အခြား အရေးပါသောနေရာဌာနများတည်ရာနှင့်ထင်ရှားသည့်သွင်ပြင်လက္ခဏာတို့နှင့် ဆက်စပ်ယူ၍ ရစေပါသည်။)

၄။ ပိတ်စကြီးကြီးတစ်စ၊ စက္ကူထူသို့မဟုတ်အခြားသောစာရေးရန် သင့်တော်သည့်အရာဝတ္ထုပစ္စည်းတို့ကို မြေပြင်ပေါ်တွင်ချပါ။ ၎င်းပတ်လည်တွင် ကလေးများကို စုရုံးရန် ဝိုင်းနေခိုင်းပါ။ ပြီးလျှင် 'ရည်ညွှန်းမှတ်' (ကျောင်းကဲ့သို့) ကို မည်သည့်နေရာ၌ ချထားမလဲဟုမေးပြီး ဆုံးဖြတ်ခိုင်းပါ။ သို့ဖြင့် သူတို့အားလုံး၏ အိမ်များအားလုံးကို ပုံတွင်နေရာပြလာနိုင်မည်ဖြစ်သည်။ သာဓက–အကယ်၍ ကျောင်းသည် သူတို့၏အိမ်များနှင့်နီးသောနေရာ၌ရှိသည် သို့မဟုတ် ရပ်ရွာအလယ်တွင်ရှိသည်ဆိုလျှင် မြေပုံ၏အလယ်တွင်နေရာချပါ။ အကယ်၍ သူတို့၏အိမ်များနှင့်ရပ်ရွာထဲရှိ သူတို့၏ မကြာခဏလည်ပတ်သွားတတ်လေ့ရှိသောနေရာနှင့်ဝေးပါက မြေပုံ၏ဘေးဘက်တွင် နေရာချပါ။

၅။ ကလေးများကို ရပ်ရွာအစွန်၌ အခြားမည့်သည့်အရေးပါသောနေရာတည်ရှိသည်ကို မေးပါ။ ၎င်းနေရာများအတွက် နယ်နိမိတ်ကို ပိုင်းခြားသတ်မှတ်ရန် မြေပုံပေါ်၌ ထိုအရေးပါသော နေရာများ၏ သင်္ကေတများကိုချပါ။

၆။ ရပ်ရွာဒေသ၏ အဓိကသဘာဝမြေမျက်နှာသွင်ပြင်လက္ခဏာများ (လမ်းများ၊ လယ်ကွင်းများ၊တောင်များနှင့်မြစ်များကဲ့သို့) ရပ်ပိုင်းဆိုင်ရာများကို အစုတစ်စု အဖြစ် ဆုံးဖြတ်ပြီး ၎င်းတို့ကို မြေပုံတွင်ထည့်သွင်းပါ။ မည်သည့်နေရာတွင် ရပ်ပိုင်း သဘာဝသွင်ပြင်များ ထားသင့်သည်ကို ကလေးများအားလုံး၏ သဘောတူညီချက်ကို သေချာအောင်ပြုပါ။ ကလေးများကို နေရာချမှု သေချာစေရန် အတွက် မြေပုံစစ်ဆေးကြည့်ခြင်းကို ခွင့်ပြုပေးပါ။ ကလေးများ၏ မိမိကိုယ်ပိုင်မြေပုံများ ရေးဆွဲပုံဖော်ပြီးလျှင် သူတို့ပုံများကို ပြန်ကြည့်ခိုင်းပြီး မြေပုံကြီး၌ သွင်ပြင်လက္ခဏာများ ပါ မပါ သေချာအောင်ပြုစေပါ။

၇။ အရေးကြီးသောနေရာများ၊ ရပ်ပိုင်းသဘာဝသွင်ပြင်များနှင့် အခြားသောတည်ရှိမှု

များကို မြေပုံပေါ်တွင် နေရာချထားမှုကို ကလေးအားလုံးက သဘောတူပြီးသော အခါ ကလေးများသည် ကတ်ထူပြား သို့မဟုတ် အခြားသော ယာယီ သင်္ကေတ များဖြင့် မဟုတ်တော့ဘဲ မင်၊ ဆေး သို့မဟုတ် စုတ်တံများအသုံးပြု၍ မြေပုံတွင် အမြဲတမ်းစွဲနေအောင် မပျက်သည့်အစိတ်အပိုင်းအဖြစ် ရေးဆွဲနိုင်ကြပါပြီ။

၈။ မြေပုံသည် တစ်တန်းလုံးနှင့်ဆိုင်သောကြောင့် ကလေးများသည် စိတ်ပါလက်ပါ တက်တက်ကြွကြွပါဝင်လုပ်ဆောင်ကြရန် လိုပါသည်။ သူတို့စဉ်းစားမိသည့် အရေးပါလာသော သွင်ပြင်လက္ခဏာသစ်များကို ဖြည့်စွက်ရမည်။မြေပုံကို မင်၊ ဆေးဖြင့် စတင်ဖြည့်ရင်း ကျောင်းမရောက်သော ကလေးများအား ခွဲခြား ဖော်ထုတ်၍ရပါပြီ။ ကလေးများကို တိကျသောအဓိကအချက်များ စဉ်းစား ဆုံးဖြတ်စေပြီး စက္ကူငယ်များဖြင့် သင်္ကေတပြုကာ မြေပုံပေါ်တွင် ကိုယ်စားပြု စတင်စိုက်ကြစေသင့်ပါသည်။ အများဆုံးသိသာထင်ရှားလှသော ဦးတည်ချက် အကြောင်းအရာအချို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

- ❖ ရပ်ရွာထဲရှိ ကလေးများအားလုံး၏နေအိမ်များ၊ ကလေးများအသက်နှင့် သူတို့ကျောင်းနေ မနေ၊
- ❖ သူတို့၏နေ့စဉ်ဘဝတွင် အရေးပါသောလူတို့၏နေအိမ်များ၊
- ❖ ကလေးများကစားရာ သို့မဟုတ် အလုပ်လုပ်ရာနေရာ၊
- ❖ အန္တရာယ်ရှိနိုင်ရာကဲ့သို့ကလေးများရှောင်ကြဉ်သည့်နေရာ (အကြမ်းဖက် တတ်ရာ)၊
- ❖ ကလေးများနှစ်သက်သောနေရာနှင့် မနှစ်သက်သောနေရာ၊
- ❖ ကလေးများတစ်ဦးတည်းသွားသောနေရာ၊ မိဘများနှင့်သွားသောနေရာ၊ အခြားသောဆွေမျိုးများနှင့် သွားသောနေရာ အဖော်သူငယ်ချင်းများနှင့် သွားသောနေရာ၊ မိမိထက်ကြီးသောသူများနှင့် သွားသောနေရာနှင့်
- ❖ သယ်ယူပို့ဆောင်ရေးလမ်းကြောင်း(အထူးသဖြင့် ကလေးများ ကျောင်းသွား ကျောင်းပြန်ရေး)နှင့် သူတို့သွားလာကြပုံ နည်းလမ်းများ(ခြေလျင်၊ စက်ဘီး၊ မော်တော်ဆိုင်ကယ်၊ ကား စသည်ဖြင့်ကဲ့သို့)

၉။ မြေပုံပေါ်တွင် ပို၍ကြီးကျယ်တိကျအောင် ဖြည့်စွက်ကူညီနိုင်ရန် ကလေးများနှင့်

အတူ ရပ်ရွာအတွင်းလမ်းလျှောက်လှည့်လည်ပါ။ ထိုသို့လှည့်လည်စဉ် သို့မဟုတ် အထူးကျင်းပသည့် အစည်းအဝေးတစ်ခုမှာဖြစ်စေ ရပ်ရွာမှ သက်ကြီးများကို ဖိတ်ခေါ်ကာ ကလေးများနှင့် စကားပြောဆိုစေပြီး မြေပုံအတွက်လိုအပ်သော အကြံဉာဏ်များကိုတောင်းခံပါ။ ဤသို့ ပြုလုပ်ခြင်းသည် ကျောင်းမတက်သော ကလေးများကို ရှာဖွေဖော်ထုတ်ရာ၌ ရပ်ရွာလူထုအဖွဲ့အစည်းဝင်များ ပါဝင်မှုကို စတင်ရရှိလာခြင်းပင်ဖြစ်ပြီး လုပ်ငန်းအစီအစဉ်များအတွက် လိုအပ်သောပံ့ပိုးမှုများကို ဖန်တီးလာနိုင်မည်။

မြေပုံကိုရေးဆွဲပြီးသောအခါ သင်၏တပည့်ကျောင်းသားများ၊ ရပ်ကွက်ထဲရှိ ကျောင်းမတက်သောကလေးများကို ပြနိုင်သကဲ့သို့ ထိုကလေးများ၏ မိသားစုတို့၏နေရာကိုလည်း ရှာဖွေနိုင်ပြီဖြစ်သည်။ သင်၏ကလေးများကိုယ်တိုင် ဆရာများ၊ မိဘများနှင့် ရပ်ရွာခေါင်းဆောင်များနှင့် အတူတကွ လှုပ်ရှားလုပ်ဆောင်ရင်း မိဘများအား သူတို့၏ ကလေးများကို ကျောင်းသို့ပို့ရန်အတွက် လှုံ့ဆော်တိုက်တွန်းရာတွင် ကူညီပေးနိုင်ပြီဖြစ်ပါသည်။ နီပေါနိုင်ငံတွင် Save the Children (UK) အထောက်အပံ့ဖြင့်ပြုလုပ်သော ရပ်ရွာပညာရေးနှင့် ပညာရေးစီမံခန့်ခွဲမှု အချက်အလက်စနစ် Community-Education Management Information System(C-EMIS) စီမံချက်၌ ကလေးများသည်ကိုယ်တိုင် ကျောင်းပြင်ပရောက်ကလေးများ၏ မိဘများထံ သွားရောက်လည်ပတ်ပြီး မိဘများနှင့် သူတို့၏ကလေးများကို မည်သည့်အတွက် ကျောင်းသို့မလွှတ်ရသည့် အကြောင်းရင်းများ မေးမြန်းပြောဆိုကြသည်။ ထိုကလေးများ ကျောင်းသို့ ရောက်ရှိနိုင်ရေးအတွက် မည်သည့်အရာများလုပ်နိုင်သည်ကိုလည်း သူတို့ပြောဆိုကြပါသည်။


ကျောင်းနှင့်ကျောင်းဝန်းကျင်မြေပုံသည် အစဉ်ခေတ်မီနေစေရန်လိုအပ်ပြီး ကျောင်းသို့ ရောက်မလာနိုင်သောကလေးများကိုလည်း အစဉ်ခွဲခြားဖော်ထုတ် နေရန်လည်းလိုအပ်ပါသည်။ ကြောင်းကျိုးဆီလျော်စွာပင် မြေပုံဖန်တီးပုံဖော်ခြင်းသည် (သင်ရိုးညွှန်းတမ်းနှင့် ကလေးများ၏ သင်ယူမှုတွင်)သင်ရိုးညွှန်းတမ်းတွင် အမြဲတမ်းမပါမဖြစ် အစိတ်အပိုင်းတစ်ခု ဖြစ်လာနိုင်သည်။ ထို့ပြင် ရပ်ရွာလူထုက မြေပုံကို အလွယ်တကူ မြင်နိုင်ရန်လိုပါသည်။ ရပ်ရွာလူထု သတင်း ပြန်ကြားရေးဌာန သို့မဟုတ် လူအများ အမြဲတွေ့ဆုံနိုင်သောနေရာများတွင် ပိုစတာအဖြစ် ကပ်ထားနိုင်ပါသည်။ သို့ဖြစ်၍ ဤရပ်ရွာပြည်သူများက သူတို့၏ ထင်မြင်ယူဆချက်ကို ပေးနိုင်မည်ဖြစ်သည်။ မြေပုံသည် ကလေးအားလုံးကျောင်းရောက်ရှိရေး ရပ်ရွာလူထု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်အဖြစ် အစပြုနိုင်စေပါသည်။ သာဓကေအားဖြင့်

ထိုင်းနိုင်ငံ၏ အရှေ့မြောက် ဆင်ခြေဖုံး ရပ်ကွက်တစ်ခုတွင် ကျေးရွာခေါင်းဆောင်များသည် ကွင်းဆင်းတိုင်းတာမှုများနှင့် မြေပုံများကိုအသုံးပြု၍ ကျောင်းပြင်ပရောက်နေသော ကလေးများကို ရှာဖွေကြသည်။ သူတို့၏ ကလေးများသည် မွေးစာရင်းမှတ်ပုံတင်များ မရှိသောကြောင့် ကလေးများ၏ မိဘများထံသို့ သွားရောက်လည်ပတ်ကြသည်။ တစ်ခါတစ်ရံ အနီးအနားရှိ ခရိုင်နှင့်ပြည်နယ်များသို့ပင် သွားရောက်ကြကာ ကလေးများမှတ်ပုံတင်ရန် လိုအပ်သော အထောက်အထားများ ရရှိရေးနှင့် ကလေးများကျောင်းသို့ ရောက်ရှိရေးအတွက် လုပ်ဆောင်ကြပါသည်။ ယခု ထိုဆင်ခြေဖုံး၌ရှိသောကလေးများအားလုံး ကျောင်းသို့ ရောက်ရှိနေကြလေပြီ။

## ကလေးများကျောင်းသို့ မရောက်နိုင်ရခြင်းအကြောင်းရင်းကို ရှာဖွေခြင်း

သင်၏လုပ်ဖော်ကိုင်ဖက် သို့မဟုတ် ကျောင်းသားများနှင့်အတူ 'ရပ်ရွာတွင်းရှိ မည်သည့်ကလေးများ ကျောင်းသို့မလာသည်' ကို ခွဲခြားပြီးပါပြီ။ အဘယ်ကြောင့် ဤသို့ ဖြစ်ပေါ်ရသည်ဆိုသောအကြောင်းရင်းအချို့ကိုပင် စဉ်းစားတွေးခေါ်ပြီးကောင်း ပြီးမည်။ ယခုဖြေကြားရန်လိုသော အဓိကမေးခွန်းမှာ 'မည်သည့်အဓိကအကြောင်းအချက် များသည် ကလေးများကျောင်းပြင်ပရောက်ရှိနေရခြင်း၏ ထူးခြားသောဝိသေသ လက္ခဏာဖြစ်နေသနည်း' နှင့် ထိုကလေးများကို ကျောင်းတက်နိုင်သော ကလေးများနှင့် နှိုင်းယှဉ်ရန်ဖြစ်သည်။

အစောပိုင်းလေ့လာခဲ့ချက်အရ အချို့သောအကြောင်းအချက်များသည် ပို၍မမြင်သာသော အချက်များကဲ့သို့ မြင်သာနိုင်သောအချက် ရုပ်ပိုင်းဆိုင်ရာ၊ အာရုံထိတွေ့ခံစားနိုင်ရာ သို့မဟုတ် ဉာဏ်ရည်ဆိုင်ရာအားနည်းမှု၊ လုံလောက်သော ဂရုစိုက်မှုမရှိခြင်း သို့မဟုတ် အာဟာရချို့တဲ့မှု သို့မဟုတ် အများခံယူထားမှုနှင့် အမှန်မသိထားသော အချက်များဖြစ်သည့် ကျား၊ မ အခန်းကဏ္ဍ သို့မဟုတ် ကလေးများက သူတို့၏ မိသားစုအတွက် တာဝန်ယူရမှုတို့ ဖြစ်ကြပါသည်။



### ဆောင်ရွက်ရန်လုပ်ငန်း။ ။ကလေးကိုယ်ရေးမှတ်တမ်းများပြုလုပ်ခြင်း

**ကလေးကိုယ်ရေးမှတ်တမ်း**သည် လူတိုင်းအကျုံးဝင်ပညာရေးနှင့် အတန်းတွင်း၌ တန်းတူညီမျှရှိရေးကို မြှင့်တင်ပေးသည့် လက်စွဲတစ်ခုပင်ဖြစ်သည်။ ယင်းကို အာဖရိက၊ အမေရိကအလယ်ပိုင်း၊ အလယ်၊ တောင်နှင့်အရှေ့တောင်အာရှ စသည့်နိုင်ငံအတော်များများ

တို့တွင်လည်း အသုံးပြုနေသည်။ ကလေးကိုယ်ရေးမှတ်တမ်းသည်–

❖ ရပ်ရွာအဖွဲ့အစည်း အဖွဲ့ဝင်များနှင့် ဆရာများအား မည်သည့်ကလေးများသည် မည်သည့်အတွက် ကျောင်းမတက်သည်နှင့် ကျောင်းထွက်ရသည့် အဟောသိကံဖြစ်မှုတို့ကို ခွဲခြားဖော်ပြနိုင်ရန် ကူညီပါသည်။

❖ သူတို့၏စရိုက်သဘာဝအရ ရပ်ရွာဒေသထဲမှ ကလေးများ၏ ကွဲပြားခြားနားမှု သူတို့၏မိသားစုများကို ဖော်ညွှန်းပြသသည်။

❖ ကျောင်းပြင်ပရောက်စေသော အကြောင်းအချက်များကို ကျော်လွှားနိုင်ရန် အစီအစဉ်များချမှတ်ရာ၌ ကူညီပါသည်။

ကလေးကိုယ်ရေးမှတ်တမ်းကို ထိုင်းနိုင်ငံ၌ ကျောင်းစီမံခန့်ခွဲမှုသတင်းအချက်အလက်စနစ် (School Management Information System -SMIS) ၏အစိတ်အပိုင်းအဖြစ် အသုံးပြုနေပြီး ဖိလစ်ပိုင်နိုင်ငံ၌လည်း ကျောင်းသားလမ်းကြောင်းစနစ် [ Student Tracking System (STS) ] အဖြစ် အသုံးပြုသည်။ နှစ်ခုလုံးသည် ကလေးပျော်ကျောင်းစနစ်များ ဖွံ့ဖြိုးတိုးတက်ရန်အတွက်ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အချို့သော အာရှအလယ်ပိုင်းနှင့် တောင်အာရှနိုင်ငံများတွင် ကလေးများ၏ကိုယ်ရေး မှတ်တမ်းကို သူတို့၏ရပ်ရွာလူထု အခြေပြုအမှုအကျင့်ဖြစ်ရာ အသုံးပြုပါသည်။ ရပ်ရွာလူထုအဖွဲ့အစည်း၊ ကလေးဗဟိုပြု ပညာရေးစီမံခန့်ခွဲမှုသတင်း အချက်အလက်စနစ်တွင် အစိတ်အပိုင်းတစ်ခုအဖြစ်သုံးသည်။ ရပ်ရွာခေါင်းဆောင်များသည် ရပ်ရွာရှိ အိမ်ထောင်စုများမှ ကလေးများအားလုံး၏ သတင်းအချက်အလက်ကို စုဆောင်းရယူသည်။ ကျောင်းနေသင့်သော ကလေးများ သို့မဟုတ် မကြာခင်ကျောင်းနေရတော့မည့် ကလေးများကို ခွဲခြားဖော်ပြပြီးနောက် ကျောင်းသို့ရောက်ရန် ဆောင်ရွက်ပေးသည်။ ဤစနစ် (SMIS)နှင့် (STS) စနစ်တို့ကို ရပ်ရွာအဆင့်၌ သုံးခြင်းဖြစ်သည် (ကျောင်းတွင်မဟုတ်)။ ထို့ကြောင့် ကျောင်းပြင်ပ ရောက်နေသောကလေးများ၊ ကျောင်းရောက်၍ ကျောင်းတက်နေသော်လည်း ဆင်းရဲချို့တဲ့စွာ သင်ယူနေရသောကလေးကိုပါ ခွဲခြားဖော်ပြနိုင်သည်။ ကလေးကိုယ်ရေးမှတ်တမ်းတစ်ခုကို အောက်ဖော်ပြပါအဆင့်များ အတိုင်း ပြုလုပ်ပါ–

၁။ ကျောင်းနှင့်ရပ်ရွာဒေသမြေပုံ သို့မဟုတ် ရပ်ရွာသန်းခေါင်စာရင်း မှတ်တမ်းအပေါ် အခြေပြု၍ ကျောင်းမရောက်သော ကလေးများစာရင်းပြုလုပ်ပါ။

၂။ သင်၏လုပ်ဖော်ကိုင်ဖက်နှင့် ကျောင်း–ကျောင်းဝန်းကျင်မြေပုံကို ပြုလုပ်ပုံဖော်ရာ၌

ကူညီသောသူတို့နှင့် ကလေးများကျောင်းသို့ မလာရခြင်းကို ဖြစ်စေသည့်အချက် အဟန့်အတားများအကြောင်းကို ဉာဏ်ဖွင့်စဉ်းစားပါ။ ဤလက်စွဲ စာစဉ်၏ ပထမလက်စွဲတွင် ပြုလုပ်ထားသောစာရင်းကို ကိုးကားနိုင်သည်။ ကျောင်း၊ ရပ်ရွာ၊ မိသားစုနှင့် ကလေးတို့ဆက်နွယ်မှုအပေါ် အခြေခံ၍ အချက်အလက်များကို အုပ်စုခွဲပါ။ သို့သော် တချို့သော အကြောင်းအချက်များသည် အုပ်စုတစ်ခုထက် ပို၍ ရှိနေမည်ကိုသတိပြုပါ။ ထိုအချက်များသည် အမှန်တကယ်ဖြစ်စေသော လိုအပ်သည့်အချက်ဖြစ်ကောင်းဖြစ်မည် မဟုတ်ပေ သို့သော် ကလေးများအတွက် ထိုအချက်များကို စုံစမ်းစစ်ဆေးရန်လိုပါသည်။

၃။ ထို့နောက် ထိုအကြောင်းချက်များဖြင့် မေးခွန်းများကိုဖန်တီးတည်ဆောက်ပါ။ ထိုမေးခွန်းကို ဖြေဆိုခြင်းအားဖြင့် ကလေးများအဘယ်ကြောင့် ကျောင်း မလာရောက် နိုင်ရခြင်းဆိုသည့် ထိုးထွင်းသိမြင်မှုအချို့ကိုပေးနိုင်ပါသည်။ အောက်ဖော်ပြပါ မေးခွန်းများသည် ဖိလစ်ပိုင်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့၏ ကလေးပျော်ကျောင်းများတွင် အသုံးပြုနေသည့် မေးခွန်းများနမူနာတစ်ခု ဖြစ်ပါသည်။ ဘဝနောက်ခံနှင့် စွမ်းရည် အမျိုးမျိုးရှိကြပြီး ကောင်းစွာမသင်ယူနိုင်ကြသည့် ကလေးများ၏ အခြေအနေကို သိရှိနိုင်ရန် အသုံးပြုကြ ခြင်းဖြစ်သည်။[2] ကလေးများသင်ယူခြင်းနှင့် ကျောင်းထွက် ခြင်းတို့ကို သက်ရောက်မှုရှိသော အစဉ်းဦး၌ ဆွေးနွေးခဲ့သည့် အဟန့်အတားများကို ပေါ်လွင်သိရှိရန် ထိုမေးခွန်းများကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ **သင်၏ရပ်ရွာတွင် အဖြစ်များဆုံး အဟန့်အတားအခက်အခဲဟု သင်ခံယူသောအချက်ပေါ် အခြေခံ၍ သင်ကိုယ်တိုင် မေးခွန်းတည်ဆောက်နိုင်ပါသည်။ ဤလုပ်ငန်းစဉ်တွင် သေချာမှုအတွက် ရပ်ရွာအကြီးအကဲများ ပါဝင်ရန်လိုပါသည်။ သူတို့သည် ကျောင်းသို့မရောက်၊ ကျောင်းတွင်မရှိကြသောကလေးများအားလုံးကို ခွဲခြားသိနိုင်ရန် ကူညီဆောင်ရွက်ပေးနိုင်ပါသည်။**

---

[2] Examples of the Child Profile from other countries such as El Salvador and Uganda can be found in: Toolkit for Assessing and Promoting Equity in the Classroom, produced by Wendy Rimer et al. Edited by Marta S. Maldonado and Angela Aldave. Creative Associates International Inc., USAID/EGAT/WID, Washington DC.2003

**အခက်အခဲအဟန့်အတားများ။ ယဉ်ကျေးမှုမတူညီခြင်းနှင့် ဒေသဆိုင်ရာ ဝေလေ့ထုံးစံမိရိုးဖလာ အစဉ်အလာများ**

- ❖ ကလေးသည်မည်သည့်နိုင်ငံသားဖြစ်သနည်း (သို့မဟုတ်) မည်သည့်လူမျိုးစုဖြစ်သနည်း။
- ❖ ကလေး၏ကိုးကွယ်မှုဘာသာသည် မည်သည့်ဘာသာဖြစ်သနည်း။

**အခက်အခဲအဟန့်အတားများ။ ကျား မခွဲခြားခြင်း**

- ❖ ကလေးသည် မည်သည့် လိင်ဖြစ်သနည်း။
- ❖ ကလေး၏အသက်မည်မျှနည်း။

**အခက်အခဲအဟန့်အတားများ။ မွေးစာရင်းမှတ်ပုံတင်ခြင်း**

- ❖ ကလေး၏မွေးစာရင်းမှတ်ပုံတင်ထားပါသလား။

**အခက်အခဲအဟန့်အတားများ။ အလုပ်နှင့်ကျောင်းတို့၏အချိန်ဇယား၊ အလုပ်လုပ်ရန် လိုအပ်ခြင်း**

- ❖ ကလေးသည် ဝမ်းစာအတွက်ဝင်ငွေရရန် အိမ်တွင်း သို့မဟုတ် အိမ်ပြင်ပ အလုပ်လုပ်ရပါသလား။

**အခက်အခဲအဟန့်အတားများ။ ဆန့်ကျင်ဘက်အမြင်သဘောထားများ အကြမ်းဖက်မှုကိုကြောက်ရွံ့ခြင်း**

- ❖ အကယ်၍ ကလေးသည် ကျောင်း၌အမြဲရှိနေလျှင် သူ သို့မဟုတ် သူမ၏ သင်ယူမှုအခြေအနေ မည်သို့ရှိသနည်း။
- ❖ အကယ်၍ ကလေးသည် ကျောင်း၌အမြဲရှိလျှင် သူ သို့မဟုတ် သူမ၏ ကျောင်းခေါ်ကြိမ်မှတ်တမ်း မည်သို့ရှိသနည်း။
- ❖ အကယ်၍ ကလေးသည် ကျောင်း၌အမြဲရှိလျှင် သူ သို့မဟုတ် သူမ မကြာခဏ ကျောင်းထွက်ခဲ့ဖူးသလား။

**အခက်အခဲအဟန့်အတားများ။ ဖျားနာခြင်းနှင့် အစာအာဟာရချို့တဲ့ဆာလောင်ခြင်း HIV/AIDS ကူးစက်မှု၊ ကိုယ်ဝန်ဆောင်ရခြင်း**

- ❖ ကလေး၏ကျန်းမာရေးနှင့် အာဟာရနှင့်ဆိုင်သော အခြေအနေမည်သို့ရှိသနည်း။

**အခက်အခဲအဟန့်အတားများ။ ပရိဘောဂ စသည့်ကျောင်းအထောက်အပံ့ပစ္စည်းများနှင့် တည်နေရာဒေသ**

❖ ကျောင်း၏ပရိဘောဂပစ္စည်းများကို သုံးရာတွင် သက်ရောက်မှုရှိသည့် ကလေးမသန်စွမ်းမှုမျိုး တစ်စုံတစ်ခုရှိသလား။

❖ ကလေး၏အိမ်သည် သက်ဆိုင်ရာကျောင်း၏ မည်သည့်နေရာတွင် တည်ရှိသနည်း။ (အကွာအဝေး၊ သွားရန်ကြာချိန်)

**အခက်အခဲအဟန့်အတားများ။ ပြုစုစောင့်ရှောက်မှု၊ ပဋိပက္ခရှိမှု**

❖ ကလေး၏မိဘများ အသက်မည်မျှရှိပြီနည်း။

❖ မိဘနှစ်ပါးလုံး သက်ရှိထင်ရှားရှိပါသလား။ မရှိလျှင် မည်သူဆုံးပါးသွားသနည်း။

❖ မိဘတစ်ဦးစီ၏ ပညာရေးအခြေအနေ မည်သို့ရှိသနည်း။

❖ မိသားစုဝင်ထဲမှ ကျောင်းထွက်ဖူးသူရှိပါသလား။ ထွက်လျှင်အဘယ်ကြောင့်နည်း။

❖ ကလေး၏မိဘနှစ်ပါးမှာ လက်ထပ်ပေါင်းသင်းနေတုန်းလား။

❖ ကလေးသည် မည်သူနှင့်နေသနည်း။

❖ ကလေး၏အိမ်တွင် မူကြိုကလေးဦးရေ မည်မျှရှိသနည်း။

❖ ထိုမူကြိုကလေးများကို မည်သူက အဓိကပြုစုစောင့်ရှောက်သနည်း။

❖ မိဘတစ်ဦးဦးသည် အလုပ်အတွက် ပြောင်းရွှေ့နေထိုင်ခဲ့ဖူးပါသလား။

**အခက်အခဲအဟန့်အတားများ။ ဆင်းရဲနွမ်းပါးခြင်းနှင့် ပညာရေး၏လက်တွေ့ကျကျ တန်ဖိုးရှိမှု၊ ကျောင်းကုန်ကျစရိတ်**

❖ ကလေးတစ်ဦးစီ၏မိဘများသည် မည်သည့်လုပ်ငန်းကို အဓိကလုပ်ကိုင်ပါသနည်း။

❖ ကလေးတစ်ဦးစီ၏မိဘများသည် အခြားမည်သည့်လုပ်ငန်းကို လုပ်ကိုင်ပါသနည်း။ (ရှိခဲ့လျှင်)

- ❖ ဝင်ငွေတိုးရေးအတွက်မိသားစုတွင် ကိုယ်ပိုင်မြေယာရှိပါသလား။ ရှိလျှင် မည်မျှအကျယ် (ဧက) ရှိသနည်း။
- ❖ ဝင်ငွေတိုးရေးအတွက်မိသားစုသည် မြေယာငှားရမ်းလုပ်ကိုင်ရပါသလား ရှိလျှင် မြေအကျယ်အဝန်းမည်မျှနည်း။
- ❖ အိမ်ထောင်စုတစ်ခု၏ တစ်လပျမ်းမျှဝင်ငွေ မည်မျှနည်း။
- ❖ ဝင်ငွေတိုးရေးအတွက် မိသားစုများငွေချေးရပါသလား။ ရှိပါက တစ်နှစ်တွင် မည်မျှ၊ အကြိမ်မည်မျှနှင့် မည်သည့်အချိန်တွင် ချေးရသနည်း။
- ❖ အိမ်ထောင်စုတွင် လူမည်မျှနေထိုင်သနည်း။
- ❖ အိမ်ထောင်စုသည် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တွင် အဖွဲ့ဝင်ဖြစ်ပါသလား။

၄။ ထိုမေးခွန်းများ၏ အဖြေများကိုစုစည်းရန် ဆန်းစစ်လွှာတစ်ခုပြုလုပ်ပါ။ ဤဆန်းစစ်လွှာသည် အထက်ဖော်ပြပါမေးခွန်းများအတွက် ထုတ်ထားပြီးသား အဖြေများ စာရင်းဖြစ်နိုင်ပါသည်။ ပုံစံတကျဖြစ်သည့် ကလေးကိုယ်ရေး မှတ်တမ်း ပုံစံတစ်ခုလည်း ဖြစ်နိုင်သည်။သာဓကအားဖြင့် ဤလက်စွဲ၏ အဆုံး၌ပေးထားသော နမူနာကဲ့သို့ဖြစ်ပါသည်။ ဆန်းစစ်လွှာ ပြည့်စုံပြီဆိုလျှင် ယင်းကို –

(က) ကလေးများအိမ်သို့ပို့၍ ဖြည့်ခိုင်းပြီးလျှင် ကျောင်း သို့မဟုတ် ရပ်ရွာခေါင်းဆောင်ထံသို့ပြန်ပို့စေခြင်း

(ခ) ဆရာဖြစ်သူက ၎င်းတို့၏ အိမ်ကိုလည်ပတ်စဉ် ရေးဖြည့်ခြင်း

(ဂ) ကလေးများကိုယ်တိုင် သို့မဟုတ် ၎င်းတို့မိဘများက ကလေးကိုလာကြိုသောအခါ ထိုမိဘများနှင့်မေးမြန်းချက်အပေါ် အခြေခံ၍ ဖြည့်ပေးခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

၅။ ဆန်းစစ်လွှာ ပြည့်စုံပြန်လည်ရရှိပြီးသောအခါ ကလေးတစ်ဦးစီ၏အဖြေများအားဖြင့် ဖော်ပြချက်လုပ်ငန်းပေးနမူနာကို ကလေးတစ်ဦးစီအတွက်ပြုစုပါ။ အောက်တွင် ဖော်ပြချက်လုပ်ငန်းပေးနမူနာပုံစံကို ဖော်ပြထားပါသည်။ ဤလုပ်ငန်းပေး နမူနာသည် ကလေးများသင်ယူမှုအတွက် သက်ရောက်မှုရှိသော အကြောင်းအချက်များကို ခွဲခြားဖော်ထုတ်မှုပြုခြင်း ဆက်စပ်မှုပြုခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း ပြုလုပ်ရာ၌ သင့်ကိုကူညီမှုပြုပါလိမ့်မည်။

**AYE မအေး**သည် ထိုင်းနိုင်ငံမြောက်ပိုင်းတွင် နေထိုင်သော (Hmong) မှန်လူမျိုးစုမှ ဖြစ်သည်။ သူသည် ကိုးနှစ်ရှိပြီဟုယုံမှတ်ရသော်လည်း သူ့အတွက် မွေးစာရင်းမရှိပါ။ သူ၏ဖခင်မှာ ကွယ်လွန်ပြီးဖြစ်သည်။ သူ့မိခင်မှာ အသက်(၃၀)ရှိပြီး နောက်ထပ် အိမ်ထောင်ပြုခြင်းမရှိပါ။ မအေး၏မိခင်မှာ စာမတတ်ပါ။ သူမ၏အဓိကအလုပ်အကိုင်မှာ ကုန်းမြင့်ပိုင်းတွင်ရှိသော မြေကွက်ငယ်တွင် တောင်ယာစပါးစိုက်ပျိုးရသည့် အလုပ်ဖြစ်သည်။ မအေး၏အဘွားသည် မအေးနှင့် မူကြိုကျောင်း မတက်သေးသော ၅ နှစ်အရွယ် မအေး၏မောင်လေးကို ကြည့်ရှုစောင့်ရှောက်ပါသည်။ မအေး၏ မိသားစုမှာ ဆင်းရဲပါသည်။ သူမ၏တစ်လ ဝင်ငွေမှာ ဘတ် ၅၀၀ အောက်နည်းပါသည်။ စိုက်ပျိုးချိန်မဟုတ်သော ရာသီတွင်မအေး၏အမေသည် ဗန်ကောက်သို့ပြောင်းရွှေ့ သွားရောက် အလုပ်လုပ်ရပါသည်။ မအေး ၏မိသားစုသည် မည်သည့်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တွင် ပါဝင်ပတ်သက်ခြင်းမရှိ၍ ရပ်ရွာ၏အရင်းအမြစ် အထောက်အကူများကိုလည်း မရပေ။မအေး သည် ပထမတန်းနှင့် ဒုတိယတန်းတွင် ကျောင်းတက်ခဲ့သော်လည်း တတိယတန်းတက်သောအခါ ကျောင်းထွက်ခဲ့ပါသည်။ မအေး၏အမေက မအေး၏ ကျောင်းဝတ်စုံစရိတ်နှင့် ကျောင်းသွားခရီးစရိတ်ကို မတတ်နိုင်ပါ။ ကျောင်းသည် မအေး၏အိမ်မှ ၂၅ ကီလိုမီတာ အကွာတွင် ရှိပါသည်။ မအေး ကျောင်းနေခဲ့စဉ်က ကျောင်းပျက်ကွက်ရခြင်းများ ထက်ဝက်မှာ ခွင့်ယူရ၍ဖြစ်ပြီး ကျန်တစ်ဝက်မှာ ဖျားနာနေမကောင်း၍ ဖြစ်သည်။ သူမသည် များသောအားဖြင့် ပြင်းထန်သော အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါခံစားရပြီး အပျော့စား အိုင်အိုဒင်းချို့တဲ့ရောဂါ ခံစားရသူလည်းဖြစ်ပါသည်။

၆။ လုပ်ငန်းပေးနမူနာများဆောင်ရွက်ပြီးနောက် ကလေးတစ်ဦးစီ၏ကျောင်းသို့တက်ပြီး သင်ယူနိုင်စွမ်းရည်ကို သက်ရောက်မှုရှိစေသော အကြောင်းအချက်များကို သေချာစွာ ကြည့်ရှုလေ့လာပါ။ ထိုအကြောင်းအချက်များကို သိသာထင်ရှားစေရန်နှင့် သူတို့ကို ဆက်စပ်ရာ၌ သင့်အတွက် အထောက်အကူဖြစ်စေရန် မျဉ်းသားထားပါ။ မအေး အတွက် ကျောင်းမတက်နိုင်သော အကြောင်းအချက်များမှာ ယဉ်ကျေးမှုမတူညီခြင်း၊ ဖြစ်နိုင်သည်။ မွေးစာရင်းမှတ်ပုံတင်ထားမှု မရှိခြင်း၊ ဆင်းရဲခြင်း၊ လုံလောက်သော ပြုစုစောင့်ရှောက်မှုမရှိခြင်း၊ မိသားစုပြင်ပမှလည်း အကူအညီမရရှိခြင်း၊ ကျန်းမာရေး မကောင်းခြင်းနှင့် အာဟာရနှင့်ဆိုင်သော အခြေအနေတို့ကြောင့်လည်း ဖြစ်ပါသည်။

၇။ ထို့နောက်ကလေးများအကြားရှိ အကြောင်းအချက်အလက်စာရင်းများကို နှိုင်းယှဉ်ကြည့်ပါ။ မည်သည့်အကြောင်းအချက်သည် တူညီစွာအဖြစ် အများဆုံးနည်း။ ဤအကြောင်းအချက်များကို စမှတ်များအဖြစ်အသုံးပြုပြီး ကလေးများ ကျောင်းရောက်မလာခြင်း၏ အကြောင်းရင်းများအတွက် ဆောင်ရွက်ရန်လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ပါ။ ဤစာအုပ်ငယ်၏ နောက်လက်စွဲတစ်ခုသည် ထိုလုပ်ငန်းအစီအစဉ်များကို ဖန်တီးရန် နည်းလမ်းများကို တင်ပြထားပါသည်။

**ကလေးကိုယ်ရေးမှတ်တမ်းဆန်းစစ်လွှာနမူနာ (Sample Child Profile Questionnaires)**

၁။ ကလေး၏အမည် ---------------- လိင် ------- အသက်------
လိပ်စာ ----------------------------------------
နိုင်ငံသား ------------- လူမျိုးစု --------- ဘာသာ -------
မွေးသက္ကရာဇ်---------မွေးဖွားရာဒေသ------ မွေးစာရင်းမှတ်ပုံတင်ခြင်း
ပြီး -------- မပြီး --------(စစ်ဆေးရန်)

၂။ အဘအမည် -----အသက်-----သက်ရှိ----- ကွယ်လွန် --------

၃။ အမိအမည် ----- အသက်-----သက်ရှိ----- ကွယ်လွန် --------

၄။ မိဘတို့၏လက်ထပ်မှုအခြေအနေ ❖ ပေါင်းသင်းနေသည် ❖ မုဆိုးဖို/မုဆိုးမ
(ဝိုင်းပါ) ❖ ကွာရှင်းသည် ❖ ခွဲနေသည်

၅။ ကလေးမည်သူနှင့်နေသနည်း ❖ မိဘနှစ်ပါးလုံးနှင့် ❖ မိခင်
(ဝိုင်းပါ) ❖ ဘခင် ❖ အခြား (ဖော်ပြပါ)

၆။ အိမ်ထောင်စုတွင်အတူနေသော မိသားစုအဖွဲ့ဝင်များကိုစာရင်းပြုလုပ်ပါ။ (ကျေးဇူးပြု၍ တစ်ဖက်ဖော်ပြပါဇယားတွင် လိုအပ်သောအချက်အလက်များကိုဖြည့်ပါ။)

| မိသားစု အဖွဲ့ဝင် | လိင် | | | ပညာရည်အဆင့်(သက်ဆိုင်ရာအုပ်စုတစ်ခုစီအတွက် ရရှိထားသော အမြင့်ဆုံးအဆင့်ကို ခွဲခြားဖော်ပြရန်) | | | | | | က လေး | အလုပ်အကိုင် (ဖော်ပြရန်) | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| အမည် | ကျား | မ | အသက် | ကျောင်း ပညာရေး မရှိ | ကျောင်း ပြင်ပ ပညာရေး | မူ ကြို | မူ လ တန်း | အ လယ်/ ထက် တန်း | တ က္က သိုလ် | နှင့် တော် စပ် ပုံ | အဓိက အလုပ် အကိုင် | တွဲ ဖက် လုပ် ငန်း |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |

၇။ ကလေး၏မိဘများ သို့မဟုတ် မိသားစုသည် ရွှေ့ပြောင်းနေထိုင်ဖူးပါသလား? (ဆီလျော်သောအချက်များတွင်ဖြည့်ပါ။)

ဖခင် မည်သည့်အချိန် -----------(လနှင့်နှစ်ခွဲခြားဖော်ပြရန်)

ပြောင်းခဲ့ဖူးသည်။ မြို့ ------- ခရိုင် --------နိုင်ငံ -------

ကြာမြင့်ချိန် ------ (လနှင့်နှစ်ခွဲခြားဖော်ပြရန်)

မပြောင်းခဲ့ဘူးပါ။

မိခင် မည်သည့်အချိန် -----------------(လနှင့်နှစ်ခွဲခြားဖော်ပြရန်)

ပြောင်းခဲ့ဖူးသည်။ မြို့ -------- ခရိုင် ---------နိုင်ငံ -----

ကြာမြင့်ချိန် ------------ (လနှင့်နှစ်ခွဲခြားဖော်ပြရန်)

မပြောင်းခဲ့ဘူးပါ။

မိသားစုတစ်စုလုံး မည်သည့်အချိန် ----------(လနှင့်နှစ်ခွဲခြားဖော်ပြရန်)

ပြောင်းခဲ့ဖူးသည်။ မြို့ -------- ခရိုင် ---------နိုင်ငံ -----

ကြာမြင့်ချိန် ------------ (လနှင့်နှစ်ခွဲခြားဖော်ပြရန်)

မပြောင်းခဲ့ဘူးပါ။

၈။ အိမ်ထောင်စု၏တစ်လဝင်ငွေ ( ✔ ဖြင့်ပြပါ)

◯ ဘတ် ၁၀၀၀ အောက်

◯ ဘတ် ၁၀၀၀–၂၅၀၀ ကြား

◯ ဘတ် ၂၅၀၁–၅၀၀၀ ကြား

◯ ဘတ် ၅၀၀၁–၈၀၀၀ ကြား

◯ ဘတ်၈၀၀၁–၁၀၀၀၀ ကြား

◯ ဘတ် ၁၀၀၀၀ အထက်

၉။ မူကြိုကလေးစောင့်ရှောက်သူ

သင်၏အိမ်၌မူကြိုအရွယ်ကလေးဘယ်နှယောက်ကျောင်းမတက်သနည်း။---

သူတို့ကို အဓိကမည်သူစောင့်ရှောက်သနည်း။

မိဘ --------- အခြားဆွေမျိုး (ဖော်ပြရန်)------

ရပ်ရွာနေ့ကလေးထိန်းဌာန ------- အခပေးကလေးထိန်း ------

အခြား(ဖော်ပြရန်) ----------

၁၀။ မြေ/အိမ်ပိုင်ဆိုင်မှု

ကျောင်းသား၏မိသားစုတွင်ဝင်ငွေတိုးအတွက် လယ်ယာပိုင်ဆိုင်မှုရှိပါသလား။ (အိမ်တည်ရှိသောမြေမပါ)

အကယ်၍ရှိပါက ပိုင်ရှင်--------ဟက်တာ (မြေဧရိယာအကျယ်)

ငှားရမ်းခြင်း-----------ဟက်တာ

မိသားစုပိုင် -----------ဟက်တာ

မရှိပါလျှင်

အခြား(ဖော်ပြရန်) ----------------------------

ကျောင်းသား၏မိသားစုတွင်အိမ်ပိုင်ရှိပါသလား။

ရှိပါသည် -------------- မရှိပါ ---------------

ရှိပါက ပိုင်ရှင် ------------ငှားရမ်းခြင်း ------------

အိမ်အမျိုးအစား/နေထိုင်ရာနေရာ (ဖော်ပြရန်) -----------

၁၁။ အိမ်နှင့်ကျောင်းအကွာအဝေးနှင့်သွားလာရေးနည်းလမ်းများ

ကလေး၏အိမ်/နေထိုင်ရာနေရာနှင့်ကျောင်းသည်မည်မျှကွာဝေးပါသနည်း။ ---------------(အကွာအဝေးဖော်ပြရန်)

ကလေး၏အိမ်/နေထိုင်ရာနေရာမှကျောင်းသို့သွားရန်အချိန်မည်မျှကြာသနည်း။ ----------------(ဖော်ပြရန်)

ကျောင်းကိုမည်သို့သွားသနည်း (ဝိုင်းပြပါ)

- ❖ လမ်းလျှောက်
- ❖ ကား
- ❖ မော်တော်ဆိုင်ကယ်
- ❖ စက်ဘီး
- ❖ ဆိုက်ကား
- ❖ ဘတ်(စ်)ကား
- ❖ အခြား(ခွဲခြားဖော်ပြရန်)

၁၂။ အိမ်ထောင်စုဝင်များထဲမှ ကျောင်းထွက်သူရှိပါသလား။ --------- ရှိပါသည်။ -------- မရှိပါ။ ရှိပါကမည်သည်ကြောင့်ဖြစ်သနည်း။

၁၃။ ကျောင်းသားသည်ကျောင်းတက်ဖူးပါသလား။ ----------- တက်ပါသည်။ -------မတက်ပါ။ တက်ပါက မည်မျှကြာကြာတက်ခဲ့သနည်း။

၁၄။ ကလေးသည်ကျောင်းထွက်ဖူးပါသလား။ ---------------- ထွက်သည်။ -------မထွက်ဖူးပါ။

ထွက်ဖူးလျှင် မည်မျှကြာပြီနည်း။ ---------------

ထွက်ဖူးပါက မည်သည့်အကြောင်းကြောင့်ထွက်သနည်း။-----------

၁၅။ မိသားစုသည် ရပ်ရွာဖွံ့ဖြိုးတိုးတက်မှုအဖွဲ့၏ အဖွဲ့ဝင်ဖြစ်သလား။ ----ဖြစ်သည်။ ---------- မဖြစ်ပါ။

ဖြစ်ပါက အဖွဲ့အစည်းကိုဖော်ပြပါ။ -----------------

၁၆။ ကလေးကျောင်းနေရန် မည်သည့်ငွေကြေးအထောက်အပံ့ အမျိုးအစားကိုရရှိပါသလဲ။ ------------ ရရှိပါသည်။ --------------- မရရှိပါ။

ရယူပါကမည်သည့်နေရာမှရရှိပါသလဲ။(ဖော်ပြပါ)---------------

၁၇။အကယ်၍ ကလေးကျောင်းတက်ပါက မကြာခဏကျောင်းပျက်ဖူးပါသလား။---
ပျက်ဖူးသည်။ ---------မပျက်ပါ။

ပျက်ပါကမည်သည့်အတွက်ကြောင့်နည်း။ ----------------

၁၈။အကယ်၍ ကလေးကျောင်းတက်ပါက ကျောင်းသင်ဘာသာရပ်များကို ဘယ်နှကြိမ် ကျခဲ့ပါသလဲ။

မကျပါ ---------------

၂၅ % အောက် -----------

၂၆-၅၀ %ကြား -----------

၅၀ % အထက် -----------

၁၉။ကလေးသည် အာဟာရချို့တဲ့ပါသလား။ (သူ/သူမ၏အသက်အရွယ်နှင့်စာလျှင် အလွန်အမင်း ပိန်ခြင်း (သို့) ဝခြင်း ) ----- ဟုတ်ပါသည်။ ---- မဟုတ်ပါ။

၂၀။ကလေးသည်နေ့လယ်စာစားရပါသလား။ ရသည် မရပါ

ကလေးသည်နေ့လယ်စာမှန်မှန်စားရပါသလား။ စားရသည် မစားရပါ။

၂၁။ ကလေး၌ မသန်စွမ်းမှုတစ်ခုခုရှိပါသလား။ ရှိပါက ဖော်ပြပါ။ ----------

၂၂။ ကလေး၌ နာတာရှည်ကူးစက်ရောဂါ ရှိပါသလား။

ရှိပါကဖော်ပြပါ ----------------- သို့မဟုတ်

ဤအချက်အလက်များသည် လျှို့ဝှက်ဖြစ်ပါသလား။ --------------- ဖြစ်ပါသည်။



## လက်စွဲ(၃.၃)
## ကလေးအားလုံးကျောင်းသို့ရောက်ရှိရေးအတွက် ဆောင်ရွက်ချက်များ

'မည်သည့်ကလေးများ ကျောင်းသို့ ရောက်မလာခြင်း၊ မည်သည့်အကြောင်းရင်းများသည် ဘာကြောင့်ဖြစ်ရသည် 'ကို လေ့လာရန်နမူနာအဖြစ် ခွဲခြားသိရှိပြီးခဲ့ကြပြီးသောအခါ ကလေးများ ကျောင်းသို့ရောက်ရှိရန် အစီအစဉ်ကို စတင်ဆောင်ရွက်နိုင်ကြလေပြီ။ ဤကဏ္ဍကိုဆောင်ရွက်ရန် စီမံချက်လုပ်ငန်းစဉ် (အသေးစိတ်အစီအစဉ် (micro-planning)ဟုလည်းခေါ်ဝေါ်သည်။)ဖြင့် အစပြုဖော်ပြပါသည်။ကျောင်းနှင့်ရပ်ရွာဒေသအတွက် သင်ကြိုးပမ်းနိုင်သမျှ သို့မဟုတ် ဆီလျော်စွာ ရယူနိုင်သမျှ လုပ်ဆောင်ရန်ဖြစ်ပါသည်။

### ဆောင်ရွက်ရန်စီမံချက်လုပ်ငန်းများ

ပြီးခဲ့သော လက်စွဲတွင် မည်သို့သော ကလေးများကျောင်းမတက်ခဲ့သည်ကိုပြရန် ကျောင်း–ရပ်ရွာဒေသပြမြေပုံကို အသုံးပြုခဲ့ပြီ။ ရပ်ရွာလူထုအဖွဲ့ဝင်များ သို့မဟုတ် ကျောင်းသားများ၏ အကူအညီဖြင့် မြေပုံကိုဖန်တီးပြီးနောက် သတင်းအချက်အလက်များကိုလည်း အခြားသူများကို ဝေမျှခဲ့ပါပြီ။ ကျောင်းမရောက်သော ကလေးတစ်ဦးစီ၏ သတင်းအချက်အလက်များကို စုစည်းပြီး၊ ကလေးကိုယ်ရေးမှတ်တမ်းကိုလည်းပြုစုခဲ့ပြီ။ ကလေးများ ကျောင်းနေရေးကို တားဆီးသည့် အခက်အခဲအချို့ကို ဖော်ထုတ်နိုင်ခဲ့ပြီးပါပြီ။ ယခုတွင်မူ အဟန့်အတားအခက်အခဲများကို ဖယ်ရှားရန်အတွက် လုပ်ငန်းများစီစဉ် ဆောင်ရွက်ရပါတော့မည်။ ထိုလုပ်ငန်းများလုပ်ဆောင်ရန်အတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာ၍ ထိရောက်သောစီမံချက်တစ်ခုကို ရေးဆွဲရပါမည်။[3] ဤလုပ်ငန်းစဉ်သည် စာအုပ်ငယ် (၁)တွင် ဖော်ပြထားသော လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်အတွက် အဆင့်များနှင့် အလားတူပင် ဖြစ်ပါသည်။ မည်သို့ဖြစ်စေလူတိုင်းအတွက် ပညာရေးတွင် အကျုံးဝင်စေခြင်းနှင့် ကလေးအားလုံး ကျောင်းရောက်ရေးအတွက်ရှိနေသော အဟန့်အတားများကို သီးသီးသန့်သန့်အထူးပြုလျက် စတင်ဖယ်ရှားဆောင်ရွက်ရာ၌ အောက်ဖော်ပြပါ နည်းလမ်းများကို ဆီလျော်အောင် ဆောင်ရွက်ရန်ဖြစ်ပါသည်–

[3] Adapted from: Toolkit for Assessing and Promoting Equity in the Classroom, produced by Wendy Rimer et al. Edited by Marta S. Maldonado and Angela Aldave. Creative Associates International Inc., USAID/EGAT/WID, Washington DC.2003.

၁။ **ကျောင်း – ရပ်ရွာဒေသမြေပုံ**နှင့် ကလေးကိုယ်ရေးမှတ်တမ်းတို့ဖြင့် စုစည်းရရှိထားသောသတင်းအချက်အလက်များကို စဉ်းစားထင်ဟပ်ရာ၌ ကူညီဆောင်ရွက်ပေးနိုင်သူများနှင့် သင့်လျော်သောလုပ်ငန်းအစီအစဉ်များကို ကူညီစီစဉ်နိုင်သူများပါဝင်သည့်အဖွဲ့တစ်ဖွဲ့ ဖွဲ့ပါ။ ထိုသူများသည် စာအုပ်ငယ်(၂)တွင် ဖော်ပြထားသည့် လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင် ဖော်ဆောင်မှုလုပ်ငန်းစဉ်၌ ပါဝင်သောသူများ သို့မဟုတ် မြေပုံရေးဆွဲခြင်းလုပ်ငန်း၌ အသေးစိတ် ပါဝင်လုပ်ဆောင်သူများနှင့် အတူတူပင်ဖြစ်နိုင်ပါသည်။ တစ်လုည့်စီအနေဖြင့် စီမံချက်ချရန်နှင့် လုပ်ငန်းဆောင်ရွက်သည့်အခါ တာဝန်ယူကူညီဆောင်ရွက်ပေးနိုင်သည့် အခြားပုဂ္ဂိုလ်များကိုပါ အဖွဲ့တွင် တိုးချဲ့ထည့်သွင်းနိုင်ပါသည်။

၂။ အဖွဲ့ကို အဖွဲ့၌ပါသော သူတို့၏အနေအထား သို့မဟုတ် စိတ်ဝင်စားမှုများ (သာဓကအားဖြင့် ကျောင်းဆရာများ၊ ရပ်ရွာရှိ အမျိုးသမီးအုပ်စုအဖွဲ့ဝင်များ၊ ရပ်ရွာခေါင်းဆောင်များ၊ ကျောင်းသား၊ ကျောင်းသူကလေးများ၊ ပြင်ပပုဂ္ဂလိကကဏ္ဍမှ လူပုဂ္ဂိုလ်များအစရှိသည်) များအရ အုပ်စုငယ်များဖွဲ့ပါ။

၃။ ထို့နောက် အဖွဲ့ငယ်တစ်ခုစီသည် ကလေးအားလုံးကျောင်းရောက်ရှိရေးနှင့် သင်ယူရေးအတွက် သူတို့လုပ်ဆောင်နိုင်သော လုပ်ငန်းများစာရင်းတစ်ခုကို ဉာဏ်ဖွင့် စဉ်းစားပါ။ အဖွဲ့တစ်ခုစီသည် လုပ်ငန်းတစ်ခုစီကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ရင်ဆိုင်ရမည့်စိန်ခေါ်မှုများကို စဉ်းစားသင့်ပါသည်။ အောင်မြင်မှုအတွက်ဖြစ်နိုင်ခြေ အလားအလာမှာ အဘယ်နည်း။ ဆောင်ရွက်မှုတစ်ခုစီကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ မည်သည့် အခက်အခဲအဟန့်အတားများရှိသနည်း။ ထိုအခက်အခဲ အဟန့်အတားများကို မည်သို့ရှောင်ရှားနိုင်သနည်း။ ဆောင်ရွက်မည့်လုပ်ငန်းစီမံချက်များ မအောင်မြင်မှုကို ရှောင်ရှားရန်အလို့ငှာ ဤအခက်အခဲ အဟန့်အတားများကို စဉ်းစားရန် အရေးကြီးပါသည်။

၄။ အုပ်စုတစ်ခုစီသည် ကလေးအားလုံးကျောင်းသို့ ရောက်ရှိရေးအတွက် ဖြစ်နိုင်သောဆောင်ရွက်မှုများကိုဆုံးဖြတ်ပြီးကြသောအခါ အဖွဲ့အားလုံးစု၍မိမိတို့၏အကြံဉာဏ်၊ အတွေးအခေါ်၊ အယူအဆများကို ဖလှယ်ပါ။ အတူတူအလုပ်လုပ်ကြရင်း အောက်ဖော်ပြပါပေါ်ထွက်သည့် အကြောင်းအချက်များနှင့် အခြား သင်အနေဖြင့် သင့်လျော်သည်ဟု ယူဆသည့် အကြောင်းအရာများကို ထည့်သွင်းစဉ်းစားခြင်းဖြင့် တကယ့်လက်တွေ့ကျကျ လုပ်ဆောင်နိုင်မည့် ဆောင်ရွက်မှုများကို ခွဲခြားဖော်ထုတ်ပြပါ–

(က) မည်သည့်ဆောင်ရွက်မည့်လုပ်ငန်းများသည် ကလေးအများစုအပေါ် အကြီးမားဆုံးသော အကျိုးသက်ရောက်မှုရှိနိုင်သနည်း။ သို့မဟုတ် သင်၌ရှိနေသော သီးခြား အခြေအနေတွင် မည်သည့်ဆောင်ရွက်မည့်လုပ်ငန်းများကို အမြင့်ဆုံး ဦးစားပေးလုပ်ဆောင်သင့်သနည်း။ သင်၏ ဆောင်ရွက်မည့်လုပ်ငန်းကို ဦးစားပေးအစီအစဉ်အရ ဆောင်ရွက်လိုမှုဖြင့် ပြုနိုင်ပါသည်။

(ခ) အုပ်စုများကြားတွင် ပေါင်းစည်းဆောင်ရွက်နိုင်သည့် ဆင်တူလုပ်ငန်းများ ရှိပါသလား။ ဆင်တူသော ဆောင်ရွက်မှုများကို အတူတကွလုပ်ဆောင်ခြင်းသည် ကြိုးပမ်းဆောင်ရွက်မှု၊ အရင်းအမြစ်များစုဆောင်းမှုတို့တွင် အရှိန်အဟုန်ကောင်းစေသည်။ အောင်မြင်မှုအတွက် အလားအလာကိုလည်း တိုးပွားပါသည်။

(ဂ) အောင်မြင်မှုအတွက် ဖြစ်နိုင်ခြေအများဆုံးကို ဖော်ညွှန်းသည့် အလားအလာ အကောင်းဆုံးသော မည်သည့်လုပ်ငန်းများကို ပထမဦးဆုံး စတင်အစပြုသင့်သနည်း။ အောင်မြင်မှုကိုရယူရန် အကောင်းဆုံးနည်းဗျူဟာမှာ အရိုးရှင်း ဆုံးနှင့် စတင်ရန်ဖြစ်ပါသည်။ ပြီးမှ ပို၍ခက်ခဲသော လုပ်ငန်းကို ဆက်လုပ်ပါ။ အတိုချုပ်ပြောရလျှင် အောင်မြင်မှုအပေါ် တည်ဆောက်ပါ။ သာဓကအားဖြင့် ကျောင်းကို မသန်စွမ်းသောကလေးများအတွက် ပို၍လက်လှမ်းမီမီ သင်ယူလွယ်ကူသော ကျောင်းဖြစ်အောင် စတင်ပြုလုပ်ခြင်းသည် ပိုကောင်းနိုင်ပါသည်။ နောက်ပိုင်းတွင် ပိုမိုခက်ခဲသော စိန်ခေါ်မှုဖြစ်သည့် စာသင်ခန်းထဲတွင် မသန်စွမ်းကလေးများအပေါ်ထားရှိသော အမြင်သဘောထားများ တိုးတက်အောင် လုပ်ဆောင်ရပါမည်။

(ဃ) မည်သည့်လုပ်ငန်းများသည် ရှိနေသောအရင်းအမြစ် အထောက်အကူများကို အသုံးပြု၍ ဆောင်ရွက်နိုင်မည်နည်း။ မည်သည်တို့ က ပြင်ပမှ အရင်းအမြစ် အကူအညီကိုလိုပါသနည်း။ ပြင်ပမှ အရင်းအမြစ်အကူအညီများကိုရရှိရန် သင်၌ရှိပြီးသား အထောက်အကူများဖြင့်ပင် သင်သည် ကြိမ်ဖန်များစွာ အကောင်းဆုံးလုပ်ဆောင်နေသည်ကို ပြသရန်လိုပါသည်။ သို့ဖြစ်ပေရာ နောက်လာမည့်ဆောင်ရွက်မှုများကို လုပ်ဆောင်ရန်အတွက် အခြားသော သူထံမှ လိုအပ်သောအကူအညီများရရန် သင်ယခု လုပ်နိုင်သည့်အရာကို စတင် လုပ်ဆောင်ပါ။

၅။ ထို့နောက် လူတိုင်းသည် အထက်တွင် ဆုံးဖြတ်ခဲ့သော လုပ်ငန်းစီမံချက်များ တိုးတက်မှု အောင်မြင်ရန်အတွက် အတူတကွ ပါဝင်ဆောင်ရွက်သင့်ကြသည်။ ထိုဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များတွင် အောက်ပါအစိတ်အပိုင်းများ ပါဝင်သင့်ပါသည်–

(က) သင်ပြီးမြောက်အောင်မြင်လိုသော ရည်မှန်းချက်များ၊ သာဓက– ဘဝနောက်ခံနှင့် စွမ်းရည်အမျိုးမျိုးရှိကြသော ကလေးများအဖို့ လက်လှမ်းမီသည့် ကျောင်းနေနိုင်မှုတိုးလာရေး၊

(ခ) လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် နည်းဗျူဟာများ သို့မဟုတ် နည်းလမ်းများလိုအပ်သည်။ သာဓက– ဘဝနောက်ခံနှင့် စွမ်းရည်အမျိုးမျိုးရှိသော ကလေးများ၏ မိဘများနှင့် တွေ့ဆုံကာ ထိုကလေးများ၏ လိုအပ်ချက်ကို ဖော်ထုတ်ခြင်း။ ထို့နောက် ကျောင်းပရိဘောဂပစ္စည်းများကို ကြပ်မတ်စစ်ဆေးခြင်းနှင့် ကလေးများ သင်ယူမှုအခွင့်အလမ်းပိုမိုရရန်နှင့် သင်ယူပျော်ဖြစ်ရေးအတွက် ကျောင်း၏ စီမံအုပ်ချုပ်သူများ၊ ဆရာ၊ ဆရာမများနှင့် စည်းဝေးဆွေးနွေးခြင်းများ၊

(ဂ) အထက်ဖော်ပြပါလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းများနှင့် အချိန်သတ်မှတ်မှု၊

(ဃ) သင်ကြိုးစားချဉ်းကပ်ရန် ဦးတည်ထားသည့်လူများ။ (သာဓက–ဘဝနောက်ခံနှင့် စွမ်းရည်အမျိုးမျိုးရှိသော ကလေးများ၏ မိဘများနှင့် ကလေးများကိုယ်တိုင်ကိုလည်းကောင်း၊) ထို့အပြင် လုပ်ငန်းများ၌ ပါဝင်ပတ်သက်သောသူများ (ကျောင်းအုပ်ချုပ်သူများ၊ ဆရာများ၊ မိဘဆရာအသင်းအဖွဲ့ဝင်များ၊ ကျောင်းသားများ စသည်ဖြင့်)

(င) သင်လိုအပ်မည့် အရင်းအမြစ်အထောက်အကူများနှင့် မည်သို့မည်ပုံရရှိနိုင်ပုံ။

(စ) သင်၏လုပ်ငန်းစီမံချက် အောင်မြင်မှုကို အကဲဖြတ်ရာ၌ အသုံးပြုမည့် စံများ။ (သာဓက – ကလေးများအားလုံး ကျောင်းနေရေး)

၆။ အဖွဲ့များစွာသည် ဆောင်ရွက်မှုအမျိုးမျိုးကို လုပ်ဆောင်နေကြသည်ဆိုလျှင် သူတို့၏ အတွေ့အကြုံများကိုမျှဝေနိုင်ရန် ပုံမှန်အခွင့်အလမ်းများရရှိရေးကို ဂရုပြုဆောင်ရွက်ပါ။ အဖွဲ့များအကြား လုပ်ငန်းများချိတ်ဆက်ရန် အခွင့်အလမ်းများပေါ်ပေါက်နိုင်ပါသည်။

၇။ အဖွဲ့များအားလုံးအား နောက်ကြောင်းပြန်ပြီး၊ ‘ မိမိတို့ ဘာလုပ်ဆောင်ခဲ့သည် ’ ကို ပြန်လည်ကြည့်ရှုလေ့လာရန်နှင့် လက်ရှိဖြစ်တည်လာမှု သို့မဟုတ် ပြီးစီးသည်များကို ထင်ဟပ်ရန်နှင့် အောင်မြင်သည့်အဆင့်ကို အကဲဖြတ်ရန်၊ (ဘာကိုလုပ်နေသည်၊ ဘာကိုတော့ဖြင့် မလုပ်ရသေး) အခွင့်အလမ်းများပေးပါ။ ဤသတင်းအချက်အလက်များကိုသုံးကာ လုပ်ငန်းတစ်ခုကို စီစဉ်ထားသည့်အတိုင်း ဆက်လုပ်မည် သို့မဟုတ် ပြောင်းလဲမည်ကို ဆုံးဖြတ်ပြီး၊ ၄င်းဆုံးဖြတ်ချက်ကို အသုံးချပါ။(ဆောင်ရွက်ပါ)

## လုပ်ငန်းအတွက် အကြံဉာဏ်များ

ဤကဏ္ဍသည် ‘ **စိတ်ကူးအကြံဉာဏ်ထုတ်စက်** ’ အခန်းကဏ္ဍတစ်ခုဖြစ်သည်။ ဤကဏ္ဍသည် အစောပိုင်းတွင် ဆွေးနွေးခဲ့သော လူတိုင်းအကျုံးဝင် သင်ယူမှုအတွက် အဓိကကျသည့် အတားအဆီးအဟန့်အတားများကို ခြုံငုံ၍ စဉ်းစားထားပါသည်။ ယင်းသို့ စဉ်းစားပြီးမှ လူတိုင်းအကျုံးဝင်သင်ယူမှုတိုးတက်စေရန် ဆောင်ရွက်နေကြသည့် ကျောင်းများနှင့် ရပ်ရွာအဖွဲ့အစည်းတို့၏ အတွေ့အကြုံများအပေါ်အခြေခံကာ အဟန့်အတားများ မည်သို့ ကျော်လွှန်နိုင်မည်ဆိုသော အကြံဉာဏ်အယူအဆများကိုပါ တင်ပြပါသည်။ သင့်အခြေအနေအပေါ်တွင် မူတည်၍ ကိုယ်တိုင်လည်း အကြံထုတ်သင့်သည်။ စဉ်းစားချဲ့ထွင်သင့်သည်။ ပြီးလျှင် ယင်းစိတ်ကူးအကြံဉာဏ်ကို ဆောင်ရွက်ရန် လုပ်ငန်းစီမံချက်၏ စမှတ်တစ်ခုအဖြစ် အသုံးပြုနိုင်ပါပြီ။

### ကလေးပတ်ဝန်းကျင်

**မွေးစာရင်းမှတ်ပုံတင်ခြင်း။** မွေးစာရင်းမရှိသောကလေးများသည် ကျောင်းသွားတက်နိုင်မည် မဟုတ်ပါ။ သို့မဟုတ် နှစ်အကန့်အသတ်ထိသာ ကျောင်းတက်ခွင့်ရနိုင်သည်။ ထိုကလေးများကို မည်သို့ကူညီနိုင်မည်နည်း။

- ❖ ကလေးများအားလုံး မွေးစာရင်းရရှိရေးအတွက် ရပ်ရွာအဖွဲ့အစည်းနှင့် ဒေသဆိုင်ရာ အစိုးရဌာနများနှင့် နှစ်စဉ်မွေးစာရင်းမှတ်ပုံတင်မှုလုပ်ငန်းကို ဆော်ဩပေးရပါမည်။
- ❖ လူထုကျန်းမာရေးဌာနနှင့် ဆေးရုံများနှင့်ဆက်သွယ်ကာ မိဘများ ကလေးမွေးသည့်အခါ ကလေးမွေးစာရင်းမှတ်ပုံတင်ကြရန် တိုက်တွန်းအားပေးသည့် နည်းဗျူဟာများ တိုးတက်အောင်ဆောင်ရွက်ကြရပါမည်။

**HIV/AIDS ဝေဒနာသည်များကို ခွဲခြားဆက်ဆံခြင်းနှင့်ကဲ့ရဲ့ရှုတ်ချခြင်း။** HIV/AIDS ရောဂါရှိသောကလေးများသည် ကျောင်းတက်လိုစိတ် နည်းပါးပါသည်။ သူတို့သည် ဂရုစိုက်ပြုစုရန် မိသားစုဝင်တစ်ဦး လိုအပ်နိုင်သည်။ သူတို့ကို ကြောက်ရွံ့ခြင်းကြောင့် ကျောင်းမှ အပယ်ခံရခြင်းလည်းဖြစ်သည်။ သူတို့ကို မည်သို့ကူညီနိုင်မည်နည်း။

- ❖ ဒေသဆိုင်ရာ AIDS အဖွဲ့အစည်းများနှင့်အတူပူးပေါင်းပြီး၊ HIV/AIDS နှင့် ပတ်သက်၍ သတိပြုမှုနှင့် ဗဟုသုတပိုမိုတိုးတက်လာမှုကို မြှင့်တင်ပေးသည့် လုပ်ငန်းဆွေးနွေးပွဲများကို သင်၏ကျောင်းနှင့် ရပ်ရွာလူထုအဖွဲ့အစည်းတွင် ဆောင်ရွက်ပါ။
- ❖ HIV ကူးစက်မှုမခံစားရသော ကလေးများ၏မိဘများနှင့် ပတ်သက်၍ လိုအပ်ချက်များကို ဆွေးနွေးပါ။ သူတို့သည်လည်း အခွင့်အလမ်းများရှိကြသည်။ HIV ရောဂါရှိသော ကလေးများကျောင်း ရောက်လာပါကလည်း သင့်လျော်စွာ ကူညီနှစ်သိမ့်မှု မည်ကဲ့သို့ပြုနိုင်သည်ကို ဆွေးနွေးပါ။
- ❖ ရောဂါရှိသည့်ကလေးများ ကျောင်းလာပညာသင်မှုကို နွေးထွေးစွာ ကြိုဆိုစေသည့် ကျောင်းကျန်းမာရေးမူဝါဒကို ဖွံ့ဖြိုးတိုးတက်အောင်နှင့် အားစိုက်အောင် ဆောင်ရွက်ပါ။ သူတို့၏လိုအပ်ချက်များကို သင့်တင့်မျှတစွာလိုက်လျော ကူညီပါ။ သူတို့ကို ခွဲခြားဆက်ဆံခြင်းနှင့် အကြမ်းဖက်မှုများကို ကာကွယ်စောင့်ရှောက်ပေးပါ။
- ❖ အောက်ဖော်ပြပါ လုပ်ငန်းပေးနမူနာကဲ့သို့ သက်တူရွယ်တူ ဆွေးနွေးလမ်းညွှန်မှု အသင်းကို ထူထောင်ပါ။

**အတွေ့အကြုံမှ သင်ယူခြင်းစီမံချက် (Thika HIV/AIDS)**

ကင်ညာနိုင်ငံ (FAWEK) စီမံချက်ကို Thika ခရိုင်တွင် လုပ်ဆောင်ရန် ရွေးချယ်ခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် မူလတန်းကလေး ၁၇ % နှင့် မူလွန် ကျောင်းသား ၂၂ % မှာ HIV ရောဂါရှိနေသောကြောင့်ဖြစ်သည်။ FAWEK သည် လူပျို အပျိုဖော်ဝင်စ အရွယ်ကာလဖြစ်သည့် အသက်(၁၀–၁၃)နှစ်ကို မူလတန်း ကျောင်းသားကလေးများ အတွက် ဥဒဏ်ဖွင့်ကလပ်များဖွင့်ရန် ရည်ရွယ်ခဲ့သည်။ ထိုကလပ်အဖွဲ့များသည် ငယ်ရွယ်သောယောက်ျားလေးများနှင့် မိန်းကလေးများအတွက် အခြေခံကျသည့်

အသိဉာဏ်ဆိုင်ရာတတ်ကျွမ်းစရာများ၊ ထို့အပြင် အပျိုဖော်ဝင်အရွယ် လိင်ဆက်ဆံရေးဆိုင်ရာနှင့် ပတ်သက်သည့်အမြင်သဘောထားခံယူမှု၊ ကျန်းမာရေးဆိုင်ရာအသိများဆင့်ပွားစေရန်နှင့် HIV/AIDS အပါအဝင်လိင်ဆက်ဆံမှုကြောင့် ရရှိနိုင်သော ကူးစက်ရောဂါများအကြောင်းသိ နားလည်ကြစေရန် လမ်းဖွင့်ပေးမည်ဖြစ်ပါသည်။ ထိုစီမံချက်သည် မူလတန်းအထက်ဆင့်အတန်းများအတွက် ဦးတည်ရည်စူးရာတွင် HIV/AIDS ကူးစက်မှု၏အဓိကလမ်းကြောင်းဖြစ်သည့် လိင်ကိစ္စကို**ငြင်းဆို**ရန်နှင့် အလေးအနက်ထားရှောင်ကြဉ်ရန်အတွက် ဖြစ်ပေသည်။

မူလတန်းကျောင်း (၃၂)ကျောင်းမှ ဆရာ(၆၄)ဦးဖြင့် လုပ်ငန်းဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါသည်။ ထိုဆွေးနွေးပွဲမှ ဆရာများသည် သူတို့ကျောင်းများမှ ဉာဏ်ဖွင့်ကလပ်များတွင် ကြီးမှူးကာ လမ်းညွှန်မှုပေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေးပေးခြင်းများကို ဆောင်ရွက်ခဲ့ကြပါသည်။ ပါဝင်တက်ရောက်ဆွေးနွေးမှုအား မြင့်မြင့်မားမားကျင်းပသည့် လုပ်ငန်းဆွေးနွေးပွဲတွင် ပူးပေါင်းပါဝင်ခြင်းဖြင့် ဆရာများသည် HIV/AIDS ဆွေးနွေး လမ်းညွှန်မှုဗဟုသုတ၊ ကျွမ်းကျင်မှုများနှင့် ခံယူရန်သဘောထားများကိုလည်းရရှိကြပြီး၊ မိမိတို့၏ကျောင်း၌ အသုံးပြုရန် အထောက်အကူပစ္စည်းများကိုလည်း ရရှိခဲ့ကြပါသည်။

ကျောင်းပေါင်း (၃၂)ကျောင်းမှပင် မိန်းကလေး၊ယောက်ျားလေးတစ်ယောက်စီ၊ ပေါင်း (၆၄)ယောက်သည် ဆရာ(၁) ယောက်နှင့်အတူ လုပ်ငန်းဆွေးနွေးပွဲ (၂)ရက်၌ ပါဝင်ခဲ့သဖြင့် နောက်ပိုင်း၌ ဆရာသည် ကလပ်အသင်း၏ အကြီးအမှူးနာယက ဖြစ်လာပြီး၊ ဆွေးနွေးပွဲတက်ခဲ့သည့် ကလေးများက အသင်း၏ခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့ကြသည်။ HIV/AIDS ပြပွဲတစ်ခုကို ခင်းကျင်းပြီး၊ **ခြုံပုတ်မီး (Bush Fire)** အမည်ရှိ ဗီဒီယိုနှင့် ကျောင်းသားများ၏ HIV/AIDS ပညာပေးကဗျာနှင့် ရုပ်ပြောင်စာပြောင်တို့ကို ဆွေးနွေးပွဲတွင် ဖြည့်စွက်ပေးကြသည်။ သက်တူရွယ်တူ ဆွေးနွေးလမ်းညွှန်သူအဖြစ် သင်တန်းပေးထားသော ကျောင်းသား၊ ကျောင်းသူ (၆၄)ဦးနှင့် သူတို့၏ဆရာများသည် HIV/AIDS ကို သတိပြုရန် ကျယ်ကျယ်ပြန့်ပြန့် ပညာပေးမှုများကို သူတို့၏ကျောင်းတွင် အစပြု၍ ဆောင်ရွက်လာနိုင်ခဲ့ကြပါသည်။ သူတို့သည် သီချင်း၊ ကဗျာ၊ ပြဇာတ်၊ စကားရည်လုပွဲနှင့် ရှင်းလင်းပြသပွဲများကို အသုံးပြုသကဲ့သို့ နှစ်သိမ့်ဆွေးနွေးလမ်းညွှန်မှုတို့ကိုလည်း ပြုကြသည်။ ကျောင်း (၃၂)ကျောင်းရှိ တစ်ကျောင်းစီတွင် ပျမ်းမျှမိန်းကလေး (၂၅၀)ဦးရှိပါသည်။ ဤစီမံချက်ဆောင်ရွက်မှုသည် စုစုပေါင်းမိန်းကလေး (၈၀၀၀)ဦးနှင့် ဆရာမ(၈၀၀) ဦး ရှိခဲ့ပြီးဖြစ်ပါသည်။ သူတို့

သက်တူရွယ်တူ နှစ်သိမ့်ဆွေးနွေးလမ်းညွှန်သူများကလပ်ကို ကျောင်းစုဝေးပွဲနှင့် မိဘဆွေးနွေးပွဲတွင် တင်ပြမှုများပြုလုပ်ရန် အချိန်ပေးပါသည်။ ဤသို့အားဖြင့် သူတို့၏ဆောင်ရွက်မှု၊ ထိရောက်မှုမှာ ကျောင်းအပြင်၊ ဘုရားကျောင်းများ၊ ဈေးများ၊ ရပ်ရွာပတ်ဝန်းကျင်များထိအောင် သတင်းအချက်အလက်ပေးနိုင်မှုသည် အကျိုးသက်ရောက်နေပြီဖြစ်လေသည်။

*HIV/AIDS and Girl's Education: The FAWE kenya Experience. Forum for Afican Women Educationalists. Nairobi, Kenya.www.fawe.org*

**အကြမ်းဖက်မှုကို ကြောက်ရွံ့ခြင်း။** ကလေးများသည် အကြမ်းဖက်ခံရမည်ကို ကြောက်ရွံ့နေရလျှင် ကျောင်းသို့လာချင်မည်မဟုတ်ပေ။ ကျွန်ုပ်တို့ကျောင်းအခြေအနေပိုမို၍ ကောင်းမွန်ရန် နားလည်ကြဖို့ မည်သည့်အလုပ်များကို မိမိလုပ်ဆောင်နိုင်မည်နည်း။

- ❖ ကလေးများရပ်ရွာအဖွဲ့အစည်းဝင်များနှင့် ကျောင်းပရိဝုဏ်အတွင်းနှင့် ကျောင်းသွားကျောင်းပြန်ကြရာတွင် အကြမ်းဖက်မှုများဖြစ်ပွားတတ်ရာနေရာ ပြပုံ ရေးဆွဲဆောင်ရွက်ပါ။ (ကျန်းမာရေးနှင့် လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်ကာကွယ်ပုံကို စာအုပ်ငယ်(၆)တွင် ပို၍ အသေးစိတ် ဆွေးနွေးထားပါသည်။)
- ❖ ရပ်ရွာဒေသတို့ကို အဖွဲ့အစည်းခေါင်းဆောင်များနှင့် မိဘများပူးပေါင်း၍ **'ကလေးကို စောင့်ကြည့်'** လှုပ်ရှားမှုများကို လုပ်ဆောင်ပါ။ ၄င်းလှုပ်ရှားမှုတွင် ဆရာ၊ ဆရာမများ၊ မိဘများ သို့မဟုတ် ရပ်ရွာအဖွဲ့အစည်းဝင်များကို တာဝန်ယူစေရန် ကျောင်းတွင်းနှင့် ကျောင်းပြင်ပနေရာ၌ဖြစ်တတ်သောပြင်းထန်သည့်အကြမ်းဖက်မှုနေရာများကို စောင့်ကြည့်စေပါ။ ယင်းတွင် လိုအပ်သည့်အခါ ကလေးများလုံခြုံရေးစောင့်ရှောက်ပေးမှုများပါဝင်ပါသည်။

**နေထိုင်မကောင်းခြင်းနှင့် အစာအာဟာရချို့တဲ့ငတ်မွတ်ခြင်း။** ကလေးသည် ဆာနေမည်သို့မဟုတ် ဖျားနာမည်ဆိုပါက စာကို ကောင်းစွာသင်ယူမည်မဟုတ်ပေ။ ထိုကလေးများကို ကူညီနိုင်ရန်မည်သည့် ဆောင်ရွက်မှုလုပ်ငန်းများကို လုပ်ဆောင်နိုင်မည်နည်း။

[မှတ်ချက်။ နောက်ထပ် ဖြည့်စွက်လုပ်ငန်းများကို စာအုပ်ငယ် (၆)တွင် ဆွေးနွေးထားပါသည်။]

- ❖ သင်ယူရေးအစီအစဉ်အတွက် အာဟာရဖြစ်စေသော နေ့လယ်စာ သို့မဟုတ် သရေစာတို့ကို ပံ့ပိုးစီစဉ်ပေးသည့် ကျောင်းအာဟာရ ကျွေးမွေးမှုအစီအစဉ်များကို ထူထောင်ပါ။ဤအစီအစဉ်များသည် အထူးသဖြင့် မိန်းကလေးများ အတွက် အကျိုးရှိပါသည်။
- ❖ ဒေသဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်ပေးသူများနှင့်အတူ အထွေထွေကျန်းမာရေး၊ သွားနှင့်ခံတွင်းနှင့် အာဟာရဆန်းစစ်မှုနှင့် ပြုစုကုသရေး ဆိုင်ရာအစီအစဉ်များကို ပံ့ပိုးလုပ်ဆောင်ပါ။

**ကိုယ်ဝန်ဆောင်ရခြင်း။** နိုင်ငံတချို့နှင့် ရပ်ရွာအဖွဲ့အစည်းများတွင် မိန်းကလေးများ ပညာတတ်ဖြစ်ရန် အခွင့်အလမ်းရှိသော်လည်း ကိုယ်ဝန်ရှိပါက ကျောင်းတက်ခွင့်မပြုပေ။ ပထမအဆင့်မှာ ကျောင်းကျန်းမာရေးမူဝါဒချမှတ်ရာတွင် ကိုယ်ဝန်ဆောင်ရသော ကျောင်းသူများနှင့် ငယ်ရွယ်သော မိခင်များအတွက် အနာဂတ်ပညာရေးကို အာမခံချက်ပေးနိုင်သည့် အခွင့်အလမ်းကို ပြည့်ဝရေးဆောင်ရွက် ရန်ဖြစ်သည်။ မူဝါဒချမှတ်ရေးလုပ်ငန်းစဉ်အဆင့်များကို စာအုပ်ငယ်(၆)တွင် ဆွေးနွေးထားပါသည်။

## မိသားစုပတ်ဝန်းကျင်

**ဆင်းရဲနွမ်းပါးခြင်း။** ပညာရေးသည် ဆင်းရဲနွမ်းပါးခြင်းကို လျော့ပါးအောင် ဆောင်ကြဉ်းပေးနေနိုင်သည့်တိုင် ဆင်းရဲနွမ်းပါးခြင်းသည်လည်း ကလေးများစွာ၏ပညာရေးကို ဟန့်တားပိတ်ဆို့နေပါသည်။ ဆင်းရဲနွမ်းပါးခြင်း၏ဇာစ်မြစ်သည် စီးပွားရေးကြောင့်ဖြစ်သဖြင့် ဆင်းရဲနွမ်းပါးသောကလေးများကျောင်းသို့ ရောက်ရှိရေးအတွက် ထိရောက်သော နည်းဗျူဟာများသည် ကလေးနှင့် ကလေး၏မိသားစုအတွက် ရေရှည်နှင့် ရေတို စီးပွားရေးမက်လုံးများပေးခြင်းအပေါ် အခြေပြုရပါမည်။

> ထိုင်းနိုင်ငံတွင် ကလေးပျော်ကျောင်းများသည် ကလေးများ၏သင်ယူတတ်မြောက်မှုများနှင့် သူတို့၏ မိသားစုနောက်ခံအခြေအနေများဆိုင်ရာ သတင်းအချက်အလက်များကိုသုံး၍ မည်သည့်ကလေးက အားနည်းစွာ သင်ယူနေရသည်၊ မည်သူသည် ကျောင်းထွက်ရန် အလားအလာရှိသည်၊ မိသားစု၌ ငွေကြေးနည်းပါးခြင်းနှင့် သူတို့ကလေးများ၏ ပညာရေးထက် ကလေးများ၏လုပ်အားကို တန်ဖိုးထားနေရသောကြောင့် ဖြစ်သည်ကို ဖော်ထုတ်ရသည်။ ထိုကဲ့သို့သော ကလေးများကို အသက်မွေးဝမ်းကျောင်း

သင်တန်းများဖြစ်သည့် ပိုးထည်၊ ချည်ထည်ရက်လုပ်ခြင်း၊ စက်ချုပ်ခြင်း၊ လက်သမား အတတ်၊ စိုက်ပျိုးရေး၊ လက်နှိပ်စက်ရိုက်ခြင်း၊ ကွန်ပျူတာသင်တန်းနှင့် အလားတူလုပ်ငန်း များကို ဦးစားပေးသင်ပေးကြသည်။ ဤသင်တန်းများသည် ကလေးများ ကျောင်းတက်ရင်း မိသားစု၏ဝင်ငွေကိုပါ တိုးစေသည့်အပြင် ကလေး၏ဘဝတစ်လျှောက်လုံး အသုံးပြု နိုင်သော ကျွမ်းကျင်မှုကိုပါ ရစေပါသည်။ ဤကလေးများထဲမှ အချို့ဆိုလျှင် သူတို့၏ အလုပ်အတွက် နိုင်ငံအဆင့်နှင့် ဒေသဆိုင်ရာအဆင့်များတွင် ဆုများကိုပင် ရရှိခဲ့ကြပါ သည်။ အချို့သော ကျောင်းများတွင် ဤကလေး၏မိသားစုဝင်များက ဆရာအဖြစ် (ထုံးမီးစံမျှ) ကျွမ်းကျင်မှုများဖြစ်သည့် ပိုးခြည်ကို အရောင်ဆိုးခြင်းနှင့် မိရိုးဖလာအထည်ပုံစံ များအဖြစ် ရက်လုပ်ခြင်းကဲ့သို့သောလုပ်ငန်းများကို သင်ပေးကြပါသည်။ ထိုသို့ပါဝင် ဆောင်ရွက်ပေးလာခြင်းသည် အသက်မွေးဝမ်း ကျောင်းမှုများကို တိုးတက်လာစေပြီး၊ အရေးကြီးသည့် ယဉ်ကျေးမှုအစဉ်အလာများကိုပါ တန်ဖိုးထား ထိန်းသိမ်းရာရောက်၍ မိဘများ၏အမြင်မှာ ကျောင်းအပေါ် တန်ဖိုးပို ထားလာပါသည်။ အနာဂတ် ကလေး များ၏ပညာရေး၊ မိဘများနှင့် ကလေးများဆက်ဆံမှုကိုလည်း ပို၍ တိုးတက်လာစေ ပါသည်။ **အလားတူ ဤသို့နည်းဗျူဟာမျိုးသည် သင့်ကျောင်း၏ သင်ရိုးအစိတ်အပိုင်း တစ်ခု ဖြစ်နိုင်ပါသလား။**

**ပညာရေး၏တန်ဖိုး။** ဆင်းရဲသောမိသားစုများသည် ကလေးများအား ဘဝအတွက် အခြေခံလိုအပ်ချက်များကိုပင် ကြိမ်ဖန်များစွာ မပေးနိုင်ကြပေ။ ထို့ကြောင့် ကလေးများ၏ ပညာရေးကုန်ကျမှုများသည် လတ်တလော မိသားစုသုံးရန်အတွက် ဝင်ငွေအရင်းအမြစ်ဖြစ်ရ တော့သည်။ အထူးသဖြင့် မိသားစုများ သို့မဟုတ် ကလေးများကိုယ်တိုင်က **'ပညာရေးသည် သူတို့နေ့စဉ် ဘဝလိုအပ်ချက်နှင့် ကိုက်ညီသည်** 'ဟု မခံစားမိအောင် ဤအခြေအနေများ က ဖြစ်စေပါသည်။ ထို့ကြောင့် သူတို့သည် ပညာရေးကို တန်ဖိုးမထားတော့ဘဲ၊ ကလေးတွေ ဘာ့ကြောင့်ကျောင်းသို့ သွားရမည်ကိုလည်း သဘောမပေါက်ဘဲ ရှိတော့သည်။ ဤကဲ့သို့သော ကလေးသူငယ်များကို ကူညီရန် ဘယ်အရာများကို ဆောင်ရွက်ပေးနိုင်မည်နည်း။

- ❖ ရပ်ရွာအဖွဲ့အစည်းများ၏ လုပ်ရှားဆောင်ရွက်မှုများကို သင်ခန်းစာများတွင် ပေါင်းစပ်ဖွဲ့စည်းအားဖြည့်ပါ။ ကလေးများရပ်ရွာအဖွဲ့အစည်းတွင် သွားလာ သည့်အခါ သင်ခန်းစာများသည် သူတို့၏နေ့စဉ်ဘဝအတွက် အမှန်တကယ် အရေးကြီးကြောင်း သင်ယူမိသွားစေရန် ဖြစ်ပါသည်။

- ❖ မိဘများနှင့် အခြားသောရပ်ရွာအဖွဲ့အစည်းမှ အဖွဲ့ဝင်များကို စာသင်ခန်းအတွင်းသို့လည်း အကူဆရာများအဖြစ်သို့ရှိလာကြစေရန် အားပေးပါ။ ဤသို့ဖြင့် ဒေသဆိုင်ရာအသိဉာဏ်တို့ကို မျှဝေပေးနိုင်မည်။ '**ပညာဟူသည် လူ့ဘဝအတွက် အရေးကြီးကြောင်း**' နှင့် အတန်းတွင်း သင်ယူရမှုများသည် ဆီလျော်အပ်စပ်ကြောင်းတို့ကိုရှင်းပြပါ။ ထို့အပြင် အတန်းထဲ သင်ကြားပြီး သည်များနှင့် အမှန်တကယ် ဆက်စပ်နေပုံကိုလည်း ဆွေးနွေးပါ။

**မလုံလောက်သောပြုစုစောင့်ရှောက်မှု။** ကလေးတစ်ယောက်ကို အကောင်းဆုံးပြုစုစောင့်ရှောက်ခြင်းသည် သူတို့၏ မိဘများထံမှ ဖြစ်သင့်သော်လည်း ၎င်းသည် တစ်ခါတစ်ရံတွင် မဖြစ်နိုင်ချေ။ အထူးသဖြင့် မိဘများသည် အိမ်မှ မဖြစ်မနေထွက်ခွာ၍ စားဝတ်နေရေးအတွက် အလုပ်လုပ်ကိုင်ရသောကြောင့်ဖြစ်သည်။ မိမိကလေးများအား လုံလောက်သောကြည့်ရှုစောင့်ရှောက်မှုမပေးနိုင်ဘဲ အခြားကြည့်ရှုစောင့်ရှောက်သူများထံတွင် အစားထိုးအပ်နှံခဲ့ရာ သင့်တော်သော ပြုစုစောင့်ရှောက်မှုပေးရာတွင် ထိုအခြားသူများ၏ အသိပညာအကန့်အသတ်ရှိသော အရင်းအမြစ်များနှင့် ဂရုစိုက်မှုများသည် မလုံလောက်နိုင်တော့ချေ။ ၎င်းတို့ကဲ့သို့သော ကလေးသူငယ်များအား မည်ကဲ့သို့ ကူညီစောင့်ရှောက်ပေးကြပါမည်နည်း။

- ❖ နေ့ကြီးရက်ကြီးများတွင် ကလေးပြုစုစောင့်ရှောက်သူများအား ကျောင်းသို့ဖိတ်ခေါ်ပြီး၊ ကလေးများ၏ ကျောင်းလုပ်ငန်းများကို ပြသခြင်း။ ကလေးများနှင့်အလွတ်သဘောပြောဆိုခြင်း။ သင်ကြားသင်ယူမှု လုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်စေခြင်းဖြင့် ပိုမိုကောင်းမွန်သော ကြည့်ရှုစောင့်ရှောက်မှုများကို ကလေးများ၏ ကျန်းမာရေးပိုမိုကောင်းမွန်တိုးတက်စေမည့် ကိုယ်တိုင်သင်ယူကဏ္ဍများတွင် ပါဝင်စေခြင်းတို့ကို ပြုလုပ်ပါ။
- ❖ ကလေးများ၏သင်ယူမှုတိုးတက်ရေးနှင့် ပြုစုစောင့်ရှောက်မှုမည်ကဲ့သို့ တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်နိုင်ပုံများနှင့်ပတ်သက်၍ ဆွေးနွေးကြရန်။ '**ဆရာ–ပြုစုစောင့်ရှောက်သူ**' ဆွေးနွေးပွဲများ ပုံမှန်လုပ်ပါ။
- ❖ အစိုးရဌာနအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကလေးများအတွက် ပြုစုစောင့်ရှောက်မှုဆိုင်ရာပစ္စည်းများရယူပြီး၊ ကျောင်းကျန်းမာရေးကဏ္ဍ သို့မဟုတ် ကလေးများနှင့် မိသားစုဘဝပညာပေး အစီအစဉ်များတွင်အသုံးပြုခြင်း၊ မိသားစုများထံသို့ ယင်းပညာပေး အစီအစဉ်များကို ကလေးများနှင့်အတူ ပုံမှန်ပေးပို့ပြီး မိသားစုဝင်များ ဖတ်ရှုသိရှိစေရန် ပြုလုပ်ပါ။

## ရပ်ရွာဒေသပတ်ဝန်းကျင်

**ကျားမခွဲခြားခြင်း။** လူ့အဖွဲ့အစည်းအချို့တွင် အကယ်၍ မိန်းကလေးနှင့် ယောကျ်ားလေးတို့ အကြား ရွေးချယ်၍ ကျောင်းစေလွှတ်ရမည်ဆိုလျှင် ယောကျ်ားလေးကို အများအားဖြင့် ရွေးချယ်လေ့ရှိကြသည်။ မိန်းကလေးများဆိုသည်မှာ သူတို့၏မိသားစုကို စောင့်ရှောက်နိုင်ရန်နှင့် အိမ်အလုပ်များကို လုပ်ဆောင်ရန်မျှသာဖြစ်နေရပါသည်။ မိန်းကလေးများလည်း ကျောင်းသို့ ပိုမိုရောက်ရှိနိုင်ရေးအတွက် မည်သည်တို့ကို အားပေးဆောင်ရွက်ပေးနိုင်ကြမည်နည်း။

- ❖ ကျောင်းတက်မှတ်တမ်းကို စစ်ဆေးကြပ်မတ်ခြင်းနှင့် သတင်းအချက်အလက်တို့အရ ကျောင်းမနေသော မိန်းကလေးများသက်ဆိုင်သော အချက်အလက်ကို စာရင်းကောက်ယူခြင်း။ (သာဓက–ကလေးကိုယ်ရေး မှတ်တမ်းအားဖြင့်)
- ❖ ရပ်ရွာလူမှုအဖွဲ့အစည်းခေါင်းဆောင်များ (အထူးသဖြင့် ဘာသာရေးဆိုင်ရာ) တို့ကို စည်းရုံးစုစည်းပြီး၊ မိန်းကလေးများကျောင်းနေရန် တိုက်တွန်းအားပေးမှုပြုပါ။ ထူထောင်ထားရှိပြီးသောရပ်ရွာ လူ့အဖွဲ့အစည်း ပညာရေးကော်မတီများ သို့မဟုတ် မိဘဆရာအသင်း လုပ်ငန်းများ၏ တစ်စိတ်တစ်ပိုင်းအနေလည်း ဖြစ်နိုင်ပါသည်။ မိန်းကလေးများအတွက် ပညာရေးသည် တန်ဖိုးရှိလှကြောင်း ဖော်ပြသည့် ကြားခံဆက်သွယ်ရေးပစ္စည်းများကို အိမ်ထောင်စုများအား ဖြန့်ဝေ၍ သုံးပေးပါ။
- ❖ မိန်းကလေးများနှင့် မိသားစုတို့၏ နေ့စဉ်ဘဝဆိုင်ရာ မည်သည့်အကြောင်းအရာတို့ကို ကျောင်းစာသင်ခန်းထဲ သင်ကြားနေကြောင်းပြောပြပါ။ သို့ဖြစ်၍ မိဘများအနေဖြင့် မိန်းကလေးများကို ကျောင်းသို့ စေလွှတ်စေရန် တိုက်တွန်းအားပေးပါ။
- ❖ မိဘများအနေဖြင့် သားသမီးများအားလုံးကို ညီတူညီမျှကာကွယ် စောင့်ရှောက်ရန်နှင့် ပေးကမ်းရာတွင်လည်း တူတူမျှမျှဖြစ်ရေး ရပ်တည်ပြောဆိုပါ။
- ❖ မိန်းကလေးများကျောင်းပုံမှန်တက်ရောက်နိုင်ရန် မိဘများသည် အိမ်မှုကိစ္စများကို ပြန်လည်စီစဉ်ဆောင်ရွက်နိုင်ကြောင်းကိုမြင်နိုင်ရန် ဆွေးနွေး ပြောဆိုပါ။
- ❖ တာဝန်များစွာယူနေရသော မိန်းကလေးများအတွက် ကျောင်းအချိန်ဇယားသည် ပြုပြင်လွယ်၊ ပြောင်းလွယ်ဖြစ်ပါက ကျောင်းတက်နိုင်မည်ဖြစ်၍ ကျောင်း

အချိန်ဇယားကိုကြည့်ပါ။ မိန်းကလေးများ ကျောင်းတက်ဖို့ အချိန်ရစေမည့် ရပ်ရွာ၏လှုပ်ရှားဆောင်ရွက်မှုများကို ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်ပါ။ သာဓက–ကလေးသူငယ် ထိန်းသိမ်းပြုစု စောင့်ရှောက်ရေးအစီအစဉ်။

❖ ပုံမှန်ကျောင်းများသို့ မရောက်နိုင်သော မိန်းကလေးများရှိသည့် ရပ်ရွာဒေသများတွင် ကျောင်းပညာကဲ့သို့ အရည်အသွေးကောင်းသော အိမ်အခြေပြု ကျောင်းနေမှုဆိုင်ရာ အခြားနည်းကို စည်းရုံးဆောင်ရွက်ခြင်းမျိုးကဲ့သို့ ရပ်ရွာဒေသ၏ဖြေရှင်းနိုင်မှုကို ဖော်ထုတ်ပြီး ပံ့ပိုးပေးပါ။

❖ ကျောင်းတက်ရန် မိန်းကလေးများအား ဆွဲဆောင်မှုဖြစ်စေသည့် စကောလားရှစ်ဆုငယ်များချီးမြှင့်ခြင်း၊ ငွေကြေးထောက်ပံ့ကြေးပေးခြင်း၊ ကျောင်းတွင်း အာဟာရကျွေးမွေးခြင်း၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံး လိုအပ်ချက်များအတွက် အလှူရှင်များက ပေးကမ်းထောက်ပံ့ခြင်းကဲ့သို့ ပေးသောအစီအစဉ်များ ထူထောင်ရန် အားပေးပါ။

**ယဉ်ကျေးမှုဆိုင်ရာကွဲပြားခြားနားမှုနှင့် အစဉ်အလာများ။** လူတိုင်းအတွက် အကျုံးဝင်သောကျောင်းများသည် ကွဲပြားမှုများကို အမြတ်တနိုးထား၍ အမျိုးမျိုးတည်ရှိနေမှုကို လက်ခံထားကြသည့် တခြားဘာသာစကားပြောသော ကလေးသူငယ်များ၊ သို့မဟုတ် ကွဲပြားသော ယဉ်ကျေးမှုတစ်ခုခုမှ ကလေးများအတွက် ဖော်ပြပါလုပ်ငန်းတို့ကို အထူး အလေးအနက်ထားဆောင်ရွက်ရန် လိုပါသည်။

❖ ရပ်ရွာဒေသ၏ ယဉ်ကျေးမှုနှင့် ဘာသာစကားမတူသော ကလေးများအတွက် ဖြစ်စေသည့် ကျောင်းသင်ခန်းစာများ၊ ကျောင်းသုံးနှင့် သင်ထောက် ကူရပ်ဝတ္ထုပစ္စည်းများသင့်လျော်အောင် ပြုပြင်ထုတ်လုပ်မှုကို မိဘများ၊ ရပ်ရွာအဖွဲ့အစည်းဝင်များနှင့်အတူတကွ ဆောင်ရွက်ပါ။ ဤသို့ ပြုလုပ်ခြင်းသည် ရပ်ရွာလူထုမှ ဝတ္ထုပစ္စည်းစစ်များရှာဖွေခြင်းနှင့် အသုံးဝင်သောပစ္စည်းများ ရှာဖွေရာ၌ ကူညီပေးသည့်အပြင် ကလေးများကို ကျောင်းသို့ပို့ရန် အားပေးတိုက်တွန်းရာလည်း ရောက်ပါသည်။ ဤလက်စွဲများ၏ စာအုပ်ငယ် (၄) တွင် ပြုလုပ်နည်းများကို တင်ပြထားပါသည်။

- ❖ ကျောင်းသင်ခန်းစာများဖွံ့ဖြိုးတိုးတက်စေရာတွင် ရိုးရာဒေသပုံပြင်များ၊ ပါးစပ်ရာဇဝင်များ၊ ဒဏ္ဍာရီများ၊ သီချင်းများနှင့် ကဗျာများကို အသုံးပြုသင်ကြားပါ။
- ❖ စာသင်ခန်းထဲတွင် အသုံးပြုသောစကားကို မပြောဆိုသည့် ကလေးများအတွက် ဘာသာစကား (၂)မျိုး ကျွမ်းကျင်သော ဆရာ၊ ဆရာမများ သို့မဟုတ် ကလေးများ၏ ဘာသာစကားကို ပြောသောအခြားသူများ (မိသားစုနှင့် လူ့အဖွဲ့အစည်းဝင်ဖြစ်လျှင် ဖြစ်ပါစေ။ ) စာသင်ခန်းအတွက် သင့်တော်သော ဘာသာစကားသင်တန်း၊ သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ပါ။

## ကျောင်းပတ်ဝန်းကျင်

**ကုန်ကျစရိတ်။** ဆင်းရဲသောမိသားစုများစွာအတွက် ကလေးများကျောင်းနေရေး၊ ကျောင်းသို့ စေလွှတ်ရခြင်းအတွက် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ကုန်ကျစရိတ်သည် သူတို့အတွက် လွှမ်းမိုးသည်သာဖြစ်သည်။ ထိုကဲ့သို့သော ကလေးများအား ကျွန်ုပ်တို့မည်ကဲ့သို့ ကူညီထောက်ပံ့နိုင်မည်နည်း။

- ❖ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ကုန်ကျစရိတ်သည် ကလေးများကျောင်းမတက်ရခြင်းကို ဖြစ်ကောင်းဖြစ်စေနိုင်သည့် အကြောင်းအရာကို ကျောင်းအုပ်ချုပ်သူများ၊ မိဘများ၊ ရပ်ရွာအဖွဲ့အစည်းအဖွဲ့ဝင်များနှင့် ဆွေးနွေးပါ။
- ❖ ထိုကုန်ကျစရိတ်များကို လျော့ပါးစေမည့် သို့မဟုတ် ကင်းလွတ်စေမည့် နည်းလမ်းများကို ဖော်ထုတ်ပါ။ သာဓက–မိန်းကလေးများကျောင်းနေနိုင်လာအောင် ဆွဲဆောင်သည့် အစီအစဉ်မျိုးကဲ့သို့ သက်သာချောင်ချိစေသည့် အစီအစဉ်များ၊ စကောလားရှစ်ဆုငယ်များချီးမြှင့်ခြင်း၊ ထောက်ပံ့ကြေးများ၊ ဆုကြေးများ၊ အစားအစာ၊ ကျောင်းသုံးလိုအပ်ချက်နှင့် ဝတ်စုံများထောက်ပံ့ခြင်းဖြစ်သည်။ ဒေသဆိုင်ရာမှ စေတနာ၊ ကရုဏာရှင်အဖွဲ့အစည်းများ၏ ပူးပေါင်းညှိနှိုင်းမှုများအားဖြင့် ဖော်ထုတ်ယူနိုင်ပါသည်။

**တည်နေရာဒေသ။** အထူးသဖြင့် ကျေးလက်နှင့် ဆင်ခြေဖုံးဒေသများတွင် ကျောင်းသည် လူနေရပ်ကွက်များနှင့် အလှမ်းကွာဝေးသော နေရာတွင်ရှိပါက မိဘများသည် သူတို့၏ ကလေးများအား ကျောင်းသို့ စေလွှတ်လိုမည်မဟုတ်ပေ။ ထိုကလေးများအတွက် ကူညီနိုင်ရန် မည်ကဲ့သို့ အစပြုနိုင်ပါမည်နည်း။

- ❖ ကျောင်းနှင့်အဝေးဆုံးနေရာတွင် နေထိုင်သောကလေးများကို ရှာဖွေဖော်ထုတ်ပါ။ ကျောင်းနှင့်ရပ်ရွာဒေသမြေပုံရေးဆွဲခြင်းနှင့် ကလေးကိုယ်ရေး မှတ်တမ်း အသုံးပြု၍ ရှာနိုင်ပါသည်။
- ❖ မိဘများ လူမှုအဖွဲ့အစည်းမှ အဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်၍ ဤကဲ့သို့သော ကလေးများအား ကျောင်းမှ အိမ်၊ အိမ်မှ ကျောင်းသို့ လုံခြုံစွာရောက်ရှိရေး အတွက် နည်းလမ်းများရှာဖွေဆောင်ရွက်ပါ။

**ကျောင်းအချိန်ဇယား။** ကလေးအချို့သည် ပညာသင်ရန် လိုလားကြသည်။ သို့သော်လည်း ကျောင်းတက်ချိန်နှင့် ၄င်းတို့၏အလုပ်လုပ်ချိန်များတိုက်နေသဖြင့် ထိုကလေးများသည် ပုံမှန်ကျောင်း၏အချိန်တွင် ပညာသင်ကြားနိုင်ခြင်းမရှိပေ။ ထို့အပြင် မိန်းကလေးအချို့နှင့် ယောကျာ်းလေးများသည်လည်း ကျောင်းချိန်အတွင်း မိသားစုတာဝန်များကို ထမ်းဆောင်နေရသဖြင့် ကျောင်းထွက်ကြရသည်။ ဤကဲ့သို့သော ကလေးများအား ကျွန်ုပ်တို့ မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးမည်နည်း။

- ❖ အလုပ်လုပ်ရသည့် ကလေးများအတွက် ပြင်လွယ်ပြောင်းလွယ်သည့် ကျောင်းအချိန်စာရင်းတစ်ခုကို ဖြစ်နိုင်ရန် ဆောင်ရွက်ပေးပါ။
- ❖ အလုပ်လုပ်ရသည့် ကလေးများ သို့မဟုတ် လမ်းပေါ်ရောက် ကလေးများအတွက် သင်ယူရန် အစီအစဉ်များအသင့်ရှိပြီးလျှင် ဒေသဆိုင်ရာလူမှုရေး အဖွဲ့အစည်း သို့မဟုတ် ကရုဏာရှင်အသင်းများနှင့် ဆွေးနွေးပါ။ သို့မဟုတ် ကျောင်းချိန်အပြီး သို့မဟုတ် သီတင်းပတ်ကုန် ကျောင်းပိတ်ရက်များတွင် လူငယ်ရိပ်သာကဲ့သို့ နေရာမျိုး၌ ကျောင်းနေသည့် ကလေးများက ကျောင်းထွက်သွားသော သူငယ်ချင်းများအား သင်ကြားပေးခြင်းမျိုးအစီအစဉ်များ ဆောင်ရွက်နိုင်ပါသည်။

**ကျောင်းပရိဘောဂပစ္စည်းများ။** ကျောင်း၌ ပရိဘောဂပစ္စည်းများ လုံလောက်စွာမရှိခြင်းသည် ကလေးများကျောင်းမတက်ခြင်းအတွက် အကြောင်းပြချက်တစ်ခုဖြစ်နိုင်သည်။ ထို့ကြောင့် ကလေးများအားလုံး အကျုံးဝင်သင်ယူလာရေးအတွက် ကျောင်း၏လူမှုရေးနှင့် ရုပ်ပိုင်းဆိုင်ရာဝန်းကျင်တို့ကို ပြောင်းလဲနိုင်သည့် နည်းလမ်းများရှိကြောင်းကို သိရှိနားလည်ထားရန် လိုအပ်ပါသည်။ သာဓက–အကယ်၍ မသန်စွမ်းသော ကလေးသည် ဒုတိယထပ်ရှိ

စာသင်ခန်း၌ တက်ရောက်သင်ယူရန်ရှိနေပါက အရိုးရှင်းဆုံးဖြေရှင်းခြင်း တစ်ခုမှာ ထိုစာသင်ခန်းကို ပထမထပ်သို့ ပြောင်းရွှေ့ပေးခြင်းမျိုးပင်ဖြစ်သည်။ ထိုကဲ့သို့သော ကလေးများအတွက် မည်သည့်လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်မည်နည်း။

- ❖ မိသားစုများနှင့် ရပ်ရွာအဖွဲ့အစည်းခေါင်းဆောင်များပူးပေါင်း၍ ရေသန့်ရရှိရေးနှင့် ယောကျ်ားလေး၊ မိန်းကလေး သီးခြားအိမ်သာတည်ဆောက်ရေးတို့ကို ဆောင်ရွက်ပါ။ [စာအုပ်ငယ်(၅)တွင် ကြည့်ပါ။]
- ❖ ဘဝနောက်ခံနှင့် စွမ်းရည်အမျိုးမျိုးရှိနေကြသည့် ကလေးများ၏ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာလိုအပ်ချက်များကို တိတိကျကျ ရှာဖွေသတ်မှတ်ပါ။ သူတို့၏ သင်ယူမှုလိုအပ်ချက်များကို ကျောင်းမှ မည်ကဲ့သို့ သင့်တင့်မျှတအောင် ဆောင်ရွက်ပေးနိုင်မည်ကို ဖော်ထုတ်ပါ။

**အရန်သင့်ရှိမှု။** ဘဝနောက်ခံနှင့် စွမ်းရည်အမျိုးမျိုးရှိကြသော ကလေးများ စာသင်ခန်းတွင် အပြည့်အဝသင်ကြားပေးရန်အတွက် ကျောင်းများသည် ကြိမ်ဖန်များစွာပင် ဝန်လေးနှောင့်နှေး နေတတ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဆရာများက ထိုကလေးများကို မည်သို့ သင်ရမည်ကို မသိသောကြောင့်ဖြစ်သည်။ ထိုဆရာများနှင့် ကလေးများကို မည်သည့် အကူအညီ ပေးနိုင်မည်နည်း။

- ❖ မည်သည့် ကလေးများကျောင်းမရောက်သည်နှင့် အဘယ့်ကြောင့် မရောက်ရသည်ကို ရှာဖွေပါ။ သူတို့၌ မည်သို့သော ဘဝနောက်ခံအမျိုးအစား ရှိနေသည်၊ မည်သည့် အရည်အသွေးအမျိုး သူတို့ပိုင်ဆိုင်ထားသည်၊ သူတို့တွင် သင်ယူမှုအတွက် အထူးလိုအပ်ချက်မှာ အဘယ်နည်း။
- ❖ အစိုးရပညာရေးဌာနအဖွဲ့အစည်းများ၊ ဒေသရှိ အစိုးရမဟုတ်သောအဖွဲ့ အစည်းများ၊ ဆရာအတတ်ပညာရေးဌာနများ၊ ဒေသရှိ ကရုဏာရှင် အသင်းအဖွဲ့များ၊ ဖောင်ဒေးရှင်းများ၊ သို့မဟုတ် နိုင်ငံအတွင်းရှိ ကလေးများ၏ ပညာရေးကို တိုးတက်အောင် လုပ်ဆောင်ပေးသော နိုင်ငံတကာအဖွဲ့တို့နှင့်ပါ ဆက်သွယ်ပါ။ ကိုယ့်ကလေးများကဲ့သို့ ဘဝနောက်ခံနှင့် စွမ်းရည်အမျိုးမျိုးရှိသော ကလေးများအား သင်ကြားပေးဖူးသည့် ဆရာများ သို့မဟုတ် အခြား ကျွမ်းကျင်သူများ သိရှိညွှန်ပြပေးရန် မေးပါ။

- ❖ ထိုဆရာများနှင့် ဆက်သွယ်၍ သင်နှင့် သင့်လုပ်ဖော်ကိုင်ဖက်များ သူတို့ကျောင်းသို့သွားက အထူးလိုအပ်ချက်များရှိသော ကလေးများအား မည်သို့သင်ရမည်ကို မေးပါ။ အကယ်၍ ကုန်ကျစရိတ်ကြီးမား၍ ထိုကျောင်းများသို့ မသွားရောက်နိုင်ပါက သင်၏စာသင်ခန်း၌ အသုံးပြုနိုင်မည့် ရင်းမြစ်များကို ပို့ပေးပါရန် တောင်းခံပါ။ သင်ခန်းစာအစီအစဉ်နမူနာ၊ သင်ကြားနည်းများ ဖော်ပြချက်နမူနာသို့မဟုတ် အလွယ်တကူပြန်လည် ထုတ်လုပ်ယူနိုင်မည့် နမူနာသင်ထောက်ကူပစ္စည်းများကို တောင်းခံပါ။
- ❖ အကယ်၍ ရင်းမြစ်များရရှိပြီးလျှင် သူတို့၏အကြံဉာဏ်များရရန်အတွက် သင်၏ကျောင်းသို့ ဖိတ်ခေါ်၍ အကြံဉာဏ်တောင်းခံပါ။ နောက်ခံနှင့် စွမ်းရည်အမျိုးမျိုးရှိသော ကလေးများအား သင်ကြားခြင်း၏တန်ဖိုးကို ကျောင်းအုပ်ချုပ်သူများနှင့် အခြားဆရာများအား ပြောကြားပါ။
- ❖ စိတ်မပျက်ပါနှင့်။ ထိုဘဝနောက်ခံနှင့် စွမ်းရည်အမျိုးမျိုးရှိသော ကလေးများအားမည်သို့သင်ရမည်ကို သိသူများနှင့် ဆက်သွယ်မှုကောင်းတစ်ခုကိုရယူပြီး ကွန်ရက်ချိတ်ဆက်ဖြစ်အောင်လည်း ထူထောင်ထားရှိပါ။ ဆက်လက်၍ သူတို့နှင့် စဉ်ဆက်မပြတ်ဆက်သွယ်ပါ။

**မသန်စွမ်းကလေးများ ကျောင်းတက်နိုင်ရေး အခွင့်အလမ်းနှင့် သင်ယူစွမ်းရည်တိုးတက်လာစေရန်အတွက် ဆရာတစ်ဦးသည် မည်သည်တို့ကို လုပ်ဆောင်ပေးနိုင်မည်နည်း။**

၁။ တစ်ခါတစ်ရံ မသန်စွမ်းသော ကလေးများမှာ ကျောင်းသို့လာရန် အခက်အခဲရှိပါသည်။ ကျောင်းလာနိုင်ရန် ပို့ဆောင်ရေးအတွက် စီစဉ်ပေးခြင်းနှင့် ကျောင်းဝင်းအတွင်း သွားလာရေး လွယ်ကူအောင် ဆင်ခြေလျှောလမ်းများပြုလုပ်ပေးခြင်းနှင့် သီးခြားလိုအပ်မှုကို ဖြည့်စွမ်းနိုင်သည့် အထောက်အကူများကို ကြိုးစားဆောင်ရွက်ပေးပါ။

၂။ မသန်စွမ်းသော ကလေးတစ်ယောက် ကျောင်းသို့ ပထမဆုံးရောက်လာသောအခါ ထိုကလေးနှင့်နေသော မိသားစုဝင်အား စကားပြောဆိုပါ။ ကလေး၏မသန်စွမ်းမှုများနှင့် ထိုမသန်စွမ်းမှုမှအပ အခြားလုပ်ဆောင်နိုင်မည့်အရာများကိုရှာပါ။ ကလေး၌ရှိနိုင်သော ပြဿနာနှင့် အခက်အခဲများကိုမေးပါ။

၃။ ကလေးကျောင်းစတက်ပြီဆိုလျှင် သူ၏မိဘများထံ မကြာမကြာသွားရောက်လည်ပတ်ပြီး၊ ကလေးသင်ယူမှုအတွက် သူတို့မည်သို့ ပံ့ပိုးအထောက်အကူ ပြုနေသည်ကို ဆွေးနွေးပါ။ ကလေး၏အနာဂတ်အစီအစဉ်ကို မေးပါ။ ထိုမိသားစုနှင့်အတူ အကောင်းဆုံး သင်မည်သို့ လုပ်ဆောင်နိုင်မည်ကို ရှာဖွေပါ။

၄။ ကျောင်း၌ရှိစဉ် ကလေးဆေးသောက်ရန် လိုအပ်ပါသလားဟုမေးထားပါ။

၅။ ကျောင်းတက်သည့် ထိုသို့ ကလေးများအားလုံး ကျား မ ဆိုင်ရာလိုအပ်ချက်များအတွက် အချိန်မလုံလောက်ပါက ကျောင်း သို့မဟုတ် ရပ်ရွာလူ့အဖွဲ့အစည်းအားသင့်အတွက် ကူညီသူတစ်ယောက်ရှာပေးရန် ပြောပါ။ ထိုအကူက ကလေးများအားကျောင်းချိန်အတွင်း လိုအပ်သော အကူအညီများကို ပေးနိုင်ပါသည်။

၆။ သင် စာသင်ကြားသောအခါ ကလေးများသင့်ကို သေသေချာချာ မြင်နိုင်ကြားနိုင်ပါစေ။ စာရေးလျှင် ရှင်းလင်းစွာရေးပါ။ သို့မှသာ သင်ပြောနေသည်ကို သူတို့ဖတ်နိုင်မည်ဖြစ်သည်။ မသန်စွမ်းသော ကလေးများပို၍ မြင်နိုင်ကြားနိုင်စေရန် အရှေ့တန်းတွင် ထိုင်စေပါ။

၇။ ကလေးနှင့် မိဘ၌ ကျောင်းနေရေးအတွက် ပြဿနာရှိပါက ဖော်ထုတ်ပါ။ မိသားစုအား အခြားသောကျောင်းသား၊ကျောင်းသူကလေးများသည် သူတို့၏ကလေးအတွက် အကူအညီရလားနှင့် ကလေးသည်လည်း ကျောင်းစာလိုက်နိုင်သည်ဟုထင်ရသလား ဟုမေးပါ။

*UNICEF.http://www.unicef.org/teachers/protection/access.htm*



## လက်စွဲ(၃.၄)
## ကျွန်ုပ်တို့မည်သည်တို့ကို သင်ယူပြီးသနည်း။

လူတိုင်းအကျုံးဝင် သင်ယူမှုအတွက် ရုပ်ပိုင်းမသန်စွမ်းမှုမျိုးကို အနှောင့်အယှက် အဟန့်အတားများအဖြစ် မြင်သာနိုင်ပါသည်။ မမြင်သာသော အနှောင့်အယှက် အဟန့်အတားများမှာ ဂရုစိုက်မှုမလုံလောက်ခြင်း၊ သို့မဟုတ် အာဟာရမပြည့်ဝခြင်း၊ ချို့တဲ့ခြင်းနှင့် သူတို့၏ သင်ယူမှုနှင့်ကျောင်းတက်ရောက်မှုအပေါ် သက်ရောက်မှုရှိစေသည်များဖြစ်သည်။ သို့မဟုတ် ယေဘူယျလက်ခံခြင်းနှင့် ကျယ်ကျယ်ပြန့်ပြန့်မသိရှိခြင်း၊ အစဉ်အလာ မိရိုးဖလာသဘောထား၊ ကျားမကဏ္ဍ သို့မဟုတ် ပြုလုပ်နေကျ ဓလေ့ထုံးစံဖြစ်သော ကဏ္ဍများနှင့် သူတို့၏မိသားစုတွင်း၌ လုပ်ဆောင်နေရသော တာဝန်များလည်း ရှိနေတတ်ပါသည်။

ကလေးများသည် အတွင်းသဘောအားဖြင့် တစ်ခုနှင့်တစ်ခုဆက်စပ်နေသည့် များစွာသော အကြောင်းများကြောင့်လည်း ကျောင်းပြင်ပသို့ ရောက်ရှိနိုင်ပြန်ပါသည်။ တစ်မျိုးတည်းကြောင့်တော့မဟုတ်ပေ။ ထိုသို့သော အကြောင်းများရှိနေမည်ဟု ကျွန်ုပ်တို့ မည်သည့်အခါမှ စဉ်းစားခဲ့မည်မဟုတ်ပေ။ သာဓက–**ယဉ်ကျေးမှုဆိုင်ရာ အစဉ်အလာ ဓလေ့ထုံးစံ**အရ တောရွာအစွန် ဆင်ခြေဖုံး၌နေသော ကလေးများသည် ငယ်ရွယ်စဉ် ကလေးဘဝမှာ စတင်၍ အလုပ်လုပ်ရသည့်ဘဝသို့ ရောက်ရပြီး၊ ကျောင်းမတက်ရတော့ချေ။ မိသားစု **ဆင်းရဲ** ပြီဆိုလျှင် သူတို့သည် ပညာရေး **ကျောင်းစရိတ်**ကို မတတ်နိုင်ချေ။ ထို့အတူ ကလေးများ၏အနာဂတ်အတွက် **ပညာကို တန်ဖိုးမထား**တော့ပေ။

ပညာရေးတွင် အကျုံးဝင်ရန် အနှောင့်အယှက်အဟန့်အတားများသည် အဆင့်အများအပြားမှာပင် ရှိနိုင်ပြီး၊ ၄င်းတို့ကို အဆင့်တိုင်း၌လည်း အာရုံစူးစိုက်လုပ်ဆောင်ရပေမည်။ သာဓက–ကျွန်ုပ်တို့ **ကျောင်းများ**သည် ကလေးနှင့် သူ သို့မဟုတ် သူမ၏ **မိသားစု** လိုအပ်သော အရည်အသွေးကောင်းပညာရေးကို ဆုအဖြစ်မပေးလျှင် ကလေးများ ကျောင်းထွက်သွားကြနိုင်သည်။ အထူးသဖြင့် ဇာတ်နိမ့်ယဉ်ကျေးမှုမှဖြစ်လျှင် ၄င်းတို့နှင့် ပတ်သက်၍ ဆရာများ၊ **ရပ်ရွာအဖွဲ့အစည်းဝင်များ**သည် ထိုကလေးများနှင့် ဆောင်ရွက်ရမည့် စိတ်ပူပန်မှုကို မခံယူလိုချေ။

ကလေးတစ်ယောက်တည်းပင်လျှင် သူ၏ ကျောင်းနေရန် အခွင့်အလမ်းကို လျော့ပါး

စေသည့် တစ်ခုနှင့်တစ်ခုဆက်နွယ်နေသည့်အချက်များကို ရင်ဆိုင်ရနိုင်သည်။ သာဓက– မသန်စွမ်းသော မိန်းကလေးများရင်ဆိုင်ရသော 'နှစ်ဆင့် ခွဲခြားမှု' သို့မဟုတ် 'ခွဲခြားမှုမျိုးစုံ' အကြောင်းများဖော်ပြရေးသားကြသကဲ့သို့ မသန်စွမ်းသူကို ပြုစုစောင့်ရှောက်ရသော သို့မဟုတ် HIV/AIDS ခံစားနေရသော မိသားစုဝင်များကို ပြုစုရသူ တို့ရင်ဆိုင်ရပါသည်။ တချို့သော ယဉ်ကျေးမှုတွင် မိန်းကလေးများသည် မွေးဖွားစဉ်မှပင် အနိမ်ခံခွဲခြားခံရသည်။ ဘဝမျှော်လင့်ချက်များ နိမ့်ကျရမည်။ ဂရုစိုက်ခံရမှုလည်း နည်းပါးသည်။ အထူးသဖြင့် မသန်စွမ်းပါက သူတို့ကို အပိုဒုက္ခ သို့မဟုတ် စိတ်ပျက်စရာဟု ယူဆကြပါသည်။ သူတို့၏ အခွင့်အလမ်းများဟူသည် လျော့နည်းဖွယ်သာဖြစ်မည်။ အကယ်၍ သူတို့သည် လေလွင့်ကလေးများ သို့မဟုတ် လူမျိုးနွယ်စုမှဖြစ်ပါက ထိုပြဿနာများပို၍ များပါသည်။

ဤကဲ့သို့သောကိစ္စများတွင် အထူးကြိုးပမ်းအားထုတ်မှုများလိုပါသည်။ ထိုသို့ကလေးများကို ဖော်ထုတ်ပါ။ ထိုကလေးများကျောင်းသို့ ရောက်ရှိရေးအတွက် လိုအပ်သော လှုပ်ရှားဆောင်ရွက်မှုမျိုးစုံကို ဆောင်ရွက်လှုပ်ရှားရန်လည်း လိုပါသည်။

ကျွန်ုပ်တို့ကျောင်းကို ပို၍ အကျုံးဝင်အောင် ပြုလုပ်ရမည့် ပထမအဆင့်မှာ မည်သို့သော ကလေးများကျောင်းမလာသည်ကို ရှာဖွေရန်ဖြစ်သည်။ ကျောင်း–ရပ်ရွာဝန်းကျင် မြေပုံရေးဆွဲခြင်းသည် ထိုသို့သောကလေးများကို ရှာဖွေခြင်းအတွက် တန်ဖိုးရှိသောနည်းဖြစ်ပြီး၊ ၎င်းကို ကျောင်း–ရပ်ရွာလူထုလှုပ်ရှားမှု (ရပ်ရွာလူထုမှ ကလေး) သို့မဟုတ် စာသင်ခန်းတွင်းလှုပ်ရှားမှု (ကလေးမှ ကလေး)အဖြစ် ပြုလုပ်နိုင်ပါသည်။

ကလေးများကျောင်းမလာရခြင်းကို သိရှိရန် ကလေးဗဟိုပြုချဉ်းကပ်နည်းကို အသုံးပြုရန်လိုပါသည်။ ကလေးများကျောင်းတက်ရန် အများဆုံးပိတ်ဆို့ဟန့်တားသည့် ကလေးတစ်ဦးချင်း၊ မိသားစုရပ်ရွာလူထုနှင့် ကျောင်းဆိုင်ရာအချက်များကို လေ့လာကြဖို့လိုပါသည်။ ထိုအချက်များသည် လူတိုင်းအတွက် အကျုံးဝင်သောကျောင်းအဖြစ် ပြောင်းလဲရေးနှင့် ထူထောင်တည်ဆောက်ရေးအတွက် အစပြုသည့် အမှတ်ပင်ဖြစ်သည်။

ဤစာအုပ်ငယ်ရှိ လက်စွဲများသည် သင်၏ကျောင်းနှင့်ရပ်ရွာဒေသ၌ လူတိုင်းအတွက် အကျုံးဝင်သော သင်ယူမှုအတွက် အနှောင့်အယှက်အဟန့်အတားများကို လျော့ပါးစေရန် လုပ်ငန်းစီမံချက်ရေးဆွဲချက်ကို ဖော်ပြပြီးဖြစ်သည်။ ဤလုပ်ငန်းစဉ်ကို စတင်ရန်အတွက် သင်၏အဖြစ်အပျက်အကြောင်းအရာတွင် သင့်လုပ်ဖော်ကိုင်ဖက်လုပ်နိုင်သော လက်တွေ့လုပ်ငန်းအပေါ် သဘောတူမှုနှင့် တစ်ဖက်ဖော်ပြပါမေးခွန်းများကို စဉ်းစားပါ။

- ❖ လက်စွဲမှ သင်မည်မျှကို သင်ယူခဲ့ပြီးပြီနည်း။
- ❖ သင်၏ဝန်းကျင်အတွက် အဓိကသော့ချက်သင်ခန်းစာများကား အဘယ်နည်း။
- ❖ လူတိုင်းအကျုံးဝင်သော သင်ယူမှုနှင့် သင့်အတွက် ကလေးအားလုံး ကျောင်းရောက်ရှိရေးအတွက် အဓိက အတားအဆီး၊ အဟန့်အတားများ အဘယ်နည်း။
- ❖ သင်နှင့် သင့်အဖွဲ့ရင်ဆိုင်ရသော အဓိကစိန်ခေါ်မှုများကား အဘယ်နည်း။
- ❖ မည်သည့်အဆင့်ကို သင် လုပ်ဆောင်တော့မည်နည်း။
- ❖ သင့်ကြိုးပမ်းလုပ်ဆောင်မှု သို့မဟုတ် အောင်မြင်မှုအတွက် သင်၏အညွှန်းကိန်းများကား အဘယ်နည်း။
- ❖ နောက်လာမည့် စာသင်နှစ်အတွက် မည်သည့်အသေးစိတ်လုပ်ငန်းများကို သင် စီစဉ်နိုင်မည်နည်း။
- ❖ ပြုလုပ်ခဲ့ပြီးသောအရာများ၏ တိုးတက်မှုကို သင်သည် မည်သည့်အချိန်တွင် မည်ကဲ့သို့ အကဲဖြတ်မည်နည်း။
- ❖ ဤစီမံချက်များနှင့် လုပ်ငန်းများသည် သင်၏ စာသင်ခန်းများပို၍ အကျုံးဝင်လာစေရန်လုပ်ဆောင်ရာ၌ ကူညီဆောင်ရွက်ပေးပါလိမ့်မည်။ ဤခေါင်းစဉ်တစ်ခုကို စာအုပ်ငယ် (၄) နှင့် (၅)တွင် ဆွေးနွေးထားပါသည်။

## ပိုမိုလေ့လာနိုင်သောနေရာများ

အောက်ဖော်ပြပါထုတ်ဝေမှုများနှင့် Web-Site တို့သည်ကျောင်းမိသားစုများနှင့် ရပ်ရွာဒေသလူမှု အဖွဲ့အစည်းတို့ ပတ်သက်ဆက်နွယ်မှုကို အားပေးရန်အဖိုးတန် အရင်းအမြစ်များဖြစ်ပါသည်။

## ပုံနှိပ်ထုတ်ဝေပြီးစာအုပ်များ


Govinda R. (1999) Reaching the Unreached through Participatory Planning: School Mapping in Lok Jumbish, India, Paris: International Institute for Educational Planning/UNESCO.

Hart R. (1997) Children's Participation: The Theory and Practice of Involving Young Citizens in Community Development and Environmental Care. New York: UNICEF and London: Earthscan.

Mathur R. (2000) Taking Flight. Education for All Innovation Series No. 14. Bangkok: UNESCO Principal Regional Office for Asia and the Pacific.

Rimer W et al. (2003) Toolkit for Assessing and Promoting Equity in the Classroom, Edited by Marta S. Maldonado and Angela Aldave. Washington DC: Creative Associates International Inc., USAID/EGAT/WID.

Staff Development Division, Bureau of Elementary Education, Department of Education, Philippines, and UNICEF. (2002) Student Tracking System Facilitator's Manual. (A good sourse for learning about how to develop child profiles.)

UNESCO (2003) Sharing a World of Difference: The Earth's Linguistic, Cultural and Biological Diversity. Paris.

Volpi E. (2002) Street Children: Promising Practices and Approaches. WBI Working Papers. Washington, DC: The International Bank for Reconstruction and Development/The World Bank.

## ကွန်ရက်များ

Barriers to Girls' Education: Strategies and Interventions. UNICEF Teachers Talking About Learning. http://www.unicef.org/teachers/girls-ed/barriers-02.htm

Child Protection. UNICEF. http://www.unicef.org/protection/index-bigpicture.html

Children as Community Researchers: Creating a community Base Map. Unicef. http:// www.unicef.org/teachers/researchers/index.html or http://www.unicef.org/teachers/researchers/childresearch.pdf

Equity in the Classroom, A Semi-Annual Newsletter, August 2000. Creative Associates International, Inc. This newsletter gives valuable insights and case studies on the challenges of bilingual education and strategies for teaching linguistically diverse learners. It can be accessed at: http://www.caii.net/EIC/Resources/eicnewsJuneweb.pdf

Gender in Education: Promoting Gender Equality in Education. UNESCO Asia and Pacific Regional Bureau for Education, Bangkok, Thailand. http://www.unescobkk.org/gender

HIV/AIDS and Policies Affecting Children. http://www.hri.ca/childern/aids/factsheet-detail.htm

Leslie J and Jamison DT. Health and nutrition considerations in education planning. 1. Educational consequences of health problems among school-age children. http://www.unu.edu/Unupress/food/8f123e/8f123E03.htm

Save the Children (UK). Schools for All. www.eenet.org.uk/bibliog/scuk/schools-for-all.shtml

UNICEF Teachers Talking About Learning. http://www.unicef.org/teachers

စာအုပ်ငယ်-၄

# လူတိုင်းအကျုံးဝင် သင်ယူပျော်စာသင်ခန်းများ ဖော်ဆောင်ခြင်း

ပညာရေး



Booklet 4 :

# Creating Inclusive, Learning -Friendly Classrooms

လူတိုင်းအကျုံးဝင်
သင်ယူပျော်
ဝန်းကျင်များ

UNESCO

## လက်စွဲလမ်းညွှန်

စာသင်ခန်းများတွင် ကလေးကို ပိုမိုဗဟိုပြုလာသည်နှင့်အမျှအချိန်ကာလအလိုက် သင်ယူမှု ဆိုင်ရာ အသိသညာ မည်ကဲ့သို့ပြောင်းလဲလာသည်ကိုနားလည်နိုင်ရန် ဤစာစဉ်က ကူညီပါလိမ့်မည်။ ဤစာစဉ်သည် သင်၏အတန်းသို့ရောက်လာသည့် ဘဝနောက်ခံနှင့် စွမ်းရည် အမျိုးမျိုးရှိသော ကလေးများကို မည်ကဲ့သို့ ကိုင်တွယ်ဆောင်ရွက်ပေးရမည်၊ သူတို့အားလုံး အတွက် အဓိပ္ပာယ်ပြည့်ဝသောသင်ယူမှုဖြစ်လာအောင် မည်ကဲ့သို့ဆောင်ရွက်ရမည် ဟူသည့် အတွေး အခေါ်များနှင့် လမ်းညွှန်မှုများကိုပေးပါလိမ့်မည်။

လက်စွဲများ


၄.၁ သင်ယူခြင်းနှင့်သင်ယူသူများ . . . . . . . . . . . . . . ၃
သင်ယူခြင်းနှင့်သင်ကြားခြင်း ........................................................ ၃
ကလေးများမည်ကဲ့သို့သင်ယူကြသနည်း ...................................... ၅

၄.၂ စာသင်ခန်းတွင်းကွဲပြားခြားနားမှုအမျိုးမျိုးကိုရင်ဆိုင်ဆောင်ရွက်ခြင်း ၂၀
ကွဲပြားခြားနားမှုများကိုတန်ဖိုးထားခြင်းနှင့်အားပေးခြင်း .................. ၂၀
စာသင်ခန်းတွင် စဉ်းစားကြံဆမှု၊ သင်ယူမှုနှင့် သိမှုအမျိုးမျိုးပါစေခြင်း ..၂၃
ကွဲပြားခြားနားမှုအမျိုးမျိုးအတွက်စိန်ခေါ်မှုများ ................................ ၂၆
သင်ရိုးညွှန်းတမ်းနှင့်သင်ယူရေးပစ္စည်းများ၌ရှိသော ကြိုတင်ထားရှိ
သဘောထားများ ........................................................................ ၃၄
လိင် ( ကျား၊ မ )နှင့် သင်ကြားခြင်း ............................................. ၄၀
ကွဲပြားခြားနားခြင်းနှင့် စွမ်းဆောင်ရည်မပြည့်ဝမှု ............................ ၄၂
HIV/AIDS နှင့်ခွဲခြားဆက်ဆံခြင်း ............................................. ၅၂

၄.၃ ကလေးအားလုံးအတွက်အဓိပ္ပာယ်ရှိသောသင်ယူမှုဖြစ်စေခြင်း . . ၅၅
ဘဝအတွက်နှင့်ဘဝအတွင်းသင်ယူခြင်း ....................................... ၅၅
အဓိပ္ပာယ်ရှိသောသင်ယူမှုအတွက် သင်ယူပျော်ဝန်းကျင်တစ်ခုကို
ဖန်တီးခြင်း ................................................................................ ၅၈
လိင်(ကျား မ) ခွဲခြားအသိရှိသောသင်ယူမှုအတွေ့အကြုံများကိုဖန်တီးခြင်း ၆၁
သွက်လက်သည့်ကိုယ်တိုင်ပါဝင်လုပ်ဆောင်သင်ယူမှု ........................ ၆၇
ကလေးအားလုံးအတွက် ဘာသာစကား၊ သိပ္ပံနှင့် သင်္ချာတို့ကို
အဓိပ္ပာယ်ရှိရှိသင်ယူစေခြင်း ....................................................... ၇၃

သည်တို့ကိုလေ့လာသင်ယူခဲ့ပြီးပြီလဲ . . . . . . . . . . . ၉၄



## လက်စွဲ ၄ .၁.
## သင်ယူခြင်းနှင့် သင်ယူသူများ

သင်ယူခြင်းနှင့်သင်ကြားခြင်း

ဤလက်စွဲအညွှန်း၏နိဒါန်းတွင်ဖေါ်ပြခဲ့သည့်အတိုင်း “အကျုံးဝင်ခြင်း” ဟူသော အဓိပ္ပာယ်တွင် စာသင်ခန်းတွင်းရှိ မသန်စွမ်းသောကလေးများသာမက ဘဝနောက်ခံနှင့်စွမ်းရည် အမျိုးမျိုးရှိသော ကလေးအားလုံးပါဝင်သည်ဟုဆိုခဲ့သည်။ ကျွန်ုပ်တို့စာသင်ခန်းများသို့ ဤကလေးများရောက်ရှိအောင် ဆောင်ရွက်ခြင်းသည် အမှန်စင်စစ် စိန်ခေါ်မှု၏ထက်ဝက်မျှသာ ဖြစ်သေးသည်။ ကျန်ထက်ဝက်မှာ စာသင်ခန်းသို့လာရောက်သူများနှင့် သင်ယူမှုမခံရဘဲ စာသင်ခန်းမှ ဖယ်ကြဉ်ထားခြင်းခံရသောကလေးများကို အထူးဂရုစိုက်မှုရှိခြင်းကဲ့သို့ သူတို့၏ ကွဲပြားသောသင်ယူမှုလိုအပ်ချက်အားလုံးကို ရင်ဆိုင်ဖြေရှင်းရခြင်းပင်ဖြစ်သည်။

ကျွန်ုပ်တို့၏စာသင်ခန်းများသည် ကျွန်ုပ်တို့သင်ကြားပေးရသော ကလေးအမျိုးအစားနှင့် သူတို့၏သင်ယူမှုနည်းအမျိုးမျိုးအရ ကွဲပြားခြားနားမှုရှိပါမည်။ သုတေသနတွေ့ရှိ ချက်အသစ်အရ ကလေးများသည်သူတို့၏မျိုးရိုးဗီဇအချက်များ၊ အတွေ့အကြုံများ၊ ပတ်ဝန်းကျင်များ သို့မဟုတ် ကိုယ်ရည်ကိုယ်သွေးများအရ နည်းလမ်းမျိုးစုံဖြင့် သင်ယူကြကြောင်း ဖေါ်ပြနေပါသည်။ သို့ဖြစ်၍ ကလေးများ၏ မတူညီသောသင်ယူမှုလိုအပ်ချက်များကို ဖြည့်ဆည်းရန် ကျွန်ုပ်တို့သည် အမျိုးမျိုးသောသင်ကြားနည်းများနှင့် လုပ်ငန်းများကို အသုံးပြုရန်လိုအပ်ပါသည်။

အစတွင်စိုးရိမ်ဖွယ်အတွေးအခေါ်တစ်ရပ် ဖြစ်နိုင်ပါသည်။ သင်တို့အများစုသည် ကလေးများသော စာသင်ခန်းကြီးများတွင် သင်ကြားနေသူများဖြစ်နိုင်သည်။ သို့ဖြစ်သည့်တိုင် ကလေး(၅၀)ကျော်ရှိသောအခါစာသင်ခန်းတွင် ကလေးတစ်ဦးချင်းနှင့် ကိုက်ညီသော သင်နည်း အမျိုးမျိုး မည်ကဲ့သို့အသုံးပြုမည်ကို အထူးအံ့သြပေမည်။ အမှန်စင်စစ် ဆရာအချို့က စာကို အလွတ်ကျက်မှတ်ခိုင်းသည်မှာလည်း အကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။ အချက်အလက် များကို ထပ်ခါတလဲလဲရွတ်ဆိုစေခြင်းသည် ကလေးများ စာကိုမှတ်မိစေမည်ဟု ရိုးသားစွာ မျှော်လင့်၍ ဖြစ်ပါသည်။ကလေးအမြောက်အများကို စီမံသင်ကြားရေးရာတွင် ဤနည်းသည် လွယ်ကူသောနည်း ဖြစ်ကောင်းဖြစ်ပေမည်။ အမှန်ဝန်ခံရလျှင် ကလေးများနှင့် ဆရာများ အတွက်ပါ ဤသင်နည်းသည်ပျင်းရိဖွယ်ဖြစ်ပါသည်။ မကြာမီပင် ပျော်ရွှင်မှု ဆိတ်သုဉ်းလာရာ သင်ကြားရေးတွင် ဆရာအတွက်


ထိုင်နေပါသလား။ စာမေးပွဲညာဏ်စမ်းနှင့်တတ်မြောက်မှုစစ်ဆေးအကဲဖြတ်မှုများကိုမည်ကဲ့သို့ ကောင်းစွာဖြေဆိုနိုင်ကြပါသလဲ။

## ကလေးများမည်ကဲ့သို့သင်ယူကြသလဲ

မည်သည့်ကလေးမဆို သင်ယူအားမနည်းကြပါ။ ကောင်းမွန်မှန်ကန်သည့် အခြေအနေများပေးပါက ကျား၊ မ မရွေး၊ ကလေးအားလုံးသည် ကိုယ်တိုင်ပါဝင်လုပ်ကိုင် သင်ယူကြရလျှင် ထိထိ ရောက်ရောက် သင်ယူနိုင်ကြပါသည်။

လူအများစုကြီးသည် ကိုယ်တိုင်ပါဝင်လုပ်ကိုင်ယူခြင်းဖြင့် အကောင်းဆုံးသင်ယူကြရသည်။ ၎င်းမှာလုပ်ငန်းများကို တကယ်လက်တွေ့ဆောင်ရွက်ပြီး အတွေ့အကြုံများရရှိခြင်းမှတစ်ဆင့် သင်ယူရရှိခြင်းကို ဆိုလိုပါသည်။ 'သင်ယူမှုတွင်ကလေးများပါဝင်ခြင်း' သို့မဟုတ် 'ပါဝင်လုပ်ဆောင်သင်ယူခြင်း'၊ 'သွက်လက်စွာသင်ယူခြင်း'ပင်ဖြစ်ပါသည်။ ကွဲပြားသော လုပ်ငန်းများနှင့် သင်နည်းများမှ တစ်ဆင့် အချက်အလက်အသစ်များကို သင်ယူရရှိနေပါသည်။ ဤသင်ယူခြင်းလုပ်ငန်းများသည် ကလေးများ၏ နေ့စဉ်ဘဝအတွေ့အကြုံများနှင့် ဆက်နွယ် လေ့ရှိကြပါသည်။ ဤဆက်နွယ်မှုသည် ကလေးများအား နားလည်တတ်ကျွမ်းရန် အထောက် အကူပြုစေပါသည်။ ကလေးများ သင်ယူစဉ်တွင် အမှတ်တရဖြစ်စေသည့်အပြင် ကြီးပြင်း လာသောအခါတွင်လည်း ပြန်လည် အသုံးဝင်လာပါသည်။

ကလေးများသင်ယူသော နည်းလမ်းများအနက် အချို့မှာ မည်သည်တို့ဖြစ်ပါသလဲ။အဆိုပါ နည်းလမ်းများကို သိရှိခြင်းသည် ကျွန်ုပ်တို့အား သင်ယူမှုလုပ်ငန်းများ ဖွံ့ဖြိုးစေရန် အထောက်အပံ့ရစေသည့်အပြင်



ကျောင်းတွင်သင်တို့ မည်ကဲ့သို့သင်ကြားခံခဲ့ရသည်နှင့် ကိုယ်ကပြန် သင်ကြားပေးရန် လည်း မည်ကဲ့သို့သင်ကြားခံခဲ့ရသည်ကို စဉ်းစားပါ။ စဉ်းစားပြီး ချရေးပါ။

| | အသုံးပြုသော သင်နည်း | သင်၏ထင်မြင်ချက်။ သင်ကြားနည်း များသည် စာအလွတ်ကျက်မှတ်ခြင်းကဲ့သို့ ဆရာ ဗဟိုပြု နည်းလမ်း(သို့) သင်ယူသူဗဟိုပြုနည်းလမ်း |
|---|---|---|
| သင် ကျောင်းနေစဉ် | | |
| သင် ဆရာအတတ်သင်တက်စဉ် | | |

စိန်ခေါ်မှု ဖြစ်လာပါသည်။ ကလေးများအတွက်လည်း သင်ယူမှုတွင် အမှန်ပင်ပျော်ရွှင်မှု ဆိတ်သုဉ်းလာပြီး စိန်ခေါ်မှု ဖြစ်လာပါသည်။

ဤအခြေအနေကိုပြောင်းလဲရန်မှာ သင်ကြားနည်းသစ်များကို ကျွန်ုပ်တို့လေ့လာ၍ ၎င်းသင်နည်းများဖြင့် ကလေးအားလုံးကို ပုံမှန်သင်ပေးရန်လိုအပ်ပါသည်။ ကလေးများ သင်ယူလာနိုင်ကြသည်နှင့်အမျှ ပျော်ရွှင်လာကြပေမည်။ ကလေးအားလုံးသည်လည်း သင်ယူနိုင် စွမ်းရှိလာမည်။ ဆရာအချို့မှာ သင်နည်းမျိုးစုံကို သင်ကြားနေနှင့်ကြရာ သူတို့ကိုယ်တိုင် စာသင်ကြားရခြင်းမှာ ပို၍အားရကျေနပ်ဖွယ်အလုပ်ဟူ၍ တွေ့မြင်လာကြပါသည်။

ဆရာမရှီခါချန်ဒါသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒါကာမြို့တော်မှကီလိုမီတာ (၁၂၀) အကွာအဝေးတွင်ရှိသော မိုင်မင်ဆင်းခရိုင်၊ ကန်ချီဂျူလီအစိုးရမူလတန်းကျောင်းမှ ဆရာမ တစ်ဦးဖြစ်ပါသည်။ နှစ်ပေါင်းများစွာကပင် ဤကျောင်းတွင်အမှုထမ်းခဲ့ရာ မကြာမီက သူ့တပည့်များ မနက်တိုင်း စာသင်ခန်းကိုတန်းစီဝင်လာကြသည်ကိုတွေ့ရ၍ အံ့အားသင့်ရ ပါသည်။ တပည့်များ၏အသက်မှာ(၆)နှစ်မှ(၁၀)နှစ်အတွင်း ရှိကြပါသည်။ ဆရာမသည် IDEAL စီမံချက်အရ သင်ယူမှုအကြောင်းများကိုလေ့လာခဲ့ပြီး စာသင်ခန်းတွင်သင်ယူမှု ချဉ်းကပ်နည်းအသစ်များကို လက်တွေ့ကြိုးစားကျင့်သုံးခဲ့ပါသည်။ ဆရာမအနေဖြင့် ရလဒ်ကောင်းများကြောင့် အံ့သြပျော်ရွှင်ခဲ့ရပါသည်။

'ကျွန်မကို IDEAL စီမံချက်က သင်ကြားသင်ယူ ချဉ်းကပ်မှုအသစ်များ လေ့ကျင့်ပေးခဲ့တော့ချက်ချင်းပဲ ခြားနားချက်များကို သတိပြုမိပါတယ်။ အရင်က ကျွန်မကလေးများဟာ သင်ခန်းစာကို ထပ်ခါထပ်ခါရွတ်ဆိုရခြင်း၊ သင်ခန်းစာကို ပုံသေထပ်ထပ်ပြီး ဟောပြောပို့ချခံရလို့ အလွန်ငြီးငွေ့လွယ်လာကြပါတယ်၊ စိတ်ဝင်စားမှု လျော့နည်းလာပါတယ်။ အခုတော့သူတို့ ကလေးတွေ ဖျတ်လတ်လာကြပြီး သိပ်လည်းမရှက်ကြတော့ဘူး၊ စကားလည်း ပိုပြောတတ်လာကြပါတယ်။'

Multiple Ways of Teaching and Learning in Bangladesh.
*http://www.unicef.org/teachers/forum/0301.htm*

ပြန်လည်ထင်ဟပ်မှုလုပ်ငန်း။ ။ သင်တို့မည်ကဲ့သို့သင်ကြားခံခဲ့ပါသလဲ။

မည်သည့်သင်နည်းများက သင်အကောင်းဆုံးသင်ယူနိုင်အောင် အကူအညီပေးပို့သနည်း။ သင် သင်ပေးရသောအတန်းတွင်အဆိုပါသင်နည်းများကို အသုံးပြုပါသလား။ သင့်တပည့်များက အဆိုပါသင်နည်းများအပေါ် မည်သို့တုံ့ပြန်ပါသလဲ။ သင့်တပည့်များ တက်ကြွပျော်ရွှင်စွာ သင်ယူကြပါသလား။ သို့တည်းမဟုတ် ငြိမ်သက်စွာထိုင်နား ထောင်ရုံပဲ

ကလေးများ ပိုပျော်ရွှင် လာရသည်။ ကလေးများသည် ပျော်ရွှင်ဖွယ်လုပ်ငန်းများမ ၂တစ်ဆင့်သင်ယူရာတွင် တကယ်ပင် အာရုံစူးစိုက်မှုနှင့်ခံစားမှုတို့ ရှိသည့်အတွက် အလွန်သင်ရလွယ်ကူလာ ပါသည်။

ဤအချက်က ဆရာများအတွက် သင်ခန်းစာများကို ကြိုတင်ရေးဆွဲရာတွင် ပိုစတာ၊ စနစ်ပုံ အစရှိသည့် မြင်ရသောဝတ္ထုများ၊ အနာအကြားကဲ့သို့သောဆွေးနွေးခန်းမ ျား၊ စာသင် ခန်းတွင်း ယဉ်ကျေးမှုရေးရာ အကသို့မဟုတ် ဇာတ်လမ်းဇာတ်ကွက်ကဲ့သို့သော လှုပ်ရှားမှုပုံစံဖြင့် အခွင့်အလမ်းပေးခြင်းများကို စီစဉ်ထည့်သွင်းရပါသည်။

ကလေးအချို့သည် အမြင် သို့မဟုတ် အကြားတွင် အခက်အခဲရှိကြ၍ အခြား ကလေး များကဲ့သို့ အချို့သောအာရုံခံစားမှုဆိုင်ရာသင်ပြမှုကို မနာယူနိုင်ကြောင်းကို သတိထားရပါ မည်။ မည်သည့်လုပ်ငန်းများသည် ကလေးများနှင့်ဆီလျော်ပါသလဲ၊ ကလေးအားလုံး သင်ယူနိုင်သည့် ပို၍ဆီလျော်သော လုပ်ငန်းတစ်ခုရအောင် မည်သို့ပြုလုပ်ရမည်ကို သင့်ကိုယ် သင်မေးကြည့်ပါ။

## သင်ယူမှုနည်းလမ်းစုံ

ကလေးအချို့သည် မှတ်စုလိုက်ခြင်း၊ စာဖတ်ခြင်းဖြင့်လည်းကောင်း၊ အချို့မှာ မြင်တွေ့သောပစ္စည်း များကို ကြည့်ရှုလေ့လာ၍လည်းကောင်း၊ အချို့မှာ က၊ ခုန်၊ ဆော့ကစား ကိုယ်ခန္ဓာ လှုပ်ရှားခြင်းဖြင့်လည်းကောင်း၊ ကလေးအချို့သည် တစ်ဦးချင်းအလိုက် ပြဿနာ ဖြေရှင်းခြင်းဖြင့်လည်းကောင်း၊ အချို့မှာကလေးအချင်းချင်း ဆွေးနွေးအဖြေရှာခြင်းဖြင့် လည်းကောင်း၊ အကောင်းဆုံးလေ့လာသင်ယူကြပါသည်။ သို့ဖြစ်၍ကလေးများသည် နည်းလမ်းစုံဖြင့် လေ့လာသင်ယူကြသည် ဟုဆိုရပါမည်။

လူတိုင်း အကျုံးဝင်စာသင်ခန်းများတွင် ကလေးများနည်းလမ်းစုံဖြင့် သင်ယူကြကြောင်း တွေ့ရှိနိုင်ပါသည်။ ပို၍ကောင်းအောင်သင်ယူဖို့ ကျွန်ုပ်တို့ ကူညီနိုင်ပါသည်။ ကျွန်ုပ်တို့ ကိုယ်တိုင်လည်း သင်ကြားရခြင်းအတွက်ကျေနပ်မှု ပိုမိုရရှိလာပါမည်။

ဘင်္ဂလားဒေ့ရှ်မှ ဆရာမရီခ က မှတ်ချက်ပြုရာ တွင် 'သင်ကြားချဉ်းကပ်နည်း မပြောင်းလဲမီက ကလေးများ ကျောင်းတက်မှုနည်းပေမဲ့၊ ယခုအခါ ကလေးများပို၍ ကျောင်းမှန်မှန်တက်လာကြောင်း' ဆိုပါသည်။ ' အခုတော့သူတို့ကလေးတွေ ကျောင်း လာဖို့ စိတ်အားထက်သန်ကြတယ်၊ ဒီစနစ်သစ်မတိုင်မီကတော့ ဆရာတွေက အတန်းထဲ ဝင်လာပြီးရင် ကလေးတွေကို စာဖတ်ခိုင်းတာပါပဲ။ ရည်ရွယ်တာ ကလေး

ကလေးများရော ကျွန်ုပ်တို့အတွက်ပါ ပို၍အဓိပ္ပာယ် ပြည့်စုံလာပေမည်။ ဤသင်နည်းများသည်အစဉ်အလာအရ သင်ယူမှုတွင် ပါဝင်ခွင့်မရခဲ့သောကလေးများအားကလေးတိုင်း အကျုံးဝင်သောသင်ယူပျော် စာသင်ခန်းများတွင် ထိန်းသိမ်းထားစေရန် အကူအညီပေးပါလိမ့်မည်။

အာရုံဖြင့်သင်ယူခြင်း။ အမြင်၊ အကြားနှင့်လှုပ်ရှားမှု

နံနက်ခင်းတွင် ကလေးများစာသင်ခန်းသို့ ဦးစွာရောက်သောအခါ သူတို့ဘာလုပ် ကြလဲ၊ သူတို့ဆရာကို ကြည့်ကြသည်(အမြင်)။ ဆရာပြောတာကို နားထောင်သည် (အကြား)နှင့် ဆရာနှင့်အခြားသူများ အလုပ်လုပ်ကိုင်နေကြသည်ကို စောင့်ကြည့်ကြသည် (လှုပ်ရှားမှု)။ ၄င်းတို့သည်ပင် သူတို့ ကလေးတွေ သင်ယူနေကြခြင်းဖြစ်ပါသည်။

ဤအာရုံခံစားမှု(အမြင်၊အကြားနှင့်လှုပ်ရှားမှု)တို့အားလုံးသည် ကလေးများသင်ယူမှုတွင် အထောက်အကူပြု၍ အရေးကြီးပါသည်။ မသန်စွမ်းကလေးများသည်လည်း အခြားပုံမှန်ကလေးများကဲ့သို့ပင် လေ့လာ သင်ယူကြပါသည်။ ကလေးများ (အမြင်၊ အကြားနှင့်လှုပ်ရှားမှု)တို့နှင့်ဆိုင်သောအာရုံခံစားမှုတစ်ခုခုသည် ပို၍အားနည်းလျှင် ပုံမှန်ကလေး အဖော်များအောက်သို့ လျော့နည်းသင်ယူကြပေမည်။

နှစ်ပေါင်းများစွာပင် ကလေးများသည် ၃၀ရာခိုင်နှုန်းမှာ အကြားဖြင့်လည်းကောင်း၊ ၃၃ ရာခိုင်နှုန်းမှာ အမြင်ဖြင့်လည်းကောင်း၊ ၃၇ ရာခိုင်နှုန်းမှာ လှုပ်ရှားမှုမှတစ်ဆင့် လည်းကောင်း အောင်မြင်စွာသင်ယူနိုင်ကြကြောင်းကိုလေ့လာတွေ့ရှိရပြီးဖြစ်ပါသည်။ ရှေး အဆိုအမိန့်တစ်ခုမှာ ‘ကြားရုံနှင့်မေ့၊ မြင်တွေ့မှသတိရ၊ လုပ်ကြည့်မှ နားလည်’ ဟူ၍ဖြစ်ပါသည်။ ဤအချက်သည် အလွန်အရေးကြီးပါသည်။ အကယ်၍ နားထောင် စေခြင်းဖြင့် သင်ယူစေပါက ကလေးများသည် သုံးပုံတစ်ပုံသာ သင်ယူနိုင်ကြသည်။ ကလေးများအား မှတ်စုစာအုပ်ထဲတွင်တစ်ခုခုကို ရေးချခိုင်းပါက ဤအခြေအနေမျိုးသာရပေမည်။

ဘင်္ဂလားဒေ့ရှ်ရှိ ဆရာမ ရီခ သည် မတူညီသည့်ကလေးအမျိုးမျိုးသည် နည်းလမ်းအမျိုးမျိုးဖြင့် သင်ယူကြကြောင်းကိုသိလာသောအခါ မြေဖြူနှင့်သင်ပုန်းသင်နည်းတစ်မျိုး တည်းကိုသာမသုံးတော့ဘဲသင်နည်းမျိုးစုံဖြင့်သင်ကြားပေးသည်။ သီဆိုခြင်း၊ ကခြင်း၊ ရွတ်ဆိုခြင်း၊ သရုပ်ဆောင်ခြင်းစသည်တို့ဖြင့် သင်ကြားပေးရာ

ကလေးများသင်ယူကြသောအခါ လမ်းသွယ်များစွာကိုသုံးခြင်းအားဖြင့် နားလည်ရန်နှင့်မှတ်မိနေစေရန် အကူအညီရပါသည်။ ထို့ကြောင့် သင်ယူမှုလမ်းသွယ်များရောနှောပါဝင်သည့် သင်ကြားနည်းပေါင်းစုံသုံးခြင်းသည် ကျွန်ုပ်တို့ အတွက် အရေးကြီးပါသည်။

ဆရာမ ရှီခ သည် သင်ယူမှုလမ်းသွယ်များကိုနားလည်သဘောပေါက်ပြီးသည့်နောက် သင်ကြားရာတွင်အသုံးပြုရန် ကြိုးစားလာသည်။

'သင်ခန်းစာခေါင်းစဉ်ကစပြီး ကလေးများ အတွက် သင်ယူဖို့လိုတဲ့ အချက်များကို စဉ်းစားပါတယ်။ သင်ယူမှုလမ်းသွယ် (၇)သွယ်က တစ်ဆင့် သင်ခန်းစာခေါင်းစဉ်နဲ့ ကိုက်ညီတဲ့ လုပ်ငန်းများကို ကြိုးစားတည်ဆောက်ပေးရပါတယ်။ ဥပမာ– လူမှုရေးသိပ္ပံ ဘာသာက ခေါင်းစဉ်တစ်ခုမှာ ရာသီနှင့် သစ်သီးများဖြစ်ပါတယ်။ တချို့က သစ်သီးပုံစံ ရေးဆွဲပြီး ရောင်စုံမျက်နှာဖုံးပြုလုပ်ကြတုန်း ကလေးများနှင့်ကျွန်မတို့ကသစ်သီးများ အကြောင်းကို ကဗျာတစ်ပုဒ် စပ်ဆိုကြပါတယ်။ တစ်ဦးစီက အကြိုက်ဆုံးသစ်သီး တစ်မျိုးကိုရွေးစေပြီး မျက်နှာဖုံးတွေစွပ်လို့ သစ်သီးပုံအတိုင်း ကစေပါတယ်။ ကလေးတွေ အုပ်စုများဖွဲ့ကာ အလုပ်လုပ်ကြပြီး တချို့က စာဖတ်ကြ၊ တချို့က စာရေးကြပါတယ်။

'ကျွန်ုပ်တို့တိုင်းပြည်ရှိ အလုပ်အကိုင်များ' ဆိုတဲ့ခေါင်းစဉ်ကိုလည်း ဤချဉ်းကပ်နည်းကိုပဲ အသုံးပြုပါတယ်။ ကလေးများကို ဒီဒေသမှာရှိတဲ့ အလုပ်အကိုင်အမျိုးမျိုးရဲ့ အမည်များကိုပြောစေပါတယ်။ သူတို့လုပ်ချင်တဲ့အလုပ်ကို စဉ်းစားခိုင်းပြီး သရုပ်တူ ဆောင်ရွက်ခိုင်းပါတယ်။ အုပ်စုဖွဲ့ဆွေးနွေးခိုင်းပြီး အလုပ်အကြောင်းကို ဖတ်စေပါတယ်။ နောက်ဆုံးမှာတော့ အလုပ်နဲ့ သုံးတဲ့ လက်နက်ကိရိယာပုံတို့ကို ယှဉ်တွဲတဲ့ကစားနည်းနဲ့ ကစားကြပါတယ်။ ကျွန်မအမြဲပဲ လူမှုရေးသိပ္ပံသင်ခန်းစာသင်တဲ့ အခါ ဘာသာစကား ကျွမ်းကျင်မှုများကိုပါ တွဲသင်ပါတယ်။ ယခုထိ ကျွန်မ ကြိုးစားအဖြေထုတ်ကြည့်ပါတယ်။ သင်ယူမှုဟာ စာသင်ခန်းထဲမှာသာကန့်သတ်ထားတာမဟုတ်ပါဘူး ဆိုတာ ကျွန်မအနေနဲ့ရပ်ရွာမိဘများကို သိနားလည်စေချင်ပါတယ်။'


ကလေးအားလုံးအတွက် သွက်လက်ထက်မြက်တဲ့ သင်ယူမှုရရှိအောင် သင်ခန်းစာပြင်ဆင်မှုများနှင့်စာသင်ခန်းစီမံခန့်ခွဲမှုများ တိုးတက်ဖွံ့ဖြိုးအောင်ပြုလုပ်ဖို့ လိုအပ်ပါတယ်။

တိုင်းငြိမ်နေ အောင်နှင့် လေ့လာနေအောင်ပေါ့။ အခုတော့ သင်ကြားမှုလုပ်ထုံးလုပ်နည်းအများစုဟာ ကိုယ်တိုင်ပါဝင် လုပ်ဆောင်မှုနဲ့တက်ကြွလှုပ်ရှားမှုအခြေပြုတဲ့သင်ယူနည်းတွေပါပဲ.....'

ကိုယ်တိုင်တက်ကြွစွာပါဝင်ဆောင်ရွက်သည့်သင်ယူမှုသည်နည်းလမ်းစုံသုံးပြီးကလေး များသင်ယူမှုကိုပံ့ပိုးပေးစေပါသည်။ ကလေးများသင်ယူသောလမ်းသွယ်(၇)ခုမှာ တစ်ဖက်ပါ အတိုင်းဖြစ်ပါသည်–

- ❖ ဘာသာစကား။ အချို့ကလေးအချို့သည်စာလုံးများ၊ ပြောစကားများ၊ မှတ်ဉာဏ်နှင့် ပြန်လည်တွေးတောခြင်းမှတစ်ဆင့် တွေးခေါ်သင်ယူကြသည်။
- ❖ ကြောင်းကျိုးဆက်စပ်မှုနှင့် သင်္ချာ။ ကလေးအချို့သည်စဉ်းစားဆင်ခြင်ခြင်းနှင့် တွက်ချက်ခြင်းတို့မှ တစ်ဆင့်တွေးခေါ်သင်ယူကြသည်။ သူတို့သည် ကိန်းများကိုလွယ်ကူစွာ အသုံးပြုနိုင်သည်။ဒြပ်မဲ့ပုံစံများအားမှတ်မိသည်။ တိုင်းတာမှုများကို တိတိကျကျလုပ်နိုင်သည်။
- ❖ ထုပုံဖော်မှု။ ကလေးအချို့သည် ပန်းချီရေးဆွဲခြင်း၊ဆေးခြယ်ခြင်းနှင့် ပန်းပုထုခြင်းစသော အနုပညာကို နှစ်သက်ကြသည်။ သူတို့ သည်မြေပုံများ၊ ကားချပ် များ၊ ဇယားများကို လွယ်ကူစွာ လေ့လာနိုင်ကြသည်။
- ❖ ကိုယ်ခန္ဓာလှုပ်ရှားထိတွေ့မှု။ ကလေးအချို့သည် ကိုယ်ခန္ဓာလှုပ်ရှားခြင်း၊ ကစားခြင်းနှင့် ပြဇာတ်ကခြင်းတို့မှတစ်ဆင့်သင်ယူသည်။
- ❖ ဂီတ။ ကလေးအချို့သည်အသံများ၊ကာရန်၊ သံစဉ်များ၊ စည်းကိုက် ဝါးကိုက် ထပ်ကာထပ်ကာ သီဆိုခြင်းတို့ဖြင့် အကောင်းဆုံး သင်ယူကြသည်။
- ❖ လူမှုဆက်ဆံရေး။ ကလေးအချို့သည်အုပ်စုဖွဲ့စုပေါင်း လုပ်ငန်းမှ တစ်ဆင့် လွယ်ကူစွာလေ့လာသင်ယူကြသည်။ သူတို့သည်အုပ်စုလုပ်ငန်းများကို နှစ်ခြိုက် ကြသည်။ လူမှုပေါင်းသင်း ဆက်ဆံရေးကိုလွယ်ကူစွာ နားလည်ပြီး အခြားသူ များနှင့် ဆက်ဆံရေးဖွံ့ဖြိုးအောင် လွယ်ကူစွာဆောင်ရွက်နိုင်ကြသည်။
- ❖ ကိုယ်ရေး။ ကလေးအချို့သည်တစ်ဦးချင်းစိတ်ဝင်စားမှုနှင့် ကိုယ်တိုင်ပြန်လည်သုံးသပ်ခြင်းတို့မှတစ်ဆင့်အကောင်းဆုံးသင်ယူကြသည်။ သူတို့သည်တစ်ဦးတည်းလည်း အလုပ်လုပ်နိုင်ကြပြီး ကိုယ်ပိုင်ခံစားမှုများကို သတိပြုမိ၍ ၄င်းတို့၏အားနည်းချက်နှင့်အားသာချက်များကို သိရှိကြသည်။

များကိုအသုံးပြုပါသနည်း။အဆိုပါလုပ်ငန်းများသင်ယူရာတွင် မည်သည့် သင်ယူမှုလမ်းသွယ်များက အကျိုးဖြစ်စေပါသလဲ။ (အထက်ဖော်ပြပါ ဆရာမ ရှီခ၏အယူအဆတွင် ကြည့်ပါ။)



- ❖ ဤလုပ်ငန်းများကို သင်၏သင်ခန်းစာပြင်ဆင်မှုတွင် မည်ကဲ့သို့ပေါင်းစည်းနိုင်ပါသလဲ။
- ❖ သင်ခန်းစာကြိုတင်ပြင်ရေးဆွဲရာတွင် သင်၏တပည့်များ အထူးသဖြင့် ဘဝနောက်ခံ နှင့်စွမ်းရည်အမျိုးမျိုးသောကလေးများ သို့မဟုတ် အတန်းထဲတွင် ရှောင်ဖယ်နေသောကလေးများက မည်သို့ကူညီပံ့ပိုးနိုင်ပါသနည်း။
- ❖ သင်ခန်းစာတစ်ခုရေးဆွဲကြည့်ပါ။ အကယ်၍သင်ရေးဆွဲရသည် ကိုကျေနပ်မှု ရှိပါက၊သင်ခန်းစာကို သင်ကလေးများကျေနပ်မှုရှိ–မရှိမေးကြည့်ပါ။ သူတို့သည်ဘယ်လုပ်ငန်းများကိုအပျော်ဆုံးဖြစ်ပါသလဲ။ သင်သည် အခြား သင်ခန်းစာများကို သင်ကြားရာမှာ ဤလုပ်ငန်းများကို ထည့်သုံးနိုင်ပါသလား။

သင်ယူမှုအတားအဆီးများ

စာသင်ခန်းများထဲတွင် အမြဲကြောက်ရွံ့ပြီး သူများနှင့်လည်းမရောနှော၊ အတန်းထဲတွင် စာရကြောင်း လက်ညှိုးလည်းမထောင်၊ စာလည်းကောင်းစွာ မသင်ယူသူတစ်ဦးကို သင်မှတ်မိပါ သလား။ ဤကလေးအပြုအမူဤသို့ဖြစ်နေရခြင်း၏ အကြောင်းရင်းတစ်ရပ်သည် မိမိကိုယ်ကို ယုံကြည်မှုနည်းခြင်းပင်ဖြစ်ပါသည်။ ဤကလေးသည်သူ၏စွမ်းရည်များအတွက် ယုံကြည်မှု မရှိ၊ သို့မဟုတ် အခြားသူများသည်သူ့အတွက် တန်ဖိုးရှိသည့်အတန်းဖော်များ မဟုတ်ဟုထင်နိုင် ကြသည်။ မိမိကလေးများကို မိမိမည်ကဲ့သို့မြင်သည်က သူတို့၏သင်ယူမှုပြုပုံနှင့်နီးကပ်စွာ ဆက်သွယ်နေကြောင်းကို လေ့လာချက်များက ဖော်ပြနေပါသည်။ အပြုသဘောမဆောင်သော တုံ့ပြန်မှုကြောင့် ကလေးတစ်ဦး၏ ကိုယ့်ကိုယ်ကို ယုံကြည်မှုနည်းခြင်းသည် မကြိုးစား ခြင်းက ပို၍ကောင်းသည်ဟု မှတ်ယူတတ်ကြောင်း တွေ့ရှိလာရသည်။

ဆောင်ရွက်ရမည့်လုပ်ငန်း။ ။မိမိကိုယ်ကိုယုံကြည်ခြင်း၏တန်ဖိုး

စက္ကူတစ်ရွက်ကိုယူ၍ ရိုးရိုးမျက်နှာပုံတစ်ပုံကိုဆွဲပါ။ ကလေးတစ်ယောက်၏

နောက်လာမည့်စာအုပ်ငယ်လက်စွဲမှ ကလေးတိုင်းအကျုံးဝင်ပြီး သင်ယူပျော် စာသင်ခန်းများ စီမံခန့်ခွဲမှု အခန်းတွင် ပါရှိသည့် သင်ခန်းစာပြင်ဆင်ခြင်းကို ကျွန်ုပ်တို့ ထပ်၍ လေ့လာကြရပါဦးမည်။ ယခုတော့ ဆရာမရှီသည် သင်ခန်းစာကြိုတင်ပြင်ဆင်ခြင်း၏အရေးပါပုံကို သိနေရပါပြီ။


'ယခုအခါ သင်ခန်းစာပြင်ဆင်ခြင်းဟာ အမှန်ပဲ အချိန်ကုန်ပါတယ်။ ဒီအလုပ်ဟာ ပျော်ရွှင်ဖွယ်ကောင်းပြီး ကျွန်မရဲ့တီထွင်နိုင်မှုအတွက် စိန်ခေါ်မှုတစ်ရပ်လည်းဖြစ်ပါတယ်။ တစ်ခါတစ်ရံ သင်ခန်း စာပြင်ဆင်ရာမှာ ကလေးတွေအတွက်လိုအပ်ပြီး မှန်ကန်တဲ့ရင်းမြစ် ပစ္စည်းတွေ ရဖို့လည်း အခက်အခဲရှိပါတယ်။ ကလေးတွေဟာ သူတို့အသိနဲ့ လိုအပ်တဲ့ ပစ္စည်းကို အိမ်က ယူလာကြပါတယ်။ ပြဇာတ်အတွက် မျက်နှာဖုံးတွေ၊ အလုပ်အကိုင် အမျိုးမျိုး၊ အားကစားနည်းတွေနဲ့ ကဗျာများအတွက် လက်နက်ကိရိယာတွေ စတဲ့ လိုအပ်တဲ့ ပစ္စည်းများကို စာသင်ခန်းထဲမှာ စုပေါင်းပြုလုပ်ကြပါတယ်။'

ပြန်လည်ထင်ဟပ်မှုလုပ်ငန်း။ ။သင်၏သင်ခန်းစာများကိုတိုးတက်ကောင်းမွန် စေခြင်း



❖ သင်၏တပည့်များသည် သင်မျှော်လင့်သကဲ့သို့ ဆောင်ရွက်နိုင်ခြင်းမရှိနိုင်သော် လည်း သင်ကြားရာတွင် ပျော်ရွှင်သောသင်ခန်းစာတစ်ခုကို ရွေးထုတ်ပြပါ။တစ်နည်းအားဖြင့်ပို၍ပျော်ရွှင်စွာသင်ကြားလိုသောသင်ခန်းစာ တစ်ခုကိုရွေးထုတ်ပါ။

❖ သင့်အနေဖြင့် ကလေးများကို သင်ယူစေချင်သည့်အဓိကအချက်များမှာ အဘယ်နည်း။



❖ အဆိုပါအချက်အလက်များကို သင်ပေးရာတွင် မည်သည့်သင်နည်းများကို အသုံးပြုပါသလဲ။ အဆိုပါသင်နည်းများထိရောက်မှုမရှိဟု သင်အဘယ်ကြောင့်ထင်ပါသလဲ။ သာ၍ကေ ကလေးများသည်သင်ယူမှုလမ်းသွယ်များထဲက တစ်ခုတည်းကိုသာ အသုံးပြုသလား။

❖ ကလေးများသင်ယူမှုတွင်သူတို့၏အာရုံခံစားမှု (အမြင်၊အကြား၊လှုပ်ရှားမှု) များစွာကို အသုံးပြုနိုင်အောင် ဆရာ၏သင်ကြားမှုတွင် မည်သည့်လုပ်ငန်း

မှန်ကန်သော အခြေအနေများနှင့်ပတ်ဝန်းကျင်များကို ဖန်တီးပေးနိုင်ပါသည်။

ကလေးအားလုံးသည် –

- ❖ သူတို့ကိုယ်တိုင်နှင့် သူတို့ပါဝင်ဆောင်ရွက်မှုကို တန်ဖိုးထားသည်ဟု သူတို့၏ စိတ်ထဲတွင် ခံစားရရှိခြင်း၊
- ❖ သူတို့၏သင်ယူမှုပတ်ဝန်းကျင်သည် ရုပ်ပိုင်းနှင့် စိတ်ခံစားမှုအပိုင်းတို့တွင် လုံခြုံမှု ရှိသည်ဟုသူတို့၏စိတ်ထဲတွင် ခံစားရရှိခြင်း၊
- ❖ သူတို့၏အတွေးအဆများသည် တမူထူးခြားပြီး တန်ဖိုးရှိသည်ဟု သူတို့၏ စိတ်တွင် ခံစားရခြင်း၊

တစ်နည်းအားဖြင့် ကလေးများအားမည်သူမည်ဝါပင်ဖြစ်ပါစေ တန်ဖိုးထားသင့်ပါသည်။ သူတို့စိတ်တွင်လုံခြုံမှုရှိသင့်သည်။သူတို့၏အမြင်ကိုထုတ်ဖော်နိုင်သည်။ သင်ယူရာတွင်အောင်မြင်သည်ဟု ခံစားရရှိစေသင့်ပါသည်။ ဤအချက်များသည်ကလေးများကို သင်ယူမှု တွင် ပျော်ရွှင်စေပြီး ဤပျော်ရွှင်မှုက ပို၍ပျော်ရွှင်ဖွယ်ကောင်းသော စာသင်ခန်းတစ်ခု ဖန်တီး ရာတွင် ဆရာကိုအားရပီတိဖြစ်စေပါသည်။ ဤစာသင်ခန်းမျိုးသည် စုပေါင်းဆောင်ရွက်သော ပျော်ရွှင်ဖွယ်အုပ်စုဖွဲ့ခြင်းကိုအားပေးပြီး အောင်မြင်မှုကိုရရှိခံစားစေခြင်းနှင့် သင်ယူမှုသစ်များကို ပျော်ရွှင်စွာသင်ယူနိုင်ခြင်းဖြင့် ကလေးများမိမိကိုယ်မိမိ ယုံကြည်မှုရှိအောင်မြှင့်တင်ပေးသည့် စာသင်ခန်းမျိုး ဖြစ်ပါသည်။

ဆောင်ရွက်ရမည့်လုပ်ငန်း။ ။မိမိကိုယ်မိမိယုံကြည်မှုတိုးတက်စေခြင်း

ဤလုပ်ငန်းကို မိဘ၊ ဆရာ၊ ကျောင်းသား၊ အခြားသူများနှင့် အတူဆောင်ရွက်နိုင်ပါသည်။

- ❖ ပိုစတာစာရွက်ကြီးတစ်ရွက်ကို စာရေး၍ရအောင် အညီအမျှ ဒေါင်လိုက်ပိုင်းခြားပါ။
- ❖ လက်ဝဲဘက်စာတိုင်တွင် ကလေးများစိတ်ဝင်စားမှု၊ တန်ဖိုးထားခံရမှု၊ လုံခြုံမှုမရှိ ဟူ၍ ခံစားရသောစာသင်ခန်း/ကျောင်းရှိ အခြေအနေများကို ချရေးပါ။
- ❖ အလယ်စာတိုင်တွင် အထက်ပါအခြေအနေတစ်ရပ်စီရှိ ပြင်ပ သို့မဟုတ် လူများကအဘယ်ကြောင့်ကလေးများဤသို့ခံစားရအောင်ပြုလုပ်သည်ဟူသ

ပုံဖြစ်ပါသည်။ လူကြီးများက ကလေးကို စိတ်မကောင်းအောင် ပြောသည်ဟုတွေးကြည့်ပါ။ ဥပမာတစ်ခုစီအတွက် ယခုသီတင်းတစ်ပတ်အတွင်း စဉ်းစားကြည့် (ရှုမြင်)ပါ။ စက္ကူစကို ဆုတ်ဖြဲပေမည်။

ဤသို့ ၃၊၄ ကြိမ်လောက်မှတ်ချက်ချ ပြောခံရပြီဆိုလျှင် ကလေးတစ်ယောက်၏ ကိုယ့်ကိုယ်ကို ယုံကြည်မှုအသိသည် တစ်စစီဆုတ်ဖြဲလိုက်သလိုရှိတော့သည်။



မှတ်ချက်။ ။အခြားသူများ၏အမူအယာနှင့်ခံစားချက်များ မည်သို့နားလည်ခံစားရသည်ကို ကလေးများအား နားလည်အောင်ကူညီရန် ဤလုပ်ငန်းကို လုပ်ဆောင်နိုင်ပါသည်။

ကျွန်ုပ်တို့သည် ကလေးများအပေါ် အပြုသဘောမဆောင်သော ထင်မြင်ချက်မျိုး ပေးသံကြားရသည့်အခါ အပြုသဘောဆောင်သော ထင်မြင်ချက်မျိုးဖြစ်အောင် ပြောင်းလဲရန်လိုပါသည်။ သာဓက–အပြုသဘောမဆောင်သောအပြောမှာ– 'မင်းအဖြေတွေမှာ ဘယ်လောက်အမှားရနေတယ် ဆိုတာကြည့်စမ်း' ဟူသည့်စကားအစား 'မင်းအဖြေမှန်တွေ ဘယ်လောက်ရနေတယ်ဆိုတာ ကြည့်စမ်း၊ နောက်တစ်ခါ ဒီထက်ပိုပြီးမှန်လာအောင် နည်းလမ်းတစ်ခု ရှာကြည့်ရအောင်၊ မင်းအဖြေမှန်အောင် ဘယ်အချက်က အကူအညီပေးတယ် ဆိုတာကို စဉ်းစားကြည့်စမ်း'ဟူသောစကားနှင့်ပြောင်းသုံးနိုင်ပါသည်။

သင်ယူမှုတွင် ကလေးများအပြည့်အဝမပါဝင်မီ သူတို့သင်ယူနိုင်ကြသည်ကိုသူတို့ ကိုယ်တိုင်ယုံကြည်ရန်လိုပါသည်။ကလေးများသည်သူတို့ကြီးထွားလာသည်နှင့်အမျှ သူတို့ ယုံကြည်မှုနှင့် ပင်ကိုယ်အရည်အချင်း တိုးတက်ဖွံ့ဖြိုးလာသည်ကို လူကြီးများကလည်း ၄င်းကြီးထွားလာမှုတွင် ခိုင်မာသည့်အခန်းကဏ္ဍက ပါဝင်လုပ်ကိုင်နေရပါသည်။ ကလေးများ သည် သူတို့၏ကျားမဘာဝ၊ လူမျိုးစုငယ်၊ ဘဝနောက်ခံနှင့်စွမ်းရည်တို့အပေါ် တန်ဖိုးမထားပါက သူတို့ စိတ်အားငယ်သွားနိုင်ပါသည်။

ကလေးများအား အပြုသဘောဆောင်သောမိမိကိုယ်ကိုမိမိ ယုံကြည်မှုကို ထည့်မပေးနိုင်ပါ။ သို့သော် အပြုသဘောဆောင်သော ယုံကြည်မှုဖွံ့ဖြိုးလာအောင်

ဆောင်ရွက်နိုင်ပါသလဲ။ မိမိအမည်ထဲက ဘယ်စာလုံးကို သိပါသလဲ။ ကူးရေးနိုင်ပါသလား။ ဘယ်ကိန်းဂဏန်းကိုသိပါသလဲ။ စာသင်ခန်းထဲက လွယ်ကူသောအရာဝတ္ထုများနှင့် ဆက်စပ်ရေတွက်နိုင်ပါသလား။ ၄င်းကလေးအနှစ်သက်ဆုံး အရာကား အဘယ်နည်း။ ဆရာ သို့မဟုတ် အခြားကလေးတစ်ဦးနှင့် ပြောပြနိုင်ပါသလား၊ စာသင်ခန်းအတွင်းတွင် လက်ထိုးရုပ်သေးဖြင့် ကပြနိုင်ပါသလား။ ကလေးသည် သီချင်း ဆိုနိုင်ပါသလား။ သို့မဟုတ် ကစားနိုင်ပါသလား။

ထို့အပြင် ကျွန်ုပ်တို့သည်အိမ်နှင့်ရပ်ရွာတို့ကို ကျောင်းနှင့် မည်ကဲ့သို့ ဆက်စပ်ပေးမည်နည်း။

ဆောင်ရွက်ရမည့်လုပ်ငန်း။ ။ စာသင်ခန်းနှင့်အိမ်ကိုဆက်စပ်ပေးခြင်း

အောက်ဖော်ပြပါဇယားတွင် ကလေးများ၏အိမ်တွင်တွေ့ရသော လုပ်ဆောင်ချက်များသည် ကျောင်းတွင်လည်း အသုံးပြုနိုင်ပါသည်။ ထိုသို့လုပ်ဆောင်နိုင်သော လုပ်ငန်းများကို စာရင်းပြုစုပေးရန်ဖြစ်ပါသည်။

ဤသတင်းအချက်အလက်ကို သင်၏သင်ခန်းစာပြင်ဆင်မှုတွင် မည်ကဲ့သို့ပေါင်းစည်း ပေးပါသနည်း။ ဤသင်ခန်းစာများကိုရေးဆွဲရာတွင်ဆရာသည်ကလေးများကို မည်ကဲ့သို့ပါဝင် စေမည်နည်း။



ကျောင်း၌ ရပ်ရွာနှင့်အိမ်တွင်လေ့လာမှုမပြုသောကလေးဟူ၍ မရှိပါ။ ကျောင်းတွင်းကျောင်းပြင်တွင် ကလေးများသည် နည်းလမ်းမျိုးစုံဖြင့် အခြေအနေသစ်များကို တုံ့ပြန်ကြသည်။နည်းလမ်းတချို့ကို မသုံးသော်လည်း အချို့နည်းလမ်းများကိုကျောင်းတွင် အသုံးပြုပါမည်။ ကလေးများသင်ယူပြီးသော ကျွမ်းကျင်မှုများနှင့် သိမှုများကို ကျွန်ုပ်တို့ရှာဖွေရန် တာဝန်ရှိ ပါသည်။ ကျွန်ုပ်တို့သည် သူတို့ရပြီးသော အသိပညာနှင့် ကျွမ်းကျင်မှုများအပေါ်တွင် အသစ် များကို သင်ကြားပေးခြင်းဖြင့် တည်ဆောက်ပေးနိုင်ပါသည်။ ဤသို့ ဆောင်ရွက်မည်ဆိုလျှင် ကလေးများကို နီးကပ်စွာလေ့လာရမည့်အပြင် သူတို့အတွေးအခေါ်၊ ကျွမ်းကျင်မှုနှင့် တန်ဖိုးသစ်များကို မည်ကဲ့သို့ သင်ယူမည်ကိုလေ့လာရပါမည်။ များစွာသောလေ့လာချက်များတွင် မိန်းကလေး၏ အတွေ့အကြုံများမှာ ယောကျာ်းလေးများထက်ပို၍ သိသာထင်ရှားမှုရှိပါမည်။

ကျောင်းတွင် ကလေးများကစားရာ၌ ဖြေရှင်းရသောလုပ်ငန်းများ၊ အခက်အခဲများနှင့်မတူညီသောလုပ်ငန်းများစွာကို ရင်ဆိုင်ရပါသည်။ ကလေးအချို့သည် ခဲတံကို မကိုင်တတ်ပါ။ စာအုပ်ကိုလည်း မမြင်ဖူးပါ။ သင်နှင့်တကွ အတန်းဖော်ကလေးများ

| ကလေးအမည် | အိမ်တွင်လေ့လာသောလုပ်ဆောင်ချက် | ကျောင်းတွင်အသုံးချမည့်လုပ်ဆောင်ချ |
|---|---|---|
| | | |
| | | |
| | | |
| | | |

ည့် အကြောင်းရင်းအချက်များကို သင်၏ထင်မြင်ချက်ရေးပါ။


❖ လက်ယာဘက်စာတိုင်တွင် ကလေးများမိမိကိုယ်ကို တန်ဖိုးထားခံရမှု၊ လုံခြုံမှုရအောင် ပြောင်းလဲနိုင်မည့်အချက်ကိုချရေးပါ။

ဤလုပ်ငန်းကိုအသုံးပြု၍စာသင်ခန်း၊ကျောင်း၊ရပ်ရွာထဲတွင် ကလေးများမိမိကိုယ်ကို ယုံကြည်မှု တိုးတက်မှု ရရှိအောင် စီမံချက်များရေးဆွဲရန်အတွက် အစပြုဆောင်ရွက်ပါ။

ကိုယ်ပိုင်အသိပညာနှင့် အဓိပ္ပာယ်ကို ကလေးများကိုယ်တိုင် တက်ကြွစွာဖန်တီး တည်ဆောက်ယူခြင်း

ကလေးများသည် သတင်းအချက်အလက်သစ်များကို သူတို့တွင်ရှိနှင့်ပြီး သတင်းအချက်အလက်များနှင့် ဆက်စပ်၍သင်ယူကြသည်။ ဤသည်ကိုစိတ်ပိုင်း တည်ဆောက်မှုဟုခေါ်သည်။ မေးမြန်းခြင်း၊စကားပြောခြင်း(လူမှုဆက်ဆံရေး)သည် သင်ယူမှုကိုတိုးတက်စေသည်။ သို့ဖြစ်၍ နှစ်ယောက်တစ်တွဲနှင့်အုပ်စုငယ်ဖွဲ့ခြင်းသည် အလွန်အရေးပါပါသည်။

ဆရာများ၏အခန်းကဏ္ဍသည်ကလေးများ၏စိတ်ထဲသို့ အချက်အလက်များကို ထည့် သွင်းရန် မဟုတ်သကဲ့သို့ ကလေးများကိုသူတို့အတွက် အရာအားလုံးရှာဖွေတွေ့ရှိကြရန် စေလွှတ် လိုက်ခြင်းလည်းမဟုတ်ပါ။ ကလေး များ၏ကနဦးအသိ(သူတို့၏ရှိနှင့်ပြီးသင်ယူမှု) ကို အသုံးပြု၍ သင်ယူမှုပြုရန် ကျွန်ုပ်တို့က ကူညီမှုနည်းလမ်းများကို သွက်လက်စွာရှာဖွေပေးသင့်ပါသည်။



မေးခွန်းမေးသောအခါကလေးသည် ဘာပြန်ပြောရမည်ကိုမသိဘဲရှိမည်။ ကျောင်းတွင် ကလေးသည် သင်ယူရန်အတွက် ညှိယူရာ၌နှေးကွေးနိုင်သည်။ ထိုဖြစ်ရပ်မျိုးတွင် ဆရာသည် ကလေးနှင့် ကောင်းမွန်သောဆက်ဆံရေး ထူထောင်ဖို့လိုအပ်ပါသည်။ သို့မှသာ ကလေးမည်ကဲ့သို့ အကောင်းဆုံးသင်ယူနိုင်မည်ကို သိရှိပါသည်။ သာဓက– ဤကလေးသည် မည်သည့်အလွယ်ကူဆုံးလုပ်ငန်းကို

အတန်းတွင်းတွင်သုံးနှုန်းသည့်ဘာသာစကားကို မပြောနိုင်သေးသော ကလေးတစ်ဦး သင့်ထံသို့ရောက်လာသော အဖြစ်မျိုးရှိနိုင်ပါသည်။ ဤကလေး ဘာလုပ်နိုင်သည်ကို ဦးစွာဖော်ထုတ်ပါ။ သူ့အမည်၊ သူသုံးသောစကားကိုသုံး၍ သင်ပြောနိုင်ရန် အရေးကြီးပါသည်။ ဤကဲ့သို့မပြောနိုင်ပါက ကလေးဖော်များ သို့မဟုတ် ရပ်ကွက်ထဲမှ ဆက်သွယ်ပြောဆို ပေးနိုင်မည့်သူကို ရှာဖွေ၍ အကူအညီရယူကာ သူတို့၏စကားနှင့် အတန်းလုပ်ငန်းကို ဆက်စပ် ပေးပါ။ သာဓက–ကလေးပြောသော စကားဖြင့် သင်ပေးလိုသောအတန်းတွင်းသုံး ဘာသာဖြင့် စာလုံးအသစ်ကိုသင်ပေးရန် ဒေသသုံးစကားဖြင့်ဆိုရသော သီချင်းတစ်ပုဒ်ကို အသုံးပြုဖူး ပါသလား၊ ဒေသသုံးသီချင်းထဲမှ ကလေးသိပြီးသော ဝေါဟာရဖြင့်စကားလုံးကို အတန်းသုံး ဝေါဟာရဖြင့် တဖြည်းဖြည်းအစားထိုးပါ။ ဤသီချင်းကိုသုံး၍ သင့်ကလေးများကို ဘာသာ စကားအမျိုးမျိုး၏တန်ဖိုးအကြောင်းကို သင်ပေးနိုင်ပါသလား။

အထူးသဖြင့် ကျောင်းဖွင့်စတွင် စိတ်အားငယ်သောကလေးအများစု သည်ပင်လျှင် ရိုးရှင်းလွယ်ကူသော လုပ်ငန်းငယ်လေးများဖန်တီးပေးခြင်းဖြင့် အောင်မြင်မှုကိုရယူနိုင်ပြီး အစကောင်းခြင်းကိုလည်း ဖြစ်စေပါမည်။ ကလေးများစိတ်တွင် ကျောင်းသည်၊ လုံခြုံစိတ်ချရပြီး စူးစမ်းရှာဖွေသင်ယူသော နေရာကောင်းတစ်ခုအဖြစ် ယုံကြည်မှုရစေပါသည်။ ဤအချက်သည် ပျော်ရွှင်ဖွယ်သင်ယူမှုပင် ဖြစ်ပါသည်။

သင်ကြားမှုနှင့်သင်ယူမှုအတွက်အကြံပြုချက်များ

- ❖ သင်ခန်းစာများသည်ဆက်စပ်မှုမရှိသော သတင်းအချက်အလက် အစအန များထက် ကျယ်ပြန့်သည့် တွေးခေါ်စိတ်ကူးမှုများဖြင့် ဝန်းရံကာ တည်ဆောက် ထားရန် လိုအပ်ပါသည်။ ဤသို့ဖြင့် ကလေးများသည် သူတို့သိပြီးသား သတင်း အချက်အလက်များနှင့် အချက်အလက်သစ်များကို အံဝင်ခွင်ကျ စေမည့် ဆောင်းနိုင်သော ထီးတစ်လက်ရရှိထားသည့်နှယ် ဖြစ်ပါသည်။ ကျယ်ပြန့်သော အတွေးအခေါ်ဆိုသည်မှာ ‘ရေသည်ဘဝအတွက်အလွန် အရေးကြီးသည်’ဟူသော အသိကဲ့သို့ ဖြစ်သည့်အပြင် ‘ယနေ့ ကျွန်ုပ်တို့ရေကို သန့်ရှင်းအောင် မည်သို့ ပြုလုပ်မည်ကို လေ့လာကြမည်’ ဟူသောခေါင်းစဉ် ကဲ့သို့လည်း ဖြစ်နိုင်ပါသည်။
- ❖ ကျွန်ုပ်တို့ကလေးများ၏ ဖွံ့ဖြိုးမှုဆိုင်ရာလိုအပ်ချက်များကို ထည့်စဉ်းစားဖို့

စကားပြောသည့် အသုံးအနှုန်းကိုလည်း မသုံးဖူးပါ။ သို့ဖြစ်၍ကလေးသိရှိသောအသိ၊ ကောင်းစွာဆောင်ရွက်နိုင်သော အလုပ်နှင့်သင့် စာသင်ခန်း၊ သင်ခန်းစာများတွင် လုပ်ရမည့် လုပ်ငန်းအသစ်များအတွင်း ဆက်စပ်မှုများ ထူထောင်ပေးရန် အလွန်အရေးကြီးပါသည်။ သင်မည်ကဲ့သို့ပြီးစီးအောင် ဆောင်ရွက် မည်နည်း။

ဆောင်ရွက်ရမည့်လုပ်ငန်း။ ။သင်ယူသူများအတွက်ဆက်စပ်ပေးမှုများ ထူထောင်ခြင်း

အခြေခံအဆင့်၌ ကျောင်းများက ကလေးများကို မည်ကဲ့သို့စာဖတ်ရမည်။ ကိန်းများကို မည်ကဲ့သို့ တွက်ချက်အသုံးပြုစေရမည်ကိုသာသင်ပေးရန်မျှော်လင့်ကြပါသည်။ ကလေးများ အဖို့ ပထမဆုံး ကျောင်းစတက်သောနေ့တွင် စာဖတ်ခြင်း၊ ဂဏန်းများတွက်ခြင်း အောင်မြင် စေရန် မည်ကဲ့သို့သော ရှင်းလင်းလွယ်ကူသည့်လှုပ်ရှားမှု လုပ်ငန်းကလေးများကို သင်ဆောင်ရွက် နိုင်ပါမည်နည်း။ သာဓကအချို့ ရှိပါသည်။ အခြားလုပ်ငန်းများကိုလည်း သင် စဉ်းစားနိုင်ပါ သလား။

- ကလေးသုံးစကားဖြင့် စာသင်ခန်းပတ်လည်ရှိ အရာဝတ္ထုများ၏ အမည်များကို ကလေးများနှင့်အတူ (သာဓက–စာရေးခုံ၊ ကုလားထိုင်၊ ကလေးများအမည်၊ သင်ပုန်း၊ အရာဝတ္ထုများအုပ်စု အရေအတွက်အစရှိသည်တို့ကို) အမည်တပ်ပါ။ မည်သည့်ကလေးများသည်အရာဝတ္ထုနှင့်အမည်ယှဉ်တွဲ ပြောနိုင်ကြပါသလဲ။
- ကလေးတစ်ဦးစီသည် အနည်းဆုံးတစ်ခုစီကို ကောင်းစွာလုပ်နိုင်ပါစေ။
- ကလေးများသိထားကြပြီး သီဆိုနိုင်ကြမည့်သီချင်းတစ်ပုဒ်ကိုစာဖြင့်ရေးပြပါ။ မည်သည့်ကလေးက မည်သည့်စာလုံးဖြစ်ကြောင်း မှန်းဆနိုင်သလဲဟု ကြည့်ပါ။ ကလေးများကောင်းစွာ သိပြီးသော သီချင်းထဲကစာလုံးသစ်ကို မိတ်ဆက်ပေးပါ။ သီချင်းဆိုခြင်းသည် ကလေးများ၏ အသက်ရှုခြင်း၊ ဝေါဟာရများ၊ သံစဉ်များ၊ စည်းဝါး၊ အတန်းတွင်း စည်းလုံးညီညွတ်မှုများ အထောက်အကူကို ပေးသော ကြောင့် သင်ယူမှု၏အရေးကြီးသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်။
- အတန်းတွင်းညွှန်ကြားချက်များပေးရာတွင် ရှင်းလင်းမှုရှိပါစေ။ သင်၏ ညွှန်ကြား ချက်ကို ရှင်းလင်းစေရန် ကြီးသူများက ငယ်သူကို ကူညီပါစေ။

သတိပြုရန်။ ။ သင်ခန်းစာခေါင်းစဉ် အသစ်မစမီ၊ ဆရာသည်ကလေးများကို ခေါင်းစဉ် အကြောင်းအရာနှင့် ပတ်သက်၍မေးခွန်းများကိုမေးမြန်းရန်လိုပါသည်။ ဤသို့ မေးခွန်းကို ပြန်မေးခြင်းဖြင့် ကလေးများအတွက် ခေါင်းစဉ်နှင့်ဆက်နွယ်မှုကို အထောက်အကူပြုပါလိမ့်မည်။ ရင်းနှီးပြီးသော မေးခွန်းဖြစ်ပါမူ သူတို့တတ်မြောက်မှုအတွက် အထောက်အကူပြုပြီး ပိုမိုလျှင် မြန်စွာသင်ယူပါလိမ့်မည်။ ကလေးများသည် သူတို့၏ အိမ်၊ ရပ်ကွက်ကဲ့သို့ ကျောင်း ပြင်ပအသိပညာ အများအပြားကို သင်ယူပြီးဖြစ်ကြသည်။ ဤအချက်သည် ကျွန်ုပ်တို့ သင်ကြား ပေးလိုသော အသိပညာအသစ်များကို သူတို့သိပြီး နေ့စဉ်ဘဝမှရသောအသိနှင့် ဆက်စပ် မိစေသဖြင့် အထောက်အကူရပါသည်။ ထို့အပြင်ကလေးတချို့သည် သီးခြား ခေါင်းစဉ် တချို့တွင် ကျွမ်းကျင်သူများဖြစ်နိုင်ကြပေမည်။ ငါးမျှားခြင်း၊ဟင်းသီး ဟင်းရွက်ပန်းများ စိုက်ခြင်းမျိုး၊ ဤကလေးများသည် အတန်းတွင် တခြားကလေးများအကျိုးရှိရန် သူတို့၏ အသိပညာကို တင်ပြရန် အခွင့်အလမ်းများပေးနိုင်ပါသည်။

ထို့အပြင်ကလေးများသည် ယှဉ်ပြိုင်မှုနည်းလမ်းဖြင့်သင်ယူခြင်း (‘ကျွန်ုပ်သည် ဤလုပ်ငန်းကိုသင့်ထက်ပိုကောင်းအောင် လုပ်နိုင်မည်၊ အဘယ်ကြောင့်ဆိုသော်သင်ဟာ ..........’) ထက် (ပူးပေါင်းသောသင်ယူမှု ‘ ကျွန်ုပ်တို့အတူတကွလုပ်နိုင်မည်’) ကပို၍ ကောင်းအောင် သင်ယူပါလိမ့်မည်။ ကောင်းစွာစုစည်းနိုင်လျှင် အုပ်စုငယ်ဖွဲ့လုပ်ငန်းသည် ကလေးများကိုအတူတကွအလုပ်လုပ်ပြီးသင်ယူရန်အားပေးပါသည်။ ကလေးများတွင် ဘဝနောက်ခံနှင့်စွမ်းရည်အမျိုးမျိုးသော ကလေးများပါဝင်သည်ဖြစ်လျှင် သို့မဟုတ် ကျား၊ မ ရောနှောပါဝင်သည်ဖြစ်လျှင် အပြန်အလှန် သင်ယူမှုသည် အထူးအရေးကြီးပါသည်။ ထို့အပြင် စုပေါင်းသင်ယူခြင်းသည်ကလေးများ အတူတကွအလုပ်လုပ်ခြင်းကြောင့် စည်းကမ်းကို ပို၍ကောင်းမွန်စေနိုင်ပါသည်။ ကလေးတစ်ဦးချင်းနှင့် အုပ်စုငယ်များကို ကူညီရန်မှာ ကျွန်ုပ်တို့က အချိန်ပေးရပါမည်။

လိုအပ်ပါသည်။ ကလေးအချို့သည် အခြားသူများထက်တိုးတက်ရန် အချိန်ပိုမို လိုအပ်ပါလိမ့်မည်။

❖ ကျွန်ုပ်တို့သည် ကလေးများ၏ ထူးခြားသောစရိုက်လက္ခဏာကိုသိမှတ်မ ှုပြုပြီး သင်ယူမှုတွင် ကူညီပံ့ပိုးသူများဖြစ်ရန် လိုအပ်ပါသည်။ သင်ယူမှု ဝန်းကျင်သည် သင်ယူသူအားလုံးအတွက် ပံ့ပိုးမှုရှိစေရပါမည်။

❖ ကျောင်းသားများသည် တစ်ဦးချင်းလုပ်ငန်းနှင့်အုပ်စုလိုက်သင်း ဖွဲ့လုပ်ငန်း များအတွက်ပါ ဆရာနှင့်သော်လည်းကောင်း၊ အခြားသူနှင့် လည်းကောင်း အတူ စကားပြောဖို့လိုပါသည်။

❖ နှစ်ယောက်တစ်တွဲလိုက်သို့မဟုတ်အုပ်စုငယ်များနှင့်ဆိုင်ရာ သင့်တော် ကိုက်ညီသော လုပ်ငန်းများကို ကလေးအားလုံး လုပ်ကိုင်ကြဖို့ အားပေးသည့် သင်းဖွဲ့လုပ်ငန်းများကို စီစဉ်ရန်လိုအပ်ပါသည်။

❖ ကျောင်းသားများကို မေးခွန်းများမေးရန်နှင့် အချက်အလက်များကိုစဉ်းစားရန် အားပေးခြင်းနှင့် ဘာသာရပ်ကိုသူတို့၏အသိဖြင့် နားလည်တတ်မြောက် စေ ခြင်းမှတစ်ဆင့်သင်ရိုးညွှန်းတမ်း ၏အသုံးဝင်မှုကို ရှာဖွေ ဖော်ထုတ်စေရ ပါမည်။

❖ ကျောင်းသားများ၏အတွေးအခေါ်ကိုရှင်းလင်းတင်ပြနိုင်ရန် ဆရာကမေးခွန်း ကောင်းများ မေးရန်လိုအပ်ပါသည်။ ‘မှန်သည်’ ‘မမှန်’ဟူသောအဖြေပေးရန် မေးခွန်းမေးခြင်းထက် ကလေး၏အတွေးအမြင်နှင့် ထင်မြင်ချက်များ (သာဓက– ‘မည်သို့ထင်မြင်ပါသလဲ ဟုအဆုံးသတ်သော မေးခွန်းများ) ဖော်ပြ ခွင့်ပြုသည့်အဖြေ၊ အကန့်အသတ်မရှိသောမေးခွန်းများမေးရန်လို အပ်ပါသည်။

❖ ကလေးများအကြား အချက်အလက်ရှာဖွေရန်နှိုးဆွသည့် တက်ကြွသော ဆွေးနွေးမှုဖြစ်ပေါ်ရန်အတွက် ဆရာကအတွေးပါသောမေးခွန်းများ မေးရမည်။ အခြားကလေးများနှင့် အပြန်အလှန်ပြောရခြင်း၊ အချက်အလက်အသစ် ရယူခြင်းနှင့် အတွေးအခေါ်အပေါ်တုံ့ပြန်ခြင်း တို့သည် အသိပညာအသစ် တည်ဆောက်ရေးအတွက် ကလေးများကို အထောက်အပံ့ဖြစ်စေပါသည်။




ပြောင်းလဲရခြင်း ကို ပေးဆပ်နေရခြင်းမဟုတ်ဘဲ လက်ဆောင်မွန်တစ်ခုအဖြစ်သိမှတ်ယူရန် လိုအပ်ပါသည်။စာအုပ်ငယ် ၂ မှ လက်စွဲ ၂.၂ ၏၊ 'အနှစ်သက်ဆုံးကစားနည်းများ' တွင် မိဘများနှင့် ကလေးများပင် ဖယ်ကြဉ်ခြင်း၏အဓိပ္ပာယ်နှင့် လူတိုင်းအကျုံးဝင်မှုသည် အဘယ်ကြောင့် အရေးကြီးကြောင်းလုပ်ငန်း တစ်ရပ်ကိုလေ့လာခဲ့ကြပြီးဖြစ်ပါသည်။ အလားတူ အောက်တွင် ဖော်ပြထားသောလုပ်ငန်းများသည် ကလေးများနှင့်မိဘများ ကွဲပြားခြားနားခြင်း၏ တန်ဖိုးကို နားလည်ရန် အထောက်အကူပြု ဆောင်ရွက်နိုင်ပါသည်။

ဆောင်ရွက်ရန်လုပ်ငန်း။ ။လက်ဆောင်ပေးခြင်း၊ တစ်ဦးနှင့်တစ်ဦး သိကျွမ်းစေခြင်း

အုပ်စုအတွင်း ဆရာများ ပထမဆုံးအကြိမ်တွေ့ဆုံပွဲတွင် ဤလုပ်ငန်းကို အသုံးပြုနိုင်သည်။ ဤလုပ်ငန်းကို မိဘဆရာအသင်း ပထမအကြိမ်စည်းဝေးပွဲ သာဓကအားဖြင့် ကျောင်းဖွင့်စအချိန် ဆရာနှင့် ကျောင်းသားများစတင်တွေ့ဆုံချိန်မှာလည်းအသုံးပြုနိုင်ပါသည်။

ဤလုပ်ငန်းအတွက် ပါဝင်သူများ နှစ်ယောက်တစ်တွဲတွဲရပါမည်။ အုပ်စုကိုအကျိုးရှိစေသည့် တစ်ဦးစီ၏အထူးအရည်အသွေးများရှိနေကြသည်ကို ပေါ်ထွက်လာအောင် တစ်ယောက်ကိုတစ်ယောက် အပွင့်မေးခွန်းများအပြန် အလှန်မေးကြပါ။ ကတ်ပြားငယ် တစ်ခုတွင် အောက်ပါကဲ့သို့ အပြီးသတ်ဖော်ပြချက်ကို 'လက်ဆောင်ကတ်' ဟုခေါင်းစဉ်တပ်ပါ။



ကျွန်တော့်မိတ်ဆွေအမည်မှာ ............ ဖြစ်ပြီး၊ သူသည်ကြင်နာခြင်းလက်ဆောင်ကို ပည်။

ျှန်တော့်မိတ်ဆွေအမည်မှာ ............ ဖြစ်ပြီး၊ သူသည် ဟာသဉာဏ်လက်ဆောင်ကို ပည်။

ပါဝင်သောအတွဲတစ်တွဲစီသည် အခြားအတွဲတို့နှင့် အုပ်စုတစ်ခုလုံးအတွင်း ထူးချွန် ကျွမ်းကျင်မှုများကို အလှည့်လိုက်လက်ဆင့်ကမ်းပြီးဖြစ်သည်။ လူတိုင်းအဖို့ သူတို့၏ ကျွမ်းကျင်မှုအားလုံးသည် မည်ကဲ့သို့အကျိုးရှိကြောင်း ပြောပြသင့်ကြသည်။ ဆရာ သို့မဟုတ် အခြားပံ့ပိုးကူညီသူက အတွဲတစ်တွဲစီမှ ပါဝင်သူများကို သူတို့၏

## လက်စွဲ ၄.၂
## စာသင်ခန်းတွင်းကွဲပြားခြားနားမှုအမျိုးမျိုးကို ရင်ဆိုင်ဆောင်ရွက်ခြင်း

ကွဲပြားခြားနားမှုများကိုအားပေးခြင်းနှင့် တန်ဖိုးထားခြင်း

အကြောင်းဆိုရသော် တစ်ဦးနှင့်တစ်ဦး ခြားနားသောကလေးများကြောင့် စာသင်ခန်း အားလုံးသည်လည်း အမျိုးမျိုးကွဲပြားခြားနားနေမည်ဖြစ်သည်။ ဤစာသင်ခန်းသည် သင်ယူသူ အားလုံးအတွက် အပြုသဘောဆောင်သော အကျိုးကျေးဇူးများ



ည်။ ကလေးများသည် မတူညီသောအတွေ့အကြုံများ၊ ကျွမ်းကျင်မှုများ၊ ာနှင့်စိတ်နေစိတ်ထားများ ရှိကြသည်။ ကလေးများအားလုံးသည် ‘ဟင်းချိုရည် င်း’ သင်ယူဖို့ဟင်းချိုတွင် ပါဝင် ပစ္စည်းများယူဆောင်လာပြီး ချက်ပြုတ်သည်နှင့် တူပါသည်။ ဆရာသည်ကလေးအားလုံး သွက်လက်ထက်မြက်စွာ သင်ယူနိုင်ရန် မှန်ကန်သောဝန်းကျင်နှင့် အခွင့်အလမ်းဖွင့်ပေးသည့် ကူညီပံ့ပိုးသူဖြစ်ရပါမည်။

ကလေးများ(တစ်ခါတစ်ရံလူကြီးများ)သည် ကွဲပြားခြားနားနေရခြင်း၊

သူအဖော်၏ ထူးချွန်မှုကို အခြားသူများ ခန့်မှန်းနိုင်ရန် သရုပ်ဆောင်နိုင်ပါသည်။ အဝါရောင် စာရွက်များကို စုစည်း၍ သင်ပုန်းပေါ်တွင် ဥယျာဉ်စိုက်ပျိုးမှု ကျွမ်းကျင်သူချင်း၊ အနုပညာကျွမ်းကျင်သူချင်း၊ သို့မဟုတ် အားကစား ကျွမ်းကျင်သူချင်း စုစည်းတင်ပြပါ။

ဤလုပ်ငန်း…

အရေးတကြီး…

ကျွမ်းကျင်မှု။ ။ ငါးဖမ်းခြင်း
အမည် – မောင်လှ
ကျွန်ုပ်လေ့လာသင်ယူရသည်မှာ .................
ညတွင်ငါးဖမ်းရတာပိုကောင်းသည်။ ရေငြိမ်တွင်ကောင်းသည်။
လကိုစောင့်ကြည့်ရသည်။
ငါးမတူလျှင်ငါးစာမတူပါ။

- … ကို သင်ယူနိုင်မည်။
- ထူးချွန်မှုများစွာနှင့်ပြည့်စုံသော အသင်းကောင်းတစ်ခုရရှိမည်။
- ပွင့်လင်းသော မေးခွန်းများကို မေးပုံကို သင်ယူသိရှိလာသည်။
- တစ်ဦးကတစ်ဦးထံမှ သင်ယူခဲ့ကြခြင်းဖြစ်သည်။

လူတိုင်းမှာ ထူးချွန်မှုတစ်ခုရှိသည်။ ထူးချွန်မှုများကို ကျွန်ုပ်တို့လုပ်ငန်းတွင် ဆရာနှင့်သင်ယူသူများကအသုံးချနိုင်မည် ဟူသော အရေးကြီးဆုံးသင်ခန်းစာတစ်ခုကို ဖော်ပြနိုင်လာပါမည်။

ဆရာသည် ကလေးတိုင်းဆောင်ရွက်နိုင်သောအပြုအမူကောင်း/ စိတ်ဓာတ်ကောင်း စသည်ဖြင့် ကောင်းကွက်တစ်စုံတစ်ခုပါလာနိုင်သည်ဟု စဉ်းစားယူဆပြီး ဤအချက်ကို စူးစမ်း ရှာဖွေရပါမည်။ ကလေးများသည် ဆရာများဖြစ်နိုင်ပြီး တစ်ဦးထံမှတစ်ဦးကသင ်ယူနိုင်ပါသည်။

စာသင်ခန်းတွင် စဉ်းစားကြံဆမှု၊ သင်ယူမှုနှင့် သိမှုအမျိုးမျိုးပါစေခြင်း

ယခင်စာသင်ခန်းတွင် ကျွန်ုပ်တို့သည် ကလေးများသည် အဆင့်များစွာတွင် သင်ယူမှု နည်းမျိုးစုံဖြင့် သင်ယူကြောင်း တစ်နည်းအားဖြင့် သင်ယူခြင်းတွင်ကွဲပြားခြားမှု ရှိကြောင်း လေ့လာခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်၍ ဆရာများသည်သင်ကြားမှုနည ်းလမ်းစုံသုံး၍ သင်ယူမှု အမျိုးမျိုးကိုပြုပြင်အသုံးပြုရန်လိုအပ်ကြောင်း၊ သို့မှသာ

မိတ်ဆွေအား အုပ်စုတစ်ခုလုံး အတွင်းတွင် ပြသပြီးနောက် လက်ဆောင်ကတ်ပြားကို သေတ္တာအတွင်းထည့်ရန် ဆရာက သေတ္တာတစ်လုံး ထားပေးရပါမည်။

သာမန်ကြည့်သူအဖို့ လူတစ်ဦးချင်း အရည်အသွေးများသည် မမြင်သာပါ။ အတန်းထဲမှ ကလေးအားလုံး ၏အရည်အသွေးကိုတန်ဖိုးထားရန် ဤလုပ်ငန်းသည် ဆရာများအတွက် လိုအပ်ချက်ကို မီးမောင်းထိုးပြပါသည်။ ကျွန်ုပ်တို့၏ တာဝန်သည် ကလေးတစ်ဦးချင်းစီ ပိုင်ဆိုင်သော ထူးခြားသည့် အရည်အသွေးကို ဖော်ထုတ်ခြင်းပင်ဖြစ်သည်။ ထို့နောက် ကလေးများ၏ အရည်အသွေးများ ဖွံ့ဖြိုးတိုးတက်စေပြီး ၎င်းကိုအသုံးချရန် သင်ယူမှု အတွေ့အကြုံများကို ထူထောင်ပေးနိုင်ပါသည်။

ဆောင်ရွက်ရမည့်လုပ်ငန်း။ ။အဝါရောင်စာမျက်နှာများ–တစ်ဦးနှင့် တစ်ဦး မိတ်ဖွဲ့ခြင်းနှင့်အချင်းချင်းထံမှသင်ယူခြင်း

ဤလုပ်ငန်းတွင် ပါဝင်သူများနှစ်ယောက်လျှင် တစ်တွဲတွဲစေပြီး သူတို့၏ထူးချွန်မှု၊ စိတ်ဝင်စားမှု သို့မဟုတ် ဝါသနာကို မေးကြစေရန်ဖြစ်ပါသည်။ အဖော်ဖြစ်သူတို့အား စိတ်ဝင်စားမှု၏ ရှုဒေါင့်အမြင်အချို့ကို ဖော်ပြီး သူတို့မသိသည်ကိုသင်ကြားပေးပါ။ ဖြစ်နိုင်လျှင် တစ်ဦးစီတွင်ရေးရန် အဝါရောင်စာရွက် တစ်ရွက် ဆောင်ပါစေ။ အဖော်ပြောသည်ကို ဂရုပြု နားထောင်ပြီး စာရွက်ထိပ်တွင် ထူးချွန်မှု သို့မဟုတ် ကျွမ်းကျင်မှုကို ရေးပါ။ ပြီးနောက်အဖော် ၏အမည်ကိုရေးပါ၊ လေ့လာသိရှိလာရသောကျွမ်းကျင်မှုကိုပါရေးပါ။ သာဓကအားဖြင့်–

အဖော်သည် အချိန်ရသရွေ့စိတ်ဝင်စားမှုကိုပြောပြီးနောက် ကူညီသူဆရာက တစ်ဦးဦးအား ဆန္ဒအရ အတန်းရှေ့သို့လာရန် ဖိတ်ခေါ်ပါ။ အဖော်၏ထူးချွန်မှုကို ဖော်ထုတ်ရန် အခြားသူများကို မေးခွန်း (၅)ခုမေးပါ။ တခြားနည်းမှာ အတန်းရှေ့သို့ထွက်သူက

သူတို့ကျောင်းတွင် လေ့လာခဲ့မှုများမှရသော ကျွမ်းကျင်မှုဖြင့် ဖြေရှင်းရန် စုပေါင်းအကြံပြုနိုင်ပါသည်။ သူတို့သည် ကျောင်းမှာ သင်ခဲ့ရသည်များကို မည်သို့ အသုံးချရမည်ကို သင်ယူနေခြင်းပင်ဖြစ်သည်။ ဤလုပ်ငန်းသည် ကောင်းမွန်သောပညာရေးဖြစ်ရမည့်အပြင် ကျောင်းလုပ်ငန်းကို ရပ်ရွာအား နားလည်စေကာ ဆရာ၏လုပ်ငန်းကို ကူညီပံ့ပိုးရန်လှုံ့ဆော်မှု ပေးပါမည်။ (စာအုပ်ငယ်(၃)နှင့်(၆) တွင်ကြည့်ပါ။)

သင်၏စာသင်ခန်းသည် အပြည့်အဝအကျုံးဝင်မှုဖြစ်စေရန် သင်ရိုးညွှန်းတမ်းသည် ကလေးအားလုံးနှင့် ကိုက်ညီ၍ ကလေးအားလုံးလက်ခံစေရန် မည်သည့်အရာကိုသင်ကြားမည် (သင်ရိုးမာတိကာ)။ မည်ကဲ့သို့သင်ကြားမည်။ ကလေးများအကောင်းဆုံး မည်ကဲ့သို့သင်ယူမည် (သင်ယူမှုဖြစ်စဉ်)။ ကလေးများနေထိုင်ရာနှင့် လေ့လာသင်ယူရာဝန်းကျင်နှင့် မည်မျှ ဆက်စပ်သည် စသည်တို့ဖြင့် သေချာအောင်ဆောင်ရွက်ရပါမည်။

ကျွပ်နုပ်တို့သည် သင်ယူမှုအခက်အခဲရှိသော သို့မဟုတ် သင်ယူနှေးကွေးသည့် ကလေးများကိုလည်း စဉ်းစားရန် လိုပါသည်။ ရုပ်ပိုင်း၊ ခံစားမှုပိုင်း၊ သိမှုပိုင်းဆိုင်ရာတို့တွင် အားနည်းသော ပုံမှန်သင်ရိုးညွှန်းတမ်းဖြင့်အခက်အခဲရှိသူ အဆိုပါကလေးများအတွက် ကျွန်ုပ် တို့သည် အစီအစဉ်ရေးဆွဲဖူးပါသလား။ သုံးနေသေးသည့် သင်ရိုးညွှန်းတမ်းသည် အဆိုပါ ကလေးများသာမက အခြားကလေးများအတွက်ပါ ဖြစ်နေပါသလား။ ဤသို့သင်ရိုးဖြင့် ကျွန်ုပ် တို့သည် မည်သို့ရှေ့ဆက်ဆောင်ရွက်သွားနိုင်မည်နည်း။

ဆောင်ရွက်ရန်လုပ်ငန်း။ ။ကွဲပြားခြားနားမှုကို ရှုမြင်လေ့လာခြင်း

၁။ သင်၏အခန်းရှိ သင်္ချာ၊ စာအရေးအသား၊ အပြောအဆိုစသည့် ဘာသာရပ်ကဏ္ဍများ တစ်ခုခုတွင် ထူးထူးခြားခြား အားသာသောကလေးများ၏အမည်ကိုရေးပါ။ ထိုအားသာမှုများကို အတန်းတွင်းတွင်မည်ကဲ့သို့ ပြသနိုင်ကြောင်း ထုတ်ဖော်ပြပါ။

၂။ အတန်းတွင်းသင်ယူမှုနှင့် သွယ်ဝိုက်ဆက်စပ်ပြီး အခြားထူးချွန်မှုများရှိသည့် ကလေးများအမည်ကိုရေးကြည့်ပါ။ ကလေးတစ်ဦးသည် စံပြကျောင်းသား ဖြစ်ပါ သလား။ အခြားကလေးသည် အားကစားနှင့် ကစားနည်းများတွင်



ာက်ခံနှင့် စွမ်းရည်မတူကြသော ကလေးများအား ကျွန်ုပ်တို့သင်ပေးလိုသော အချက်အလက်များကို အဓိပ္ပာယ်ရှိရှိ သင်ယူ နိုင်မည်ဖြစ်ပါသည်။

စာသင်ခန်းတွင်း သင်ကြားခြင်း၊ သင်ယူခြင်းကွာခြားမှုတာသည် ထပ်ပြန်တလဲလဲ ရွတ်ဆိုခြင်း၊ မှတ်မိခြင်းမှသည် ပြဿနာဖြေရှင်းခြင်း၊ စဉ်းစားတီထွင်ခြင်းအဆင့် အထိ ဖြစ်ပါသည်။

မှတ်မိခြင်း ခွဲခြမ်းစိပ်ဖြာခြင်း ပေါင်းစည်းခြင်း
ပြဿနာဖြေရှင်းခြင်း

အတန်းများအတွင်း အထက်ပါဖြစ်စဉ်တစ်ခုလုံးအတွက် နည်းလမ်းများစွာကို ရှာဖွေကြည့်နိုင်ပါသည်။ သာဓက–ကျွန်ုပ်တို့သည်–

- ❖ သင်္ချာသင်ရန် ထုတုံးများ၊ ပုံစံများနှင့် အခြားဝတ္ထုများကို သုံးနိုင်ပါသည်။ သင်တို့သည် ကလေးများ၏အနုစိတ်ကျွမ်းကျင်မှုများနှင့် ချိတ်ဆက်စေခြင်းဖြစ်ပြီး မြင်ရုံနှင့်နားလည်မှုကိုရစေသည်။
- ❖ သင်္ချာသင်ရာတွင် ကလေးများကိုဖိတ်ခေါ်၍ အတွေးအခေါ်နှင့် တွက်နည်းများကို ပြောဆို(ရေးသား)စေခြင်း၊ တစ်နည်းအားဖြင့် သင်္ချာ၏အသိသညာကို နားလည်တတ်မြောက်စေရန် သူတို့၏စဉ်းစားမှုကို နှုတ်ဖြင့်ဆက်စပ်ပြောဆိုခိုင်းနိုင်ပါသည်။
- ❖ ကလေးများကို ဖတ်ရှုခဲ့ပြီးသည့်ပုံပြင်ဝတ္ထုများအတွက် အရုပ်များရေး ဆွဲရန်ပြောနိုင်ပါသည်။ ပုံပြင်ဝတ္ထုထဲပါရှိသည့်ဖြစ်ရပ်နှင့်စကားများကို သူတို့၏အမြင်၊ စဉ်းစားမှုနှင့် ဆက်သွယ်မိစေခြင်းဖြစ်ပါသည်။
- ❖ ကလေးများကို ကျောင်းဝန်းကျင်မြေပုံများပြုလုပ်ရန်ဦးဆောင်လမ်းညွှန်ပေးပါ။ ယင်းသည် သင်္ချာအသိသညာများနှင့် နေရာအတိုင်းအတာတခုခုတွင်လှုပ်ရှားမှုမှ အမြင်ရှိလာသည့်၄င်းတို့၏ အတွေ့အကြုံတို့ကို ချိတ်ဆက်စေ ပါသည်။ ကလေးများကိုရပ်ရွာအတွင်းရှိကွင်းဆင်းလေ့လာသောအခါ ပြဿနာ အခက်အခဲများကို ဖော်ထုတ်ခိုင်းပါ။

စာသင်ခန်းတစ်ခုတွင်ပင် စိန်ခေါ်မှုများရှိပြီးဖြစ်ပါသည်။ ကလေးတစ်ဦးစီသည် မည်သည်ကို သင်ယူရန် လိုအပ်သည်၊ မည်ကဲ့သို့အကောင်း ဆုံးသင်ယူမည်ဆိုသည်ကို ကျွန်ုပ်တို့စဉ်းစားရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့သည် ကလေးများအားလုံးအတူ မည်ကဲ့သို့ ပျော်ရွှင်စွာ သင်ယူချင် ကြသည်ကို ဖေါ်ထုတ်ရန်လိုပါသည်။ ကလေးများအတူ သင်ယူရန် အဟန့်အတားဖြစ်စေသည့် စိန်ခေါ်မှုသုံးရပ်မှာ– အနိုင်ကျင့်ခြင်း၊ ဘက်လိုက်ခြင်း၊ ခွဲခြားခြင်းတို့ဖြစ်ပါသည်။ အကျုံးဝင် စာသင်ခန်းတစ်ခုတွင် အဆိုပါ စိန်ခေါ်မှုများကိုမည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းဖို့ လေ့လာရန်မှာ ဆရာတစ်ယောက်အတွက် အရေးကြီးဆုံးအလုပ်တစ်ခုပင် ဖြစ်ပါသည်။

## အနိုင်ကျင့်ခြင်း

အနိုင်ကျင့်ခြင်းသည် အကြမ်းဖက်ခြင်းပုံစံတစ်မျိုးပင် ဖြစ်သည်။ စာအုပ်ငယ် ၆ တွင် ကျန်းမာရေးနှင့်ညီညွတ်ပြီး အကာအကွယ်စောင့်ရှောက်မှုပေးသည့် ကျောင်းဝန်းကျင်တစ်ခု ဖြစ်အောင်ဖန်တီးရန်လိုအပ်ပုံကိုဖော်ပြထားသည်။ ကျောင်းတစ်ကျောင်းတွင်ရှိနိုင်မည့် အကြမ်းဖက်ပုံစံ အမျိုးမျိုးကို ကျောင်းတွင်မည်ကဲ့သို့အကြမ်းဖက်မှုပြုနိုင်ပုံ၊ အကြမ်းဖက်မှုကို ဆန့်ကျင်သော အကျိုးဖြစ်ထွန်းထိရောက်မည့် ကျောင်း၏မူဝါဒနှင့်လုပ်ငန်းများ မည်ကဲ့သို့ ရေးဆွဲပြဋ္ဌာန်းမည်ကို လေ့လာရပါမည်။ ဤစာအုပ်ငယ်တွင် အနိုင်ကျင့်ခြင်းကိုသာ အထူး သီးခြားလေ့လာပါမည်။ ခြိမ်းခြောက်မှုနှင့်ကြောက်လန့်မှုသည် အကျုံးဝင် သင်ယူပျော် စာသင်ခန်းများတွင် ကလေးများ၏ သင်ယူမှုကို အဟန့်အတားဖြစ်စေပါသည်။

ကျွန်ုပ်တို့သည် အနိုင်ကျင့်ခြင်းဟုဆိုလျှင် အများအားဖြင့် ကျူးလွန်သူကလေးတစ်ဦး သို့မဟုတ် ကလေးအုပ်စုတစ်စုက ခံရသူကလေးကို ခြိမ်းခြောက်သည်ဟုပင် တွေးထင် လိုက်မိလေ့ရှိကြပါသည်။ အဘယ်ကြောင့်ဆိုသော် အနိုင်ကျင့်သူသည် တစ်နည်းတစ်ဖုံ မတူညီဘဲ ခြားနားနေခြင်းကြောင့်ဖြစ်သည်။ ခြိမ်းခြောက်ခံကလေးများသည် အပြစ်ကျူးလွန်သူ များထက်ပို၍ စာတော်သူ(အဆင့်ကောင်းသူ)များ ဖြစ်ကောင်းဖြစ်နိုင်ပြီး ယဉ်ကျေးမှု မတူသော အုပ်စု၊ ဘာသာကိုးကွယ်မှုမတူသူ၊ ဆင်းရဲနွမ်းပါးသူများထဲမှ ဖြစ်နိုင်ပါသည်။ ကလေးချင်း မဟုတ်သော်လည်း အသက်ကြီးသူနှင့် ဆရာများ၏ အပြုအမူများသည်လည်း အနိုင်ကျင့်ခြင်း ဖြစ်တတ်သည်ကို စဉ်းစားနိုင်ကြပါသည်။ အောက်ပါအတိုင်း အနိုင်ကျင့်မှု ပုံစံအများအပြား ရှိနိုင်ပါသည် –

- ❖ အတန်းဖော်များ၊ဆရာသို့မဟုတ်ကလေးထိန်းသူကရိုက်နှက်ခြင်းသည်

ကောင်းသော ပူးပေါင်းဆောင်ရွက်မှုကို ပြသသူဖြစ်ပါသလား။ အခြားသူများသည် လူမှုရေး ကျွမ်းကျင်သူများ ဖြစ်ပါသလား။ သာဓကအားဖြင့် ဒေါင်းရောဂါရှိ ကလေးများ သည်ပင်လျှင် လူမှုဆက်ဆံရေးအလွန်ကျွမ်းကျင်သူများ ဖြစ်တတ်ကြသည်။

၃။ ယခုအခါ သင့်အတန်းထဲတွင် ထူးချွန်ထက်မြက်မှုများ သို့မဟုတ် အထူး ကျွမ်းကျင်မှုများနှင့် ချိတ်ဆက်မှုမရှိသေးသောအတန်းရှိ ကျန်သောကလေးများကို ကိုယ်စားပြုဖော်ပြနိုင်ရန် စာရွက်ပေါ်တွင် စက်ဝိုင်းတစ်ခု ဆွဲပြပါဦး။ နောက်ရက် သတ္တပတ်တွင် အဆိုပါကလေးများကို ပိုမို၍နီးကပ်စွာကြည့်ရှုလေ့လာပါ။ အကယ်၍ ၎င်းတို့အထဲမှတစ်ဦးသည် လုပ်ငန်းတစ်ခုခုကို သဘောကျပါက ချရေးပါ။ အဆိုပါ လုပ်ငန်းကို မည်ကဲ့သို့ဆောင်ရွက်ပါသလဲ။ ၎င်းလုပ်ငန်းသည် သူမ သို့မဟုတ် သူ၏ သင်ယူမှုနည်းလမ်းကို မည်သို့ထင်ဟပ် ယူပါသလဲ။ သင်၏ သင်ခန်းစာများတွင် အဆိုပါနည်းလမ်းများကို မည်သို့ ပေါင်းစပ်နိုင်ပါမည်နည်း။

ကွဲပြားခြားနားမှုမျိုးစုံကို ရှုမြင်လေ့လာခြင်းနှင့်ဆက်စပ်ယူခြင်းတွင် ကလေးများ (အထူး သဖြင့် သင်ယူမှုခက်ခဲသူများ)အား အပြုသဘောဆောင်သော နည်းလမ်းများဖြင့် ကူညီရန် မည်ကဲ့သို့သော ဆောင်ရွက်ပေးမှုများ လိုအပ်မည်ကို ရှာဖွေထုတ်ဖော်ရပါမည်။ ကျွန်ုပ်တို့သည် မည်သည့်အရာ (သာဓက–အချိန်လိုမျိုး) ကိုစွန့်လွှတ်တော့မည်။ လျှော့ပေါ့မည်ဟူ၍ ဦးမတည်သင့်ဘဲ သင်ယူမှုအကျိုးအတွက်သာ ဦးတည်ရှုမြင်စဉ်းစားရပါမည်။ သာဓက – ကျွန်ုပ်တို့သည် ကလေးတစ်ဦးကို အခြားကလေးတစ်ဦး စာဖတ်နိုင်ရန် သင်စာရေး ပေးနိုင်ပါ သလားဟု မေးနိုင်ပါလား။ တစ်ချိန်တည်းတွင် ကျွန်ုပ်တို့သည် အခက်အခဲ ရှိသော ကလေးများ တွင် အဖိုးတန်လှသည့် ကျွမ်းကျင်မှုများရှိသည်ကို ရှာဖွေဖော်ထုတ်နိုင်ပါသလား။ သူ၏ အဖော်သည် ထိုကလေးထံမှ အဆိုပါ ကျွမ်းကျင်မှုများကို သင်ယူနိုင်အောင် ထုတ်ဖော်နိုင်ပါ သလား။ တစ်နည်းအားဖြင့် ကလေးတစ်ဦးသည် အခြားကလေးတစ်ဦး၏ သင်ယူမှုတွင် ပါဝင်ကူညီနိုင်၍ နှစ်ဦးလုံး အတွက် ဆက်ဆံရေးတစ်ရပ် ထူထောင်ပေးရန် လိုအပ်ပါသည်။

### ကွဲပြားခြားနားမှုအမျိုးမျိုးအတွက် စိန်ခေါ်မှုများ

ဘဝနောက်ခံနှင့် စွမ်းရည်အမျိုးမျိုးရှိသောကလေးများ ရှိနေပြီဖြစ်၍ အကျုံးဝင်

ကိုယ် ကာယ ရုပ်ပိုင်းအားဖြင့် အနိုင်ကျင့်ခြင်း။

- ❖ ကလေးများ၏အတွေးအခေါ်ကို တန်ဖိုးမထားခြင်းနှင့် လျစ်လျူရှုခြင်းတို့သည် စိတ်ပိုင်းအားဖြင့် အနိုင်ကျင့်ခြင်း
- ❖ ကျောင်းတွင်ယုံကြည်မှုနည်းစေခြင်း၊ နှောင့်ယှက်ခြင်း၊ အရှက်ရစေခြင်း၊ ပညာ ဆိုင်ရာဆုကို ပြန်လည်ရုပ်သိမ်းခြင်းတို့သည် စိတ်ခံစားမှုအားဖြင့် အနိုင် ကျင့်ခြင်း
- ❖ အမည်တပ်ခေါ်ခြင်း၊ နှုတ်ဖြင့်စော်ကားခြင်း၊ နောက်ပြောင်ခြင်း၊ လူမျိုးအရ မှတ်ချက်ပြုခြင်းတို့သည် နှုတ်အားဖြင့် အနိုင်ကျင့်ခြင်း
- ❖ တီးတိုးသတင်းဖြန့်ခြင်း သို့မဟုတ် လူမှုအုပ်စုမှဝိုင်းပယ်ခြင်းတို့သည် သွယ်ဝိုက်၍ အနိုင်ကျင့်ခြင်း
- ❖ အတန်း၊ လူနည်းစု၊ စိတ်ဓာတ်ခွဲခြားခြင်း၊ ကျား၊ မ ခွဲခြားခြင်း၊ မနှစ်သက်ခြင်း တို့သည် ယဉ်ကျေးမှုအရ အနိုင်ကျင့်ခြင်း

အနိုင်ကျင့်ခြင်းသည် နာကျင်စေပြီး တမင်ပြုမူသည့်ရန်မူသောအပြုအမူ ဖြစ်လေ့ ရှိသည်။ ယင်းသည် ရက်သတ္တပတ်၊ လ၊ နှစ်နှင့်ချီ၍ ပြုမူတတ်ကြသည်။ အကူအညီမရလျှင် ကာကွယ်ရန် ခက်ခဲပါသည်။

လူ့အဖွဲ့အစည်းများတွင် ကွဲပြားခြားနားမှုရှိနေသူများသည် အနိုင်ကျင့်ခံရတတ်သည်။ သူတို့၏ မတူညီမှုများသည် ကျား–မ၊ လူမျိုး၊ စွမ်းရည် သို့မဟုတ် လူပုဂ္ဂိုလ်ဆိုင်ရာ သွင်ပြင် လက္ခဏာများပင် ဖြစ်ကြသည်။ ယောကျ်ားလေးများသည် ရုပ်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုတွင် ပါဝင်လေ့ရှိပြီး မိန်းကလေးများသည် တစ်ဦးချင်းထက် အုပ်စုဖွဲ့၍ နောက်ပြောင်ခြင်းကဲ့သို့သော သွယ်ဝိုက်သော ပုံစံဖြင့် မသိမသာပြုမူလေ့ရှိသည်။

အနိုင်ကျင့်ခံရသူကလေးသည် ပိုအနိုင်ကျင့်ခံရမည်စိုး၍ အနိုင်ကျင့်ခံရမှုကို ဝန်ခံလေ့ မရှိပါ။ ယေဘူယျအားဖြင့် လူကြီးတစ်ဦးဦး၏ အနိုင်ကျင့်ခြင်းခံရသော ကလေးများက ကြောက်၍ ပြန်ပြောမည်မဟုတ်ပါ။

အနိုင်ကျင့်ခြင်းသည် စာသင်ခန်းပြင်ပတွင် မကြာခဏဖြစ်တတ်သည်။ ကျောင်း သွားရာလမ်း၊ ကစားကွင်းတို့တွင် ဖြစ်လေ့ရှိသဖြင့် ဆရာများအတွက် ကိုင်တွယ်ဖြေရှင်းရန် မလွယ်ပါ။ သို့ရာတွင် အနိုင်ကျင့်ခြင်း၏ဆိုးကျိုးများသည် အတန်းတွင်းတွင် အနိုင်ကျင့်ခံ ကလေး စာသင်ယူမှုကို ဩဇာလွှမ်းမိုးလေ့ရှိပါသည်။

ကျွန်ုပ်တို့သည် အနိုင်ကျင့်ခြင်းကို အလေးအနက်ကိုင်တွယ်တတ်ရန် အရေးကြီးပါသည်။ အတန်းတွင်း၌ အနိုင်ကျင့်မှု ရှိမရှိသိရှိအောင် နည်းလမ်းတစ်ခုဖြစ်ပါသည်။ ကြည့်ရှုလေ့လာ

| | မပေါ်ပေါက်ခဲ့ဖူးပါ | တစ်ကြိမ်ဖြစ် | တစ်ကြိမ်ထက်ပို |
|---|---|---|---|
| ကျွန်ုပ်သည် တမင် အတွန်း/အကန်/အထိုး ခံရသည်။ | | | |
| တခြားကလေးများကကျွန်ုပ်အကြောင်း မကောင်းပြောသည်။ | | | |
| ကျွန်ုပ်ဆီမှပစ္စည်းများကို ပေးသည်။ | | | |
| အခြားကလေးများနှင့်မတူကွဲပြား၍ အမည်ဆိုးကို ပေးသည်။ | | | |
| အခြားအကြောင်းကြောင့်လည်း အမည်ဆိုးကို ပေးသည်။ | | | |
| အကြောင်းပြချက်မရှိဘဲ အရယ်ခံရသည်။ အစော်ကားခံရသည်။ | | | |
| ကျွန်ုပ်ကို အားကစားပွဲမှ တမင်ဖယ်ထားသည်။ | | | |
| တစ်ဦးဦးက ကျွန်ုပ်ကို အခြားနည်းဖြင့် မကောင်းပြောသည်။ | | | |

[1] These checklists have been adapted from checklists originally designed by Tiny Arora and published in "Tackling Bullying in Your School: A Practical Handbook for Teachers," S. Sharp and PK Smith, editors. Routledge. 1994.

ဤမေးခွန်းလွှာကိုဖြေရာတွင် ဝန်မခံတတ်ကြပေ။ မေးခွန်းလွှာသည် အမည်မဖော်ရ၍ အတန်းထဲတွင် အနိုင်ကျင့်မှုရှိမရှိ သိနိုင်ပါသည်။ ရရှိလာသောအချက်အလက်များမှ ကလေးများ၊ ဆရာများ၊ မိဘများ၊ ကလေးပြုစုသူများနှင့်အတူ အစီအစဉ်များ စတင်၍ရေးဆွဲနိုင်ပါသည်။

| သီတင်း တစ်ပတ်အတွင်း ကျောင်းတွင် တစ်ဦးဦးက – | မပေါ်ပေါက်ခဲ့ဖူးပါ | တစ်ကြိမ်ဖြစ် | တစ်ကြိမ်ထက်ပို |
|---|---|---|---|
| ကျွန်ုပ်မကြိုက်သောအမည်ကိုခေါ်သည်။ | | | |
| ကျွန်ုပ်ကိုကြောင်နေစွာ စကားပြောသည်။ | | | |
| ကျွန်ုပ်ကိုခြေဖြင့်ကန်ရန်ကြိုးစားသည်။ | | | |
| ကျွန်ုပ်ကိုလက်ဆောင်တစ်ခုပေးသည်။ | | | |
| ကျွန်ုပ်မှာအခြားသူနှင့်မတူ၍ မကြိုက်နေ ကြပါ။ | | | |
| ကျွန်ုပ်ကိုနာအောင် ရိုက်မည်ဟု ပြောသည်။ | | | |
| ကျွန်ုပ်ထံမှ ငွေတောင်းအောင် ကြိုးစားသည်။ | | | |
| ကျွန်ုပ်ကို ခြိမ်းခြောက်ရန် ကြိုးစားသည်။ | | | |
| သူတို့နှင့်လာမကစားဖို့ ပြောသည်။ | | | |
| ကျွန်ုပ်ကိုနောက်ပြောင်ပြီး ရယ်ကြသည်။ | | | |
| အခြားကလေးများက ရိုက်နှက်ရန် ကြိုးစားသည်။ | | | |
| ကျွန်ုပ်ကိုမုသားပြော၍ ဒုက္ခရောက်အောင်လုပ်သည်။ | | | |
| ကျွန်ုပ် ပစ္စည်း သယ်ရာတွင် ကူညီသည်။ | | | |
| ကျွန်ုပ်အတန်းအလုပ်ကိုကူညီသည်။ | | | |
| ကျွန်ုပ်လျှောက်သည့်လမ်းတွင် ရိုင်းပျစွာပြုမူသည်။ | | | |
| ကျွန်ုပ်အသားမည်း၍ နောက်ပြောင်သည်။ | | | |
| ကျွန်ုပ်နှင့်အတူ ကစားသည်။ | | | |
| ကျွန်ုပ်ပစ္စည်းကို ခိုးယူရန်ကြိုးစားသည်။ | | | |

ခြင်းသည် အရေးကြီးသည့်အလျောက် အတန်းတွင်းနှင့် ကစားကွင်းတွင် ကလေးများကို ကြည့်ရှုလေ့လာရန် လိုပါသည်။ တစ်ဦးချင်းနေတတ်သူကလေးများ၊ မိတ်ဆွေ အနည်းငယ်ရှိသူ (သို့) အခြားကလေးနှင့် မတူသူများသည် အနိုင်ကျင့်ခံရရန်အတွက် ပစ်မှတ်ဖြစ်နိုင်သည်။ အနိုင်ကျင့်ခြင်းလက္ခဏာများတွင် အောက်ပါတို့ ပါဝင်ပါသည်–

- ❖ ရုတ်ခြည်းယုံကြည်မှုမဲ့သွားတတ်သောကလေးများ
- ❖ ဆိတ်ဆိတ်နေတတ်သူ၊ မျက်လုံးချင်းဆုံရန် ရှောင်ရှားတတ်သူ ကလေးများ
- ❖ ယခင်က စာကောင်းစွာသင်ယူနိုင်သော်လည်း အမှတ်နည်းသွားသူများ
- ❖ ကျောင်းမှန်မှန်မတက်သူသို့မဟုတ်ရုတ်တရက်ခေါင်းကိုက်၊ ဗိုက်နာဖြစ်တတ်သူများ၊

မိဘများ၊ ကလေးစောင့်ရှောက်အုပ်ထိန်းသူများနှင့် ဆွေးနွေးရန် လိုအပ်ပါသည်။ သို့ရာတွင် ကျွန်ုပ်တို့သည် ကလေးများ၏ အပြုအမူပြောင်းလဲမှုများကို သတိထားသင့်ပါသည်။ ကလေးများအား အနိုင်ကျင့်မှုကို ထင်ဟပ်ပြသော အပြုအမူပြဗယားတွင် ကလေးများ၏ အပြောင်းအလဲများကို ဖော်ထုတ်ရန် ကျွန်ုပ်တို့သည် ကိုယ်တိုင် မှတ်စုပြုလုပ်ထားရှိသင့်ပါသည်။

အတန်း သို့မဟုတ် ကျောင်းအတွင်းဆက်ဆံရေးများပြ ပုံတစ်ပုံကို ရေးဆွဲနိုင်ရန် စူးစမ်းလေ့လာမှုတစ်ခု ပြုလုပ်နိုင်ပါသည်။ မေးမြန်းလွှာနှစ်ခုကို အောက်တွင်ဖော်ပြထားပါသည်။[1] ပထမပုံစံသည် အနိုင်ကျင့်ခြင်း အပြုအမူကို အမြန်သိရှိရန် စစ်ဆေးပုံစံဖြစ်ပြီး ဒုတိယပုံစံမှာ အတန်းနှင့် ကျောင်းအတွင်း ဆက်ဆံရေးများကို တုံ့ပြန်ချက်များ စုဆောင်းရန် အသေးစိတ်မေးမြန်းလွှာပင်ဖြစ်သည်။ ကလေးများကို အမည်မဖော်ဘဲ ဖြည့်ခိုင်းပါ။

၁။ အနိုင်ကျင့်မှုဖြစ်ပေါ်မှု

၂။ ဆက်ဆံရေး အခြေပြမေးမြန်းလွှာ

ကျွန်ုပ်သည် ယောကျ်ားလေးဖြစ်သည် ....... ကျွန်ုပ်သည် မိန်းခလေးဖြစ်သည်.....

အသက် ................. အတန်း .......................

မေးမြန်းလွှာ၏ရလဒ်များကို စိစစ်ပြီးနောက် 'မည်သူသည်အနိုင်ကျင့်ခံရ၍ မည်သူက အနိုင်ကျင့်သည်။ မည်သူသည်အနိုင်ကျင့်မှုပြုတော့မည်' ကို ခွဲခြားသိနိုင်ပါသည်။ သတိပြုရန်မှာ ကလေးအချို့သည် အပြစ်ကျူးလွန်သူဖြစ်သော်လည်း

ဆက်ဆံခြင်း (လူစုအတွင်းတွင် သူတို့နှင့် ငါတို့စသဖြင့် ညှိနှိုင်းမှုမရှိသောခွဲခြားမှု) တို့ပင် ဖြစ်သည်။ အတွေ့ အကြုံများအရ အတန်းတွင်း၊ ကျောင်းတွင်း ကြိုတင်ထားရှိသဘောထားနှင့် ခွဲခြားဆက်ဆံခြင်းတို့ မည်ကဲ့သို့ရှိနေသည်ကိုသိရန် နည်းတစ်နည်းရှိပါသည်။

ဆောင်ရွက်ရန်လုပ်ငန်း။ ။ခွဲခြားဆက်ဆံခြင်းကိုသိရှိနားလည်စေခြင်း

ဤလုပ်ငန်းကို ဆရာများ၊မိဘများသို့မဟုတ် အသက်ကြီးကလေးများနှင့် အတူတကွ ပြုလုပ်နိုင်ပါသည်။ ရည်ရွယ်ချက်မှာ ကျောင်းအတွင်း ကြိုတင်ထားရှိသဘောထား၊ ခွဲခြား ဆက်ဆံခြင်းစသည့် ဖိနှိပ်မှုပုံစံ အမျိုးမျိုးသည် လူတစ်ဦးစီကိုမည်ကဲ့သို့ ထိခိုက်ကြောင်း သိရှိနား လည်စေရန်ဖြစ်ပါသည်။ ထို့အပြင် ချိုးနှိမ်ခြင်းနှင့် ခွဲခြားခြင်းတို့ကြောင့် တစ်စုံတစ်ဦးကို မည်မျှ ထိခိုက်ကြောင်း ထင်မြင်လာစေရန် အားပေးပါသည်။



ဤလုပ်ငန်းမှ အရေးကြီးသောသင်ခန်းစာများ ပေါ်ထွက်လာနိုင်ပါသည်။ ၄င်းတို့ကို တွင်ဖော်ပြထားပါသည်–

- ❖ လူတိုင်းသည် ဖိနှိပ်သူနှင့် ဖိနှိပ်ခံရသူ နှစ်ခုစလုံး ဖြစ်နိုင်ပါသည်။
- ❖ လူတစ်ဦးချင်းသည်အလွန်ငယ်ရွယ်စဉ်ကဖြစ်သည့်တိုင်သူတို့ကိုပြုခဲ့သည့် ကြိုတင်ထားရှိသဘောထားနှင့် ခွဲခြားဆက်ဆံခြင်းများကို မှတ်မိသိရှိနေကြသည်။

ညွှန်ကြားချက်များ။ ။ ဤလုပ်ငန်း အတွက်လိုအပ်သည့် အချိန်ပေးရန် အတန်း သို့မဟုတ် ပါဝင်သူလူအုပ်စု အရွယ်အစားပေါ်မူတည်ပါသည်။ အုပ်စုငယ်အတွင်းရှိ ကျောင်းသား တစ်ဦးလျှင် (၁၀) မိနစ် သို့မဟုတ်အုပ်စုငယ်တွင်ရှိသည့်အရေအတွက်အလိုက် အချိန်ပေး ပါမည်။

လုပ်ငန်းတွင် ပါဝင်သူများကို (၅)ဦးသို့မဟုတ် (၆)ဦးဖြင့် အုပ်စုဖွဲ့ပါ။ ကျောင်းတွင် သူတို့မြင်ဖူးခဲ့သည့်ကြိုတင်ထားရှိသဘောထား သို့မဟုတ် ကြုံတွေ့ဖူးသော ခွဲခြားဆက်ဆံမှု တစ်ခုကို ပြောပြရန်မေးပါ။ လမ်းကြောင်းပေးခြင်းနှင့် အစဖော်ပေးမှုများက ပြောဖြစ်အောင် ကူညီမည် ဖြစ်ပါသည်။

၁။ ကြိုတင်ထားရှိသဘောထား သို့မဟုတ် ခွဲခြားဆက်ဆံတတ်ခြင်းသည် ရည်ရွယ်၍ ဖြစ်ပေါ်ခြင်း မဟုတ်ပါ။

၂။ သူတို့၏အတွေ့အကြုံသည် ကျောင်းသားများ၊ ဆရာများ၊ အုပ်ချုပ်သူများနှင့်

အနိုင်ကျင့်မှုကိုဆန့်ကျင်သည့်လုပ်ငန်းများ

အနိုင်ကျင့်မှုကိုလျှော့ချရန် ဆရာသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရန် လိုပါသည်–

- ❖ ကလေးများအနားယူရန်နှင့်စိတ်တင်းကြပ်မှုများလျှော့ချရန် အထောက်အကူပြုမည့်လေ့ကျင့်ခန်းများ ပြုလုပ်ခြင်း၊
- ❖ အတန်းတွင်း စုပေါင်းသင်ယူမှုလုပ်ငန်းများ တိုးမြှင့်ခြင်း (ကလေးများအချင်းချင်း သင်ယူရာတွင် ကူညီကြခြင်း။)
- ❖ ကလေးများကို အတန်းစည်းကမ်းထိန်းသိမ်းရန်၊ ကျောင်းသားအဖွဲ့တွင် တာဝန်ပေးရန် စသည့်လုပ်ပိုင်ခွင့်များပေး၍ အသိအမှတ်ပြုမှုတိုးမြှင့်ခြင်း၊
- ❖ မိဘ၊ ရပ်ရွာတို့နှင့် နီးကပ်စွာလုပ်ကိုင်ရန် ကော်မတီများဖွဲ့၍ တာဝန်များ တိုးမြှင့်ပေးခြင်း၊
- ❖ ကလေးအချင်းချင်းမတည့်ခြင်းအတွက် ကလေးအချင်းချင်း ဖြေရှင်းသော နည်းလမ်းများဖော်ထုတ်ခြင်း
- ❖ ကလေးများအား အနိုင်ကျင့်သူကို စည်းကမ်းပိုင်းဆိုင်ရာအရေးယူမှုတွင် မည်သည့်အတိုင်းအတာ ပြုလုပ်သင့်ကြောင်း ရှာဖွေပေးခြင်း၊

ဆရာများသည်အနိုင်ကျင့်မှုအတိုင်းအတာ၊ ဖြစ်ပွားပုံ၊ ကျောင်းတွင်းကျောင်းပြင် ဖြစ်ပွားလျှင်ဖြေရှင်းပုံတို့ကို သိရှိစေရန် ပြဇာတ်ကခြင်း၊ ရုပ်သေးပြပွဲပြခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။ သာဓက– ဂိုင်ယာနာ ရှိဆရာများ သည် ရုပ်သေးပြုလုပ်၍ လူမျိုးစုအနိုင်ကျင့်မှုကို ပြဇာတ်ကပြခဲ့ပြီး ၄င်းအဖြစ်အပျက်များတွင် ပြုလုပ်သူကလေးကိုဖမ်းရန် တူညီသည့် လုပ်ငန်းအဆင့်ဆင့်ကို စတင်ဆောင်ရွက်လာပါသည်။

ကလေးများကို အနိုင်ကျင့်မှု မပြုလုပ်ရန်၊ အနိုင်ကျင့်သူနှင့်မတရားပြုသူများကို ဆန့်ကျင်ရန်၊ မှန်ကန်သောစကားပြော၍အသိအမှတ်ပြုရန်၊ ပုံပြင်များ၊ ဇာတ်ဟန်ခင်းကျင်းခြင်း နှင့်အတူ အများမကြိုက်သည့်အကြောင်း ဆွေးနွေးပွဲများနှင့် စကားရည်လုပွဲများကို ကျင်းပ နိုင်ပါသည်။

ကြိုတင်ထားရှိသဘောထားနှင့်ခွဲခြားဆက်ဆံခြင်း

ဖြစ်လေ့ရှိသည်မှာ အနိုင်ကျင့်ခြင်း၏ဇာစ်မြစ်သည် ကြိုတင်ထားရှိသဘောထား (မတရားသောအပြုအမူ သို့မဟုတ် လူများအပေါ်ကြိုတင်ထင်မြင်ယူဆချက်များ)နှင့် ခွဲခြား

ဆွေးနွေးပွဲတစ်ခုကို စတင်နိုင်ရန်သင်တို့သည် မေးခွန်းပေါင်းများစွာကို မေးမြန်းနိုင်ပါသည်။

၁။ ကြိုတင်ထားရှိသဘောထားနှင့် ခွဲခြားဆက်ဆံခြင်းအကြောင်း သင်၏ ကိုယ်တွေ့ အဖြစ် အပျက်ကို မျှဝေပြောကြားရာတွင် ပြောရာတွင် သင်မည်ကဲ့သို့ ခံစားရ ပါသလဲ။

၂။ သင်၏ကိုယ်ပိုင်အတွေ့အကြုံ သို့မဟုတ် သင်၏သင်ယူရရှိခြင်း သို့မဟုတ် တစ်စုံ တစ်ယောက်တွင်အတွေ့အကြုံကသင်ကြားမှု သို့မဟုတ် နေ့စဉ်ဘဝတွင် တစ်စုံ တစ်ရာ ပြောင်းလဲခြားနားပြီး လုပ်ခဲ့ရန်ဦးတည်ခဲ့သလား။

၃။ အဖြစ်အပျက်များတွင် မည်သည့်ဆက်စပ်မှုအချို့ကို သင်တွေ့ခဲ့ပါသလဲ။ သင်စိတ်ဝင်စားသောထိုဖြစ်ရပ်များတွင် ရှေ့နောက်ကျိုးကြောင်း ဆီလျော်မှုများ ရှိပါသလား။

၄။ ကျောင်း၏အခင်းအကျင်းတွင် ကြိုတင်ထားရှိသဘောထား သို့မဟုတ် ခွဲခြား ဆက်ဆံခံရခြင်းကို မှတ်မိရန်အခက်အခဲရှိသောတစ်စုံတစ်ဦး ရှိသလား။ သို့မဟုတ် ပထမဦးစွာမှတ်မိလိုက်သည်နှင့် အချက်များထောက်ပြနိုင်သလား။

၅။ တခြားသူများပြောသောအဖြစ်အပျက်များက သင့်အတွေ့အကြုံတွင် ထပ်ဆောင်းစေသည့်ဖြစ်ရပ်များသတိရစေသလား။

သင်ရိုးညွှန်တမ်းနှင့်သင်ယူရေးပစ္စည်းများ၌ရှိသော ကြိုတင်ထားရှိသဘောထားများ

ကျွန်ုပ်တို့၏သင်ရိုးညွှန်းတမ်းနှင့် သင်ယူမှုအထောက်အကူပြုပစ္စည်းများတွင်ရှိသော ကြိုတင်ထားရှိသဘောထား မရည်ရွယ်ဘဲ ရောင်ပြန်ဟပ်နိုင်ပါသည်။ အထူးသဖြင့် မိန်းကလေးများနှင့် HIV/AIDS ကူးစက်ခံရသောကလေးများဘဝ နောက်ခံနှင့်စွမ်းရည်အမျိုးမျိုးရှိသောကလေးများအတွက် ဖြစ်ပါသည်။ သာဓကအားဖြင့် လမ်းပေါ်ကလေး သို့မဟုတ် အလုပ်လုပ်နေရသူကလေးများကို ကျောင်းသုံးစာအုပ် သို့မဟုတ် ပုံပြင်စာအုပ်များထဲတွင် ခါးပိုက်နှိုက်၊ သူခိုးကဲ့သို့ ဖော်ပြမိတတ်ကြသည်။ ဆင်းရဲနွမ်းပါးသဖြင့် အလုပ်လုပ်နေရသော ထိုကလေးများသည် ခွန်အား၊ လူမှုဆက်ဆံရေးနှင့် ဘဝရပ်တည်ရှင်သန်ရေးတို့တွင် ကျွမ်းကျင်မှုများရှိနိုင်ကြသော်လည်း အဆိုပါကလေးများကို ဖော်ပြပါအတိုင်း သရုပ်ဖော်ခြင်းမျိုး ဖြစ်သည်။ သင်ရိုးညွှန်းတမ်းနှင့် သင်ယူမှုပစ္စည်းများသည် ဘဝ

ပတ်သက်နိုင်ပါသည်။ သို့မဟုတ် ကျောင်း၏ယေဘုယျ ပြောကြဆိုကြ သလောက်သာဖြစ်နိုင်ပါသည်။

၃။ သင်ရိုးညွှန်းတမ်း၊ သင်ကြားဟန်များ၊ သင်ထောက်ကူပစ္စည်းများ၊ ဆက်ဆံရေး အခြေအနေများအကြောင်း သို့မဟုတ် ကျောင်းဝန်းကျင်ဆိုင်ရာအခြား ရှုထောင့် အမြင်များကို များနိုင်သမျှ စဉ်းစားဖော်ပြပါစေ။

၄။ ခွဲခြားမှုပြသူများကို ဘက်ပေါင်းစုံမှဖော်ထုတ်ရန် ဖြစ်သည်ကို သင်၏ လုပ်ငန်း တွင် ပါဝင်သူများအား သတိပေးပါ။ ခွဲခြားဆက်ဆံမှုနှင့်ဆိုင်သည့် ဤလုပ်ငန်းဟု ဆိုသည်နှင့် တပြိုင်နက် လူမျိုးစုငယ်အကြောင်းကိုသာ ချက်ချင်းစဉ်းစားမိလေ့ ရှိကြသည်။ အခြားအကြောင်းအရာများဖြစ်သည့် မိန်းကလေးများသည် သိပ္ပံဘာသာတွင်မတော်ကြ သို့မဟုတ် မသန်စွမ်းကလေးများသည် အားကစားကို မဆောင်ရွက်နိုင်ကြပါ စသည့် ခွဲခြားဆက်ဆံမှု သို့မဟုတ် ဘက်လိုက်မှု တို့ကို လည်း ၄င်းတို့ မြင်မိစေရန် ကြိုးစားကူညီပါ။

၅။ နောက်ဆုံးအချက်မှာ မိမိ၏အတွေ့အကြုံမှာ ဖိနှိပ်သူ သို့မဟုတ် အဖိနှိပ်ခံရသူ ဖြစ်နိုင်ကြောင်း အကြံပေးပါ။ အချို့လူများသည် အမြဲပင်နောက်ပိုင်းကျမှ ဖြေလေ့ရှိကြသည်။ သို့ရာတွင် တစ်ဦးဦးက ဤကဲ့သို့ဖြေလာသည်ဖြစ်လျှင် ထင်ဟပ်မှတ်မိစေရန် အရေးကြီးသည့်အခိုက်အတန့် အချိန်ကာလတစ်ခုကို ပေးသကဲ့သို့ ဖြစ်ပါသည်။

လုပ်ငန်းတွင် ပါဝင်သူကို သူ၏အဖြစ်အပျက်ပြောရန် (၅) မိနစ်အချိန်ပေးပါ။ လိုအပ်လျှင် သူတို့၏အတွေ့အကြုံအကြောင်းမေးခွန်းများကိုဖြေရန် နောက်ထပ်(၅)မိနစ် အချိန်ပေးပါ။ အဖြစ်အပျက်ဖြစ်ခဲ့စဉ်က အပြုခံရသူတို့တွင် မည်ကဲ့သို့ ခံစားခဲ့ရကြောင်းကို ဖော်ထုတ်ရန်နှင့် တစ်ဦးစီအတွေ့အကြုံများကိုသင်ယူရန် အရေးကြီးပါသည်။ ထိုအတွေ့အကြုံ က သူတို့၏စိတ်နေသဘောထားများနှင့် လက်တွေ့ကျင့်သုံးမှုများအပေါ် မည်ကဲ့သို့ အကျိုး သက်ရောက်ကြောင်း သို့မဟုတ် အခြေအနေမှ မည်ကဲ့သို့ ရှောင်ရှားနိုင်စေခဲ့သည့် စိတ်ကူးများ အကြောင်းကိုလည်း တစ်ဦးချင်းကို သင်မေးမြန်းနိုင်ပါသည်။

လူတိုင်းတွင် အဖြစ်အပျက်တစ်ခုခုပြောရန် အခွင့်အလမ်းတစ်ရပ်ရှိပါသည်။ စာသင် ခန်းများနှင့် ကျောင်းများတွင် ကြိုတင်ထားရှိသဘောထားနှင့် ခွဲခြားဆက်ဆံမှုများအကြောင်း

နောက်ခံနှင့် စွမ်းရည်အမျိုးမျိုး ရှိသောကလေးအားလုံးအတွက် အကျုံးဝင်နေလျှင် ကလေးများ၏ ဘဝအခြေအနေများအရ ကွဲပြားခြားနားမှုကိုပို၍ခံစားသိရှိနိုင်ကြပေမည်။ သင်ရိုးညွှန်းတမ်းနှင့် သင်ယူရေးပစ္စည်း များသည် ကလေးများ၏ သင်ယူမှုနှင့်ဆီလျော် ကိုက်ညီမှုရှိရပေမည်။

မိန်းကလေးများအကျုံးဝင်သော သင်ယူရေးပစ္စည်းများကို အလားတူ အခြေအနေမျိုးတွင် အသုံးပြုပါသည်။ စာအုပ်ငယ် (၃) တွင်ဖော်ပြခဲ့သည့်အတိုင်း လူမှုအဖွဲ့အစည်းတစ်ခုတွင် ကျား၊ မ ဆိုင်ရာ လူမှုရေး သတ်မှတ်ချက်များရှိပါသည်။ ရှေးရိုးစဉ်လာယုံကြည်မှုအရ ကျား၊ မ အခြေအနေနှင့် အခန်းကဏ္ဍသည် မိန်းကလေးများ ကျောင်းနေမှုကို ကန့်သတ်ထားပါသည်။ ရပ်ရွာ အတွင်းတွင် အမျိုးသမီးများက ယောကျ်ားများထက် နိမ့်ကျနေသည်။ မိန်းကလေးများသည် မကြာခဏပင်ကျောင်းမနေကြရဘဲ အိမ်မှာသာနေပြီး အိမ်မှုကိစ္စလုပ်ရန်ဟု ယူဆကြသည်။ ဤကဲ့သို့ ယုံကြည်မှု၊ လူတို့၏အခန်းကဏ္ဍနှင့် လုပ်ဆောင်မှုများသည် ကျွန်ုပ်တို့ အသုံးပြုသော သင်ရိုးညွှန်တမ်းနှင့် သင်ထောက်ကူပစ္စည်းများတွင် ထင်ဟပ်၍ မိန်းကလေးများကို ခွဲခြားစေသည်။ ကျောင်းသုံးစာအုပ်ထဲတွင် မိန်းကလေးများသည် မတက်ကြွ၊ ယောကျ်ား လေးများသည် တက်ကြွသည်ဟု ဖတ်ရပါက မိန်းကလေးများက ထိုကဲ့သို့ ယူဆပေမည်။

ဤအချက်က အထူးသဖြင့် သိပ္ပံနှင့်သင်္ချာတို့တွင် အားနည်းစေပါသည်။ သာဓကအားဖြင့် မိန်းကလေးများသည် သင်္ချာဘာသာကို ကြောက်ရွံ့ကြသည်။ သိပ္ပံဘာသာသည် ယောကျ်ားလေးများကို အားပေးသည့်ဘာသာဖြစ်သည်ဟု ဆိုပါက မိန်းကလေးများကို အားမပေးရာကျပါသည်။

သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် အတန်းတွင်းအကျုံးဝင်မှုသေချာစေရန် တရားမျှတမှု၊ ညီမျှမှုသည် အလွန်ပင်အရေးကြီးပါသည်။ ကျွန်ုပ်တို့သုံးသော သင်ကြားရေးပစ္စည်းများသည် လူတိုင်းအတွက် အကျုံးဝင်ရန်မှာ ၎င်းတွင်–

- ❖ ကလေးများ ဘဝနောက်ခံနှင့်စွမ်းရည်အမျိုးမျိုးရှိသော်လည်း ကလေးအားလုံး အကျုံးဝင်ရမည်။
- ❖ ကလေးများ၏သင်ယူမှုလိုအပ်ချက်နှင့် စွမ်းရည်များသည်ဆီလျော်ကိုက်ညီရမည်။
- ❖ ယဉ်ကျေးမှုနှင့်ဆီလျော်ရမည်။

- ❖ လူမှုရေးအရ ကွဲပြားမှုကို တန်ဖိုးထားရမည်။ (သာဓက–လူမှုစီးပွားရေးအမျိုးမျိုး၊ ကလေးများအတွက် နွမ်းပါးသောမိသားစုများသည် ကောင်းသောမိသားစုများ ဖြစ်နိုင်ခြင်း၊ ကလေးများသည် ပြဿနာ အခက်အခဲကို တီထွင်ဖြေရှင်းပေး နိုင်သူများ ဖြစ်လာနိုင်ခြင်းနှင့်သူတို့သည်တီထွင်သူများသဖွယ် ဆောင်ရွက်နိုင် ခြင်း)
- ❖ သူတို့၏အနာဂတ်ဘဝအတွက် အသုံးဝင်စေရမည်။
- ❖ ယောက်ျားနှင့်မိန်းမတို့၏အခန်းကဏ္ဍအမျိုးမျိုးကိုအကျုံးဝင်ရမည်။
- ❖ ဤညီမျှမှုရှုထောင့်များအားလုံးပါဝင်သည့် သင့်တော်သောဘာသာစကားကို အသုံးပြုရမည်။

သင်အသုံးပြုသော သင်ရိုးညွှန်တမ်းပါ သင်ယူရေးပစ္စည်းများသည် ကျား၊ မနှင့် လူမျိုးစုငယ်တို့ဆိုင်ရာညီမျှမှုကို ထင်ဟပ်ဖော်ပြခြင်း ရှိ–မရှိ မည်ကဲ့သို့အကဲဖြတ်မည်နည်း။

၁။ ရေးသားသရုပ်ဖော်ချက်များကို စစ်ဆေးခြင်း။ အတွေးအခေါ်တစ်ရပ်ကို ရှာကြည့်ပါ။ လူအများကယောက်ျားသည်ဝင်ငွေရှာသူ၊မိန်းမသည်ကလေးကိုပြုစု စောင့်ရှောက်ရသူဟူသောအယူအဆကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံကြသော်လည်း မှန်လိမ့်မည်မဟုတ်ပါ။ သရုပ်ဖော်ချက်များတွင် ယဉ်ကျေးမှုတစ်ခုမှ လူများတွင် ယောက်ျားများသည်သာ အဓိကဇာတ်ကောင်များ ဖြစ်ပါသလား။ မည်သူသည် မည်သည့်အလုပ်ကိုလုပ်ပါသလဲ၊ မသန်စွမ်းကလေးများသည် တက်ကြွမှုမရှိ ထိုင်ကြည့်နေသူများသာ ဖြစ်နေသလား။ သို့မဟုတ် သူတို့အခြား သူများနှင့် ပါဝင်ပြီးဘောလုံး ကစားသလား။ သူတို့သည် စိတ်ဝင်တစား ကြည့်ကြပါသလား။

၂။ ဇာတ်လမ်းကြောင်းကို စစ်ဆေးခြင်း။ ဇာတ်လမ်းအကြောင်းအရာ တင်ပြ၍ မည်သို့ ဖော်ပြပါသလဲ။ဇာတ်ကွက်သည် လက်ခံဖို့ အားပေးသလား သို့မဟုတ် လူနည်းစု သို့မဟုတ် မသန်စွမ်း သူများက ချက်ချင်းတုံ့ပြန်ဖို့ အားပေးပါသလား။မိန်းကလေးတို့၏ မအောင်မြင်မှုသည်

[2] Council on Interracial Books for Children. (1980) Guidelines for Selecting Bias-Free Textbooks and Storybooks. New York.

# သင်ယူရေးပစ္စည်းများရှိ တန်းတူညီမျှမှု တရားမျှတမှု စစ်ဆေးရန်စာရင်း

| [illegible] | [illegible] | | [illegible] | |
|---|---|---|---|---|
| | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | | | | |
| [illegible] | | | | |
| [illegible] | | | | |
| [illegible] | | | | |
| [illegible] | | | | |
| [illegible] | | | | |
| [illegible] | | | | |
| [illegible] | | | | |
| [illegible] | | | | |
| [illegible] | | | | |
| [illegible] | | | | |
| [illegible] | | | | |
| [illegible] | | | | |
| [illegible] | | | | |
| [illegible] | | | | |
| [illegible] | | | | |
| [illegible] | | | | |
| [illegible] | | | | |
| [illegible] | | | | |

ကိုယ်ပိုင်အရည်အချင်း၊ ကြိုးစား အားထုတ်မှုကြောင့်လား သို့မဟုတ် သူမ၏ အလှအပကြောင့်လား၊ ဤဇာတ်လမ်း ကဲ့သို့ အလားတူအခြားဇာတ်လမ်းတွင် အဓိကသရုပ်ဆောင်မှုများ သို့မဟုတ် ယောက်ျားနှင့် မိန်းမတို့၏ အခန်းများသည် ပါဝင်ထားကြပါသလား။

၃။ နေ့စဉ်လူနေမှုဘဝပုံစံကိုကြည့်ခြင်း။ ရေးသားဖော်ပြချက်နှင့် ပြဋ္ဌာန်း စာအုပ်သည် အခြားယဉ်ကျေးမှုကို ဖော်ထုတ်ထားလျှင် ၄င်းသည် ထိုအခြား လူနေမှုဘဝ ပုံစံများတွင် ရှင်းလင်းလွယ်ကူမှု စစ်မှန်မှုကို ဖော်ပြပါသလား။

၄။ ဆက်ဆံရေးများကိုကြည့်ခြင်း။ လုပ်ပိုင်ခွင့်မည်သူထံတွင်ရှိပါသလဲ။ မည်သူက ဆုံးဖြတ်သလဲ။ အမျိုးသမီးများသည် လိုအပ်ပြီးအကူအညီ ပေးသည့် အခန်းကဏ္ဍက ပါဝင်ပါသလား။



၅။ သူရဲကောင်းများကိုမှတ်ထားခြင်း။ သူရဲကောင်းများသည် သီးခြား ယဉ်ကျေးမှုအုပ်စုက ဖြစ်တတ်ပါသလား၊ မသန်စွမ်းသူများရော သူရဲကောင်း ဖြစ်တတ်ကြပါသလား။ အမျိုးသမီးလည်း သူရဲကောင်း ဖြစ်တတ်ပါသလား။

၆။ ကလေး၏ကိုယ်ပိုင်စဉ်းစားယူဆမှုအပေါ်ထိရောက်မှုများကို စဉ်းစားခြင်း။ ကလေး၏ရှင်သန် ရုန်းကန်မှုကို ကန့်သတ်သည့် အကြံပြုချက် ပါဝင်ပါ သလား။ ကလေး၏ကိုယ်ပိုင်ခံယူချက်များသည် ထိရောက်မှု ရှိနိုင်ပါသလား။ ယောကျ်ားလေးများက ရဲရင့်ပြီး အရေးပါသည့် အလုပ်များကို ကိုလုပ်ကိုင်ကာ မိန်းကလေးများက မလုပ်ကိုင်ကြကြောင်း ဖတ်ရသောအခါ မိန်းကလေးစိတ် တွင် မည်သို့ဖြစ်ပေါ်ပါသလဲ။[2]

အထက်ပါအတိုင်း အကဲဖြတ်၍ ပေါ်ထွက်လာသောအဖြေများကို ကြည့်ပြီး တစ်ဖက်ပါ စစ်ဆေးလွှာကိုအသုံးပြုကာ သင်၏သင်ရိုးညွှန်းတမ်း

| ဆန်းစစ်ရမည့်နယ်ပယ် | မည်သည့်သင်ခန်းစာ မည်သည့်အပိုင်းတွင် | သင်ကြားမှုပစ္စည်းများကို ကောင်းမွန်လာစေရန် မည်သို့လုပ်မည် | လိုအပ်မည့် မည်သူ့အကူအညီ လိုမည် |
|---|---|---|---|
| သရုပ်ဖော်ပုံများကိုစစ်ဆေးခြင်း | | | |
| ပုံပြင်ဇာတ်လမ်းများကို စစ်ဆေးခြင်း | | | |
| လူမျိုးစုနှင့်ပိုင်ကိုကြည့်ခြင်း | | | |
| ဖော်ပြသည့်ဘာသာစကားကိုကြည့်ခြင်း | | | |
| သူရဲကောင်းများအကြောင်း ရှာဖွေခြင်း | | | |
| ကလေးတစ်ဦး၏ ဝင်ငွေ လူ့အဖွဲ့အစည်းအပေါ်အကျိုးသက်ရောက်မှုကို စဉ်းစားခြင်း | | | |
| ဆိုက်လမ်းကြော စာအုပ် | | | |
| ဘာသာပြန်ဆရာ | | | |

ဘက်လိုက်မှုများကို မှန်ကန်တည့်မတ်သွားစေရန် ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ရာတ ွင် မိဘများနှင့် ကလေး ပြုစုစောင့်ရှောက်သူများကလည်း ဖြည့်စွက်ချက်အသစ်များကိုကူ ညီဖြည့်ဆည်းပေးနိုင်ပါသည်။သင်၏လေ့လာဆန်းစစ်မှုကို ကူညီရန် တစ်ဖက်ပါဇယားကို အသုံးပြုပါ။

လိင်(ကျား မ) နှင့်သင်ကြားခြင်း

ကျောင်းများနှင့် ဆရာများသည် သမားရိုးကျပုံစံအတိုင်း ကျား၊ မ အနေအထားကို ထပ်ပြန် တလည်းလည်းဖြစ်ရန် အားပြုဆောင်ရွက်တတ်ကြသည်။ ဣျွန်ုပ်တို့သည်–

- ❖ မေးခွန်းဖြေရန် မိန်းကလေးများထက် ယောကျ်ားကလေးများကိုခေါ်ခြင်း၊
- ❖ မိန်းကလေးများကို အိမ်တွင်းမှုလုပ်ငန်းများပေး၍ ယောကျ်ားကလေးများကို ကိရိယာတန်ဆာပလာအသုံးပြုရသည့် လုပ်ငန်းများပေးခြင်း၊
- ❖ ယောကျ်ားကလေးများကို အဖြေမှန်သည့်အခါချီးကျူးပြီး မိန်းကလေးများကိုမူ ထုတ်မပြောမိခြင်း၊

အထောက်အကူပစ္စည်း များကိုညီမျှမှုနှင့် အကျုံးဝင်မှုအားဖြင့် အကဲဖြတ်ကြည့်ရန် စတင်စစ်ဆေးကြည့်ရှုပါ။

အသက်မွေးမှုအလုပ်အကိုင်အမျိုးမျိုး၊ အသက်နှင့်မိသားစုအမျိုးအစားများ(သာဓက–မိဘတစ်ဦးတည်းသာရှိသော မိသားစုများကဲ့သို့) ကျား–မ၏အခန်းကဏ္ဍများ၊ မျိုးနွယ်နှင့် ယဉ်ကျေးမှု နောက်ခံများ၊ အထူးလိုအပ်ချက်များနှင့် စွမ်းရည်အမျိုးမျိုးကွဲပြားစွာရှိတတ်ကြပုံကို စာအုပ်များက ထင်ဟပ်ဖော်ပြသင့်ပါသည်။

အကယ်၍ သင့်ကျောင်းတွင်ရနိုင်သောစာအုပ်များထဲတွင် အနည်းငယ်သာ ရွေးစရာရှိပါက ကျောင်းသုံးစာအုပ်တွင် လိုအပ်သောအသေးစိတ်အချက်များနှင့် ပြင်ဆင်စရာများကို



ဖြည့်စွက်ရပါမည်။ အမျိုးသမီးများ၊ လူနည်းစုလူမျိုးများနှင့် ဘဝနောက်ခံနှင့် အမျိုးမျိုးရှိသူများအခန်းကဏ္ဍကိုပို၍မျှတစေရန် သင်နှင့်သင့်မိတ်ဆွေများ၊ သင်၏ များက ကျောင်းသုံးစာအုပ်လိုအပ်ချက်များ (အမျိုးသမီးကဏ္ဍ၊ လူမျိုးစုငယ်စသည်) ဖြည့်စွက် ထည့်သွင်းနိုင်ပါသည်။

ဆောင်ရွက်ရန်လုပ်ငန်း –သင်ကြားမှုပစ္စည်းများရှိ ညီမျှမှုကို အကဲဖြတ်ခြင်း

အထက်ပါအချက်များကို အသုံးပြု၍ ပြဋ္ဌာန်းစာအုပ်သို့မဟုတ် မှီငြမ်းစာအုပ် တစ်အုပ်ကိုယူ၍ ဆန်းစစ်လေ့လာ ကြည့်ပါ။ဆရာများအုပ်စုတစ်စုဖွဲ့၍ လုပ်ဆောင်လျှင် လုပ်ဆောင်ချက်ကောင်းတစ်ရပ် ဖြစ်ပါမည်။ ထို့အပြင် အပြင်သဘောထားများကို ရှင်းလင်းရာတွင်ကူညီ ပြောပြထားလျှင် သင်ကြားမှု ပစ္စည်းများကို သက်ကြီးသောကလေးများပင် လေ့လာဆန်းစစ်ရာ တွင် ကူနိုင်ပြီး ပို၍အကျုံးဝင်မှုဖြစ်လာစေရန် မည်ကဲ့သို့လက်ခံကျင့်သုံးနိုင်မည်ကို ထောက်ခံမှုများ ပြုပေးနိုင်မည်ဖြစ်ပါသည်။ သင်နှင့် ကလေးများသည် ဒေသယဉ်ကျေးမှုများမှ သာဓကများနှင့် အချက်အလက်များကိုသုံး၍ သင်ယူမှုပစ္စည်းများရှိ

| | ကျား | မ | ထောက်ခံမှု |
|---|---|---|---|
| အိမ် (သို့) ရပ်ရွာဒေသ | | | |
| ကျောင်း | | | |

အချို့အလုပ်များကို မည်ကဲ့သို့လုပ်ကိုင်ရမည်၊ တာဝန်ယူရမည်တို့ကို ကလေးအားလုံး သင်ယူရန်အခွင့်အရေးတစ်ရပ် ရရှိစေရန် ဆောင်ရွက်နိုင်ပါသလား။

ကလေးအားလုံး သူတို့၏ကျောင်း၊ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးတွင် ညီတူညီမျှ ပါဝင်ပြီး ဆောင်ရွက်ခွင့်ရရှိကြစေရန် သင်နှင့် သင့်ကျောင်းသားများသည် ကျောင်းဝန်ထမ်းများနှင့် ရပ်ရွာအတွင်း မည်သည့်တိုက်တွန်းအားပေးသည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ကြပါသလဲ။

## ကွဲပြားခြားနားခြင်းနှင့် စွမ်းဆောင်ရည် မပြည့်ဝမှုများ

### စွမ်းဆောင်ရည်မပြည့်ဝသော ကျောင်းသားများအတွက် နည်းဗျူဟာများ[3]

လူတိုင်းအကျုံးဝင်စာသင်ခန်းများကို ဖန်တီးတည်ထောင်ပြီး စွမ်းရည်အမျိုးမျိုးရှိ ကလေးများ ပါဝင်အကျုံးဝင်ရန် ကြိုးပမ်းရာတွင် အဆိုပါကလေးများ အပြည့်အဝဆုံး သင်ယူနိုင်ရေး အထောက်အပံ့ဖြစ်ရန် သင်ကြားနည်းဗျူဟာများလိုအပ်ပါသည်။ နည်းလမ်း ဗျူဟာ အချို့ကို အောက်တွင်ဖော်ပြထားပါသည်–

- ❖ စီစဉ်ကျနမှု။ လုပ်ငန်းကိုထပ်ဆင့်ခွဲစိတ်ပါ။ တစ်ဆင့်ပြီးတစ်ဆင့်ညွှန်ကြားမှု၊ တိုက်တွန်းအားပေးမှုများ ပြုလုပ်ပါ။
- ❖ ထပ်ပြန်တလဲလဲပြုလုပ်မှုနှင့်အားဖြည့်မှု။ ကျွမ်းကျင်မှုကို နေ့စဉ်စမ်းသပ်မှု ပြုပါ။ လေ့ကျင့်မှုကို ထပ်တစ်လဲလဲပြုလုပ်ပြီး နေ့စဉ်အားဖြည့်ပေးပါ။
- ❖ သေးငယ်သောအလုပ်ကစတင်၍တည်ဆောက်ခြင်း။ ရည်မှန်းထားသော ကျွမ်းကျင်မှုကို ပို၍သေးငယ်သောအစိတ်အပိုင်းများ သို့မဟုတ် အပြုအမူများ အဖြစ် စိတ်ပိုင်းပြီးနောက် တစ်ခုလုံးအဖြစ်သို့တည်ဆောက်ခိုင်းပါ။
- ❖ အခက်အခဲများကိုလျှော့ချခြင်း။ အလုပ်များကို လွယ်ရာမှခက်ရာသို့ စီစဉ်ပါ။ လိုအပ်မှသာအစဖော်ပေးပါ။
- ❖ မေးမြန်းခြင်း။ နည်းစဉ်နှင့်ဆက်စပ်နေသည်။ 'ဘယ်လိုလဲ' သို့မဟုတ် 'ဘာလဲ'ဟူသော သင်ရိုးနှင့် ဆက်စပ်သည့်မေးခွန်းများကို မေးပါ။

---

[3] Excerpted from: Swanson HL. (1999). Instructional components that predict treatment outcomes for students with learning disabilities: Support for a combined strategy and direct instruction model. Learning Disabilities Research and Practice, 14 (3), 129-140.

- ❖ မိန်းကလေးများ အဖြေမှားလျှင် ပြစ်တင်ဝေဖန်ခြင်း၊
- ❖ အတန်း သို့မဟုတ် အုပ်စုခေါင်းဆောင်အဖြစ်မိန်းကလေးများထက်ယောကျ်ား ကလေးများကို ပိုတာဝန်ပေးခြင်း၊
- ❖ ထိခိုက်နစ်နာစေသည့် သမားရိုးကျ လိင် ကျား၊ မ အနေအထားကို ဖိအားပြု ထားသည့် ပြဋ္ဌာန်းစာအုပ်များနှင့် အခြားသင်ယူမှုပစ္စည်းများကို အသုံးပြုခြင်း၊

ထို့အပြင် ဆရာများသည် မိန်းကလေးများနှင့် ယောကျ်ားကလေးများကို ခွဲခြားပြီး အမှတ်တမဲ့ပြုမူဆက်ဆံကြသည်။ ဆရာများကိုယ်တိုင် ကလေးအားလုံးအတွက် ယောကျ်ား လေးနှင့် မိန်းကလေးများသူတို့၏စွမ်းရည်အလိုက် အကောင်းဆုံးသင်ယူနိုင်ရေး အခွင့်အလမ်း များပေးရန် တိကျသောတာဝန်တစ်ရပ်ရှိပါသည်။

ရပ်ရွာလူထုသို့မဟုတ်ဒေသ၏ယဉ်ကျေးမှုတစ်ရပ်သည် အရေးပါ ပါသည်။ အတွေး အခေါ်များကို ဆန့်ကျင်ရန်လည်းမသင့်ပါ။ သို့ရာတွင် ကလေးအားလုံး သင်ယူမှုအတွက် အခွင့်အလမ်းများနှင့် ကျွန်ုပ်တို့၏သင်ကြားမှုလုပ်ငန်းများအပေါ် လွှမ်းမိုးသည့်အတွေးအခေါ် များကို နားလည်ထားရန် လိုအပ်ပါသည်။

## ဆောင်ရွက်ရန်လုပ်ငန်း။ ။လိင် (ကျား မ) ဆိုင်ရာ တရားမျှတမှု

ကျွန်ုပ်တို့၏ကျောင်းနှင့် ရပ်ရွာဒေသအကြောင်းကိုပိုမိုသိရှိစေရန် တစ်ဦးချင်း သို့မဟုတ် တစ်တန်းလုံးလုပ်ငန်းအဖြစ်ကွင်းဆင်း လေ့လာမှုတစ်ခုအားပေးဆောင်ရွက်ပါ။ အောက်ပါဇယားသည် အိမ်သို့မဟုတ် ရပ်ရွာတွင် ယောကျ်ားကလေးများနှင့် မိန်းကလေးများ လုပ်ကိုင်ကြသော ရေခပ်ခြင်း၊ ထမင်းချက်ခြင်း၊ ကလေးထိန်းခြင်း သို့မဟုတ် တိရစ္ဆာန်ထိန်း ကျောင်းခြင်း စသည့်လုပ်ငန်းများနှင့် တံမြက်စည်းလှည်းခြင်း၊ ခုံရွှေ့ခြင်း အစရှိသည့် ကျောင်းတွင် ကလေးများလုပ်ကိုင်ရန် ဆရာက မျှော်လင့်သောအလုပ်များကို ချရေးရန် ဇယား ဖြစ်ပါသည်။ အဆိုပါ အလုပ်များကို ရပ်ရွာ သို့မဟုတ် အိမ်များတွင် ကျောင်းတွင်တာဝန် ပေးသကဲ့သို့ ယောကျ်ားကလေးများနှင့်မိန်းကလေးများကို တာဝန်ပေးပါသလား။ ၄င်း အလုပ် များသည် အမျိုးသားများနှင့်အမျိုးသမီးများအခန်းကဏ္ဍများဆိုင်ရာ ရိုးရာယုံကြည်မှုများကို ထင်ဟပ်မှုရှိပါသလား။ ဆရာများသည် မိန်းကလေးများ အပြည့် အဝလုပ်ကိုင်နိုင်မှုစွမ်းရည် ရှိသော်လည်း အလုပ်လုပ်စေခြင်းမှ တားမြစ်ထားပါသလား။

သင်၏ကွင်းဆင်းလေ့လာမှုအပေါ်အခြေပြု၍ သင်နှင့် သင့်ကျောင်းသားများသည်

ကောင်းစွာမမြင်နိုင်သောကလေးများအားရှာဖွေဖော်ထုတ်ခြင်း

ကလေးတချို့သည် တခြားကလေးများကဲ့သို့မမြင်နိုင်ကြပါ။ အကယ်၍ ထိုအချက်ကို စောစောသိရလျှင် ကျွန်ုပ်တို့သည် ထိုပြဿနာအတွက်လုပ်နိုင်စရာ အများဆုံးကျော်ဖြတ်နိုင်ပါသည်။ ထို့ပြင်ထိုသို့ခံစားကြရသည်မှာအများစုသည် ဘဝနောက်ခံအကြောင်းအရာနှင့် စွမ်းရည်အမျိုးမျိုးရှိသောကလေးများဖြစ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏ ကောင်းစွာမြင်နိုင်စွမ်းမရှိမှုသည် အမြင်အာရုံ တည်ရှိလာပုံသည်ကွဲလွဲလာသည်။ အခက်အခဲကြောင့် ထိုကလေးမျိုးသည် ရန်လိုနိုင်ပါသည်။ သူတို့သည်အကျီစားသန်ခြင်း၊ ထပ်တလဲလဲ အနှောင့်အရှက်ပေးခြင်း၊ အနိုင်ကျင့်ခြင်းများကိုပြုတတ်လေ့ရှိသည်။

ငယ်စဉ်ကတည်းက ကလေးများ ကောင်းစွာမြင်နိုင်စွမ်းမရှိမှုကို ရှာဖွေဖေါ်ထုတ်ရန် အရေးကြီးပါသည်။ ဤအချက်ကိုဆောင်ရွက်ရန်နည်းလမ်းများစွာရှိပါသည်။ တခြားကလေးများသည် ကလေးတစ်ဦးကောင်းစွာ မြင်နိုင် မမြင်နိုင်ကို သိရှိရအောင် ကူညီနိုင်ပြီး၊ ထိုကလေးများအား သင်ယူရာတွင်လည်းကူညီနိုင်ပါသည်။

ငယ်စဉ်ကတည်းက ကောင်းစွာမမြင်နိုင်သောကလေးတစ်ဦး၏လက္ခဏာများမှာ အောက်ပါတို့ဖြစ်ပါသည်[4] –

- အရာဝတ္ထုများအား အလွယ်တကူ တိုက်မိ၊ ဆောင့်မိခြင်း၊
- အနီးသို့မဟုတ် အဝေးရှိ အရာဝတ္ထုများကိုဖတ်ရာတွင်အခက်အခဲရှိခြင်း၊
- မျဉ်းတစ်ဖြောင့်တည်းရေးသားရာတွင် အခက်အခဲရှိခြင်း၊
- အပ်ပေါက်ထိုးရာတွင်အခက်အခဲရှိခြင်း၊
- စာဖတ်သောအခါတွင်သူ၏မျက်နှာနှင့်စာအုပ်ကို နီးကပ်စွာကိုင်တွယ်ခြင်းနှင့် မျက်ရည်ထွက်လေ့ရှိခြင်း၊
- ခေါင်းကိုက်ခြင်း သို့မဟုတ် မျက်လုံးယားခြင်း၊
- ကစားသည့်အခါ ဘောလုံးများကိုမဖမ်းယူနိုင်ခြင်း၊
- အဝတ်အစားများကို အတွင်းအပြင်မှား၍ဝတ်ခြင်း၊

---

[4] This section on "Children Who Have Difficulty Seeing" was adapted from: Baily D, Hawes H and Bonati B. (1994) Child-to-Child: A Resource Book. Part 2: The Child-to-Child Activity Sheets. London: The Child-to-Child Trust.

❖ ဂရပ်ရုပ်ပြပုံများ။ ပုံ သို့မဟုတ် အခြားရုပ်ပုံပါတင်ပြချက်များကို ဂရုတစိုက် ပြုလုပ်ပါ။

❖ အုပ်စုဖွဲ့သင်ကြားခြင်း။ ကျောင်းသားများကို အုပ်စုငယ်များဖွဲ့ရန် လမ်းညွှန်မှု သို့မဟုတ် ညွှန်ကြားချက်များပေးပါ။

❖ ဆရာများကအထောက်အကူပြုခြင်းနှင့်ရွယ်တူကလေးများပါဝင်ခြင်း။ (အိမ်စာ၊ မိဘများ သို့မဟုတ် တခြားကူညီလမ်းညွှန်ချက်များ)

ထို့ပြင် ဆရာသည် မသန်စွမ်းမှုရှိသောကလေးတစ်ဦးနှင့် မသန်စွမ်းသောအတန်းဖော် ကလေးတစ်ဦးကို တွဲပေးလျက် တာဝန်ယူစေရန် ဆရာကတိုက်တွန်းရပါမည်။ သင်သည် မသန်စွမ်းကလေးကို အဖော်ပြုကလေးအား အရေးကြီးသောလှုပ်ရှားဆောင်ရွက်မှုတွင် ကူညီရန်ပြောပါ၊ သာဓက– စာကြည့်တိုက်၊ အိမ်သာ ကဲ့သို့သော စသည့်နေရာကို သွားလို သောအခါတွင်လည်းကောင်း၊ သို့မဟုတ် ကွင်းဆင်းလေ့လာရေးခရီးသို့မဟုတ် အဖွဲ့လိုက် ကစားခြင်းတို့တွင်လည်းကောင်း၊ မသန်စွမ်းကလေးအား ကူညီခြင်း၊ ရုပ်ပိုင်းဆိုင်ရာနှင့် စကား ပြောဆိုရာတွင် အကောင်းဆုံးမည်သို့ပြုလုပ်နိုင်ပုံ ပြောပြကြရန်နှင့် တစ်ခါတစ်ရံ ကာကွယ် စောင့်ရှောက်ပေးရန်လည်းလိုအပ်သည်ကိုရှင်းပြပါ။


သင်သည်သင်ကလေးများကို ကွဲပြားခြားနားမှုရှိသော မသန်စွမ်းမှုများနှင့်ပတ်သက်၍ အထူးသဖြင့် ကျောင်းနှင့် ရပ်ရွာဒေသရှိကလေးထဲတွင် တွေ့မြင်နိုင်ရာ မတူညီသည့် အကြောင်းများပြောပြပါ။ နည်းလမ်းတခုအနေဖြင့် မသန်စွမ်းသော လူကြီးတစ်ဦးကို သင့်အတန်းသို့ အလည်လာရန်တောင်းဆိုပြီး သင့်ကလေးများနှင့် စကားပြောခိုင်းရန် ဖြစ်ပါသည်။

ကလေးများမသန်စွမ်းမှုသည် ရောဂါပိုးများ၊ မတော်တဆထိခိုက်မှုများ၊ မျိုးရိုးလိုက်မှု များကြောင့် ဖြစ်ရသည်ကို ရှင်းပြပါ၊ သာဓကမှာ–သင်သည် မျက်စိနှင့်နားထိခိုက် ဒဏ်ရာရခြင်းသည် အကြားအမြင်ကိုအခက်အခဲ ဖြစ်စေကြောင်းကို ရှင်းပြနိုင်ပါမည်။

သန်စွမ်းသောကလေးက မသန်စွမ်းသောကလေးများကို ကူညီရန်မှာ စွမ်းရည်ရှိသော ကလေးက လက်ခံပေါင်းသင်းပြီး မသန်စွမ်းသူများဆောင်ရွက်နိုင်မှုများ ကို ဖော်ပြသည့် ပုံပြင်ဇာတ်လမ်းတို့ကို ပြောပြရန်ဖြစ်ပါသည်။

အမြင်အာရုံခက်ခဲသောကလေးများ

မိမိတွင်ရှိသော **E** စာလုံးကို ညွှန်ပြသော စာလုံး၏ ဦးတည်ရာဘက်နှင့်တူအောင် ကိုင်ပြနိုင်ရပါမည်။



အဆင့်(၅)။ ။က ...းသဖြင့် ကျောင်းစတင်နေမည့် ကလေးများ၊ ...ပ်ရမည်ကို အထောက်အကူပြုပါသည်။ ကျောင်းတွင် အတန်းကြီးသောကလေးများက အတန်းငယ်သောကလေးများ၏မျက်စိအမြင်မှန်ကန်မှုကို စမ်းသပ်ပေးနိုင်ပါသည်။ ထို့အပြင် သင်သည်ကျန်းမာရေးလုပ်သားများနှင့် မျက်စိ ကျွမ်းကျင်ဆရာဝန်များကိုတွေ့ဆုံ၍ ဒေသ၏ယဉ်ကျေးမှုနှင့် ဘာသာစကားတို့နှင့် ကိုက်ညီသော အလားတူမျက်စိအမြင် စမ်းသပ်မှုမျိုးကို တီထွင်နိုင်ပါသည်။

ကောင်းစွာမမြင်ရသောကလေးများကိုကူညီခြင်း

အမြင်အာရုံချို့တဲ့သော ကလေးတစ်ဦး ကျောင်းသို့လာအပ်သောအခါ ဆရာက ကလေး နှင့်ကလေးမိဘတို့ကို သီးခြားတွေ့ဆုံပါ။ ကလေးကိုသင်မည်သူဖြစ်ကြောင်းပြောပြီး သင်ဆောင်ရွက်နေ သည်များကို ရှင်းပြပါ။ ကလေးသည် သင့်အားထိသိပါစေ။

ထို့နောက် ကလေးအား အတန်းဖော်များနှင့်မိတ်ဆက်ပေးပါ။ ထိုကလေးသည် အခြားကလေးများကဲ့သို့ ကျောင်းတက်လိုကြောင်းနှင့်ထိတွေ့ခြင်း၊ ကြားနာခြင်းနှင့်အနံ့ခံခြင်းစသော အခြားအာရုံများကိုအသုံးပြု၍ လုပ်ငန်းမျိုးစုံကို လုပ်ဆောင်နိုင်ကြောင်းကိုလည်း ရှင်းပြ ပေးပါ။ ဤကလေးများ အထူးလုပ်ငန်းဆောင်ရွက်ရာတွင် အခြားကလေးများထံမှ အကူအညီ ရယူပြီး သင်ယူနိုင်ကြောင်းကိုလည်း ရှင်းပြပေးပါ။

- ❖ အမျိုးအမည်များအား စီစဉ်ရာတွင် လွဲမှားစွာစီစဉ်ခြင်း၊
- ❖ တစ်စုံတစ်ခုကိုယူလာရန်ခိုင်းသောအခါ မှားယွင်းသောပစ္စည်းကိုသာ ယူဆောင် လာတတ်လေ့ရှိခြင်း၊

ကလေးများ၏အမြင်အာရုံကို စစ်ဆေးခြင်း

မျက်စိမမြင်နိုင်သောကလေး ကျောင်းနေပြီး ပညာသင်ယူရန်ကူညီခြင်းအတွက် ထိုကလေးများ၏ မြင်နိုင်စွမ်းမရှိမှုကို တတ်နိုင်သလောက် စောနိုင်သမျှစောစော ရှာဖွေ ဖေါ်ထုတ်ရန်မှာ အရေးကြီးပါသည်။ သင် သို့မဟုတ် သင့်ကျောင်းသားများက ထိုကလေးမျိုးကို ရှာဖွေဖေါ်ထုတ်ရန် ပြုလုပ်နိုင်သော အောက်ပါဥပမာများကဲ့သို့ ရိုးရှင်းသည့်နည်းလမ်းများစွာ ရှိပါသည်။

ရိုးရှင်းသည့်မြင်နိုင်စွမ်းစစ်ကားချပ်တစ်ခုလုပ်ခြင်း

အဆင့်(၁)။ ။အမြင့် ၆၊ ၄.၅၊ ၃၊ ၁.၅၊ ၀.၅၊ ၀.၂၅ စင်တီမီတာအသီးသီးရှိသော အင်္ဂလိပ် စာလုံး **E** ပုံစံ စာလုံး (၆)လုံးပါဝင်သော စာထွင်းကတ်ထူပြားတစ်ခုကို ပြုလုပ်ပါ။ စာလုံး တစ်လုံးစီသည် ပုံစံအရွယ်ညီရမည်။ စာလုံး၏လက်တံများသည် အရွယ်အစားနှင့် အကွာအဝေး တူညီသင့်ပါသည်။

အဆင့်(၂)။ ။စာထွင်းကိရိယာကိုသုံး၍ အတိုင်းအတာတူညီသော **E** စာလုံးတစ်ခုကို ပြုလုပ်ရန် ကလေးတစ်ဦးစီကို တာဝန်ပေးပါ။ ထို့နောက် အမည်းရောင်ချယ်ခိုင်းပါ။

အဆင့်(၃)။ ။သင်ပုံးကြီးပေါ်တွင်ရှိသော အဖြူရောင်သစ်သားပြား သို့မဟုတ် စက္ကူ ကားချပ်ကြီးပေါ်တွင် **E** စာလုံးတစ်ခုစီကို ကော်ကပ်ခိုင်းပါ။ ထိုကားချပ်သည် အောက်ပါ ကားချပ်နှင့် တူသင့်ပါသည်။

အဆင့်(၄)။ ။ကလေးများကို တစ်ဦးနှင့် တစ်ဦးစစ်ဆေးခိုင်းပါ။ ကတ်ပြားကို အလင်း ရောင် ကောင်းစွာရသောနေရာတွင် ချိတ်ဆွဲပါ။ ကားချပ်မှမြေပြင်ညီအတိုင်း (၁၈) ပေ အကွာတွင် မျဉ်းဖြောင့်တစ်ကြောင်းဆွဲပါ။ ထိုမျဉ်း၏အဆုံးတွင် စစ်ဆေးမည့်ကလေးကို ရပ်စေပြီး **E** စာလုံး အကြီးကိုကိုင်ခိုင်းထားပါ။ မျက်လုံးတစ်လုံးစီကို သီးခြားစီစမ်းသပ်စဉ် အခြားမျက်လုံးကို သေချာစွာ ဖုံးအုပ်ထားပါ။ အခြားကလေးတစ်ဦးက ကားချပ်ပေါ်ရှိ စာလုံးကိုညွှန်ပြပါ။ စာလုံးကြီးရာမှငယ်ရာသို့ညွှန်ပြပါ။ အဝေးမှကြည့်သောကလေးက

အကြားအာရုံ သို့မဟုတ် စကားပြောရာတွင် အခက်အခဲရှိသော ကလေးများ

နားမကြား သို့မဟုတ် ဆွံ့အကလေးများသည် စကားဖြင့်ဆက်သွယ်ပြောဆို၍ မရကြရှာပါ။ သို့မဟုတ် ခက်ခက်ခဲခဲ ဆက်သွယ်ပြောဆိုကြရသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဆက်သွယ်ရန် နည်းအမျိုးမျိုးသုံးကြသော်လည်းနားထောင်ခြင်းနှင့် ပြောဆိုခြင်းကို အကြိမ်အများဆုံး အသုံးပြုကြပါသည်။

ကောင်းစွာမကြားနိုင်သောကလေးများကို ရှာဖွေဖော်ထုတ်ခြင်း

နားမကြားသောကလေးငယ်တစ်ဦးဟုပြောနိုင်သောလက္ခဏာတစ်ချို့ကို အောက်တွင် ဖော်ပြထားပါသည်–[5]

- ❖ အသံ သို့မဟုတ် ဆူညံမှု လာရာဘက်ကိုမလှျင် ကလေးသည် သတိမပြုမိချေ။
- ❖ တစ်ခုခုလိုက်နာခိုင်းသည်ကို လိုက်နာပြုလုပ်ရာတွင် နောက်ဆုံးမှပြုလုပ်ခြင်း။
- ❖ ကလေး၏နားတွင် ရောဂါပိုးဝင်ရောက်ခြင်း သို့မဟုတ် ပြည်ယိုခြင်း။
- ❖ ကလေးအချင်းချင်း စကားပြောသောအခါ နှုတ်ခမ်းကိုစောင့်ကြည့်ခြင်း။
- ❖ ကလေးသည် အသံကြားရန်အတွက် ဦးခေါင်းကို လိုက်လှည့်နေခြင်း။
- ❖ ကလေးစကားပြောရာတွင် ကျယ်လောင်ပြီး၊ မပီမသဖြစ်ခြင်း။
- ❖ တစ်ခါတစ်ရံတွင် ကလေးသည် အေးဆေးစွာနေတတ်ပြီး၊ ရိုင်းပျသကဲ့သို့ တစ်ဦး တည်းထီးထီးနေခြင်း။
- ❖ ကလေးသည် ကျောင်းတွင် လုပ်သင့်သလောက် ကောင်းစွာမလုပ်နိုင်ခြင်း။

အကြားအာရုံချွတ်ယွင်းသူကလေးများနှင့်ဆက်သွယ်ပြောဆိုခြင်း

နားမကြားဘဲ မွေးဖွားလာသောကလေးများသည် စကားပြောတတ်ကြမည်မဟုတ်ပေ။ ကိုယ်ဟန်လက်ဟန်နှင့် ကိုယ်ခန္ဓာလှုပ်ရှားမှုမှလှုပ်ရှားတို့အားဖြင့် သို့မဟုတ် သူတို့၏ စိတ်ခံစားမှု၊ အတွေး၊ လိုအင်ဆန္ဒတို့ကိုသူတို့ဖော်ပြနိုင်ရန် အခြားနည်းများကို သင်ကြား

[5] Adapted from: Baili D, Hawes H and Bonati B. (1994) Child-to-Child: A Resource Book. Part 2: The Child-to-Child Activity Sheets. London: The Child-to-Child Trust.

အတန်းဖော်များအားလည်း ထိုကလေးနှင့်မိတ်ဆက်ပေးပါ။ အကယ်၍ ထိုကလေး သည် အခြားကလေးများကို မမြင်နိုင်သော်လည်း သူတို့၏အမည်တစ်ချို့ကို ပြောပြခိုင်းပါ။ သူတို့၏အမည်နှင့် အသံကို မှတ်မိသည့်တိုင်အောင် ကလေးတစ်ဦးချင်းစီနှင့် စကားပြောခွင့်ပေး ပါ။ ကလေးတိုင်းနှင့်ထိတွေ့ခွင့်ရပါစေ။ သို့မှသာ ကလေးသည် အတန်းထဲရှိ ကလေးအားလုံး ကို စတင်သိလာပါလိမ့်မည်။

အမြင်အာရုံချက်ခဲသောကလေးများသည် သူတို့အနားတွင် လူများရှိနေသော်လည်း အစဉ်သဖြင့် မသိရှိနိုင်ပါ။ သူတို့တွေ့ဖူးခဲ့ပြီးသောသူသည် မည်သူဖြစ်သည်ကိုလည်း မသိရှိနိုင်ပါ။ သင်သည် ကောင်းစွာမမြင်နိုင်သောကလေးနှင့်တွေ့သောအခါ စကားပြောပါ။ သို့မှသာ ကလေးသည် သင် ထိုနေရာတွင် ရှိသည်ကို သိရှိလာလိမ့်မည်။ အတန်းထဲရှိ ကလေးတိုင်းအား ဤနည်းအတိုင်း စကားပြောကြရန်ခိုင်းပါ။

သင်ပုန်းကြီးတစ်ချပ်ပေါ်တွင် စာလုံးကြီးများကို ရေးပြပါ။ ဤနည်းဖြင့်ပင် ကလေး များအား စာရေးတတ်ရန် စသင်ပေးပါ။ လမ်းညွှန်ချက်များကို ဖတ်ခိုင်းပါ။ သင်ပုန်းကြီး ပေါ်ရေးသောစာများကို လူတိုင်းဖတ်နိုင်လိမ့်မည်ဟု သင်မယူဆပါနှင့်။ သင်ပြသသည့် အမြင် အားပြု သင်ထောက်ကူပစ္စည်းအပေါ် မည်သည်ကိုပြထားကြောင်း ရှိရာနေရာကို ပြောပါ။(အပေါ်ရှိ ဘယ်ဘက်ခြမ်းကအရာသည် ..... ဟူ၍ပြောသည့်မျိုးဖြစ်သည်။) သူတို့အား သင်ထောက်ကူပစ္စည်းများကို မမြင်နိုင်သော်လည်း ထိတွေ့ခွင့်ပေးပါ။ သာဓက– မြေပုံ နယ်နမိတ်ကို ကြိုးဖြင့်ကပ်၍ အနားသပ်ထားပေးပါ။ အမြင်အာရုံချက်ခဲသော ကလေး တစ်ဦးချင်းစီတွင် သူတို့အားကူညီပြီး စာဖတ်ပေးသူတစ်ဦး အလိုရှိလေ့ရှိပါသည်။ စာကူဖတ် ပေးသူသည် စာကိုဖတ်ပြပြီး ရှင်းပြရမည့်အပြင် သင်ယူရာတွင်လည်းကူညီပါ။ စာကူဖတ်ပေး သူသည် အတန်းဖော်သော်လည်းကောင်း၊ ထိုကလေးထက်ကြီးသောကလေး၊ မိတ်ဆွေ သို့မဟုတ် စေတနာ့ဝန်ထမ်းဆရာ တစ်ဦးဖြစ်နိုင်ပါသည်။

အနည်းငယ်မြင်နိုင်သောကလေးသည် အခြားကလေးများသင်ယူသည့် နည်းလမ်း အတိုင်း စာရေးစာဖတ် သင်ယူလာနိုင်ပါသည်။ ပထမတွင် ကလေးအား ဗျည်းနှင့် ဂဏန်းများကို သင်ပါ။ ကျောက်သင်ပုန်းပေါ်တွင် မြေဖြူဖြင့်ရေးပြီး ကလေးအား စတင် သင်ကြားနိုင်ပါသည်။ စာရေးနေစဉ်တွင် လမ်းညွှန်မှုအဖြစ် သူတို့ အသုံးချရန်နှင့် ထိတွေ့နိုင်ရန် အလို့ငှာ စတင်ရေးသောအခါကျောက်သင်ပုန်းပေါ်တွင် ကြိုးများကိုကန့်လန့်တန်းပေးထားပါ။ စက္ကူပေါ်တွင် စာရေးသောအခါ အထက်ပါအတိုင်းသစ်သားပြားပေါ်တွင် ကြိုးတားပြီး ကြိုးအောက်တွင် စက္ကူသွင်းထားပြီးရေးပါ။

ဟန်ပန်များလှုပ်ရှားပြပါ။ သင်စကားပြောလျှင် သာဓကပြရလျှင် အရာဝတ္ထု၏ အရွယ်အစားကို လက်များဖြင့် ပြသသကဲ့သို့ လက်များကို အသုံးပြုပြောဆိုပါ။ သင်သည် နားမကြားကလေးနှင့်အတူ ရှိသည့်အခါတိုင်း လှုပ်ရှားမှုများနှင့် အမူအယာများကိုဖြစ်နိုင်သမျှသုံးပါ။ ထိုအခါ ကလေးသည် မည်သည့်အရာဆိုလိုသည်ကို လေ့လာသင် ယူ နားလည်လာပါလိမ့်မည်။ နားမကြားကလေးများကို အထက်ပါအတိုင်း ကိုယ်လက်လှုပ်ရှား ဟန်ဖော်ပြမှုတို့ဖြင့်ဆက်သွယ်ကြရန် အခြား ကလေးများကိုလည်း သင်ကြားပေးပါ။

ဆရာသည် ကလေးများပြောချင်၍ ကိုယ်တိုင်ဖော်ပြကြသော အခြားနည်းလမ်းများကို လည်း နားလည်အောင်ကြိုးစားရပါမည်။ ထို့အတူ ကိုယ်က သိစေလိုသည်များကို ကလေးအား နားလည်အောင်လည်း ဆက်သွယ်ရေးနည်းလမ်းအမျိုးမျိုးကို ဆက်လက်အသုံးပြုပါ။

နားကြားနိုင်သောကလေးတို့၏ စကားလုံးအချို့ကို နားမကြားကလေးများအား ပြောရန်လာရန် သင်ကြားပေးသင့်ပါသည်။ အချို့ကလေးများသည် ရှင်းရှင်းလင်းလင်း ပြောဆိုတတ်ရန် သင်ယူနိုင်ကြပြီး အခြားသောကလေးများသည် ကြိုးစားသော်လည်း နားလည် နိုင်သော သေချာသည့် အသံများကိုသာ အောင်အောင်မြင်မြင် ကြိုးစားပြောနိုင်လာကြသည်။

သင်တို့သည် အကြားအာရုံအားနည်းသူများကို အထောက်အကူပေးရန် အထူးဆောင်ရွက်သည့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများ၊ ပညာရေးဌာနမှ လက်ဟန်၊ ခြေဟန်၊ ကိုယ်အမူအရာ ဘာသာစကားကျွမ်းကျင်သူများ၏ အကူအညီတချို့ကို ရယူနိုင်ပါသည်။

ထိုကလေးတို့သည် နားကြားကိရိယာများကို အသုံးပြုလျှင် နောက်ခံဆူညံသံ



င် အသံအားလုံးကို ကြားနေမည်ဖြစ်သည်။ သို့ဖြစ်၍ လူအများတစ်ချိန်တည်းတွင် ပြောနေပါက ထိုအသံများ ကိုခွဲခြားသိရန်မှာခက်ခဲနိုင်ပါသည်။ အကြားအာရုံ ခဲရှိသော ကလေးများအား သူတို့အတွက် မှတ်စုလိုက်ပေးသော သူငယ်ချင်း၊ တစ်ဦးဦးထက် အနားတွင် ထိုင်ရန်အားပေးပါ။ ထို့အတွက် နားမကြားကလေးသည် နှုတ်ခမ်းကို ဖတ်သောနည်းဖြင့် အာရုံစိုက်နိုင်ပါသည်။


ဆောင်ရွက်ရန်လုပ်ငန်း။ ။ကစားနည်းများနှင့်လေ့ကျင့်ခန်းလုပ်နည်းများ

ပေးသင့်ပါသည်။ သင့်အတန်းထဲတွင် နားမကြားသော ကလေးတစ်ဦးရှိလျှင် လက်၊ မျက်နှာ၊ လူကိုယ်ခန္ဓာလှုပ်ရှားမှု သို့မဟုတ် စာရေးပြခြင်းကဲ့သို့ ဆက်သွယ်ရေးနည်းများကို အသုံးပြုပါ။

ကလေးကိုစကားမပြောမီ ကလေး၏အာရုံကိုရအောင်လုပ်ပါ။ သို့မှသာ သင်စကား ပြောသည်ကိုသိမည်။ ကလေးက သင့်ကိုရှင်းလင်းစွာမြင်ရအောင်နေပါ။ အလင်းရောင်ရသော နေရာတွင် ရပ်ပါ၊ သို့မှသာ သင်၏မျက်နှာပေါ်သို့ အလင်းရောင်ကျမည်။

ကြားရန်မြင်ရန် အခက်အခဲရှိသောကလေးများသည် တစ်ခါတစ်ရံ စိတ်တို နေတတ်ပါသည်။ ပြောနေသည်ကို သူတို့အာရုံစိုက်နိုင်ပါသည်။ သို့မဟုတ် သင်ပြောသည်ကို ဂရုစိုက်နားမထောင်လိုက်ဘဲလည်း ရှိနိုင်သည်။ သူတို့ကို ဂရုတစိုက်သေချာစွာ ကြည့်ရှုလေ့လာပါ။ အကယ်၍ သူတို့တွင် ဂရုမပြုပါက ပြောသည်ကို စိတ်ဝင်စားအောင် နည်းလမ်း ရှာပါ။ သာဓက–သင်သည် အားလုံးမြင်အောင် ကလေးများ၏အလယ်တွင် နေရာယူခြင်း။ သို့မှသာ နားထောင်ခြင်း၊ သိရှိခြင်းကို အထောက်အကူပြုပါသည်။ သင်ခန်းစာကို စတင်နိဒါန်း ပျိုးရန် မြင်သာသောရုပ်ပုံကားချပ်၊ အရာဝတ္ထု သို့မဟုတ် အရေးကြီးစာလုံးတို့ကို အသုံးပြုပါ။

နားကြားမှုအခက်အခဲရှိအချို့ကလေးသည် သူ့ နား၏အနီးသို့ ကပ်ပြောသောအခါတွင် ရှင်းလင်းစွာကြားရတတ်ပါသည်။ ကိုယ်သင်ရသောကလေးများတွင် ဤသို့ကလေးမျိုးရှိသလား ရှာပါ။ သူ့ကိုဆက်သွယ်သည့်အခါ ဤသို့ နားနားကပ်ပြီး စကားပြောပါ။ အခြားကလေး များလည်း ထိုကဲ့သို့ပြုလုပ်ရန်ပြောပါ။




သင်သည် ဆက်သွယ်ပြောဆိုသည့် အဆိုပါကလေးများကို နားထောင်ရန်နှင့် စဉ်းစားရန် အချိန်ပေးပါ။ အကယ်၍ ကလေးက တုံ့ပြန်သည့်အသံများသည် မမှန်မကန် မပီမသပြောလျှင် ကလေးကိုကြိုးစားပြီး ဖြေးဖြေးနှင့်မှန်မှန် ထပ်ပြောပါစေ။ သင်ကစကားလုံး များကို မှန်ကန်စွာပြောဆိုစဉ် ကလေးသည်သင့်မျက်နှာကို မြင်နိုင်ပါစေ။

နားမကြားကလေးနှင့် စကားပြောလျှင် ပြောသည့်စကား ရှင်းလင်းအောင် သင့်ခန္ဓာ ကိုယ် အစိတ်အပိုင်းများဖြင့်

ကလေးကို နားပြန်ဖွင့်စေပြီး နားထောင်ခိုင်းရမည်။ ဆရာလုပ်သူက ထိုကလေးအား ပုံပြင်နှင့် ပတ်သက်၍ ကောင်းစွာမကြားလိုက်သည်တို့ကို အုပ်စုအားမေးခွင့်ပြုမည်။ ထိုကလေးအား ဆရာလုပ်သူနှင့် အခြားကလေးများ၏ မျက်နှာအမူအရာနှင့် ခြေဟန်၊ လက်ဟန်အမူအရာ တို့ကို မည်သို့ နားလည် သဘောပေါက်ကြောင်း ရှင်းလင်းပြောပြစေပါသည်။

ဤကစားနည်းသည် မျက်နှာအမူအရာနှင့်ခြေဟန်၊ လက်ဟန်အမူအရာကြည့်၍ ပုံပြင်ကို အမှန်ကန်ဆုံးပြောနိုင်သူသည် အနိုင်ရသည်။ ထိုနည်းအတူ အခြားကလေးတစ်ဦးစီ ကိုနားပိတ်၍ အလှည့်ကျဆောင်ရွက်ပါစေ။ ဤနည်းသည် အကြားအာရုံချို့တဲ့သောကလေး၏ အခက်အခဲကို နားလည်မှုရှိစေရန် ကူညီပေးရာရောက်ပြီး နောင်တွင်လည်း နားကြားသော ကလေးများသည် ထိုသို့အကြားအာရုံချို့တဲ့သော ကလေးမျိုး၏အခက်အခဲကို နားလည် လာနိုင်ပေမည်။

### ကစားနည်း(၂) ထိတွေ့ခြင်းဖြင့်သင်ယူခြင်း



ကလေးတစ်ဦး၏ မျက်စိကိုအဝတ်စီး၍ အခြားကလေးများအလယ်တွင် မတ်တပ်ရပ်ခိုင်း ထားပါ။ ကလေးတစ်ဦးပြီးတစ်ဦး စက်ဝိုင်းအတွင်းရှိ ကလေးထံ သွား၍ ထိတွေ့ပါ။ အလယ်ကလေးက လာထိတွေ့သူ၏ မျက်နှာကိုစမ်း၍ မည်သူက ထိတွေ့သူဖြစ်သည်ကို မှန်းဆရခြင်းဖြစ်ပါသည်။ တစ်မိနစ်အချိန်ပေး၍ ကလေးတစ်ဦးစီ၏အမည်ကို ခန့်မှန်းခိုင်းပါ။

ထိုကစားနည်းတွင် ကစားဖော်ကလေး အများစုကို ဖေါ်ထုတ်နိုင်သူသည် အနိုင်ရသူဖြစ်သည်။ ကလေးတိုင်းသည် အလှည့်ကျမျက်လုံး ပိတ်ထားရမည်ဖြစ်သည်။ ဤကစားနည်းသည် အမြင်အာရုံချို့တဲ့သောကလေး၏ တွေ့ကြုံ ရသောအခက်အခဲများကို နားလည်မှုပေးရန် ကူညီနိုင်ပါလိမ့်မည်။

### **HIV/ AIDS** နှင့်ခွဲခြားဆက်ဆံခြင်း

ယနေ့ကမ္ဘာတွင် သူတို့၏မိခင်မှတစ်ဆင့် မွေးရာပါ HIV/ AIDS ရောဂါစွဲကပ်ခံရ သော ကလေးဦးရေများပြားလာနေပြီ ဖြစ်သည်။ HIV/ AIDS

ကစားနည်းများနှင့်လေ့ကျင့်ခန်းလုပ်နည်းတို့သည် စာသင်ခန်းများသို့ ကလေးများ ပိုမို အကျုံးဝင်ရောက်ရှိလာစေရန်အကောင်းဆုံး စံပြအခွင့်အလမ်းများဖြစ်ပါသည်။

အောက်ဖော်ပြပါကဲ့သို့ နည်းများကြိုးစားအသုံးပြုကြည့်ပါ။ ကစားသူကလေးတိုင်း ပျော်ရွှင်နိုင်ကြပါမည်။

ကိုယ်ကာယလေ့ကျင့်ခန်းသည် ကလေးအားလုံး ကျန်းမာစေရန် အကူအညီပါသည်။ သင့်အတန်းအတွက် လေ့ကျင့်ခန်းအချိန်လူစုသောအခါ ဘဝနောက်ခံအမျိုးမျိုးရှိကြသည့် ကလေးများနှင့် မသန်စွမ်းကလေးများပါဝင်နိုင်သမျှ ပါဝင်ရန် သေချာအောင်ဆောင်ရွက်ပါ။ သာဓကမှာ–မမြင်နိုင်သော ကလေးများဘောလုံးကစားရန်အတွက် ဘောလုံးသို့မဟုတ် ခြင်းလုံး၏အတွင်း သို့မဟုတ် အပြင်ဘက်တွင် ခြူလုံးတစ်လုံး တတ်ဆင်ထားပါ။ ဘောလုံးနှင့် ခြင်းလုံးရွေ့သည့်အခါ အသံကို သူတို့ကြားနိုင်ပါသည်။

အချို့ကလေးများသည် လျင်မြန်စွာ ကစားရသောကစားနည်းများကို မကစားနိုင်ကြပါ။ သူတို့အတွက် အားအနည်းငယ်သာစိုက်ထုတ်ရသော ကစားနည်းများနှင့် ထိုင်၍ကစားရသောကစားနည်းများ ထည့်သွင်းနိုင်ပါသည်။ ထို့အပြင် ကလေးအများစုသည် မသန်စွမ်းမှုကြောင့် မရွေ့လျားနိုင်ခြင်းနှင့် သီချင်းမသီဆိုနိုင်ခြင်းရှိသူများလည်း ဂီတကို ချစ်မြတ်နိုးတတ်ကြသည်။ စာသင်ယူရန် အခက်အခဲရှိသူများပင် တေးဂီတကိုနှစ်ခြိုက်ကြသည်။ နားမကြားနိုင်သော ကလေးများပင်လျှင် တေးဂီတကိုနှစ်ခြိုက်ကြပြီး အထူးသဖြင့် သံစဉ်စည်းချက်အလိုက် ကိုယ်ခန္ဓာရွေ့လျားရသောအက သို့မဟုတ် သံစဉ်တုန်ခါမှုဖြင့် တေးဂီတဖြစ်ပေါ်စေသော တူရိယာတီးမှုတ်သံများကို သူတို့သည်ခံစားနိုင်ကြပါသည်။

## အချို့သောအားကစားနည်းများ

### ကစားနည်း(၁) ကြည့်ခြင်းဖြင့်သင်ယူခြင်း

ကလေးတစ်ဦးသည် အုပ်စုဝင်ကလေးများအား ရယ်မောစရာပုံပြင်တစ်ပုဒ် ပြောပြနေစဉ် အခြားကလေး တစ်ဦးက လက်နှစ်ဖက်ဖြင့်နားကို ပိတ်ထားရမည်။

အုပ်စုထဲမှကျန်တစ်ဦးက ဆရာအဖြစ် သရုပ် ဆောင်ပြီး ပုံပြင်အကြောင်းမေးခွန်းများကို ကလေး တစ်ဦးစီတိုင်းအား ဖြေခိုင်းရမည်။

ဆရာအဖြစ် သရုပ်ဆောင်သူက မေးခွန်းများ မေးပြီးသောအခါ နားပိတ်ထားသော

ကလေးတစ်ဦးသည် သင့်အားမေးခွန်းတစ်ခုကို မေးသောအခါ သင်သည်–

- ❖ ဂရုတစိုက်နားထောင်ပါ။
- ❖ သူတို့ပြောသမျှကို အလေးထားမှတ်ယူပါ။
- ❖ သူတို့အဆင့်နှင့် လျော်ညီစွာပြန်ဖြေပါ။
- ❖ အတတ်နိုင်ဆုံး အရိုးသားဆုံး ဖြေကြားပေးပါ။[6]

အကယ်၍ သင်သည် ကလေးတစ်ဦးမေးခွန်း၏အဖြေကို မသိရှိပါက အဖြေမှန် ရရှိရန် အချိန်ယူရလိမ့်မည်ကို ပြောရန်မစိုးရိမ်ပါနှင့်။ သင်သည် HIV/AIDS ရောဂါကူးစက်ခံထား ရသောကလေးများရှိသည့် ကျောင်းတစ်ကျောင်းတွင် ဆရာဖြစ်ပါက ဤလက်စွဲစာစဉ် စာအုပ်ငယ် (၆)ကို သေချာစွာဖတ်ပါ။ ထိုစာအုပ်တွင် သင်နှင့်ကလေး၊ လုပ်ဖော်ကိုင်ဖက် များအား HIV/AIDS ရောဂါကို နားလည် ရန် လိုအပ်သော အရေးကြီးသည့် ကျွမ်းကျင်မှုများ ဆိုင်ရာ အကြံပြုမှုများနှင့် လုပ်ဆောင်ချက်များ အပြင် ရောဂါကူးစက်ခြင်းမှကာကွယ်ရန် ကလေးများအားသင်မည်ကဲ့သို့ သင်ကြားပေးနိုင်သည်ကို ဖော်ပြထားပါသည်။

---

[6] http://www.avert.org/children.htm

ရောဂါစွဲကပ်ခံရသော မိသားစု ဝင်ဖြစ်သောကြောင့် ကျောင်းကအပယ်ခံရသူ သို့မဟုတ်



နသူကလေးများလည်း ရှိနိုင်ပါသည်။ HIV/ AIDS ကြောင့် ဖြစ်ပေါ်လာ
ာ်အကျိုးဆက်မှာ စောစီးစွာ သေဆုံးသွားသောမိဘများမှ ကျန်ရစ်သောက
ဘမဲ့များ)သည် ယခုအချိန်တွင် သူတို့၏ဘိုးဘွား၊ ဆွေမျိုးများနှင့်နေထို
င်လျက်ရှိပြီး တချို့မှာလမ်းပေါ်၌ နေထိုင်ရလျက် ရှိပါသည်။

HIV/AIDS နှင့်ပတ်သက်၍ ကျောင်းများ၌ ဆရာများရင်ဆိုင်နေရသည့်ပြဿနာ (၂)ရပ်ရှိပါသည်။ ပထမပြဿနာမှာ HIV/AIDS ရှိသောကလေးများနှင့်ဆက်စပ်နေသော ပြဿနာဖြစ်သည်။ ထိုကိစ္စကိုဆောင်ရွက်ရာတွင် ကူးစက်ရောဂါနှင့် ပတ်သက်၍ အသိအမြင် ကြွယ်ဝရန်လိုသည်။ သင်သည် ကလေးများကို ကူးစက် ရောဂါအကြောင်းနှင့် ပတ်သက်၍ အထောက်အထားကိုးကားပြီးပြောကြားသကဲ့သို့ HIV/AIDS အကြောင်းကို ပြောကြားနိုင်ရပါမည်။ သင်သည် ဒေသတွင်းရှိကျန်းမာရေးဝန်ထမ်းများနှင့် ဆွေးနွေးနိုင်ပါသည်။ အထူးသဖြင့် သင်၏ဒေသရှိ HIV/AIDS အပါအဝင် တခြားဖြစ်ပွားတတ်နေသော ကူးစက်ရောဂါပျံ့နှံ့မှု ဆိုင်ရာ နောက်ဆုံး သတင်းအချက်အလက်များကို စုဆောင်းရမည်။ သင်သည် HIV/ AIDS ဆိုင်ရာ သတင်းအချက်အလက်များ၊ ဖြန့်ဝေစာရွက်၊ လက်ကမ်းစာစောင်များ ရှာဖွေ စုဆောင်းပြီး သင်၏လုပ်ဖော်ကိုင်ဖက်များနှင့် ကျောင်းသားများအား ပြန်လည်ဖြန့်ဝေရမည်။ ထိုသို့ ဖြန့်ဝေခြင်းသည် ဝေဒနာရှင်များနှင့် ပတ်သက်၍လည်းကောင်း၊ ရောဂါနှင့် ပတ်သက်၍ လည်းကောင်း၊ မည်သည့်နားလည်မှု ကွဲပြား ခြားနားခြင်းကိုမဆို မှန်ကန်အောင်တည့်မတ်နိုင်ပါ သည်။ လက်တွေ့အားဖြင့် သည် ကလေးများအတွက် သန့်ရှင်းပြီးကျန်းမာရေးနှင့် ညီညွတ်သော နေရာတစ်ခုဖြစ်ရန် ကျောင်းကိုထိန်းသိမ်းရာတွင် သင်၏ကျောင်းရှိ လူတိုင်းပါဝင်သင့်သည်။ သန့်ရှင်းရေးဆောင်ရွက်ရာတွင် လိုအပ်သည့် သွေး၊ အံဖတ်၊ ကျင်ကြီးစသည့် အညစ်အကြေး များကို စွန့် ပစ်စေရန် ရာဘာလွယ်အိတ်များ၊ ကလိုရင်းဆေးများ ဖြည့်တင်းပေးရန် လိုပါသည်။

ဒုတိယပြဿနာမှာ ကလေးများထံမှ လိင်ဆိုင်ရာကျန်းမာရေးနှင့် ပတ်သက်သော မေးခွန်းအပါအဝင် HIV/AIDS ဆိုင်ရာမေးခွန်းများ မေးလာပါက မည်သို့ဖြေဆိုမည်နည်း ဟူသောအချက်ဖြစ်သည်။ သာဓကအားဖြင့် ‘လူများ HIV/AIDS ရောဂါမည်သို့ရရှိပါသနည်း’ နှင့် ကွန်ဒုံးဟူသည်မှာ အဘယ်နည်းဟူသောနမူနာမေးခွန်းအချို့နှင့်ပတ်သက်၍ သင်ကြိုတင် တွေးထားပြီးပြီဆိုလျှင် ကလေးများကိုဆွေးနွေးပြရာ၌ သက်သောင့်သက်သာဖြစ်မည်။

သာဓကအားဖြင့် ပြဿနာတစ်ရပ်ကိုကြည့်ပါ။

အရှေ့တီမောနိုင်ငံ၊ မင်နာတူတို ကိုဖြတ်၍ကားမောင်းလာစဉ်တွင် မိန်းကလေး သုံးဦးမှာ ငါးကလေးများ ချိတ်ဆွဲထားသောကြိုးစကိုဇွေ့ယမ်းပြပြီး ကားကိုရပ်ပေးရန် ကြိုးစားပါသည်။ ကျွန်ုပ်တို့ကရပ်ပေးလိုက်ပါသည်။ အသက် (၈)နှစ်မှ(၁၁)နှစ်ကြားရှိ ကလေးများသည် သူတို့၏ငါးကို ငွေအကြွေအနည်းငယ်ဖြင့် ရောင်းလို၍ ဖြစ်သည်။ ထိုနေ့သည် သောကြာနေ့နံနက်(၁၁) နာရီဖြစ်ပါသည်။ ကျောင်း၊ ရုံး ပိတ်ရက် မဟုတ်ပါ။ ဤမိန်းကလေးများသည် ကျောင်းထဲတွင်ရှိသင့်ပါသလား။ သို့မဟုတ် သူတို့သည် ကျောင်းအပြင်တွင်ရှိခြင်းက ပိုကောင်းသလားဟု မေးစရာဖြစ်လာပါသည်။ သူတို့သည် တက်တက်ကြွကြွသင်ယူနေကြသည်။ သူတို့အလုပ်လုပ်ရင်း သင်ယူသည်။ သူတို့မိသားစုအတွက် အရေးကြီးသောအသားဓာတ် သို့မဟုတ် အကယ်၍ သူတို့ငါးကို ရောင်းရလျှင် ရသောငွေအနည်းငယ်ဖြင့် မိသားစုကို အထောက်အကူပေးနိုင်မည် ဖြစ်သည်။


ကားထဲမှ ခရိုင်ကြီးကြပ်ရေးမှူးက ကလေးများ ကျောင်းမနေခြင်းကို စိတ်ပျက် နေမိပါသည်။ သို့ရာတွင် သူတို့ကလေးတွေ ကျောင်းနေပြန် လျှင်လည်းကျောင်းတွင် သူတို့၏ မိခင်ဘာသာစကား ဖြင့် မသင်ဘဲ အခြားဘာသာ စကားတစ်ခုခုဖြင့်သင်ကြား နေခြင်းလည်း ဖြစ်နိုင်ပါသည်။ ကျောင်းတွင်သင်ယူမှုအထောက် အကူပစ္စည်းနှင့် စာအုပ် များမှာ အနည်းငယ်သာရှိပါသည်။ ထို့ကြောင့်ကလေးများသည် ဆရာပြောစကား နားထောင်ခြင်း သို့မဟုတ် သင်ပုန်းတွင်ရှိနေသောစာများကို ကူးယူခြင်းဖြင့်သာ သူတို့၏အချိန်များကို အသုံးချကြပါသည်။ ဆရာအသုံးပြုသည့် တစ်ခုတည်းသော စာအုပ်မှာလည်း ပေါ်တူဂီဘာသာဖြင့် ပုံနှိပ်ထားပါသည်။

ဆရာအတော်များများမှာ သင်တန်းမရှိသေးကြောင်း၊ ထို့အပြင် ဆရာများအတွက် လည်း နေထိုင်စရာအိမ်များမပေးသောကြောင့် ဤဒေသတွင်မနေကြကြောင်း၊ ဆရာသည် ကလေးများကမ်းခြေတွင်ကစားခြင်းနှင့် ငါးမျှားခြင်းတို့ဖြင့် သူတို့၏ အချိန်တွေ ကုန်နေကြသည်ကို မသိနိုင်ခဲ့ကြောင်း သူက ဆက်လက်ပြောပြပါသည်။ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်ထဲတွင်လည်း မင်နာတူတိုဒေသအကြောင်းထက် ပေါ်တူဂီ တို့၏ ငါးမျှားခြင်းအကြောင်းနှင့် မိန်းကလေးများကို ချက်ပြုတ်နေစဉ် ယောကျ်ား ကလေး များသည်သာ ငါးဖမ်းခြင်းအကြောင်းကိုသာ နမူနာပြပါသည်။ ခရိုင်ကြီးကြပ်ရေးမှူးက သူတို့သည်မိန်းကလေးများရော ယောကျ်ားလေးများပါ ပိုမို၍ ‘သင်ယူပျော်’ ကောင်းသော ကျောင်းများ ဖြစ်လာအောင် ကြိုးစားနေကြကြောင်း၊ သို့သော် ယင်းမှာ ခက်ခဲသည်ဖြစ်၍ အချိန်ယူရလိမ့်မည် ဖြစ်ကြောင်းပြောပါသည်။

## လက်စွဲ ၄.၃
## ကလေးအားလုံးအတွက် အဓိပ္ပာယ်ရှိသော သင်ယူမှုဖြစ်စေခြင်း

ဘဝအတွက်နှင့် ဘဝအတွင်း သင်ယူခြင်း

ကျွန်ုပ်တို့သည် လူတိုင်းအကျုံး ဝင်သင်ယူရေး နှင့် ကလေးအားလုံး ကျောင်းရောက်ရှိရေးတို့တွင်ဖြစ်နိုင်ဖွယ်အဟန့်အတားတစ်ရပ်သည် “ပညာရေးကို တန်ဖိုးထားမှု” ဖြစ်ကြောင်း ဤလက်စွဲစာစဉ်၏ရှေ့ပိုင်းတွင် လေ့လာခဲ့ပြီး ဖြစ်သည်။ တစ်ဖက်တွင် ကလေးများနှင့် မိဘများသည် ကျောင်းတွင်သင်ယူခဲ့သော အချက်အလက်များက ၎င်းတို့၏ နေ့စဉ်ဘဝအတွက် မည်မျှအဓိပ္ပာယ်ပြည့်ဝကြောင်း မသိကြခြင်းပင်ဖြစ်ပါသည်။ မိဘများ



အ ကို့၏ကလေးများက ရှာဖွေပေးသောဝင်ငွေတစ်ရပ် အပေါ်တွင် မှီခိုနေရသည်။ သူ ကလေးများပင် ကျောင်းနေခြင်းထက် အလုပ်လုပ်ရန် သင်ယူခြင်းကပို၍ အ ပည်ဟူ၍ ခံယူနေကြသည်။

ကလေးများသည်ယခုသင်ကြားနေရသောအကြောင်းအရာနှင့် အနာဂတ်တွင် သူတို့ဘာဖြစ်မည်ဆိုသော အကြောင်းအရာနှစ်ခုအကြားဆက်စပ်မှုကို မမြင်နိုင်၊ မသိနိုင်လျှင် သူတို့၏မိသားစုဝင်ငွေကို ရှာဖွေထောက်ပံ့ရာ၌ ကူညီစရာမလိုသောကလေးများပင်လျှင် စာသင်ခန်းထဲတွင် ငြီးငွေ့ ပျင်းရိလာနိုင်ပါသည်။ သူတို့သည် ကျောင်းကိုတန်ဖိုးမထားတော့ဘဲ ပုံမှန်တက်ရောက်ခြင်းသည်လည်း ပျက်ကွက်လာနိုင်ပါသည်။

ထို့ကြောင့်ကျွန်ုပ်အတွက် စိန်ခေါ်မှုမှာ– ကလေးများသင်ယူနေရသော အကြောင်း အရာများကို သူတို့၏နေ့စဉ်ဘဝ၊ သူတို့စိတ်ဝင်စားမှုနှင့် ဆက်စပ်ပေးခြင်းဖြင့် ကလေးများအား သင်ယူလာစေရန် လှုံ့ဆော်ပေးသော ပျော်ရွှင်ဖွယ်သင်ယူမှုဝန်းကျင်တစ်ခုကို ဖန်တီးပေးရေး ဖြစ်ပါသည်။ ဤဆက်စပ်မှုသည် အရေးကြီးပါသည်၊ အဘယ်ကြောင့်ဆိုသော် သင်ကြား ပြသသည့်အချိန်၌ သူတို့၏စိတ်ထဲတွင် ကြိုးစားဆက်စပ်ယူကြည့်နေသည့် ယခုသင်ယူနေသော အကြောင်းအရာတို့နှင့် သူတို့၏ ဘဝ၊ ရပ်ရွာဒေသ၊ မိသားစုအတွင်းသင်ယူခဲ့ပြီးသော အကြောင်းအရာ ဆက်စပ်နေခြင်းပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဤဆက်စပ်မှုကို မည်ကဲ့သို့ ဖန်တီးပေးနိုင်ပါမည်နည်း။

သင့်အတန်းထဲရှိကလေးများနှင့် သူတို့၏ရပ်ရွာအကြောင်းကို တွေးကြည့်ပါဦး၊ 'သူတို့ မိဘများ၏အသက်မွေးဝမ်းကျောင်းအလုပ်များအကြောင်းကို သင်သိပါသလား'။ 'ကလေး အများစုနေထိုင်သောနေရာကိုသင် သိပါသလား'။ 'ကလေးအများစု ကျောင်းတက်ပျက်နေ ကြပါသလား'။ 'သူတို့မည်သို့သောအခါတွင် ကျောင်းပျက်တတ်ပါသလဲ၊ ပျက်ရခြင်း အကြောင်းရင်းကိုသင်သိပါသလား'။ သင့်ကျောင်းတွင် အထက်ပါအချက်အလက်များ ပါဝင်သော ကလေးတစ်ဦးခြင်းဆိုင်ရာ သင်ယူမှု မှတ်တမ်းတစ်ခုရှိပါသလား၊ (စာအုပ်ငယ် ၃ တွင်ကြည့်ပါ)

သင်သည် ကျစာသင်ကာလတွင် သင်ကြားမည့်သင်ခန်းစာခေါင်းစဉ်များကို ခေါင်းစဉ်များ အဓိပ္ပာယ် ပို၍ရှိလာစေအောင် ပြုလုပ်ပေးနိုင်သောနည်းလမ်းများကို စဉ်းစားပါ။

| သင်ခန်းစာခေါင်းစဉ် | ကလေးများ၏နေ့စဉ်ဘဝနှင့် ဆက်စပ်မှု | ခေါင်းစဉ်တွင်အသုံးပြုမည့်နည်းလမ်းများ |
|---|---|---|
| သာဓက– မိုးသစ်တောရှိ သစ်ပင်များအကြောင်း | ကလေးများနေထိုင်သည့် ရပ်ရွာ တွင် သစ်ပင်များ အမြောက် အမြားရှိသည် သို့မဟုတ် ရပ်ရွာ သည် မိုးသစ်တော မဟုတ်သော သစ်တောတစ်ခု၏ အနီးတွင် | ရပ်ရွာဒေသတွင်းသစ်တောများကိုဦးစွာ ကြည့်ရှု လေ့လာခြင်းနှင့် သိပ္ပံ၊ သင်္ချာ ဘာသာစကားတို့နှင့် ဆက်စပ်သည့် လက်တွေ့လုပ်ငန်းများကို ပြုလုပ်ခြင်း တို့ဖြင့် လေ့လာပါစေ။ ထို့နောက် ဒေသ ကြီးအတွင်းရှိ သစ်တောများနှင့် ဆက်စပ် ပေးပါ။ |
| သင်ပေးသည့်သာဓက– | | |

အဓိပ္ပာယ်ပြည့်ဝသောသင်ယူမှုအတွက် သင်ယူပျော်ဝန်းကျင်တစ်ခုကိုဖန်တီးခြင်း

အဓိပ္ပာယ်ပြည့်ဝသောသင်ယူမှုအတွက် ပြင်ဆင်ခြင်း

'အဓိပ္ပာယ်ပြည့်ဝသောသင်ယူမှု' ဆိုသည်မှာ လက်ရှိသင်ယူနေရသော (သင်ရိုး

မင်နာတူတိုဒေသရှိ ဆရာများသည် ကလေးများနှင့် ကလေးများ၏ပတ်ဝန်းကျင် အကြောင်းတို့ကို ကောင်းစွာသိရှိလျှင် သူတို့သည် သင်ရိုးညွှန်တမ်းတွင် ဒေသဆိုင်ရာ အကြောင်းအရာနှင့် သာဓကများကို ပိုမိုထည့်သွင်း လာကြမည်ဖြစ်သည်။ ဆရာသည်အချို့ မိဘများအား ငါးကိုမည်သို့ သွားရောက်ဖမ်းကြရသည်။ ငါးဖမ်းရာတွင် အသုံးပြုသော ပိုက်ကွန်များနှင့် အခြား ကိရိယာများကို အတန်းတွင်းသို့ယူဆောင်၍ ရှင်းပြစေသင့်ပါသည်။ ကလေးများအား အိမ်ပြန်ခိုင်းပြီး ဒေသတွင်းဖမ်းဆီးရမိသော ငါးအမျိုးမျိုးပုံကိုဆွဲခိုင်းပြီး စာသင်ခန်းနံရံတွင် ကပ်ရန်အတွက် ကားချပ်တစ်ခုကို ပြုလုပ်ခိုင်းနိုင်ပါသည်။ သူတို့သည် ဖမ်းဆီးရသောငါးများ၏ အရွယ်အစားအမျိုးမျိုး၏ အလေးချိန်နှင့်အရှည်ကို တိုင်းတာပြီး ၎င်းတို့ကို ဖော်ပြသည့်ဂရပ်ပုံတစ်ခုကို ပြုလုပ်နိုင်ပါသည်။ ဤလုပ်ဆောင်ချက်များနှင့် အခြား သွက်လက်သည့်သင်ယူမှုလုပ်ဆောင်ချက်များဖြင့် ကလေးများကို ကျောင်းတက်ရန် ပို၍ လှုံ့ဆော်နိုင်မည့်အပြင် ကလေးများ ၏သင်ယူမှု များသည်လည်း သူတို့နှင့်သူတို့မိသားစုများ အတွက် ပို၍အဓိပ္ပာယ်ရှိလာလိမ့်မည် ဖြစ်သည်။

ဆောင်ရွက်ရန်လုပ်ငန်းများ။ ။သင်ယူခြင်းနှင့် လူအဖွဲ့အစည်းကို ဆက်စပ်ပေးခြင်း

ကိုယ့်နိုင်ငံ၏သင်ရိုးညွှန်းတမ်းကို ပြန်လေ့လာသုံးသပ်ပြီး ကလေးများ၏နေ့စဉ်ဘဝနှင့် ဆက်စပ်လျက် သူတို့တစ်တွေသိသင့်သည်ဟုထင်မြင်သော အကြောင်းအရာများနှင့် ထိုကလေး များသင်ယူခဲ့ပြီးသော အကြောင်းအရာများအပေါ်အခြေခံကာ အရေးကြီးသော သင်ခန်းစာ ခေါင်းစဉ်များကို စာရင်းပြုစုပါ။

ဘဝတွင် အသက်ရှင်သန်ရေးဆိုင်ရာသင်ခန်းစာကဲ့သို့သော ကျန်းမာရေးသင်ခန်းစာ ခေါင်းစဉ်များ သို့မဟုတ် စိုက်ပျိုးခြင်း သို့မဟုတ် ငါးဖမ်းခြင်းရာသီကဲ့သို့သော ရပ်ရွာဒေသ၏ တစ်နှစ်တာလူမှု ဘဝစက်ဝန်းနှင့် ကိုက်ညီသော သင်ခန်းစာခေါင်းစဉ်များကို ချိတ်ဆက်ပေးရန် ကြိုးစားရပါမည်။



ဆောင်ရွက်ရန်လုပ်ငန်း။ ။သင်ယူမှုနှင့်ကလေးများ၏ဘဝတို့ ဆက်စပ်ပေးမှု

သင်ကြားပေးမည့်ခေါင်းစဉ်တစ်ခုကိုထပ်မံစဉ်းစားကြိုးစားပါဦး။ ၄င်းခေါင်းစဉ်ကို အထက်တွင် ဖော်ပြခဲ့သောဇယားတွင် ဖြည့်ကြည့်ပါ။ သင်သည်ကလေးများ၏ နေ့စဉ်လုပ်ငန်း တစ်ခုခုနှင့် ဆက်စပ်မှုများ ပြုလုပ်နိုင်ပါသလား။ သာဓက–

- ❖ အိမ်အလုပ် (ထမင်းချက်ခြင်း၊ ညီ ညီမငယ်များကို ပြုစုခြင်း၊ သန့်ရှင်းရေး ပြုလုပ်ခြင်း)၊
- ❖ တိရစ္ဆာန်များကို ထိန်းကျောင်းခြင်း၊
- ❖ အစားအစာအတွက် ငါးဖမ်းခြင်း၊ အမဲပစ်ခြင်း သို့မဟုတ် စုဆောင်းခြင်း၊ သို့မဟုတ်
- ❖ သီးပင်စားပင်စိုက်ပျိုးခြင်းနှင့် အလုပ်ခွင်တွင်အလုပ်လုပ်ခြင်း၊

အဓိပ္ပာယ်ရှိသော သင်ယူမှုဝန်းကျင်တစ်ခုကို ဖန်တီးခြင်း

အဓိပ္ပာယ်ရှိသောသင်ယူမှုဖြစ်ပေါ်ရန်အတွက် စာသင်ခန်းသည် သင်ယူပျော် ဖြစ်သင့်ပါသည်။ သင်ယူပျော်စာသင်ခန်းများဟူသည် ကလေးများက မေးခွန်းများမေးရန်၊ ပြဿနာများ၏ အဖြေကိုဖော်ထုတ်တတ်ရန်၊ ပြောဆိုရန် အစပြုဆွေးနွေးရန်၊ သူတို့၏ဆရာ၊ မိတ်ဆွေ၊ မိသားစုများနှင့်အတူ အဖြေရရန် ပြောဆိုဆွေးနွေး တတ်လာကြရန်အားပေးပါသည်။ ယောကျ်ားကလေးများနှင့် မိန်းကလေးများ၊ ဘဝနောက်ခံအမျိုးမျိုးနှင့် စွမ်းရည်မတူသော ကလေးအားလုံးသည် ယုံကြည်မှု ပြည့်ဝလာရန်နှင့် စိတ်သက်သာမှုများ ရရှိခံစားနေကြရ ပါမည်။

ဆရာသည်သင်ယူပျော်စာသင်ခန်းတွင် အမျိုးမျိုးသောအခန်းကဏ္ဍများမှနေ၍ ဆောင်ရွက်ရပါမည်။ ယခင်က ဆရာသည် "အချက်အလက်ပေးသူ" တစ်ဦး၏ အဖြစ်မျှသာ ပါဝင်ခဲ့ရသည်။ သို့သော် ယခုအခါတွင်မူ ကျွန်ုပ်တို့ကလေးများ အပြည့်အဝဆုံး သင်ယူရေး အတွက် ကူညီရန်အလို့ငှါ ဆရာတို့၏အခန်းကဏ္ဍကို "ကူညီပံ့ပိုးသူ၊ စီမံခန့်ခွဲသူ၊ ကြည့်ရှု လေ့လာသူနှင့် ကိုယ်တိုင်သင်ယူသူ" အဖြစ် တိုးချဲ့ဆောင်ရွက်ရပါသည်။ အခန်းကဏ္ဍ အသစ်များတွင် မည်သည်တို့ ပါဝင်ပါသလဲ။

မာတိကာနှင့် သင်ခန်းစာခေါင်းစဉ်)ကို ကလေးများနှင့် သူတို့၏မိသားစုများ၏ နေ့စဉ်ဘဝအတွက် မည်ကဲ့သို့ဆက်စပ်သင်ကြားပေးမည် ဟူသောအချက်ပင် ဖြစ်ပါသည်။ သင်ကြားခြင်းဟူသည် ရောနှောပေါင်းစပ်ထားရသည့်လုပ်ဆောင်ချက်တစ်ရပ်ဟု ကျွန်ုပ်တို့အားလုံး သိပြီးဖြစ်ကြပါသည်။ အဓိပ္ပာယ်ပြည့်ဝသော သင်ယူခြင်းအတွက် ပြင်ဆင်ရာတွင် အကြောင်းအရာများစွာကို ကျွန်ုပ်တို့ထည့်သွင်း စဉ်းစားရပါမည်။ ထို့ထက်မူ ကလေးတစ်ဦး၏ သင်ယူမှုကို မည်သူမျှ မလုပ်နိုင်။ သူတို့ကို သူတို့သည် သင်ယူရန် လှုံ့ဆော်မှုပြုသည့်အခါမှသာ သင်ယူပါလိမ့်မည်။ သူတို့ကို သင်ယူရန်အခွင့်အလမ်းများထိရောက်စွာပေး၍ တတ်မြောက် ကျွမ်းကျင်မှုများသည် အောင်မြင်မှုကို ဦးတည်နိုင်လိမ့်မည်ဟု ခံစားမိလာကြလျှင် ကလေး များသည် သင်ယူလာကြပေမည်။ အတန်းဖော်များ၊ ဆရာများနှင့် မိဘများကသူတို့ကို အပြုသဘောဆောင်သော အားဖြည့်ပေးမှုများဖြည့်စွက်ပေးမှသာ သူတို့သည် သင်ယူကြပေ မည်။ အဓိပ္ပာယ်ပြည့်ဝသောသင်ယူမှုအတွက် ကျွန်ုပ်တို့ မည်ကဲ့သို့ပြင်ဆင်ရမည်နည်း။ သင်ခန်းစာများကြိုတင်ပြင်ဆင်မှုတွင် အောက်ပါမေးခွန်းများကို မိမိကိုယ်ကို မိမိမေးကြည့်ပါ–

- ❖ လှုံ့ဆော်မှု။ သင်ခန်းစာခေါင်းစဉ်သည် ကလေးများအတွက် အဓိပ္ပာယ်ရှိသည့်အပြင် ကလေးများနှင့် ဆီလျော်မှုရှိပါသလား။ ကလေးများ သင်ယူရန် မျှော်လင့်ထားသောအရာများမှာ သူတို့စိတ်ဝင်စားသော အကြောင်းအရာများ ဖြစ်ပါသလား။

- ❖ အခွင့်အရေးများ။ သင်ယူမှုအခွင့်အရေးများသည် ကလေးများ၏ဖွံ့ဖြိုးမှုအဆင့်နှင့် ကိုက်ညီမှုရှိပါသလား။ သာဓကအားဖြင့်–သင်ခန်းစာခေါင်းစဉ်သည် ကလေးများအတွက် ခက်လွန်း သို့မဟုတ် လွယ်လွန်း နေပါသလား။ သင်ယူမှုလုပ်ငန်းများသည် ယောကျ်ားကလေးများနှင့် မိန်းကလေးများအတွက်အတွက်ပါ သင့်တော်ပါသလား။ ထို့အတူ ဘဝနောက်ခံအမျိုးမျိုးနှင့် စွမ်းရည်မတူကြသော ကလေးများအတွက်ပါ သင့်တော်ပါသလား။

- ❖ ကျွမ်းကျင်မှုများ။ သင်ယူရာတွင် မျှော်မှန်းရလဒ်များရရှိရန် ကလေးများတွင် ကျွမ်းကျင်မှုများရရှိပါသလား။

- ❖ တုံ့ပြန်ချက်။ စစ်ဆေးအကဲဖြတ်မှုနှင့် တုန့်ပြန်ချက် အမျိုးအစားများသည် ကလေးများ ဆက်လက်သင်ယူရန်လှုံ့ဆော်မှုကို တိုးမြှင့်ပေးရန် ပြုစုရေးဆွဲထားပါသလား။

ပါသည်။ လိင်(ကျား မ) အခန်းကဏ္ဍများကို လူ့အဖွဲ့အစည်းက ဖန်တီးဖော်ဆောင်ထားပြီး မျိုးဆက်တစ်ခုမှ နောက်တစ်ခုသို့ လူ့အဖွဲ့အစည်းယဉ်ကျေးမှု၏ အစိတ်အပိုင်းအဖြစ် နားလည် လက်ခံခဲ့ကြပါသည်။ ကျား မ အခန်းကဏ္ဍသည် အချိန်ကြာလာသည်နှင့်အမျှ အခြားရိုးရာ ယဉ်ကျေးမှုအစဉ်အလာများနှင့် အတွေ့အကြုံမှရသော အမြင်များနည်းတူ ပြောင်းလဲနေ သောကြောင့် ပုံသေတည်တန့်မနေတော့ပါ။ အဆိုပါ အခန်းကဏ္ဍများသည် မိန်းကလေး များနှင့် ယောကျာ်းကလေးများသည် မည်ကဲ့သို့ပြုမူရမည်၊ မည်သည်ကိုသင်ယူရန်ခွင့်ပြုသည် အစရှိသည်ဖြင့် ကြိမ်ဖန်များစွာပင် တင်းကြပ်ကန့်သတ်ထား၍ ကလေးများ၏ သင်ယူမှုတွင် ထိခိုက်ရပါသည်။ အောက်ပါဖြစ်ရပ် လေ့လာမှုသည် မည်ကဲ့သို့ဖြစ်ပျက်ကြောင်း နမူနာ တစ်ရပ်ဖြစ်ပါသည်။

ဆူဆန်၏ဖြစ်ရပ်

ဆူဆန်သည် လာအိုနိုင်ငံတောင်ပိုင်း၊ ပတ်စဲမြို့အနီးရှိ ရွာတစ်ရွာတွင်နေထိုင်ခဲ့ ပါသည်။ သူမသည် အသက် (၉) နှစ်အရွယ်ရှိပြီး အဆင့်(၃) (ဒုတိယတန်း)တွင် ပညာ သင်ပါသည်။ သူမသည် သူမ၏အစ်ကိုနှစ်ဦးဖြစ်သည့် လီနှင့် ဟန်တို့နှင့်အတူ ခြေလျင် လျှောက်ကြပြီး ပျော်ရွှင်စွာကျောင်းတက်လေ့ရှိခဲ့ပါသည်။ သူမသည် ကျောင်းသူကောင်း တစ်ဦးဖြစ်သည့်အပြင် ကျောင်းတွင် စာကြိုးစားပါသည်။ သို့ရာတွင် သူမ အေးအေး ဆေးဆေးဆက်ကျောင်းတက်ရန် မလွယ်ကူတော့ကြောင်းတွေ့လာရပါသည်။ ဆူဆန်၏ အခက်အခဲမှာ သူမကျောင်းမလာမီ အိမ်တွင်လုပ်စရာရှိသည့်အလုပ များပင် ဖြစ်ပါသည်။ သူမမှာ လုပ်ကိုင်ရန် တာဝန်များစွာရှိပါသည်။ သူမ၏ ညီမသည် ကစားစဉ် မိုင်းနင်း မိ၍ ခြေတစ်ချောင်းပြတ်ခဲ့ရသည်။ နာကျင်လွန်း၍ ညအိပ်စဉ် မကြာမကြာနိုးလေ့ရှိသည်။ မနက်တိုင်း ဆူဆန်သည် မိသားစုမနိုးမီ ထင်းသယ်၊မီးမွေးရသည်။ ထမင်းချက်ရန် စပါးကို ထောင်းဖွတ်ရသည်။ ပြီးနောက် ညီမငယ်ကို ရေချိုး ထမင်းကျွေးရသည်။ ကျောင်းက ပြန်ရောက်လျှင်လည်း လွန်စွာမောပမ်း နွမ်းနယ်ရတော့သည်။ အိမ်အလုပ် ကူလုပ်ရန် သူမအစ်ကိုများကို ဘယ်သောအခါမှ မခိုင်းကြပေ။ ကျောင်းပိတ်ရက်များတွင်သူတို့သည် ဖခင်နှင့်အတူ ငါးမျှားထွက်လေ့ရှိသည်။ ထို့ကြောင့် သူတို့မှာတော့ အိမ်စာလုပ်ရန် အချိန်ရကြပါသည်။

ဆူဆန် ကျောင်းရောက်ပြန်တော့လည်း စာထဲစိတ်ရောက်ရန် အပြင်းအထန်

- ❖ ကူညီပံ့ပိုးသူ။ ကလေးများအတွက် သင့်တော်သော သင်ယူမှုအခွင့်အလမ်းများ ပေးရန် လိုအပ်သည့်အပြင် အတွေးအခေါ်စိတ်ကူးများ လွတ်လပ်စွာ တွေးခေါ်တင်ပြတတ်ရန်၊ အပြုသဘောဆောင်သောစိတ်ထားဖြင့် အရေးပါသော ဆွေးနွေး ရန်နှင့် အကြောင်းအရာများကို ပြောဆိုဆွေးနွေးတတ်ကြရန် အားပေးကြရ ပါမည်။
- ❖ စီမံခန့်ခွဲသူ။ အောင်မြင်သောကူညီပံ့ပိုးသူတစ်ဦးဖြစ်လာရန် ကျွန်ုပ်တို့သည် စီမံချက်ကို ကောင်းစွာရေးဆွဲပြီး ဆွေးနွေးမှုများတွင် ကလေးတစ်ဦးချင်းက သူတို့၏အမြင်များကို ထုတ်ဖော်ပြခွင့်ရရှိအောင် သေချာစွာလမ်းညွှန်မှု ပေးရပါသည်။
- ❖ ကြည့်ရှုလေ့လာသူ။ ကြည့်ရှုလေ့လာခြင်းသည် ကလေးများကို တစ်ဦးချင်း၊ အတွဲလိုက် သို့မဟုတ် အုပ်စုအလိုက် လုပ်ငန်းဆောင်ရွက်ရာတွင် သူတို့၏ အကြောင်းကို ပိုမိုနားလည်စေရန်နှင့် အဓိပ္ပာယ်ရှိသော သင်ယူမှုလုပ်ငန်းများကို စီစဉ်ရာတွင် အထောက်အကူပြုပါသည်။ သာဓကမှာ လုပ်ငန်းတစ်ခုသည် ကလေးနှစ်ဦးအတွဲလိုက် ကောင်းစွာပြုလုပ်နိုင်ခြင်းဖြင့် အုပ်စုလုပ်ငန်းအဖြစ် တိုးချဲ့ပြုလုပ်နိုင်ပါသလား။ ၄င်းကလေး နှစ်ဦးသည် ခေါင်းဆောင်ဖြစ်နိုင်ပါ သလား။
- ❖ သင်ယူသူ။ သင်ခန်းစာများနှင့် ကလေးများသည် မည်ကဲ့သို့ လေ့လာသင်ယူနေသည်ကို ပြန်လည်ဆန်းစစ်သောအခါ ကျွန်ုပ်တို့ကိုယ်တိုင် သင်ယူသူများ ဖြစ်လာရပြန်ပါသည်။ ကျွန်ုပ်တို့သင်နေသော သင်ခန်းစာများကို ပို၍အဓိပ္ပာယ် ပြည့်ဝအောင်နှင့် နည်းလမ်းများ ဖွံ့ဖြိုးအောင်ပြုစုနိုင်ပါသည်။ သာဓကအားဖြင့်–လုပ်ငန်းတစ်ခုသည် ခက်ခဲသော အသိသညာ သို့မဟုတ် သင်ခန်းစာခေါင်းစဉ် တစ်ခုကို နားလည်စေရန် ကူညီမှုပေးရာတွင် အထောက်အကူပြုပါသလား။ အဆိုပါလုပ်ငန်းသည် အခြားအသိသညာနှင့် သင်ခန်းစာခေါင်းစဉ်များ တွင်လည်း အသုံးပြုနိုင်ပါသလား။

လိင်(ကျား မ) ခွဲခြားအသိရှိသော သင်ယူမှုအတွေ့အကြုံများကို ဖန်တီးခြင်း

ဤလက်စွဲ စာစဉ်လမ်းညွှန်နိဒါန်းတွင် လိင်(ကျား မ)ဆိုရာ၌ ယဉ်ကျေးမှုတစ်ရပ် အတွင်းတွင် ယောကျ်ားများသည် ဝမ်းစာရှာရသူဖြစ်ကြပြီး မိန်းမများမှာ ကလေးထိန်းသူများ ဟူ၍ သတ်မှတ်ပေးအပ်ထားချက် တစ်ရပ်အရ လူမှုရေးအခန်းကဏ္ဍကို ရည်ညွှန်းဖော်ပြခဲ့

ဖြစ်နေကြပြီဖြစ်လေသည်။

ဆူဆန်၏ဖြစ်ရပ်သည် ကျားမ၏အခန်းကဏ္ဍနှင့်တာဝန်များကြောင့် မိန်းကလေးများ အတွင်းတွင်ဤကဲ့သို့ ကျောင်းထွက်နေရပြီး အပယ်ခံဘဝသို့ ဦးတည်နေကြောင်း သာဓက တစ်ရပ်ပင်ဖြစ်သည်။ ယောကျ်ားကလေးများမှာလည်း မိသားစုဝင်များကို ပံ့ပိုးရေးအတွက် အလုပ်လုပ်ရန် ပို၍အရေးကြီးကြောင်းနှင့် ကျောင်းသည်သူတို့အတွက် အဓိပ္ပာယ်မရှိဟု ခံစားလာမိသည့်အခါ သူတို့၏ပညာသင်ယူမှုထိခိုက်နိုင်ပြန်ပါသည်။ ထို့အပြင် ယောကျ်ား ကလေးများနှင့် မိန်းကလေးများသည် စဉ်းစားပုံစဉ်းစားနည်းတစ်ရပ်အားဖြင့် သူတို့၏ လူမှုဘဝခံယူကြရပြန်သည်။ သာဓကမှာ– ယောကျ်ားကလေးဆိုတာ မငိုရဘူးသို့မဟုတ် မိန်းကလေးက ကြမ်းကြမ်းတမ်းတမ်း မကစားရဘူး ဟူ၍ဖြစ်ပါသည်။ ထိနသ်းအတူ သခ်ျာ၊ သိပ္ပံဘာသာတို့သည် ယောကျ်ားကလေးများ၏ဘာသာဟု



ဘြဲ၍ မိန်းကလေး များလည်း သင်ယူရန် မဝံ့မရဲနှင့်ယုံကြည်မှုမရှိဖြစ်တတ်ကြမ ်၍ကလေးအားလုံးသို့ မှန်ကန်သည့်အခွင့်အရေးများကိုပေးပါမှ ကလေးများသည် တတ်မြောက်မည် ဖြစ်ပါသည်။

အကယ်၍ ကျွန်ုပ်တို့သည် ကလေးအားလုံးကို လူတိုင်းအကျုံးဝင်သင်ယူပျော် စာသင်ခန်းများတွင် ပါဝင်လာစေပြီဆိုလျှင် ကျွန်ုပ်တို့သည် ‘ ငါ့ကလေးအားလုံးဟာ ငါပေးမယ့် လုပ်ငန်းတွေမှာ လှုပ်ရှားလုပ်ကိုင်ပြီးစီးနိုင်ဖို့ အချိန်နှင့်ခွန်အားရှိ ကြပါသလား’ ဟုမိမိတို့ကိုယ်ကို မေးရန်လိုပါမည်။ ဤမေးခွန်းကို ဖြေရန်နည်းလမ်းတစ်ခုမှာ ‘ မိန်းကလေးနှင့် ယောကျ်ား ကလေးများ အိမ်တွင် အလုပ်မည်မျှလုပ်ရသလဲ’ ဟူသော အတန်းတွင်းစီမံချက်တစ်ခု ပြုလုပ်ခိုင်းရန်ပင် ဖြစ်ပါသည်။ သင်၏တပည့်များအား ‘ ကျွန်တော်/ကျွန်မအိမ်တွင် ဘာလုပ်ရသည်’ ဟူသောခေါင်းစဉ်ဖြင့် ဖြစ်ရပ်ဇာတ်လမ်းတို့ကိုပြောခိုင်းရန် သို့မဟုတ် ရေးရန် ပြောပါ။ သင်၏တပည့်များ အထူးသဖြင့် မိန်းကလေးများသည်အိမ်၊ မိသားစုအလုပ်များ မည်မျှများပြားစွာလုပ်ကိုင်နေရသည်ကို သင်အံ့သြရပေလိမ့်မည်။ သင်သည် ကလေးများ၏ လိုအပ်ချက်များနှင့် ကိုက်ညီမည့် သင်ယူမှုအစီအစဉ်များကို ညှိနှိုင်းဆောင် ရွက်ပေးနိုင်ပါသည်။

ဆောင်ရွက်ရန်လုပ်ငန်း။ ။ကျား မ ခွဲခြားမှုသတိပြုမိခြင်းကို မြှင့်တင်ခြင်း

အားထုတ် ရပါသည်။ သူမမှာ အလွန်ပင်ပန်းခဲ့သည်ကတစ်ကြောင်း၊ သင်ခန်းစာများသည် သူမ၏နေ့စဉ်ဘဝနှင့် အလွန်ခြားနားနေသည်ကတစ်ကြောင်း၊ ထို့ကြောင့် အချိန်ပြည့် စိတ်ဝင်စားရန် ခက်ခဲလာကြောင်း တွေ့လာရသည်။ ဆရာသည် သူမအား မကြာခဏ စိတ်ဆိုးသည်၊ တစ်နေ့တွင် ဆရာစာသင်နေစဉ် သူမအိပ်ပျော်နေ၍ ဆရာစိတ်ဆိုး ပြန်ပါသည်။



ဆရာဆူပြီးသည့်နောက်တစ်နေ့တွင်သည် ကျောင်းမတက်ရန် ဆူဆန်ဆုံးဖြတ်ခဲ့ ူမသည် အိမ်မှာနေပြီး နေ့စဉ် ထင်းရှာ၊ ရေခပ်၊ ညီမငယ်ကိုပြုစု၊ တိရစ္ဆာန် ျင်းလုပ်နေလျှင် မိဘကိုကူညီရာ ရောက်သည်ဟု တွေးထင်ခဲ့သည်။ သို့ဖြင့် ကျောင်းမတက်သည့် ရက်များလာပြီး နောက်ဆုံးတွင် ကျောင်းလုံးဝမတက်တော့ တ်ခဲ့လိုက်တော့သည်။ နေ့စဉ်အိမ်မှာနေပြီး မိခင်ကိုကူညီခဲ့သည်။ဒုတိယတန်း (အဆင့်–၃) ကိုမပြီးဆုံးခဲ့ပေ။ သူမ၏အစ်ကိုလီနှင့် ဟန်တို့ နှစ်ဦးစလုံးမှာ မူလတန်း အဆင့်ပြီးဆုံး၍ စာကောင်းစွာရေးတတ်ကာ အလယ်တန်းကျောင်းသို့တက်ရန် အသင့်

| ဖော်ပြချက် | အမြဲတမ်း | တစ်ခါတစ်ရံ | မည်သည့်အခါမျှ | [illegible] |
|---|---|---|---|---|
| လွှမ်းခြုံသင်ယူရေးနည်းလမ်းများကို မိန်းကလေးများနှင့်ယောကျ်ားကလေးများအတွက် အပြုသဘောဆောင်သော အခန်းကဏ္ဍ ပါဝင်မှု ရှိ-မရှိကြည့်ရှုသည်။ | | | | |
| လွှမ်းခြုံမိန်းကလေးများကိုသင်္ချာနှင့် သိပ္ပံဘာသာတွင်ကောင်းစွာသင်ယူတတ် မြောက်အောင်အားပေးသည်။ | | | | |
| လွှမ်းခြုံမှုဆိုင်ရာသင်ယူမှုနည်းလမ်းကို အသုံးပြု၍ ပြင်ဆင်ထားသောစည်းကမ်း ချက်များချမှတ်ရန်မလိုပါ။ | | | | |
| မိန်းကလေးအသက်ကြီးသူများကငယ်သူ များကို သင်္ချာနှင့်သိပ္ပံဘာသာများတွင် ကောင်းစွာကူညီကြသည်။ | | | | |
| လွှမ်းခြုံအတန်းရှိကလေးအားလုံးသည် ကိုယ်တိုင်ဆော်ထုတ်ပြောဆိုရန်အခွင့် အလမ်းများပေး၍အဓိကဘာသာများ တွင်အောင်မြင်မှုများရရှိကြသည်။ | | | | |

ကျောင်းအုပ်ချုပ်သူများက အောက်ပါ လုပ်ငန်းများကို ဆောင်ရွက်ပါ။

❖ မသန်စွမ်းကလေးများ သို့မဟုတ် ပြဋ္ဌာန်းစာအုပ်ရှိ လူမျိုးစုကလေးများ အကျုံးဝင်မှုနည်းနေသေးခြင်း သို့မဟုတ် နွမ်းပါးကလေးများ၊ လမ်းပေါ်နေ ကလေးများနှင့် အလုပ်လုပ်နေရသောကလေးများ၏ ထပ်ဖန်တလဲလဲ ဘက်လိုက်မှုများကို လက်စွဲ (၄.၂တွင် ကြည့်ပါ) ကျား မ ခွဲခြားမှုပပျောက်ရေးနှင့် သင်ယူမှုပစ္စည်းများပြန်လည်သုံးသပ်ရေးတွင် အထောက်အကူပေးရန်ဖြစ်သည်။ ဤလုပ်ငန်းသည် ကျောင်းတစ်ကျောင်းလုံးက လုပ်ရမည့် အလုပ်ဖြစ်ပါသည်။ ဆရာတစ်ဦးချင်းအနေဖြင့် ဆောင်ရွက်ရန်အသိရှိရမည့် အပြင် မည်ကဲ့သို့ ဆောင်ရွက်ရမည်ကိုလည်း သိထားရပါမည်။ စာအုပ်တစ်အုပ်ပေါ်ရှိ စတစ်ကာပုံ တစ်ပုံသည်ပင် တစ်နည်းနည်းဖြင့် ဘက်လိုက်မှုရှိနိုင်၍ အပြုသဘောမျိုး အကျုံးဝင်မှု ပညာရေးအကြောင်း အတန်းတွင်းဆွေးနွေးပွဲများတွင် ဦးတည်ဆွေးနွေးနိုင်စေပါသည်။ (စာအုပ်ငယ် ၁ ကိုကြည့်ပါ။)

❖ မိန်းကလေးအချို့သည် ကလေးထိန်းခြင်းနှင့် အိမ်အလုပ်လုပ်နေရခြင်းဖြင့် အချိန် များစွာကုန်ကြရာ သူတို့အတွက် ပို၍ပြုလွယ်ပြင်လွယ်သော သင်ရိုးညွှန်းတမ်းနှင့် ကိုယ်တိုင် သင်ယူမှုပစ္စည်းများဖြင့် အစပျိုးသင်ပါ။ မိသားစုအတွက် ဘဝ ရပ်တည်ရန် အကူအညီလိုအပ်ရာ နွမ်းပါးသောမိသားစုမှ မိန်းကလေးနှင့် ယောကျ်ားကလေးများတွင် ကျောင်း၏လုပ်ငန်းများလုပ်ရန် အချိန်အနည်း ငယ်သာ ရှိကြပါသည်။ သို့ဖြစ်၍ သင်ယူမှုလုပ်ငန်းများကို ကျောင်းချိန်အတွင်း ပြီးစီးရန်ကြိုးစားဆောင်ရွက်ကြပါ။ အိမ်စာများလျှင် တစ်ခုခုကို ရွေးချယ်လုပ်ခွင့် ပေးပါ။

❖ မူလတန်းများတွင် ဆရာများသည် မိန်းကလေးများထက် ယောကျ်ားကလေး များကို ပို၍ ပြောဆိုတတ်ကြပါသည်။ ဆရာ၏ မေးခွန်းကိုဖြေရန် ကလေးများကို အချိန် (စဉ်းစားချိန်) ပေးရန် သတိပြုပါ။ သင့်အား အတန်းတွင်း စာသင်စဉ် အကဲဖြတ်ပေးရန် လုပ်ဖော်ကိုင်ဖက်တစ်ဦးမှမရှိပါလျှ င် သင်သည် မိန်းကလေး များနှင့်ယောကျ်ားကလေးများကို ခွဲခြားဆက်ဆံမှုရှိ–မရှိကို အကဲဖြတ်ရန် သင့်ကလေးများနှင့်ပင် ပူးပေါင်းပါဝင်လှုပ်ရှားမှုဖြင့် ကြိုးစားဆောင်ရွက် နိုင်ပါသည်။သာဓကမှာ ကလေးတစ်ဦးစီကိုကျောက်ခဲ (၅)

အတန်းတွင်းလုပ်ငန်းနှစ်ခုကို ဖော်ပြပါမည်–

၁။ ကလေးများကို (မိန်းကလေးနှင့်ယောကျာ်းကလေး သီးခြားရောနှောလျက်) အုပ်စုများဖွဲ့၍ 'မိမိတို့သည် ယောကျာ်းကလေး သို့မဟုတ် မိန်းကလေးများ ဖြစ်ရခြင်းကြောင့်' သူတို့မည်သို့မျှော်လင့်ထားသည်တို့ကို သူတို့ကိုယ်တိုင် မည ်ကဲ့သို့ထင်မြင်ကြောင်းကိုဆွေးနွေးပါ။ မိန်းကလေးများနှင့် ယောကျာ်းကလေး များသည် အခြားသူတို့၏အခန်းကဏ္ဍတစ်ခုစီနှင့် မျှော်လင့်ချက်များအပေါ် ကိုလည်း မည်ကဲ့သို့ ထင်မြင်ကြပါသလဲ။ သူတို့သည် အပြောင်းအလဲများကို မြင်ပါသလား။

၂။ မိန်းကလေးများနှင့် ယောကျာ်းကလေးများ၏ ထူးခြားသောစရိုက် လက္ခဏာ များကို ဖော်ထုတ်ခိုင်းပါ။ အတန်းနှစ်တန်းဖြစ်အောင်တန်းစီခိုင်းပါ။ တစ်တန်း သည် မိန်းကလေးများအဖြစ်နှင့် ဖော်ထုတ်ရရှိသော ထူးခြားသည့် လက္ခဏာများ၊ နောက်တစ်တန်းသည် ယောကျာ်းကလေးများအဖြစ်နှင့် ဖော်ထုတ်ရန် ထူးခြားသည့် လက္ခဏာများကိုချရေးပါစေ။ ပြီးလျှင် ပထမအတန်းမှ 'မိန်းကလေး' ဟူသောစကားလုံးကို 'ယောကျာ်းကလေး' ဟုလည်းကောင်း၊ ဒုတိယအတန်းမှ 'မိန်းကလေး' ဟူသောစကားလုံးကို 'ယောကျာ်းကလေး' ဟုလည်းကောင်း ပြောင်းရေးလိုက်ပါ။ ပြီးလျှင် အခန်းကဏ္ဍများကို ဤကဲ့သို့ ပြောင်းလဲအသုံးပြု၍ ရနိုင်ပါသလားဟု ကလေးများကိုမေးပါ။ ကျား မ အခန်း ကဏ္ဍအားလုံးသည် ဇီဝဆိုင်ရာအချက်မှလွဲ၍ လဲလှယ်နိုင်ကြောင်း အဖြေ တွေ့မည်ဟု ပြည့်ပြည့်ဝဝမျှော်လင့်နိုင်ပါသည်။

ပြန်လည်ထင်ဟပ်မှုလုပ်ငန်း။ ။သင်ကြားမှုတွင် ရှိသော ကျား မ အသိရှိခြင်း

အောက်ပါဖော်ပြချက်အချို့ကို စဉ်းစားကြည့်ပါ။ ဇယားကိုဖြည့်ပြီး သင်၏ အတန်း အခြေအနေတိုးတက်အောင် မည်သည့်လုပ်ငန်းကို လုပ်ကိုင်ရန်လိုအပ်ကြောင်း ဖော်ထုတ်ပါ။ မိန်းကလေးများ ညီမျှသော အခွင့်အရေး ရရှိစေရန်နှင့် ကျောင်းတွင်ပို၍ စိတ်အေး သက်သာရာရရေးအတွက် ကူညီရန် သင့်မိတ်ဆွေများနှင့်

ပူးပေါင်းသင်ယူခြင်းသည် အချင်းချင်း နားလည်မှုနှင့် လက်ခံမှုတို့ကို အားပေးပါသည်။ နှစ်ယောက်တစ်တွဲနှင့် အုပ်စုငယ်ဖွဲ့၍ အလုပ်လုပ်ခြင်းသည် ပိုမိုကောင်းမွန်သော ပါဝင်ဆောင်ရွက်မှု၊ ကလေးများအချင်းချင်း အပြန်အလှန်ဆက်ဆံမှုနှင့် အခြားကလေးများနှင့်အတူ အပြုသဘော အလုပ်လုပ်ကိုင်သည့် စွမ်းရည်ကဲ့သို့ တစ်ဦးချင်းလွတ်လပ်မှုကို တည်ဆောက်ရာတွင် ကူညီမှုရစေပါသည်။ သင်ယူမှု အတွက် ကစားခြင်းများနှင့် ကွင်းဆင်းလေ့လာခြင်းတို့ပါဝင်သော သင်ယူမှုအခွင့်အလမ်း ကောင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–



ဆောင်ရွက်ရန်လုပ်ငန်းများ။ ။ကွင်းဆင်းလေ့လာခြင်း

ကွင်းဆင်းလေ့လာခြင်းများတွင် ကျောင်းဥယျာဉ်၊ ပန်းခြံ၊ ရပ်ရွာအတွင်း တာတမံ၊ ရေတွင်းရေကန်၊ အဖွဲ့အစည်း၊ ဌာနစသည့်စာသင်ခန်းပြင်ပသို့ သွားရောက်ခြင်းဖြစ်သည်။ သာဓကအားဖြင့် ကျွမ်းကျင်သူပုဂ္ဂိုလ်များထံမှ သင်ယူခြင်းနှင့် သဘာဝဖြစ်တည်မှုများ၊ သီးသန့်ဖွဲ့စည်းမှုစနစ်များကို လေ့လာခြင်းဖြစ်ပါသည်။ (စာအုပ်ငယ်–၆ ရှိ လေ့လာရေး ခရီးများအကြောင်း ကျန်းမာရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းစနစ်ပိုမို ကောင်းမွန်စေနိုင်ကြောင်း ဖော်ပြထားပါသည်။)

## အုပ်စုလိုက်လုပ်ငန်းကိုအထောက်အကူပြုရန် ကွင်းဆင်းလေ့လာမှုများ

ရပ်ရွာရှိဆည်တစ်ခုသို့လေ့လာရာတွင် ပဥ္စမတန်းရှိ ကျောင်းသားအုပ်စုတစ်စုကို လုပ်ငန်းများ သတ်မှတ်ပေးနိုင်ပါသည်။ ရေကာတာသို့မထွက်ခွာမီ အဖွဲ့ဝင်များသည် လူနှင့် စိုက်ပျိုးရေးအတွက်အရေးပါပုံကို လေ့လာနိုင်ပါသည်။ ရေကာတာရောက်သောအခါ အုပ်စုတစ်စုစီက ဆည်အကျယ်အဝန်း၊ လက်ငင်းအကျိုးသက်ရောက်သည့် ဧရိယာမြေပုံ၊ ပတ်ဝန်းကျင်ရှိ သစ်ပင်အမျိုးမျိုး၏ပုံရေးဆွဲခြင်းအစိုးရဝန်ထမ်းအင်ဂျင်နီယာက အတန်းသို့ ရှင်းပြသော အချက်အလက်များကို နားထောင်စဉ် မေးရန်မေးခွန်းများပြင်ဆင်ထားရန်တို့ ကို ဆောင်ရွက်နိုင်ပါသည်။

ဆည်လေ့လာရေးခရီးမှ အတန်းသို့ပြန်ရောက်ရှိသောအခါ အုပ်စုတစ်ခုစီသည် စုဆောင်းထားသော အချက်အလက်များကိုသုံး၍ တင်ပြချက်များရေးသားခြင်းနှင့် လေ့လာ

လုံးစီကောက်ခိုင်းပါ။ (သင့်ထံတွင် သချိ်ာသင်ရန်အသင့်ကောက်ပြီး ရှိရမည်။) ကလေးတစ်ဦးကို သင်စကားပြောတိုင်း သို့မဟုတ် မေးခွန်းမေးတိုင်း သို့မဟုတ် စာဖြေခိုင်းတိုင်း ကျောက်တုံးတစ်လုံးကို ခုံပေါ်သို့တင်ခိုင်းပါ။ ဤကဲ့သို့ မေးဖြေတုန့်ပြန်မှုပုံစံများကို ကလေးများနှင့်အတူ အကဲဖြတ်နိုင်ပါသည်။ 'ကလေးများကိုပို၍ မျှတစွာ ဆက်ဆံ ပြုမူနိုင်ရန် အခြားမည်သည့်နည်းလမ်းများ အသုံးပြုနိုင်ပါသလဲ။' 'ကလေးများ မျှတစွာပါဝင်နိုင်ရေးအတွက် ကလေးများတွင် သင်ယူရန် မည်သည့် ကျွမ်းကျင်မှုများ လိုပါသလဲ။'


အထက်ပါအချက်များသည် ယောကျ်ားကလေးများနှင့် မိန်းကလေးအတွက် သင်ယူပျော်ဝန်းကျင်ဖန်တီးရာတွင် သင်၏စွမ်းရည်ကိုခိုင်မာဖွံ့ဖြိုးစေပါလိမ့်မည်။ ကျွန်ုပ်တို့သည် အချို့သော လက်တွေ့လုပ်ငန်းများအတွက် မိန်းကလေးသီးသန့်အုပ်စုဖွဲ့ လုပ်ကိုင်နိုင်ရန် လိုအပ်ပေမည်။ ထိုအခါ မိန်းကလေးများသည် သူတို့၏ယုံကြည်မှုကို တည်ဆောက်နိုင်ပြီး ယောကျ်ားကလေးများ၏ လွှမ်းမိုးမှုမခံရတော့ပေ။ ထို့နောက်ကျားမရောရှ၍ အုပ်စုဖွဲ့သင်ယူစေသင့်ပါသည်။ ပြီးလျှင် ယောကျ်ားကလေးများနှင့် မိန်းကလေးများ ရောနှောအုပ်စုဖွဲ့ပါလျှင် အတူတကွ ပူးပေါင်းသင်ယူ နိုင်ကြရန် သိနားလည်လာကြပါမည်။

အထက်ပါလုပ်ဆောင်ချက်များတွင် မိဘများနှင့် ပြုစုစောင့်ရှောက်သူများ၏ ပံ့ပိုးမှုမျိုး လိုအပ်ပါမည်။ သို့ဖြစ်ပါ၍ အဆိုပါအခက်အခဲများကို ကျောင်းကော်မတီအစည်းအဝေးများတွင် ဆွေးနွေးသင့်ပြီး လက်တွေ့အကောင်အထည်ဖေါ်မည့်စီမံချက်တစ်ရပ်ကို ရေးဆွဲသင့်ပါသည်။ စည်းကမ်းပိုင်းအပြင် ကျား မဘက်လိုက်မှုများနှင့် ဆိုင်သောကိစ္စများကဲ့သို့သော ကျောင်းမူဝါဒ များကို မိဘများနှင့် ဆရာအားလုံး ဆွေးနွေးသဘောတူခဲ့လျှင် ထိုအချက်သည် ဆရာများအားလုံး အတွက် အကူအညီရပါလိမ့်မည်။

## သွက်လက်သည့်ကိုယ်တိုင်ပါဝင်လုပ်ဆောင်သင်ယူမှု

ကလေးများသည် အတန်းတွင်းနှင့်အတန်းပြင်တို့တွင် အစဉ်မပြတ် သင်ယူနေကြ သည်။ သူတို့သည်သွက်လက်ထက်မြက်စွာသင်ယူသင့်ပါသည်။ သင်ယူပြီးခဲ့သမျှကို လက်တွေ့ အသုံးချပြီး စွမ်းဆောင်နိုင်ရည်များ တိုးပွားလာစေရပါမည်။ ဘဝနောက်ခံအခြေအနေနှင့် စွမ်းရည်အမျိုးမျိုးရှိသော ကလေးများပင် ဖြစ်ပါစေ၊ အတန်းတွင်းရှိအခြားကလေးအားလုံးနှင့် အတူအလုပ်လုပ်ရန် အားပေးသင့်ပါသည်။

သင်၏စာသင်ခန်းနှင့် မဝေးကွာလှသောနေရာအတွင်း လေ့လာရေးခရီးအတွက် အမျိုးမျိုးသော အခွင့်အလမ်းများကိုရှာဖွေပါ။ စာရွက်တစ်ရွက်၏အလယ်တွင် စက်ဝိုင်း သို့မဟုတ် ဘဲဥပုံတစ်ခုကို အတန်းအဖြစ်ရေးဆွဲပါ။ ၎င်း၏ပတ်လည်တွင် ကျောင်းကိုယ်စား ပြုသည့် စက်ဝိုင်းပုံတစ်ခုရေးဆွဲပါ။ ရပ်ရွာ၊ မြို့၊ ခရိုင် ကိုယ်စားပြုသည့် ပို၍ကြီးသောစက်ဝိုင်းကို ကျောင်း၏စက်ဝိုင်းပတ်လည်တွင် ရေးဆွဲပါ။ ကျောင်းစက်ဝိုင်းမှစတင်ကာ ကျောင်းတွင် လယ်ယာသုံး တိရစ္ဆာန်များ သို့မဟုတ် အခြားတိရစ္ဆာန်များ ရှိပါသလား။ ဥယျာဉ်ခြံမြေရှိပါ သလား။ သစ်ပင်များနှင့် လယ်ကွင်းများရှိပါသလား။ ၎င်းအသိုက်များတွင် ပုရွက်ဆိတ်များ ရှိပါသလား။ ကျောင်းစက်ဝိုင်းအတွင်းတွင် အတန်းအပြင်ဘက်တွင်ရှိသည့် လေ့လာရသမျှ အရာအားလုံးကို ချရေးပါ။ သင်သည် ကျောင်းဥယျာဉ်တစ်ခုကဲ့သို့ ကလေးများအတွက် ပတ်ဝန်းကျင်တွင် လေ့လာမှုအသစ်တစ်ခုကို ဖန်တီးနိုင်ပြီလား။




းလေ့လာရန်
။ သံပရာသီး
လယ်သမား
ရှိပါသလား။
ယင်းစက်ဝိုင်းအတွင်းတွင် လေ့လာစရာများ၏အမည်များကိုချရေးပါ။

သင့်အတန်း၏ သင်ယူမှုကိုအထောက်အကူဖြစ်စေရန် သင့်ကျောင်းဝန်းမြေပြင်တွင် စာသင်ခန်းပြင်ပ၌ အစုအဖွဲ့အလိုက် သင့်တော်သည့် စုပေါင်းလှုပ်ရှားမှုလုပ်ငန်းများ ဆောင်ရွက်ပါ။

သတိပြုရမည့်အချက်မှာ အချို့ကလေးများတွင် လမ်းလျှောက်ရန် ခက်ခဲသူများ သို့မဟုတ် အခြားမသန်စွမ်းသူများရှိနိုင်ခြင်းပင်ဖြစ်သည်။ သင်သည် ထိုကလေးတို့အတွက် မည်ကဲ့သို့ သင်ယူမှုအခွင့်အလမ်းရနိုင်ပါသနည်း။ သင်သည် ကွင်းဆင်းမှုအတွက်

တွေ့ရှိချက်များကို အစီရင်ခံခြင်း တို့ကိုဆောင်ရွက်နိုင်ပါသည်။ ဆည်၏ အရေးပါပုံကို သူတို့တစ်တွေ၏မိသားစုများနှင့်လည်းဆွေးနွေးနိုင်ပါသည်။

ကျောင်းဥယျာဉ်ပန်းခြံသို့ လေ့လာရေးခရီးထွက်ရာတွင် အုပ်စုတစ်စုစီသည် လုပ်ငန်း တစ်ခုစီကို ဆောင်ရွက်နိုင်ပါသည်။ တစ်စုစီ၏ဆောင်ရွက်မှုသည် တခြားသူတို့၏ လုပ်ငန်းကိုလည်း ဖြည့်စွက်ပေးပါသည်။ သာဓက–ပိုးမွှားအမျိုးအစားများနှင့် ခန့်မှန်း အရေအတွက်စာရင်း၊ အပင်အမျိုးအစားနှင့် ခန့်မှန်းအရေအတွက်စာရင်း၊ နို့တိုက်သတ္တဝါတို့၏ လက္ခဏာများကို ရှာဖွေခြင်း၊ ပန်းခြံ၏အရွယ်အစားနှင့် မြေပုံ အစရှိသည်တို့ကို စာရင်းပြုစု နိုင်ပါသည်။ အတန်းထဲတွင် အုပ်စုများပေါင်းစပ်၍ အတန်းသို့တင်ပြသည့် ကျောင်းပန်းခြံ



စီရင်ခံစာ သို့မဟုတ် အတန်းတွင်း ပန်းခြံတစ်ခုကို တည်ဆောက်ပြသနိုင်ပါသည်။ းလေ့လာမှု အမျိုးအစားပေါ်မူတည်၍ ခရီးမထွက်မီ လုပ်ငန်းအများအပြားကို က်နိုင်ပေရာ ခရီးစဉ်အတွင်းတွင် ပို၍ကောင်းအောင် လေ့လာသင်ယူနိုင်ကြပါသည်။ ပ်ကိုင်နိုင်သော လုပ်ငန်းများတွင် အောက်ပါတို့ပါဝင်ပါသည်–

- ❖ ကြိုတင်ပြင်ဆင်မှုလုပ်ငန်း သုတေသနပြုလုပ်ခြင်း၊ တစ်တန်းလုံးဝိုင်းဝန်း ဆွေးနွေးခြင်း၊ လေ့လာရေးခရီးအတွင်း တွေ့ရှိရသည်များကို စူးစမ်းခြင်း။
- ❖ လေ့လာရေးခရီးကို စစည်းပေးရန်နှင့်ပါဝင်ရန် ကူညီသူများ၊ မိသားစုဝင် များထံမှ အကူအညီရယူခြင်း။
- ❖ ကျွမ်းကျင်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်းနှင့် နားထောင်ရန် အခွင့်အလမ်းများ ရှာဖွေခြင်း။
- ❖ လေ့လာရေးခရီးစဉ် အတွင်းမြင်တွေ့သမျှကို နားလည်စေရန် ကျောင်းသား တစ်ဦးချင်း၊ အတွဲလိုက်နှင့်အုပ်စုလိုက်အတွက် သီးသန့်လုပ်ငန်းများကို သတ်မှတ်ပေးခြင်း။

ကွင်းဆင်းလေ့လာခြင်းသည် အဓိပ္ပာယ်ရှိသောလေ့လာသင်ယူမှုကို ရရှိစေပါသည်။ ဤအချက်မှာ ရေကာတာ သို့မဟုတ် ပန်းခြံသုတေသနသည် သင်္ချာ၊ သိပ္ပံနှင့်ဘာသာစကားနှင့် လူမှုရေးဘာသာရပ်တို့တွင် ပါဝင်နေပေရာ ပေါင်းစပ်သင်ယူမှု၏သာဓကတစ်ခုဖြစ်ပါသည်။

သင်ယူမှုစက်ဝိုင်းများ

သင်ယူမှုစက်ဝိုင်းသည် ကျွန်ုပ်ကိုယ်တိုင်သင်ခန်းစာများကို ကြိုတင်ပြင်ဆင်ရန်အလို့ငှာ ဆောင်ရွက်သောလုပ်ငန်းကောင်းတစ်ရပ်ဖြစ်သည်။ မိမိ၏ ကျောင်းသားများနှင့် အတူပြုလုပ် နိုင်သော လုပ်ငန်းလည်းဖြစ်သည်။

မည်သည့် စည်းကမ်းများကို အသုံးပြုပါသလဲ။ သူတို့သီချင်းဆိုပါသလား။ သို့မဟုတ် ကာရန်၊ နဘေကို အသုံးပြုပါသလား။ ယောကျ်ားကလေးများနှင့် မိန်းမ ကလေးများအတွက် သီးခြားကစားနည်းများ ရှိပါသလား။ အဘယ်ကြောင့်နည်း။

❖ ကလေးများကို အခြားကလေးများ ဖတ်ရှုလေ့လာနိုင်ရန် ကစားနည်းများ စာအုပ်တစ်အုပ် ပြုစုခိုင်းပါသလား။ ကလေးများသည် သူတို့ထက်ကြီးသော မိသားစုဝင်များ ကျောင်းနေစဉ်က သို့မဟုတ် ရပ်ရွာဒေသယဉ်ကျေးမှု၏တစ–ိတ်တစ်ပိုင်းဖြစ်သော ကစားနည်းများကို သုတေသနပြုစုနိုင်ပါသလား။

❖ သာဓကအားဖြင့်–သင်္ချာကဲ့သို့ ဆရာသင်ကြားသောခေါင်းစဉ်တစ်ခုနှင့် ကစားနည်း သို့မဟုတ် လုပ်ငန်းတစ်ခုခုကိုဆက်စပ်ပေးပါသလား။

ကွင်းဆင်းလေ့လာခြင်းနှင့်ကစားနည်းများသည် ကလေးအားလုံးသင်ယူရာတွင် လှုံ့ဆော်မှု ပေးနိုင်ပါသည်။ အောက်ပါနည်းလမ်းအချို့သည် နှီးကြားမှုကို တိုးပွားစေပါသည်–

❖ ရပ်ရွာဒေသမှရရှိသော ခိုင်မာသည့်သာဓကများသည် ဘဝနောက်ခံန–ှင့် စွမ်းရည် မတူသော ကလေးများကဲ့သို့ ယောကျ်ားကလေးများနှင့် မိန်းကလေးများအတွက် အဓိပ္ပာယ်ပိုရှိသဖြင့် အသုံးပြုပါ။

❖ ကလေးများအား ငါးဖမ်းခြင်း၊ စပါးစိုက်ခြင်းနှင့် ရေခပ်ခြင်း စသောနေ့စဉ် လုပ်ငန်းများ လေ့လာခဲ့သည်များကိုအသုံးပြုရန် အခွင့်အလမ်းများပေးပါ။

❖ သင်ယူမှုတွင်ကလေးများအား စိတ်ဝင်စားပြီး တက်ကြွစွာပါဝင်ဆင်နွှဲရသော သင်နည်းမျိုးစုံကို အသုံးပြုပါ။

## ကလေးအားလုံးအတွက် ဘာသာစကား၊ သိပ္ပံနှင့် သင်္ချာတို့ကို အဓိပ္ပာယ်ရှိရှိ သင်ယူစေခြင်း

ကျောင်းများတွင် သင်္ချာ၊သိပ္ပံနှင့် ဘာသာစကား (အရေး၊အဖတ်) တို့သည်

သွားမည့် လမ်းကြောင်းကို ဦးစွာလေ့လာရန်လည်းလိုအပ်ပါသည်။ မိဘ သို့မဟုတ် အခြား ကျောင်းသားများ၏ အကူအညီ လိုအပ်ပါသည်။

ဆောင်ရွက်ရန်လုပ်ငန်းများ။ ။သင်ယူမှုအတွက်ကစားခြင်း

ကလေးများသည် ကစားခြင်းကို နှစ်သက်ကြသည်။ အခွင့်အလမ်းပေးပါက သူတို့သည် ကစားနည်းသစ်အတွက် စည်းကမ်းများပင် ပြုလုပ်နိုင်သည်။ ကစားကြသည့် ကစားနည်းများတွင် ဘောလုံး၊ ပုလင်းဖုံး၊ ကျောက်တုံး၊ ကြိုး၊ သစ် ရွက်နှင့် အခြားပစ္စည်းများကို သုံးကြသည်။ ကစားနည်းများတွင် သရုပ်ဆောင်ခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ အထူး တတ်ကျွမ်းမှုများလည်းရှိကြပြီး ကစားခြင်းမှရသော အချက်အလက်များသည် သူတို့၏ သင်ယူနေမှုကို စိတ်ဝင်စားမှုရရှိစေသည့် နည်းလမ်းကောင်းများပင်ဖြစ်သည်။

ကစားနည်းများသည် ကလေးများ၏သွက်လက်သောသင်ယူမှုကို အားဖြည့် ပေါင်းစပ် ပေးနိုင်ပြီး ဆန်းစစ်ခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းကဲ့သို့သော ဆက်သွယ်ရေးကျွမ်းကျင်မှုများကို တိုးတက်ဖွံ့ဖြိုးစေပါသည်။ အဆိုပါကစားနည်းများမှာ ဒိုမီနို (ကတ်ပြား)၊ ဘင်ဂို (အနိုင်ရသော အခါ ဘင်ဂိုဟုပြောရသည်)နှင့် မေးခွန်း (၅) ခု ( အရာဝတ္ထုတစ်ခုမှာဘယ်အရာဖြစ်သည်ကို မေးခွန်းငါးခုမေး၍ ခန့်မှန်းယူရသည့် ကစားနည်းများ ဖြစ်ကြသည်) ဆရာနှင့်ကျောင်းသားများ သည် ကစားနည်းများအတွက် ပစ္စည်းများပုံစံရေးဆွဲ ပြုလုပ်နိုင်ပါသည်။ အဆိုပါ ကစားနည်းများကိုပင် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် အတန်းအသီးသီးတွင်း အသုံးပြုနိုင်ပါသည်။

ထိုကစားနည်းများနှင့် ပစ္စည်းများကိုပင် သင်ရိုးညွှန်းတမ်းနှင့်ပို၍ တိုက်ရိုက်ဆက်စပ် သွားအောင် ပြောင်းလဲနိုင်ပြန်ပါသည်။ သာဓကမှာ–ဂျီသြမေတြီ ပုံပါသော ဒိုမီနိုကတ်ပြား များကို ဖန်တီး၍ တစ်ဦးနှင့်တစ်ဦးယှဉ်တွဲနိုင်ပါသည်။ သာဓကမှာ–စတုရန်းပုံ ဒိုမီနိုကတ်ပြားနှင့် စတုရန်းအမည်ပါသော ကတ်ပြားတို့ကိုလည်း တစ်တွဲ တွဲနိုင်ပါသည်။

ကစားနည်းများကိုသင်ယူခြင်း။ ဆရာနှင့် ကျောင်းသားများသည် ရိုးရှင်းသောကစားနည်း များကို အခြေခံ၍ သင်ယူမှုလုပ်ငန်းများကို ဖန်တီးနိုင်ပါသလား။

❖ ကျောင်းအပြင်တွင် ကျောင်းသားများနှင့် မည်သည့်ကစားနည်းများကို ကစား ကြောင်း ကြည့်ရှုလေ့လာပါ သို့မဟုတ် ဆွေးနွေးပါ။ အနိုင်အရှုံးအတွက်

ခံစားနိုင်သော အရာဟူ၍ ကလေးများအားအထွေအထူး စဉ်းစားမနေဘဲသိစေရန် ကူညီနိုင်ပါသည်။(သာဓက– အမြင်အာရုံနည်းသော ကလေးများ)

ကလေးများသည် ကိုယ်တိုင်အရာဝတ္ထုများကို မြင်ရ၊ ထိတွေ့ရပြီး ပြောင်းရွှေ့ရာတွင် သူတို့၏ဆောင်ရွက်မှုဖြစ်စဉ်ကို စိတ်ပိုင်းရပ်ပိုင်းအားဖြင့် မျက်မြင်ကိုယ်တွေ့ တစ်ဆင့်ပြီး တစ်ဆင့် တွေ့ကြုံခံစားရပါသည်။ အမြင်၊ အထိ၊ အတွေ့ဖြင့် လေ့လာရသူများသည် လက်တွေ့ပစ္စည်းများကို သုံးရ၍အကျိုးများစွာရရှိပါသည်။

သတိပြုရမည်မှာ လေးလံသောပစ္စည်းများကို အသုံးပြုရာတွင် မိန်းကလေးများသည် ယောကျ်ားကလေးများ အောက်လျှော့၍ အသုံးပြုကြရပါမည်။ မိန်းကလေးများနှင့် ယောကျ်ား ကလေးများကစားရာတွင် အပျော့နှင့် အမာ အပေါ့နှင့်အလေးဖြစ်ရပါမည်။ (သာဓက– ပိတ်စနှင့် ကျောက်တုံး) မိန်းကလေးများနှင့် ယောကျ်ားကလေးများကို လုပ်ဆောင်ချက်များ အားလုံးတွင် ပါဝင်ရန် အားပေးရပါမည်။ သို့မှသာ သူတို့၏ အသိပညာနှင့် ကျွမ်းကျင်မှု များကို အသုံးပြုရာတွင် ယုံကြည်မှုရရှိလာပါမည်။ မိမိတို့သည် မတူသောသူများနှင့် အတူတကွ လုပ်ကိုင်နိုင်သောစွမ်းရည်များမြှင့်တင်နိုင်လာပါမည်။

## ပုံသဏ္ဍာန်မတူသောဝတ္ထုများ အသုံးပြုခြင်း

ပုံသဏ္ဍာန်အမျိုးမျိုးရှိသောဝတ္ထုများသည် ကလေးများအား ထုထည်၊ အတိုင်းအတာနှင့် ဂျီသြမေတြီကို နားလည်စေရန်ကူညီပါသည်။ ၎င်းတို့မှာ ကုဗတုံး၊ ပိရမစ်၊ ထောင့်မှန်စတုဂံတုံး၊ ထုလုံးရှည်နှင့် အခြားသစ်ထွင်းပုံများ သို့မဟုတ် စက္ကူအထူခေါက်ခြင်းတို့ဖြင့် ပြုလုပ်ထား သောပုံများဖြစ်ပါသည်။ ကလေးများအား နေ့စဉ်ဘဝတွင် အသုံးပြုသော ပုံသဏ္ဍာန်အမျိုးမျိုးကို ကျောင်းနှင့် ပတ်ဝန်းကျင်တွင် ရှာဖွေကြရန်ပြောပါ။ သာဓကအားဖြင့်– သံဘူးသည်ထုလုံးရှည်၊ အုတ်ခဲသည် ထောင့်မှန်ထုပုံ၊ တြိဂံများသည်အမိုးဆောက်သည့်ဒိုင်းမြားပုံတို့ဖြစ်ကြသည်။

အရှေ့တီမောနိုင်ငံမှဆရာများသည် ကျောင်း၏ ဝန်းကျင်တစ်ဝိုက်တွင် အချိန်နာရီဝက် အတွင်း ဂျီသြမေတြီပုံသဏ္ဍာန်ရှိသော အရာများကိုဆွေးနွေးပွဲလုပ်ငန်းလေ့လာမှုအဖြစ် ရှာဖွေကြသည်။ ထို့နောက် သေတ္တာများ၊ ဦးထုပ်၊ သံဘူး၊ ဘောလုံးစသည် တို့ကို ဝန်းကျင်တွင်ရှိသောပစ္စည်းများဟူ၍ ခင်းကျင်းဖော်ပြထားသည်။ အုပ်စုများသည်

အဓိက ဘာသာများ ဖြစ်ကြသည်။ကလေးများအတွက် စိန်ခေါ်မှုအများဆုံးသော ဘာသာရပ်များလည်း ဖြစ်ကြပါသည်။ အကယ်၍ ကလေးများသည် ဘာသာရပ်အားလုံးကို သင်ရာတွင် ဒြပ်မဲ့ အသိသညာကို သူတို့၏နေ့စဉ်ဘဝတွင် ဆောင်ရွက်လုပ်ကိုင်နေမှုများနှင့် မဆက်စပ်ပါက ဘာသာရပ်တတ်ကျွမ်းရန် အခက်အခဲတွေ့မည်။ တစ်ကြိမ်မျှ ဆက်စပ်နိုင်ရုံဖြင့် ဒြပ်မဲ့ အသိသညာကို နားလည်သွားပြီး ၎င်းကို အရေးပါသည့် ကျွမ်းကျင်မှုအများအပြားတွင် စတင်အသုံးချသွားနိုင်ကြပါမည်။ အောက်ပါ အခန်းများသည် ကလေးအားလုံးအတွက် သင်ချင်စဖွယ်ဘာသာရပ်များအဖြစ်လည်းကောင်း၊ ဆရာများအတွက်သင်ကြားရာတွင် ပိုမို၍သင်ကြားမှုပျော်ဖြစ်စေရန် အတွက်လည်းကောင်း မည်ကဲ့သို့ ဆောင်ရွက်နိုင်မည်ဟူသည့် အတွေးအခေါ်ကို ပေးပါမည်။

## သင်ယူပျော်စရာ သင်္ချာဘာသာ

ကျွန်ုပ်တို့သည်ကျောင်းမှအိမ်သို့ မည်မျှဝေးသည်ကို ခန့်မှန်းရာတွင် သင်္ချာကို အသုံးပြု ကြပါသည်။ ရေတစ်ပုံးတွင် ရေမည်မျှဖြည့်ရမည်၊ ဈေးတွင် အာလူး(၃၀) ကျပ်သားအတွက် ငွေမည်မျှပေးရမည်ကို တွက်ချက်ရာတွင် သင်္ချာကိုအသုံးပြုကြပါသည်။ လမ်းဘေးတွင် ငါးရောင်းလျှင်လည်း သင်္ချာကို သုံးပါသည်။ ကျွန်ုပ်တို့သည် ကခြင်း(ခြေလှမ်းအရေအတွက်၊) ဂီတတူရိယာများကို တီးခတ်ခြင်း၊ သီဆိုခြင်း (စည်းဝါး၊ နရီ) တို့တွင် လည်းသင်္ချာကို အသုံးပြုကြပါသည်။

ကျောင်းတွင်သင်္ချာမှာ ကျွန်ုပ်တို့နေ့စဉ်ဘဝနှင့် ဆက်စပ်မှုမရှိဟု ထင်မြင်ဖွယ် ရှိပါသည်။ ကျွန်ုပ်တို့ ကြိုးပမ်းလျှင် ကလေးများကို သင်္ချာ၏ကျွမ်းကျင်မှုများ၊ အသိသညာ များနှင့် စဉ်းစားပုံများကို ဈေးထဲတွင်သုံးသကဲ့သို့ သူတို့၏နေ့စဉ်ဘဝကိုလည်း သင်္ချာနှင့် ဆက်စပ်ပေးရန် ကူညီနိုင်ပါသည်။ သာဓကမှာ– ကလေးကဈေးသို့သွားခြင်းမျိုးဈေးဝယ် ပုံသရုပ်ဆောင်ခြင်းနည်းသည် သင်္ချာသင်ယူရာတွင် အဓိပ္ပာယ်ပိုရှိပြီး ပျော်စရာကောင်းပါသည်။ ထို့အပြင် ကလေးများသည် အတန်းရှေ့တွင် စကားပြောသောအခါ မိမိကိုယ်ကိုယုံကြည်မှု တည်ဆောက်ရန် အခွင့်အလမ်းတစ်ရပ်လည်း ရစေပါသည်။

### ဒြပ်ရှိပစ္စည်းများအသုံးပြု၍ အခြေခံကျွမ်းကျင်မှုများတည်ဆောက်ခြင်း

ကလေးငယ်များသည် ကျောက်ခဲငယ်များ၊ ပဲစေ့များ၊ ခရုခွံများ၊ တုတ်ချောင်းများ၊ သစ်စေ့များကဲ့သို့ ပစ္စည်းများကိုအသုံးပြုလျှင် အပေါင်း၊ အနုတ်၊ အမြှောက်၊ အစားတို့ကို ပိုမိုလွယ်ကူစွာ တတ်မြောက်နိုင်ပါသည်။ ဤပစ္စည်းများက သင်္ချာသည်မြင်တွေ့

ဆောင်ရွက်ရန်လိုပါသည်။

အပိုင်းကိန်းအတွက်ကလေးများကို သစ်သီး သို့မဟုတ် ဟင်းရွက်တို့ကို ညီမျှပိုင်းပိုင်း၍ ခွဲစိပ်ပေးခြင်းဖြင့် တစ်ဝက်နှင့်တစ်စိတ်တို့ကို မြင်သာအောင်နှင့် နားလည်အောင် ကူညီနိုင် ပါသည်(ပြုလုပ်ခြင်း)။ သူတို့သည် တစ်ဝက်သည် တစ်စိတ်ထက်ကြီးကြောင်း သူတို့ ဆွေးနွေး နိုင်ကြသည်(ဆွေးနွေးခြင်း)။ အပိုင်းကိန်းကိုမည်ကဲ့သို့ ရေးချနိုင်ကြောင်း သင်ယူ နားလည် လာကြသည် (မှတ်တမ်းတင်ခြင်း)။ တစ်ဖန် သစ်သီးနှင့်သစ်ရွက်ကဲ့သို့သောပစ္စည်းစစ်များအသုံးပြုခြင်းဖြင့် အမြင်နှင့် အထိအတွေ့ကဲ့သို့သောခံစားမှုများကို အသုံးပြုခွင့်ရပြီး နေ့စဉ်ဘဝလုပ်ငန်းများ နှင့်သင်္ချာကိုဆက်စပ်ပေးပါသည်။

## သင်္ချာနှင့်နေ့စဉ်ဘဝဆက်စပ်ခြင်း

သင်္ချာကိုလက်တွေ့ပြုလုပ်စေခြင်းဖြင့် ကလေးများကို လွယ်ကူသော အတွက်အချက်များမှ ခက်ခဲသောအတွက်အချက်များသို့ ဆက်စပ်မှုများရစေပါသည်။ အိမ်နှင့် ကျောင်းအကွာအဝေး၊ သွားလျှင်ကြာမည့်ချိန်ကို တွက်ချက်ခြင်း၊ ကစားကွင်းတစ် ကွင်းဖောက်လုပ်ရန်အတွက် လိုအပ်သောကွက်လပ်ကို ခန့်မှန်းခြင်း၊ ဈေးတွင်ဝယ်ရန် ဟင်းရွက်ဖိုးကုန်ကျစရိတ် တွက်ချက်ခြင်း စသည့်နေ့စဉ်ဘဝတွင် သင်္ချာအတွက် အချက်ကို ဦးတည်လုပ်ဆောင်နိုင်ပါသည်။ အဆိုပါလုပ်ငန်းများသည် လက်တွေ့လုပ်ငန်းများ ဖြစ်သည့်အပြင် ကျောင်းသားများနှင့် ရင်းနှီးပြီးသော အကြောင်းအရာများကို ဦးတည်ထားသည် အဆိုပါပုစ္ဆာများသည် ဒြပ်မဲ့များ မဟုတ်ဘဲဒြပ်ရှိ ပစ္စည်းစစ်များကိုသုံးသောကြောင့် သင်္ချာစွမ်းရည်ကို ဖွံ့ဖြိုးတိုးတက်စေပါသည်။

ကလေးများသည် သင်္ချာအသုံးချသောနည်းလမ်းကို စကားပြောဖြင့်လည်း ဖော်ပြနိုင်ရာ သူတို့၏သင်္ချာအသိသညာများ နားလည်တတ်မြောက်မှုကို ပိုမိုလာနိုင်ပါသည်။ မိန်းကလေးများနှင့် ယောကျ်ားကလေးများကို ပုစ္ဆာဖြေရှင်းရာတွင် တစ်ဆင့်ချင်း ဆိုလိုချက်တို့ကို သူတို့နားလည် သကဲ့သို့ ရေးသားရသောအခွင့်အလမ်းကို မကြာခဏပေးပါ။ အခြား ဘာသာသင်သကဲ့သို့ ကလေးများတွက်ချက်နေစဉ် လေ့လာကြည့်ရှုခြင်းနှင့် သူတို့အဖြေ ရအောင်မည်ကဲ့သို့ တွက်သည်ကို မေးကြည့်ရန်လိုပါသည်။ ကလေးတစ်ဦးအခက်အခဲတွေ့လျှင် စိတ်ရှည်သည်းခံရန်နှင့် အခြားနည်းများကိုလည်းသုံးရန်လိုပါသည်။

နမူနာပစ္စည်းတစ်ခုစီ၏ အနားများ၏အရှည်၊ ဧရိယာနှင့် ထုထည်တို့၏ဆက်စပ်ပုံကို တွက်ချက်နိုင်ခဲ့ကြသည်။ ပုံတူနမူနာပစ္စည်းများကို တွက်ချက်ရန် ပုံသေနည်းကိုလည်း တီထွင်နိုင်ခဲ့ကြသည်။ အုပ်စုတစ်ခုသည် ထုချွန်တစ်ခုကို ရေဖြည့်ပြီး ထုထည်တစ်ခုနှင့် နှိုင်းယှဉ်ကြည့်သည်။ သင်တန်းအချိန်ကာလအတွင်းတွင် သီအိုရီကို လေ့လာရုံဖြင့် မလုံလောက်ကြောင်း တွေ့ရှိကြသည်။ ဆရာများသည် လက်တွေ့ဆောင်ရွက်သော နည်းများ၊ သီအိုရီများကို အသုံးပြုရန်လိုအပ်သည်။ သို့မှသာ အဓိပ္ပာယ်ပြည့်ဝသော သင်ခန်းစာစီစဉ်မှုကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။



အမျိုးမျိုးကိုအသုံးပြုခြင်း။ ။ပြုလုပ်၊ ဆွေးနွေး၊ မှတ်တမ်း

ချာကျွမ်းကျင်မှုများကို ဖွံ့ဖြိုးအောင်ဆောင်ရွက်ရာတွင် ကလေးများလက်တွေ့ ားတွင် ပါဝင်ရန် လိုအပ်ပါသည်။ သင်္ချာကိုမည်ကဲ့သို့ ပြောဆိုဆွေးနွေးမည်။ မည်ကဲ့သို့ မှတ်တမ်းတင်မည်။

သင်္ချာဆိုင်ရာ ပြဿနာများကို မည်သို့ဖြေရှင်းရန် ကြိုးစားအားထုတ်မည်တို့ကို သင်ယူရန် လိုအပ်ပါသည်။

- ဤနည်းစဉ်၏ ပြုလုပ်ခြင်းဟူသော အစိတ်အပိုင်းသည် လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ဆက်စပ်နေသည်။ (သာဓက– ပဲစေ့ကို ရေတွက်ပြီး ၎င်းမှအချို့ပဲစေ့ကို ဖယ်နုတ်ခြင်း)၊
- ဤနည်းစဉ်၏ဆွေးနွေးပြောဆိုခြင်းဟူသော အစိတ်အပိုင်းသည် အဖော်တစ်ဦး သို့မဟုတ် အုပ်စုတစ်စုနှင့်ဆွေးနွေးခြင်းဖြစ်သည်။ ('ငါထင်တယ်၊ အဖြေဟာ ၅ မဟုတ်ဘူး၊ ၆ ပါ၊ ဘာကြောင့်လဲဆိုတော့....' ဟူ၍)
- ဤနည်းစဉ်၏ မှတ်တမ်းရေးခြင်းအစိတ်အပိုင်းသည် ပုစ္ဆာအဖြေရှာနည်းစဉ်ကို ချရေးခြင်းဖြစ်သည်။ ဆရာသည် ကလေးအား ပုစ္ဆာ၏အဖြေကိုရရှိအောင် တွက်သောနည်းကိုလည်း ဆွေးနွေးနိုင်ပါသည်။


သာဓကအားဖြင့်–ကလေးအား ပုံသဏ္ဍာန်တစ်ခု၏ပတ်လည်အနားနှင့် ဧရိယာကို တိုင်းတာခိုင်းခြင်းသည်(လုပ်ငန်းပြုလုပ်ခြင်း)၊ အုပ်စုတစ်စုစီ ဆွေးနွေးလျှင်(ဆွေးနွေးခြင်း) အုပ်စုတစ်စုစီ၏အဖြေကို အခြားအုပ်စုအဖြေများနှင့်ပေါင်းစပ်ပြီး တစ်တန်းလုံး၏ရလဒ်ကို ချရေးလျှင် (မှတ်တမ်းတင်ခြင်း) ဖြစ်ပါသည်။ အတန်းတွင်ဆွေးနွေးခြင်းကို လိုလားစွာ

ကျန်းမာရေးနှင့် ဖွံ့ဖြိုးမှုအကြောင်းကို သင်ယူနိုင်ရန်အတွက် အခွင့်အလမ်းများစွာ ရရှိစေပါသည်။

❖ ကလေးများသည် သူတို့၏ကိုယ်အလေးချိန်နှင့် အရပ်ကို တိုင်းတာနိုင်ပါသည်။ ၎င်းအတိုင်းအတာများကို ဂရပ်ဖြင့် မှတ်တမ်းတင်ပြီး လိုအပ်သလို ပြောင်းလဲလာမှု များကို ပြင်ဆင်ရေးမှတ်ပါ။ ထိုင်းနိုင်ငံ၏ကလေးစီမံချက်တွင် အဆင့်(၅)နှင့် အဆင့်(၆)ရှိ ကလေးများအား ကြီးထွားမှုစောင့်ကြည့်သူများအဖြစ် လေ့ကျင့် ပေးထားပါသည်။ ၎င်းတို့က သူတို့ကိုယ်တိုင်နှင့် သူငယ်ချင်းများ၏ အာဟာရ ပြည့်ဝမှုအခြေအနေကို တိုင်းတာခြင်း၊ ကြီးကြပ်ခြင်းနှင့် ပိုမိုတိုးတက် ကောင်းမွန် ရေးအတွက် ထောက်ခံချက်များဆောင်ရွက်ပေးကြပါသည်။[7] အဆိုပါ သတင်း အချက်အလက်များသည် ကျောင်းနှင့် ကျန်းမာရေးလုပ်သားများအတွက် အာဟာရချို့တဲ့ကလေးများ ရှာဖွေဖော်ထုတ်ရာတွင် အထောက်အကူပြုသည့် အပြင် အဆိုပါကလေးများအား ကျောင်းနေ့လယ်စာကျွေးမွေးရေးအစီအစဉ်ကို ထည့်သွင်းနိုင်ပါသည်။ (စာအုပ်ငယ် ၆ တွင် ကြည့်ပါ)

❖ ကျောင်း သို့မဟုတ် အတန်းထဲတွင် နေထိုင်မကောင်းမှုကိုလေ့လာခြင်းလုပ်ငန်း တစ်ရပ် ဆောင်ရွက်နိုင်ပါသည်။ သာဓကမှာ ကလေးများသည် ဝက်သက်၊ သံကောင်၊ ၄က်ဖျားနှင့် အခြားရောဂါများဖြစ်ကြသော သူငယ်ချင်းများ နေမကောင်းသည့် ကာလတစ်ခုအကြောင်း မှတ်တမ်းပြုစုနိုင်ပါသည်။ ရရှိသော အဖြေများကို ရာခိုင်နှုန်း သို့မဟုတ် အချိုးဖြင့် ဖော်ပြနိုင်ပါသည်။ အချို့ရောဂါများကို တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ပါသည်။

[7] For more information, see http://www.inmu.mahidol.ac.th/CHILD/



သင်သည်ကလေးများကို တစ်နေ့တာပုံမှန်အလုပ်လုပ်သကဲ့သို့ လုပ်ငန်းအမျိုးမျိုးပေါ် သူတို့၏သင်္ချာဆိုင်ရာ နားလည်မှုများကို အခြေပြုသင်ယူပုံနည်းများနှင့် သင်ယူမှုလိုအပ်ချက် အမျိုးမျိုးကို ဖြည့်ဆည်းကူညီနိုင်ပါသည်။ သင်္ချာအသိသညာ ဖြစ်ထွန်းမှုကို အရာဝတ္ထုနှင့် ပစ္စည်းများကိုသုံး၍လည်းကောင်း၊ နှုတ်အားဖြင့် ပြောပြ၍လည်းကောင်း၊ ထိတွေ့ကိုင်တွယ်စေခြင်းမှတစ်ဆင့်လည်းကောင်း ကူညီနိုင်ပါသည်။ ဤသို့ ဆိုလျှင် ကျွန်ုပ်တို့သည်

| သင်နည်းများ/လုပ်ငန်းများ | မကြာခဏဆောင်ရွက် | မကြာခဏမဆောင်ရွက် | ဆောင်ရွက်ရန်အကူလိုသလဲ |
|---|---|---|---|
| လက်တွေ့ပုံနည်းများဖြင့်သင်္ချာများ တွက်ရန် မိန်းကလေးများနှင့် ယောက်ျားလေးများကိုအားပေးသည် | | | |
| ကျွန်ုပ်အနေဖြင့်(သို့)ရပ်ရွာလုပ်ငန်း ဆောင်တာများကိုသင်္ချာဘာသာ ဆက်စပ်ပြီး ဖော်ထုတ်သည်။ | | | |
| သင်္ချာသင်ယူမှုသီးခြားနေရာ တစ်ခုကိုအသုံးပြုပါသည်။ | | | |
| ကျားမခွဲခြားသောကျော်အလိုက်သင် ယူမှုပုံနည်းများကိုစစ်ဆေးပါသည်။ | | | |

ပါဝင်သော [illegible] စည်းချက် ကျသော သီချင်းနှင့် အကများရှိ–မရှိကို ဆွေးနွေးမေးမြန်းပြီး ဖော်ထုတ်ခိုင်းပါ။ သင်၏သင်ခန်းစာပြင်ဆင်မှုတွင် ပေါင်းစည်းပေးပါ။

ဒေသရပ်ရွာ၏အမည်များနှင့် နေရာဌာနများကိုသုံးခြင်းဖြင့် ကလေးများ မေးခွန်းကို ပိုနားလည်စေပါသည်။ သာဓကအားဖြင့် ကျွန်ုပ်သည် ရပ်ကွက်ရေတွင်းမှ အိမ်သို့ရေသယ်ရာ တွင် မိုင်ဝက်လမ်းလျှောက်ရသည်။ သူ၏ရေပုံးသည်ရေ (၅) ပိဿာဝင်ဆန့်သည်။ ကျွန်ုပ်သည် ရေပုံးနှင့် အတူအိမ်သို့ရောက်ရှိရန် မည်မျှလမ်းလျှောက်ရသလဲ။ သာဓကကိုအသုံးပြု၍ ယောကျ်ားကလေးနှင့် မိန်းကလေးများသည် သူတို့၏မိသားစုများ၊ ရွာသားများနှင့် ဆွေးနွေး နိုင်ပါသည်။)

ဆောင်ရွက်ရန်လုပ်ငန်းများ။ ။သင်္ချာနှင့်ကျန်းမာရေး

ကလေးများအတွက် လက်တွေ့သင်္ချာတွက်ချက်ခြင်းများမှတစ်ဆင့် သူတို့၏

တကယ့်အစစ်အမှန်ဘဝအကြောင်းကိုလည်း လွယ်ကူစွာပြောဆို နိုင်လာကြသည်။ သူတို့မမြင်နိုင်သော သိပ္ပံဆိုင်ရာအတွေးအခေါ်များ၊ အသိသညာများ အကြောင်း ပြောဆိုနားလည်သည်အထိ ဦးတည်လုပ်ကိုင်လာနိုင်ကြသည်။

သင်္ချာဘာသာရပ်အကြောင်းမှာကဲ့သို့ပင် သိပ္ပံဘာသာရပ်သင်ယူရာတွင် အပင်နှင့် တိရစ္ဆာန်များ၊ လူ၏ကိုယ်ခန္ဓာ၊ ရေနှင့်မြေ အနေအထားများ၊ သဘာဝနှင့်လူဖန်တီးသည့် ပတ်ဝန်းကျင်များ၊ အသံနှင့်တေးဂီတ၊ နေစကြာဝဠာ စသည့် ခေါင်းစဉ်အကြောင်းအရာများကို ဝတ္ထုပစ္စည်း သင်ထောက်ကူလက်တွေ့လုပ်ငန်းများဖြင့် တစ်ဆင့်အားဖြည့်သင်ကြားပေးနိုင် ပါသည်။ ထို့အပြင် အပင်တစ်ပင်ပုံကို ရေးဆွဲခြင်းဖြင့် ပုံဆွဲနှင့်စာအရေးအသား ကျွမ်းကျင်မှု များကို ဆက်စပ်ပေးသည်။ ထို့အပြင် ၎င်းသည် သိပ္ပံပညာတွင် အကောင်းဆုံးသော ထိတွေ့ ဆက်သွယ်မှု ပုံစံတစ်မျိုးပင် ဖြစ်ပါသည်။ ထို့အတူ ဂြိုလ်ကဲ့သို့သောအရာများသို့မဟုတ် လူခန္ဓာကိုယ်၏အတွင်းပိုင်းအင်္ဂါအစိတ်အပိုင်းများ စသည့်မမြင် ရသောအရာများကိုသိရှိရန် ဦးတည်သည့်အဆင့်ကောင်းတစ်ဆင့်လည်း ဖြစ်ပါသည်။

ဤနယ်ပယ်အားလုံးတွင် သော့ချက်ကျသောအချက်မှာ ဘာသာရပ်ခေါင်းစဉ်အလိုက် ကိုယ်ပိုင်အတွေ့အကြုံအားဖြင့် ကလေးများကိုယ်တိုင် စူးစမ်းရှာဖွေနိုင်သည့်နည်းလမ်းများ ဖြစ်ပါသည်။ သာဓကအားဖြင့် အသံနှင့်ဂီတအကြောင်းသင်ယူရာတွင် အိမ်တွင်ပြုလုပ်နိုင်သော ကြိုးတပ်တူရိယာအသုံးပြု၍ တုန်ခါမှုနှင့် အသံအနိမ့်အမြင့်အတွေ့အကြုံကို သင်ယူနိုင်ပါသည်။ နေစကြာဝဠာအကြောင်းသင်ရာတွင် 'လ' တဖြည်းဖြည်းသာပုံကို ညစဉ် စောင့်ကြည့်လေ့လာ နိုင်သည် သို့မဟုတ် နေ၏သွားလာပုံကို နေရောင်တွင် တုတ်တစ်ချောင်းထောင်၍ အရိပ်၏ ထောင့်ကို နာရီအလိုက်တိုင်းတာ၍ ဇယားဆွဲနိုင်ပါသည်။

ခိုင်မာပြီးလက်တွေ့ကျသော အတွေ့အကြုံများကို သိပ္ပံနည်းကျလုပ်ငန်းစဉ် အစပျိုး ကောင်းခြင်းဖြင့်လည်းကောင်း သူတို့ကိုယ်တိုင် လေ့ကျင့်ခြင်းဖြင့်လည်းကောင်း ကြည့်ရှု လေ့လာခြင်းနှင့် မေးမြန်းမှုဆိုင်ရာ ကျွမ်းကျင်မှုများကို ပြုလုပ်နိုင်ပြီး ကိုယ့်မေးခွန်းအတွက် အဖြေရရန် ၎င်းတို့ကိုယ်တိုင် စမ်းသပ်မှုပုံစံများပြုလုပ်နိုင်ပါသည်။

ကလေးများအား ဒေသလူ့အဖွဲ့အစည်းအတွင်းရှိ သိပ္ပံပညာနှင့် သိပ္ပံနည်းကျကဏ္ဍ များကို ထိတွေ့ပေးနိုင်ပါသည်။ သာဓကအားဖြင့် မိန်းကလေးများနှင့် ယောကျ်ားလေးများသည် နေရောင်ခြည်တွင် သစ်သီးများကို အခြောက်ခံသည့်စမ်းသပ်မှုကိုလည်းကောင်း၊ သစ်ဆွေး မြေဩဇာပြုလုပ်စမ်းသပ်မှုကိုလည်းကောင်း ဆောင်ရွက်နိုင်ကြသည်။ သိပ္ပံပညာကို

ပြန်လည်ထင်ဟပ်သည့်လုပ်ငန်းများ။ ။သင်္ချာကိုမည်သို့သင်မည်နည်း

အောက်ပါကွက်လပ်ကို ဖြည့်ခြင်းဖြင့် သင်္ချာသင်ကြားမှုနည်းများကို ဆန်းစစ်ပါ။

သင်ယူချင်စရာသိပ္ပံဘာသာ


သိပ္ပံဘာသာကို လေ့လာသောအခါ အမ်တမ်ကဲ့သို့သော အသေးငယ်ဆုံးအခြေခံဒြပ်နှင့် ဟင်းလင်းပြင်သို့အဝေးဆုံးရောက်ရှိနိုင်ရာနေရာနှင့် သက်ရှိဘဝအကြောင်းတို့ကို စူးစမ်းလေ့လာ ကြပါသည်။ ဤသို့ လေ့လာရာတွင် အခက်အခဲမှာ ကျွန်ုပ်တို့သိသော အမ်တမ်နှင့် ကြယ် အစုအဝေးတည်ရှိမှုပင်ဖြစ်သည်။ ၎င်းတို့ကို ကလေးများရော ကျွန်ုပ်တို့ပါ နေ့စဉ်မမြင်တွေ့ ရခြင်းနှင့် ထိုအရာများအကြောင်း အချိန်မှန်မှန်စဉ်းစားမိခြင်းလည်းဖြစ်သည်။ ထိုအကြောင်းကို နေ့စဉ်မပြောဖြစ်ကြ။ သို့ဖြစ်ပါ၍ သင်ယူစရာသိပ္ပံဘာသာရပ် ဖြစ်ရန်မှာ မမြင်ရသော အမ်တမ်နှင့် စကြာဝဠာကဲ့သို့သော အကြောင်းအရာများနှင့် ကျွန်ုပ်တို့သိပြီးအရာများ၊ ကျွန်ုပ်တို့ ပုံမှန်မြင်၊ ထိ၊ အနံ့ခံနိုင်သော ဝတ္ထုစစ်များအကြား ဘက်ညီမျှအောင် ပြုလုပ်ပေးရန်လိုပါသည်။ ကလေးများနေ့စဉ် မြင်ရ၊ ထိတွေ့ရသောဝတ္ထုစစ်များနှင့်သိပ္ပံပညာကို စတင်ဆက်စပ် ပေးခြင်းဖြင့် ကလေးများအတွက် ပိုမိုကောင်းမွန်သော ဆက်သွယ်ရေးကျွမ်းကျင်မှုများကို ဖွံ့ဖြိုးစေပြီး သိပ္ပံအကြောင်းနှင့်

စဉ်းစားခြင်းနှင့်သိခြင်းဆိုင်ရာအခြားနည်းလမ်းများ

ရပ်ရွာဒေသနှင့်ယဉ်ကျေးမှုများတွင် လူတို့သည် မိမိတို့ဝန်းကျင်ကမ္ဘာကြီးနှင့် သဘာဝကို သိရှိနားလည်နိုင်သည့် အခြားနည်းလမ်းများကို ရှာဖွေတွေ့ရှိခဲ့ကြပြီးဖြစ်သည်။ အဆိုပါ နားလည်မှုနည်းလမ်းများသည် သိပ္ပံစမ်းသပ်မှုများထက် လူမှုအတွေ့အကြုံများ သို့မဟုတ် လေ့လာကြည့်ရှုခြင်းတို့နှင့် ချိတ်ဆက်နေနိုင်ပါသည်။ ကလေးအချို့တွင် ရှုပ်ထွေးမှုဖြစ်နိုင်သည်မှာ အိမ်မှကြားရသော အကြောင်းအရာများနှင့် ကျောင်းက ရှင်းပြသောအရာများ ကွဲလွဲ ခြားနားသောကြောင့် ဖြစ်သည်။ သာဓက– ရပ်သူရွာသားများသည်ဆေးဖက်ဝင် ပရဆေးပင်ကောင်းများ သို့မဟုတ် ကျန်းမာစေသည့် အခြားနည်းလမ်းများကို သိရှိနိုင်ကြပေမည်။ သို့မဟုတ် ကျောင်းသုံးစာအုပ်အတွင်းမှ အချက်အလက်များနှင့် မတူသော သူတို့၏ မြေပြင်ဝန်းကျင်ကိုဖော်ပြသည့်ပုံပြင်များကို ပြောနိုင်ပေမည်။ ဤသို့သောဇာတ်လမ်းပုံပြင်များသည် မျိုးဆက်တစ်ခုနောက်တစ်ခုသို့ သင်ပေးလိုက်သောဒေသရပ်ရွာယဉ်ကျေးမှုတစ်ခု၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်။

> အရှေ့တီမောနိုင်ငံတွင် လာဖေ ဟုခေါ်သော မိချောင်းတစ်ကောင်၏ပုံပြင် တစ်ပုဒ်ရှိရာ ၎င်းတို့နေသောကျွန်းနှင့် သဏ္ဍာန်တူပြီး ကျွန်း၏မူလနောက်ခံသမိုင်းနှင့် ဆက်စပ်နေပါသည်။ အတန်းထဲတွင် ဤပုံပြင်သည် မြေအနေအထား၊ ပကတိဝန်းကျင်နှင့် သက်ရှိတို့၏ သံသရာလည်ပုံတို့နှင့်အတူ အန္တရာယ်နှင့်စိုးရိမ်ကြောက်ရွံ့မှုနှင့် အခြားအသိသညာများကို ဆွေးနွေးရန် ဦးတည်နေပါသည်။

အကျုံးဝင်သင်ယူမှုဆိုသည်မှာ မတူညီကြသောကလေးများတွင်အမျိုးမျိုးသော သင်ယူပုံဟန်များ ရှိသကဲ့သို့ အတွေးအဆများလည်း မတူညီကြကြောင်း လက်ခံယုံကြည်ခြင်းပင်ဖြစ်သည်။ ကလေးများသည် အရာဝတ္ထုများ သို့မဟုတ် အဖြစ်အပျက်များကို ရှင်းပြရန် နည်းလမ်းများစွာရှိကြောင်း နားလည်ကြရန် လိုအပ်သကဲ့သို့ ဆရာများသည်လည်း ရှင်းလင်း သင်ပြမှုပုံစံအမျိုးမျိုး ရှိကြောင်း လိုလိုလားလားလက်ခံရန်ဖြစ်သည်။ ကလေးများသည် ပုံပြင်များ၊ အဆိုအမိန့်များ၊ သိရှိလာခြင်းနှင့်စိတ်ထားကောင်းခြင်း အထူးနည်းလမ်းများကို သင်ယူခဲ့ပြီးဖြစ်ကြသည်။ ဆရာများအနေဖြင့် ဤသို့တွေးဆမှုများကိုလေးစားရန်နှင့် သင်ယူသူများအား တိကျသောအသိပညာဖွံ့စည်းမှုတစ်ရပ်အဖြစ် သိပ္ပံပညာကို သင်ယူ တတ်ကျွမ်းရန် ကူညီစဉ် နည်းလမ်းများ ရှာဖွေရန် လိုအပ်ပါသည်။



သင်ယူကြစဉ် ရပ်ရွာတွင်းတွေ့ကြုံရသော အခက်အခဲဖြေရှင်းနည်းများကိုလည်း ကြခြင်း ဖြစ်ပါသည်။

ရေးကြီးသည့်အချက်မှာ ဆရာများအနေဖြင့် အရေးပါသည့် သိပ္ပံနည်းကျ အသိသညာများကို လေ့လာရန်ဖြစ်ပါသည်။ သို့မှသာ ၎င်းအသိသညာများကို ကလေးများ၏ နေ့စဉ် ဘဝလုပ်ငန်းများနှင့် လွယ်ကူစွာ ဆက်စပ်ပေးနိုင်ပြီး သူတို့၏ သင်ယူမှုကို အကူအညီ ရစေမည်ဖြစ်သည်။ သာဓကမှာ သက်ရှိနှင့်သက်မဲ့အရာများ မျိုးတူစုခွဲခြင်းသည် သိပ္ပံတွင်အရေး ကြီးသောအသိသညာတစ်ခုဖြစ်သည်။ ဆရာ သည် ကျောက်တုံးများနှင့် ဟင်းသီးဟင်းရွက် များကို နမူနာများအဖြစ် အသုံးပြုနိုင်ပါသည်။ မျိုးတူစုခွဲခြားခြင်းကို ကလေးများနားလည်စေရန် အကူအညီရစေမည့် အောက်ပါပုံစံ တစ်ခုရှိပါသည်။

ကလေးငယ်များအတွက်မျိုးတူစုခွဲခြားရာတွင် ကူညီနိုင်သည့်အဆင့်များ

၁။ မည်သည်ကို မျိုးတူစုခွဲခြားလိုပါသလဲ။

၂။ အုပ်စုတစ်ခုအတွင်းသို့ ထည့်သွင်းသောအခါတွင် မည်သည့်အရာဝတ္ထုများသည် တူညီကြပါသလဲ။

၃။ ထိုအရာဝတ္ထုများသည် မည်သည်ဂုဏ်သတ္တိအရ တူညီပါသလဲ။

၄။ အခြားမည်သည့်အုပ်စုကို ဖွဲ့စည်းနိုင်ပါသလား၊ အုပ်စုတစ်ခုစီရှိ အရာများ မည်ကဲ့သို့တူညီပါသလဲ။

၅။ ယခုအခါ အုပ်စုတစ်စုတည်းအတွင်းရှိ အရာအားလုံးသည် အံဝင်ခွင်ကျ တူညီပါ သလား။

၆။ အုပ်စုများမှ တစ်ခုခုကို ထပ်မံခွဲ၍ရပါသေးသလား။ သို့မဟုတ် အတူပေါင်းစု၍ ရပါသလား။

၇။ အရာဝတ္ထုများကို မည်ကဲ့သို့ မျိုးတူစုခွဲခဲ့ကြောင်း ဖော်ပြရန် စနစ်ပုံတစ်ပုံကို ဆွဲနိုင်ပါသလား။

| ခေါင်းစဉ် | လက်တွေ့လုပ်ဆောင်ခြင်း | အသုံးပြုသည့်ဒေသထွက်ပစ္စည်း | နေ့စဉ်ဘဝနှင့်ဆက်စပ်မှု | အကဲဖြတ်နည်း |
|---|---|---|---|---|
| | | | | |
| | | | | |
| | | | | |

သင်ခန်းစာကြိုတင်ပြင်ဆင်ခြင်းနှင့် သင်ကြားခြင်း

သိပ္ပံလက်တွေ့သင်ကြားရာတွင် ကြိုတင်စီစဉ်မှုပြုရန်လိုအပ်ပါသည်။ သို့မှသာ ကလေးများသည် လုံခြုံစိတ်ချစွာပါဝင်ဆောင်ရွက်နိုင်မည်။ ကလေးများ၏နေ့စဉ်ဘဝနှင့် သိပ္ပံသင်ရိုးညွှန်းတမ်းတွင်ပါဝင်သော အချို့ခေါင်းစဉ်များသည် နီးနီးကပ်ကပ် ဆက်စပ်နိုင်ကြောင်း စဉ်းစားကြည့်ပါ။

သင်ခန်းစာကြိုတင်ပြင်ဆင်ရာတွင် သင်ယူမှုတွင်ကလေးများ မည်ကဲ့သို့ပါဝင်နိုင်ကြောင်း စီစဉ်ရန် အရေးကြီးပါသည်။ သင်ကြားမှုနည်းအမျိုးမျိုးရှိရာ ရွေးချယ်အသုံးပြုမှုအပေါ်တွင် မူတည်လေ့ရှိပါသည်။ ထိရောက်သောသင်နည်းတစ်ခုမှာ တွေး၊ ရေး၊ တွဲ၊ ဝေ (စဉ်းစားတွေးတောခြင်း၊ ရေးသားခြင်း၊ တွဲဖက်ခြင်းနှင့်မျှဝေခြင်း)ဖြစ်ပါသည်။ ကြောက်တတ်သော ကျောင်းသားများနှင့် အပယ်ခံဟုအထင်ခံရသူများပင်ပါဝင်လာရန် အားပေးပါသည်။

- ❖ ကလေးများအား အတွေးအဆတစ်ခုကို ထုတ်ဖော်ပြောပြရန် သို့မဟုတ် တစ–ခုခုကို ဆုံးဖြတ်ရန် မေးခွန်းတစ်ခုမေးပါ။
- ❖ သူတို့၏အဖြေအပေါ် စဉ်းစားခိုင်းပါ။
- ❖ သူတို့၏အဖြေကို မှတ်စုရေးပါစေ။ (သင်ပုန်းသည်အကျဉ်းမှတ်စုရေးရန် အကျုံးဝင်ပါသည်)
- ❖ မိမိ၏ထင်မြင်ယူဆချက်ကို အဖော်တစ်ဦးနှင့် ဖလှယ်ရန်ပြောပါ။
- ❖ ပြောလိုသူများအား မိမိ၏အဖြေကို တစ်တန်းလုံးထံ ဆွေးနွေးရန်ဖိတ်ခေါ်ပါ။

ဤနည်းသည် သူတို့၏အတွေးနှင့်အဖြေများကို ကလေးအားလုံးတင်ပြ ဆွေးနွေးခွင့်များ ရရှိစေပါသည်။ ထိုအချက်သည် အရေးကြီးပါသည်။ သင့်ကိုယ်ကိုမေးကြည့်ပါ၊ ကျွန်ုပ်၏

## ဆောင်ရွက်ရန်လုပ်ငန်းများ။ ။ သိပ္ပံပညာနှင့်နေ့စဉ်ဘဝ

သိပ္ပံနည်းကျ အသိပညာသည် ကျွန်ုပ်တို့၏နေထိုင်မှုနည်းလမ်းများကိုသိရှိရန် အကျိုးပြုနိုင်ကြောင်းနည်းလမ်း အချို့ကို ဖေါ်ထုတ်ပေးပါ။ သာဓက–ရေသည်လူတိုင်း၏ဘဝ အတွက် အဓိကအရေးကြီးသောအရာဖြစ်ရာ'ရေ'ဟူသောခေါင်းစဉ်ကို နည်းလမ်းများစွာဖြင့် ရှာဖွေဖေါ်ထုတ် သင်ကြားနိုင်ပါသည်။ ရေကိုလေ့လာခြင်းဖြင့် သိပ္ပံနည်းကျသော ဖွဲ့စည်းမှု အမျိုးမျိုးကို ပေါင်းစပ်နိုင်ပြီး သင်္ချာ၊ ဘာသာစကားနှင့် လူမှုရေးဘာသာရပ်များ ကဲ့သို့သော အခြားဘာသာများနှင့် ဆက်စပ်ပေးနိုင်ပါသည်။ သာဓကမှာ–ရေကို သန့်ရှင်းအောင် ကြိုချက် သည့်အခါ သိပ္ပံပညာရှင်များ မဖော်ထုတ်မီက ကျွန်ုပ်တို့မသိရ၍ မမြင်နိုင်သေးသည့် သေးငယ်သည့် သက်ရှိများကို သေစေသည့်သဘောဖြစ်သည်။ ကျွန်ုပ်တို့ ရေကိုရေတွင်းမှ လက်နှိပ်တုံကင်သုံး၍ ထုတ်ယူသောအခါ ရှင်းလင်း လွယ်ကူသောစက်(ကုတ်) ကိုအသုံးပြုရာ လေဟာနယ်တစ်ရပ်ကို ဖန်တီးရသည်။ မိုးတိမ်ဖွဲ့စည်းဖြစ်ပေါ်သောအခါ မြေပြင်သို့ လျှပ်စီးလက်ကာ မိုးလည်းရွာချသည်။ သဘာဝ၏စွမ်းအားကိုကျွန်ုပ်တို့တွေ့ကြုံ ့ရသည်။

သိပ္ပံနည်းကျအသိပညာ နှင့်စူးစမ်းဖော်ထုတ်မှုတို့နှင့် နေ့စဉ်ဘဝတို့ ဆက်သွယ်သည့် သင်ခန်းစာ အသစ်တစ်ခုကို ရေးသားပါ။

| သိပြီး(သ)(Know) | သိချင်(ခ)(Want) | သင်ယူ(ယ)(Learned ) | ပိုလေ့လာ(လ)(How) |
|---|---|---|---|
| | | | |
| | | | |

သာဓကအားဖြင့်– နံနက်(၉)နာရီအချိန်တွင်ရှိသော အရိပ်သည် နေ့လယ် အချိန်တွင်ရှိသောအရိပ်ထက် ပို၍ရှည်မည်လား။

- ❖ သင်၏မေးခွန်းကိုစမ်းသပ်ရန် ကလေးများမည်သည့်လုပ်ငန်းကိုလုပ်နိုင်ပါသလဲ။
- ❖ မည်သည့် ရင်းမြစ်များ၊ ပြဋ္ဌာန်းစာအုပ်ကဲ့သို့ အချက်အလက်များကို ကလေးများ အသုံးပြုနိုင်ပါသလဲ။

သောအခါ မည်သည်တို့ကိုသင်ယူရရှိခဲ့သည်ကို ရှာဖွေဖော်ထုတ်ရန် ကူညီခြင်း၊

လ(**H**) – ပိုလေ့လာ၊ သူတို့ပို၍မည်ကဲ့သို့လေ့လာနိုင်ခြင်း (ခေါင်းစဉ်နှင့်ဆိုင်သောထပ်မံ သိရသော အချက်အလက်၊ အခြားဇာတ်မြစ်များ သို့မဟုတ် ထပ်ဆောင်းမေးခွန်း များ မေးပါ။

သင်ယူပျော်ဘာသာစကားကျွမ်းကျင်မှုများ

ကလေးများအတွက် အခြားဘာသာရပ်များသင်ယူရန် ဘာသာစကားကျွမ်းကျင်မှု သည် လွန်စွာအကျိုးပြုနိုင်သဖြင့် လွန်စွာအရေးကြီးပါသည်။ သင်ကြားပို့ချမှု ဘာသာစကား သည် အဓိပ္ပာယ်ပြည့်ဝမှသာ အဓိပ္ပာယ်ရှိသော သင်ယူမှုဖြစ်ပေါ်လာမည်။ တစ်ခါတစ်ရံတွင် အိမ်သုံး(အရပ်သုံး) ဘာသာစကားကို အသုံးပြုရန်လိုအပ်ပါသည်။ သို့မှသာ ကလေးအားလုံး သင်ကြားမှုအချက်အလက်များရရှိပြီး သူတို့၏အတွေးအဆကို ဆက်သွယ် ပြောဆိုနိုင်ကာ အဓိပ္ပာယ်ရှိရှိ တတ်ကျွမ်းစေနိုင်ပါသည်။

စကားပြောခြင်း၊ နားထောင်ခြင်း၊ စာဖတ်ခြင်းနှင့်စာရေးခြင်းတို့သည ် ကျွမ်းကျင်မှုများ ဖြစ်သည်။ ၄င်းတို့ကို ပေါင်းစပ်ခြင်းနှင့် အသုံးပြုခြင်းတို့တွင် လိုအပ်သောကြောင့် ကလေးများ ဘာသာစကားစွမ်းရည်ကို ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးစေနိုင်ပါသည်။ ဆရာအတွက် အထောက်အကူ ရရန် လုပ်ငန်း(၂)ခု ဖော်ပြပါမည်။

- ကလေးများအတွက် နားထောင်ခွင့်နှင့်စာဖတ်ခွင့်များဖန်တီးပေးပါ။ သို့မှသာ အချက်အလက်များကို စကားပြေရေးသားနိုင်ပြီး တတ်ကျွမ်းမှုကို တည်ဆော က် နိုင်ပါသည်။

- နှစ်ယောက်တစ်တွဲနှင့်အုပ်စုငယ်ဖွဲ့သောလုပ်ငန်းသည် ကလေးများကိုယ်တိုင် နားထောင်တတ်ရန်နှင့် ဖော်ပြတတ်ရန်အတွက် အကူအညီဖြစ်စေသည်။ သာဓကမှာ ကလေးများကို ပုံပြင်များဖန်တီးရန် စဉ်းစားခိုင်းပါ။ ပုံပြင်များကို သူတို့၏ ဘာသာစကားဖြင့် ဖော်ပြရန်နှင့် ပုံပြင်တစ်ပုဒ်၏ဇာတ်လမ်းစီစဉ်မှုကို လေ့လာရန် ကူညီပါ။ (မည်သည့်အဖြစ်အပျက်ဖြစ်ပွားပြီးနောက် မည်သည့် အဖြစ်အပျက်ဖြစ်ပွားပြီး နောက်ဆုံးတွင် မည်သည့်အဖြစ်အပျက်ဖြစ်လာ ကြောင်းကို ဆိုလိုခြင်းဖြစ်ပါသည်။)

ဆရာသည် အတန်းထဲ၌ စာကျယ်ကျယ်ဖတ်၍ နားထောင်စေသည့် အခွင့်အလမ်းကို

အတန်းထဲတွင် မေးခွန်းကိုဖြေရန် အမြဲတန်း ပထမဦးဆုံးလက်ထောင်သူ ရှိပါသလား။ အခက်အခဲတစ်ခုမှာ ဆရာ၏မေးခွန်းကိုဖြေရန် ကလေးများလက်ထောင်ပါက အခြားကလေးများက စဉ်းစားခြင်းကိုရပ်ဆိုင်းမည်ဖြစ်သည်။ သူတို့မှာအဖြေအတွက်ပြင်ဆင်ရန် အချိန်ပို၍လိုအပ်မည် သို့မဟုတ် တစ်ခါတစ်ရံ ဆရာမေးသောအခါ မိန်းကလေးများတွင် အခက်အခဲရှိမည်။ သို့ဖြစ်ပါ၍ မိန်းကလေးများနှင့်ယောကျ်ားကလေးများပါ မေးခွန်းကိုဖြေဆိုနိုင်ရေးအတွက် မေးခွန်းကိုနားလည်ရန်နှင့် မိမိကိုယ်ကိုယုံကြည်မှုတည်ဆောက်ရန် အခွင့်အလမ်းပေးရန်လည်း လိုအပ်ပါသည်။ အထက်ဖော်ပြပါ သင်နည်းသည် အတွဲဖြင့်ဆောင်ရွက်ခြင်းဖြစ်ရာ ကလေးအားလုံးအား မိမိအဖော်နှင့် တစ်ဦးအမြင်ကိုတစ်ဦးဖော်ပြရန်နှင့် မှန်ကန်သောစကားလုံးများလေ့ကျင့်ရန်ခွင့် ပြုပေးထားခြင်းမျိုးပါသည်။ ဤသို့ တစ်ဦးနှင့်တစ်ဦး အမြင်ဖလှယ်ခြင်းသည် ဆရာ့မေးခွန်း ကိုဖြေဆိုရာတွင် သို့မဟုတ် အတန်းဖော်များက မေးရာတွင်ပါဝင်ဖြေဆိုရန် သူတို့၏ပါဝင်မှုစိတ်ထား ရရှိစေသည့်အပြင် ယုံကြည်မှုကိုလည်းရရှိစေပါသည်။

နေ့စဉ်ဘဝကိုသိပ္ပံနှင့်ဆက်စပ်ပေးခြင်း

နေ့စဉ်ဘဝကိုသိပ္ပံနှင့်ဆက်စပ်ပေးခြင်းသည် ကလေးများအတွက် အဓိပ္ပာယ်ပြည့်ဝစေပါသည်။ ဆရာအတွက်လည်း သင်ခန်းစာပြင်ဆင်ရန်အကူအညီရပြီး အတန်းများကို စည်းရုံးနိုင်ပါသည်။ ကလေးများသိပြီးသော အကြောင်းအရာဖြင့် စတင်သောနည်းကောင်း တစ်ခုမှာ သိပြီး၊ သိချင်၊ သင်ယူ၊ ပိုလေ့လာ (သ၊ ခ၊ ယ၊ လ) သင်နည်းဖြစ်သည်။

သ(**K**) – သိပြီး၊ ဘာသာရပ်နှင့်စပ်လျဉ်း၍ ကျောင်းသားများသိသည်ကိုပြန်လည်စဉ်းစားရန်ကူညီခြင်း၊

ခ(**W**) – သိချင်၊ ကျောင်းသားများသင်ယူချင်သည်ကို ရှာဖွေဖော်ထုတ်တတ်ရန်ကူညီခြင်း၊

ယ(**L**) – သင်ယူ၊ ကျောင်းသားများ စာဖတ်သောအခါ သို့မဟုတ် လုပ်ငန်းတစ်ခုခုလုပ်

- ❖ အဓိပ္ပာယ်နှင့် ကျွမ်းကျင်မှုကိုသီးခြားစီ မခွဲခြားရပါ။
- ❖ စာဖတ်သူများသည် ဆက်သွယ်ပြောဆိုလို၍ စာဖတ်ခြင်းနှင့်စာရေးခြင်း သင်ယူကြောင်း သတိပြုပါ။
- ❖ စာဖတ်ခြင်းသင်ယူမှုသည် အထောက်အကူပြုဝန်းကျင်တွင်သာ ဖြစ်ပေါ်သည်။ ၎င်းဝန်းကျင်တွင် ကလေးများသည် မိမိကိုယ်ကိုမိမိ အပြုသဘောဆောင်သည့် စိတ်ခံစားနှင့် ဘာသာစကားကိုထူထောင်ကြကြောင်း သိရှိထားရမည်။
- ❖ စာဖတ်ခြင်းသည်သတင်းအချက်အလက်များသိလိုမှုနှင့် ပျော်ရွှင်မှုရရန် အတွက် ဖြစ်၍ ကလေးများအားနေ့စဉ်စာဖတ်ပြပါ။
- ❖ စာဖတ်ရခြင်းမှာ ပျော်စရာဖြစ်ကြောင်းပြသပါ။

စာဖတ်ခြင်းကိုအထောက်အကူပြုသည့် အခြားနည်းလမ်းများ

ကလေးများစာဖတ်ရန်အထူးစီစဉ်ထားသော စာဖတ် စာရေးရန်နေရာတွင် သင့်တော် သော စာအုပ်စာတမ်း များ ရရှိစေသင့်ပါသည်။ စာအုပ်များမရလျှင် ရုပ်ရှာနှင့် ကျေးလက်ပုံပြင်၊ ဝတ္ထု စသည့် စာအုပ်များကို သင် ကိုယ်တိုင် ဖန်တီးရေးသားနိုင်ပါသည်။ (ကလေးများအုပ်စု ဖွဲ့ဖတ်ရန် စာအုပ်များကိုလည်း ရေးသားနိုင်ပါသည်။) အခြားအတွေးအဆများကို အောက်တွင် ဖော်ပြထားပါသည် –

- ❖ ကလေးငယ်များအား အားလပ်ရက်များတွင်ဖိတ်ခေါ်ပါ။ မိမိ၏ ပတ်ဝန်းကျင်တွင် တွေ့မြင်ရသောဖြစ်ရပ်များနှင့် မိသာစုသာရေးနာရေး အခမ်းအနားများအကြောင်း ပြောပြပါ။ ကလေးများသည်အကြောင်းအရာ အစီအစဉ်ကို နားထောင်သူ အမျိုးအစားနှင့် ပုံပြင်၏ရည်ရွယ်ချက်တို့ ကိုလိုက်၍ ပြောရမည့် စကား အသုံးအနှုန်းတို့ကို သင်ယူနိုင်လိမ့်မည်။ ကလေးတွင်ရေးသားရန် အခက်အခဲ ရှိပါက တစ်ဦးဦး (အသက်ကြီးသော ကလေး သို့မဟုတ် မိဘတစ်ဦး) က ကလေးပြောသည့်အတိုင်း ရေးသားနိုင်ပါသည်။ ကလေးက သူ၏ပုံပြင်ကို ဖြည့်စွက်နိုင်ပါမည်။
- ❖ စာသင်ခန်းကို အက္ခရာကားချပ်များ၊ ရုပ်ပုံများ၊ စကားလုံးအမည်စာရင်းနှင့် အခြားသတင်းအချက်အလက်များကို ချိတ်ဆွဲ၍ ရေးနိုင်ဖတ်နိုင်သော ဝန်းကျင် ဖြစ်အောင်ဖန်တီးပါ။ ကလေးများ ၏သင်ခန်းစာများ၊ လုပ်ငန်းများနှင့်ပုံပြင်များမှ

ကလေးများအားပေးနိုင်ပါသည်။ ဆရာသည် ရပ်ရွာမှလူတစ်ဦးကို အတန်းသို့ဖိတ်ခေါ်၍ သူ၏အလုပ်၊ သူ့မိသားစုနှင့် ရပ်ရွာ၏သမိုင်းကို ပြောကြားခိုင်းနိုင်ပါသည်။ အသက်ကြီးသူ ဖိတ်ခေါ်ပါက သေချာမှုရှိပါစေ။ သူတို့တွင် ပြောစရာအကြောင်းများ ပိုရှိကြပြီး ကလေးများ အကြောင်းအရာ ပုံပြင်များကို အချိန်ကြာကြာပြောပေမည်။ ဖိတ်ခေါ်ပါက သူ၏လာရခြင်း ရည်ရွယ်ချက်ကို ပထမ ရှင်းပြပါ။ မိန်းကလေး၊ ယောကျ်ားလေးများအား လူမှုဆက်ဆံရေး ကျွမ်းကျင်မှုများ ဖွံ့ဖြိုးရန် ကူညီရန်အတွက် ဖြစ်ပါသည်။ မည်သူကဖိတ်ထားသူကို ကြိုဆိုမည်၊ တစ်စုံတစ်ဦးကို မည်ကဲ့သို့ကြိုဆိုရမည်။ လူကြီးတစ်ဦးကိုမည်ကဲ့သို့ စကားပြောရမည်။မည်သည့်နေရာတွင် ထိုင်ရမည်။ ကူညီသူကို ကျေးဇူးတင်စကားမည်သို့ပြောရမည်။ ယင်းတို့သည် လက်တွေ့ဆက်ဆံရေးနည်းလမ်းကောင်းများနှင့် လူမှုဆက်ဆံရေး ကျွမ်းကျင်မှု များလည်း ဖြစ်ပါသည်။

## စာဖတ်ရန်ချဉ်းကပ်နည်းများ

မိဘများသည် ကလေးများစာဖတ် သင်ယူခြင်းကို စိုးရိမ်ပူပန်ကြသည်။ ဤပူပန်မှုသည် တစ်ခါတစ်ရံ ကလေးများကို ဖိအားပေးသကဲ့သို့ရှိပြီး စာဖတ်ခြင်းသည် ပျော်ရွှင်မှုထက် အပြစ်ပြုဘိသကဲ့သို့ဖြစ်နေစေတတ်ပါသည်။ စာဖတ်ခြင်းတွင်လည်း ရောနှောရှုပ်ထွေးတတ်၍ ကလေးများ စာဖတ်သင်ယူခြင်းကို ကူညီရန်နည်းလမ်းများစွာရှိပါသည်။ နည်းလမ်းနှစ်ခုရှိရာ အသံထွက်နည်းချဉ်းကပ်မှုနှင့် စကားလုံးအဓိပ္ပာယ်ချဉ်းကပ်မှုတို့ဖြစ်ပါသည်။

'အသံထွက်နည်း' ချဉ်းကပ်မှုသည် ရေးသားထားသော စာလုံးတစ်လုံးကို အက္ခရာများ အဖြစ် စိတ်ပိုင်းပါသည်။ အက္ခရာများသည် ဆိုင်ရာ ဗျည်း၊ သရ ကြောင့် အသံများရှိလာပြီး စကားလုံး တစ်လုံးဖြစ်ရန် အသံများ စုပေါင်းရပါသည်။

စကားလုံးအဓိပ္ပာယ်ချဉ်းကပ်မှုတွင် စကားလုံးတစ်ခုလုံးနှင့် သာမန်အခြေအနေ၌ သုံးသော စကားလုံးတစ်ခုလုံးပြောဆိုမှုတို့အကြား အဓိပ္ပာယ်ဖွဲ့စည်းမှုပင်ဖြစ်သည်။ စကားစု တစ်ခုအဖြစ် ဖော်ပြနိုင်ပါသည်။ သာဓက– "အပြာရောင်ဘောလုံး....."

သင်ယူသူအမျိုးမျိုးသည် သင်ယူနည်းအမျိုးမျိုးဖြင့် သင်ယူနိုင်ရန် ချဉ်းကပ်မှုနှစ်မျိုးလုံးကို သုံးသင့်ပါသည်။ သင်ယူသူဘဝနောက်ခံများနှင့်မတူညီကြသောသင်ယူဟန်ရှိကြသည့် ကလေးအမျိုးမျိုးကို စာဖတ်သင်ရန်–

- ❖ ချဉ်းကပ်နည်းအမျိုးမျိုးကို အသုံးပြုပါ။

သူတို့၏မိသားစုများ၊ ရပ်ရွာထဲရှိထူးခြားဖြစ်ရပ်များ၊ လူမှုရေးဘာသာမှခေါင်းစဉ်များ ပါဝင်နိုင် ပါသည်။

ကလေးများရေးသားချက်တွင် တိကျသောရည်ရွယ်ချက်နှင့်ဦးတည်သည့် ပရိသတ် လည်း ရှိသင့်ပါသည်။ မကြာခဏပင် ကလေးသည် သူ့ဆရာအတွက် ရေးသားတတ်လေ့ရှိပြီး ဘဝတစ်သက်တာတွင်မူ ကြိုးစားရန် ဦးတည်သော ပရိသတ်မျိုးစုံရှိပေသည်။ ကျွန်ုပ်တို့ ရည်ရွယ်ချက်နှင့် ပရိသတ်ပြောင်းလဲသွားသည့်အလျောက် ရေးသားဟန်ကိုလည်း ပြောင်းရန် လိုပါသည်( သာဓကမှာ–စာရင်းတစ်ခု၊ စာတစ်စောင် သို့မဟုတ် မှတ်စု သို့မဟုတ် ကလေးငယ် များအတွက် ပိုစတာ ကားချပ် သို့မဟုတ် ပုံပြင်တစ်ပုဒ်)။ သို့မှသာ ရေးသောစာသည် အဓိပ္ပာယ်ရှိပါမည်။ အောက်တွင်ဖော်ပြချက်အချို့ရှိပါသည်–

- ❖ အရေးအသားမှန်ကန်မှုအတွက် စိုးရိမ်ကြောင့်ကျခြင်းမရှိစေဘဲ လွတ်လပ–်စွာ ရေးရန် ကလေးငယ်များအား ဖိတ်ခေါ်ပါ။ စာရေးသင်စမို့စိတ်ကူးယဉ် စာလုံး ပေါင်းများနှင့် ထူးဆန်းသည့်အဖြတ်အတောက်များကိုသုံးသော်လည်း သူတို့သည် ဘာသာစကားဖွဲ့စည်းမှုကိုတည်ဆောက်နိုင် ပါသည်။ စိတ်ကူးယဉ် တည်ဆောက် ထားသော စာလုံးပေါင်းသည် သာမန်အရေးအသားဖွံ့ဖြိုးတိုးတက်မှု၏ပုံမှန် အစိတ်အပိုင်းတစ်ခု ဖြစ်ပ–ါသည်။ ကလေးသည် ‘ ကြားရ ’ သည်မှတစ်ဆင့် ဖြစ်နိုင်ဖွယ်စာလုံးကိုသုံးစွဲရန် ကြိုးစားဆုံးဖြတ်ကြရသည်။ ပထမဆုံး သူတို့ ကိုယ်ပိုင်နည်းများဖြင့် အသုံးပြုရန် လိုအပ်ပါသည်။ တစ်ချိန်တည်းမှာပင် သူတို့မည်ကဲ့သို့မှတ်သားရမည်နှင့် အဘိဓာန်ကို မည်ကဲ့သို့ အသုံးပြုရမည်ကို သင်ယူသင့်ပါသည်။
- ❖ စာလုံးများကိုဆိုင်ရာရုပ်ပုံများဖြင့်( ‘ အိမ် သို့မဟုတ် ဘော့လုံး ’ ပုံများဖြင့်)၊ စကားစုပါစာလုံး( ‘ အဝါရောင်အိမ် ’ သို့မဟုတ် ‘ ခရမ်းရောင်ဘော့လုံး’ တို့နှင့် ဆက်စပ်၍ သင်ယူသင့်ပါသည်။)
- ❖ ကလေးငယ်များကို အသံကျယ်ကျယ်စာလုံးပေါင်းခြင်း၊ ပဟေဠိ ကစားကွက် ပြုလုပ်ခြင်း စသည့်နည်းလမ်းတို့ဖြင့် စာလုံးပေါင်းသင်ပေးသင့်ပါသည်။ မည်သို့ပင်ဖြစ်စေ ကလေးများစာရေးသောအခါ စာလုံးပေါင်းနှင့် အဖြတ်အတောက် မှန်ကန်လာပါမည်။ သို့ရာတွင် ဘာသာစကားနှင့် နက်ရှိုင်းစွာဆက်စပ်ရာတွင်မူ အခက်အခဲကို တွေ့ကြုံနိုင်ပါသည်။ စာလုံးပေါင်း

ရသော ကားချပ်များဖြစ်သင့်ပါသည်။ စာသင်ခန်းဝန်းကျင်မှ အရာဝတ္ထု အမျိုးမျိုးကို အမည်တပ်ပေးနိုင်ပါသည်။ နံရံသည်ကျဉ်းပါက အက္ခရာ၊ စာလုံးနှင့် အရုပ်ကားချပ်များကို ကြိုးတွင်ချိတ်၍ အခန်းထဲတွင်တန်းထားပါ။ ဒေသ သတင်းစာများ၊ သတင်းစာခေါင်းကြီးပိုင်းများ၊ ဖတ်စရာမှတ်စရာများနှင့် အရုပ်ကားချပ်များကို ဒေသသုံးစကားများ ရေးလျက် ချိတ်ပြထားနိုင်ပါသည်။

❖ အခြားဘာသာရပ်များနှင့်ဘာသာစကားရောနှောမှုကို လေ့ကျင့်ပေးပါ။ သာဓက–ကလေးများ အရေးအသားလေ့ကျင့်ရာတွင်သိပ္ပံအတန်းအတွက် သစ်ပင်များ၏အစိတ်အပိုင်း သို့မဟုတ် သန့်ရှင်းသောရေ၏ ရေထွက်ရင်းမြစ်များကို ရေးသားနိုင်ပါသည်။ ကလေးများကိုဖိတ်ခေါ်၍ သင်္ချာတွင် ရှိသော အခက် အခဲများအကြောင်း တစ်ဦးမှတစ်ဦးသို့ စာရေးသားခိုင်းပါ သို့မဟုတ် သိပ္ပံမေးခွန်း တစ်ခု မည်ကဲ့သို့ဖြေရှင်းပုံကို ရေးသားခိုင်းပါ။

❖ ကလေးများကို စာရေးရန်၊ မိမိရေးသားချက်ကို မျှဝေရန်နှင့်ပြောကြားရန် အခွင့်အလမ်းပေးပါ။ ရေးသားမှုအားလုံးသည် သူတို့ကိုယ်တိုင်နှင့်အခြားသူမ ျား ဆောင်ရွက်ပေးသောအလုပ်များကို လေ့လာပြီးရသောအကျိုးတရားပင်ဖြစ် သည်။ အဖော်နှင့်ပူးပေါင်းစာရေးခြင်းလုပ်ငန်းသည် ကျောင်းသားများအား အကြံထုတ်ရန်နှင့် အကောင်းဆုံးစကားလုံးအသုံးအနှုန်းများကို ရွေးချယ်ဆုံးဖြတ်ရန် အကူအညီပေးပါသည်။ စာရေးစသင်သူများမှအပ ကလေးအားလုံးသည် သူတို့လုပ်ငန်းကိုဖတ်ရှုလေ့လာနိုင်ခြင်း၊ အပြုသဘောဝေဖန်မှုပေးခြင်းနှင့် အစီအစဉ်ကိုပြခြင်းများပါသော အုပ်စုအလိုက် တည်းဖြတ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးကို ရရှိပါမည်။


## စာရေးသင်ရန်အချက်များ

စာရေးသင်ခြင်းသည်အရေးကြီးသည်။ သို့သော် ခက်လည်းခက်ခဲသည်။ အကယ်၍ သင့်ကလေးများအားမကြာခဏစာရေးသားရန်၊ ပြင်ဆင်မွမ်းမံရန်နှင့် အချောသပ်ရေးသားရန် အခွင့်အလမ်းပေးပါလျှင် အောင်မြင်သောစာရေးသားမှုအတွက် အခြေခံအုတ်မြစ်ကို တည်ဆောက်ပေးခြင်းဖြစ်ပါသည်။ အဓိပ္ပာယ် ရှိသော ရေးသားချက်များဖြစ်အောင် ရေးပါစေ။ မိန်းကလေးနှင့်ယောကျ်ားလေးများ စသည့်ငယ်ရွယ်သူတို့၏ရေးသားမှုသည် သူတို့အတွက် အရေးကြီးသောခေါင်းစဉ်အကြောင်းအရာကို ရေးသားဖော်ပြနိုင်ကြပါသည်။ ၎င်းတို့တွင်

ပြင်ဆင် ပေးခြင်း ထက် ကလေးများသည် စာချရေးရန် အခက်အခဲများ ရှိ–မရှိကို လေ့လာရန် လိုအပ်ပါသည်။ အခက်အခဲများကို ခွဲခြမ်းစိတ်ဖြာ သိရှိလာပြီးနောက် နာမဝိသေသနကို မည်သို့ထိထိရောက်ရောက် သုံးစွဲသည် သို့မဟုတ် မည်သို့ အဓိပ္ပာယ်ရှိရှိ နှိုင်းယှဉ်ခြင်း (တူညီခြင်း)တို့ကို တိုးတက်စေရန် အပိုင်းလိုက် ထောက်ကူပံ့ပိုး ပေးရပါမည်။

စာရေးသားခြင်း၏ ရည်မှန်းချက်ပန်းတိုင်သည် အတွေးအဆတစ်ခုကို ကောင်းစွာ ဆက်သွယ်ပေးခြင်းဖြင့် လူတိုင်းနားလည်စေရန်ဖြစ်ပါသည်။ ဆရာများအတွက် စာရေးသားခြင်း၏ အချက်အချာကျသော စည်းမျဉ်းတစ်ရပ်မှာ အောက်တွင်ဖော်ပြထားအတိုင်း အဓိပ္ပာယ်ရှိသော ဆက်သွယ်ရေးဖြစ်လာစေရန် အခွင့်အလမ်းများဖန်တီးပေးခြင်းပင် ဖြစ်ပါသည်–

- ❖ ကလေးငယ်များကိုခေါ်၍ ပုံပြင်ဇာတ်လမ်းများကို နှုတ်တိုက်ချပေးပါ ထို့သို့ စာလုံးများဆက်တတ်အောင်ချပေးသူမှာ သင်ကိုယ်လည်း ဖြစ်နိုင်သည်။ ဆရာလည်း ဖြစ်နိုင်သည် သို့မဟုတ် ရပ်ရွာမှ သက်ကြီးတစ်ဦးလည်း ဖြစ်နိုင်ပါ သည်။ ထိုသို့ချပေးရာတွင် ရေးသူကလေးအား စိတ်ရှည်ရှည်ဖြင့် ဖြေးဖြေး စာခေါ်ရန် သတိပြုပါ။ ဤသို့ဖြင့် ကလေးငယ်သည် ပုံပြင်များကိုဖြည့်စွက် ပြောကြားနိုင်လာပါသည်။ ဤလေ့ကျင့်ခန်း ပြောခြင်းနှင့် ရေးခြင်းတို့ကို ပေါင်းကူးပေးပါလိမ့်မည်။ ဤလုပ်ငန်းသည် အမြင်အာရုံရှိသူက မမြင်ရသူများကို အကူအညီပေးရာတွင် အသုံးပြုနိုင်ပါသည်။
- ❖ ကလေးငယ်များအား သူတို့၏အကြောင်းနှင့်အတွေ့အကြုံများကို ရေးခိုင်းပါ။ ကလေးသည် သူ့အဘိုးထံသွားရောက်လည်ပတ်ခြင်း သို့မဟုတ် စာသင်ခန်း အပြင်တွင် တွေ့ကြုံမှုများအကြောင်း သိသမျှကို အကောင်းဆုံးရေးသား နိုင်ပါလိမ့်သည်။
- ❖ သီးသန့်စာရေးချိန်ထားပေးပါ။ အသက်(၈)နှစ်(၉)နှစ်အောက် ကလေးများ အတွက် သူတို့ရေးသားလိုသောအချက်အလက်ကိုရေးရန်အားထုတ်စဉ် စာရေးရန် ခဲတံ၊ မြေဖြူကိုင်ထားရရာ ပင်ပန်းမှုဖြစ်စေနိုင်ပါသည်။ ခဏခဏနား၍ စာရေး ပါစေ။ အချိန်ကြာရှည်စွာရေးခြင်းထက် အချိန်တိုအတွင်း ခဏခဏစာရေးခြင်းက ပိုထိရောက်ပါသည်။



- ❖ ဂျာနယ် သို့မဟုတ် နေ့စဉ်မှတ်တမ်းများကို ထားရှိရန် ကလေးငယ်များကို တိုက်တွန်းအားပေးပါ။ယင်းတို့သည် အတွေးအခေါ်တည်ဆောက်မှုအတွက် အကူအညီဖြစ်ပါသည်။ ဂျာနယ်ရေးသားမှုမှာ အရေးကြီးပါသည်။ အကြောင်းမှာ လူအများက ရေးသားထားချက် မဟုတ်သောကြောင့် ဖြစ်ပါသည်။ စာရေးဆရာ တို့အတွက်မူ အလွန်လွတ်လပ်စွာရေးနိုင်ရန် အခွင့်အရေးတစ်ရပ်ဖြစ်ပါသည်။ သို့ဖြစ်၍ ဤအသိဖြင့် သင်သည် ကလေးများ ဂျာနယ်များကို စုဆောင်းခြင်း ပြန်လည် သုံးသပ်ခြင်းတို့ကို စီစဉ်ပြီး ကလေးများအား ကြိုတင်ပြောပြထားပါ။

- ❖ ကလေးများအား ရေးသားချက်များပြန်စစ်ပြီး ပြင်ဆင်ရန် အခွင့်အရေးပေးပါ။ အသက်မွေးဝမ်းကျောင်းပြု စာရေးသူများသည် သူတို့၏ပထမဆုံးသောစာကို ပြင်ဆင်ရန် အချိန် ၈၅ ရာခိုင်နှုန်း ပေးကြရပါသည်။ အတန်းထဲ၌ စာရေးသားခြင်း အလုပ်ပေးရာတွင် ကျောင်းသားများကို မိမိစကားဖြင့်ပင် လွတ်လပ်စွာ ရေးသားရန် အားပေးပါ။ ခေါင်းစဉ်တစ်ခုတည်းကိုသာ အားလုံးက ရေးသားကြရပေမည်။ (အသက် ၈/၉ နှစ်အထက် ကလေးများသည် ပို၍ သဘာဝကျကျ ရေးသားဖော်ပြတတ်ရာ) ပြန်စစ်ပြီးပြင်ဆင်ခြင်းသည် ပို၍အရေးကြီးပါသည်။ သူတို့၏အတွေးအဆနှင့် စီစဉ်ကျနမှုကို မှတ်ချက်ပေးပါ။ အဘိဓာန်ကို သုံးပါစေ။ သို့မှသာ စာလုံးပေါင်းနေကျ စာလုံးပေါင်းအမှန်ကို အဖော်နှင့်အတူ လေ့လာနိုင် ပါမည်။

- ❖ စိတ်ကူးယဉ်ဆန်သော အရေးအသားကို ခွင့်ပြုပါ။ အသက်ကြီးသော သင်ယူသူ များသည် သင်္ချာတွင် မည်ကဲ့သို့အဖြေရှာသည်။ သိပ္ပံတွင် မည်ကဲ့သို့ စမ်းသပ် သည်။ ရာသီဥတုသည် မိသားစုဘဝကို အကျိုးပြုသည် စသည်ဖြင့် စာရေးသား ခြင်းကို ထိရောက်သော လက်နက်ကိရိယာအဖြစ် ဖော်ထုတ်ရေးသားကြပါ သည်။

- ❖ ရေးသားပြီးသောစာကို အကျိုးရှိအောင် ခင်းကျင်းပြသပေးပါ။ ယောကျ်ားကလေး များနှင့် မိန်းကလေးများ၏ရေးသားမှုများကို စာသင်ခန်းနံရံများအပေါ်တွင် ကပ်၍ ပြသပေးနိုင်ပါသည်။ သို့မဟုတ် စာအုပ်များအဖြစ် စုစည်းပြုလုပ်နိုင်ပါသည်။ အခြားအတန်းများမှ သင်ယူသူများ၊ မိသားစုများ၊ ရပ်ရွာလူထုနှင့်အခြား မိတ်ဆွေများကိုလည်း ပြသနိုင်ပါသည်။ သင်ယူသူများကို ရပ်ရွာလူကြီး သို့မဟုတ်



ှ်သည်တစ်ဦးထံ စာရေးရာတွင် မေးခွန်းမေးရန်၊ ထင်မြင်ချက် ပေးရန်၊ ာရောက်လည်ပတ်ခြင်းကို ကျေးဇူးတင်ကြောင်း စသည့်အရေးကြီး ာအချက်များ ရေးသားရန် အခွင့်အလမ်းရှိပါသည်။ ဤအချက်သည် ္ဟူတို့ အတွက် အရေးကြီးပြီး) စာရေးခြင်း၏ရည်ရွယ်ချက်နှင့် ဦးတည်သူ ရှိကြောင်း ဖော်ပြခြင်းပင် ဖြစ်ပါသည်။

ပြန်လည်ထင်ဟပ်မှုလုပ်ငန်း။ ။ဘာသာစကားကိုအဓိပ္ပာယ်ရှိရှိသင်ကြားခြ င်း

သင်၏လက်တွေ့သင်ကြားခြင်းနှင့်သင့်ကလေးများအကြောင်းကို စဉ်းစားပါ။

- ❖ သင်၏အတန်းများတွင် စိတ်ဝင်စားမှုအနည်းဆုံးဖြစ်သော ဘာသာစကား သင်ကြားမှုနည်းလမ်းသည် မည်သည့်နည်းလမ်းဖြစ်ပါသနည်း။ ဤအခြေ– အနေ ကို တိုးတက်အောင်မည်ကဲ့သို့ပြုလုပ်မည်နည်း။
- ❖ သင့်ကလေးများကိုအတွဲလိုက်စကားပြောရန်နှင့်(၄)ဦးပါအဖွဲ့များကို ဖွဲ့၍ ဆွေးနွေးရန် အခွင့်အလမ်းများ ပေးပါသလား။
- ❖ ဘာသာစကားသင်ကြားမှုကို ပို၍စိတ်ဝင်စားစေပြီး အဓိပ္ပာယ်ရှိသော ဆီလျော် သည့် သင်ယူမှုဖြစ်အောင် မည်ကဲ့သို့ပြုလုပ်နိုင်ပါသနည်း။

ဘင်္ဂလားဒေရှ့်နိုင်ငံရှိ အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခု၏အမည်မှာ ဘဝ သာယာရေးလုပ်ငန်းဖြစ်ပါသည်။ ၎င်းအဖွဲ့ကကျောင်းသားများအတွက် ‘ကလေးများ၏ ခံစားချက်သည် အရေးကြီးသောအချက်ဖြစ်၍ ကလေးများဘဝကို အကျိုးသက်ရောက် စေသည်။’ ဟူသော ခေါင်းစဉ်ဖြင့် စကားရည်လုပွဲကျင်းပ ပြုလုပ်ပေးပါသည်။ သို့ဖြင့် သူတို့သည် မည်သို့ စကားရည်လုရမည်ကို လေ့လာကြသည်။ အချက်အလက်ကို ရှာဖွေဖော်ထုတ်ကြသည်။ ရုပ်ပုံများ၊ ပိုစတာများ ရေးဆွဲကြသည်။ စာများရေးကြသည်။ ကျောင်းတွင်ရှိကြသည့် ငယ်ရွယ်သော ကလေးများထံသတင်းစကားပါးကြသည်။ မိဘများ၊ ဆရာများပင် ကျောင်းသားများ၏ စကားရည်လုပွဲတွင် ပါဝင်လာကြသည်။ ကျောင်းသားအုပ်စုတစ်စုသည် ဆရာများကို အတန်း(ကျောင်း)ထဲတွင် ဆေးလိပ်

မသောက်ရန် ဟောပြောစည်းရုံးစွမ်းဆောင်နိုင်ခဲ့သည်။

*Based on articles in http://www.workingforbetterlife.org/index.htm*

## လက်စွဲ ၄.၄
## မည်သည်တို့ကိုလေ့လာသင်ယူခဲ့ပြီးပြီလဲ

သင်ယူသူများနှင့်သင်ယူမှုအကြောင်းလေ့လာခြင်း

- ❖ ကလေးအားလုံးလေ့လာသင်ယူနိုင်ကြသည်။ သူတို့သည် သင်ယူနည်းအမျိုးမျိုးနှင့် သင်ယူနှုန်းအသီးသီးဖြင့် သင်ယူကြသည်။
- ❖ ဆရာများသည် ကလေးများအတွက် သင်ယူမှုအတွေ့အကြုံများနှင့် အခွင့်အလမ်း အမျိုးမျိုးကိုပေးရန် လိုအပ်သည်။
- ❖ ကလေးများသည် သူတို့သိရှိပြီးသည်များနှင့် အချက်အလက်သစ်ကို ဆက်စပ် သင်ယူကြသည်။ ဤသည်ကို စိတ်ပိုင်းဆိုင်ရာတည်ဆောက်မှုဟု ခေါ်သည်။
- ❖ ကျွန်ုပ်တို့သည် မိဘများနှင့် ကလေးပြုစုစောင့်ရှောက်သူများက ကလေးများ၏ သင်ယူမှုကို အထောက်အကူပြုရန် အားပေးရမည်။ သို့မှသာ ကလေးများသည် အတန်းထဲတွင် သင်ယူခြင်းကို သူတို့နေအိမ်ဘဝအတွေ့ကြုံနှင့် ဆက်စပ် သိရှိကြမည်။ (သူတို့နေအိမ်ဘဝအတွေ့အကြုံကို အတန်းထဲတွင်သင်ယူခြင်းနှင့် ဆက်စပ်သိရှိကြမည်။)
- ❖ အတူတကွစကားပြောဆိုကြပြီးမေးခွန်းထုတ်ခြင်း (လူမှုဆက်ဆံရေး) သည် သင်ယူမှုကို အားဖြည့်ပေးပါသည်။ သို့ ဖြစ်၍ အတွဲလိုက်၊ အုပ်စုငယ်ဖွဲ့၍ သင်ယူကြရန် အလွန်ပင်အရေးပါပါသည်။

ကလေးများမည်ကဲ့သို့စာသင်ယူကြသည်ကို သိရှိလာကြသကဲ့သို့၊ ကလေးများ သင်ယူမှုတွင် အတားအဆီးတချို့ကိုလည်း သုံးသပ်ရန်လိုပါသည်။ အဓိကအတားအဆီး တစ်ခုမှာ မိမိကိုယ်ကို တန်ဖိုးထားမှုနည်းပါးခြင်း ဖြစ်ပါသည်။ တန်ဖိုးထားမှု

လျော့နည်း ခြင်းသည် ကလေးကို သင်ယူရန်နိုးကြားမှုကို လျော့နည်းစေပြီးသူတို့၏ သိမှုနယ်ပယ်နှင့် ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု တို့ကိုထိခိုက်စေပါသည်။ မိမိကိုယ်ကို တန်ဖိုးထားမှုမှာ ကောင်းမွန်သော သင်ယူမှုဝန်းကျင် တစ်ရပ်တည်ဆောက်ပေးခြင်းဖြင့် မြှင့်တင်ပေးနိုင်ပါသည်။ဤဝန်းကျင်တွင် ကလေးများအောင် မြင်စွာလုပ်နိုင်လျှင်ချီးမွမ်းရမည်၊ စုပေါင်းလုပ်ဆောင် ခြင်းနှင့် ပျော်ရွှင်စွာအုပ်စု ဖွဲ့လုပ်ကိုင်ခြင်း တို့ကို အားပေးရမည်။ သူတို့ကိုဂရုစိုက်ကြောင်း ကလေးများသိစေရမည့်အပြင် သူတို့သင်ယူကြိုးစဉ် ပံ့ပိုးပေးနေကြရပါမည်။

စာသင်ခန်းတွင်းကွဲပြားခြားနားခြင်းများကိုင်တွယ်ဆောင်ရွက်ခြင်း

ဤစာအုပ်ငယ်တွင် ကလေးများထံ ၎င်းတို့နှင့် ဆီလျော်သော သင်ရိုးညွှန်းတမ်းများ ရောက်ရှိရေး နည်းလမ်းများကို ဖော်ပြခဲ့ရာ မည်သည်ကိုသင်ရမည်။ (သင်ရိုး အကြောင်းအရာ) မည်သို့အကောင်းဆုံးသင်ပေးသည်။ သင်ယူသည်။ (သင်နည်းစဉ်) နှင့် သင်ယူမှုဝန်းကျင်ကောင်းတို့ကို လေ့လာစူးစမ်းနည်းလမ်းရှာခဲ့ပြီးဖြစ်သည်။ သင်ခန်းစာ ပြင်ဆင်သောအခါ နယ်ပယ်သုံးခုလုံးကို စဉ်းစားရပါသည်။ ၎င်းတို့မှာ သင်ရိုးအကြောင်းအရာ၊ သင်းနည်းများနှင့် သင်ယူမှုဝန်းကျင် တို့ဖြစ်ကြပါသည်။

ကလေးများသင်ယူမှုတွင် ခြိမ်းခြောက်ခြင်းများ နှင့် အနိုင်ကျင့်မှုတို့ကို လေ့လာခဲ့ကြပြီး သတိပြုမိသည်မှာ–

- ❖ ဆရာ၊ မိဘနှင့် အခြားကလေးတို့၏ခြိမ်းခြောက်မှုကြောင့် ကလေးများ၏ သင်ယူမှုကို အဟန့်အတားဖြစ်စေသည့် ကြောက်လန့်မှု။
- ❖ လူမျိုးနွယ်စု၊ ဘာသာရေး၊ လူမှုအဆင့်အတန်းတို့တွင်ရှိသော ခြားနားမှုများက အနိုင်ကျင့်မှုများ ကျင့်သုံးနိုင်ပြီး သူတို့၏အနိုင်ကျင့်မှုကိုဝန်ခံစေခြင်း။
- ❖ ဆရာတစ်ဦးအတွက် စောင့်ကြပ်ကြည့်ရှုလေ့လာခြင်းသည် အဓိကသော့ချက် ဖြစ်ရာ ကလေးများကို ကစားစဉ်နှင့်အတန်းထဲတွင်ရှိစဉ် စောင့်ကြည့်ရန် လိုအပ်ပါသည်။ ကလေးများအတွင်း သင်ယူမှုကို ခြိမ်းခြောက်ခံရပြီး ပေါင်းသင်း ဆက်ဆံရေးအားနည်းသူကို ရှာဖွေရန်ဖြစ်ပါသည်။
- ❖ ထို့အပြင်ဆရာများသည် အခြေအနေအဖြစ်အပျက်ကို အကဲဖြတ်ရမည်ဖြစ်ရာ တွင် အနိုင်ကျင့်မှုဖြစ်ခဲ့ပြီးနောက် ပွဲပြင်ခြင်းထက် တားဆီးရေးလုပ်ငန်းများ

ဆောင်ရွက်ရန် လိုအပ်ပါသည်။

ဘက်လိုက်ခြင်းနှင့် ခွဲခြားခြင်းတို့သည် သင်ရိုး ညွှန်းတမ်းနှင့် သင်ယူမှုပစ္စည်းတွင် မမျှော်လင့်ဘဲထင်ဟပ်နေတတ်ပါသည်။ အထူးသဖြင့် မိန်းကလေးများကဲ့သို့ ဘဝနောက်ခံနှင့် စွမ်းရည်မတူသော ကလေးများနှင့်သက်ဆိုင်နေတတ်သည်။

ပြဋ္ဌာန်းစာအုပ်တွင်ပါသော ဘက်လိုက်မှုများနှင့် မမျှော်လင့်သောခွဲခြားမှုများကို စာရင်း ပြုစုခြင်းသည်လည်း ပါဝင်ပါသည်။ ပြဋ္ဌာန်းစာအုပ်တွင် ပြန်လည်သုံးသပ်မှုများပြုလုပ်နိုင် ပါသလား။ တွေ့လာလျှင် သင်မည်ကဲ့သို့ဆောင်ရွက်မည်နည်း။ သာဓက– အသစ်ဖြည့်စွက် ပါမည်လား။

သင်ယူမှုအခက်အခဲရှိသောကလေးများအား သူတို့ကိုယ်တိုင် အချင်းချင်းကူညီမှု ရစေရန် သင်ယူနိုင်သောဝန်းကျင်တစ်ရပ်ကို ပေးစွမ်းနိုင်ပါသည်။ သင် မည်သည့်အကြောင်း ကြောင့်ပင်ဖြစ်စေ သင်ယူမှုအခက်အခဲရှိသော ကလေးတစ်ဦးဦးကို သတိပြုမိပါသလား။

သိပ္ပံပညာတွင် သိပ္ပံဆိုင်ရာအသိသညာများကို ကလေးများနားလည်ရန် တိကျ ခိုင်မာသော အတွေ့အကြုံများကို ပေးရမည်။ သိပ္ပံကိုသင်ယူရာတွင် ကလေးများကို သူတို့၏ ကြည့်ရှုလေ့လာသောကျွမ်းကျင်မှုဖြင့် လက်တွေ့လုပ်ကိုင်နိုင်ပါသည်။ သူတို့ကိုမေးမြန်းရန် နှင့် မေးခွန်းများမှအဖြေအမျိုးမျိုးအတွက် စမ်းသပ်မှုများစီစဉ်ရန် အားပေးရပါမည်။

ရပ်ရွာအတွင်းစူးစမ်းလေ့လာမှုပြုလုပ်ခြင်းဖြင့် သိပ္ပံသည် လူ့အဖွဲ့အစည်းတွင် အသုံး ဝင်သောအခန်းကဏ္ဍတစ်ရပ်အဖြစ် ပါဝင်ကြောင်း အစပျိုးသင်ကြားနိုင်ပါသည်။ သိပ္ပံပညာ ဆိုင်ရာအဖိုးတန်သော အသိသညာနှင့် ကျွမ်းကျင်မှုများသည် သင်ယူစဉ် ရပ်ရွာထဲရှိ ပြဿနာများ၏ လက်တွေ့ဖြေရှင်းပုံများကို ရှာဖွေနိုင်ပါသည်။

စာအုပ်ထဲရှိအဖြေများကိုသင်ယူခြင်းထက် ပြဿနာများကိုစုံစမ်းရန် ကလေးများကို အချိန်ပေးရပါမည်။ ကျွန်ုပ်တို့ ပြုလုပ်၊ ဆွေးနွေး၊ မှတ်တမ်းရေး နည်းနှင့်သ၊ခ၊ယ၊ပ (သိပြီး၊သိချင်၊သင်ယူ၊ပိုလေ့လာခြင်းတို့)ကဲ့သို့သောသင်နည်းအမျိုးမျိုးကို စဉ်းစားပါ။ ဤနည်းများသည် ကလေးများအတူတကွ အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပြီး ပိုမိုနားလည်စေကာ အတန်းထဲပူးပေါင်းပါဝင် မှုကို မြှင့်တင်နိုင်ပါသည်။

သင်သည် သိပ္ပံဘာသာနှင့် သင်္ချာဘာသာတို့တွင် သင်နည်းမျိုးစုံကို သုံးပါသလား၊ သင့်အတန်းထဲတွင်သိပ္ပံအသိသညာများစူးစမ်းရာတွင်လက်တွေ့ပစ္စည်းများအသုံးပြုပါသ လား။

ဘာသာစကားသည် ဘာသာရပ် သက်သက်မဟုတ်ပါ။ ကလေးများ သင်ရိုးညွှန်းတမ်းကို အပြည့်အဝ သင်ယူရေးနှင့်စဉ်းစားတွေးခေါ်နိုင်ရေးကိုကူညီရန် လိုအပ်သောကျွမ်းကျင်မှုအတိုင်း အတာ တစ်ရပ်ပင်ဖြစ်သည်။ ကလေးများအား အခြေအနေ၊ အဖြစ်အပျက်အမျိုးမျိုးကို တတ်နိုင်သမျှ ပြောဆိုကြရန်၊စာဖတ်ကြရန်၊ရေးသားကြရ န် လို အပ်ပါသည်။ အခြားဘာသာရပ်များ အားလုံးတွင် ဤကျွမ်းကျင်မှုမျိုးရအောင် ဖွံ့ဖြိုးစေနိုင်ပါသည်။

သိပ္ပံနှင့်သင်္ချာသင်ပေးရာတွင် ဘာသာစကားသင်ယူရေးအခွင့်အလမ်းများ ပေးခြင်းဖြင့် ဘာသာစကားသင်ကြားမှုကို အဓိပ္ပာယ်ရှိအောင်ဆောင်ရွက်နိုင်ပါသလား။

### ပိုမိုလေ့လာနိုင်သောနေရာများ

တစ်ဖက်တွင်ဖော်ပြပါ ထုတ်ဝေမှုများနှင့် Web-Site တို့သည်ကျောင်းမိသားစုများနှင့် ရပ်ရွာဒေသလူမှု အဖွဲ့အစည်းတို့ ပတ်သက်ဆက်နွှယ်မှုကို အားပေးရန်အဖိုးတန်

**Publications**

Baily D, Hawes H and Bonati B. (1994) Child-to-Child: A Resource Book. Part 2: The Child-to-Child Activity Sheets. London: The Child-to-Child Trust. This is an excellent resource for activities that children can undertake in terms of understanding child growth and development, nutrition, personal and community hygiene, safety, recognizing and helping those with disabilities, disease prevention, safe lifestyles and understanding children in difficult circumstances.

Council on Interracial Books for Children. (1980) Guidelines for Selecting Bias-Free Textbooks and Storybooks. New York.

O'Gara, C and Kendall N. (1996) Beyond Enrollment: A Handbook for Improving Girls' Experiences in Primary Classrooms. Washington, DC: Creative Associates International, Inc. for the ABEL 2 Project, US Agency for International Development.

Seel A and Power L. (2003) Active Learning: A Self-Training Module. Save the Children UK, London.

Sharp S and Smith PK (Eds.). (1994) Tackling Bullying in Your School: A Practical Handbook for Teachers. Routledge.

Swanson HL. (1999) Instructional components that predict treatment outcomes for students with learning disabilities: Support for a combined strategy and direct instruction model. Learning Disabilities Research and Practice, 14 (3), 129-140.

UNESCO. Guides for Special Education. Paris.

UNESCO (1993) Teacher Education Resource Pack: Special Needs in the Classroom. Paris.

UNESCO (2001) Understanding and Responding to Children's Needs in Inclusive Classrooms: A Guide for Teachers. Paris.

UNESCO Asia and Pacific Regional Bureau for Education (2003) Gender in Education Network in Asia (GENIA) A Toolkit for Promoting Gender Equality in Education. Bangkok.

**Web-Sites**

Bullying. No Way!
http://www.bullyingnoway.com.au

BULLYING- the no-blame approach.
http://www.luckyduck.uk/approach/NoBlame-HowItWorks.pdf

Bullying and gender.
http://www.bullyingnoway.com.au/issues/gender.html

Countering discrimination.
http://www.esrnational.org/sp/we/end/stereotypes.htm#prejudicesituations

Diversity and disability. Inclusive Education Training in Cambodia.
http://www.eenet.org.uk/key_issues/teached/cambodia_contents.shtml

Gender in Education Network in Asia (GENIA) A Toolkit for Promoting Gender Equality in Education.
http://www.unescobkk.org/gender/gender/genianetwork.htm#toolkit

Meaningful, engaged learning.
http://www.ncrel.org/sdrs/engaged.htm

Multiple intelligences. Pathways to learning.
http://www.thomasarmstrong.com/multiple_intelligences.htm.
http://www.educationalvoyage.com/multiintell.html

Partnership on Sustainable Strategies for Girls' Education.
http://www.girlseducation.org

UNICEF Teachers Talking about Learning.
http://www.unicef.org/teachers

Working for Better Life.
http://www.workingforbetterlife.org/index.htm

စာအုပ်ငယ်-၅

# လူတိုင်းအကျုံးဝင် ပညာရေးစီမံခန့်ခွဲမှု သင်ယူပျော်စာသင်ခန်းများ



Booklet 5 :

# Managing Inclusive, Learning -Friendly Classrooms

လူတိုင်းအကျုံးဝင်
သင်ယူပျော်
ဝန်းကျင်များ

## လက်စွဲလမ်းညွှန်

ဤစာအုပ်ငယ်တွင် စာသင်ခန်း၏ အခြေအနေကွဲပြားမှုကိုလိုက်၍ စီမံခန့်ခွဲမှုပြုပုံများကို လက်တွေ့ကျကျအကြံပြုတင်ပြထားပါသည်။ ထို့ပြင် ထိရောက်သော သင်ကြားသင်ယူမှုအတွက် လုပ်ငန်းအစီအစဉ်ကိုမည်ကဲ့သို့ ကြိုတင်ချမှတ်မည်။ ရင်းမြစ်များကို ထိရောက်စွာမည်သို့အသုံးပြုမည်။ စာသင်ခန်းအမျိုးမျိုးတွင် အုပ်စုလိုက် ဆောင်ရွက်မှုလုပ်ငန်းများကို မည်သို့စီမံ ဆောင်ရွက်မည်။ ကျောင်းသား ကျောင်းသူများ၏ တိုးတက်မှုအခြေအနေကိုလည်း မည်သို့စစ်ဆေးအကဲဖြတ်မည် ဟူသည့်အချက်များကို ရှင်းလင်းဖော်ပြထားပါသည်။

### လက်စွဲများ

**၅.၁ သင်ကြားသင်ယူမှုလုပ်ငန်းအစီအစဉ်များ ................................ ၃**

စာသင်ခန်းပုံမှန်လုပ်ငန်းများ ........................................................ ၃

ကလေးများ လုပ်ဆောင်ရမည့်တာဝန်များ ........................................ ၅

သင်ခန်းစာ ကြိုတင်ပြင်ဆင်မှု ..................................................... ၆

**၅.၂ ရနိုင်သမျှရင်းမြစ်များကိုအများဆုံးအသုံးပြုခြင်း ........................ ၁၃**

ရုပ်ပိုင်းနေရာ ........................................................................ ၁၄

သင်ယူရန်ထောင့် သို့မဟုတ် နေရာ .................................................. ၁၅

ခင်းကျင်းပြသရန်နေရာ .............................................................. ၁၇

အတန်းတွင်းစာကြည့်တိုက် ........................................................... ၁၉

**၅.၃ အုပ်စုလုပ်ငန်းနှင့် ပူးပေါင်းသင်ယူမှုလုပ်ငန်းများကိုစီမံခန့်ခွဲခြင်း.... ၂၂**

အုပ်စုလုပ်ငန်းအတွက် ချဉ်းကပ်နည်းများ ......................................... ၂၂

အတန်းအုပ်စုအမျိုးမျိုးကိုအသုံးပြုခြင်း ............................................. ၂၄

ပူးပေါင်းသင်ယူခြင်း ................................................................. ၂၆

သင်ယူခြင်းအတွက်လူမှုဆက်ဆံရေးကျွမ်းကျင်မှုများ ............................ ၂၈

အုပ်စုဖွဲ့လုပ်ငန်းအတွက်အခြေခံစည်းမျဉ်းများချမှတ်ခြင်း ....................... ၃၀

သက်တူရွယ်တူချင်းသင်ယူမှုကို စီမံခန့်ခွဲခြင်း ...................................... ၃၂
ကိုယ်တိုင်သတ်မှတ်သင်ယူခြင်း ...................................................... ၃၄
ခွဲခြားခြင်းအတွက်ကြိုတင်စီစဉ်ခြင်း .................................................. ၃၅
လူတိုင်းအကျုံးဝင်စာသင်ခန်းတွင်းအပြုအမူဆိုင်ရာစီမံခန့်ခွဲခြင်း ............... ၃၉
သွက်လက်သည့်လူတိုင်းအကျုံးဝင်စာသင်ခန်းစီမံခန့်ခွဲခြင်း ..................... ၄၈

**၅.၄ သွက်လက်ပြီးမှန်ကန်သောစစ်ဆေးအကဲဖြတ်ခြင်း** ............................ ၅၄
စစ်ဆေးအကဲဖြတ်ခြင်းဆိုတာဘာလဲ ................................................. ၅၄
သင်ယူမှုရလဒ်များ ........................................................................ ၅၆
စစ်မှန်သောစစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာချဉ်းကပ်မှုများနှင့်
လုပ်ထုံးလုပ်နည်းများ ...................................................................... ၅၈
ပြန်လည်တုံ့ပြန်ဖြည့်ဆည်းမှုနှင့်စစ်ဆေးအကဲဖြတ်ခြင်း ........................ ၆၈
ကိုယ်တိုင်စစ်ဆေးအကဲဖြတ်ခြင်း ....................................................... ၇၀
စစ်ဆေးအကဲဖြတ်ခြင်းတွင် ဘာတွေမှားနိုင်သလဲ .................................. ၇၄

**၅.၅ ဘာတွေသင်ယူခဲ့ပြီးပြီလဲ** .................................................... ၇၈



## လက်စွဲ ၅.၁
## သင်ကြားသင်ယူမှုလုပ်ငန်း အစီအစဉ်များ

**'ဂျူအင်'** သည် ဖိလစ်ပိုင်နိုင်ငံ၊ တောင်ပေါ်ဒေသကျောင်းငယ်လေးမှ ဆရာတစ်ဦး ဖြစ်သည်။ သူသည် သင်တန်းများစွာ မတက်ဖူးပါ။ သို့သော် မြို့နှင့် အလှမ်းဝေးသည့် ဆရာမဲ့နေရာများသို့ သူ့စိတ်ဆန္ဒဖြင့် သွားရောက် သင်ကြားနေသူဖြစ်သည်။ ကလေးများ ကို သူချစ်ခင်ပါသည်။ သို့ရာတွင် သင်ကြားခြင်းအလုပ်သည် သူ့ကို စိန်ခေါ်လျက် ရှိသည်။ ဆရာတစ်ဦးအဖို့ စဉ်းစားစရာများ လှပါသည်။ ဘာအကြောင်းအရာသင်မလဲ။ ဘယ်ပစ္စည်းတွေသုံးမလဲ။ ဘယ်ကရမလဲ။ အတန်းစုံမှ များပြားသည့် ကလေးများကို ဘယ်လို သင်မလဲ။ အတန်းတိုင်းအတွက် သင်ခန်းစာဘယ်လိုပြင်ဆင်မလဲ စသည်ဖြင့် ဆရာတစ်ဦးတည်းနှင့် ထိုထိုသောလုပ်ငန်း အားလုံးကို ဘယ်လိုလုပ်နိုင်မှာလဲ **......**။

အထူးအားဖြင့် ကျေးလက်ဒေသရှိ ဆရာများအဖို့ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရလျက် ရှိသည်ကို နိုင်ငံအများမှာပင် ကြုံတွေ့နေရသည်။ ကလေးများ၏ စိတ်ဝင်စားမှုအလိုက် ဆရာက တုံ့ပြန်မှုပေးနိုင်သည့်တိုင် ကောင်းစွာစည်းရုံးဆောင်ရွက်ရန် လိုသေးသည်။ ဆရာအားလုံး သင်ကြား သင်ယူမှုလုပ်ငန်းများကို ကိုင်တွယ်စီမံတတ်ရန်လည်းလိုသည်။ ဤလက်စွဲစာအုပ် သည် သင်ကြားသင်ယူခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအတွက် အကြံဉာဏ်များ၊ သင့်တော်သည့် ရနိုင်ရာ ရင်းမြစ်များ အများဆုံးအသုံးပြုနိုင်ရေးအထောက်အကူပြုပါသည်။ ထိုနည်းတူ ဘဝ နောက်ခံနှင့် စွမ်းရည်အမျိုးမျိုးရှိသည့် ကလေးများပါဝင်သော သင်ယူပျော်စာသင်ခန်းများ ဖြစ်ရေးအတွက် လူတိုင်းအကျုံးဝင်မှုဆိုင်ရာ စီမံခန့်ခွဲမှုများဖြင့် အကြံဉာဏ်ကောင်းများ ပေးထားပါသည်။

### စာသင်ခန်း ပုံမှန်လုပ်ငန်းများ

ကျောင်းတက်ချိန်မှစ၍ စာသင်ခန်း၏ ပုံမှန်ဆောင်ရွက်ရသည့်လုပ်ငန်းများတွင် ကလေးများ သွက်လက်စွာ ပါဝင်ကူညီဆောင်ရွက်ခွင့် ပေးရပါမည်။ ကလေးများကိုယ်တိုင် ပုံမှန်သမားရိုးကျလုပ်ငန်းတစ်ရပ်အနေနှင့် ပါဝင်ဆောင်ရွက်သွားရန်လည်း စည်းရုံးသွားရမည် ဖြစ်သည်။ **သာဓက**– ကျောင်းသားကလေးများအုပ်စုအလိုက် သို့မဟုတ် အဖွဲ့အလိုက် တာဝန်ယူကာ နေ့စဉ်ကျောင်းခေါ်ကြိမ်မှတ်တမ်းများမှ ပုံမှန်ကျောင်းတက် ကျောင်းပျက်သူ စာရင်းများအခြေအနေကို ဆရာထံသို့အသိပေး တင်ပြဆောင်ရွက်ခြင်းမျိုးဖြစ်သည်။

ကလေးများ ပုံမှန်သမားရိုးကျဆောင်ရွက်မှုများ တိုးတက်အောင် ဆောင်ရွက်ရာတွင် ရှင်းလင်းပြခြင်းနှင့် ဆုံးဖြတ်ဆောင်ရွက်တတ်ခြင်းမှာ အရေးကြီးပါသည်။ (၁) ဘာကို ဘယ်လို ဆောင်ရွက်မလဲ။ (၂) ဘယ်သူက လုပ်မလဲ။ (၃) ဘယ်တော့လုပ်ရမလဲ။ (၄) ဘာကြောင့် ဒီလုပ်ငန်းကို ပုံမှန်ဆောင်ရွက်ရခြင်းဟာ အရေးကြီးသလဲ…စသည်ဖြင့် သိရှိစေရန် အရေးကြီး ပါသည်။ အောက်ပါအချက်များသည် သင်၏ကလေးများ ပုံမှန်ဆောင်ရွက်သင့်သည့် လုပ်ငန်း များကို ဆောင်ရွက်ရန် စည်းရုံးလှုံ့ဆော်ပေးမည့်အချက်အချို့ ဖြစ်သည် –

- ❖ အချိန်တစ်ချိန်တွင် ကလေးများ ဘာအလုပ်ကို လုပ်ဖို့လိုမလဲ၊ အထူးအားဖြင့် စာသင်ခန်းသို့နောက်ကျရောက်ရှိလာသောကလေးများအနေဖြင့် မည်သည့် အလုပ်မျိုးကို လုပ်သင့်သည်။ခရီးဝေးလမ်းလျှောက်လာရ၍ သို့မဟုတ် အခြား သောအတန်းဖော်များစာသင်ရန် စောင့်ဆိုင်းနေရခြင်းကြောင့် မည်သို့ ပြန်လည် ဆောင်ရွက်ပေးရမည်…… စသည်ဖြင့် သတ်မှတ်ပေးရန်၊
- ❖ စာအုပ်နှင့်အခြားသော သင်ထောက်ကူပစ္စည်းများကို မည်သို့ဖြန့်ဝေမည်၊ စုစည်းမည်၊ သိုလှောင်မည် ….စသည့်လုပ်ငန်းများတွင် မည်သူက မည်သို့တာဝန် ယူမည်၊ သာဓကအားဖြင့် ကျောင်းသား၊ ကျောင်းသူများ အလှည့်ကျသော် လည်းကောင်း၊ အုပ်စုလိုက်သော်လည်းကောင်း ကလေးများအားလုံး တာဝန်ယူ ဆောင်ရွက်ရန်၊
- ❖ ဆရာက မဆောင်ရွက်ပေးနိုင် သို့မဟုတ် မတတ်နိုင်သည့်အခါ ကလေးအချင်းချင်း မည်သို့သော ကူညီမှုမျိုးပေးသင့်သည်ကို လိုအပ်ချက် အခြေအနေပေါ်လိုက်၍ ကူညီမှုပေးတတ်ရန်၊
- ❖ ကလေးများလုပ်ငန်းဆောင်ရွက်မှု တစ်ခုပြီးတိုင်း မည်သို့ဆက်လက် ဆောင်ရွက် ပေးရမည်။
- ❖ ကလေးများ ရုတ်ရုတ်သဲသဲဖြစ်နေသည့်အခြေအနေမျိုးရှိနေပါက ဆရာ့အနေနှင့် မည်သို့ဂရုစိုက်ရမည်၊
- ❖ လက်ခံနိုင်သော ဆူညံမှုမျိုးကို မည်၍မည်မျှထိ လက်ခံစေမည်၊
- ❖ စာသင်ခန်းတွင်း ရုတ်ရုတ်သဲသဲဖြစ်နေလျှင် မည်သို့လိုက်လံ ထိန်းသိမ်းစေမည်၊
- ❖ စာသင်ခန်းမှမည်သို့ ထွက်ခွာရမည်တို့ကို သတ်မှတ်ပေးရန်၊

ကလေးများအနေနှင့် အထက်ပါအကြောင်းရင်းများဆိုင်ရာ စည်းကမ်းအချို့ကို တိုးမြှင့်ဆောင်ရွက်စေသင့်သည်။ အကြောင်းဆိုသော် စည်းမျဉ်းသတ်မှတ်ချက်များကို ကလေးများကိုယ်တိုင်ပါဝင်ဆောင်ရွက်စေခြင်းဖြင့် စောင့်ထိန်းလိုက်နာမှုကိုဖြစ်စေသည်။ မည်သို့ဆိုစေ အချို့သောစည်းမျဉ်းသတ်မှတ်ချက်များသည် ကလေးများအား အကာအကွယ်ပေးမှုအတွက် သေချာစွာဆွေးနွေးချမှတ်နိုင်မှုမရှိပါ။ သာဓကအားဖြင့် စာသင်ခန်းမှထွက်ခွာသွားသူအတွက် စည်းကမ်းများ သို့တည်းမဟုတ် ပြင်ပရှိ မိဘအုပ်ထိန်းသူမဟုတ်သည့် အရွယ်ရောက်သူများနှင့် ပူးပေါင်း၍ ကျောင်းပရိဝုဏ်ပြင်ပသို့ ထွက်ခွာသွားခြင်းများအတွက် ဆရာ့အားခွင့်တိုင်ပြီး ဆက်သွယ်အသိပေးရမည့် စည်းကမ်းများကို ဖြေရှင်းရခြင်းမျိုးဖြစ်သည်။

## ကလေးများလုပ်ဆောင်ရမည့်တာဝန်များ

အတန်းတွင်းတွင် **ကလေးအားလုံး** ဆောင်ရွက်ရမည့် တာဝန်နှင့် လုပ်ငန်းများတွင် ပါဝင်ကူညီ ဆောင်ရွက်စေရပါမည်။ ဤသို့ဖြင့် သင်၏ကလေးများ အတန်းတွင်တွင်း လိုက်နာရမည့် တာဝန်ဝတ္တရားများကို သင်ကြားပေးခြင်းဖြင့် အတန်းစီမံခန့်ခွဲရေးအတွက် များစွာအထောက်အကူ ဖြစ်စေပါသည်။ သင်၏ကလေးများအတွက် သတ်မှတ်ပေးနိုင်သော လုပ်ငန်းတာဝန်အချို့ကို နမူနာအဖြစ်ဖော်ပြပါမည် –


- ❖ ကလေးငယ်များအတွက် ဦးဆောင်မှုပေးနိုင်သူအဖြစ် သို့မဟုတ် အထူးအလေးထား ကူညီသင်ပြပေးနိုင်သူအဖြစ်
- ❖ သင်ယူမှုလုပ်ငန်း သို့မဟုတ် ပုံမှန်အလုပ်ကို သေချာစွာအပြီးဆောင်ရွက်နိုင်မည့် အုပ်စုခေါင်းဆောင် သို့မဟုတ်အဖွဲ့ဝင် တစ်နည်းအားဖြင့် မည်မျှသင်ယူတတ်မြောက်ကြောင်း သို့မဟုတ် သင်ယူပြီးမြောက်ကြောင်းကို အောင်မြင်စွာတင်ပြအစီရင်ခံသူအဖြစ်
- ❖ ကျန်းမာရေးကော်မတီဝင် တစ်နည်းအားဖြင့် လက်ဆေးရန်ရေ၊ ဆပ်ပြာရရှိရန်နှင့် သောက်သုံးရေသန့်ရရှိအောင် စီစဉ်သူ
- ❖ ကျောင်းတက်ရောက်ကြောင်း ကျောင်းခေါ်ကြိမ်မှတ်တမ်းနှင့် ကျောင်း ခေါ်ကြိမ်ဇယားတွင် တာဝန်ယူရှင်းလင်းမှတ်တမ်းတင်ပေးသူ
- ❖ အတန်းတွက် အကြံပြုစာထည့်ပုံးမှ အကြံပြုစာများထုတ်ယူပြီး မှတ်တမ်းတင် အကြံပြုပေးသူ

အထက်ပါလုပ်ငန်းတာဝန်များကို ကလေး၏အသက်နှင့် ရင့်ကျက်မှုအဆင့်အလိုက် ရွေးချယ်တာဝန် ပေးရန်ဖြစ်သည်။ သို့သော် ထူးချွန်သူ၊ စဉ်းစားတွေးခေါ်တတ်သူ၊ တာဝန်ကို ကျေပွန်စွာဆောင်ရွက်နိုင်သူ ကလေးများကိုချည်း တာဝန်ပေးရန်မဟုတ်ပါ။ အတန်းတွင်းရှိ ကလေးအားလုံး ကျား မ မရွေး သင်ယူနိုင်စွမ်းအမျိုးမျိုး သို့မဟုတ် ယဉ်ကျေးမှုနောက်ခံ အခြေအနေအမျိုးမျိုးရှိသူတို့ကိုလည်း ပါဝင်ဆောင်ရွက်ကြစေရန်ဖြစ်သည်။ ထို့ပြင် ကျား မ ခွဲခြားစေခိုင်းသော ပုံစံဖြင့် မိန်းကလေးများ အပင်များကိုရေလောင်းစေပြီး၊ ယောကျ်ားလေးများအား စာသင်ခုံရွှေ့စေခြင်းမျိုးကို အတင်းအဓမ္မစေခိုင်းမှုမျိုး မဖြစ်ရန် ဂရုပြုသင့်သည်။ ကလေးအားလုံးပါဝင်ပြီး အကျိုးရှိစေမည့်အတန်းတွင်း လုပ်ငန်းများနှင့် ပုံမှန် သမားရိုးကျ ဆောင်ရွက်မှုမျိုးကို ပြုလုပ်စေခြင်းဖြင့် မှန်ကန်သော အထောက်အကူပြုမှု ဖြစ်စေပါသည်။

## သင်ခန်းစာကြိုတင်ပြင်ဆင်မှု

အချိန်ကို အကောင်းဆုံးအသုံးချနိုင်ရန်နှင့် သင်ယူခြင်းအတွက် အခါအခွင့်ကောင်းများ ရရှိစေရန် သင်ခန်းစာများကို ကောင်းစွာကြိုတင်ပြင်ဆင်ရန် လိုအပ်ပါသည်။ သို့အတွက် ပထမဦးစွာ အချိန်ယူပါ။ သို့သော် ဆရာအားလုံးတွက် ဆရာအတတ်ပညာကျွမ်းကျင်မှုသည် လက်တွေ့ဘဝတွင် အလိုအပ်ဆုံးဖြစ်ပြီး၊ ရေရှည်အတွက် အချိန်ကိုအသုံးချတတ်သူများဖြစ်ရန် လိုအပ်ပါသည်။

အလုပ်အစီအစဉ်ရေးဆွဲနိုင်မှုအတွက် လုပ်ငန်းအညွှန်းဘောင်တစ်ခုအဖြစ် တြိဂံ သင်ရိုးကို အသုံးပြုနိုင်ပါသည်–



ဤအညွှန်းဘောင်တွင် **သင်ရိုးအကြောင်းအရာ**ဆိုသည်မှာ နိုင်ငံ၏သင်ရိုး ညွှန်းတမ်းတွင် ထည့်သွင်းသတ်မှတ်ပြဋ္ဌာန်းထားသည့် အကြောင်းအရာများဖြစ်သည်။ စာသင်ခန်းအတွင်းရှိ ဘဝနောက်ခံနှင့် စွမ်းရည်အမျိုးမျိုးရှိသည့် ကလေးများအားလုံးအတွက် အထူးကိုက်ညီဆီလျော်စေရပါမည်။ ဤအကြောင်းအရာများသည် ကလေးများအတွက် အဓိပ္ပာယ်အပြည့်အဝရှိရန်နှင့် ထိုကလေးတို့နေထိုင်ရာ ရပ်ရွာဒေသပတ်ဝန်းကျင်၊ မိဘ အခြေအနေတို့နှင့်လည်း လိုက်လျောညီထွေရှိ၍ လက်ခံနိုင်ရမည်ဖြစ်သည်။

**လုပ်ငန်းစဉ်** ဆိုသည်မှာ အကြောင်းအရာသင်ရိုးမာတိကာအလိုက် မည်သို့သင်ကြားရမည်ဟူသည့် အစီအစဉ်ဖြစ်သည်။ ဤတွင် ပင်ကိုယ်သင်ယူဟန် အမျိုးမျိုးရှိသည့် ကလေးများ၏လိုအပ်ချက်အရ သင်ကြားနည်းအမျိုးမျိုးအသုံးပြု ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းစဉ်အမျိုးမျိုးကွဲပြားစွာရှိနေပါမည်။ သို့တည်းမဟုတ် သင်ကြားသင်ယူမှုလုပ်ငန်းအတွက် လိုအပ်ချက်အရ သင်ချိန်များ သတ်မှတ်ရန်လည်း လိုအပ်ပါသည်။ ( 'သက်တူရွယ်တူအချင်းချင်း သင်ပေးခြင်း' ကို အောက်တွင်ဖော်ပြထားပါသည်)

**ပတ်ဝန်းကျင်** ဟုဆိုရာတွင် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ လူမှုဝန်းကျင်များ ပါဝင်သည်။ ရုပ်ပိုင်းဆိုင်ရာ လူမှုဝန်းကျင်တွင်သင်ယူရန် နေရာကိုလိုက်ပြီး သင်ခန်းစာအတွက် သင့်လျော်မည့် သင်ယူမှုရင်းမြစ်များ ပါဝင်စေရမည်။ ထို့အတူ စိတ်ပိုင်းဆိုင်ရာ လူမှုဝန်းကျင်တွင် သာဓကအားဖြင့် စုပေါင်းအုပ်စုဖွဲ့ဆောင်ရွက်ခြင်းဖြင့် မိမိကိုယ်ကို တန်ဖိုးထားမှုများရရှိ သွားခြင်းကို ဖြစ်စေပါသည်။

**လှုပ်ရှားမှုလုပ်ငန်းများ။** အနေဖြင့် သင်ခန်းစာကို 'အမည်ဖော်ကစားခြင်း' မှ စတင်ကာ ကလေးများတစ်ဦး၏ အမည်ကိုတစ်ဦးသို့ ပြောပြစေသောကစားနည်းဖြင့် စာသင်နှစ်အစတွင် တစ်ဦးနှင့်တစ်ဦး မှတ်မိသိရှိစေပါသည်။ ဤသို့ ဆောင်ရွက်ခြင်းသည် ကလေးများအချင်းချင်း စာသင်ခန်းတွင်း တပေါင်းတစည်းတည်းရှိစေရေးကို အားပေးပါသည်။ အခြားလုပ်ဆောင်မှုတစ်ရပ်မှာ' လက်ဆောင်ပစ္စည်း လဲလှယ်စေခြင်း' နည်းဖြစ်ပါသည်။ ကလေးများကို နှစ်ဦးစီတွဲကာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ပြောဆိုမေးခွန်းများမေးစေမည်။ မိနစ်အနည်းငယ်ကြာသောအခါ မိမိတို့အတွဲဖော်နှင့် ပတ်သက်သည့်တွေ့ရှိချက်များကို ရေးချစေပြီး၊ စာသင်ခန်းတွင်း၌ မိမိအဖော်၏အရည်အချင်း သို့မဟုတ် ပေးသည့်လက်ဆောင်ပစ္စည်းအကြောင်း ပြန်လည်ပြောပြရပါမည်။ သူတို့အနေနှင့် ပြန်လည်ပြောပြနိုင်သည်မှာ–' ကျွန်ုပ်၏ သူငယ်ချင်းအမည်မှာ မာရီယာဖြစ်ပြီး၊ သူမထံမှစိတ်ကို ရွှင်မြူးစေတဲ့ လက်ဆောင်လေးတစ်ခုကို ရခဲ့ပါတယ်၊'

‘ ကျွန်ုပ်၏သူငယ်ချင်းအမည်မှာ ဂျိုးဖြစ်ပြီး၊ သူအနေနဲ့ ဂရုတစိုက်နားထောင်ပေးတတ်တဲ့ အလေ့အထကောင်းကို ပေးနိုင်ခဲ့ပါတယ်။ ’ ဤလုပ်ဆောင်မှုလေးသည် စာသင်ခန်းတွင်း ကလေးတစ်ဦးချင်းထံမှ အကြောင်းရင်းတစ်ခုစီကို ဖော်ထုတ်ပေးကြရသည့်အတွက် တစ်ဦးချင်း၏အရည်အသွေးတိုင်းသည် တန်ဖိုးထားဖွယ်ဖြစ်ပါသည်။

ကလေးများအတွက် အကောင်းဆုံးသင်ယူကြရန်မှာ ကလေးတိုင်းသွက်လက်တက်ကြွပြီး စဉ်းစားတွေးခေါ်မှုဖြစ်လာလျှင် အကောင်းဆုံးသင်ယူကြပါမည်။ သင်ယူမှုအတွက် အကောင်းဆုံးဖြစ်စေရန် ကလေးတို့၏ လက်ရှိဘဝအတွေ့အကြုံနှင့် ဆက်စပ်ပြောဆိုနိုင်မှုများ အပေါ်အခြေခံခြင်းဖြင့် သူတို့အသိပညာကို ပိုမိုထိရောက်စွာအသုံးချနိုင်ပါသည်။ ဆရာများအနေနှင့်လည်း မိမိကလေးများ၏ ပတ်ဝန်းကျင်၊ မိဘရပ်ရွာဒေသအခြေအနေကို နားလည်သိရှိခြင်းအားဖြင့် သင်ခန်းစာပြင်ဆင်ရာတွင် ဒေသအလိုက် နမူနာများကို ပါဝင်စေခြင်းဖြင့် ပိုမိုလွယ်ကူစွာ နားလည်စေပါသည်။

သို့သော်ငြားလည်း ဆရာ ဆရာမ အတော်များများသည် သင်ခန်းစာကို ပြင်ဆင်မှုများဖြင့် ဦးဆောင်သင်ကြားမှုမရှိကြပါ။ ပြဋ္ဌာန်းစာအုပ်ကိုသာ အမှီပြု သင်ကြားနေကြသည်။ အချို့သော အကြောင်းအရာများ၌ ပြဋ္ဌာန်းစာအုပ်များကို တစ်ခုတည်းသော သင်ယူသင်ကြားရေးပစ္စည်းအဖြစ် အသုံးပြုနေရခြင်းကြောင့်လည်းဖြစ်ပါသည်။

မည်သို့ပင်ဆိုစေ ပြဋ္ဌာန်းစာအုပ်များသည် ကလေးများကောင်းစွာ နားလည်သဘောပေါက်နိုင်သည့် အခြေအနေကို ပေးနိုင်ပြီး၊ ဆက်သွယ်နားလည်နိုင်မှုအစီအစဉ်များဖြင့် ပြုစုရမည်ဖြစ်သည်။ လူတိုင်းအကျုံးဝင်စာသင်ခန်းများအတွက် သင်ခန်းစာပြင်ဆင်မှု အစီအစဉ်များသည် ဖတ်ရုံသက်သက်မဟုတ်၊ မိမိ အမှန်တကယ်လိုအပ်ချက်အတွက် ပြင်ဆင်မှုဖြစ်စေရမည်။ ဆရာသည် ကလေးများ၏ ဘဝနောက်ခံနှင့် စွမ်းရည်အမျိုးမျိုးကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ဆရာအနေနှင့် အောက်ပါအခြေအနေများကို အနည်းဆုံးသိထားသင့်သည် –

- ❖ ဘာတွေသင်နေသလဲ (ခေါင်းစဉ်၊ အကြောင်းအရာ)
- ❖ ဘာကြောင့်သင်နေကြတာလဲ (ရည်မှန်းပန်းတိုင်/ဦးတည်ရည်ရွယ်ချက်)
- ❖ ဘယ်လိုသင်ကြမလဲ(သင်နည်း/သင်ကြားနည်းစဉ် )

- ❖ ကလေးများအနေနှင့်ဘာတွေသိထားကြသလဲ (ရှိပြီးအသိ/အကြိုစစ်ဆေးမှု)
- ❖ ကလေးများ ဘာတွေလုပ်ရမလဲ (လုပ်ငန်းများ)
- ❖ သင်ခန်းစာကို ဘယ်လိုစီမံမလဲ (ရုပ်ပိုင်းနှင့် လူမှုဝန်းကျင်ဆိုင်ရာ အကြောင်းအရာများ ပါဝင်ရန် စုစည်းခြင်းများ)
- ❖ လုပ်ဆောင်ရမည့်လုပ်ငန်းများသည် ကလေး **အားလုံး** ပါဝင်ဆောင်ရွက်ရန် အတွက် ဆီလျော်ကိုက်ညီမှုရှိရဲ့လား
- ❖ ကလေးများအနေနှင့် နှစ်ယောက်တစ်တွဲ သို့မဟုတ် အုပ်စုငယ်ဖွဲ့ ဆောင်ရွက်ရန် အခွင့်အလမ်းရရဲ့လား
- ❖ ကလေးများအနေနှင့် သူတို့၏ဆောင်ရွက်နေမှုများကို ဘယ်လိုအသိအမှတ်ပြု မှတ်တမ်းထားပေးမလဲ (သင်ယူမှုရလဒ်များ၊ ကလေးများရေးဆွဲ ထားသည့်ပုံများ)
- ❖ ကလေးများသင်ယူနိုင်ကြကြောင်း ဘယ်လိုသိနိုင်သလဲ (ကလေးများအတွက် ပြန်လည်ဆွေးနွေးသင်ကြားပေးခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်းများ)
- ❖ ဘာဆက်လုပ်မလဲ (ပြန်လည်ထင်ဟပ်ခြင်းနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ)

ဆရာများ သင်ခန်းစာကြိုတင်ပြင်ဆင်မှုအတွက် မိမိကိုယ်ကို စည်းရုံးရန်နှင့် ကောင်းမွန်စွာ ပြင်ဆင်နိုင်ရန် နည်းလမ်းအချို့ကို လွယ်ကူသော မက်ထရစ်ပုံစံများ အသုံးပြု ဆောင်ရွက်နိုင်သည့် နေ့စဉ်သင်ခန်းစာ ပြင်ဆင်မှုဇယားပုံစံကို နမူနာအဖြစ် ဖော်ပြထားပါသည်။ သင်ခန်းစာပြင်ဆင်မှုအစီအစဉ်အတွက် အနည်းဆုံးတစ်ခုကို ကြိုးစားအသုံးပြုကြည့်ပါ။ ခေါင်းစဉ် တစ်ခု သို့မဟုတ် သင်ခန်းစာတစ်ခုကို စတင်စမ်းသပ်ကြည့်ပါစို့။ ဆရာ၏သင်ကြားမှု အစပျိုးရန်အတွက် အသေအချာ ဆောင်ရွက်နိုင်မှုကို ပေးပါလိမ့်မည်။ ဆရာ၏ သင်ကြားမှု အပေါ် ကလေးများနားလည် သဘောပေါက်မှု ရှိ မရှိကို လေ့လာကြီးကြပ်နိုင်ပါမည်။ ထို့ပြင် မည်သို့ဆက်လက် ဆောင်ရွက်ရမည်။ သင်ကြားမှုကို မည်သို့တိုးတက်စေမည် ..... စသည်တို့ အတွက် စဉ်းစားနိုင်သည့် အခွင့်အရေးလည်းရနိုင်ပါသည်။

## သင်ခန်းစာပြင်ဆင်မှုဇယားပုံစံ

| ခေါင်းစဉ် | သင်ယူမှု ရည်ရွယ်ချက် | သင်နည်း | အကြို စစ်ဆေးခြင်း | စာသင်ခန်း ပြင်ဆင်မှု | ကလေး များ၏ လုပ်ဆောင်ချက် | သင်ယူမှု ရလဒ် | ပြန်လည် ဆွေးနွေးသင် ကြားပေးခြင်း | အကြံပြုချက်/ ပြန်လည် ထင်ဟပ်ခြင်း |
|---|---|---|---|---|---|---|---|---|
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

## သင်ခန်းစာပြင်ဆင်မှု အစီအစဉ်

ဘာသာရပ် ........................................................................................................

အတန်း(သို့)သင်ယူသူအုပ်စု ..............................................................................

ကလေးဦးရေ ......................................................................................................

အချိန်..............................................................................................................

## သင်ယူမှု ဦးတည်ရည်ရွယ်ချက်

ဤသင်ခန်းစာမှ ကလေးများအား ဘာတွေကို သင်ယူစေချင်သလဲ။

သင်၏ကလေးများအတွက် သင်ယူစေလိုသည့် အသိပညာ၊ ကျွမ်းကျင်မှုနှင့် (စိတ်ဓာတ်သဘောထား ခံယူချက်များ) ကို စဉ်းစားတွေးခေါ်မှုပြုပါ။ သင်ခန်းစာတစ်ခုအပေါ် မူတည်၍ ဦးတည်ချက် နှစ်မျိုး သို့မဟုတ် သုံးမျိုးကို ရွေးချယ်ထားရန် လိုသည်။

## ရင်းမြစ်များ

သင်ခန်းစာအတွက် မည်သည့်ရင်းမြစ်များကို သင်လိုအပ်သလဲ။ ကလေးများအနေနှင့် မည်သည့်ပစ္စည်းများလိုအပ်သလဲ။ ကလေးများအနေနှင့် ရင်းမြစ်များရရှိရန် ဘယ်လို ကူညီနိုင်မလဲ။

## အထူးလိုအပ်ချက်ရှိသော ကလေးများ

အုပ်စုတွင်း၌ ကူညီမှုအထူးတလည်ပေးရန် လိုအပ်သည့်ကလေးများရှိပါသလား။

ကလေးများအတွက် ပံ့ပိုးပေးရန် မည်သည့်ထောက်ပံ့ပစ္စည်းသင်လိုအပ်သလဲ။

တစ်ဦးချင်းပေါ် အခြေခံပြီး သင်အကူအညီပေးရန် လိုအပ်ပါသလား။

စာသင်ခန်းအတွင်း ကလေးများအနေနှင့် သင့်တင့်လျောက်ပတ်သည့်နေရာတွင် ထိုင်၍ သင်ယူနိုင်ရန် သင်သေချာစွာ ဆောင်ရွက်ပေးပါသလား။ (သာဓက–ကူညီမှု အထူး ပေးရန် လိုအပ်သည့်ကလေးများအား အတန်း၏ရှေ့ဆုံးတွင် ထားပေး၍ ထိုကလေးများ အလွယ်တကူသင်ယူခွင့်ရစေခြင်းဖြင့် သင်ကူညီရာရောက်ပါသည်။ အထူးသဖြင့် ကျောင်းသားများလွန်းသည့် စာသင်ခန်းတွင်အကူအညီပေးရန် ဖြစ်သည်။)

## နိဒါန်းပျိုးခြင်း

ဤသင်ခန်းစာမှ မည့်သည့်အပိုင်းကို လေ့လာသင်ယူစေချင်ကြောင်း ကလေးများအား ပြောပါ။ ဆရာအချို့အနေနှင့် သင်ယူသင့်သည့်အပိုင်းကို သင်ခန်းစာမစမီ ကျောက်သင်ပုန်း ထက်တွင် ရေးသားပြတတ်သည်။ သင်ခန်းစာမည်သို့စတင်သင်ကြားမည်ကို စဉ်းစားရန် လိုသည်။ ပြီးခဲ့သည့် ရှေ့ပိုင်းသင်ခန်းစာမှ ကလေးများသင်ယူခဲ့သည်ကို အကျဉ်းချုံး၍ ပြန်လည် ရှင်းပြပေးရန်သတိရပါ။ ကလေးများတွေ့ကြုံနိုင်သည့်အခက်အခဲမှစတင်၍ ရှင်းလင်းတတ်ရန် ကြိုးစားပါ။ ထိုအခါ အဖြေအမျိုးမျိုးပေးနိုင်သောမေးခွန်း သို့မဟုတ် အဓိကဆောင်ရွက်ရမည့် လုပ်ငန်းကို ဦးဆောင်စေမည့် ရုပ်ပုံကားချပ်ကို အသုံးပြုဆွေးနွေးရန်ဖြစ်သည်။

## အဓိကလုပ်ငန်းများ

သင်ခန်းစာ၏ အဓိကအပိုင်းတွင် ကလေးများမည်သို့ ပါဝင်ဆောင်ရွက်စေလိုသလဲ။ ကလေးများ သင်ယူမှုဦးတည်ချက် (ရည်ရွယ်ချက်) ပေါက်မြောက်စေရေးအတွက် သင့်လုပ်ဆောင်မှုကို အသေအချာရရှိအောင် ဆောင်ရွက်ရန်ဖြစ်သည်။

လုပ်ဆောင်ရန် လုပ်ငန်းအမျိုးမျိုးတွင် ကလေးများကြိုးစားပါဝင်စေရန်၊ သာဓက အားဖြင့် ကလေးများအား နှစ်ယောက်တစ်တွဲ သို့မဟုတ် အုပ်စုငယ်ဖွဲ့ဆောင်ရွက် တတ်ရန်၊

ကလေးများကို သင့်အနေနှင့် မည်သို့စတင်မိတ်ဆက်ပြီး လုပ်ငန်းကို မည်သို့ရှင်းလင်း မည်ကို ဆုံးဖြတ်ရန်လိုပါသည်။

ကလေးများ လုပ်ငန်းဆောင်ရွက်နေစဉ်အချိန်ကို သင်မည်သို့အသုံးချမည်ကို ဆုံးဖြတ်ရန်၊ ထိုအချိန်ကို အထူးအကူအညီလိုအပ်သောကလေးများအတွက် ကောင်းစွာအသုံးချစေခြင်းဖြင့် များစွာအထောက်အကူဖြစ်စေပါသည်။

## နိဂုံး

သင်ခန်းစာ၏အဆုံး၌ သင်ယူမှုဦးတည်ချက် (ဝါ) ရည်ရွယ်ချက်များ ပေါက်မြောက်စေရန်၊ ထပ်မံအားဖြည့်မှု သို့မဟုတ် ဆွေးနွေးမှုကို ရွေးချယ်အသုံးပြုရန်နှင့် ကလေးများ၏ သင်ယူတတ်မြောက်မှုကို မေးမြန်းစစ်ဆေးရန် လိုအပ်ပါသည်။

## သင်ခန်းစာသင်ကြားပြီးနောက် ကိုယ်တိုင်ပြန်လည်ထင်ဟပ်ခြင်း

အောက်ပါပုံစံဇယားကိုအသုံးပြုပြီးသင်ခန်းစာကို သင်မည်သို့ သင်ကြားသည်။ သင့်အနေနှင့် နောက်တစ်ကြိမ်တွင် မည်သို့ပိုမိုတိုးတက်စေမည်ကို သင်ကိုယ်တိုင်မှတ်ချက်အကျဉ်းကိုရေးသားရန်ဖြစ်သည်။ ကလေးများအနေနှင့်ရည်မှန်းချက် ပေါက်မြောက်ပါသလား။ ကလေးအားလုံး ပါဝင်ခွင့်ရပါသလား။ နောက်တစ်ကြိမ်မတူအောင်၊ နောက်တစ်နည်းဖြင့် မည်သို့ဆောင်ရွက်စေမလဲ.... စသည်ဖြင့် ပြန်လည်ဆန်းစစ်ရန်လိုပါသည်။

| ဆရာ၏နေ့စဉ်သင်ခန်းစာပြင်ဆင်မှုပုံစံ | | |
|---|---|---|
| **နေ့စွဲ ...........................** | | |
| ၁ | သင်ယူမှုရည်ရွယ်ချက် | ရင်းမြစ်များ |
| | သင်ခန်းစာတည်ဆောက်မှု | |
| ၂ | သင်ယူမှုရည်ရွယ်ချက် | ရင်းမြစ်များ |
| | သင်ခန်းစာတည်ဆောက်မှု | |
| ၃ | သင်ယူမှုရည်ရွယ်ချက် | ရင်းမြစ်များ |
| | သင်ခန်းစာတည်ဆောက်မှု | |
| ၄ | သင်ယူမှုရည်ရွယ်ချက် | ရင်းမြစ်များ |
| | သင်ခန်းစာတည်ဆောက်မှု | |
| ၅ | သင်ယူမှုရည်ရွယ်ချက် | ရင်းမြစ်များ |
| | သင်ခန်းစာတည်ဆောက်မှု | |



## လက်စွဲ ၅.၂
## ရနိုင်သမျှရင်းမြစ်များကို အများဆုံးအသုံးပြုခြင်း

အောင်မြင်သော ဆရာများအနေဖြင့် စိတ်ဝင်စားဖွယ်ကောင်းသော သင်ယူမှုပတ်ဝန်းကျင်ကို ပြုပြင်ဖန်တီးတည်ဆောက်ရာတွင် ကလေးအားလုံး အသက်အရွယ်မရွေး ကျား မ မရွေး စွမ်းဆောင်ရည် သို့မဟုတ် ဘဝနောက်ခံအခြေအနေအမျိုးမျိုးအတွက် အလေးထား တည်ဆောက်လျက်ရှိကြပါသည်။ စာသင်ခန်းများသည် သင်ယူမှုအတွက် စိတ်ဝင်စားဖွယ် အပြည့်နှင့် စိတ်ဓာတ်တက်ကြွစေသောနေရာအဖြစ် ရှိစေပါသည်။ သင်ယူရန်ပစ္စည်းများ မပြည့်စုံခြင်း၊ ပရိဘောဂချို့တဲ့ခြင်းများရှိသည့်တိုင် စာသင်ခန်းကောင်းတစ်ခုအဖြစ် အစီအစဉ် တကျ သန့်ရှင်းသပ်ရပ်စွာဖြင့် စိတ်ဝင်စားဖွယ်ဖန်တီးမှုအတွေးများနှင့်အတူ အကူအညီများ ပေးရန် အဆင်သင့်အနေအထားရှိစေပါသည်။ ၎င်းအတွက် အကြံဉာဏ်စိတ်ကူးအချို့ကို ဖော်ပြပါမည်–

ဖြစ်နိုင်လျှင် စာရေးခုံ သို့မဟုတ် ကုလားထိုင်များကို အုပ်စုလိုက် အလွယ်တကူ ရွှေ့ပြောင်းသင်ယူခွင့်ရအောင် ဆောင်ရွက်ထားရပါမည်။ သင်ပုန်းတစ်ခု သို့မဟုတ် ရေးသားရန် သင့်လျော်သည့် ပြင်ညီတစ်ခုရှိသင့်ပါသည်။ ကလေးများ၏ လုပ်ဆောင်မှုကို ပြကွက်နေရာ တစ်ခုကိုလည်း ဖန်တီးပေးရန်လိုပါသည်။ သို့မှသာ ကလေးများကိုယ်တိုင် ဆောင်ရွက်ထားမှု များကို အများရှေ့တွင် ပြသစေခြင်းဖြင့် ကလေးများဂုဏ်ယူဝမ်းမြောက်မှု ဖြစ်စေပါသည်။ သင်ယူဆည်းပူးရန် သို့မဟုတ် အထူးသီးခြားဘာသာရပ်ကိုလုပ်ရှားဆောင်ရွက်ရန် နေရာတစ်ခု တွင် သို့မဟုတ် စာကြည့်တိုက်ငယ်အဖြစ် အသုံးပြုနိုင်ရန်လည်း လိုအပ်ပါသည်။

စာသင်ခန်းကို ပြုပြင်ထိန်းသိမ်းနိုင်ရန် စည်းရုံးခြင်း၊ စိတ်ဓာတ်တက်ကြွစွာ ဆောင်ရွက်ခြင်းတို့တွင် အခက်အခဲတွေ့ရှိနိုင်ပါသည်။ အထူးအားဖြင့် တိရစ္ဆာန်နှင့် ဖျက်လိုဖျက်ဆီးလုပ် တတ်သူတို့ ဝင်ရောက်ဖျက်ဆီးမှုများလည်းရှိနိုင်ပါသည်။ ယင်းဖျက်ဆီးမှုများအတွက် မိဘများ နှင့် ရပ်ရွာလူကြီးများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကျောင်းခန်းအတွင်း ခင်းကျင်းပြင်ဆင်မှုများနှင့် သင်ယူမှုပစ္စည်းများအတွက် စောင့်ရှောက်ကာကွယ်တားဆီးပေးမှုများပြုလုပ်ရန် လိုအပ် ပါသည်။ အချို့ပစ္စည်းများကို နေ့စဉ်လုံခြုံစိတ်ချရသည့် သေတ္တာ၊ ဗီရိုများတွင် သိမ်းဆည်း ရန် လိုပါသည် ကလေးများသည် ကျောင်းဆင်းလျှင် မိမိတို့၏အိမ်သို့ ယူဆောင်သွား ကြပြီး နောက်နေ့ကျောင်းသို့ ပြန်လည်ယူဆောင်ခြင်းဖြင့် တာဝန်ယူစေနိုင်ပါသည်။

သာဓကအားဖြင့် ချက်ဒေသ ကျေးလက်ကျောင်းတွင် သင်ကြားသင်ယူမှုပစ္စည်းများ၊ စာအုပ်များကို ခြများနှင့် ပိုးမွှားများဖျက်ဆီးမှုမှ ကာကွယ်နိုင်ရန် သတ္တုသေတ္တာကြီး တစ်လုံးအတွင်း၌ ထိန်းသိမ်းထားရှိပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် သင်ပုန်းများကို စာသင်ခန်းပတ်လည်တွင် ကလေးများ၏ အဆင့်အလိုက်ထားပေးခြင်းဖြင့် ကလေးများအုပ်စုအလိုက် အစီအစဉ်များ၊ ဆွေးနွေးမှု အတွေ့အကြုံများ၊ အခက်အခဲပြဿနာဖြေရှင်းမှုများအတွက် ရေးသားအသုံးပြု တင်ပြမှုများ ပြုလုပ်နိုင်ပါသည်။ အချို့သော စာသင်ခန်းများတွင် စာသင်ခုံနှင့် ထိုင်ခုံများ မရှိကြလျှင် ဖြစ်အောင်ဆောင်ရွက်သည့်သဘောရှိပါသည်။ နေရာကျယ်ကျယ်တွင် ဒေသထွက်အခင်း၊ ဖျာတို့နှင့် သန့်ရှင်းသပ်ရပ်စွာ ခင်းကျင်းအသုံးပြုခြင်းဖြင့် သိပ္ပံ စမ်းသပ်ခန်းအသွင်မှ ပြဇာတ်ခန်းအသွင်သို့ ပြောင်းလဲနိုင်သကဲ့သို့ ကလေးများ အုပ်စု အလိုက်တင်ပြလိုမှု၊ ပြန်လည်ပြင်ဆင်မှုများကိုလည်း လွယ်ကူစွာပြုလုပ်နိုင်သည်။ အခြားစာသင်ခန်းများကိုလည်း အနှောင့်အယှက်မဖြစ် စေဘဲ ဆောင်ရွက်နိုင်ကြပါသည်။

အိန္ဒိယနိုင်ငံလူဦးရေထူထပ်သည့် ပြည်နယ်တစ်ခုတွင် နံရံ၏အနိမ့်ပိုင်းနေရာများကို အနက်ရောင်ဆေးသုတ်ကာ ကလေးများမြေဖြူနှင့် စာရေးသားနိုင်၊ ပုံဆွဲနိုင်သည့်နေရာ အဖြစ် အသုံးပြုစေပါသည်။ ထိုကျောင်းများသည် အိန္ဒိယနိုင်ငံခရိုင် မူလတန်းပညာရေး အစီအစဉ်အရ ကလေးများအိမ်မှ အဆင်ပြေစွာ ကျောင်းတက်နိုင်ရေးအတွက် အလေးထား ဆောင်ရွက်ပေးပါသည်။ ဝေးလံခက်ခဲသောဒေသများတွင်ပင် ဆောင်ရွက်ပေးလျက် ရှိသည်။ ကျောင်းအဆောက်အအုံများကို ကလေးပျော်ကျောင်းလိုအပ်ချက်နှင့်အညီ အထက်တွင်ဖော်ပြခဲ့သည့် ကလေးများ သင်ယူရန် အဆင်ပြေမည့်နေရာ၊ သင်ပုန်းနှင့် ပုံစံများကို အထူးရေးဆွဲပြင်ဆင် ဖန်တီးတည်ဆောက်ပေးထားပါသည်။

## ရုပ်ပိုင်းနေရာ

## စာသင်ခန်းတွင်း ရွှေ့လျားမှုပြုရန်

စာသင်ခန်းသည် ကလေးများအုပ်စုလိုက် စာရေးခုံနှင့် ထိုင်ခုံများ လွတ်လွတ်လပ်လပ် ပြောင်းရွှေ့သင်ကြားနိုင်ရန် သို့တည်းမဟုတ် ကြမ်းပြင်တွင်ထိုင်ကာ အခြားသူများအား အနှောင့်အယှက် မဖြစ်စေဘဲလှုပ်ရှားနိုင်ရန်လိုပါသည်။ စာသင်ခန်းအတွင်းရှိ ကလေးများ အတွက် အဆင်ပြေပြေ အနေအထားတကျ နေရာချထားမှုရှိမှသာ ကလေးများအုပ်စုလိုက် ဆောင်ရွက်မှုလုပ်ငန်းများအတွက် အဆင်ပြေပါသည်။

**သတိပြုရန်မှာ** မသန်စွမ်းသော ကလေးများအတွက် စာသင်ခန်းသည် ဝင်ထွက်၊ ရွေ့လျား လှည့်ပတ်နိုင်ရန် လွယ်ကူပါသလား။ ဘဝနောက်ခံ အမျိုးမျိုးရှိသည့် ကလေးများ၏ ကွဲပြားခြားနားမှုအလိုက် အခြားသောကလေးများနှင့်အတူ နေထိုင်ခြင်းနှင့် သီးခြားခွဲ၍ ထားစေခြင်းမျိုး၊ မိန်းကလေးနှင့် ယောကျ်ားလေး အတူရောနှော၍ သို့မဟုတ် ခွဲခြား၍ စသည်ဖြင့်ရှိနေခြင်းများကို ဂရုပြုမိပါသလား။

## အလင်း၊ အပူနှင့် လေဝင်လေထွက်

စာသင်ခုံများကို စနစ်တကျပြင်ဆင်ထားရှိခြင်းသည်ကလေးများ နေပူဒဏ်တိုက်ရိုက် မထိတွေ့စေဘဲ အလင်းရောင်ကိုလည်း ကောင်းစွာရရှိစေရပါမည်။

အောက်ဆီဂျင်သည် ဦးနှောက်အတွက်လိုအပ်ပါသည်။ စာသင်ခန်းတွင်းနေရာ များသည် လေဝင်လေထွက်မကောင်းဘဲ လှောင်နေတတ်ပါသည်။ အကယ်၍စာသင်ခန်းများ သည် လေကောင်းလေသန့်ဝင်ထွက်မှုအားနည်းပါက စာသင်ခန်း၏ပြင်ပသို့ ကလေးများအား ထွက်စေ၍ သင်ယူလှုပ်ရှားမှုများပြုစေသင့်ပါသည်။ ကလေးများစာသင်ခန်းတွင်း၌ အလှည့်ကျ နေရာရွှေ့ပြောင်းထိုင်စေခြင်းဖြင့်လည်း လေဝင်လေထွက်နှင့် အလင်းရောင် အားနည်းသော အခန်းနေရာ တစ်နေရာတည်းတွင် စွဲမြဲစွာထိုင်စေခြင်းမှ ကင်းဝေးနိုင်မည်ဖြစ်ပါသည်။ အချို့သော ကလေးများအနေနှင့် အမြင်အကြားအားနည်းမှု အခက်အခဲများ ရှိတတ်ပါသည်။ ကလေးအားလုံး စမ်းသပ်စစ်ဆေးမှုများပြုစေပြီး သင့်တင့်သည့်နေရာများတွင် ထိုင်ခွင့်ရရေး အတွက် အသေအချာဆောင်ရွက်ပေးသင့်ပါသည်။

## သင်ယူရေးထောင့် သို့မဟုတ် နေရာ

ကလေးများသည် မိမိတို့၏ သဘာဝပတ်ဝန်းကျင်ကမ္ဘာကို မကြာခဏ စူးစမ်းသိရှိ လိုကြပါသည်။ သိပ္ပံနှင့်သင်္ချာသင်ယူရေးထောင့် သို့မဟုတ် နေရာများသည် ကလေးများ၏ သိလိုမှုစူးစမ်းမှုနှင့် တိုးတက်မှုတို့အတွက် သင်ယူရန်နေရာလည်းဖြစ်ပါသည်။ ကလေးများသည် မိမိတို့ စိတ်ဝင်စားသည့်အကြောင်းအရာများ၊ အရာဝတ္ထုများကို စုစည်းတတ်ပြီး၊ ၎င်းတို့နှင့် ပတ်သက်သည့်လုပ်ငန်းများကို စိတ်ဝင်စားစွာ ဆောင်ရွက်လေ့ရှိကြပါသည်။ ရင်းမြစ်များသည် ကလေး**အားလုံး**အတွက် အသုံးပြုသင့်သောအရာများဖြစ်ရန်လိုပါသည်။ ကလေးများအနေနှင့် သင်ယူရန်ထောင့်နေရာများတွင် မျိုးစေ့လေးများကို စိုက်ပျိုးခြင်း၊ သစ်သီးများကို ရှာဖွေ စုစည်းခြင်း၊ ခရုလေးများ....စသည်တို့ကို သူတို့၏တွေ့ရှိမှုများကို ရည်ရွယ်ချက်အလိုက်

ခင်းကျင်းပုံဖော်ပြသထားကြပါသည်။ အထူးဂရုပြုသင့်သည်မှာ ကလေး**အားလုံး** အခြားသူများကို အနှောင့်အယှက်ကင်းစွာဖြင့် သင်ယူရန် မည်သည့်နေရာတွင် ထားရှိသင့်ကြောင်း စဉ်းစားရပေမည်–

- ❖ သိပ္ပံနှင့်သဘာဝဆိုင်ရာသင်ယူရန်နေရာတွင် သက်ရှိငါးလေးများကို ထားရှိခြင်းသည် သွက်လက်အသက်ဝင်သော စာသင်ခန်းအဖြစ် ဖန်တီးပေးရာရောက်သည်။ ကလေးများအနေဖြင့် သက်ရှိသတ္တဝါလေးများအတွက် မည်သို့စောင့်ရှောက်ရမည်။ ၎င်းတို့အတွက် အခြေအနေဆိုးကို မည်သို့လျော့နည်းစေမည်ကို လေ့လာမှုပြုပြီးနောက် ၎င်းတို့၏ မူရင်းနေရာသို့ ဖြစ်နိုင်လျှင် ပြန်လည်ပို့ရေးတို့ကို ဆောင်ရွက်တတ်ရန်လိုပါသည်။
- ❖ သင်္ချာသင်ယူရန်နေရာတွင် အဖုံးပါသော ဘူးလွတ်များ၊ ဘူးခွံများ၊ အထုပ်လေးများနှင့် စင်ကို ဖြည့်ထားရပါမည်။ ဤအရာများသည် သင်ယူရန်အသုံးပြုသည့် ပစ္စည်း (သင်ထောက်ကူ)များဖြစ်သည်။ သာဓကအားဖြင့် သင်ယူမှု ရည်ရွယ်ချက်များ အလိုက်လိုအပ်ပစ္စည်းများဖြင့် ဖြည့်ဆည်းထားရန်ဖြစ်သည်။ ထို့ပြင် အခြားပစ္စည်းများဖြစ်သည့် ဒင်္ဂါးပြားနှင့် ငွေအကြွေများအဖြစ် ကတ်ထူပြားနှင့် ပြုလုပ်ထားသည့် ငွေစက္ကူပုံတူများကို ဈေးသို့သွားရောက်သည့် သဏ္ဌာန်တူအောင် သရုပ်ဆောင်ကစားနည်းတွင် အသုံးပြုသည်။ ထို့ပြင်ကလေးများနောင်တွင် အသုံးပြုနိုင်ရန် စွန့်ပစ်ပစ္စည်းများဖြစ်သည့် ကတ်ထူပြား၊ ကြိုး၊ ဝါယာ၊ တိပ်၊ အင်္ကျီစ သို့မဟုတ် အဝတ်စ၊ ပလပ်စတစ် စသည်တို့ကို သိမ်းထားရန်အတွက်လည်း နေရာသတ်မှတ်ထားရှိပေးရန် လိုပါသည်။

ကလေးများကစားရင်း စာသင်ရန်အတွက် တွေ့ရှိပစ္စည်းများ၊ အမည်တပ်ထားသည့် ပစ္စည်းများ၊ ခင်းကျင်းပြသမှုများနှင့် ကလေးများအသုံးချမှုများသည် ကျောင်းတွင်းတွင် ကလေးတို့ နေ့စဉ်ဘဝနှင့် ဒေသခံမိဘပြည်သူများအတွင်း ချိတ်ဆက်ဆောင်ရွက်မှုများဖြစ်စေပါသည်။ ဒေသခံလက်မှုပညာရှင်များနှင့် ဂီတပညာရှင်များကို ကျောင်းများသို့ ဖိတ်ခေါ်ယူပြီး ကလေးများနှင့် စကားပြောဆိုခွင့်ပေးကြရပါသည်။ ၎င်းတို့ထံမှ အသိပညာ သို့မဟုတ် အကြောင်းအရာများ၊ ပစ္စည်းကိရိယာတန်ဆာပလာများကို ကလေးများအတွက် ဖော်ထုတ်ပေးစေခြင်း၊ ရေးဆွဲပေးခြင်းများကို အချိန်တိုအတွင်း ဆောင်ရွက်ပေးနိုင်ကြပါသည်။ အဖိုးတန်သောအမည် (အမယ်)များ ထားရှိသောအခါ လုံခြုံရေး အထူးအလေးထားစဉ်းစားရမည်ဖြစ်သည်။

ကလေးများသည် စာသင်ခန်းနှင့် သင်ယူမှုအထောက်အကူပစ္စည်းများ စီမံခန့်ခွဲခြင်း၊ စည်းရုံးဆောင်ရွက်ခြင်းပြုရာတွင် အပြည့်အဝပါဝင်ကြရပါမည်။ အဖွဲ့ငယ်၊ အသင်းအဖွဲ့ သို့မဟုတ် ကော်မတီအနေဖြင့် သင်ယူရန်နေရာများကို တည်ဆောက်ပေးရန်နှင့် ပြုပြင်ဖန်တီးပေးရန်လိုပါသည်။ သူတို့၏ပါဝင်မှုသည် အတန်းတွင်း စီမံခန့်ခွဲမှုနှင့် သင်ယူမှုပစ္စည်းများအတွက် အထောက်အကူဖြစ်စေပါသည်။ ထို့ပြင် ကလေးများအတွက် လုပ်ငန်းတာဝန်နှင့် နိုင်ငံသားကောင်း အရည်အသွေးများ ဖွံ့ဖြိုးတိုးတက်စေရန်ကိုလည်း အထောက်အကူပြုပါသည်။ အတန်းတွင်းကော်မတီတွင် ပေါင်းစပ်ညှိနှိုင်းပေးသူနှင့် စည်းရုံးဆော်သြသူတို့က အတန်းတွင်း ကျန်ရှိသူများကို ရှင်းပြရန်နှင့် ၎င်းတို့၏တာဝန်များကို အထူးအလေးထား တာဝန်ယူဆောင်ရွက်ရန်လိုသည်။

> စာသင်ခန်းအချို့သည် သီးခြားသင်ယူမှုအတွက် နေရာထားပေးရန် လုံလောက်မှုမရှိပါ။ အရှေ့တီမောနိုင်ငံတွင် ကြမ်းပေါ်၌အပုံလိုက်ထပ်ထားသော မိဘများ ရက်လုပ်သည့်ခြင်းတောင်းများ၊ ခရုများ၊ ကျောက်ခဲလေးများ၊ အစေ့အဆန်များနှင့် အခြားပစ္စည်းများတို့ကို သိပ္ပံနှင့် သင်္ချာသင်ခန်းစာများတွင် အပြည့်အဝအသုံးပြုနိုင်ရန် စီစဉ်ပေးထားပါသည်။ ဤသင်ယူမှုပစ္စည်းများကို ကလေးများ အပြည့်အဝအသုံးပြုသင်ယူရန် အရေးကြီးပါသည်။

## ခင်းကျင်းပြသရန် နေရာ

စက္ကူဖြင့် ခင်းကျင်းပြသနိုင်သည့် သင်ထောက်ကူပစ္စည်းများနှင့် အတန်းတွင်း ကလေးများ ပုံဖော်ဆောင်ရွက်ထားမှုများသည် ကလေးများအနေဖြင့် သင်ယူမှုတွင် စိတ်ပါဝင်စားစေပြီး၊ အတန်းနှင့်ဆိုင်သည့် ဆောင်ရွက်မှုများဖြစ်ကြောင်းကိုလည်း သိရှိခံစားနိုင်မည်ဖြစ်သည်။ မိဘများအနေဖြင့်လည်း ပိုမိုစိတ်ဝင်စားမှုကို ရရှိစေသည့်ပြင် စာသင်ခန်းတွင်း ဆောင်ရွက်နေသည့်အခြေအနေများကို ပိုမိုသဘောပေါက်နားလည်မှုတိုးစေပါသည်။ ကလေးအားလုံး၏ ပါဝင်ဆောင်ရွက်မှုများကို ခင်းကျင်းပြသနိုင်အောင် ဖန်တီးပေးခြင်းဖြင့် ကလေးတို့၏ တစ်ဦးချင်းစွမ်းရည်ကို ဖော်ထုတ်ပေးရာရောက်ပါသည်။

ကလေးများသည် ကိုယ့်အမည်နှင့် ကိုယ့်လုပ်ငန်းဆောင်ရွက်မှုအတွက် တွေ့ရှိခွင့်ရခြင်းဖြင့် ကျေနပ်ဂုဏ်ယူဖွယ်ခံစားမှုကိုရစေပါသည်။ ယင်းသို့ကလေးများ၏ ဆောင်ရွက်မှုများကို ပုံမှန် ခင်းကျင်းပြသပေးခြင်းဖြင့် ကလေးများသည် အစဉ်စိတ်ဝင်စားမှုရှိနေစေပြီး၊

ကလေးတစ်ဦးချင်းအနေဖြင့် ကာလအလိုက် သူတို့၏လုပ်ဆောင်ကွက်ကောင်းများကို ခင်းကျင်းပြသခွင့်ရရှိနေမည်ဖြစ်သည်။ ကလေးများ၏လုပ်ဆောင်ချက်များကို ခင်းကျင်းပြသမှုနှင့် ၄င်းတို့၏လုပ်ရပ်ကို အသိအမှတ်ပြုခြင်းသည် ကလေးများ၏တတ်မြောက်မှုနှင့် တုံ့ပြန်သင်ယူမှုအတွက် အင်အားဖြစ်စေပါသည်။ (ဤလက်စွဲ ၅.၄ တွင် ကလေး၏လုပ်ဆောင်ချက်မှတ်တမ်းနှင့် တတ်မြောက်မှုစစ်ဆေးအကဲဖြတ်ခြင်းများအပိုင်းတွင် လေ့လာနိုင်ပါသည်။)

စိတ်ဝင်စားစေသည့်ခင်းကျင်းမှုတွင် သင်ပုန်းသည် သင်ထောက်ကူပစ္စည်းကောင်းတစ်ခုဖြစ်ပါသည်။ ထို့ပြင် အတန်းကိုလည်း အသက်ဝင်လှုပ်ရှားမှုကို ဦးတည်ပေးရာရောက်ပါသည်။ ခင်းကျင်းရန်သင်ပုန်းအဖြစ် ဒေသရပ်ရွာထွက် ရက်ဖျာ၊ ထရံချပ်များကဲ့သို့ ဒေသထွက်ပစ္စည်းများကို အသုံးပြုနိုင်ပါသည်။ ခင်းကျင်းရန် သင်ပုန်းသည် အခွင့်အရေးကောင်းများကို ဖြစ်စေသည့်အတွက် အရေးပါလှပါသည်–

- ❖ ကလေးများကို သတင်းအချက်အလက်များဖော်ပြပေးရန်၊
- ❖ ကလေးများ၏လုပ်ဆောင်မှုကို ခင်းကျင်းဖော်ပြနိုင်ရန်နှင့် တစ်ဦးချင်း သို့မဟုတ် မိမိကိုယ်တိုင် သိရှိနားလည်စေရန်၊
- ❖ သင်ကြားပြီးသည့် သင်ခန်းစာအတွက် ထပ်မံအားဖြည့်ပေးရန်၊
- ❖ အရေးကြီးသောလုပ်ဆောင်မှုများအတွက် တုံ့ပြန်ဖြည့်ဆည်းခြင်းများ၊ သာဓကအားဖြင့် 'ရှာဖွေမှုလုပ်ငန်း 'အတွက် အိမ်နှင့်ရပ်ရွာမိဘများထံမှ စုံစမ်းကူညီမှုပေးရန်၊
- ❖ ဘဝနောက်ခံအခြေအနေ သို့မဟုတ် စွမ်းဆောင်ရည် မည်သို့ပင်ရှိစေ ကလေးများအတူတကွ လုပ်ဆောင်မှုကို အားပေးရန်၊
- ❖ ကလေးအားလုံး တစ်ဦး၏အလုပ်တစ်ဦး အသီးသီး သင်ယူခွင့်ရရေး အသေအချာဖန်တီးပေးရန်၊

စာသင်ခန်း၏နံရံများသည် ထုရှိသောနံရံများမဟုတ်ဘဲ ခိုင်ခံ့မှုအခြေအနေမပေးပါက ကလေးများ၏ရေးသားချက်များ သို့မဟုတ် ဆွဲသားမှုများကို စာသင်ခန်းတွင်း သို့မဟုတ် နံရံတစ်လျှောက်တွင် ကြိုးဖြင့် ချိတ်ဆွဲဖော်ပြပေးရန်၊ ကလေးများ၏လုပ်ဆောင်မှုများကို ကြိုးတစ်လျှောက်တွင် တိပ်ဖြင့်ကပ်ခြင်း သို့မဟုတ် ချိတ်ဖြင့် ချုပ်တွယ်နိုင်ပါသည်။ သင်ယူရန်အတွက် အဝတ်လှမ်းကြိုးတန်းကဲ့သို့ သီတန်းထားခြင်းသည် ဘာသာစကားနှင့် သင်္ချာဘာသာအတွက် သတင်းအချက်အလက်များကိုပေးနိုင်သည့် 'ချိတ်ဆွဲသင်ယူရာများ 'ဟုဆိုနိုင်ပါသည်။

အရှေ့တီမောနိုင်ငံတွင် ဆရာများသည် ရွှေ့လျားသင်ယူနေရာတို့အတွက် ထီးကျိုးများကို ရိုးတံများတွင် အက္ခရာစာလုံးများ၊ ရုပ်ပုံများစသည်တို့ကို ရေးသားချိတ်ဆွဲပြီး ဘာသာစကားသင်ယူမှုကို အားဖြည့်ပေးစေသည်။ မြင်တွေ့နိုင်သော သင်ထောက်ကူကြိုးအဖြစ် လျှော်ကြိုး သို့မဟုတ် ငှက်ပျောပင်မှ လျှော်ဖြင့်ပြုလုပ်လေ့ရှိသည်။ ရိုးရာကော်အဖြစ် သစ်သီးတစ်မျိုးမှရယူသည်။ မိဘနှင့် ကလေးစောင့်ရှောက်ကူညီသူတို့ထံမှ ထိုဒေသထွက်ပစ္စည်းများကို ရရှိကြသည်။ သင်ကြားသင်ယူမှုလုပ်ငန်းစဉ်ကို သူတို့ကိုယ်တိုင်လည်း ပိုမို တွေ့မြင်လာကြရသည်။ ယခုအခါတွင် ကျောင်းတွင်သင်ယူမှုလုပ်ငန်းများအကြောင်း ကလေးများကို ပိုမို ကောင်းမွန်စွာ ပြောဆိုလာနိုင်ကြပြီဖြစ်ပါသည်။

## အတန်းတွင်း စာကြည့်တိုက်


ကျေးလက်ရပ်ရွာအများစုတွင် စာကြည့်တိုက်များမရှိကြပါ။ သို့အတွက် ကလေးများအဖို့ စာအုပ်များများ လေ့လာသင်ယူခွင့်မရနိုင်ပါ။ အတန်းတွင်းစာကြည့်တိုက်တစ်ခုကို ဖန်တီးရန်မှာ သေတ္တာတစ်ခုတွင် ဒေသထွက်စာအုပ်များကို ထည့်သွင်းအသုံးပြုစေခြင်းဖြင့် ဖန်တီးနိုင်ပါသည်။ ကလေးများအနေဖြင့် ဖန်တီးရေးသားချက်စာအုပ်များကို စင်တွင်တင်ထားခြင်းဖြင့် မည်မျှပင်ရိုးစင်းသည့် စာကြည့်တိုက်ဖန်တီးမှုဖြစ်ပါစေ ကလေးတို့၏ ရေးသားမှုများကို ပုံနှိပ်သဖွယ်စီစဉ်တင်ပြဖန်တီးခွင့် ပေးရမည်ဖြစ်သည်။ ယင်းမြင်ကွင်းအတွက် ကလေးများသည် ဂုဏ်ယူနေကြမည်ဖြစ်သည်။ ကလေးများအဖို့ စာအုပ်များကို မည်သို့ပြုလုပ်မည်၊ မည်သို့အမျိုးအစားခွဲခြားပြီး ဂရုတစိုက်ထားစေမည်တို့ကို လေ့လာသင်ယူခွင့်လည်းရစေသည်။ ထို့ပြင် ကလေးများအနေနှင့် အတွန့်များပါ 'ဘာဂျာပုံ' စာအုပ်လေးများအဖြစ် စာရွက်ကို နှစ်ခေါက်သုံးခေါက် ခေါက်လိုက်ပြီး မျက်နှာတိုင်းတွင် စာရေးသားမှုများဖြင့် ကြော်ငြာစာရွက်ခေါက်သဖွယ် ပြုလုပ်ထားနိုင်သည်။ ကလေးများသည် ထိုစာအုပ်များတွင် ရုပ်ပုံများနှင့် ရေးသားဖော်ပြစေခြင်းဖြင့် တန်ဖိုးရှိသည့် ဖတ်ရှုဖွယ်ပစ္စည်းတစ်ခုဖြစ်လာစေပြီး စာအုပ်အချို့မှာ အသုံးပြုနိုင်သည့် အခြေအနေရှိပါသည်။

ကလေးများပြုစုထားသော စာအုပ်များသည် ထိရောက်သော သင်ထောက်ကူပစ္စည်းများလည်းဖြစ်သည်။ ကလေးများ၏ ရှင်းလင်းချက်များ သို့မဟုတ် ပုံဖော်ရှင်းလင်းမှုများအဖြစ် စာအုပ်တွင် ရေးသားမှုများသည် အခြားသောကလေးများအတွက် နားလည်မှုကို တိုးပွားစေပြီး အဓိကအစိတ်အပိုင်းအဖြစ်လည်း အကူအညီပေးသကဲ့သို့ရှိစေပါသည်။ ကလေးများသည် အရွယ်ရောက်သူများထက် ပြဿနာကို ရှုထောင့်အမျိုးမျိုးမှ မြင်တတ်ပါသည်။ သူတို့အနေနှင့်

ပိုမိုသဘောပေါက်လွယ်သော ဘာသာစကားကို အသုံးပြုလေ့ရှိသည်။ သူတို့အချင်းချင်း အရေးကြီးသောအချက်အလက်များကို အောင်မြင်စွာ ဆက်သွယ်နိုင်စွမ်းလည်း တစ်ခါတစ်ရံ ဆရာများထက်ပို၍ ရှိတတ်ပါသည်။ ကလေးများရေးသားပြုစုထားသော စာအုပ်များ၏ အသုံးဝင်မှုကို အကဲခတ် လေ့လာနိုင်ပါသည်။

ထို့ပြင် စာအုပ်များသည် အခြားသော ကျွမ်းကျင်မှုဆိုင်ရာ သင်ကြားမှုအတွက်လည်း သုံးနိုင်ပါသည်။ အထူးအားဖြင့် အမြင်အာရုံချို့တဲ့သော ကလေးများအတွက် စာအုပ်၏ စာမျက်နှာပေါ်တွင် ကိုင်တွယ်ထိတွေ့၍ရသောအရာလေးများဖြင့် ကပ်ထားပေးခြင်းဖြင့် ကလေးများသည် ကိုင်တွယ်ထိတွေ့ကာ ခံစားသင်ယူနိုင်ကြပါသည်။ ဥပမာအားဖြင့် တိရိစ္ဆာန် ပုံသဏ္ဍာန်ရှိ အရာဝတ္ထုလေးများအား စာမျက်နှာတွင် ကပ်ထားပြီး ကလေးများအား ထိတွေ့ကိုင်တွယ်လျှင် တိရိစ္ဆာန်ဆိုသည်မှာ မည်သို့သော ပုံသဏ္ဍာန်ရှိသည်ကို သိရှိခွင့်ရနိုင်မည်ဖြစ်သည်။ မျက်စိမြင်သည့် ကလေးများသည်ပင် ဤ 'ထိတွေ့ခံစားရသော စာအုပ်' များ တီထွင်ဖန်တီးရခြင်းအတွက် ပျော်ရွှင်ကြပါသည်။ ကလေးများအနေဖြင့် မျက်စိကိုမှိတ်ထားပြီး 'ထိတွေ့ခံစားရသော ကားချပ်ပုံများ' ကို ထိတွေ့စေခြင်းဖြင့် သိရှိခံစားမှုကို ရစေနိုင်ပါသည်။ သို့အတွက် ဤပစ္စည်းများကို ခင်းကျင်းပြသသည့်နေရာတွင် ထားပေးသင်ယူစေပါသည်။

တိုင်းပြည်အချို့တွင် စာသင်ခန်း သို့မဟုတ် ကျောင်းစာကြည့်တိုက်သည် ရပ်ရွာလူထု၏ ရင်းမြစ်အဖြစ် အရေးပါလှပါသည်။ အထူးအားဖြင့် ကလေးများ ကိုယ်တိုင်ပြုစုထုတ်လုပ်ထားသည့်ရလဒ်များသည် ၄င်းတို့၏ရပ်ရွာဒေသဆိုင်ရာ အချက်အလက် စုစည်းမှုလုပ်ငန်း ပရိုဂျက်များဖြစ်ပါသည်။ (အထူးအားဖြင့် ကျောင်းနှင့် ရပ်ရွာမြေပုံများ အဖြစ် စာအုပ်ငယ် (၃)တွင် ဖော်ပြထားပါသည်။) ရာသီဥတု၊ ကျောက်ဆောင်၊ ကျောက်တုံးကြီးနှင့် မြေအမျိုးအစား၊ စိုက်ပျိုးရေးဆိုင်ရာပြက္ခဒိန်၊ အိမ်ခြေတည်ဆောက်ပုံနှင့် တည်နေရာအခြေအနေဖော်ပြထားသည့် သတင်းအချက်အလက်များ .... စသည်တို့ကို ရပ်ရွာဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်ရာတွင် ဒေသ ဆိုင်ရာဝန်ထမ်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများက မကြာခဏ ထုတ်နှုတ် အသုံးပြုလေ့ရှိပါသည်။



**ဆောင်ရွက်ရန်လုပ်ငန်း။ ရင်းမြစ်များစစ်ဆေးအကဲဖြတ်ခြင်း**

သင်၏စာသင်ခန်းပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ပြီးနောက် မည်သည့် ရင်းမြစ်များ ရရှိနိုင်မည်ကိုလေ့လာခြင်းဖြင့် သင်နှင့် သင်၏ကျောင်းသားလေးများ ယခုပညာ

သင်နှစ်အတွင်း ကာလပိုင်းအလိုက်မည်သို့ အသုံးပြုဆောင်ရွက်နိုင်မည်ကို သေချာစွာ ခွဲခြား ဆောင်ရွက်ရန်လိုပါသည်။ ကလေးများအား မိမိတို့စာသင်ခန်းအတွင်း ဘာတွေလိုအပ်သည်၊ ဘာတွေနှစ်သက်ပြီးဆောင်ရွက်လိုသည်ကိုမေးမြန်း၍ အောက်ပါဇယားတွင် ဖြည့်စွက် ရေးသားနိုင်ပါသည်–

| စာသင်ခန်း၏ ရင်းမြစ်များ | ဘယ်တော့ စလုပ်မလဲ | ဘာရင်းမြစ်တွေ လိုသလဲ၊ ဘယ်မှာရနိုင်မလဲ | ဘယ်လို အကူအညီတွေ ရသလဲ | ကလေးများ ဘယ်လို သုံးနိုင်မလဲ (သို့) ရင်းမြစ်များမှ ဘယ်လိုသင်ယူမလဲ |
|---|---|---|---|---|
| ကလေးများအတွက် ခင်းကျင်းပြရန် သင်ပုန်း | | | | |
| သင်္ချာနှင့် သိပ္ပံအတွက် သင်ယူရန်နေရာ (သို့) ခြင်းတောင်း | | | | |
| ဘာသာစကားသင်ယူရန် ပုံပြောနိုင်သည့်နေရာ(သို့) စာကြည့်တိုက်ငယ် စသည်ဖြင့် | | | | |
| တစ်ခုထက်ပိုသော မြေဖြူသုံးသင်ပုန်းများ | | | | |
| သင်ယူမှုပစ္စည်းများ စုစည်းရရှိစေရန် အတန်း ကော်မတီဖွဲ့စည်းဆောင် ရွက်မှု | | | | |
| အတန်း၏စာကြည့်စင် (သို့)ကလေးများ၏ ဖန်တီးမှုပစ္စည်းများ (စာအုပ်) | | | | |



# လက်စွဲ ၅.၃
# အုပ်စုလုပ်ငန်းနှင့် ပူးပေါင်းသင်ယူမှုလုပ်ငန်းများကို စီမံခန့်ခွဲခြင်း

## အုပ်စုလုပ်ငန်းအတွက် ချဉ်းကပ်နည်းများ

ထိရောက်သော သင်ကြားမှုဆိုသည်မှာ သင်ကြားနည်းအမျိုးမျိုးနှင့် သင်ယူမှု ချဉ်းကပ်နည်းမျိုးစုံတို့ကို ပေါင်းစပ်ဆောင်ရွက်ပေးခြင်းဖြစ်သည်။ ကလေးတစ်ဦးချင်း၏ လိုအပ်ချက်ကို ဖြည့်ဆည်းပြီး စာသင်ခန်းကို သက်ဝင်လှုပ်ရှားဆောင်ရွက်မှုများနှင့်အတူ ပျော်ရွှင်ဖွယ်နေရာအဖြစ်လည်း ဖန်တီးပေးထားပါသည်။ ဖြစ်နိုင်ဖွယ် ချဉ်းကပ်နည်း(၄)မျိုးကို တွေ့ရှိနိုင်ပါသည်။

(၁) **စာသင်ခန်းတစ်ခုလုံးသို့ တိုက်ရိုက်ဦးတည်သင်ကြားခြင်း။** ဤချဉ်းကပ်နည်းသည် သင်ခန်းစာခေါင်းစဉ်များကို အစပျိုးရာတွင် ကြိုတင်ပြင်ဆင်ထားသောမေးခွန်းများဖြင့် အတန်းစုံမှ စွမ်းရည်အမျိုးမျိုးရှိကြသည့်ကလေးများအား မေးမြန်းရာတွင် အလွန်အလုပ်ဖြစ်သည်။ ဆရာသည် တစ်တန်းလုံးပါဝင်စေသော သင်ကြားနည်းများဖြစ်သည့် ပုံပြောနည်း၊ ကလေးများကိုယ်တိုင်ပါဝင်ပြောကြားစေခြင်း၊ ကဗျာသီချင်းများကို ရေးသားကြစေခြင်း၊ ပြဿနာဖြေရှင်းနည်းများဖြင့် ကစားစေခြင်း သို့တည်းမဟုတ် ကွင်းဆင်းလေ့လာစေခြင်းနည်းများကို အသုံးပြုပါသည်။ အတန်းတိုင်းရှိ ကလေးတိုင်းတွင် ဖွံ့ဖြိုးတိုးတက်မှုအဆင့်မှာ ကွဲပြားခြားနားပါသည်။ ၄င်းတို့အဆင့်နှင့် လိုက်လျောညီထွေပြီး သင့်လျော်မည့်သင်နည်းကိုအခြေခံ၍ အတန်းလိုက်ကလေးများအား ၄င်းတို့၏ဉာဏ်ရည်အလိုက် သင်ကြားနိုင်မည်ဖြစ်သည်။

ကလေး**အားလုံး** သင်ယူမှုလုပ်ငန်းများတွင် ပါဝင်နိုင်ရေးအတွက် အားပေးရန်လိုသည်။ ကလေးအုပ်စုအမျိုးမျိုးအတွက် ကိုက်ညီဆီလျော်မှုရှိသော လုပ်ငန်းတာဝန်များကို အမျိုးအစားခွဲခြား ဆောင်ရွက်စေရန်လိုသည်။ သာဓကအားဖြင့် အုပ်စုတစ်စုကို ပုံပြင် ရေးသားစေခြင်း၊ နောက်အုပ်စုကို ဝါကျတွင် စာရေး၍ ကွက်လပ်ဖြည့်စေခြင်း၊ နောက်တစ်စုကို စနစ်ပုံလေးများ တည်ဆောက်စေခြင်းများပြုစေပါသည်။ တစ်နည်းမှာ ကလေးများအားလုံးကို တစ်ပြိုင်တည်း အလုပ်တစ်ခုတည်းတွင် ပါဝင်ဆောင်ရွက်စေနိုင်ပါသည်။ သို့သော် ကလေးတို့၏ ဆောင်ရွက်နိုင်မှုရလဒ် အမျိုးမျိုးဖြစ်နိုင်ကြောင်း မျှော်လင့်ထားရမည်ဖြစ်သကဲ့သို့ ကလေးနှစ်ဦး သို့မဟုတ် ကလေး

အုပ်စုလိုက် ရလဒ်များသည် တူညီနိုင်ကြကြောင်းကိုလည်း သတိပြုနိုင်ရပါမည်။ စာသင်ခန်းများအခြေ အနေအမျိုးမျိုး ကွဲပြားခြားနားနိုင်ပါသည်။

(၂) **အတန်းအုပ်စုတစ်ခုကို တိုက်ရိုက်သင်ကြားခြင်း (အထူးအားဖြင့် အတန်းတွဲ သင်နည်းစနစ်တွင် အတန်းအုပ်စုတစ်ခုသို့ တိုက်ရိုက်သင်ကြားခြင်း)။** ဆရာသည် တာဝန်ကျရာအုပ်စုတစ်စုကို သင်ကြားနေစဉ် တစ်ပြိုင်တည်းမှာပင် အခြား အုပ်စုတစ်စုကိုလည်း ၄င်းတို့၏ အတန်းဆိုင်ရာလုပ်ငန်းတစ်ခုကို ဆောင်ရွက်နေစေရန် ဖြစ်သည်။ ကလေးများကိုယ်တိုင် ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်အဝရှိနေပါက အချင်းချင်း သင်ပြပေးခြင်းနည်းစနစ်သည် အထူးပင်အသုံးဝင်ပါသည်။ အစပထမ တွင် အုပ်စုအနေနှင့် ဦးဆောင်မှုမပါဘဲ သူတို့ကိုယ်တိုင်ဦးဆောင်ပြီး ဆက်လက် ဆောင်ရွက်ရန် အရည်အသွေးဖွံ့ဖြိုးမှု လိုအပ်နေဦးမည်ဖြစ်ပါသည်။ သို့သော်လည်း အလေ့အကျင့်ရရှိလာရန် တစ်စိုက်မတ်မတ် ဆောင်ရွက်စေခြင်းဖြင့် အရည်အသွေးပိုင်း ဆိုင်ရာ တိကျသော လုပ်ငန်းစဉ်များကို ဆောင်ရွက်လာနိုင်ပြီး ကလေးများအချင်းချင်း ပူးပေါင်းသင်ယူဆောင်ရွက်လာနိုင်ကြမည်ဖြစ်သည်။

(၃) **တစ်ဦးချင်းသင်ကြားခြင်း။** တစ်ဦးချင်းသင်ကြားခြင်းသည် ဆရာတစ်ဦးက တပည့် တစ်ယောက်စီကို သင်ကြားပေးခြင်းဖြစ်သည်။ ဤသို့သောအခြေအနေမှာ ကလေး သည် ကျောင်းပျက်၍ အခြားကလေးများထက် နောက်ကျနေခြင်းမျိုး၊ သင်ယူမှုအခက် အခဲရှိနေခြင်း သို့တည်းမဟုတ် အတန်းအသစ် ဖြစ်နေခြင်းမျိုးဖြစ်သည်။ တစ်ဦးချင်း သင်ကြားမှုသည် ပင်ကိုဉာဏ်ရည်နိမ့်သူကလေးများကို အထောက်အကူဖြစ်စေရန်နှင့် အားပေးကူညီရန်၊ သူတို့၏အခက်အခဲများက စိန်ခေါ်နေမှုများကို တတ်နိုင်သမျှ ရင်ဆိုင်ဖြေရှင်းဆောင်ရွက်ပေးရန်တို့အတွက်ဖြစ်သည်။ ဆရာတစ်ဦး အနေဖြင့် တစ်ဦးချင်းသင်ကြားခြင်းလုပ်ငန်းအတွက် အကျဉ်းချုပ်ကို သင်ခန်းစာသင်ချိန် တိုင်းတွင် ကလေးများလက်ခံသင်ယူနိုင်စွမ်းရှိမှသာ ကလေးအမျိုးအစားများစွာရှိသော စာသင်ခန်းတစ်ခုအတွက် သင်ကြားနိုင်ပါသည်။

(၄) **အုပ်စုငယ်ဖွဲ့သင်ကြားခြင်း။** အုပ်စုငယ်ဖွဲ့သင်ကြားခြင်းဆိုသည်မှာ စာသင်ခန်း တွင်းရှိ ကလေးအားလုံးကို အုပ်စုငယ်ကလေးများခွဲဖွဲ့စေပြီး သင်ကြားပေးခြင်း ဖြစ်သည်။ ဤသင်နည်းသည် များစွာထိရောက်သော သင်ကြားရေးနည်းစနစ် ဖြစ်သည်။ သို့သော်ဆရာသည် များစွာသဘောပေါက်စည်းရုံးနိုင်စွမ်း ရှိရမည်ဖြစ်ပြီး၊ ကောင်းစွာပြင်ဆင်နိုင်မှုလည်း လိုအပ်ပါသည်။ ဤသို့သင်ခန်းစာကို ကောင်းစွာ

ပြင်ဆင်မှုအတွက် အချိန်များစွာ ကုန်ကောင်းကုန်နိုင်ပါသည်။ ထို့ပြင် ကလေးများသည်လည်း ပြင်ဆင်မှုအတွက် အတူတကွဆောင်ရွက်တတ်ရန် လိုအပ်ပါသည်။ အမျိုးအစားကွဲပြားလှသော စာသင်ခန်းတစ်ခု၏ လိုအပ်ချက်အမျိုးမျိုးကို ဖြည့်ဆည်းနိုင်သည့်အတွက် ဤသင်နည်းသည် များစွာထိရောက်ကြောင်းတွေ့ရှိရပါသည်။

## အတန်းအုပ်စုအမျိုးမျိုးကိုအသုံးပြုခြင်း

ကလေးများကို အုပ်စုဖွဲ့ရာတွင် နည်းအမျိုးမျိုးကိုသုံး၍ ဖွဲ့နိုင်သည်။ သာဓက– အတန်းတူ အုပ်စု၊ တန်းကွဲရောထွေးအုပ်စု၊ ကျား မ အလိုက်တူရာအုပ်စု၊ ကျား မ ရောရာအုပ်စု၊ ဉာဏ်ရည်တူ အုပ်စု၊ ဉာဏ်ရည်ရောနှောအုပ်စု၊ စိတ်ဝင်စားရာတူအုပ်စု၊ လူမှုရေး သို့မဟုတ် ပေါင်းသင်း ဆက်ဆံရေးတူရာအုပ်စု၊ နှစ်ယောက်တစ်တွဲအုပ်စု၊ သုံးယောက် သို့မဟုတ် လေးယောက်အုပ်စုစသည်ဖြင့် အမျိုးမျိုးဖွဲ့စည်း ဆောင်ရွက်နိုင်ကြသည်။ ကလေးများသည် အချိန်အခါနှင့် အခြေအနေအမျိုးမျိုးတွင် အုပ်စုအမျိုးမျိုး ဖွဲ့စည်းသင်ယူစေခြင်းဖြင့် ရလဒ်ကောင်း အမြောက်အမြားရရှိစေပါသည်။

**ပြောင်းလွယ်ပြင်လွယ်ရှိပါ၊ ကလေးများအုပ်စုများအတွင်း လှည့်လည်ရွှေ့ပြောင်းပါ။** ကလေးများကိုသူတို့၏ အတန်းဖော်များနှင့် တတ်နိုင်သမျှ အကြိမ်များများ အတူထိုင်၊ အတူတွေ့ဆုံ၊ အတူလုပ်ဆောင်ခွင့်များ ဖန်တီးဆောင်ရွက်ပေးရန်လိုသည်။ ငယ်ရွယ်သူ၊ အသက်ကြီးသူ၊ ဘဝအခြေအနေအမျိုးမျိုးကွဲပြားခြားနားသူ၊ စွမ်းရည်အမျိုးမျိုးရှိသူဟူ၍ မည်သို့ပင်ရှိစေ တွေ့ဆုံဆောင်ရွက်ခွင့်များများ ဖန်တီးပေးရန်လိုသည်။ ဤသို့ဆောင်ရွက်ပေးမှုသည်တစ်ဦးပေါ်တစ်ဦးနားလည်မှု၊ သည်းခံခွင့်လွှတ်မှုများအတွက် အထောက်အကူရရှိပြီး၊ အတန်းတွင်း ကလေးအားလုံး၏ ထူးခြားမှု၊ ထူးချွန်မှုများကိုလည်း မှတ်သားသိမြင်နိုင်မည်ဖြစ်သည်။

**ကလေးများအား ဉာဏ်ရည်နိမ့်သူအဖြစ် သတ်မှတ်ခြင်းမပြုပါနှင့်။** အချို့ကလေးများသည် သင်္ချာဘာသာတွင် အခြားသူထက် အားနည်းတတ်ပါသည်။ သို့ရာတွင် လက်တွေ့လုပ်ငန်းများ၊ သိပ္ပံခန်းလက်တွေ့လုပ်ငန်းများ၊ လက်မှုလုပ်ငန်းအပြင် ကလေးစာအုပ်လေးများဖန်တီးပြုလုပ်မှုတို့တွင် အခြားသူများထက် ပိုမိုမြင်တတ်ဆောင်ရွက်တတ်ကြပါသည်။ ကလေးများအတွက်အထူးအလေးထားဂရုပြုရန်အချက်မှာ သူတို့၏စိတ်ခံစားမှုတွင် ဆရာကငင်းတို့ကို 'ရှုံးနိမ့်သူ၊ အားနည်းသူ ' ဟု ထင်မြင်ယူဆသည်နှင့်တစ်ပြိုင်နက် သူတို့ကိုယ်သူတို့အမှန်ပင် 'ရှုံးနိမ့်သူ၊ အားနည်းသူ' အဖြစ် မှတ်ယူသွားတတ်ကြပါသည်။ ဆရာ့ယူဆချက်ပေါ်

အတည်ပြု လက်ခံကာ သင်ယူမှုလုပ်ငန်းတွင် တတ်မြောက်တော့မည်မဟုတ်ဟု ယူဆသွားတတ်ပြီး ကျောင်းအပေါ်စိတ်ဝင်စားမှုများ လျော့နည်းပျောက်ကွယ်သွားတတ်ပေသည်။ (သင်ယူခြင်းမှ မည်သည့်အကျိုးအမြတ်ကိုမှ မရနိုင်တော့ဟု ယူဆသွားကြသည်။) သူတို့ကိုယ်သူတို့ယုံကြည်မှုပျောက်ကာ မည်သို့မျှ ပိုကောင်းလာအောင် စွမ်းဆောင်နိုင်တော့မည့်သူ မဟုတ်တော့ဟု ထင်မြင်ယူဆလျက် ကျောင်းမှထွက်ကာ မိသားစုအတွက် ဝင်ငွေရှာရေးကိုသာ ဦးတည်ဆုံးဖြတ်သွားတတ်မှုများကိုဆရာများသတိထားပြီး ကလေးများအပေါ် ဆုံးဖြတ်ချက်မစောရန်နှင့် ပြောဆိုမှု မစောကြစေရန် အလေးဂရုပြုသင့်ပေသည်။

**အုပ်စုလုပ်ငန်းအတွက် လွယ်ကူချောမွေ့စေရန် သင်ယူရေးအထောက်အကူပြုပစ္စည်းများပြင်ဆင်ပါ။** ဂရုပြုရမည်မှာ ကစားနည်းများ၊ အလုပ်ပေးကတ်များနှင့် အခြားပစ္စည်းကို အသုံးပြုကစားရာ၌ အချိန်ကိုအသုံးပြုရသည့်တိုင် ထပ်ခါထပ်ခါ လေ့ကျင့်ကစားစေရပါမည်။ ဆရာများအနေနှင့် အတွေ့အကြုံများကို ကျောင်းအုပ်စုလိုက် ဆွေးနွေးပွဲများတွင် အချင်းချင်း ဖလှယ်ခွင့်ရနိုင်ကြပါသည်။ ကလေးများကိုယ်တိုင် ဆောင်ရွက်ထားသောပစ္စည်းလေးများသည် အထောက်အပံ့ဖြစ်စေကြောင်း မမေ့သင့်သကဲ့သို့ လုပ်ငန်းခွင်အတွက်လည်း တန်ဖိုးရှိပြီး ထိရောက်သောသင်ယူမှုအခွင့်အလမ်းများကိုလည်း ဖြစ်စေသည့်ပြင် ကိုယ်တိုင်အလေး အနက်ထား ယုံကြည်ကိုးစားမှုများလည်း ရရှိနိုင်ပါသည်။

**စာသင်ခန်းခင်းကျင်းမှုအတွက် စဉ်းစားပါ။** ကျောင်းသုံးပရိဘောဂများကို ထိရောက်သော အုပ်စုဖွဲ့သင်ကြားမှုအမြန်ဆုံးနှင့် အလွယ်ဆုံးပြင်ဆင်နိုင်ရန်အတွက် မည်ကဲ့သို့ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်မည်နည်း။ ကလေးများကို အတန်းတွင်းဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေကိုလိုက်၍ မည်သို့စည်းရုံးကြမည် ဖွဲ့စည်းကြမည်၊ မည်သို့ပြန်လည်စည်းရုံးဖွဲ့စည်းပြင်ဆင်ရမည်စသည်ဖြင့် ကလေးများအား သင်ယူရန် စီစဉ်ခင်းကျင်းမှုပြုရပါမည်။ ကလေးအားလုံးအတူတကွ ပါဝင်ဆောင်ရွက်ခွင့်ရနိုင်စေရန် စာသင်ခန်းကို အကောင်းဆုံးခင်းကျင်းဖွဲ့စည်းထားရှိနိုင်ရန် အရေးကြီးပါသည်။

**ပုံမှန်လုပ်ငန်းများ ရိုင်မာစွာတည်ဆောက်ပါ။** ကလေးများသေသေချာချာ သဘောပေါက်နားလည်စွာ အုပ်စုတစ်ခုနှင့်တစ်ခု မည်သို့ဖွဲ့စည်းပြီး မည်သည့်ဘာသာရပ်အတွက် မည်သို့စတင်မည်၊ မည်သည့်လုပ်ငန်းဆောင်ရွက်ကြမည်၊ မည်သည့်အချိန်တွင် သူတို့လုပ်ငန်းများကို ပြီးစေမည် စသည်ဖြင့် အစီအစဉ်များချမှတ်ရပေမည်။ ထိုသို့ နေ့စဉ်ပုံမှန်ဆောင်ရွက်ရန် လုပ်ငန်းစဉ်များကို စောနိုင်သမျှစောစွာ တိုးမြှင့်ဆောင်ရွက်ပေးရန်လိုသည်။

**ကလေးများအားလုံးကို အုပ်စုခေါင်းဆောင်အဖြစ် တာဝန်ပေးအပ်ပါ။** အုပ်စုခေါင်းဆောင်သည် အဓိကသော့ကိုင်သူနေရာမှ ဆရာကို ကူညီရန်လိုသည်။ ရှင်းလင်းချက်များကို လက်ဆင့်ကမ်းပေးခြင်း၊ ပစ္စည်းများဖြန့်ဝေပေးခြင်း၊ လုပ်ဆောင်မှုအလိုက် အုပ်စုတွင်းလုပ်ငန်းများကို ဦးဆောင်မှုပေးခြင်းနှင့် ဆောင်ရွက်နိုင်မှုအခြေအနေများကို ဆရာအား ပြန်လည်တင်ပြခြင်းများပြုရပါသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် လေ့လာကြီးကြပ်ကွပ်ကဲမှုအခြေအနေ တိုးတက်မှုမှတ်တမ်းကို စာရွက်ကြီးတစ်ရွက်ပေါ်တွင်ရေးသားပြုစုပြီး နံရံပေါ်တွင် ချိတ်ဆွဲတင်ပြထားသည်။ ကလေးအားလုံးလုပ်ငန်းအလိုက် ပါဝင်ဆောင်ရွက်ပြီးစီးကြောင်း၊ လက်မှတ်ထိုးထားကြသည်ကို ဆရာက အဆင့်သတ်မှတ်ပေးပါသည်။ ဤနည်းကို အသုံးပြုဆောင်ရွက်ခြင်းဖြင့် ဆရာ့စားပွဲအနီးတွင် ကလေးများ၏ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးခံရန် တန်းစီနေရခြင်းမှ ကင်းဝေးစေပြီး၊ ကလေးတို့၏လုပ်ဆောင်မှုများအတွက် စောင့်ဆိုင်းဆန်းစစ် အမှတ်ပေးရခြင်းအလုပ်လည်း ကင်းဝေးစေပါသည်။

## ပူးပေါင်းသင်ယူခြင်း

ကလေးများ၏လုပ်ငန်းတာဝန်များနှင့် ရင်းမြစ်များကို အချင်းချင်းဖလှယ်ခြင်းဖြင့် ပူးပေါင်းသင်ယူခြင်းများ ဖြစ်ပေါ်လာစေသည်။ ထိုသို့သင်ယူခြင်းဖြင့်လည်း အားလုံး၏ ရည်မှန်းချက်ပန်းတိုင်သို့ လှမ်းနိုင်ပါသည်။ အုပ်စုလိုက် ပူးပေါင်းသင်ယူမှုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေခြင်းတွင် အချိန်၊ လေ့ကျင့်မှုနှင့် လျော်ကန်သင့်မြတ်သည့် အပြုအမူများကို ပြန်လည်အားဖြည့်ခြင်းများ လိုအပ်ပါသည်။ ဆရာသည် ပတ်ဝန်းကျင်ကောင်းဖြစ်ထွန်းရန် ဖန်တီးရေးတွင် အရေးကြီးသောနေရာမှပါဝင်၍ အထောက်အကူပြုသူအဖြစ် အထူးအရေးပါသည်။ တစ်ဖက်တွင် ကလေးများအနေနှင့် သူတို့၏စွန့်စားကြိုးစားမှုကို ခံစားနိုင်ပြီး ပတ်ဝန်းကျင်တွင်လည်း ကလေးများ၏ တွေးခေါ်ယူဆမှုများသည် တန်ဖိုးရှိလှပါသည်။

အုပ်စုလိုက် ပူးပေါင်းဆောင်ရွက်သင်ယူခြင်းများသည် သင်ယူသူကလေးများ နားလည်မှုတိုးစေသည့်ပြင် ပျော်ရွှင်မှုလည်း ပိုမိုရရှိစေပါသည်။ ကလေးတို့၏ဆောင်ရွက်မှုနှင့် ကိုယ်တိုင်ခံယူမှုအပေါ် အကောင်းမြင်သဘောထား တိုးပွားစေပါသည်။ သို့ရာတွင် ပူးပေါင်းသင်ယူမှု လုပ်ငန်းဆောင်ရွက်မှုများသည် ကလေး**အားလုံး** အတွက် အကျိုးရှိသောဆောင်ရွက်မှု

များဖြစ်ရပါမည်။ ကလေးများအရည်အသွေးနှင့် ပါဝင်ဆောင်ရွက်နိုင်မှု အခန်းကဏ္ဍအလိုက် တိုးတက်မှု အခွင့်အလမ်းများဖန်တီးပေးရန်လိုပါသည်။ သာဓကအားဖြင့် မိန်းကလေးအများစု အနေနှင့် 'တင်ပြသူ' များအဖြစ်အတွေ့အကြုံရှိရန် လိုအပ်သကဲ့သို့ ယောကျ်ားလေးများအနေနှင့် 'မှတ်တမ်းတင်သူ'အဖြစ် အတွေ့အကြုံရရှိစေခြင်းမျိုးကို ဖန်တီးပေးရန်လိုပါသည်။ ကလေး **အားလုံး** အကောင်းမြင်သဘောထားဖြင့် ပြောဆိုနိုင်မှု စွမ်းရည်နှင့် သွက်လက်ထက်မြက်စွာ နားထောင်နိုင်မှုစွမ်းရည်ရှိသူများ ဖြစ်လာစေရေး တိုးမြှင့်ဆောင်ရွက်ပေးရန်လိုပါသည်။

ကလေးအချို့သည် အခြားကလေးများ၏ တွေးခေါ်ယူဆချက်များကို တန်ဖိုးထား လက်ခံသင်ယူရမှန်းမသိဖြစ်တတ်ပါသည်။ ဤသည်မှာ ရောနှောအုပ်စုဖွဲ့ထားခြင်းများတွင် ကလေးများ၏ တစ်ဦးချင်းကွဲပြားခြားနားမှုအလိုက် ဆောင်ရွက်မှုအခြေအနေများတွင် တွေ့ရတတ်ပါသည်။ မိန်းကလေးများသည် ယောကျ်ားလေးများ၏ တွေးခေါ်ယူဆချက်များ အပေါ် ငြင်းပယ်သည်ထက် အများအားဖြင့် လက်ခံတတ်ကြပါသည်။ ယောကျ်ားလေး အတော်များများမှာမူ မိန်းကလေးများ၏ တွေးခေါ်ယူဆချက်များကို လက်ခံခြင်းမရှိကြဘဲ လျောင်ပြောင်မှုများပြုတတ်ကြသည်။ ဤအခြေအနေမျိုးကို ဘာသာစကား ကွဲပြားခြားနားသော လူမျိုးစုငယ်ကလေးများတွင်လည်း အလားတူ ဖြစ်ရပ်များရှိတတ်ပါသည်။ ကလေးများသည် ပိုမိုကြီးသောအုပ်စု၏ လက်ခံမှုကို လိုက်လျော လက်ခံတတ်ကြစမြဲဖြစ်သည်။

ကလေးအချို့သည် ဆွေးနွေးချိန်များတွင် သူတို့ကချည်း အဆက်မပြတ် လွှမ်းမိုးပြောဆို နေကြသဖြင့် အခြားသောကလေးများ၏ တွေးခေါ်ယူဆချက်များ၊ သဘောထားများကို ခွဲခြမ်း စိတ်ဖြာဖော်ထုတ်ပြနိုင်သည့် အခွင့်အရေးများ လွတ်ထွက်သွားရတတ်ပါသည်။ ဘဝအခြေ အနေအမျိုးမျိုးနှင့် ဉာဏ်ရည်အထွေထွေရှိသော ကလေးအားလုံးတွေးခေါ် ယူဆချက်များကို ယုံကြည်မှုပြည့်ဝစွာ ဖော်ထုတ်ဆွေးနွေးခွင့်မည်သို့ပေးမည်နည်း။ အချို့သောအကြောင်း ရပ်များ၌ ကလေးတစ်မျိုးတစ်စားတည်းကိုသာ အုပ်စုဖွဲ့ရန် လိုအပ်ပါမည်။ (သာဓကအားဖြင့် ကျား မ တစ်မျိုးတည်းအုပ်စု)၊ ပထမပိုင်းတွင် အမျိုးတူချင်း မိမိကိုယ်ကိုယုံကြည်မှု စွမ်းရည်တိုးပွား စေပါမည်။ ထို့နောက် 'မ'သက်သက် 'ကျား' သက်သက်အုပ်စုစီမှ ကျား၊ မ ရောနှောအုပ်စုသို့ ပြောင်းလဲဖွဲ့စည်းစေခြင်းဖြင့် အပြန်အလှန်အုပ်စုလိုက် ဆက်သွယ်မှုများ၊ တစ်ဦးချင်းစီ၏ အရည် အသွေးများ စွမ်းရည်များမြင့်တက်လာမည်ဖြစ်သည်။

အချို့ယဉ်ကျေးမှုအရ လူအများစု၏ ယုံကြည်ချက်မှာ 'မှန်ကန်သောသင်ယူမှုကိုဆရာ့ ထံမှသာရရှိနိုင်သည်' ဟူ၍ဖြစ်သည်။ အကယ်စင်စစ် သူတို့အနေနှင့် 'အုပ်စုဖွဲ့ပူးပေါင်း သင်ယူခြင်းဖြင့် ရရှိလာသည့်တန်ဖိုးနှင့် အကျိုးကျေးဇူး 'ကို မတွေ့မြင်မကြုံဖူးသေး၍ ဖြစ်ပါ

သည်။ ဤအဆိုကို ယုံကြည်ထောက်ခံ၍ အုပ်စုဖွဲ့ ပူးပေါင်းသင်ယူစေခြင်းဖြင့် ကလေးတို့၏ အရည်အသွေးများ ဖွံ့ဖြိုးတိုးတက်စေရာတွင် အခြေအနေ မည်သို့ပင် ကွဲပြားခြားနားသော ကလေးများပင်ဖြစ်ပါစေ သူတို့အတွက် များစွာအသုံးဝင် အထောက်အကူပြုကြောင်း တွေ့ရမည်ဖြစ်ပါသည်။ မိဘများကို သင်ကြားသင်ယူမှုချဉ်းကပ်နည်းများ ပြောင်းလဲလျက် ရှိသည့်အခြေအနေကို အသိပေး ဆွေးနွေးရန်လုပ်ငန်းမှာလည်း အထူးအရေးကြီးပါသည်။ မိဘများသည် သင်ထောက်ကူပစ္စည်းများနှင့် ကစားနည်းများ ရရှိစုစည်းဖော်ထုတ်ပေးမှု အတွက်လည်း များစွာအထောက်အကူဖြစ်စေပါသည်။ ဆရာများက မည်သို့ဆောင်ရွက်လို ကြောင်းကို မိဘများကို သဘောပေါက်နားလည်စေပါသည်။

ပူးပေါင်းစွမ်းရည်တိုးပွား ထိရောက်မှုသည် အဓိပ္ပာယ်ရှိသောစကား အဆက်အစပ်ရှိမှု အတွင်း ပိုမိုဖြစ်ထွန်းစေပါသည်။ ဆောင်ရွက်မှုလုပ်ငန်းများအနေနှင့် အဖွင့်အပိတ် လိုက်လျော ညီထွေရှိစေခြင်းနှင့် အပြန်အလှန်စဉ်းစားတွေးခေါ်မှုလိုအပ်ချက် ( သာဓက–ပြဿနာဖြေရှင်း နည်းလုပ်ငန်းများ) လုပ်ငန်းပေးမှုများသည် ပူးပေါင်းဖွဲ့စည်းခြင်း စွမ်းရည်ဖွံ့ဖြိုး တိုးတက်ရေး အတွက် အသင့်လျော်ဆုံးနှင့် အသေအချာဆုံးနည်းများဖြစ်သည်။

## သင်ယူခြင်းအတွက် လူမှုဆက်ဆံရေးကျွမ်းကျင်မှုများ

အုပ်စုဖွဲ့ဆောင်ရွက်လိုသည့်စိတ်ဓာတ်သည် စာသင်ခန်းတစ်ခုလုံးကို အောင်မြင်စေရန် ဦးဆောင်မှုပေးပါသည်။ ယှဉ်ပြိုင်မှုများပြုရာတွင် မိန်းကလေးများကို ယောကျ်ားလေးများနှင့် ခွဲခြားပြီး ယှဉ်ပြိုင်စေမှုများ၊ ဘဝနောက်ခံနှင့် စွမ်းရည်အမျိုးမျိုးရှိသော ကလေးများကို ခွဲခြား ယှဉ်ပြိုင်မှုများပြုလုပ်ရာတွင် မျက်နှာသာပေးခြင်းများသည် ကလေး**အားလုံး** သင်ယူခွင့် ရရှိနိုင်မှုအတွက် နှောင့်နှေးခြင်းကို ဖြစ်စေပါသည်။ **အုပ်စုဖွဲ့အသင်းလိုက် သင်ယူခြင်း** သို့မဟုတ် **ရပ်ရွာဒေသတွင်းသင်ယူခြင်း** များတွင် ကလေးများကိုယ်တိုင် စဉ်းစားတွေးခေါ် နိုင်မှုသည် ကလေးတစ်ဦးချင်းကူညီမှုမှ ကလေးအားလုံးအတွက် အောင်မြင်မှုကိုရစေနိုင်ရန် ဆရာက ကူညီမှုပေးရန်လိုသည်။

ထိရောက်သော ဆက်သွယ်မှုတွင် နားထောင်ခြင်း၊ ပြောဆိုခြင်းနှင့် အပြန်အလှန် အလှည့်ပေးခြင်းများပါဝင်ပါသည်။ ဤအကြောင်းရပ်များသည် အုပ်စုလိုက် ပူးပေါင်းဆောင် ရွက်မှုအတွက် လိုအပ်သည့် အရည်အချင်းများဖြစ်သကဲ့သို့ ဒီမိုကရေစီနိုင်ငံသားကောင်းများ အတွက်လည်း အရည်အသွေးကောင်းများ ဖြစ်စေပါသည်။ ဆရာကောင်းတစ်ဦးအနေနှင့် ဆက်သွယ်မှုလုပ်ငန်းများကောင်းအောင် **စီမံခန့်ခွဲမှု** ပြုရန်လိုသည်။ ဆိုလိုသည်မှာ ဆရာသည်

ကလေးတစ်ဦးမကျန် သို့မဟုတ် ကလေးအုပ်စုတစ်ခုလုံးအတွက် အမြဲတမ်းဖြေဆိုနိုင်သော မေးခွန်းများဖြင့် သင်ကြားခြင်းလုပ်ငန်းတွက် ပြင်ဆင်စီမံထားနိုင်သူဖြစ်သကဲ့သို့ ဆွေးနွေးမှု လုပ်ငန်းအတွက် ကလေးတိုင်း ပါဝင်နိုင်ရေး သေချာစွာ စီမံခန့်ခွဲပေးနိုင်သူလည်း ဖြစ်ရပါမည်။

ဂရုတစိုက်နားထောင်ခြင်းဟူသည် ကလေးချင်း ပြောကြားမှုများကို ကြားနိုင်ခြင်းနှင့် နားလည်သဘောပေါက်နိုင်ခြင်းများရှိရန်နှင့် သင်ယူမှုပတ်ဝန်းကျင်အတွက် အရေးပါသော အစိတ်အပိုင်းတစ်ခုလည်းဖြစ်ပါသည်။ ရှင်းရှင်းလင်းလင်း ပြောဆိုနိုင်ခြင်းသည်လည်း အရေးကြီးပါသည်။ ထို့ပြင် ကနဦးစဉ်းစားတွေးခေါ်မှုနှင့် ခံစားမှုများသည် အခြားသူများ၏ အခွင့်အလမ်းများနှင့် စွက်ဖက်မှုများလည်း ကင်းရှင်းရန်လိုသည်။ အသုံးပြုသောဘာသာ စကားမှာ ဒေသသုံးဘာသာစကားဖြစ်ပြီး အားလုံးလက်ခံနိုင်သော ဘာသာစကားမျိုးကို အတန်းတွင်း၌ အသုံးပြုပေးခြင်းဖြင့် ကလေးအားလုံးပါဝင်ခွင့်ရလာမည်ဖြစ်သည်။

**အချုပ်အားဖြင့် –**

- ❖ ပူးပေါင်းဆောင်ရွက်ခြင်းသည် သင်ယူသူများအတွက် အတူတကွ ဆောင်ရွက်ခွင့် ကိုရစေသည့်အပြင် အချင်းချင်း၏ တာဝန်ယူဆောင်ရွက်မှုများ၊ အသုံးအဆောင် ပစ္စည်းများ ဆောင်ရွက်ရန်အခန်းကဏ္ဍများနှင့် သင်ယူမှုအခွင့်အလမ်းများ ကိုလည်း မျှဝေခံစားဆောင်ရွက်ခွင့်များ ရစေပါသည်။
- ❖ ကလေးများအုပ်စုငယ်ဖွဲ့စည်းခြင်းဖြင့် ဆောင်ရွက်မည့်အခန်းကဏ္ဍနှင့် တာဝန် များကို ခွဲဝေမှုပြုနိုင်ပါသည်။ သိပ္ပံလုပ်ငန်းဆောင်ရွက်မှုတွင် ကလေးတစ်ဦးက အရာဝတ္ထုများကို ချိန်တွယ်နိုင်ပြီး နောက်တစ်ဦးက ရလဒ်မှတ်တမ်းရယူခြင်း ပြုနိုင်ပါသည်။ လှုပ်ရှားဆောင်ရွက်နေမှု တစ်ဝက်ရောက်သည်တွင် အချင်းချင်း တာဝန်လဲလှယ်ဆောင်ရွက်နိုင်ပါသည်။ အုပ်စုတွင်း ကလေးများအား အမှီခို ကင်းစွာဆောင်ရွက်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းကို လေ့ကျင့်မှုပြုလုပ်ရန်လိုပါသည်။
- ❖ ပြဿနာဖြေရှင်းခြင်းနှင့် အချင်းချင်းစေ့စပ်ဆွေးနွေးခြင်းများသည် သင်ယူသူများ အား ငြင်းခုံမှုများကို ဖြေရှင်းတတ်ရန်နှင့် ဆုံးဖြတ်ချက်များချနိုင်ရန်အတွက် အားပေးကူညီမှုပြုပါသည်။ ကလေးများအနေနှင့် သင်ယူမှုပြုကြရင်း ဝိရောဓိဖြစ် လာမှုကိုစီမံတတ်သည့်အရည်အသွေးရရှိရန် အလေ့အကျင့်ဖြစ်စေပြီး ဆက်သွယ်မှု စွမ်းရည်နှင့် ဂရုပြုတတ်သော အလေ့အကျင့်ကောင်းများကို ရရှိစေပါသည်။

❖ သင်ယူမှုပြုရန်အတွက် မည်သို့စဉ်းစားရမည်။ ကလေးများကို အားပေးအားမြှောက်ပြုရန် လိုအပ်သည်မှာ ရည်ရွယ်ချက်များ ပေါက်မြောက်ရန်အတွက် သဘောတူ၍တစ်လှည့်စီ အပြန်အလှန်လက်ခံရန်၊ ဆုံးဖြတ်ချက်များချရေးအတွက် ပံ့ပိုးကူညီရန်နှင့် ကလေးများရွေးချယ်မှုအလိုက် ထွက်ပေါ်ရရှိချက်များအပေါ်အခြေခံ၍ ဆက်လက်ရှင်သန်မှုရရှိစေရန်တို့အတွက်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်များသည် အုပ်စုဖွဲ့ခြင်းစိတ်ဓာတ်စွမ်းပကားအပေါ်အခြေခံ၍ ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းရလဒ်များကို ဖြစ်စေသည်။

## အုပ်စုဖွဲ့လုပ်ငန်းအတွက် အခြေခံစည်းမျဉ်းများချမှတ်ခြင်း

ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာ လမ်းညွှန်မှုများ သို့မဟုတ် 'အခြေခံစည်းမျဉ်းများ' သည် သင်ကလေးများနှင့် စည်းရုံးဆွေးနွေးရာတွင် များစွာအထောက်အကူဖြစ်စေပါသည်။ ဤလမ်းညွှန်မှုများသည် ရိုးသားပွင့်လင်းပြီး လေးစားဖွယ် ပြောဆိုမှုများပြုနိုင်ရန် အရေးကြီးသောအပိုင်းအဖြစ်ပေးအပ်၍ ကလေးအားလုံး ပါဝင်လိုက်နာမှုကိုရစေပါသည်။ ကလေးများအတွက် အခြေခံစည်းမျဉ်းများချမှတ်ရန် အကောင်းဆုံးနည်းလမ်းများကို အောက်တွင်ဖော်ပြထားပါသည်–

၁။ ဂရုတစိုက်နားထောင်ပါ။ အခြားသူများပြောကြားသည်ကို အလေးထားပါ။ သို့သော် ပြန်လည်၍ အပြည့်အဝ ပါဝင်မှုပေးရန် ဖြစ်သည်။

၂။ သင်ကိုယ်ပိုင်အတွေ့အကြုံကိုသာ ပြောကြားပါ။ ( 'သူတို့'အစား'ကျွန်ုပ်' )

၃။ တစ်ဦးတစ်ယောက်တည်းအပေါ် ထိခိုက်ပြောဆိုမှုမျိုးမဖြစ်စေဘဲအကြောင်းအရာကိုသာအဓိကထားဦးတည်ပါ။ (လူ၊ ပုဂ္ဂိုလ်ထက် အယူအဆကိုသာ)

ပါဝင်ဆောင်ရွက်ခြင်းကို မည်သို့စီမံခန့်ခွဲရမည်ဟူသည့် အခြေခံစည်းမျဉ်းတစ်ခု ချမှတ်ရန်လည်း အရေးကြီးပါသည်။ သာဓကအားဖြင့် ကလေးတိုင်းပြောဆိုခွင့်ရရန် အုပ်စုသည် 'စကားပြောခွက်' ကိုအသုံးပြုနိုင်ပါသည်။ ၄င်းသည် ခရုခွံ သို့မဟုတ် ကျောက်ခဲတစ်တုံးကို တစ်ဦးမှတစ်ဦးသို့ အလှည့်ကျလက်ဆင့်ကမ်းရာ လက်ခံရရှိသူများသည် ပြောလိုက ပြောနိုင်ပါသည်။ ကလေးများအားလုံး စိတ်ဝင်စားမှုရှိပြီး ပါဝင်မှုတိုးနိုင်ပါသည်။ ဤစကားပြောခွက် (ကျောက်ခဲ/ ခရုခွံ)ကိုင်ခွင့်ရသည်နှင့် သူပြောရန်အလှည့်ဖြစ်ကြောင်းသိစေပြီး၊ ပြောကြား

လိုသည့်ဆန္ဒရှိသူကလေးတိုင်း သို့မဟုတ် အလှည့်ကျပြောဆိုခွင့်ရစေခြင်း၊ မိမိနှင့် အပြန်အလှန် ပြောဆိုဖြေကြားစေလိုသူအားလည်း စကားပြောခွက်ကို ကမ်းလှမ်းပေးခြင်းဖြင့်လည်း အပြန်အလှန်ပြောဆိုမှုများ တိုးစေပါသည်။ ဤသို့ ပါဝင်ဆောင်ရွက်စေသောနည်းလမ်းသည် တစ်ဦးစနှစ်ဦးစရှိတတ်သော စကားပြောလိုသူများချည်း ဒိုင်ခံပါဝင်ပြောကြားခြင်းများ ကိုလည်း လျော့နည်းစေပါသည်။

ဤအခြေခံညွှန်ကြားချက်များကို မကြာခဏပြန်လည်ဆန်းစစ်ရန်နှင့် အချိန်ပေး နိုင်ပါက ကလေးများအနေနှင့် ထပ်မံဖြည့်စွက်လိုမှုများနှင့် ပြောင်းလဲချက်များကို မေးမြန်း ပြင်ဆင်ဖြည့်စွက်နိုင်ကြပါသည်။



**ဆောင်ရွက်ရန်လုပ်ငန်း။ အချင်းချင်းဆက်ဆံရေးကျွမ်းကျင်မှုကို စစ်ဆေး အကဲဖြတ်ခြင်း**

အပြန်အလှန်ဆက်သွယ်မှုစွမ်းရည် သတ်မှတ်ခြင်းအတွက် ကြည့်ရှုလေ့လာခြင်းသည် အဓိကကျွမ်းကျင်မှုတစ်ခု ဖြစ်သည်။ သီးသန့်အုပ်စုတစ်ခု အလုပ်လုပ်ပုံနည်းလမ်းများကို ခွဲခြမ်းစိတ်ဖြာ လေ့လာကြည့်ကြပါစို့ –

| ကျွမ်းကျင်မှု | ကလေး(က) | ကလေး (ခ) | ကလေး(ဂ) |
|---|---|---|---|
| ကောင်းစွာနားထောင်သည် | | | |
| ရှင်းလင်းစွာပြန်လည်ပြောပြသည် | | | |
| ဦးဆောင်ဦးရွက်ပြုသည် | | | |
| အခြားသူများအား ကူညီပံ့ပိုးသည် | | | |

သင်၏ကြည့်ရှုလေ့လာမှုပေါ်မူတည်ကာ ကလေးအချို့၏ အုပ်စုတွင်း ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးသင့်သည်။

# သက်တူရွယ်တူချင်း သင်ယူမှုကို စီမံခန့်ခွဲခြင်း

## အချင်းချင်းနည်းပြခြင်း

သက်တူရွယ်တူချင်းနည်းပြခြင်းကို သက်တူရွယ်တူသင်ကြားခြင်းဟုလည်းကောင်း၊ ကလေးမှကလေးသို့ သင်ယူခြင်းဟုလည်း သိနားလည်ကြပါသည်။ ကလေးတစ်ဦးထံမှ တစ်ဦးက သင်ယူခြင်းဟုလည်းကောင်း သိရှိထားကြသည်။ ၄င်းသည် ကြီးသောကလေးများနှင့် စာတော်သောကလေးများက ငယ်ရွယ်သူများ သို့မဟုတ် အခြားသင်ယူရန် နှေးသူကလေးများကို တစ်ဆင့်ပြန်လည်သင်ကြားပေးခြင်းမျိုးဖြစ်သည်။ သင်္ချာ သို့မဟုတ် ဘာသာစကား သင်ယူနိုင်မှုတို့အတွက် တစ်ရက်ခြား သို့မဟုတ် အလှည့်ကျအချိန်ပိုတစ်ချိန်ကို နေ့စဉ်စာသင်ချိန်ပြင်ပတွင် သတ်မှတ်ကာ ကလေးတစ်ဦးချင်း သို့မဟုတ် အုပ်စုလိုက်တာဝန်ပေးသင်ကြားပေးနိုင်ပါသည်။

သက်တူရွယ်တူချင်းသင်ခြင်းသည် ခေတ်နှင့်ကိုက်ညီသော ပညာရေးနည်းလမ်းကောင်းတစ်ခုဖြစ်ကြောင်းနှင့် ကလေးတစ်ဦးချင်း၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးသောပံ့ပိုးလုပ်ငန်းတစ်ရပ်လည်းဖြစ်ပါသည်။ အချင်းချင်းအပြိုင်အဆိုင်ပြုခြင်းထက် ပူးပေါင်းဆောင်ရွက်တတ်ခြင်းကို ပိုမိုတိုးမြှင့်ပေးသည့် သင်ယူမှုချဉ်းကပ်နည်းတစ်ခုဖြစ်ပါသည်။ အပြန်အလှန်လေးစားမှုနှင့် အပြန်အလှန်နားလည်မှုများကိုလည်းအတူ ဆောင်ရွက်လုပ်ကိုင်နေသူ ကလေးနှစ်ဦးကြားတွင် တည်ဆောက်ပေးသည်။ ကလေးချင်းနည်းပြသူအဖြစ်သင်ကြားပေးရခြင်းမျိုးကို ဂုဏ်ယူတတ်ပါသည်။ ယောကျ်ားကလေးဖြစ်စေ၊ မိန်းကလေးဖြစ်စေသူတို့၏အတွေ့အကြုံကောင်းများမှ သင်ယူခွင့်အများဆုံး ရတတ်ပါသည်။ ကလေးများသည် သူတို့သင်ယူတတ်မြောက်မှုကို အပြည့်အဝ မခြွင်းချန်ဘဲ ကူညီတတ်ကြပါသည်။ ထို့ပြင် အတန်းတွင်း၌ သူတို့အားပေးအပ်သည့် တာဝန်များကိုလည်း အကျိုးရှိအောင် ဖန်တီးတတ်သူလေးများလည်းဖြစ်သည်။ သူတို့နှင့် အတန်းတူသူငယ်ချင်းများ၏ သင်ပြပေးမှုကို ခံယူရသူများအနေနှင့် အချင်းချင်းပြောဆိုခြင်းက ပိုမိုသဘောပေါက်စေကြောင်းနှင့် ပိုမိုအားစိုက်နိုင်ကြောင်းတွေ့ရှိရပါသည်။ ထို့ပြင် သင်ယူရသမျှကို ပိုမိုသဘောပေါက်နားလည်နိုင်သော အဓိပ္ပာယ်ဖွင့်ဆိုချက်များကိုလည်း ရရှိစေပါသည်။ တစ်ခါတစ်ရံ ကလေးအချင်းချင်း ပြောကြသည်က ဆရာပြောပြရှင်းလင်းသည်ထက် ပိုမိုသဘောပေါက်နားလည်စေနိုင်ပြီး အောင်မြင်ကြောင်းတွေ့ရပါသည်။ ကလေးများသည် သူတို့နည်း သူတို့ဟန်ဖြင့် အခက်အခဲများကို ဖြေရှင်းတတ်ကြပါသည်။ အထူးသဖြင့် သူတို့ချင်းအသုံးပြုသော ဘာသာစကားက သူတို့အချင်းချင်း၏သင်ယူပျော်မှုကို ဖြစ်စေပါသည်။

**စာဖတ်ခြင်းလုပ်ငန်းတွင် သက်တူရွယ်တူချင်း သင်ကြားခြင်း။** အချင်းချင်းစာဖတ်သင်ကြားခြင်းကို စာဖတ်မှုနှေးကွေးသူများ သို့တည်းမဟုတ် ငယ်သူများအတွက် အပိုစာဖတ်ချိန်အဖြစ် ရရှိစေရန်အတွက် ဖန်တီးပေးခြင်းဖြင့် သင်ကြားမှုကို ပိုမိုအထောက်အကူရစေပါသည်–

- ❖ ' ကလေးချင်းနည်းပြသူ ' နှင့် ' သင်ယူသူကလေး ' တို့ တစ်ဦးနှင့်တစ်ဦး နားလည်သဘောပေါက်ခြင်းဖြင့် ပညာရေးနှင့် လူမှုရေးနယ်ပယ်တွင် ထိရောက်မှုကို ရရှိစေပါသည်။
- ❖ ကလေးတစ်ဦးချင်းစီ၏ ဖတ်ကြားသင်ယူမှုလုပ်ငန်းသည် အထူးပင် လေ့ကျင့်မှု ရစေသော နည်းလမ်းကောင်းတစ်ခုဖြစ်ပါသည်။
- ❖ ကလေးချင်းနည်းပြမှုဖြင့် စာဖတ်နိုင်စွမ်းရည်သည် အံ့ဩဖွယ်ဖြစ်ရအောင် တိုးတက်ကြောင်း မကြာခဏတွေ့ရတတ်ပါသည်။
- ❖ ငယ်ရွယ်သူကလေးများ၏ စာဖတ်စွမ်းရည်သည် ဤနည်းကို အသုံးပြုချိန် အနည်းအများပေါ် မူတည်၍ တိုးတက်ကြောင်းတွေ့ရသည်။ ငယ်ရွယ်သော စာဖတ်စွမ်းရည်နိမ့်သူကလေးများ တစ်ဦးချင်းအပေါ် ကန့်သတ်မှုမရှိဘဲ ဂရုစိုက်သင်ကြားပေးခြင်းဖြင့် အထူးအကျိုးရှိစေသည်။ ဆရာအနေဖြင့် ကလေးတိုင်းတစ်ဦးစီကို ဤသို့သင်ကြားပေးရန် အချိန်မလုံလောက်ဘဲ ရှိတတ်ပါသည်။

မည်သို့ပင်ဆိုစေ ကလေးချင်းနည်းပြသူအား လုပ်စေချင်သည်များကို တိတိကျကျ ရှင်းလင်းပြထားရန်လိုသည်။ နည်းပြကလေးသည် ဆရာက ဘာမျှော်မှန်းသည်ကို နားလည်သဘောပေါက်ရန်လိုပါသည်။ သူတို့သည် ကိုယ့်ထက်ငယ်ရွယ်သူများက ရင်းနှီးဖော်ရွေစွာ အထောက်အကူပေးသည့်နည်းလမ်းများဖြင့် လုပ်ဆောင်ပေးရန်လိုပါသည်။ အလေးဂရုမပြုမှုများ၊ စိတ်မရှည်မှုများကို ဖယ်ရှားရန်လိုသည်။ ဤတွင် အချင်းချင်းဖတ်ကြား သင်ယူခြင်းဆိုင်ရာ နည်းလမ်းအချို့ကို နမူနာအဖြစ်ဖော်ပြပါသည် –

**နှစ်ယောက်တစ်တွဲဖတ်ကြားသင်ယူနည်း။** ဤသင်နည်းကို အခြေခံသည့် ဖတ်ကြားနည်းများမှာ–

(က) ကလေးချင်းနည်းပြသူနှင့် သင်ယူသူတစ်ဦးချင်း အလှည့်ကျဖတ်ခြင်း၊ ပြိုင်တူအသံထွက်ဖတ်ကြားခြင်း၊ သင်ယူသူတစ်ဦးတည်းဖတ်ကြားခြင်း၊

(ခ) အသံထွက်မှန်မှန်နှင့် ကိုယ်တိုင်အကူလွတ်ဖတ်နိုင်အောင် 'အပြုသဘော ဆောင်' မှတ်ချက်ပေးခြင်းများကို အသုံးပြုခြင်း၊

**ကလေးချင်းနည်းပြသူအတွက်လေ့ကျင့်ပေးခြင်း။**

- ❖ အားပေးတိုက်တွန်းသည့်နည်းဖြင့် စာအုပ်နှင့်ထိတွေ့ မိတ်ဆက်ပေးရန်၊
- ❖ သင်ယူသူများကိုယ်တိုင် အမှားကိုကြိုးစားပြင်ဆင်ရန် ငြီးငွေ့သည့်တိုင် အမှားများကို ဆက်လက်ပြင်ဆင်စေရန်၊
- ❖ ဖတ်ပြီးသော စာပိုဒ်တိုင်းကို ပြန်လည်ဆွေးနွေးပေးရန်နှင့်
- ❖ ဆရာတစ်ဦးအနေဖြင့် ဆောင်ရွက်မှုများကို ကိုယ်တိုင်ဆန်းစစ်ပါ။ ထို့အပြင် သင်ယူသူ၏ သင်ယူမှုတိုးတက်မှုအခြေအနေကို ပညာရည်တိုးတက်မှု အစီရင်ခံစာပါ စစ်ဆေးမှုဇယားများဖြင့် ပြီးမြောက်မှုကို ဆန်းစစ်ပါ။

ဤချဉ်းကပ်နည်းသည် ပစိဖိတ်ကျွန်းရှိ ကျောင်းများတွင် ရေပန်းစားအောင်မြင်မှု ရလျက်ရှိသည်။ 'မျှဝေစာဖတ်ခြင်း' စိတ်ကူးအကြံအရ 'အဆင်သင့်ဖတ်ရန်' ဖြစ်သည့် တီထွင်မှုများအစပျိုးခြင်းနှင့် ထိတွေ့ပေးခြင်းဖြစ်သည်။ အစပျိုးပေးခြင်းဖြစ်သည်။ 'မျှဝေသောစာအုပ် အတွေ့အကြုံ' မှာ ပုံနှိပ်စာအုပ်ကြီးများပါဝင်ကြပြီး ပုံနှိပ်ထားသည်မှာ ဆရာနှင့်အတူ တစ်တန်းလုံးဖတ်ရှုနိုင်သော စာအုပ်များဖြစ်ပါသည်။ ကျွန်းများပေါ်ရှိ ဆရာအချို့အနေနှင့် အလုပ်ခွင်သင်တန်းများတက်ရောက်သည့်အခါ ဤနည်းလမ်းများကို လေ့ကျင့်သင်ယူခဲ့ကြရပြီး၊ မိမိတို့ကိုယ်တိုင်လည်း စာအုပ်များကို ပြုစုခဲ့ကြရသည်။

*Pacific Literacy and the Essential Dimensions of Reading*
*http://www.learning media.com/html/cr_us_pl-share.htm*

## ကိုယ်တိုင်သတ်မှတ်သင်ယူခြင်း

ကိုယ်တိုင်သတ်မှတ်သင်ယူခြင်းလုပ်ငန်းသည် အရေးကြီးသော လုပ်ငန်းဖြစ်သည်။ အကြောင်းဆိုသော် ကလေးများသည် ဆရာ့ထံမှ လွတ်လပ်စွာသင်ယူရန်လိုအပ်သည့် အတွက်ကြောင့်ဖြစ်သည်။ ဤသို့အခြေအနေပေးရန် တပည့်နှင့်ဆရာ နှစ်ဦးလုံးအချိန်ကို အကောင်းဆုံး အသုံးပြုခွင့်ရပါသည်။ သင်၏စာသင်ခန်းအတွင်း တစ်ဦးချင်းကိုယ်တိုင် သတ်မှတ်သင်ယူနိုင်မှုများ တိုးပွားစေရန် အောက်ပါအကြံပြုချက်များက ကူညီနိုင်ပါသည်–

- ❖ ဆရာ့အနေနှင့် ကလေးများအား ဖတ်စာအုပ်ပါသင်ခန်းစာ၏ အစိတ်အပိုင်းကို လေ့လာရန် သို့မဟုတ် သင်ခန်းစာသစ်ကို ကြိုတင်ပြင်ဆင်ရန် မှာကြားပါ။
- ❖ ကလေးများအနေနှင့် ကွင်းဆင်းလေ့လာမှုတစ်ခုကို ဆောင်ရွက်စေခြင်းဖြင့် သူတို့၏ကိုယ်ပိုင်အချက်အလက်များကိုရရှိကာ သင်ခန်းစာတစ်ခုအတွင်း အသုံးပြုနိုင်မည်။
- ❖ ဆရာသည် ပို၍အဆင့်မြင့်သည့်အတန်းမှ ကလေးများအား အသိသစ်များနှင့် အကြောင်းအရာသစ်များ တိုးတက်စေရန် လက်တွေ့လေ့ကျင့်မှုများ ပေးနိုင်သည်။
- ❖ ဆရာသည် ကလေးတစ်ဦးမှတစ်ဦးသို့ ချဉ်းကပ်နည်းကိုသုံးခြင်းဖြင့် ကလေးများ၏ ကျန်းမာရေးနှင့် အခြားကဏ္ဍများကိုပါ တိုးတက်စေရန် ကလေးများဆိုင်ရာအစီအစဉ်များနှင့် လုပ်ငန်းများကိုဆောင်ရွက်နိုင်ပါသည်။ ပြီးလျှင် ဆရာအနေဖြင့် ကလေးများ၏ လုပ်ငန်းဆောင်ရွက်မှုအပေါ် အကဲဖြတ်နိုင်ပါသည်။

အမျိုးမျိုးသော သင်ကြားခြင်းဆိုင်ရာ ချဉ်းကပ်နည်းများနှင့် အုပ်စုဖွဲ့သင်ကြားခြင်းများကို အသုံးပြုခြင်းရည်ရွယ်ချက်မှာ– အချင်းချင်းသင်ကြားခြင်းနှင့် ကိုယ်တိုင်ဦးဆောင်သင်ယူခြင်းများကိုအသုံးပြုခြင်းဖြင့် ဆရာဗဟိုပြုသင်ကြားခြင်းမှ သင်ယူသူဗဟိုပြုခြင်းအဖြစ်သို့ ပြောင်းလဲသင်ယူမှုကို တိုးပွားစေပါသည်။ ဤကလေးဗဟိုပြုသင်ကြားခြင်းများသည် ကလေး၏ဖွံ့ဖြိုးတိုးတက်မှုအတွက် ကိုယ့်အားကိုယ်ကိုးမှု၊ ကိုယ်တိုင်ဦးဆောင်သင်ယူသူအဖြစ်နှင့် ဆရာတာဝန်ကိုလျော့စေကာ ကလေး၏ကိုယ်တိုင် လိုအပ်ချက်များကို ကလေးတစ်ဦးချင်းကိုယ်တိုင် သို့မဟုတ် အုပ်စုလိုက် ပါဝင်ဆောင်ရွက်ခြင်းများဖြစ်စေပါသည်။

## ခွဲခြားခြင်းအတွက်ကြိုတင်စီစဉ်ခြင်း

ခွဲခြားခြင်းသည် ကလေးတစ်ယောက် သို့မဟုတ် ကလေးအုပ်စုငယ်တစ်စု၏ သင်ယူမှုလိုအပ်ချက်များကိုအလေးဂရုပြုခြင်းပင်ဖြစ်သည်။ ခွဲခြားရာတွင် 'ကလေးအားလုံးသည် တူညီနေကြသည်' ဟူသောယူဆချက်ဖြင့် စာသင်ခန်းတစ်ခန်းလုံးကို ပုံမှန်စတုတ်တိုက်သင်ကြားခြင်းပုံစံထက် ပိုမိုသည့်သင်ကြားမှုလိုပါသည်။ ကွဲပြားခြားနားမှုသိစေရန်အတွက် အထောက်အကူဖြစ်စေမည့် အခြေခံအချို့ကို အောက်တွင်ဖော်ပြပါသည်–

- ❖ **ကွဲပြားခြားနားသည့်စာသင်ခန်းသည် ပြုလွယ်ပြင်လွယ်သည်။** ဆရာနှင့် ကလေးများ နားလည်သဘောပေါက်လွယ်သော ရုပ်ဝတ္ထုပစ္စည်းများ၊ ကလေး

များကို အုပ်စုဖွဲ့သောနည်းလမ်းများ၊ သင်ယူမှုအတွက် ဆန်းစစ် အကဲဖြတ်နိုင်သောနည်းလမ်းများနှင့် အတန်းတွင်းရှိ အခြားဒြပ်ဝတ္ထုပစ္စည်းများသည် အတန်းတစ်ခုလုံး သင်ယူနိုင်မှုအတွက်နှင့် ကလေးတစ်ဦးချင်းစီ သင်ယူမှုတိုးတက်မြင့်မားရေးတို့အတွက် အမျိုးမျိုးပြောင်းလဲအသုံးပြုနိုင်သော ပစ္စည်းကိရိယာများအဖြစ် စာသင်ခန်းအတွင်း ဖန်တီးထားရှိရပါမည်။

- **သင်ကြားမှုကွဲပြားခြားနားခြင်းသည် ထိရောက်ပြီး ဆောင်ရွက်ဆဲဖြစ်သော သင်ယူသူများ၏လိုအပ်ချက် စစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိလာသည်။** ကွဲပြားခြားနားသော စာသင်ခန်းတွင် ကလေးအမျိုးအစား အမျိုးမျိုးရှိကြောင်း မျှော်မှန်းထားရမည့်ပြင် ကလေးများအပေါ်တန်ဖိုးထား အသိအမှတ်ပြုပေးခြင်းများနှင့် မှတ်တမ်းတင်ခြင်းတို့သည် သင်ခန်းစာပြင်ဆင်မှုအစီအစဉ် အတွက် အရေးကြီးသောအချက်များဖြစ်သည်။ ဤအချက်များသည် စစ်ဆေးအကဲဖြတ်ခြင်းနှင့် လမ်းညွှန်မှုများ ဆက်စပ်လျက်ရှိကြောင်း ဆရာတို့အနေဖြင့် ဂရုပြုရန်လိုပါသည်။ ဆရာတို့သည် ကလေးများသင်ယူရန် လိုအပ်ချက်နှင့် ၎င်းတို့ ၏ စိတ်ဝင်စားမှုကိုသိရှိနားလည်ခြင်းဖြင့် သင်ကြား မှုလုပ်ငန်းတွင် ပိုမိုထိရောက်စေပါသည်။ အသွင်ကွဲပြားခြားနား သိသာစေသော စာသင်ခန်းအတွက် ဆရာတစ်ဦးအနေဖြင့် ကလေးများပြောဆိုသမျှ တီထွင်ဖန်တီးသမျှကို မြင်သိ၊ နားလည်သဘောပေါက်ပေးရန်နှင့် အသုံးဝင်သော ပြောကြားလုပ်ဆောင်မှုအတွက် နားလည်လက်ခံပေးခြင်းဖြင့် ထိုကလေးများအတွက် လိုအပ်သည့် သင်ခန်းစာပြင်ဆင်မှု အစီအစဉ် ရေးဆွဲနိုင်ပါသည်။
- **ကလေးတိုင်း ဆီလျော်သင့်မြတ်သည့်လုပ်ငန်းရှိသည်။** အသွင် အမျိုးမျိုးပေါ်လွင်သိသာသော စာသင်ခန်းတွင် ဆရာ၏ဦးတည်ချက်မှာ ကလေးတစ်ဦးချင်းစီသည် အချိန်တိုင်းတွင်အလုပ်ကို စိန်ခေါ်နေကြောင်း ခံစားမိစေရန်နှင့် ကလေးတစ်ဦးချင်းကိုယ်တိုင်လည်း လုပ်ဆောင်မှုအပေါ် စိတ်ဝင်တစားလုပ်နေသည်ကို သိရှိကြရန်ဖြစ်သည်။
- **သင်ယူခြင်းတွင် ဆရာနှင့်ကလေးအားလုံးပါဝင် ပူးပေါင်းသူများဖြစ်သည်။** ဆရာသည်သင်ယူရန်လိုအပ်ချက်များသတ်မှတ်ခြင်း၊ သင်ယူမှုလွယ်ကူရန် ကူညီပံ့ပိုးပေးခြင်း၊ ထိရောက်သောသင်ရိုးဖြစ်ရန် အစီအစဉ်ကြိုတင်ရေးဆွဲသူဖြစ်ရပါမည်။ အသွင်အမျိုးမျိုးဖြစ်ပေါ်သော စာသင်ခန်းတွင် ဆရာများသည်

ကလေးအားလုံးကိုလေ့လာကြရန်နှင့် အတန်းတွင်းလုပ်ငန်းများတွင် ကလေးများအား ပါဝင်ခွင့် ဆုံးဖြတ်ပိုင်ခွင့် ပေးရပါသည်။ ရလဒ်တစ်ခုအနေဖြင့် ကလေးများသည် ပိုမိုလွတ်လပ်ပြီး အမှီခိုကင်းသော သင်ယူသူများ ဖြစ်လာကြပါသည်။

## မည်သည်တို့ကို ကွဲပြားခြားနားစေမလဲ

**သင်ကြားမည့်အကြောင်းအရာ**တွင် အချက်အလက်များ၊ အယူအဆ သဘောထားများ၊ အထွေထွေအကြောင်းရပ်များ သို့မဟုတ် အဓိကအကြောင်းရပ်များ၊ သဘောထားယုံကြည်ချက်များ၊ ဘာသာရပ်ဆိုင်ရာနှင့် သင်ယူရန်ခေါင်းစဉ်လိုက် ဆက်နွယ်သောကျွမ်းကျင်မှုများ ပါဝင်ပါသည်။ သင်ကြားမည့်အကြောင်းအရာတွင် ဆရာအနေနှင့် ကလေးများသင်ယူရန်အတွက် အစီအစဉ်များနှင့် ကလေးအတွက် အမှန်တကယ်သင်ယူမှုကို ဖြစ်စေသည့် လိုအပ်သော အသိဉာဏ်ဖွံ့ဖြိုးမှု၊ နားလည်သဘောပေါက်မှုနှင့် ကျွမ်းကျင်မှုများ ပါဝင်ပါသည်။ အသွင်အမျိုးမျိုးရှိသော စာသင်ခန်းအတွက် မရှိမဖြစ် အဓိကကျသော အကြောင်းရပ်များ၊ ရုပ်ဝတ္ထုပစ္စည်းများကို သဘောပေါက်နားလည်မှုရှိရန်နှင့် သင်ယူသူများအစဉ်ကျွမ်းကျင်မှုရှိရန် လိုအပ်ပါသည်။ ထိုစာသင်ခန်းများတွင် ပြောင်းလဲသင့်သည်မှာ ကလေးများအတွက် သင်ယူမှုအခွင့်အလမ်းများကို ရရှိစေခြင်းဖြစ်သည်။ ဆရာများအနေနှင့် သင်ရိုးအကြောင်းအရာတွင် သင်ကြားမည့် သင်ခန်းစာအမျိုးအမျိုးအတွက် ပါဝင်သင့်သည့် အခွင့်အလမ်းအချို့ကို အောက်တွင်ဖော်ပြပါမည်–

- ❖ အချို့သင်ယူသူများအတွက် သင်္ချာ သို့မဟုတ် သိပ္ပံဆိုင်ရာဝတ္ထုပစ္စည်းများ၏အသိယူဆချက်သစ်များအပေါ် ကလေးများ နားလည်စေရန်အသုံးပြုခြင်း၊
- ❖ ဖတ်စာအုပ်များကို စာဖတ်ခြင်းအဆင့်ထက် ပိုမိုအသုံးပြုခြင်း၊
- ❖ တွဲဖက်စာဖတ်ခြင်းအစီအစဉ်အမျိုးမျိုးကို ဖတ်စာအုပ်များအသုံးပြု၍ စာဖတ်ကြားမှု လေ့ကျင့်ခြင်းနှင့် စိန်ခေါ်ခြင်း၊
- ❖ ပြန်လည်သင်ကြားပေးရန်လိုအပ်သော ကလေးများအားသင်ကြားပေးခြင်းနှင့်
- ❖ ဖတ်စာအုပ်များ၊ မှတ်တမ်းတင်တိပ်ခွေနှင့်စက်၊ ပိုစတာများ၊ ဗီဒီယိုများတို့ကို သင်ယူသူအမျိုးမျိုးအတွက် သော့ချက်အယူအဆများကို ပို့ဆောင်ပေးသည့် နည်းလမ်းအဖြစ် အသုံးပြုခြင်း၊


**လုပ်ငန်း။** ထိရောက်သောလုပ်ဆောင်မှုတစ်ခုသည် ကလေးများအနေနှင့် မရှိမဖြစ်လိုအပ်သော ကျွမ်းကျင်မှုကိုအသုံးပြုပြီး အဓိကသော့ချက်ယူဆမှုကို ကလေးတို့နားလည်သဘောပေါက်ရန်ဖြစ်သည်။ လုပ်ငန်းတွင် တိကျသောသင်ယူမှု ရည်ရွယ်ချက်တစ်ရပ်လည်းရှိသည်။ သာဓကအားဖြင့် လုပ်ငန်းအမျိုးအစားခွဲခြားရန် အဆင့်အသီးသီး၏ ခက်ခဲမှုအဆင့်များအပေါ် ရှုထောင့်အမျိုးမျိုးခွဲကာ အပိုင်းလိုက် အပိုင်း(၁)လွယ်ကူ၊ အပိုင်း(၂)အချို့ခက်၊ အပိုင်း(၃) အထူးခက်ခဲစသည်ဖြင့် အခြေအနေလိုက် ခွဲခြားပါသည်။ လုပ်ငန်းအမျိုးအစားခွဲရာတွင် ကလေးများ၏ စိတ်ဝင်စားမှု ကွဲပြားမှုအပေါ်အခြေခံ၍ လုပ်ငန်းတစ်ခုချင်း၏လိုအပ်ချက်အလိုက် ဆရာအရေအတွက်နှင့် ပံ့ပိုးမှုတို့ကို အမျိုးအစား ကွဲပြားမှုအလိုက် ပေးနိုင်ပါသည်။

**သင်ကြားသင်ယူမှုရလဒ်များ။** သင်ယူသင်ကြားမှုရလဒ်များကိုသိသာထင်ရှားစေရန် အမျိုးအစားခွဲခြားနိုင်ပါသည်။ သင်ယူမှုရလဒ်များသည် ကလေး၏သင်ယူပြီးသည်များနှင့် သဘောပေါက်နားလည်ပြီးသည်များကို ထုတ်ဖော်ပြသနိုင်သည့်အရာများဖြစ်ပါသည်။ သာဓကအားဖြင့် သင်ယူသင်ကြားမှုရလဒ်သည် ကျောင်းသားများ၏လုပ်ငန်းမှတ်တမ်း၊ ပြဿနာတစ်ခုအတွက် ဖြေရှင်းနည်းများ၊ ပြကွက်လုပ်ငန်း ပရောဂျက် အခန်းဆုံးရေးဖြေမေးခွန်းများတို့ဖြစ်နိုင်သည်။ ရလဒ်ကောင်းတစ်ခုသည် ကလေးများအားသင်ယူရရှိမှုအပေါ် မည်သည်တို့ကို သင်ယူရရှိသည်ကိုပြန်လည်စဉ်းစားရန်နှင့် ပြန်လည်အသုံးချနိုင်ရန်ရလဒ်များ၊ ကလေးတို့၏နားလည်သဘောပေါက်မှုနှင့် ကျွမ်းကျင်မှုကို တိုးချဲ့ပုံဖော်ပြနိုင်ခြင်းတို့လိုပါသည်။ သင်ယူမှု ရလဒ်အမျိုးမျိုးကို အောက်ပါနည်းလမ်းများကို အသုံးပြုခြင်းဖြင့် ရနိုင်ပါသည် –

- ❖ ကလေးများပြုစုရေးဆွဲထားသော ဒီဇိုင်းပုံစံများ၊ သင်ယူမှုရည်ရွယ်ချက်ပေါက်မြောက်ရန်အတွက် ကလေးတို့၏ ပတ်ဝန်းကျင်တွင် ဆောင်ရွက်မှုများကို မဖြစ်မနေထုတ်ဖော်ခွင့်ပေးရန်၊
- ❖ ကလေးများကို ၎င်းတို့၏ သင်ယူမှုပုံစံများအလိုက် ဖော်ထုတ်ချီးကျူး၍ အားပေးဂုဏ်ပြုရန်၊
- ❖ လုပ်ဆောင်ရန် ပြင်ဆင်မှုအမျိုးမျိုးကိုရွေးချယ်ဆောင်ရွက်ခွင့်ပြုရန် (သာဓက–တစ်ဦးတည်းဆောင်ရွက်ခွင့် သို့တည်းမဟုတ် အုပ်စုတွင်း လုပ်ငန်းပေါ်ထွက်ရန် ဆောင်ရွက်ခွင့်မျိုးကို ခွင့်ပေးရန် )

❖ ကလေးများ၏ သင်ယူမှုရလဒ်အတွက် ရင်းမြစ်အမျိုးမျိုးကို ခွဲခြားအသုံးပြု၍ ပံ့ပိုးမှု သို့မဟုတ် အားပေးမှုပြုရန်၊

❖ ဆန်းစစ်အကဲဖြတ်ခြင်းနည်းလမ်းအမျိုးမျိုးဖြင့် ကျယ်ပြန့်စွာ အသုံးပြုရန်



## ပြန်လည်ထင်ဟပ်ခြင်းလုပ်ငန်း။ သင်ခန်းစာကြိုတင် ပြင်ဆင်ခြင်း

ဆရာများ သင်ခန်းစာကြိုတင်ပြင်ဆင်သောအခါ သင်ရန်အကြောင်းအရာနှင့် လုပ်ဆောင်ရန်လုပ်ငန်းများကို အမျိုးအစားခွဲခြားနိုင်ပါသလား။

ကလေးအားလုံး သူတို့၏ကိုယ်ပိုင်သင်ယူဟန်အမျိုးမျိုးအလိုက်နှင့် သင့်တော်သော အဆင့်အလိုက်သင်ယူရန် အချက်အလက်များနှင့် လုပ်ဆောင်မှုလုပ်ငန်းများကို ခွဲခြားသင်ယူ လုပ်ဆောင်နိုင်သောအခွင့်အလမ်းရှိပါသလား။

ကလေးတစ်ဦးချင်းစီ၏ သင်ယူမှုရလဒ်အမျိုးမျိုးကို ရလဒ်ကောင်းများအဖြစ် ဖော်ထုတ်ပြသခြင်းများ ပြုလုပ်ပေးဖူးပါသလား။

ကလေးအားလုံး သူတို့ကိုယ်ပိုင်သီးခြားသင်ယူဟန်နှင့် သင့်တော်သည့်အဆင့်တွင် သင်ယူရန် သတင်းအချက်လက်များနှင့် ခွဲခြားသတ်မှတ်ပြီးသောလုပ်ငန်းများကို လက်လှမ်းမီ ပါသလား။

## လူတိုင်းအကျုံးဝင်စာသင်ခန်းတွင်း အပြုအမူဆိုင်ရာ စီမံခန့်ခွဲခြင်း

ကလေးများတွင် လွဲမှားသော အပြုအမူများရှိတတ်ပါသည်။ သူတို့ကို ဂရုမစိုက် သို့မဟုတ် စောင့်ရှောက်မှုမပေးဟု ယူဆသည့်အခါတွင် ဖြစ်တတ်သည်။ ထိုကလေးများကို သီးခြားအလေးထားမှုပေးရန်လိုပါသည်။ သူတို့လေးများအနေနှင့်လုံလောက်သော ဂရုပြု အလေးထားမှုများမရသည့်အခါ သို့မဟုတ် မိသားစုနှင့်အိမ်မှ သူတို့အပေါ် အလေးထားအာရုံ စိုက်မှုမရှိသည့်အခါမျိုးတွင် တွေ့ရတတ်ပါသည်။ ထို့ပြင် ဆရာများအနေနှင့်လည်း ရုတ်တရက် ကလေး၏မကျေနပ်သောအပြုအမူများ ပြုလုပ်တတ်မှုအပေါ် အဓိပ္ပာယ်ယူဆမှု မလွဲကြရန်နှင့် လူသားတစ်ဦးအဖြစ် ပြုမူခြင်းသာဟု လက်ခံပေးကြရန်လိုသည်။ ကလေးများ၏အပြုအမူပိုင်း ဆိုင်ရာအတွက် ခွဲခြားစိတ်ဖြာမှုပြုရန် အရေးကြီးပါသည်။ ကလေးများ၏လွဲမှားသော အပြုအမူ ပိုင်းဆိုင်ရာအတွက် ဆက်စပ်လျက်ရှိသော နည်းလမ်းအချို့တွင် တစ်ဖက်ပါတို့ပါဝင်ပါသည်–

- စာသင်ခန်းတွင်း အဓိကစည်းမျဉ်းတစ်ခု ချမှတ်ရန်လိုပါသည်။ သာဓက– တစ်ဦးကိုတစ်ဦး ချစ်ခင်လေးစားတတ်ရန်၊
- ကလေးများအတွက် အဓိပ္ပာယ်ရှိပြီး စိတ်ဝင်စားဖွယ် သင်ရိုးညွှန်းတမ်းကို ဖန်တီး တည်ဆောက်လျှင် ကလေးများသည် စိတ်ပါဝင်စားကာ ပါဝင်ဆောင်ရွက် လာမည်။
- ထူးခြားသည့်အပြုအမူဆိုင်ရာ ပြဿနာကိုဖြစ်ပေါ်စေသည့် အကြောင်းရင်းများကို ဆုံးဖြတ်ရန် ထိရောက်သည့်ကြည့်ရှုလေ့လာခြင်းနှင့် မှတ်တမ်းပြုခြင်းဆိုင်ရာ ကျွမ်းကျင်မှုများလိုအပ်သည်။
- **အရေးကြီးဆုံးမှာ** ဆရာသည် ကလေးများ သွက်လက်ထက်မြက်စွာ ပါဝင်နေပြီး နိုးကြားနေသည့် သင်ကြားမှုဝန်းကျင်ကောင်းကို ဖန်တီးပေးရန်လိုပါသည်။ဤသို့ ဆောင်ရွက်ခြင်းသည် ကလေးများအတွက် ကောင်းမွန်သော သင်ကြားခြင်းကို ဖြစ်စေပါသည်။ ဆိုလိုသည်မှာ ဆရာသည် ထာဝရ ထိန်းကွပ်နေသူ မဖြစ်သင့် သော်လည်း ကလေးအုပ်စုများ၊ မိဘများ ဆရာများကြား ပေါ်ပေါက်လာသော ပြဿနာများကို ကူညီဖြေရှင်းပေးသူများဖြစ်ရပါမည်။

အခြားအဓိကကျသောနည်းလမ်းများတွင် မာတိကာပိုင်းတွက် ညွှန်ကြားချက်နှင့် အပြုအမူပိုင်းဆိုင်ရာပြဿနာများ ဖြေရှင်းမှုများပါဝင်ပြီး အချင်းချင်းသင်ကြားခြင်းနှင့် ပူးပေါင်း သင်ယူခြင်းအခြေအနေများလည်း ပါဝင်ကြောင်း အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

## ပြဿနာဖြေရှင်းခြင်းဆိုင်ရာချဉ်းကပ်မှု

ပြဿနာဖြေရှင်းခြင်းဆိုင်ရာ ချဉ်းကပ်မှုတစ်ခုတွင်ကလေးများပါဝင်သော အသင်း အဖွဲ့တွင် မိဘသို့မဟုတ် ပြုစုစောင့်ရှောက်ပေးသူများ၊ ဆရာများနှင့် စာသင်ခန်းများ၏ ရုပ်ပိုင်း ဆိုင်ရာဝန်းကျင်လူမှုအပြန်အလှန်ဆက်သွယ်ဆက်ဆံမှုများ၊ သင်ကြားရေးဆိုင်ရာပတ်ဝန်းကျင်၊ ကျောင်းပညာရေး မဟုတ်သည့်အခြေအနေများကိုစိတ်ဝင်တစား မေးမြန်းလေ့ရှိကြသူနှင့် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်သူများလည်း ပါဝင်ပါသည်။

'အနိုင်ကျင့်ခြင်း 'နှင့်စပ်လျဉ်း၍ ရှေ့ပိုင်းစာအုပ်တွင် ဖော်ပြလေ့လာခဲ့ပြီးဖြစ်ပါသည်။ ဆရာများသည် ကလေးများ၏အပြုအမူပိုင်းဆိုင်ရာကိုသာ စိတ်ဝင်စားခြင်းထက် ထိုအပြုအမူ မျိုးဖြစ်ရခြင်းအကြောင်းရင်းကို ပိုမိုသိရှိရန်လိုပါသည်။ ဆရာများသည် ကလေးများ၏အချို့ လိုအင်များနှင့် အကြောင်းအရာများကို ကြိုးစားဆက်သွယ်ပေးရန်လိုကြောင်း သိရှိရပါမည်။

## ကလေးများကကြိုးစားဆက်သွယ်ရန်လိုအပ်ချက်များ

| ကိုယ်တိုင်လိုအပ်ချက်များ | ဘယ်လိုအနေထားမျိုးလဲ |
|---|---|
| အားရကျေနပ်ခြင်း | ကျွန်ုပ်အခုချက်ချင်းလိုချင်တယ်။ |
| အလုပ်ရှောင်ခြင်း | ကျွန်ုပ်မရှောင်ရှားလိုပါ။ |
| အကြောက်လွန်ခြင်း | ကျွန်ုပ်ကြောက်ရွံ့သည်။ |
| **လူမှုရေးလိုအပ်ချက်များ** | **ဘယ်လိုအနေထားမျိုးလဲ** |
| ဂရုတစိုက်ရှာဖွေကြည့်ရှုခြင်း | ကျွန်ုပ်ကိုကြည့်ပါ။ |
| လုပ်နိုင်စွမ်းရှာဖွေခြင်း | ကျွန်ုပ် ဦးဆောင်သူဖြစ်လိုသည်။ |
| လက်စားချေခြင်း | ကျွန်ုပ် ဒီအဖွဲ့မှာမပါလိုတော့ပါ။ |



### ဆောင်ရွက်ရန်လုပ်ငန်း။ ပြဿနာဖြစ်သည့်အပြုအမူများကို ခွဲခြမ်းစိတ်ဖြာခြင်း

ဆရာ့အား မသင့်လျော်သော အပြုအမူမျိုးပြုမူသည့် ကလေးတစ်ဦးကို ရွေးချယ်ရန်နှင့် ဘာကြောင့် ဤသို့မသင့်လျော်စွာပြုမူကြောင်းကို မှတ်ချက်ရေးသားထားပါ။ ဤအပြုအမူသည် သင်ခန်းစာအတွက် ဖျက်ဆီးမှုဖြစ်စေသလား။ အခြားသင်ယူသူကလေးများနှင့် ပတ်သက်မှု ရှိပါသလား။ တစ်နေ့တာ၏ ကိုယ်ပိုင်အချိန်တွင်း ပြုမူသည့်အပြုမူလား။ သတင်းတစ်ပတ်၏ တစ်ရက်တွင်လား။ သို့မဟုတ် သက်ဆိုင်သော သင်ရိုးညွှန်းတမ်းလုပ် ဆောင်စဉ်မှာလား။ ကလေး၏အိမ်တွင်ကောမည်သို့သော အခြေအနေမျိုးပြုမူတတ်သလဲ။ ကျောင်းတွင်ကလေးနှင့် ပတ်သက်သည့် ကိုယ်ရေးမှတ်တမ်းရှိခဲ့လျှင် သင်သိလိုလိမ့်မည်။ (လက်စွဲစာအုပ်ငယ်(၃)တွင် ကြည့်ပါ။)

ကလေးကို ဦးစွာစတင်လေ့လာခြင်းဖြင့် ကလေး၏ပြုမူဆောင်ရွက်မှု အခြေအနေ များကို သက်ရောက်စေသောအကြောင်းအချက်များအား စဉ်းစားပေးနိုင်မည်ဖြစ်သည်။

ကလေးအတွက် မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မလဲ။ သူတို့၏ အတန်းတူသူငယ်ချင်းများ၊ မိဘများနှင့် စာသင်ခန်းတွင်းကလေး၏ပြုမူဆောင်ရွက်မှုပိုင်းဆိုင်ရာအတွက် မည်သို့ပြောင်းလဲအောင် ဆောင်ရွက်ကူညီပေးနိုင်မလဲ။ ဤလုပ်ဆောင်မှုများကို ကြိုးစားဆောင်ရွက်ကြည့်ပါ။

မည်သည့်ဆောင်ရွက်မှုသည် ကလေးအတွက် အကူအညီရစေမလဲ။ အောင်မြင်စွာဆောင်ရွက်မှုများအတွက် မှတ်တမ်းရယူထားပါ။ ထိုမှတ်တမ်းသည် အခြားကလေးတစ်ဦးအတွက် ပြန်သုံးနိုင်ပါသည်။

ဆရာများအနေနှင့် ကလေးများ၏ ပြုမူဆောင်ရွက်ပုံများကို လေ့လာရန်လိုပါသည်။ လေ့လာမိသမျှကိုလည်း ပုံမှန်မှတ်တမ်းတင်စေခြင်းဖြင့် စဉ်ဆက်လေ့လာနိုင်သောအကြောင်းရပ်ပုံစံများဖြစ်လာပါမည်။ တစ်ချိန်ချိန်တွင် စာသင်ခန်းသည် သင်ယူသူအတွက် စိတ်ချလုံခြုံမှုရှိပြီး၊ ပိုမိုပူးပေါင်းသင်ယူနိုင်သောနေရာဖြစ်စေသကဲ့သို့ အပြုအမူပိုင်းဆိုင်ရာ အခက်အခဲပြဿနာများနည်းပါးအောင် ဆောင်ရွက်နိုင်မည့်နေရာလည်း ဖြစ်စေပါမည်။

## စည်းကမ်းကောင်းများ

စည်းကမ်းမရှိမဖြစ် လိုအပ်သည့်အချိန်များရှိပါသည်။ မည်သည့်စည်းကမ်း ပုံစံမျိုးသည် အကောင်းဆုံးဖြစ်သနည်း။ သတိပြုရမည်မှာ 'စည်းကမ်း၏ရည်ရွယ်ချက်ပန်းတိုင်' သည် ကလေးများအား လွှမ်းမိုးထိန်းချုပ်ထားခြင်း၊ အတင်းအကျပ်နာခံရန် တိုက်တွန်းခြင်း မဟုတ်ကြောင်း ကလေးများဆုံးဖြတ်ချက်ချရာ၌ ကျွမ်းကျင်မှုကိုပေးရန်သာဖြစ်ကြောင်း တဖြည်းဖြည်းချင်း ကလေးတို့ကိုယ်တိုင် ထိန်းသိမ်းနိုင်မှုကို ရလာစေပြီး၊ သူတို့၏ အပြုအမူပိုင်းဆိုင်ရာအတွက်လည်း ကိုယ်တိုင်တာဝန်သိသိ ပြောင်းလဲပြုပြင်ဆောင်ရွက်လာနိုင်စေရန်ဖြစ်သည်။ လွဲမှားသောအပြုအမူသည် မှန်ကန်သော အပြုအမူသစ်ကို သင်ကြားပေးရန် အခွင့်အလမ်းတစ်ခု ဖြစ်သည်ကို သတိပြုရန်ဖြစ်သည်။



### ပြန်လည်ထင်ဟပ်ခြင်းလုပ်ငန်း။ စည်းကမ်းအတွက်ချဉ်းကပ်မှု

အောက်ပါဇယားမှ ဖော်ပြချက်များကို ဖတ်ရှုလေ့လာပြီး၊ သင်အနှစ်သက်ဆုံး ထင်မြင်ချက်ကို (✔) အမှတ်အသားပေးပါ။ အမှန်ကန်ဆုံး ဖြစ်ပါစေ၊ ဤဇယားကို အသုံးပြုခြင်းဖြင့်

စည်းကမ်းအတွက် သင်၏ချဉ်းကပ်မှုကိုဖော်ထုတ်စူးစမ်းလေ့လာနိုင်ပြီး အတန်းတွင်းညွှန်ကြားမှုများအတွက်လည်း ထိန်းသိမ်းပြုပြင်ပေးနိုင်ပါသည်။ ပြန်လည်ထင်ဟပ်ခြင်းဖြင့် သင်၏ချဉ်းကပ်မှုများအပေါ်ရင်ဆိုင်ရာတွင် အခြားနည်းဖြင့်ဆောင်ရွက်မှုများ ချမှတ်ခြင်းမှနေရာတစ်ခုတွေ့ရှိနိုင်မည် ဖြစ်သကဲ့သို့ ထိုနေရာသည် သင့်အတွက် ထိရောက်သော စည်းကမ်းအဖြစ်သုံးနိုင်မည့်နေရာဖြစ်သည်[1]–

| **စည်းကမ်းမဲ့ခြင်းဆိုင်ရာ တိုင်းတာချက်များ** | **အမှန်ခြစ်ရန် (✔)** | **စည်းကမ်းရှိမှုဆိုင်ရာ တိုင်းတာချက်များ** | **အမှန်ခြစ်ရန် (✔)** |
|---|---|---|---|
| ကျွန်ုပ်သည် သင်ယူသူများအား မလုပ်ရန် ကိစ္စများကို ပြောပြသည့် အခါမကြာခဏအဆိုးမြင်ရှုထောင့် မှ စတင်ထုတ်ဖော်ပြောကြားလေ့ရှိသည်။ | | ကျွန်ုပ်သည် သင်ယူသူများ၏ဖြစ်နိုင်ခြေရှိသော အခြားနည်းဖြင့် ဆောင်ရွက်မှုနှင့် သူတို့၏အပြုအမူကောင်းများကို မြင်သာအောင်ဖော်ကျူးမှုများ ပြုပေးပါသည်။ | |
| ကျွန်ုပ်သည် သင်ယူသူများ၏ အပြုအမူပိုင်းကို ကြိုးပမ်းထိန်းချုပ်ရာတွင် မကောင်းသောအပြုအမူများအတွက် အပြစ်ပေးလေ့ရှိ သည်။ | | ကျွန်ုပ်သည် သင်ယူသူများ၏ကြိုးစားအားထုတ်မှုနှင့် အပြုအမူကောင်းများအတွက် ပြန်လည်၍ ဆုချီးမြှင့်ခြင်းဖြင့် မြင်သာအောင်ဂုဏ်ပြုဖော်ကျူးပေးပါသည်။ | |
| ကျောင်းသားများသည် ကြောက်ရွံ့ခြင်းကြောင့်၊ ခြိမ်းခြောက်ခြင်း ကြောင့် (သို့)လာဘ်ပေးခြင်း ကြောင့် စည်းမျဉ်းကိုလိုက်နာသည်။ | | ကျွန်ုပ်၏ကျောင်းသားများသည် စည်းကမ်းများကို စောင့်ထိန်းလိုက်နာကြသည့် အကြောင်းမှာ သူတို့ကိုယ်တိုင် ပါဝင်ပြုစုခဲ့ကြပြီးသူတို့ကိုယ်တိုင် သဘောတူအတည်ပြုခဲ့ခြင်းကြောင့်ဖြစ်သည်။ | |
| စည်းကမ်းဖောက်ဖျက်ခြင်း အကျိုးဆက်များအဖြစ် သင်ယူသူကလေးများ၏ အပြုအမူနှင့် မသက်ဆိုင်ခြင်းများ၊ ယုတ္တိမတန်ခြင်းများအတွက် မကြာခဏပြစ်ဒဏ် ပေးရန်ရည်ရွယ်ခြင်းများကို ပြုခဲ့ကြသည်။ | | စည်းကမ်းဖောက်ဖျက်ခြင်းအကျိုးဆက်များသည် သင်ယူသူကလေးများ၏အပြုအမူနှင့် တိုက်ရိုက်ဆက်စပ်မှုရှိနေသည်။ | |

[1] Altennatives to Corporal Punishment. The Learning Experience(2000). Department of Education, Ministry of education, Pretoria, South Africa.

| စည်းကမ်းမဲ့ခြင်းဆိုင်ရာ တိုင်းတာချက်များ | အမှန်ခြစ်ရန် (✔) | စည်းကမ်းရှိမှုဆိုင်ရာ တိုင်းတာချက်များ | အမှန်ခြစ်ရန် (✔) |
| --- | --- | --- | --- |
| အချိန်အသုံးချမှု၌ အချိန်ကိုသီးခြားထားပြီး သင်ယူသူများ အတွက် ကန့်သတ်အချိန်ပိုင်း တစ်ခုကိုသာပေးပါသည်။ | | ကျွန်ုပ်အချိန်ကို အသုံးချမှု၌ အဖွင့်အပိတ်လိုအပ်ချက်အလိုက် ကန့်သတ်မှုရှိပြီး ကလေးများအတွက် ဦးဆောင်မှုပေးသည်။ သင်ယူသူ၏ကိုယ်တိုင်ထိန်းချုပ်နိုင်မှုနှင့် အဆင်သင့်ဖြစ်မှုအနေအထား အတန်းသို့ပြန်လည်တုံ့ပြန်နိုင်မှုအခြေအနေက အဆုံးအဖြတ်ပေးသည်။ | |
| သင်ယူသူများ၏လိုအပ်ချက်များနှင့် အခြေအနေပေါ် စဉ်းစားတွေးတောခြင်းများကိုမသုံးပါ။ | | ကျွန်ုပ်၏လုပ်ဆောင်မှုများသည် ကျွန်ုပ်စိတ်တွင်နားလည်မှုအပေါ်အခြေခံပြီးတစ်ဦးချင်းအပေါ်နားလည်မှု၊ လက်ခံနိုင်မှု၊ အရည်အသွေး၊ အခြေအနေနှင့် တိုးတက်မှုအဆင့်များအပေါ်အခြေခံသည်။ | |
| ကလေးများအပေါ်အာရုံထားသည်မှာ ပြင်ပကိစ္စရပ်တစ်ခုအတွက် ထိန်းချုပ်ပေးရန် လိုအပ်ချက်တစ်ခုအဖြစ်သာ ဥပမာအားဖြင့် ကျွန်ုပ်ကိုယ်တိုင်၊ ကျောင်းအုပ်ကြီး (သို့)ကလေးမိဘ အနေဖြင့် လိုအပ်ချက်တစ်ခုအဖြစ်သာဖြစ်သည်။ | | ကျွန်ုပ်သတိပြုမိသည်မှာ ကလေးများတွင် မွေးရာပါအသိအရ ကိုယ်ပိုင်စည်းကမ်းလေးများနှင့် ကိုယ်ပိုင်ညွှန်ကြားနိုင်မှုရှိတတ်ပါသည်။ သူတို့အနေနှင့် ကိုယ်တိုင်ထိန်းချုပ်နိုင်မှုအတွက်လည်း သူတို့ကိုယ်တိုင် သင်ယူနိုင်ကြသည်။ | |
| ကလေးများအားသေးငယ်သောကိစ္စ (သို့) အမှားများအတွက် ကျွန်ုပ်အနေဖြင့် ပြောင်းလဲခြင်းမရှိ အစမှပြန်စစေခြင်း (သို့) အပြစ်ပေးခြင်းများ ပြုပါသည်။ | | ကျွန်ုပ်အနေနှင့် အမှားများသည် ကလေးများ၏အခွင့်အလမ်းတစ်ခုဟု ဂရုပြုမိသည့်ပြင် ကျွန်ုပ်ကိုယ်တိုင်သင်ယူရန်လည်းလိုပါသည်။ ကျွန်ုပ်၏ကလေးများအား ကိုယ်တိုင်စိတ်တွင်နားလည်စေပြီး သူတို့၏မှန်ကန်သော လုပ်ရပ်အတွက် အခွင့်အရေးကောင်းများနှင့် လွဲမှားသောအပြုအမူများကို ဖယ်ရှားပေးခြင်းပြုပါသည်။ | |

| စည်းကမ်းမဲ့ခြင်းဆိုင်ရာ တိုင်းတာချက်များ | အမှန်ခြစ်ရန် (✔) | စည်းကမ်းရှိမှုဆိုင်ရာ တိုင်းတာချက်များ | အမှန်ခြစ်ရန် (✔) |
|---|---|---|---|
| ကျွန်ုပ်သည် ကလေးများအပြုအမူအတွက် အပြစ်တင်ဝေဖန်ပါသည်။ | | ကျွန်ုပ်သည် သင်ယူသူကျောင်းသားထက် သူ၏အပြုအမူကို ဦးတည်ထားပါသည်။ ကလေးအနေနှင့် အကောင်းမြင်မှု၊ တိကျမှု၊ မှန်ကန်စွာတည်ဆောက်တတ်မှု၊ ဆောင်ရွက်နိုင်မှုအခြေအနေမျိုးသို့ ပြောင်းလဲပေးရာတွင် ကူညီမှုပေးပါသည်။ | |

ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်းရှိ ကလေးပျော်ကျောင်းတစ်ကျောင်းတွင် မိန်းကလေးငယ်တစ်ဦးသည် အတန်းတွင် မကြာခဏအနှောင့်အယှက်ပြုခဲ့ပါသည်။ အတန်းရှိအတန်းဖော်များ၏ ပစ္စည်းနှင့်ငွေကြေးတို့ကို ခိုးယူလေ့ရှိပါသည်။ သူမကို အများက **'ကျောင်းဆွေး'** ဟု အမည်သတ်မှတ် ပေးထားပါသည်။ အကြောင်းမှာ သူမသည် ဖြေဆိုမှုတိုင်းတွင် အစဉ်ကျရှုံးနေခြင်းကြောင့်ပင်ဖြစ်သည်။ အစဉ်သဖြင့် သူမ၏ လွဲမှားသော အပြုအမူကြောင့်လည်း အခါခါဒဏ်ပေးအရေးယူရခြင်းများ သို့မဟုတ် ကျောင်းမှ ထုတ်ပယ်မှုမပြုရအောင် မသိမသာဖုံးကွယ်ပြောပြပေးခြင်းများဖြင့် သူမ၏ ဆရာမှာ သူမအတွက် တာဝန်ပိုရသည့် အနေအထားရှိပါသည်။ သာဓကအားဖြင့် ဆရာက အတန်းကို ခေတ္တထား၍ အခြားသို့သွားရန် လိုအပ်လာသည့်အခါ သူမအား အတန်းကို ကိုယ်စားပြုသူ 'အတန်းခေါင်းဆောင်' အဖြစ်ထားခဲ့ခြင်း မျိုးဖြစ်သည်။ ဆရာအနေနှင့် သူမအား ငယ်ရွယ်သောကလေးများ၏ လေ့လာကျက်မှတ်နိုင်မှုအတွက် အကူအညီပေးရန်နှင့် သင်ယူမှုပစ္စည်းများတွက် စည်းရုံး၊ ဆော်ဩ၊ ကူညီမှုများကို အတန်းချိန်မတိုင်မီနှင့် အတန်းပြီးဆုံးပြီးနောက်တွင် ကူညီမှုပေးစေပါသည်။ မမျှော်မှန်းနိုင်ဘဲ မိန်းကလေး၏လွဲမှားစွာပြုမူနေခြင်းများသည် ရုတ်ခြည်းပင် ရပ်ဆိုင်းသွားခဲ့ပြီး သူမ၏အသွင်သဏ္ဌာန်ပါ ကွဲပြားစွာ ပြောင်းလဲသွားခဲ့ပါသည်။ သူမအတန်းတွင်း၌ ဂရုစိုက်နေထိုင်ပုံများ၊ ကျောင်းသား ကျောင်းသူ၊ သူငယ်ချင်းအတွက် အလေးဂရုပြုလာခဲ့ပုံများသည် သူမတည်ငြိမ်လာကြောင်း ကိုပြပါသည်။ ထို့ပြင် သူမ၏ သင်ယူမှုပြကွက်များသည်လည်း ဇာတ်လမ်းဆန်ဆန် တိုးတက်ပြောင်းလဲခဲ့ပြီဖြစ်သည်။

**စည်းကမ်းရှိရန်ချဉ်းကပ်နည်းများ**

စည်းကမ်းကောင်းသောစာသင်ခန်း ပတ်ဝန်းကျင်ဖြစ်အောင် မည်ကဲ့သို့ ထူထောင်မည်နည်း။ ဤတွင် သင်ယူသင်ကြားမှုတွင် ပျိုးထောင်လေ့ကျင့်ယူမှုတစ်ခုကို ဖန်တီးဖော်ဆောင်နည်းလမ်းအချို့ကို ဖော်ပြထားပါသည်။[2]

**တစ်ကျောင်းလုံးအတွက်ချဉ်းကပ်မှုကိုချမှတ်ပါ။** သင့်စာသင်ခန်း၏ စည်းကမ်းများသည် ကျောင်း၏မူဝါဒကို ထင်ဟပ်မှုဖြစ်အောင်ဆောင်ရွက်ပါ။

**အခြေခံစည်းကမ်းများချမှတ်ပါ။** စာသင်ခန်းအတွက် ဆောင်ရွက်ရန်လုပ်ငန်းများ ချမှတ်ပြီး ကလေးများအားလုံးသည် ထိုလုပ်ငန်းချမှတ်ခြင်းတွင် ပါဝင်ဆောင်ရွက်ကြရမည်။ အခြေခံစည်းကမ်းများကို အလေးအနက်ထားပြီး ရှေ့နောက်ညီညီ အကောင်အထည်ဖော်နိုင်စေရမည်။

**ကလေးများအကြောင်းကိုသိအောင်လုပ်ပါ။** ဤသို့ကလေးများနှင့် အပြုသဘော ဆက်ဆံဆောင်ရွက်မှုများ တိုးတက်အောင် ဦးတည်ဆောင်ရွက်ရပါမည်။

**သင်ယူမှုနည်းစဉ်နှင့် သင်ယူမှုဝန်းကျင်တို့ကို ကျွမ်းကျွမ်းကျင်ကျင်နှင့် ထက်ထက်သန်သန်စီမံခန့်ခွဲပါ။** အစီအစဉ်ကောင်းကောင်းချမှတ်ကာ ခြေတစ်လှမ်းသည် အမြဲရှေ့သို့ လှမ်းထားနိုင်ရပါမည်။ သာဓက–ကလေးအချို့ဆောင်ရွက်ရန်ရှိသည်တို့ကို ကြိုတင်၍ လုပ်ဆောင်ထားခြင်းဖြင့် အခြားကလေးများထက် စောစွာပြီးစီးနေပြီး၊ အခြားကလေးများကို စောင့်နေစဉ်အတွင်း အခြားလုပ်ငန်းတစ်ခုဖြစ်သည့် အတန်းတွင်း ဆောင်ရွက်ပြီးစီးမှုများကိုပြသရန် ပြင်ဆင်စေခြင်းမျိုးကို ဆရာက စီစဉ်ပေးရန်ဖြစ်သည်။ ပြင်ဆင်ဆောင်ရွက်ရာတွင် ကလေးကိုယ်တိုင် စီစဉ်ဆောင်ရွက်နိုင်ရမည်။ အကယ်၍ အလုပ်မဖြစ်ခဲ့လျှင် ဘာကြောင့် မဖြစ်ရသည်ကို အကြောင်းရင်းစဉ်းစားရန် အခြားတစ်နည်းပြောင်းလဲ၍ ကွဲပြားစွာ ဆောင်ရွက် နိုင်ရန်လည်း စဉ်းစားထားရပါမည်။

**သင်ယူရေးဝတ္ထုပစ္စည်းများ၊ သင်နည်းများနှင့် စာသင်ခန်း စီမံခန့်ခွဲမှု အလေ့အကျင့်များကို ဖွံ့ဖြိုးအောင်ဆောင်ရွက်ပါ။** ဝိရောဓိဖြစ်စေသော စီမံခန့်ခွဲခြင်းများ၊ ပြဿနာဖြေရှင်းခြင်းများ၊ သည်းခံခြင်း၊ လူမျိုးခွဲခြားခြင်း၊ လိင်(ကျား မ) ခွဲခြားခြင်း စသည်တို့ ပါဝင်ပါသည်။

---

[2]Adapted from:Alternatives to Corporal Punishment: The learning Experience.(2000) Department of Education, Ministry of Education, Pretoria, South Africa, as well as the MCH Early Childhood Development and Parent Education Programme at http://www.health.state.ok.us/program/ mchecd/ posdisc. html

**လူတိုင်းအကျုံးဝင်ပါစေ။** သင်ယူသူများကို ကျန်ရစ်ခဲ့စေခြင်းမျိုး သို့မဟုတ် သူတို့၏လိုအပ်ချက်များနှင့် အခြေအနေများကို နားမလည်ခြင်းသည် ကလေးများကို သွေးခွဲခြင်းမျိုး ဖြစ်လာနိုင်သည်။

**သင်ယူသူများအတွက် အောင်မြင်မှုအခွင့်အလမ်းပေးပါ။** မိမိကိုယ်ကိုအမြင် ကောင်းမြင်ပြီး အောင်မြင်နိုင်စွမ်းရှိ သင်ယူသူများသည် ပိုမိုကောင်းမွန်စွာ သင်ယူနိုင်သည်။

**သင်ယူသူများအား တာဝန်ယူဆောင်ရွက်ခွင့်ပေးပါ။** တာဝန်ရှိသူများအဖြစ် ခံယူအောင် အခွင့်ရေးပေးပါ။ ဤနည်းအတိုင်း စာသင်ခန်းတွင် ကလေးတို့ကိုယ်တိုင်ပြန်လည် ဆောင်ရွက်စေခြင်းဖြင့် လူအများနှင့်ဆိုင်သောစီမံချက်များကို ဆောင်ရွက်ခွင့်ရခြင်း၊ အတန်းတွင်းရှိ ကလေးငယ်များအား စောင့်ရှောက်ကူညီခြင်း သို့တည်းမဟုတ် ဆရာ အတွက် ကျောင်းခေါ်ကြိမ်စာရင်းများ ကူညီဖြည့်ဆည်းပေးခြင်းများကို ခွင့်ပြုဆောင်ရွက်ပါ။

**ဂရုစိုက်ပေးမှုလိုအပ်သောကလေးကို သူလိုတာပေးပါ**။ သင်ယူသူအနေနှင့် ပြောင်းလဲခြင်းမရှိဘဲ လွဲမှားသောအပြုအမူများကို ဂရုပြုမိပါက သူတို့နှင့်ဆက်နွယ်သော အကောင်းမြင် နည်းလမ်းများကို ရှာဖွေ၍ရင်ဆိုင်ဖြေရှင်းပေးရန်လိုပါသည်။ သူတို့အား လွယ်ကူသောလုပ်ငန်းရပ်လေးများတွင် ပါဝင်လုပ်ကိုင်စေသော နည်းလမ်းများဖြစ်သည့် အတန်းပြင်သို့ မိနစ်ပိုင်းမျှ စေခိုင်းခြင်းမျိုး၊ သူတို့အား တာဝန်တစ်ခုအဖြစ်ပေးအပ်ခြင်းမျိုး သို့မဟုတ် အခြားနည်းလမ်း တစ်မျိုးမျိုးပေး၍ ဆောင်ရွက်စေပါသည်။

**စံပြ ဖြစ်ပါစေ။** ကလေးဘဝတွင် သူတို့ရှေ့မှအရွယ် ရောက်သူများကိုကြည့်၍ အတုယူလေ့ရှိကြသည်။ ကလေးတို့သည် အပြုအမူများ၊ အသံ၊ ဘာသာ စကားအသုံး အနှုန်းနှင့် အမူအရာစသည်တို့ကို သင့်၏၊ မသင့်၏ကို ဂရုမထားဘဲ အားလုံးကို ပုံတူလိုက်၍ အတုယူ တတ်ကြသည်။ အကောင်းဆုံး အားအပြည့်ဝဆုံးကျွမ်းကျင်မှုနည်းလမ်းအဖြစ် ဆရာက သင်ယူနိုင်သည်မှာ စံပြအပြုအမူကို ကလေးများရယူစေခြင်းပင် ဖြစ်ပါသည်။ နမူနာကောင်း အဖြစ် ဖော်ထုတ်ခြင်းသည် သင်ကြားမှုအတွက် အရေးပါလှပါသည်။

**ရှေ့နောက်ညီမှုထက် ဖြေရှင်းမှုကို ဦးတည်ခြင်း။** ဆရာများသည် ကြောင်းကျိုး ဆက်နွယ်မှုအရ ကလေးများအား စိတ်ထိခိုက်ရအောင် အပြစ်ပေးခြင်းမျိုးပြုတတ်ကြသည်။ ကလေးများအား ကိုယ်တိုင်ကိုယ်ကျပါဝင်စေခြင်း ၎င်းတို့နှင့်သင့်လျော်သည့် အကြောင်းအရာ များ၊ ပြဿနာအတွက် အဖြေရှာခြင်းဖြင့် ယုံကြည်လေးစားဖွယ်ဖြစ်စေကာ အကြောင်းပြချက် ကောင်းကောင်းဖြင့် ပါဝင်စေမှုများကို ဆောင်ရွက်ပေးသင့်သည်။

**လေးလေးစားစားပြောဆိုခြင်း။** အဝေးမှနေ၍ ကလေးနှင့် ဆက်သွယ်ပြောကြားမှုသည် ထိရောက်မှုမရှိပါ။ အချိန်ပေးကလေးနှင့် တွေ့ဆုံစကားပြောပါ။ မျက်လုံးချင်းဆုံ၍ ထိထိမိမိ စကားပြောချိန်သည် တန်ဖိုးရှိသည့် အချိန်ကောင်းဖြစ်ပါသည်။ ဆရာ အများစု ဂရုပြုရန်မှာ ပြဿနာရှိသောကလေးနှင့် ငါးမိနစ်ခန့်တွေ့ဆုံ၍ တလေးတစား အလေးထား စကားပြောဆိုဆွေးနွေးခြင်းဖြင့် သူဘာကိုနှစ်သက်ကြောင်း၊ လိုလားကြောင်းနှင့် ပျော်ရွှင်ရန်အတွက် မည်သို့ပြုလုပ်လိုကြောင်းကို သိရှိနိုင်မည်ဖြစ်ပါသည်။

**သင်ဖြစ်ချင်သည်ကို ကလေးတို့အားပြောပြပါ။** ' ဘာကို မလုပ်ရဘူး ' ဟု ပြောခြင်းထက် ' ဘာကိုလုပ်ရမယ် ' ဟု ပြောပြခြင်းကို ကလေးများ ပိုမိုလက်ခံတတ်ကြသည်။ သာဓကအားဖြင့် ' စားပွဲခုံကိုမကန်နဲ့ ' ဟုပြောမည့်အစား ' ကလေးတို့ မင်းတို့ရဲ့ ခြေထောက်တွေကို ကြမ်းပေါ်မှာချထားပါ ' ဟု ပြောခြင်းကို လက်ခံတတ်ကြပါသည်။

**ရွေးချယ်ခွင့်ပေးပါ။** ကလေးတစ်ဦးအား သူနှင့်သင့်လျော်သည့် လုပ်ငန်းအချို့တွင် ရွေးချယ်လုပ်ဆောင်ခွင့်ပေးခြင်းဖြင့် သူ့ **'ဘဝ'** အတွက် **'အား'** ကိုရစေသည့်ပြင် သူ၏ဆုံးဖြတ်မှုအတွက်လည်း အားပေးရာရောက်ပါသည်။ ရွေးချယ်မှုအနေဖြင့် ကလေးလက်ခံနိုင်မည့် အကန့်အသတ်အတွင်းဖြစ်ရန်နှင့် ကလေး၏ဖွံ့ဖြိုးမှု၊ တစ်ခဏအတွင်း ရယူနိုင်သည့်စွမ်းရည်ကိုလည်း အခြေခံသင့်သည်။ ကလေးများ တဖြည်းဖြည်းကြီးလာသည်နှင့်အမျှ သူတို့၏ ရွေးချယ်ဆောင်ရွက်နိုင်ခွင့်လည်း ကျယ်ပြန့်လာနိုင်မည်ဖြစ်သည့်ပြင် အကျိုးသက်ရောက်မှုအလိုက် ရွေးချယ်နိုင်ခွင့်ကိုလည်း လက်ခံပေးလာနိုင်ပါသည်။

**နည်းပညာကျွမ်းကျင်မှုအကူအညီများကိုသုံးပါ။** သင်ယူသူကလေးအချို့သည် အတန်းတွင် အထူးသရုပ်ဖော်တင်ပြရမှုအတွက် အခက်အခဲရှိနေခြင်းမျိုး၊ အထူးအားဖြင့် တစ်ဖက်သားအား နိုင့်ထက်စီးနင်းလုပ်ချင်တတ်သူ ကလေးများ သို့မဟုတ် ရန်လိုတတ်သော အပြုအမူရှိသူများအတွက် လိုအပ်ပါက ကျွမ်းကျင်ပညာရှင်များဖြစ်သည့် စိတ်ပညာရှင်များ သို့မဟုတ် အကြံပေးပုဂ္ဂိုလ်များထံမှ အကူအညီကို ရယူဆောင်ရွက်ရန်လိုပါသည်။

## သွက်လက်သည့်လူတိုင်းအကျုံးဝင်စာသင်ခန်း စီမံခန့်ခွဲခြင်း

သွက်လက်ထက်မြက်သော သင်ယူမှုဆိုင်ရာ စီမံခန့်ခွဲရေးတွင် ကွဲပြားခြားနားသော အခြေခံအချက်အများအပြား ပါဝင်လျက်ရှိသည်။ ကိုယ်တိုင်သင်ယူ၊ ရွယ်တူချင်းနည်းပြ၊ အုပ်စုဖွဲ့ လုပ်ဆောင်ခြင်းနှင့် တိုက်ရိုက်သင်ကြားခြင်းတို့ကို ဘက်မျှစေမည်ဆိုလျှင် လုပ်ငန်းပိုမိုလွယ်ကူစေပါသည်။ ကလေးများ၏ သင်ယူမှုလုပ်ငန်းစဉ်တစ်လျှောက် နည်းလမ်းအမျိုးမျိုး

ခွဲကာ သင်ယူခွင့်ပေးပြီးကူညီနိုင်ပါသည်။ ဆရာများ စဉ်းစားရန်နှင့် စာသင်ခန်းရှိ ကလေးများ သွက်လက်ထက်မြက်စွာ အဆင့်လိုက်သင်ယူမှုတိုးမြင့်လာရေးအတွက် အဓိကသော့ချက်ပုံစံ အချို့ကို အောက်တွင်ဖော်ပြပေးပါသည်–

**အစီအစဉ်ရေးဆွဲခြင်း။** စာသင်ခန်းအတွင်း ဆောင်ရွက်ရမည့်လုပ်ဆောင်မှု အကြောင်းအရာများကို သီတင်းတစ်ပတ်စာအစီအစဉ်တကျသင်ယူရန် သင်ခန်းစာပြင်ဆင်ချက်အဖြစ်ပြုစုရပါမည်။ ရည်ရွယ်ချက်အနေနှင့် ကလေးကိုယ်တိုင် ပါဝင်လုပ်ဆောင်ခွင့်ရှိရန်ဖြစ်ပါသည်။ တစ်ဦးချင်း၊ အုပ်စုလိုက် သို့မဟုတ် တစ်တန်းလုံးစသည်ဖြင့် ကလေးတိုင်း ပါဝင်ခွင့်ရစေရမည်။ အတန်းတွဲ သင်ယူမှုအတွက် အတန်းတူအုပ်စုအလိုက် လုပ်ဆောင်ခွင့်ကို လုပ်ငန်းပုံစံအမျိုးမျိုးခွဲခြား ဆောင်ရွက်စေရပါမည်။

**ကြိုတင်ပြင်ဆင်ခြင်း။** ဆရာသည် အတန်းလိုက် သင်ကြားမှုဆိုင်ရာလက်စွဲ သို့မဟုတ် သင်ခန်းစာပြင်ဆင်ချက်များကို ပြန်လည် လေ့လာကြည့်ရှုခြင်း၊ ထုတ်နှုတ်ချက်များ ပြုစုခြင်းဖြင့် အတန်းလိုက် စာသင်ခန်းတွင်းဆောင်ရွက်ရန် အစီအစဉ်များကို ပြင်ဆင်မှုပြုကြရပါမည်။

**လိုအပ်သည့်ရင်းမြစ်များစုစည်းခြင်း။** အတန်းတွင်းဆောင်ရွက်ရန် လုပ်ငန်းအစီအစဉ်များအတွက် လိုအပ်သည့် ရင်းမြစ်များကို စုစည်းရန် သို့မဟုတ် တီထွင်ဖန်တီးရန်လိုပါသည်။ သင်္ချာဘာသာရပ်အတွက် ကျောက်တုံးကျောက်ခဲလေးများ သို့မဟုတ်တုတ်ချောင်းလေးများဖြစ်နိုင်သကဲ့သို့ လက်မှုလုပ်ငန်းအတွက်လည်း ခရုလေးများကိုသုံးနိုင်သည်။ ပဲစေ့လေးများအား အညှောင့်လေးများပေါက်စေကာ သိပ္ပံဘာသာရပ်ပါအပင်များ ပေါက်ရောက်ရှင်သန်ခြင်းအတွက် အသုံးပြုနိုင်ပါသည်။

**သင်ယူသူနှင့်လုပ်ငန်းများကို ချိတ်ဆက်ပေးခြင်း။** သင်ယူမှုလုပ်ငန်းသည် အတန်းတစ်တန်းလုံး ဆွေးနွေးရန်ဖြစ်စေ သို့မဟုတ် အုပ်စုလိုက် တာဝန်ယူရမည့် အစီအစဉ်စီမံချက်ဖြစ်စေ၊ ဆရာအနေနှင့် အတန်းတစ်တန်းလုံးသို့ တိုက်ရိုက် ညွှန်ကြားမှုပေးရန်ဖြစ်ပါသည်။ ပေးအပ်သည့်သတင်းအချက်အလက် သို့မဟုတ် ကျွမ်းကျင်မှုရရှိရန် သင်ယူသည့် အချက်များသည် ကလေးများအတွက် အဓိပ္ပာယ်အပြည့်အဝရှိရန် လိုပါသည်။

**သင်ယူသူအချင်းချင်းအပြန်အလှန်ချိတ်ဆက်ခြင်း။** ကလေးများအတွက် အချင်းချင်းသင်ယူနိုင်သည့် အခွင့်အရေးဖြစ်ရန်နည်းလမ်းမှာ နှစ်ယောက်တစ်တွဲ သင်ယူစေခြင်းနှင့် အုပ်စုဖွဲ့သင်ယူစေခြင်းတို့ဖြစ်ပါသည်။ ဖြစ်နိုင်ပါက သက်တူရွယ်တူအချင်းချင်း နည်းပြသင်ကြားခြင်းနည်းဖြင့် သင်ယူမှုကို တိုးမြင့်နိုင်ပါသည်။

**ကူညီလမ်းညွှန်ခြင်းနှင့် ကြည့်ရှုလေ့လာခြင်း။** ကလေးများ လုပ်ဆောင်ရန် လုပ်ငန်းများ သို့မဟုတ် လုပ်ငန်းအစီအစဉ် စီမံချက်များဆောင်ရွက်နေသည့်အခါ ကိုယ်တိုင် တစ်ဦးချင်း သို့မဟုတ် နှစ်ယောက်တစ်တွဲ သို့မဟုတ် အုပ်စုလိုက် မည်သို့ပင်ဖြစ်စေ စာသင်ခန်းပြင်ပသို့ ထွက်ခွာလေ့လာခွင့်ပြုပါ၊ ဆရာကိုယ်တိုင်လည်း မေးခွန်းများမေးလာလျှင် ဖြေကြားနိုင်ရန် အသင့်ရှိပါစေ၊ ကလေးများသည် အနှောင့်အယှက် အတားအဆီးများကို ဦးဆောင်ရှင်းလင်းပေးနိုင်သူဖြစ်ပါစေ၊ ဤအချိန်တွင်း ကြည့်ရှုလေ့လာပါ။ သာဓကအားဖြင့် ကလေးများ မည်မျှတည်ငြိမ်စွာဖြင့် ကောင်းမွန်အောင်ကြိုးစားဆောင်ရွက်နေကြသည်။ မည်သို့သောနည်းလမ်းများဖြင့် သင်ယူနေခြင်း၊ တုံ့ပြန်ခြင်းများပြုနိုင်သည်တို့ကို လေ့လာ အကဲဖြတ်ရန်လိုပါသည်။

**ပါဝင်ပူးပေါင်းဆောင်ရွက်မှုကို ဦးတည်ပါ။** ဤနည်းလမ်းများနှင့် အကြံဉာဏ် အားလုံးသည် သင်ယူမှုအခွင့်အလမ်းကောင်းများကို တီထွင်ဖန်တီးစေပြီး၊ ကလေးအားလုံး တက်တက်ကြွကြွ ပါဝင်သင်ယူနိုင်ရေးဖြစ်စေပါသည်။ သာဓကမှာ ဤစာသင်ခန်းများတွင် မိန်းကလေးများကို ယောကျ်ားလေးများက မလွှမ်းမိုးသကဲ့သို့ ငယ်ရွယ်သူကလေးများကိုလည်း အသက်ကြီးသူကလေးများက လွှမ်းမိုးခြင်း မရှိကြပါ။ ထို့ပြင် နောက်ခံအခြေအနေအမျိုးမျိုး ရှိကြသော ကလေးအမျိုးမျိုးနှင့် သင်ယူနိုင်မှု စွမ်းရည် အထွေထွေရှိသော ကလေးများကိုလည်း လျစ်လျူရှုခြင်း၊ ဥပေက္ခာပြုခြင်း၊ ဖယ်ချန်ထားခြင်းမပြုဘဲ မည်သည့်လုပ်ငန်းတွင်မဆို ကလေး အားလုံး ပါဝင်လုပ်ဆောင်ခွင့်ပေးရန် သို့မဟုတ် သင်ယူမှုအခွင့်အလမ်းများ ပေးရန်ဖြစ်ပါသည်။

## ပြန်လည်ထင်ဟပ်ခြင်းလုပ်ငန်း။ သင်၏စာသင်ခန်းကို မည်သို့အဆင့်သတ်မှတ်မည်နည်း။

| ကျွန်ုပ်၏စာသင်ခန်း | (၁) ကောင်းတယ် | (၂) ပိုကောင်းလာပြီ | (၃) တိုးတက်ဖို့ကြိုးစားရန်အများကြီးလို |
|---|---|---|---|
| ကျွန်ုပ်၏စာသင်ခန်းသည်သန့်ရှင်းသပ်ရပ်သည် | | | |
| ကျွန်ုပ်သည်စာသင်ခန်းတွင်းရှိနေရာများကိုကောင်းစွာ အသုံးပြုနိုင်ရန်ဆောင်ရွက်ထားသည်။ | | | |
| စာသင်ခန်းအတွင်းအလင်းရောင်ကောင်းကောင်းရသည်။ | | | |
| စာသင်ခန်းတွင်း စိတ်ဝင်စားစရာပစ္စည်းများစွာရှိ သည်–<br>(က)နံရံပေါ်တွင်နှင့် / သို့မဟုတ်<br>(ခ)သင်္ချာဘာသာရပ်နှင့်သိပ္ပံသင်ယူရန်ထောင့်နေရာ | | | |
| ကလေးအားလုံးအတွက် သင်ယူရန် အခွင့်အလမ်းအဖြစ် သင်္ချာဘာသာတွက် လက်တွေ့သင်ကြားရန် ပစ္စည်းရှိသည်။ | | | |
| ကလေးအားလုံး စာသင်ခန်းတွင်း လှည့်လည်သွားလာလှုပ်ရှားခြင်းဖြင့် သင်ယူမှုဝတ္ထုပစ္စည်းများကို အသုံးပြုစေပါသည်။ | | | |
| ကလေးအားလုံးသူတို့၏ သင်ယူမှုလုပ်ငန်းများတွင်စိတ်ဝင်စားကြသည်။ | | | |
| ကလေးအားလုံးလွယ်ကူစွာလုပ်ဆောင်နိုင်ကြသည်–<br>(က) အဖော်/တွဲဖော်တွဲဖက်နှင့်/သို့မဟုတ်<br>(ခ) အုပ်စုငယ်များဖွဲ့၍ | | | |
| ကလေးများမကြာခဏမေးခွန်းမေးကြသည်။ | | | |
| ကလေးအားလုံးမေးခွန်းများဖြေကြားရာ၌ သူတို့ကိုယ်သူတို့ယုံကြည်မှုအပြည့်ရှိကြောင်းခံစားရသည်။ | | | |

| ကျွန်ုပ်၏စာသင်ခန်း | (၁) ကောင်းတယ် | (၂) ပိုကောင်းလာပြီ | (၃) တိုးတက်ဖို့ကြိုးစားရန်အများကြီးလို |
|---|---|---|---|
| အမြင်အာရုံနှင့်အကြားအာရုံချို့တဲ့သူ ကလေးများအတွက်ကူညီမှုပေးနိုင်သည့် ဝတ္ထုပစ္စည်းများဖြင့် သင်ယူမှုအခွင့်အလမ်း များကိုရစေသည်။ | | | |
| သင်ယူမှုအထောက်အကူပြုပစ္စည်းများ သတ်မှတ်အသုံးပြုခြင်းဖြင့် ကျား မ ခွဲခြားမှု သို့မဟုတ် ဘာသာစကားကွဲပြားမှုများကို ဖယ်ရှားစေသည်။ | | | |
| ကျွန်ုပ်အတန်းတွင်းရှိ ကလေးအားလုံး ကိုယ်တိုင်တာဝန်ယူဆောင်ရွက်နိုင်ကြသည် | | | |



## ပြန်လည်ထင်ဟပ်ခြင်း။ အရေးယူဆောင်ရွက်ခြင်း

သင်ဖတ်ပြီးသည့် အကြောင်းအရာများကို ပြန်၍စဉ်းစားတွေးတောကြည့်ပြီး သင့်စာသင်ခန်းအတွက် အချို့အယူအဆများကို မည်သို့အသုံးပြုနိုင်သည်ကို စဉ်းစားကြည့်ပါ။ တစ်ခါတစ်ရံ မေးခွန်းများအတွက် စဉ်းစားပေးပြီးအောက်မှ နမူနာပုံစံဇယား၌ သင့်အတန်းတွင် ဆောင်ရွက်နိုင်သည့် အကောင်းမြင်လုပ်ငန်းရပ်များကို ခွဲခြားပေးရန်ဖြစ်ပါသည်–

**သီတင်းတစ်ပတ်၏အကုန်တွင် ......**

| ကိုယ်တိုင်လုပ်ဆောင်မှုတွက် ထင်ဟပ်ချက် | နမူနာ | ဖြစ်နိုင်သောလုပ်ငန်း ဆောင်ရွက်မှုအစီအစဉ် |
|---|---|---|
| ကျွန်ုပ်၏သင်ခန်းစာဆောင်ရွက်ရန် လုပ်ငန်းအစီအစဉ်တွင် ကလေးများအားလုံး ကိုယ်တိုင်ခံစားဆောင်ရွက်မှု၊ ဖော်ထုတ်မှု အခွင့်အလမ်းများကို ပေးပါသလား။ | ပုံပြင်တစ်ခုကိုဖတ်ပြီးနောက်ကလေးများ ဘယ်လိုခံစားရသလဲ။ ဘာဖြစ်သွားသလဲ။ဟူ၍မေးခွန်းမေးရန်၊ ကလေးများအနေနှင့်ဝမ်းနည်းစရာ(သို့) ပျော်ရွှင်စရာနိဂုံးဖြစ်သည်ဟု စဉ်းစား တွေးတောမိပါသလား။ | |

| ကိုယ်တိုင်လုပ်ဆောင်မှုတွက် ထင်ဟပ်ချက် | နမူနာ | ဖြစ်နိုင်သောလုပ်ငန်းဆောင်ရွက်မှုအစီအစဉ် |
|---|---|---|
| ကျွန်ုပ်၏သင်ခန်းစာ ဆောင်ရွက်ရန်လုပ်ငန်းအစီအစဉ်တွင် ကလေးအားလုံးကိုယ်ခန္ဓာပိုင်းဆိုင်ရာတက်ကြွစွာဆောင် ရွက်ခွင့်ရပါသလား။ | ကစားနည်းများကစားရန်အခွင့်အလမ်းပေးခြင်းများသို့မဟုတ်ကျောင်းဝင်းအတွင်းလှည့်ပတ်လမ်းလျှောက်၍ကလေးများကစားနေသည်ကိုကြည့်ရှုခြင်းများပြုပါသည်။ | |
| ကျွန်ုပ်၏သင်ခန်းစာ ဆောင်ရွက်ရန်လုပ်ငန်းများအစီအစဉ်သည်ယောကျ်ားလေး၊မိန်းကလေးနှစ်မျိုးလုံးအတွက် အသိဉာဏ်ရှိစေသောစိန်ခေါ်မှုမျိုးဖြစ်စေပါသလား။ | ကလေးများအား အချိန်ပေးပြီး၊ အခက်အခဲပြဿနာများကိုဖြေရှင်းနိုင်သည့် လုပ်ငန်းဆောင်ရွက်မှုများပေးသည်။ | |
| ကျွန်ုပ်၏ သင်ခန်းစာ ဆောင်ရွက်ရန်လုပ်ငန်းများအစီအစဉ်သည် ကလေးများအားလုံးလူမှုရေးဆိုင်ရာတွက် ပါဝင်ကာပြန်လည်တုံ့ပြန်မှု ပေးပါသလား။ | ကလေးများအုပ်စုဖွဲ့စေပြီး 'စနစ်ပုံ' တစ်ခုတည်ဆောက်ရန် စည်းရုံးပြောဆိုခြင်း၊ အခက်အခဲပြဿနာများကို ပူးပေါင်းဖြေရှင်းခြင်း၊ ကျောင်းဥယျာဉ်တွင်းဆောင်ရွက်ကြခြင်း၊ အတန်းကော်မတီဖြစ်စေခြင်း စသည်ဖြင့်ပါဝင်ဆောင်ရွက်သည်။ | |



## လက်စွဲ ၅.၄
## သွက်လက်ပြီးမှန်ကန်သောစစ်ဆေးအကဲဖြတ်ခြင်း

**မာလာ** တစ်ယောက် ထောင့်တွင် ထိုင်ငိုနေသည်။ သူမသည် ဒုတိယတန်းနှစ်ဆုံး စာမေးပွဲကျရှုံးပါသည်။ သူမတစ်နှစ်ပတ်လုံး ကြိုးစားခဲ့ပြီး လက်တွေ့စစ်ဆေးမှုများနှင့် အပတ်စဉ်စာမေးပွဲများတွင် အမှတ်ကောင်းကောင်းလည်း ရခဲ့ပါသည်။ စာမေးပွဲမတိုင်မီ သုံးပတ်အလိုတွင် သူမ၏ မိခင်နေမကောင်းဖြစ်လာ၍ မောင်လေး၊ ညီမလေးများကို ကြည့်ရှုစောင့်ရှောက်ရန်နှင့် အခြားတာဝန်အတော်များများ သူမအပေါ်ကျရောက်ခဲ့ပါသည်။ သူမ၏အတန်းဖော်များ စာမေးပွဲအတွက် ကျောင်း၌ပြင်ဆင်နေချိန်တွင် သူမသည် ကျောင်းတက်ပျက်ကွက်ခဲ့ပါသည်။ စာမေးပွဲမတိုင်မီတစ်ညဉ့် သူမ၏မိခင် နေမကောင်းခြင်းကြောင့် တစ်ညလုံးမိုးလင်းသည်အထိ ပြုစုရသဖြင့် အချိန်ကုန်လွန်ခဲ့ပါသည်။ စာမေးပွဲတွင် သူမစိတ်များတည်ငြိမ်မှုမရှိတော့ဘဲ ကျက်ထားသည့် စာများလည်းမေ့ကုန်ပါသည်။ ပင်ပန်းမှုကြောင့် သူကျက်ခဲ့သမျှ ဘာကိုမျှ ပြန်စဉ်းစားမရ ဖြစ်ရပါသည်။ သူမ ငိုပါတော့သည်။ ငိုကြွေးခြင်းသည် သူမ၏စိတ်ပျက်အားငယ်ခြင်းကို ဖော်ပြနေပါသည်။ သူမတစ်ယောက် နောက်တစ်နှစ်လုံးထပ်ကျော့၍ ကျောင်းနေရပါဦးမည်။ သူမအတန်းဖော်များနှင့်အတူ ဒုတိယတန်းတွင်ပင် အတန်းမတက်နိုင်တော့ပါ။ သူမကျောင်းမှ ထွက်ရမည်လားဟုပင် ခံစားနေရပါသည်။

ကလေးအများစုအထူးသဖြင့် မိန်းကလေးများကျောင်းထွက်ခြင်းသည် မိသားစု အိမ်အတွက်တောင်းဆိုမှုများကြောင့်ဖြစ်ပါသည်။ သို့သော် တစ်ခါတစ်ရံ ကျောင်းတွင် မပျော်ခြင်းကြောင့်လည်းဖြစ်တတ်ပါသည်။ အထက်ဖြစ်ရပ်သည် ဤသို့သော ပြဿနာကို သရုပ်ဖော်ပြခြင်းဖြစ်ပါသည်။ ထို့ပြင် မီးမောင်းထိုးပြလိုသည်မှာ ကလေးတို့၏တိုးတက်မှုအခြေအနေ ဆန်းစစ်ခြင်းကို စာမေးပွဲပုံစံဖြင့်တစ်နှစ်တစ်ကြိမ်သာ စစ်ဆေးခြင်းပြဿနာဖြစ်ပါသည်။ ဆရာများအနေဖြင့် မိမိတို့၏ကလေးများကို ကောင်းစွာနားလည်ရန်နှင့် သူတို့၏သင်ယူနိုင်မှုကို နည်းမျိုးစုံဖြင့် မည်သို့စစ်ဆေးအကဲဖြတ်ခြင်းပြုမည်ကို လေ့လာသိရှိထားရန်လိုပါသည်။ ကလေးများ၏ဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမိုပြည့်စုံသောပုံစံအမျိုးမျိုးနှင့် ကြိုးစားအားထုတ်မှုများအလိုက် တတ်မြောက်မှုရရှိရန် ဖန်တီးခွင့်များကိုလည်း ရရှိစေရမည်ဖြစ်ပါသည်။

## စစ်ဆေးအကဲဖြတ်ခြင်း ဆိုတာဘာလဲ

စစ်ဆေးအကဲဖြတ်ခြင်းသည် ကြည့်ရှုလေ့လာခြင်း နည်းလမ်းတစ်ခုဖြစ်သည်။ အချက်အလက်များကိုစုစည်းခြင်းနှင့် ယင်းအချက်အလက်ပေါ် အခြေခံပြီး ဆုံးဖြတ်ချက်ချခြင်းလည်း ဖြစ်နိုင်ပါသည်။ စဉ်ဆက်မပြတ်အကဲဖြတ်ခြင်းဆိုသည် မပြတ်ကြည့်ရှုလေ့လာခြင်းဖြင့် ကလေးများ ဘာကိုသိသည်၊ ဘာကိုနားလည်သည်၊ ဘာကိုလုပ်နိုင်သည် စသည်ဖြင့် ကလေးများ၏ တတ်မြောက်မှုကို ဖော်ထုတ်သက်သေပြခြင်းလည်းဖြစ်သည်။ ဤသို့ကြည့်ရှု လေ့လာခြင်းများကို တစ်နှစ်တာအတွင်း အကြိမ်များစွာလုပ်နိုင်ပါသည်။ သာဓကအားဖြင့်၊ ပညာသင်နှစ်စ၊ နှစ်ဝက်၊ နှစ်ဆုံးသို့မဟုတ် ထို့ထက်ပို၍လည်း မကြာခဏပြုလုပ်နိုင်သည်။ စဉ်ဆက်မပြတ်အကဲဖြတ်ခြင်းကိုကျင့်သုံးရန် လက်ခံနိုင်သည့်နည်းလမ်းများမှာ ကြည့်ရှုလေ့လာခြင်းများ၊ ကလေးများ၏လုပ်ဆောင်ချက်မှတ်တမ်းများ၊ ကျွမ်းကျင်မှုစစ်ဆေးမှတ်တမ်းများ၊ အသိဉာဏ်ရှိမှု၊ အပြုအမူများစစ်ဆေးခြင်းနှင့် ဉာဏ်စမ်းစစ်ဆေးခြင်း၊ ကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ထားခြင်းများနှင့် နေ့စဉ်မှတ်တမ်းမှထင်ဟပ်မှု စသည်တို့ဖြစ်ကြပါသည်။

စဉ်ဆက်မပြတ်အကဲဖြတ်ခြင်းသည် ကလေးအားလုံး ကျောင်းတွင်အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများရရှိရန် သေချာစေပါသည်။ စဉ်ဆက်မပြတ်အကဲဖြတ်ခြင်းကို အသုံးပြုခြင်းဖြင့် ဆရာသည် သူ၏လုပ်ဆောင်ရမည့် အစီအစဉ်များ ချမှတ်ရပါမည်။ ထို့နောက် သင်ယူသူများ၏လိုအပ်ချက်နှင့်အညီ ဆောင်ရွက်ရမည့်လုပ်ငန်းလမ်းညွှန်မှုများ သတ်မှတ်ပေးခြင်းဖြင့် ကလေးများသင်ယူခွင့်ရရှိကာ၊ အောင်မြင်ရန်အခွင့်အရေးများကို ရရှိစေမည်ဖြစ်ပါသည်။

စဉ်ဆက်မပြတ်အကဲဖြတ်ခြင်းလုပ်ငန်းတွင် သင်ယူသူအားလုံးသည် တန်းတူအခွင့်အရေးရရှိကာ သူတို့၏သိရှိလာမှုနှင့် သူတို့၏သင်ယူဟန်အမျိုးမျိုးအရ နည်းလမ်းအသွယ်သွယ်တွင် လုပ်ဆောင်နိုင်သည်ကို လုပ်ဆောင်စေခြင်းဖြင့် သင်ယူမှုရလဒ်အမျိုးမျိုးကို ပြသခွင့်ရကြမည်ဖြစ်ပါသည်။ စဉ်ဆက်မပြတ် အကဲဖြတ်လေ့လာခြင်းဖြင့် ကလေးသည် သင်ယူမည့် သင်ခန်းစာနားလည်သဘောပေါက်မှုတွင် နောက်ကျကျန်နေခဲ့ကြောင်း ဆရာအား သိစေပါသည်။ ထိုအခါ ဆရာအနေဖြင့် ထိုကဲ့သို့သော ကလေးများ အတွက်သီးခြားသင်ယူရန် အခွင့်အလမ်းသစ်ကို အသုံးပြုသင်ယူခွင့်ပေးရမည် ဖြစ်သည်။ ဤသို့ စဉ်ဆက်မပြတ်ပြည်လည်ဆွေးနွေးသင်ကြားပေးခြင်းဖြင့် ကလေးများသင်ယူမှုအစီအစဉ်ကောင်းစွာဖြစ်နိုင်ပါသည်။ သို့မဟုတ် လိုအပ်ချက်ရှိနေသည်၊ သင်ယူမှုတိုးတက်အောင် မည်သို့ဆောင်ရွက်ပေးရမည်တို့ကိုပါ သိနေမည်ဖြစ်သည်။

စဉ်ဆက်မပြတ်အကဲဖြတ်ခြင်းလုပ်ငန်းသည် ဆရာနှင့် မိဘများ သို့မဟုတ် အုပ်ထိန်းသူများအားကလေးတို့၏ အားသာချက်များ၊ အားနည်းချက်များကို ပြောပြနိုင်ပါသည်။ ကလေးတို့ပါဝင်ဆောင်ရွက်နေရသည့် အတန်းတွင်းအစီအစဉ်များ၊ လုပ်ငန်းများနှင့် အိမ်တွင်ဆောင်ရွက်ခဲ့သည်များကို ပေါင်းစည်းသင်ယူမှုအစီအစဉ်အရ ချိတ်ဆက်၍လည်း ပြောပြနိုင်ပါသည်။ သမားရိုးကျဖြစ်သော နှစ်ဆုံးစာမေးပွဲရလဒ် တစ်ခုတည်းကိုသာ မိဘများနောက်ကြပြီးမှ သိရှိခွင့်ရခဲ့ပါက မိမိကလေး၏ကောင်းစွာ သင်ယူမှုမပြုနိုင်ခြင်းအတွက် ကူညီရန်မတတ်နိုင်ဖြစ်တတ်ပါသည်။

## သင်ယူမှုရလဒ်များ

နောက်ဆုံးလက်စွဲတွင် လေ့လာခဲ့ပြီးသည့်အတိုင်း သင်ယူမှုလုပ်ငန်းရပ်တိုင်းအတွက် ရည်ရွယ်ချက် သို့မဟုတ် ဦးတည်ချက်ရှိရမည်ဖြစ်ပြီး၊ တစ်နည်းနည်းဖြင့် အကဲဖြတ်မှုလည်းရှိရန်လိုအပ်ပါသည်။ အကဲဖြတ်ခြင်းများမှ သင်ယူမှု၏ရလဒ်များကို ဖော်ထုတ်ပြမည်ဖြစ်သည်။ ဆိုလိုသည်မှာ စစ်ဆေးအကဲဖြတ်ခြင်းဖြင့် ကလေးတစ်ဦးချင်းအလိုက် သင်ယူရမည့် လုပ်ငန်း ခေါင်းစဉ် သို့မဟုတ် သင်ရိုးယူနစ်အလိုက် မည်မျှကျွမ်းကျင်တတ်မြောက်သည်။ အသိဉာဏ်နှင့် အပြုအမူများမည်မျှတိုးတက်ပြောင်းလဲလာသည်ကို ဖော်ထုတ်ပြသနိုင်သည်။ သင်ယူမှုရလဒ်များကို မကြာခဏ သင်ယူနိုင်မှုအဆင့် သို့မဟုတ် သင်ယူမှုသတ်မှတ်ချက်များဟု ဖော်ပြလေ့ရှိသည်။ ယင်းတို့ကို သီးခြားဘာသာရပ်အလိုက်လည်း ကျွမ်းကျင်မှုနှင့် အဆင့်အတန်းအလိုက် ခွဲခြားဖော်ပြလေ့ရှိသည်။

သင်ယူမှုလုပ်ငန်းများနှင့် စစ်ဆေးအကဲဖြတ်မှုသည် ဆရာ၏သင်ယူမှုရလဒ်အပေါ် ခွဲခြမ်း စိတ်ဖြာလေ့လာနိုင်မှုအတွက် တိုးတက်မှုရှိနိုင်ပါသည်။ သင်ယူရန် သင်ယူမှုအစီအစဉ်သစ်ကိုရေးဆွဲရာတွင် ပေါ်ထွက်လာမည့် သင်ယူမှုရလဒ်များကို ဖော်ထုတ်သတ်မှတ်မှုဖြင့် စတင်ပါ။ သင်၏ သင်ယူမှုလုပ်ငန်းစီစဉ်သည့်အခါ အောက်ပါမေးခွန်း (၃) ခု ကို ဖြေကြားကြည့်ရန် လိုပါသည်–

- ❖ ကလေးများအတွက် မည်သည့်ကျွမ်းကျင်မှုများကို ရစေမလဲ။ ဘယ်လို တိုးတက်စေမလဲ။
- ❖ ဘာအကြောင်းအရာအချက်အလက်ကို သင်ယူရရှိစေမလဲ။
- ❖ ဘယ်လိုကျွမ်းကျင်မှုအပြုအမူများကို လေ့ကျင့်စေမလဲ။

၄င်းမေးခွန်း၏ အဖြေများသည် သင်ယူမှုရလဒ်များအဖြစ် ဖော်ညွှန်းပေးမည်ဖြစ်သည်။ သာဓကအားဖြင့် ဆရာသည် စတုတ္ထတန်း (အဆင့် ၅) ကျောင်းသားများသင်ယူသည့် သင်္ချာဘာသာမှ အချိန်၊ အကွာအဝေးခရီးသွားပုစ္ဆာဆိုင်ရာညီမျှခြင်းများကို ယူနစ်တစ်ခုဖန်တီးစေမည်ဆိုလျှင် အောက်ပါတို့ကို သင်ယူမှုရလဒ်များအဖြစ် ဖော်ထုတ်ရမည်ဖြစ်သည်–

- ❖ အမြှောက်အစား၊ အချိန်နှင့် အကွာအဝေးဆိုင်ရာညီမျှခြင်း တွက်ချက်မှုများကို အိမ်စာပေးတွက်စေခြင်းဖြင့် သင်ယူသူများတစ်ဦးချင်း အမှီခိုကင်းကင်း လုပ်နိုင်လာမည်ဖြစ်သည်။
- ❖ သင်ယူသူနှစ်ယောက်တစ်တွဲ သင်ယူခြင်းဖြင့် တစ်ဦးချင်း သင်္ချာဘာသာဆိုင်ရာ အကြောင်းရပ်အခက်အခဲများကို ဖော်ထုတ်ခြင်းဖြင့် အချိန်နှင့် အကွာအဝေးဆိုင်ရာညီမျှခြင်းကို နေရာနှင့် ခရီးသွားပုစ္ဆာများမှ စဉ်းစားဖော်ထုတ်နိုင်ကြပါသည်။

## သင်ယူမှုရလဒ်များက အောက်ပါတို့ကို ပြဌာန်းသည်–

၁။ မည်သူလဲ။

၂။ ဘာလုပ်ရမလဲ။

၃။ ဘယ်အခြေအနေမှာလဲ။

## ဤအကြောင်းအချက်များကို ပေါင်းစည်းလိုက်သည့်အခါ–

၁။ အုပ်စုငယ်များတွင်ပါဝင်ဆောင်ရွက်သင်ယူသူသည်

၂။ ကျောင်းမြေပုံကို

၃။ ၁– လက်မစကေးချ ရေးဆွဲပါသည်။

## အခြားသောနမူနာများပါဝင်မှု–

- ❖ (၁) သင်ယူသူသည် (၂) ပုစ္ဆာတစ်ပုဒ်ကို တွက်ချက်ဖြေရှင်းရာတွင် ရိုးရှင်းသည့် ပေါင်းခြင်းဆိုင်ရာ အချက်အလက်ကို အသုံးပြုရန် (၃) လက်ရှိ ဘဝအခြေအနေမှန်နှင့် ဆက်စပ်မှု

❖ (၁) သင်ယူသူသည် (၂) အုပ်စုအဖွဲ့ဝင်တစ်ဦးအဖြစ် သုတေသနလုပ်ငန်းတစ်ခု ပြီးစီးအောင်ဆောင်ရွက်ပြီး တွေ့ရှိချက်များကိုတင်ပြရန် (၃) အစီရင်ခံစာ ရေးသားခြင်းဖြင့်

သီးသန့်လုပ်ငန်းတစ်ခု၏ မျှော်မှန်းအကျိုးရလဒ်အဆင့်များကို ဖော်ပြသည့်လမ်းညွှန် တစ်ခုရှိခဲ့လျှင် သိပ္ပံနှင့်သင်္ချာကဲ့သို့ တိကျသည့်အကျိုးရလဒ်များကို ရှုမြင်သုံးသပ်ရာတွင် အလွန်အထောက်အကူဖြစ်ပါသည်။ အောက်တွင် နမူနာလမ်းညွှန်မှုတစ်ခုကို ဖော်ပြပါသည်–

**အမျိုးအစားခွဲလုပ်ငန်းအတွက် မျှော်မှန်းအကျိုးရလဒ်များ**

**၄ –** ကလေးသည်အချက်များကို အဓိပ္ပာယ်ရှိသော အုပ်စုများသို့ ထည့်သွင်းသည်။ ကလေး က အုပ်စုတစ်ခုစီ၏ အရေးပါသောအချက်အလက်များကို ဆွေးနွေးပါသည်။ ကလေးက ကောက်ချက်ဆွဲပါ။

**၃ –** ကလေးသည်အချက်များကို အဓိပ္ပာယ်ရှိအုပ်စုများသို့ ထည့်သွင်းပါသည်။ ကလေး သည် အုပ်စုတိုင်း၏ အရေးပါသောအချက်အလက်များကို ဆွေးနွေးပါသည်။

**၂ –** ကလေးသည်အချက်များကို အဓိပ္ပာယ်များစွာမရှိသည့်အုပ်စုတွင် ထည့်သွင်း ပါသည်။

**၁ –** ကလေးသည် အချက်များကို အုပ်စုခွဲသော်လည်း အဓိပ္ပာယ်မရှိပါ။

**၀ –** ကလေးသည် ဘယ်လုပ်ငန်းကိုမှ ကြိုးစား မလုပ်ပါ။

## စစ်မှန်သောစစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ ချဉ်းကပ်မှုများနှင့် လုပ်ထုံးလုပ်နည်းများ

မှန်ကန်သောအကဲဖြတ်ခြင်းဟူသည် ကလေးကိုယ်တိုင် ကြိုးပမ်းလုပ်ဆောင်မှုမှ လက်ခံရရှိမှုအတွက် သုံးသပ်အကဲဖြတ်ခြင်းလုပ်ငန်းတွင် ပါဝင်ရပါမည်။ စစ်မှန်သော အကဲဖြတ်မှုသည် –

– ပြုမူဆောင်ရွက်မှုကို အခြေခံသည်။

– နေ့စဉ် ဘဝအခြေအနေမှန်ဖြစ်သည်။

– သင်ပြရာတွင် သင့်တော်သည်။

ကလေးများနှင့် သူတို့၏ သင်ယူမှုအကြောင်း စကားပြောရင်း ကြည့်ရှုလေ့လာ ခြင်းသည် အချိန်မရွေးဖြစ်ပေါ်နိုင်သည်။

## ကြည့်ရှုလေ့လာခြင်း

စနစ်တကျကြည့်ရှုလေ့လာခြင်းပြုရန်မှာ ကလေးများတစ်ဦးချင်း လုပ်ငန်းဆောင်ရွက်နေစဉ် နှစ်ယောက်တစ်တွဲ အုပ်စုငယ်ဖွဲ့၍ တစ်နေ့တာအချိန်များနှင့် ဆက်စပ်အခြေအနေများတွင် လုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း လေ့လာရန်ဖြစ်ပါသည်။ ကြည့်ရှုလေ့လာခြင်းတွင် အောက်ပါအချက်အလက်များပါဝင်ပါသည် –

**ဖြစ်စဉ်မှတ်တမ်းများ။** အချက်အလက်မှတ်သားခြင်းဖြစ်သည်။ ကလေးများ၏ ဆောင်ရွက်မှုလုပ်ငန်းများကို အချက်အလက်မှတ်သားခြင်းဖြစ်ပြီး ဆုံးဖြတ်ချက်များမဟုတ်။ ကလေးများ၏ဆင့်ကဲဖြစ်စဉ်ဖြစ်ရပ်မှတ်တမ်းအတွက် အသုံးဝင်သည်။

**မေးခွန်းများ။** ကလေးများအား မေးခွန်းတိုက်ရိုက်မေးခြင်း၊ အဖွင့်မေးခွန်းမေးခြင်းတို့သည် သတင်းအချက်အလက်စုဆောင်းခြင်းအတွက် အသုံးဝင်သည့်နည်းဖြစ်သည်။ အဖြေအမျိုးမျိုးပေးနိုင်သော မေးခွန်းမျိုးသည်၊ သာဓက ' ကျွန်ုပ်အား.........အကြောင်းပြောပြရန် ' ဟူသော မေးခွန်းမျိုးသည် ကလေးများကိုယ်တိုင်နှုတ်ဖြင့် ဖြေကြားစေခြင်းဖြင့် ကလေး၏ အရည်အသွေးကို အကဲဖြတ်ရန် အကူအညီဖြစ်စေပါသည်။ ထို့အပြင် ကလေးများအား သူတို့၏ဆောင်ရွက်သည့် လုပ်ငန်းများအကြောင်း မေးခွန်းများမေးခြင်းဖြင့် အဘယ်ကြောင့် ဤသို့ဆောင်ရွက်ရသည်ဟူသည်ကို ထိုးထွင်းသိမြင်လာစေနိုင်သည်။

**စိစစ်ရန်စစ်ဆေးခြင်း။** ဤစစ်ဆေးခြင်းသည် ကလေးကိုယ်တိုင် သင်ယူရရှိမှုများမှ ကျွမ်းကျင်မှုမည်မျှနှင့် အားသာချက်မည်မျှရှိသည်ကို ခွဲခြားသတ်မှတ်ရန် အသုံးပြုသည့် စစ်ဆေးနည်းဖြစ်သည်။ ဆရာသည် ထိုသို့ခွဲခြားသိရှိခြင်းဖြင့် သူ၏ကလေးများအတွက် အဓိပ္ပာယ်ရှိ သင်ယူမှုအတွေ့အကြုံများကို စီစဉ်ပြင်ဆင်ဆောင်ရွက်နိုင်ပါသည်။ သင်ယူစဉ်တစ်လျှောက်လုံး ဘာသာရပ်ဆိုင်ရာပစ္စည်းများကို အသုံးပြုခြင်းဖြင့် ရလဒ်ကောင်းများကို ပေါ်ထွက်စေပါသည်။ ကလေးများ လုပ်ဆောင်မှုအတွက်မှတ်တမ်းဖြင့် စိစစ်ရန်စစ်ဆေးခြင်းလုပ်ငန်းအကြောင်းကို အောက်တွင်ဆွေးနွေးထားပါသည်။ စစ်ဆေးအကဲဖြတ်မှုသတင်းအချက်အလက်သည် ကလေးများကို ကပြောင်ကမွှည်း မတပ်ပေးရန်လိုပါသည်။

ကြည့်ရှုလေ့လာခြင်းသည် ကလေးများ၏သင်ယူခြင်းဆိုင်ရာတုံ့ပြန်မှု၊ အောင်မြင်ခြင်းများ၊ သင်ယူခြင်းဆိုင်ရာစိန်ခေါ်မှုများနှင့် သင်ယူခြင်း အပြုအမူများကို ပြန်လည်ထင်ဟပ်နိုင်ပါသည်။ သာဓက–အရှေ့တီမောနိုင်ငံသားကလေး ဖရန်စစ်စကို၏အင်္ဂလိပ်စာကို ဒုတိယဘာသာစကားအဖြစ် သင်ယူတိုးတက်ပုံကို ဆရာ၏ကြည့်ရှုလေ့လာခြင်း နမူနာအဖြစ် တစ်ဖက်တွင် ဖော်ပြထားပါသည်–

**ဖရန်စစ်စကို**

**မတ်လ ၁၂ရက်။** ဖရန်စစ်စကိုသည် အရှေ့တီမောနိုင်ငံရှိ သူ၏မိသားစုကိုယ်ရေး အတ္ထုပ္ပတ္တိကို ရေးသားလျက်ရှိသည်။ သူသည် သဘာဝယုတ္တိရှိစွာ သူ၏အကြောင်းအရာများကို စုစည်းဖော်ပြထားပါသည်။ သို့သော် သူ၏ရေးသားချက်တွင် ကြိယာအသုံးအနှုန်းများ မှားယွင်းနေသည်။

**မတ်လ ၁၆ ရက်။** ဆေးခန်းတစ်ခုအကြောင်းကို ဖရန်စစ်စကိုနှင့် ကျောင်းသား(၄)ဦးက ပြီးခဲ့သည့် အတိတ်အကြောင်းအရာများကို အတိတ်အခြေအနေသုံးကြိယာဖြင့် ဦးတည်ရေးသားခဲ့ပါသည်။ ဖရန်စစ်စကိုသည် ရေးသားချက်အကြောင်းကို ပြန်လည်တည်းဖြတ်နေသည်။

**မတ်လ ၂၀ရက်။** ယခုအခါ သူ၏ပြန်လည်ပြောကြားချက်များကို အတိတ်အနေအထားဖြင့် အလွန်အကျွံ ပြန်လည်အသုံးပြုရေးသားပါသည်။ ဤလုပ်ငန်းအတွက် ပိုမိုရှင်းပြရန်နှင့် ဆက်လုပ်ရန်လိုပါသည်။

**ဧပြီလ ၁ ရက်။** ဖရန်စစ်စကိုနှင့် ဂျိုးတို့နှစ်ဦးသည် စွယ်စုံကျမ်းမှ အရှေ့တီမောဆိုင်ရာ အချက်အလက်များကိုအသုံးပြု၍ သုတေသနလုပ်ငန်းတစ်ခုကို အတူဆောင်ရွက်လျက်ရှိပါသည်။ ဖရန်စစ်စကိုသည် အရေးကြီးအချက်အလက်များကို တိကျသောမှတ်တမ်းအဖြစ်ရယူကာ အကျဉ်းချုပ်လျက်ရှိသည်။

## ကလေးများ၏လုပ်ငန်းမှတ်တမ်းဖြင့် စစ်ဆေးအကဲဖြတ်ခြင်း

### အကြောင်းအရာ

မှန်ကန်သော စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းတစ်ခုမှာ ကလေး၏လုပ်ဆောင်မှုများကို လုပ်ငန်းမှတ်တမ်းပြုစုခြင်းဖြင့် တီထွင်မှုနှင့် သုံးသပ်မှုများပြုလုပ်နိုင်သည်။ လုပ်ငန်းမှတ်တမ်းဆိုသည်မှာ ကလေး၏သင်ယူမှုလုပ်ငန်းစဉ်ကို မှတ်တမ်းတင်ခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ကလေးအနေဖြင့် ဘာကိုသင်ယူသလဲ။ ဘယ်လောက် သင်ယူနိုင်ခဲ့သလဲ .....။ စသည်တို့ဖြစ်သည်။ ကလေးများ၏လုပ်ငန်းမှတ်တမ်းသည် ကလေးကိုယ်တိုင်ဆောင်ရွက်မှုများတွင် ပါဝင်ဆန်းစစ်အကဲဖြတ်ခြင်း မပြုနိုင်ပါ။ ကလေး၏တိုးတက်မှုအခြေအနေကိုသာ ထက်ချပ်မကွာ စဉ်ဆက်မှတ်တမ်းရေးသားမှုသာဖြစ်သည်။ ကလေး၏ကျရှုံးမှုထက် အောင်မြင်မှုရလဒ်ကို မှတ်တမ်းတင်ခြင်းဖြစ်သည်။ ထို့ပြင် ကလေးများ၏

လုပ်ငန်းမှတ်တမ်းကို ကျောင်းတစ်ကျောင်းမှ တစ်ကျောင်းပြောင်းရွှေ့ရာတွင် ကလေးနှင့်အတူ ပါရမည့် အကဲဖြတ်မှတ်တမ်းအဖြစ်လည်း သုံးပါသည်။

ကလေးများ၏လုပ်ငန်းမှတ်တမ်းတွင် ပါဝင်သင့်သည့် လုပ်ငန်းနမူနာများမှာ– စာစီစာကုံးများ၊ ပုံပြင်များနှင့် မှတ်တမ်းများ၊ သရုပ်ဖော်ပြချက်များ၊ ရုပ်ပုံကားချပ်များ၊ မြေပုံများနှင့် ပုံများ။ ထို့ပြင် သင်္ချာဆိုင်ရာလုပ်ငန်းစာရွက်များ၊ အခြားသတ်မှတ်အလုပ်များနှင့် ဂရပ်ပုံများပါဝင်သည်။ ကလေးများ၏တွဲဖက်သင်ရိုးဝင်လုပ်ငန်းဆောင်ရွက်မှုများ အတွက်လည်း မှတ်တမ်းထားရန်လိုသည်။ သာဓက– စာသင်ခန်းတွင် အတန်းကော်မတီ၏ လုပ်ငန်းတာဝန်အဖြစ် ဆောင်ရွက်ခြင်းမျိုးဖြစ်သည်။

ကလေး၏လုပ်ဆောင်မှုအခြေအနေပေါ် တိကျစွာဖြင့် သရုပ်ဖော်နိုင်ခြင်းရှိသည့် နမူနာမျိုးကို ဆရာက ရွေးချယ်နိုင်သည်။ ဆရာအနေနှင့် ကလေးတို့အား သူတို့၏ လုပ်ဆောင်မှုများမှ သူတို့အတွက် မှတ်သားသည့် လုပ်ငန်းမှတ်တမ်းတွင် ထည့်သွင်းဖော်ပြ လိုသည်များရှိပါက၊ မိဘများအသိအမှတ်ပြု လက်မှတ်ရေးထိုးသည့်အခါ သိရှိနိုင်ရန်နှင့် ကလေးတို့အား ပြောကြားအသိပေးရန်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် သင်ယူမှု သင်တန်းကာလပိုင်းအလိုက် သို့မဟုတ် အချိန်ကာလပိုင်းအလိုက် ကလေးများ၏ ပါဝင် ဆောင်ရွက်မှု အခြေအနေ (အဆင့်) အားလုံးကို မိသားစုသို့ ပြန်လည်အသိပေး လေ့လာခွင့် ရရှိစေမည်ဖြစ်သည်။

ကလေးများသည် အဆင့် သို့မဟုတ် အတန်းသစ်တစ်ခုသို့ တိုးမြင့်သွားပါက၊ ဆရာသည် ကလေးနှင့်ဆိုင်သော တိကျသည့် ကဏ္ဍအလိုက် ရေးသွင်းထားသည့် ကလေးများ ၏ လုပ်ငန်းမှတ်တမ်းကို နောက်အတန်းသစ်၏ အတန်းပိုင်သို့ လွှဲပြောင်းပေးအပ်ရပါမည်။ ထိုသို့ လွှဲပြောင်းသိစေခြင်းဖြင့် ကလေးနှင့်သက်ဆိုင်သည့် ထူးချွန်မှု ထူးခြားမှု အမျိုးမျိုးနှင့် လိုအပ်ချက် အမျိုးမျိုးကို သိရှိခွင့်ရကာ ကလေးနှင့် ပိုမိုနီးစပ်စွာသိရှိခွင့်ရနိုင်ပါသည်။

ကလေးများ၏လုပ်ငန်းမှတ်တမ်းတွင် ရေးသွင်းဖော်ပြမှုတိုင်းအတွက် ရက်စွဲရေး မှတ်ရန်နှင့် ဆက်စပ်စကားရပ်များ သက်ဆိုင်သည်များပါဝင်ရပါမည်။ ဆက်စပ်မှုကိုဖော်ပြရန် နမူနာမှာ– ‘ဤအပိုင်းသည် အလွတ်ဖော်ပြချက်သာဖြစ်သည်။ အဓိကအချက်များနှင့် အခြေခံဝေါဟာရအချို့ကို ဖော်ပြထားပါသည်။ ဤလုပ်ငန်းအတွက် မိနစ်(၃၀) အချိန် ပေးသည်’ ဟူ၍ ဖြစ်ပါသည်။

## ကလေးများ၏ လုပ်ငန်းမှတ်တမ်းကို သုံးသပ်အကဲဖြတ်ခြင်းတွင် အသုံးပြုခြင်း

ကလေးများ၏ လုပ်ငန်းမှတ်တမ်းတွင် ပါဝင်သောအကြောင်းရပ်အားလုံးကို အချိန်ကာလပိုင်းအလိုက် မှတ်တမ်းပြုထားရန် စည်းရုံးပြောဆိုထားရပါမည်။

ကလေးများ၏ လုပ်ငန်းမှတ်တမ်းတွင် တစ်ကြိမ်ဖွဲ့စည်းရေးသွင်းထားခြင်းဖြင့် ကလေးများ၏ အောင်မြင်မှုများကို အကဲဖြတ်နိုင်ပြီဖြစ်ပါသည်။ သင့်လျော်သည့် သုံးသပ်အကဲဖြတ်ခြင်းသည် ကလေး၏ လက်ရှိဆောင်ရွက်နိုင်မှုနှင့် ယခင်က ဆောင်ရွက်နိုင်သည့် လုပ်ငန်းရပ်အပေါ် အမြဲယှဉ်တွဲလေ့လာနိုင်ခြင်းပင် ဖြစ်သည်။ ကလေးများ၏ လုပ်ငန်းမှတ်တမ်းများတွင် မှတ်တမ်းတင်ခြင်းသည် ကလေးတစ်ဦးနှင့် တစ်ဦးကို ယှဉ်ပြိုင်ကြည့်ရန်အတွက် မဟုတ်ဘဲ ကလေးတစ်ဦးချင်း၏ တိုးတက်မှုကို ကာလပိုင်းအလိုက် မှတ်တမ်းအဖြစ် ထားခြင်းဖြစ်သည်။ ဆရာသည် ကလေးတစ်ဦးချင်း၏ တိုးတက်မှုအရည်အသွေး၊ အားသာချက်နှင့် အားနည်းချက်များကို အခြေခံ၍ ကောက်ချက်ဆွဲရန်လိုသည်။ ကလေးအပြည့် အဝဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်ချက်များကို အခြေခံရန်လည်းဖြစ်သည်။ ကလေးများ၏ လုပ်ငန်းမှတ်တမ်းတွင် မှတ်တမ်းရယူချက်အကြောင်းရပ် အားလုံးကလေး၏ အသိဉာဏ်နှင့် သင်ယူမှုရလဒ်များပါဝင်မှု အပေါ် သုံးသပ်အကဲဖြတ်ခြင်း ပြုနိုင်သည်။

ကလေးများ၏ လုပ်ငန်းမှတ်တမ်းကို အသုံးပြု၍ ကလေးများကို အကဲဖြတ်ခြင်းသည် ဆရာများအား မိဘဆရာအစည်းအဝေးအတွက် ကြိုတင်စီစဉ်ရာတွင် အလိုအလျောက်ပါဝင်နေပြီးသောစနစ်အဖြစ် ကူညီပေးနိုင်ပါသည်။ ကလေးများ၏ လုပ်ငန်းမှတ်တမ်းကို ဆွေးနွေးမှုအတွက် အခြေခံအဖြစ်အသုံးပြုပါသည်။ ဆရာမိဘတို့သည် ကလေးနှင့်ပတ်သက်၍ နှုတ်ဖြင့်ပြောဆိုဆွေးနွေးနိုင်မည့်အစား ခိုင်လုံသော အထောက်အထားအကြောင်းရပ် နမူနာများကို ကလေး၏ လုပ်ဆောင်မှုများအရ သုံးသပ်ပါသည်။

### ဖြစ်ရပ်လေ့လာမှု

**ဖိလိပိုင်နိုင်ငံရှိ သွက်လက်သည့်စစ်ဆေးအကဲဖြတ်ခြင်း။** ဖိလစ်ပိုင်ရပ်ရွာ ပညာပဒေသာကျောင်းတွင် အတွေ့အကြုံရှိသောဆရာ မာရစ်ဆာဂျေပါစကောလ်ဆိုသူနှင့် တွေ့ဆုံမေးမြန်းမှုပြုခဲ့ပါသည်။ သူမသည် သင်တန်းဆရာမတစ်ဦးအနေဖြင့် ယူနီဆက်၏ အတန်းတွဲ ပညာရေးအစီအစဉ်တွင် တာဝန်ယူပံ့ပိုးနေသူတစ်ဦးလည်း ဖြစ်ပါသည်။[3]

[3]www.unicef.org/teachers/forum/0199.htm

**မေးခွန်းများ**

**စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းအတွက် သင်ဘယ်လိုဆောင်ရွက်နေပါသလဲ။**

**မေးခွန်းတစ်ခုချင်း စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းနှင့် ရှေ့ဆက် သင်ယူရန်လုပ်ငန်းကို မည်သို့ပေါင်းစည်းဆောင်ရွက်နိုင်မလဲ။**

**ဦးတည်ခြင်း၊ ပြောင်းလဲခြင်း၏အဓိပ္ပာယ်ကို သင်မည်သို့ နားလည်သလဲ။**

အများအားဖြင့် ကျွန်ုပ်သည် ပထမနှစ်ပတ်အတွင်း စာသင်ခန်းများကို လှည့်လည်ကာ၊ ကလေးများ၏လက်ရှိအခြေအနေ အဆင့်အမျိုးမျိုးတွင် တွေ့ရှိရသော အကြောင်းရပ်အမျိုးမျိုး၊ နည်းလမ်းအသွယ်သွယ်တို့ကို မှတ်တမ်းရယူခြင်းဖြင့် တန်းဖိုးရှိသော အချက်အလက်ပေါင်းများစွာကို ရရှိစုစည်းမှုပြုပါသည်။

## ကြည့်ရှုလေ့လာခြင်း

နှစ်ပေါင်းများစွာကြာပြီးမှ ကျွန်ုပ်သင်ယူရရှိသည်မှာ မြောက်မြားလှသော အရေးကြီးသတင်းအချက်အလက်များသည် လွယ်ကူရိုးစင်းသော ကြည့်ရှုလေ့လာခြင်းမှ ရရှိလာတတ်ကြောင်းပင်ဖြစ်သည်။ ဤတန်ဖိုးရှိသောအချက်အလက်များရရှိမှုများမှာ ကျွန်ုပ်၏ကျောင်းသားတစ်ဦးချင်းအတွက် ဆီလျော်သင့်မြတ်သည့် ရည်ရွယ်ချက်နှင့် လုပ်ဆောင်ရန် လုပ်ငန်းအစီအစဉ်များချမှတ်ရာ၌ အကူအညီများစွာပေးပြီး အသုံးဝင်လှသည့်အပြင် ကလေးများ၏လိုအင်နှင့် ဆောင်ရွက်နိုင်မှုအခြေအနေများနှင့်လည်း ကိုက်ညီပါသည်။ ကျွန်ုပ်သည် ကလေးတစ်ဦးချင်းစီ သို့မဟုတ် ကလေးအုပ်စုအတွက် ကြည့်ရှုလေ့လာရမည့် ပုံမှန်အစီအစဉ်များကို စာရင်းပြုရေးချထားပါသည်။ အပတ်တိုင်းအတွက် သိရှိရန်လိုသည့်အချက်များကို မှတ်သားခြင်းဖြင့် လုပ်ဆောင်ရန် တစ်ပတ်စာအစီအစဉ်တစ်ခု သို့မဟုတ် ကြည့်ရှုလေ့လာရန်အတွက် တစ်ပတ်စာလုပ်ငန်းအစီအစဉ်ကိုရေးဆွဲနိုင်ပါသည်။ မည်သည်ကို ကြည့်ရှုလေ့လာမည်ဖြစ်ကြောင်း ကြိုတင်သိထားခြင်းဖြင့် ကျွန်ုပ်ဆောင်ရွက်ရမည့် လေ့လာရမည့်လုပ်ငန်းများကို နိုင်နင်းစွာဆောင်ရွက် နိုင်သည်နှင့်အမျှ ပိုပြီးစနစ်ကျ၍ ထိရောက်သောအပြုအမူများလည်း ဖြစ်စေပါသည်။

ပထမအပတ်တွင် ကျွန်ုပ်အမြဲတန်းတွေ့ရသည့် အရေးကြီးသော လေ့လာမှုတစ်ရပ်မှာ ကလေးများ၏စာဖတ်ခြင်းအခြေအနေအမျိုးမျိုးဖြစ်သည်။ တစ်ဦးချင်းဖတ်ရှုမှုကို

အသံတိတ်စွာဖတ်ရသည့်အချိန်၌လည်းကောင်း၊ အုပ်စုလိုက်စာဖတ်ခြင်းကို ဘာသာစကားဆိုင်ရာအဖွဲ့အလိုက် ဝိုင်းဖတ်ကြားခြင်းပြုသည့်အခါ၌လည်းကောင်း၊ အတန်းတွင်း တစ်ယောက်ပြီးတစ်ယောက် အလှည့်ကျဖတ်ခြင်း သို့မဟုတ် နှစ်ယောက်တစ်တွဲ သို့မဟုတ် အတန်းရှိကျောင်းသားကြီး စသည်တို့ကလည်းကောင်း၊ သတ်မှတ်ထားသော တိကျသည့်အချက်အလက်များပါ ခေါင်းစဉ်ကို ဖတ်စေခြင်းဖြစ်သည်။ ထိုမှ ကျွန်ုပ်အား ကျောင်းသားများဆိုင်ရာအချက်အလက်များဖြစ်သည့် ကျောင်းသုံးဖတ်စာအုပ်မှအဓိပ္ပာယ်နှင့် အသုံးနှုန်းများကို စာကြောင်းတည်ဆောက်နိုင်သည့် စွမ်းရည်ရှိနည်းလမ်းများကို အသုံးပြုခြင်းများ (သက်ဆိုင်သောရုပ်ပုံနှင့် နည်းလမ်းများ စာကြောင်းဖွဲ့စည်းမှုများ အစားထိုးမှုများ) ကို ဖတ်စာအုပ်မှ ခက်ခဲသောစာလုံးများနှင့် စာလုံးသစ်များ ပြုစုသည့်အခါ တွေ့ရသည့်အခက်အခဲနှင့် ကြုံတွေ့ရမှုများအတွက် ကလေးကိုယ်တိုင် ပြင်ဆင်မှုများနှင့် ပြန်လည်ပြင်ဆင်ဖတ်ရှုခြင်း လုပ်ငန်းများစသည်တို့ ဆောင်ရွက်ရာတွင် လေ့လာအကဲဖြတ်မှုပြုပါသည်။

အမှန်တကယ်ဖြစ်ရပ်များအပေါ် ကြည့်ရှုလေ့လာခြင်းဖြင့် ကလေးမည်မျှ ဖတ်နိုင်သည်ကို တွေ့ရှိနိုင်ပြီး ကလေးကိုယ်တိုင်လည်း စာဖတ်သူတစ်ဦးအဖြစ် အကဲဖြတ်နိုင်ပါသည်။ စာသင်နှစ်စတွင် မေးခွန်းတစ်စုံပေးပြီးသူတို့၏ဖတ်ရှုမှုအပေါ်ထားသည့် သဘောထားနှင့် သူတို့ကိုယ်တိုင် ဖတ်ရှုမှုအပေါ် ဖတ်ရှုသူ၏အမြင်တို့ကို ဖြေကြားခြင်းဖြင့် ကလေးများ၏အခြေအနေကို ထင်ဟပ်တွေ့ရှိစေပါသည်။

## သဒ္ဒါ၊ စာလုံးပေါင်း၊ ဝေါဟာရနှင့်စာရေးသားနည်းများအတွက် ကြောင်းရင်းရာ ခွဲခြမ်းစိတ်ဖြာမှုဆိုင်ရာ စမ်းသပ်စစ်ဆေးမှု။

စစ်ဆေးအကဲဖြတ်ခြင်းများအတွက် အဖြေရလဒ်ကို ဆရာ၏ကြည့်ရှုလေ့လာခြင်းများမှ ရရှိသောအချက်အလက်များနှင့် ပေါင်း၍ အဖြေပေးရမည်ဖြစ်သည်။ ထိုအကဲဖြတ်မှုအဖြေသည် ဆရာ့အား သင်ရိုးတွင်မည်သို့ ပြောင်းလဲဆောင်ရွက်မည်ကို ဆုံးဖြတ်ပေးပြီး အတန်းအတွက် ပြင်ဆင်ခြင်းကိုလည်း နွေရာသီအတွင်း အပြီးပြင်ဆင်ဆောင်ရွက်ခြင်းများပြုစေပါသည်။ ထို့ပြင် တစ်တန်းလုံးအတွက် လိုအပ်ချက်များကို သင်ခန်းစာတွင် ပြင်ဆင်ရန် ဆုံးဖြတ်ရာ၌ အကူအညီပေးနိုင်သကဲ့သို့ အထူးလိုအပ်ချက်ရှိသော ကလေးများအတွက် တစ်ပတ်စာ ဆောင်ရွက်ရန် အရေးပေါ်ပြင်ဆင်စေပါသည်။

**ကလေးများ၏ပထမလလုပ်ငန်းမှတ်တမ်းရေးသားခြင်း**

ကျောင်းသားများ၏လုပ်ငန်းမှတ်တမ်းတွင် စပျိုးရေးသွင်းချက်သည် လက်ရှိရေးသားမှု စွမ်းရည်နှင့်ပတ်သက်၍ အဖိုးတန်သတင်းအချက်အလက်များကို ပေးစွမ်းစေသည်။ ကလေးများ၏ စပျိုးမှုရေးသွင်းချက်မှတ်တမ်းများတွင် ကလေးများ၏ လုပ်ဆောင်မှုရလဒ်များ၊ ကလေးများတီထွင် ရေးသားမှုလုပ်ငန်းအများစုနှင့် ဘာသာရပ်ဆိုင်ရာ သုတေသနပြုမှုများအတွက် ကလေးတို့၏ ပြင်ဆင်မှုတင်ပြချက် အတိုချုပ်များလည်း အများအားဖြင့်ပါဝင်သည်။ ထိုမှတတစ်ဖန် မည်သည့်သင်ခန်းစာကို ဦးစားပေးရန်နှင့် ကျောင်းသားများအုပ်စုလိုက် ပထမနှစ်ဝက်တွင် ဆောင်ရွက်ရန်တို့ကို ဆုံးဖြတ်စေခြင်းဖြင့် ဆရာ့အား ကူညီပေးနိုင်ပါသည်။

ဆရာ့အနေဖြင့် တစ်နှစ်တာအတွင်း ကျောင်းနှင့် ကျောင်းပြင်ပနှစ်မျိုးစလုံးနှင့် သက်ဆိုင်သော စစ်ဆေးအကဲဖြတ်ခြင်းကို အသုံးပြုဆောင်ရွက်ပါသည်။ ကျောင်းပြင်ပအတွက် အသုံးပြုသောနည်းစနစ်များမှာ များသောအားဖြင့် နေ့စဉ်အတန်းတွင်းကျောင်းတွင်းတည်ဆောက်လုပ်ကိုင်သည့် လုပ်ငန်းရပ်များပင်ဖြစ်သည်။ ဆရာနေ့စဉ်ဆောင်ရွက်သည့် သင်ကြားသင်ယူမှုလုပ်ငန်းစဉ်တိုင်းအတွက် ကလေး၏သင်ယူနိုင်စွမ်းလုပ်ငန်းတတ်ကျွမ်းပြီးမြောက်မှုအခြေအနေနှင့် ချမှတ်ထားသည့်ဦးတည်ချက်၊ ရည်ရွယ်ချက်များ ပေါက်မြောက်စေရန်တို့အတွက် သုံးသပ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များပါဝင်စေရမည်ဖြစ်သည်။

ဆရာသည် ကျောင်းသားများ ဆောင်ရွက်သည့်လုပ်ငန်းစဉ်နှင့် တတ်ကျွမ်းမှုအခြေအနေ ရလဒ်နှစ်မျိုးလုံးကို ကြည့်ရှုလေ့လာရပါသည်။ ကလေးများ ဆောင်ရွက်ရမည့်လုပ်ငန်းတွင် မည်မျှပါဝင်ဆောင်ရွက်သည် သို့မဟုတ် တာဝန်ပေးထားသောလုပ်ငန်းတွင် မည်သို့ဆောင်ရွက်သည်တို့ကို ကြည့်ရှုလေ့လာရပါသည်။ သာဓကမှာ သင်ခန်းစာတစ်ခု၏လေ့ကျင့်ခန်းတိုတစ်ခုကို ပေး၍ရလဒ်ကို ကြည့်ရှုလေ့လာခြင်းဖြင့် ဆရာအနေနှင့် အလေးထားရမည့်သဘောထားကို ပြည့်ဝစွာ ရ မရ၊ ပြန်သင်ရန် လို မလို၊ မည်သို့သော နည်းလမ်းအမျိုးမျိုးကို ပြောင်းသုံးမလဲ။ ပတ်သက်သောသင်ခန်းစာများကို ကလေးအား ပိုမိုလေ့ကျင့်ပေးမလား ....။ စသည်ဖြင့် လိုအပ်သည်များကို ကြည့်ရှုလေ့လာခွင့်ရပါသည်။ ကလေးများ၏ လုပ်ငန်းမှတ်တမ်းတွင် ရေးသွင်းမှုများကို ပြန်လည်လေ့လာကြည့်ခြင်းဖြင့် အတန်းတွင် သဒ္ဒါသင်ကြားမှု၊ သဘောထားများ နားလည်သဘော

ပေါက်မှု၊ အသုံးချမှု ရှိမရှိတို့ကို အကဲဖြတ်ခွင့်ရပါသည်။ ထပ်မံဆုံးဖြတ်နိုင်ရန် လုပ်ငန်းစဉ်များအဖြစ်လည်း သင်ယူမှုအတွေ့အကြုံ၏ နောက်ဆက်တွဲ သက်ဆိုင်ပတ်သက်မှုများနှင့် နည်းလမ်းရပ်များက ဆုံးဖြတ်ခွင့်ပေးပါသည်။

ဆရာ့အနေနှင့် အတန်းတွင်သင်ကြားမည့် သင်ခန်းစာများနှင့် ဆောင်ရွက်မှု အစီအစဉ်များကို ရေးဆွဲစဉ်ကတည်းက လိုအပ်ချက်တစ်ရပ်အနေဖြင့် စဉ်းစားရန် လိုသည်မှာ ကျောင်းသားများ ကလေးများ၏ လိုအပ်ချက်များ၊ စွမ်းဆောင်ရည်အမျိုးမျိုးနှင့် သင်ယူဟန်အထွေထွေရှိကြောင်း သူတို့၏ ဆောင်ရွက်နိုင်မှုအခြေအနေ တတ်မြောက်မှုနှုန်းတို့ကို စဉ်းစားသိရှိရန်လိုပါသည်။ စာသင်ခန်းအတွက် စီမံခန့်ခွဲမှုကို ဖော်ထုတ်ရာတွင် အရေးကြီးသောရင်းနှီးမြှုပ်နှံမှုတစ်ခုမှာ ကျောင်းသားများ၏ ပုံမှန်လိုအပ်ချက်များ၊ စွမ်းအားများနှင့် အဖွဲ့လိုက်တစ်ဦးချင်း လိုအပ်ချက်များကို သိရှိရန်နှင့် ဆုံးဖြတ်ချက်ချ ဆောင်ရွက်ရန်တို့ဖြစ်သည်။ ယင်းဆုံးဖြတ်ချက်သည် ဆရာက ကလေးတို့၏ လက်ရှိ လိုအပ်ချက်များနှင့် ပြည့်စုံအောင်တိကျစွာ ဆောင်ရွက်စေခြင်းဖြင့် တစ်နေ့တာ၊ တစ်ပတ်စာသင်ခန်းစာ ပြင်ဆင်မှုများအတွက် ပိုမိုထိရောက်စေပါသည်။

ဆရာ့အနေနှင့် အတန်းတွင်း၌ သုံးသပ်အကဲဖြတ်ခြင်းနည်းများကို အသုံးပြုပါသည်။ ဤအသုံးပြုမှုတွင် အတိုချုပ်စစ်ဆေးခြင်း သို့မဟုတ် ဉာဏ်စမ်းစစ်ဆေးခြင်းများ ပါဝင်သည်။ တစ်ဦးချင်းဆောင်ရွက်ရန်လုပ်ငန်းများနှင့် စီမံချက်လုပ်ငန်းစဉ်ရေးသားခြင်းများ သို့မဟုတ် သုတေသနပြုစာတမ်းငယ်များနှင့် အုပ်စု လိုက်ပရိုဂျက်များ ပါဝင်ပါသည်။ ထို့ပြင် သုံးပတ်တစ်ကြိမ် အကဲဖြတ်ခြင်းလုပ်ငန်းအတွက် စစ်မေးခြင်းများလည်း ရှိပါသည်။

ကလေးတစ်ဦးချင်း၏ တတ်မြောက်မှုအဆင့်နှင့် ကျောင်းတွင်းဆောင်ရွက်မှု လုပ်ငန်းများသည် ကျောင်း၏ ကာလအလိုက် သုံးသပ်အကဲဖြတ်ခြင်းနှင့် ကျောင်းပြင်ပ တည်ဆောက်ရန် သုံးသပ်အကဲဖြတ်ခြင်းနှစ်ရပ်စလုံး ပေါင်းစည်းအသုံးပြုမှုပေါ်တွင် အမြဲတမ်း အခြေခံပါသည်။ ဤယူဆချက်တွင် သုံးသပ်အကဲဖြတ်ခြင်းအလုပ်သည် အရည်အသွေးတိုးပွားခြင်းဆိုင်ရာအတွက် ဖြစ်သည်။ ဆရာအနေဖြင့် စဉ်းစားရန် လိုသည်မှာ ကလေးများ၏ သင်ကြားသင်ယူမှု လုပ်ငန်းစဉ်တွင် အရင်းအနှီးပြုမှုသည် ကလေးများ၏ ဖြစ်နိုင်စွမ်းအားပေါ်တွင် အခြေတည်သည်။ သုံးလပတ်တစ်ကြိမ် ပြီးဆုံးတိုင်းအတန်းတွင်းရှိ ကလေးတစ်ဦးချင်း၏ လိုအပ်မှုအခြေအနေနှင့် အားသာ

ချက်ကို ဆရာက အနှစ်ချုပ်သုံးသပ်လေ့ရှိသည်။ ဆရာအနေနှင့် အောင်မြင်သည့် အပိုင်းများအတွက် ရည်မှန်းချက်သစ်ချမှတ်ပြီး၊ ဆောင်ရွက်ရန်လုပ်ငန်းအစီအစဉ်သစ် အတွက် ရည်မှန်းချက်အောင်မြင်အောင် အကောင်အထည်ဖော်မည့် အစီအစဉ်ကို ရေးဆွဲ ချမှတ်သည်။ ဆရာသည် လိုအပ်ချက်အလိုက် အုပ်စုများကို ပြန်လည်ဆန်းစစ် လေ့ရှိသည်။

ဆရာတစ်ဦးအတွက် ကလေး၏လုပ်ဆောင်နိုင်မှုများမပါဘဲ သုံးသပ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ် ပြည့်စုံမည်မဟုတ်ပါ။ သုံးလပတ်၏နောက်ဆုံးတွင် ကိုယ်တိုင်သုံးသပ်အကဲဖြတ်သည့် မေးခွန်းလွှာများကို ကလေးများအား ဝေငှပြီး ထိုအဖြေလွှာများကိုကိုင်ကာ အချင်းချင်းစစ်ဆေးခြင်းဖြင့် ထိုသုံးလပတ်အတွင်း ဆောင်ရွက်မှုအခြေအနေများနှင့်အတူ သုံးသပ်အကဲဖြတ်စေသည်။ ထိုကာလပိုင်းတွင် ရည်ရွယ်ချက်များကို ပြန်လည်သုံးသပ်ပြီး နောက်သုံးလပတ်အတွက် ရည်ရွယ်ချက်အသစ်များ ချမှတ်ဆောင်ရွက်ပါသည်။ ထိုသို့သုံးသပ်အကဲဖြတ်ခြင်းလုပ်ငန်းသည် ကလေးများကိုယ်တိုင်သင်ယူခြင်းများနှင့် သူတို့၏သင်ယူတတ်မြောက်မှုတို့အတွက် ကူညီရန်အခွင့်အလမ်းများကို ဖော်ထုတ်ခွင့်ရသည့်အတွက် ဆရာတစ်ဦးနေဖြင့် အရေးကြီးကြောင်းသိနိုင်သည်။ ထိုအခြေအနေသည် ဆက်စပ်လျက်ရှိသော နောက်ကာလအတွက်ရည်မှန်းချက်အသစ်ကိုချမှတ်နိုင်ရန် အခြေခံကောင်းဖြစ်စေသည်။ အကဲဖြတ်စဉ်ကာလအတွင်း ကလေးတို့ဆောင်ရွက်နေသော လုပ်ငန်းမှတ်စုစာအုပ်၊ ကလေးများ၏ လုပ်ငန်းမှတ်တမ်း သို့မဟုတ် ရေးသားသူ၏လုပ်ဆောင်မှုဖိုင်နှင့် အခြားစီမံချက်ဆိုင်ရာမှတ်တမ်းများကို ယူဆောင်စစ်ဆေးခြင်းပြုပါသည်။

တစ်နှစ်ပြည့်သည့်အခါ ဆရာ့အနေဖြင့် သင်ယူရရှိသည်မှာ ထိုကာလအတွင်း မည်သည့်အချိန်မျိုးတွင်မဆို ကလေးထံမှ ကျောင်းတွင်း ကျောင်းပြင်ပ မည်သည့်နေရာမျိုးမဆိုရရှိသည့် သတင်းအချက်အလက်တိုင်းအတွက် ဂရုတစိုက်ခိုင်လုံသော မှတ်တမ်းထားရှိစေပြီး သင်ရိုးပြန်လည် ပြင်ဆင်မှုလုပ်ငန်းတွင် မခိုင်လုံသည်များကိုလည်း ပြန်လည်ခိုင်လုံစေခြင်းဖြင့် ဆုံးဖြတ်ချက်ချထားပေးရပါမည်။ သာဓကအားဖြင့် သင်္ချာပိုင်းလေ့ကျင့်မှုတွင် အမှတ်ကောင်းကောင်းရရှိသည့်အတွက် သူသည်ပုံမှန်တတ်ကျွမ်းသည်ဟုဆိုနိုင်သော်လည်း တတ်မြောက်ကြောင်း အတည်မပြုနိုင်ပါ။ အတွေ့အကြုံအရ သင်္ချာပိုင်းဆိုင်ရာလေ့ကျင့်မှုများအတွက် အမှတ်ကောင်းကောင်းရရှိကြသော်လည်း

စာကြောင်းများ စာစီစာကုံးအဖြစ် ပြန်လည်သီကုံးရေးသားရာ၌ သဘောထားမပိုင်သည့်အတွက် အခက်အခဲများကြုံတွေ့ရတတ်ပါသည်။ ကလေး၏လေ့ကျင့်ခန်းများ မှန်ကန်စွာဖြည့်သွင်းနိုင်မှုနှင့် စာစီစာကုံးရေးသားနိုင်မှုတွင် ကလေး၏ဆောင်ရွက်နိုင်မှု အခြေအနေခြားနားနေပါက တတ်မြောက်မှုအတွက် အုပ်စုလိုက် စာစီစာကုံးရေးသားစေခြင်း၊ ဆရာက ကူညီအားဖြည့်ပေးသူအဖြစ် ဆောင်ရွက်ခြင်းဖြင့် တိုးတက်လာကြောင်းတွေ့ရပါသည်။ ဤဖြစ်ရပ်မှာ ဆရာအား ရိုးရိုးသဒ္ဒါအသုံးပြုမှုသဘောထားတွင် စာစီစာကုံးရေးသားခြင်း လုပ်ငန်းကိုလည်း ထည့်သွင်းလာစေပါသည်။

ဆရာတစ်ဦးအတွက် မည်သည့်အချိန်တွင်မဆို ကလေးတစ်ဦး သို့မဟုတ် ကလေးအုပ်စုအတွက် ရရှိသည့်အချက်အလက်အသစ် အဟောင်းများတွင် ထင်ဟပ်မှုများသည် ဆရာတစ်ဦးအတွက်အရေးကြီးပါသည်။ ဆောင်ရွက်မှုလုပ်ငန်းသစ်များကို အမြဲတမ်းခွဲခြားဆန်းစစ်ကြည့်ရန်လိုပါသည်။ သာဓကတစ်ခုကို လေ့လာကြည့်ရာ ကလေးတစ်ဦးက မှားယွင်း၍ဖတ်ခြင်း သို့မဟုတ် ရေးခြင်းပြုမိပါက ထိုကလေး၏နားလည်သဘောပေါက်မှုကို ပြန်လည်ပြုပြင်ပေးခြင်း၊ ပြန်လည်သင်ကြားပေးရန် လိုအပ်သောကျွမ်းကျင်မှုရရေးအတွက် ဆက်လက်အကဲခတ် ကုစားပေးရန် လိုအပ်ခြင်းမျိုး ဖြစ်သည်။ သတင်းအချက်အလက်အသစ်တိုင်းအတွက် ဆရာ့အား စဉ်းစားစေသည်မှာ မိမိကျောင်းသားအတွက် ဘာလိုအပ်မည်၊ မည်သို့ကူညီပံ့ပိုးပေးရမည်ကို သိရှိရန်ဖြစ်သည်။

## ပြန်လည်အားဖြည့် သင်ကြားခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း

ပြန်လည်အားဖြည့်သင်ကြားမှုသည် သင်ယူမှုလုပ်ငန်းကို စစ်ဆေးအကဲဖြတ်ရာတွင် မရှိမဖြစ်လိုအပ်သည့် အစိတ်အပိုင်း ဖြစ်ပါသည်။ ပြန်လည်အားဖြည့်သင်ကြားခြင်းမပြုမီ ဆရာနှင့် ကလေး၏ကြားတွင် လုံခြုံခြင်း၊ စိတ်ချရခြင်း၊ အပြန်အလှန်စိတ်ချယုံကြည်ခြင်းများ ရှိရပါမည်။

ကလေးများအတွက်ကျောင်းတွင်းပုံမှန် ပြန်လည်အားဖြည့်သင်ကြားမှုများသည် အုပ်စုနှင့် အတန်းအတွက် အခွင့်အလမ်းအဖြစ် အကျိုးခံစားရရှိစေသည်။ ဤသို့ဖြစ်ရန် ပြောင်းလဲသင့်သည်မှာဆရာက မိမိကျောင်းသားများ၏အမှားကို ထောက်ပြခြင်းထက် ကျောင်းသားကိုယ်တိုင် သူ၏အမှားကို သူမြင်စေပြီး မှန်ကန်တိုးတက်ရန်အတွက် ဘာလုပ်ရမည်နှင့် ဘာလိုအပ်သည်ကို သိရှိလာသောအခါမှ ဆရာနှင့် ဆွေးနွေးရယူခြင်းမျိုးဖြစ်သည်။

အနှုတ်လက္ခဏာဆောင်သော ပြန်လည်အားဖြည့်ပေးမှုအတွက် ဖော်ပြချက်များ ဖြစ်သည့် 'စာလုံးအမှားကို ဘာကြောင့်မင်းမမြင်နိုင်သလဲ။' 'အမြဲတမ်း မင်းအမှား လုပ်နေတာပဲ....' စသည့်ဖော်ပြချက်များသည် ကလေးများ မိမိကိုယ်ကိုယုံကြည်အားထားမှု နည်းပါးစေသည့်အပြင် သင်ယူမှုအတွက် တိုးတက်မှုမဖြစ်စေကြောင်းတွေ့ရပါသည်။

အကောင်းမြင်မှုနှင့် ပြန်လည်အားဖြည့်ပေးမှုသည် ကလေးများဖွံ့ဖြိုးရန် တည်ဆောက်မှုအတွက် အားကောင်းစေကြောင်း အောက်ပါနမူနာက ဖော်ပြလျက်ရှိပါသည်။ 'စီတာ မင်းပုံပြင်ရဲ့ အစနဲ့အဆုံးသတ်ပုံနည်းလမ်းကို ငါကြိုက်တယ်။ အရမ်းစိတ်ဝင်စားဖို့လဲကောင်း တယ် မင်းအနေနဲ့ သတ်ပုံကျမ်းကိုကြည့်ပြီး စာလုံးပေါင်းအချို့ကိုစစ်ဆေးလိုက်မယ်ဆိုရင် သတ်ပုံအတွက် အကူအညီရမယ်။ ရှေ့ဆုံးစာလုံးကို မသေချာရင် ဂျိုးကိုမေးကြည့်ပါ။' ဟူသော အကောင်းမြင်မှုနှင့် ပြန်လည်တုံ့ပြန်မည်ဆိုလျှင် သင်ယူမှုအားကို တိုးတက်စေပါသည်။ အားနည်းချက်ကို ထုတ်ဖော်ခြင်းထက် မည်သို့တိုးတက်အောင် ဆောင်ရွက်ရမည်ဆိုသည့် အသုံးအနှုန်းနှင့် ကလေးတို့ကိုပြန်လည် ပံ့ပိုးအကြံပြုပေးမှုများကလည်း အရေးကြီးကြောင်း တွေ့ရပါသည်။

## ထိရောက်သော ပြန်လည်အားဖြည့် သင်ကြားပေးခြင်း၏ အင်္ဂါရပ်များ

❖ ထိရောက်သော ပြန်လည်အားဖြည့်သင်ကြားပေးခြင်းသည် ကလေးများ၏ လုပ်ဆောင်မှုလုပ်ငန်းအပေါ်အခြေတည်လျက်ရှိပြီး လုပ်ငန်းရပ်နှင့် သက်ဆိုင်မှု ရှိနေသည့် တစ်လျှောက်လုံး ပံ့မှန်ဆောင်ရွက်မှုပေးနေသည့်အခါတိုင်း ထိရောက် သော ပြန်လည်အားဖြည့်သင်ကြားပေးခြင်းကို ရရှိနိုင်သည်။

❖ ထိရောက်သောပြန်လည်အားဖြည့်သင်ကြားပေးခြင်းသည် သင်ယူသူကလေးများ ကောင်းစွာတိုးတက်မှုရရှိသည့်အခါ တစ်နည်းအားဖြင့် အမှားများကို ပြင်ဆင် နိုင်ပြီး အခြားသောလုပ်ငန်းများတွင် အောင်မြင်စွာဆောင်ရွက်နိုင်သည့်အခါ စိတ်ဓာတ်နိုးကြားတက်ကြွမှု ရရှိစေသည့်အတွက် ထိရောက်သော ပြန်လည် အားဖြည့်သင်ကြားပေးခြင်းကို ဖြစ်စေပါသည်။

❖ တိုးတက်မှုအတွက် အကြံပြုလိုသည်မှာ ငြိမ်းစင်ကဲ့သို့ပြုပါ။ ဆိုလိုသည်မှာ သင်ယူသူကလေးများအား သူတို့၏ အသိဉာဏ်ကိုတတ်နိုင်သမျှ အသုံးပြုရန် အတွက် အားပေးကူညီပါ။ သို့ရာတွင် ကလေးများအခက်အခဲ တွေ့ကြုံသည့်အခါ

ကူညီမှုအတွက် ပြည့်ပြည့်စုံစုံအဖြေပေးမှုမျိုး မပြုပါနှင့်။ သူတို့၏ကိုယ်တိုင် ပါဝင်စဉ်းစားတွေးခေါ်မှုများနှင့် ကူညီဆောင်ရွက်ရာ၌ ပြမ်းစင်တွင် လှေကား တစ်ဆင့်ချင်းလှမ်းတက်သည့်ပုံစံဖြင့် တစ်ဆင့်ပြီးတစ်ဆင့် တဖြည်းဖြည်း စဉ်းစား ဆောင်ရွက်ခြင်းဖြင့် အဖြေရယူသွားပါစေ။

- ❖ ပြန်လည်အားဖြည့်သင်ကြားပေးခြင်းအတွက် အရည်အသွေးပိုင်းဆိုင်ရာ ဆွေးနွေး ခြင်းလုပ်ငန်းသည် အရေးကြီးပါသည်။ အများဆုံးသုတေသနပြုလုပ်ငန်းတွင် ပြန်လည်အားဖြည့်သင်ကြားပေးရာ၌ ရေးသားဖော်ပြခြင်းထက် အပြန်အလှန် ဖြေကြားပြောဆို၍ နှုတ်အားဖြင့် ပြန်လည်ဆွေးနွေးသင်ကြားပေးခြင်းက ပိုမို ထိရောက်ကြောင်း ဖော်ပြထားသည်။
- ❖ သင်ယူသူတပည့်များအနေနှင့် လိုအပ်သောကျွမ်းကျင်မှုရရှိရေးအတွက် အကူအညီရယူတတ်ရန်နှင့် စာသင်ခန်းအတွင်း ယုံကြည်စိတ်ချစွာဖြင့် သက်တောင့်သက်သာရှိစေရန်လိုသည်။

## ကိုယ်တိုင်စစ်ဆေးအကဲဖြတ်ခြင်း

### ကလေးများလိုအပ်သည်မှာ -

- ❖ သူတို့၏ အလုပ်ကို သူတို့ကိုယ်တိုင် ထင်ဟပ်ရန်လိုအပ်ပါသည်။
- ❖ မိမိကိုယ်ကို နားလည်ခြင်းမရှိဘဲ စွန့်စားပြီး ပြဿနာများကို လက်ခံရန် ကူညီပံ့ပိုးမှု မပေးရန်နှင့်
- ❖ အခက်အခဲပြဿနာများကို ဖြေရှင်းရန် အချိန်ပေးရန် လိုအပ်သည်။

ကိုယ်တိုင်စစ်ဆေးအကဲဖြတ်ခြင်းသည် သင်ယူသူအနေနှင့် သူကိုယ်တိုင်ဆောင်ရွက် နိုင်မှု အရည်အသွေး၊ အသိဉာဏ်၊ သို့မဟုတ် တိုးတက်မှုတို့ကို ဖော်ပြရာတွင် အသုံးပြုသည်။ ကိုယ်တိုင်စစ်ဆေးအကဲဖြတ်ခြင်းဖြင့် အသိဉာဏ်နှင့် သင်ယူခြင်းအပေါ် သဘောကျနှစ်သက် စေသည်။ ထို့ပြင်ကိုယ်တိုင်စစ်ဆေးအကဲဖြတ်ခြင်းသည် ကလေးများနှင့် ဆွေးနွေး ပြောကြား မှုကိုဖြစ်ပေါ်စေပြီး ကလေးတို့၏ ကိုယ်ပိုင်ရေးသားမှုများတွင် ဖော်ထုတ်ပေးနိုင်သည်။

ကလေးများရေးသားနိုင်သည်နှင့် သူတို့၏ သင်ယူမှုအတွေ့အကြုံများကို မှတ်တမ်းတင် ရေးသားမှုပြုစေပြီး ဂျာနယ်တွင်ဖော်ပြစေပါသည်။ သင်ယူမှုလုပ်ငန်းရပ်များ သို့မဟုတ် ယူနစ်

တစ်ခု သင်ယူမှုပြီးစီးပါက ကျောင်းသားတိုင်းအား သူတို့၏တိုးတက်လာမှုများကို ပြန်လည်ထင်ဟပ်မှုပြုခိုင်းခြင်း၊ မေးမြန်းခြင်းများပြုနိုင်ပါသည်။

## ကျွမ်းကျင်မှုများနှင့် သဘောထား (စိတ်ဓာတ်) များ စစ်ဆေးအကဲဖြတ်ခြင်း

ပညာရေး၏ရည်မှန်းချက်ပန်းတိုင်များအနက် အများအပြားမှာ အကဲဖြတ်ရန် ခက်ခဲပါသည်။ ကျွမ်းကျင်မှုနှင့် သဘောထားများသည် ကလေးများသင်ယူမှုအတွက် အခြေခံကျသော အပိုင်းများဖြစ်သကဲ့သို့ အနာဂတ်တွက် တိုးတက်မှုများလည်းဖြစ်သည်။ ဤအကြောင်းရပ်များအားလုံးကို ကျွန်ုပ်တို့အားလုံးကြိုးစားပြီး စနစ်တကျအကဲဖြတ်ရန်လိုသည်။ အောက်တွင် နမူနာအဖြစ် ကျွမ်းကျင်မှုအဆင့်လေးရပ်ပေါ်အကဲဖြတ်ရာတွင် အသုံးပြုသည့်သတ်မှတ်ချက်များနှင့် တတ်မြောက်မှုသဘောထားများကို ဖော်ပြထားပါသည်။[4]

## အလုံးစုံကျွမ်းကျင်မှုပူးပေါင်းဆောင်ရွက်ခြင်း

ပူးပေါင်းဆောင်ရွက်ခြင်းဆိုသည်မှာ အခြားသူများနှင့်အတူ ပူးပေါင်းအလုပ်လုပ်ခြင်းနှင့် နည်းလမ်းအသွယ်သွယ် ပါဝင်ဆောင်ရွက်ခြင်းများဖြစ်သည့် နားထောင်ခြင်း၊ ရှင်းလင်းပြောပြခြင်း၊ ဆွေးနွေးပြောကြားခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့ပါဝင်သည့် နည်းလမ်းအသွယ်သွယ်ကို လက်ခံဆောင်ရွက်ခြင်းဖြစ်သည်။

[4] This section is based on: Miriam S. (1993) learning from Experience. World studies Trentham Books ltd., United Kingdom.

| | ကလေး(က) | ကလေး(ခ) |
|---|---|---|
| **အဆင့်(၁)** –အဖော်နှင့်အတူ ဆောင်ရွက်သည်။ အလှည့်ကျ နားထောင်သည်၊ ပြောသည်၊ အတွေးအခေါ်နှင့် ရင်းမြစ်များ ဖလှယ်သည်။ | | |
| **အဆင့်(၂)** –လက်ခံနိုင်သည်။ အခြားသူများနှင့်မတူညီမှုများ စူးရှအမြင်များကို ဆွေးနွေးညှိနှိုင်းသည်။ | | |
| **အဆင့်(၃)** –အုပ်စုချင်းရောနှောဆောင်ရွက်တတ်သည်။ (အသက်/လုပ်ဆောင်ရည်/ကျား မ) | | |
| **အဆင့်(၄)** –မည်သည့်ရောထွေးအုပ်စုကိုမဆိုဦးဆောင်နိုင်သည်။ အခက်အခဲပြဿနာများကို ပူးပေါင်းပါဝင် ဆောင်ရွက်သောနည်းလမ်းကိုအသုံးပြု၍ အလှည့်ကျအဖြေရှာဖွေခြင်းနည်းကိုအသုံးပြုရန်အကြံပြုနိုင်သည်။ | | |

**သဘောထား၊ ကိုယ်ချင်းစာမှု** သည် အခြားသောသူများ၏ခံစားမှုများ၊ ထင်မြင်ယူဆချက်များကို ထပ်တူခံစားနားလည်ခြင်း ဖြစ်သည်။

| | ကလေး(က) | ကလေး(ခ) |
|---|---|---|
| **အဆင့်(၁)** လက်ခံမှုပြုနိုင်သည်၊ သဘောမတူမှုတစ်ခု အမြင်များကို လက်ခံနိုင်သည်။ ခံစားချက်များ ဖလှယ်နိုင်ပြီး ပြုမူချက်များကိုရှင်းပြနိုင်သည်။ | | |
| **အဆင့်(၂)** ခံစားချက်များကို ပုံပြင်ပါ ဇာတ်ကောင်စရိုက်များအား ဖော်ပြနိုင်ပါက ပိုမိုမှတ်မိစေသည်။ အခြားကလေးများ သို့မဟုတ် သက်ကြီးများသည် သင်နှင့် မတူသောအချက်များရှိနေကြောင်း အသိအမှတ် ပြုနိုင်သည်။ | | |
| **အဆင့်(၃)** ရှင်းလင်းပြသနိုင်သည်။ လူအများ၏နောက်ခံအကြောင်းရပ်နှင့် အခြေအနေများမတူညီသည့်အလျောက် ဆောင်ရွက်နိုင်မှုလည်း ကွဲပြားနိုင်သည်။ ထိုအခြေအနေရှိကျောင်းတွင် လိင် (ကျား မ) မသန်စွမ်းမှု၊ လူမျိုး သို့မဟုတ် ဆင်းရဲခြင်းတို့အပေါ် အခြေခံသည့် စော်ကားမှုများကို စိန်ခေါ်နိုင်သည်။ | | |
| **အဆင့်(၄)** စိန်ခေါ်မှုနှင့်ရင်ဆိုင်နိုင်သည်။ ပုံသေမပြောင်းလဲဘဲဖော်ပြနေခြင်းများသည်။ လူများ၏ကွဲပြားစွာ ဆောင်ရွက်နိုင်ခြင်းများအတွက် စိန်ခေါ်လျက်ရှိသည်။ | | |

ဆောင်ရွက်မှုများကို စဉ်ဆက်မပြတ်နှင့် အမှန်တကယ်ဆောင်ရွက်စေခြင်း စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းတို့တွင် လုပ်ဆောင်မှုနှင့် သင်ကြားသင်ယူမှုရလဒ်အပေါ် စစ်ဆေးအကဲဖြတ်ခြင်း နှစ်ရပ်လုံးပါဝင်သည်။ သိပ္ပံစမ်းသပ်ချက်များ၊ သင်္ချာ၊ ပြဿနာဖြေရှင်းနည်းများကို အသုံးပြုရာ၌ ပစ္စည်းစစ်များအသုံးပြုခြင်း၊ ကခုန်ခြင်း၊ သရုပ်ဆောင်

ပြခြင်း တစ်ဦး သို့မဟုတ် နှစ်ဦး ဇာတ်လမ်းဇာတ်ကွက်ဆင်၍ ဖတ်ကြားခြင်း ဘောလီဘော ကစားခြင်း စသည်တို့သည် လုပ်ဆောင်မှု စစ်ဆေးအကဲဖြတ်ခြင်းတွင် ပါဝင်သည်။

ရုပ်ပုံများဖြင့် သရုပ်ဖော်ခြင်း သို့မဟုတ် ပုံဆွဲခြင်း၊ သိပ္ပံဆိုင်ရာသိမြင်နိုင်သည့် အကြောင်းရာ၊ ပုံစံ၊ ပုံသဏ္ဌာန်၊ စာစီစာကုံး သို့မဟုတ် တင်ပြချက်မှတ်တမ်း၊ သီချင်း ရေးသားခြင်းများစသည်တို့သည် သင်ကြားသင်ယူမှုရလဒ်အပေါ် အကဲဖြတ်ခြင်းတွင် ပါဝင်သည်။ ကလေးကိုယ်တိုင် ဖန်တီးချက်များဖြစ်ရန်လည်း လိုပါသည်။

## စစ်ဆေးအကဲဖြတ်ခြင်းတွင် ဘာတွေမှားနိုင်သလဲ

ကျောင်းသားများအတွက် သင်ယူမှုနောက်ဆုံးရလဒ်အဖြစ် ၎င်းတို့၏ လုပ်ရပ်များ အပေါ် **ယခင်** နှင့် **ယခု** ဘာတွေဆောင်ရွက်နိုင်သည်တို့ အပေါ်တွင် နှိုင်းယှဉ်ပေါ်ထွက် လာခြင်းဖြစ်သည်။ စံပြုနှစ်ဆုံးသတ်မှတ်စစ်ဆေးခြင်း တစ်ခုတည်းအပေါ်၌သာ ဆက်စပ်မှုမျိုး မဖြစ်သင့်ပေ။ တစ်နှစ်အတွင်း အတန်းတူ သို့မဟုတ် အဆင့်တူ ကလေးအုပ်စု အချင်းချင်း ယေဘုယျအရည်အသွေးများသည် အနည်းဆုံးသုံးနှစ်စာမျှ ကွာခြားတတ်ပြီး သချ်ာဘာသာ တွင်မူ ခုနစ်နှစ်စာထက် ပို၍ကွဲပြားခြားနားတတ်ပါသည်။ ဆိုလိုသည်မှာ ကလေးများ အချင်းချင်းကို စံသတ်မှတ်ပြီး နှိုင်းယှဉ်သည့်အဆင့် သတ်မှတ်စစ်ဆေးခြင်းများသည် ကလေး အများစုအတွက် ညီမျှမှုနှင့် တရားမျှတမှုမရှိကြောင်း တွေ့ရှိရခြင်းဖြစ်သည်။

ဆရာ၊ မိဘ၊ အုပ်ထိန်းသူများအနေနှင့် နှစ်ဆုံးစစ်ဆေးအကဲဖြတ်ခြင်းကိုသာ ကလေး များနှင့် သက်ဆိုင်သည့်အရေးကြီးဆုံး စစ်ဆေးအကဲဖြတ်ခြင်းဟု မရှုမြင်စေလိုပါ။ ကျောင်းများ တွင် အထူးတလည် နှိုင်းယှဉ်ခြင်းများ ယှဉ်ပြိုင်မှုများပြုကြခြင်းကြောင့် ကလေးများမိမိကိုယ်ကို သိရှိနားလည်မှု လျော့နည်းခြင်း အကြောင်းရင်းကြီးတစ်ခုဖြစ်စေပါသည်။ နှစ်ဆုံးစစ်ဆေး ခြင်းသည် တစ်နှစ်ပတ်လုံး စစ်ဆေးခြင်းများအနက် တစ်ခုအဖြစ်သာ ပါဝင်ရမည်ဖြစ်ပြီး ကလေးများ၏ တိုးတက်မှုအခြေအနေအတွက် သဘောပေါက်မှု ရှိ မရှိ လိုရင်းအချက်ပြည့်စုံမှု ရှိ မရှိ ကို စစ်ဆေးအကဲဖြတ်ခြင်းဖြစ်သည်။ ဤစစ်ဆေးအကဲဖြတ်မှုသည် ကလေး၊ ဆရာ၊ မိဘ၊ အုပ်ထိန်းသူများအားလုံးတို့အား ကလေး၏အရည်အသွေးတိုးမြှင့်ရန်အတွက် စစ်ဆေး အကဲဖြတ်ခြင်းဖြစ်ကြောင်း သဘောပေါက်စေပါသည်။ အနာဂတ်တိုးတက်မှုအတွက် အသုံးပြု သော ဖွံ့ဖြိုးရေးနည်းစနစ်အဖြစ်လည်း အသုံးပြုသင့်ပါသည်။ ကျွန်ုပ်တို့အနေနှင့် ကလေး၏ လိုအပ်မှု၊ ချို့တဲ့မှု၊ အားငယ်မှုများကို ပုံကြီးချဲ့ပြောကြားခြင်းမျိုးမပြုဘဲ၊ ကလေးများ၏ လက်ခံဆောင်ရွက်နိုင်မှုများ၊ ဆုံးဖြတ်ချက်ချဆောင်ရွက်နိုင်ခြင်းများအတွက် မည်သို့ဖော်ထုတ်

ပေးမည်၊ ပိုမိုထိရောက်စွာ သင်ယူလာနိုင်အောင် မည်သို့ကူညီဆောင်ရွက်ပေးမည် စသည် ဖြင့်သာ ကလေးများတွက် အထောက်အကူဖြစ်စေသင့်ပါသည်။

စစ်မှန်သော စဉ်ဆက်မပြတ်စစ်ဆေးအကဲဖြတ်မှု ဖြစ်စေရန်ကလေးများ၏ သင်ယူနေခြင်းများနှင့်အတူ ကလေးများအတွက် သင်ယူမှုမဖြစ်စေသောအကြောင်းရင်းများ၊ တစ်ခါတစ်ရံ သင်ယူမှုအခြေမခိုင်ခြင်းများကို ဖော်ပြရန်လည်းလိုပါသည်။ အကြောင်းရင်း အချို့သည် အောက်ပါအတိုင်းဖြစ်ပါသည် –

- ❖ ကလေးများအနေဖြင့် လုပ်ငန်းဆောင်ရွက်နိုင်သည်ထိ ကျွမ်းကျင်အောင် သင်ယူနိုင်ခြင်း မရှိပါ။ သို့သော် သင်ယူရန်အကြောင်းရပ် အတော်များများကို ချိတ်ဆက် သင်ယူနိုင်သော အခြေအနေရှိပါသည်။ အထူးအားဖြင့် သင်္ချာနှင့် ဘာသာစကားသင်ကြားမှုများတွင် ဖြစ်သည်။ ကလေးများအနေနှင့် အခြေခံ ကျွမ်းကျင်မှုတစ်ခုကို သင်ယူတတ်မြောက်ရန်လိုခြင်း။ သာဓက ၁ မှ ၁၀ ထိ ရေတွက်တတ်ခြင်းကို အနှုတ်သင်ခန်းစာများ မသင်မီကျွမ်းကျင်စေရန် လိုခြင်းမျိုး ဖြစ်သည်။
- ❖ ကလေးအတွက် ညွှန်ကြားချက်အမိန့်များပေးခြင်းသည် မှန်ကန်မှုမရှိပါ။
- ❖ ကလေးများအနေဖြင့် သင်ယူတတ်မြောက်ရေးတွက် အလေ့အကျင့်များရစေရန် အချိန်ပေးရန်လိုခြင်း။
- ❖ ကလေးအနေနှင့် အာဟာရ မပြည့်စုံခြင်း၊ ချို့တဲ့ခြင်း။
- ❖ ကလေးများသင်ယူမှုဖြစ်စေရန်၊ ကိုယ်ခန္ဓာပိုင်းဆိုင်ရာ လှုပ်ရှားခြင်းဆိုင်ရာ ခက်ခဲမှုပြဿနာများရှိခြင်းတို့ ပါဝင်ပါသည်။

ကလေးအနေဖြင့် အခက်အခဲများရှိခဲ့လျှင် စဉ်ဆက်အကဲဖြတ်ခြင်းကို မှန်ကန်စွာ အသုံးပြုစေခြင်းဖြင့် အခက်အခဲများကို ပေါ်လွင်လာစေပါသည်။ ဆရာအနေဖြင့် ကလေး အတွက် မည်သို့ကုစားပေးရန်နည်းလမ်းကိုလည်း ရရှိစေပါသည်။ကျွန်ုပ်တို့ သဘောပေါက် နားလည်ရန်မှာ ကလေးအားလုံး၏သင်ယူဟန် သင်ယူနည်း မတူနိုင်သကဲ့သို့ သင်ယူနိုင် သည့်နှုန်း သို့မဟုတ် သင်ယူနိုင်သည့်အခြေအနေခြင်းလည်း တူညီမှုမရှိနိုင်ကြောင်း တွေ့နိုင်ပါသည်။ အချို့သော ကလေးများအနေနှင့် သင်ယူစဉ်တွင် အဓိကကျသည့် အရေးကြီး သော ဆက်စပ်မှုအပိုင်း သို့မဟုတ် ကွင်းဆက်ကိုမသိရှိလိုက်ဘဲ လွတ်သွားတတ်ပါသည်။

အထူးပြောလိုသည်မှာ ဆီလျော်သင့်မြတ်သည့်အချိန် ပေးသင်ယူခြင်းသည် ကလေးများအား အခြားသောကလေးများထက် အသိပညာနှင့် ကျွမ်းကျင်မှုများနောက်ကျ ကျန်ခဲ့စေခြင်းများမှ ကာကွယ်မှုပေးနိုင်ပါသည်။ အတူတွဲသင်ယူနိုင်သူ သို့မဟုတ် တွဲဖက်သင်ယူ နိုင်သူများ တစ်နည်းအားဖြင့် ကျွမ်းကျင်မှု စွမ်းရည်ရရှိပြီး အဆင့်ကောင်းစွာ ထိန်းနိုင်သူများက သင်ယူရန်ပျက်ကွက်မှုရှိသူ၊ စာမလိုက်နိုင်သူ ပိုမိုအလေးဂရုပြုပေးရန် လိုအပ်သူကလေးများအား တွဲဖက်ကူညီ သင်ပြပေးခြင်းဖြင့် သင်ယူတတ်မြောက်မှုကို တိုးစေပါသည်။



## ထင်ဟပ်မှုလုပ်ငန်းများ။ တိုးတက်မှုကို အကဲဖြတ်ခြင်း

နောက်ဆုံးအကြိမ်အဖြစ် စဉ်းစားတွေးခေါ်ပါ။ ဘာသာရပ်တစ်ခုအတွက် စဉ်းစားပါ။ ဥပမာ သင်္ချာ သို့မဟုတ် သိပ္ပံ ။ ကလေးများ၏ တိုးတက်မှုအတွက် ဘယ်လိုအကဲဖြတ်မလဲ။ အပတ်စဉ် ခဲတံနှင့် စက္ကူသုံးရေးဖြေစစ်ဆေးခြင်းကို သုံးမလား။ ကလေးတို့ ထုတ်လုပ်ထားသည့် ကလေးများ၏လုပ်ငန်းမှတ်တမ်းကို သုံးမလား။ ကာလပိုင်းအလိုက် နောက်ဆုံးတွင် စာမေးပွဲ စစ်ခြင်းကို သုံးမလား ......... ။ စသည်ဖြင့်

မိဘ သို့မဟုတ် အုပ်ထိန်းသူများထံ ဘယ်လိုအစီရင်ခံတင်ပြ အသိပေးမလဲ။ အခမ်း အနားမပါဘဲ ရိုးရိုးပုံမှန် ဆွေးနွေးပြမလား။ ကလေးများတွက် မှတ်တမ်းကတ်ပြားသုံးမလား။ သို့မဟုတ် မိဘဆရာအသင်းအစည်းအဝေးများမှာ တင်ပြပေးမလား။

**သိနားလည်ခြင်းမှ လုပ်ငန်းသို့။** စဉ်ဆက်မပြတ်အကဲဖြတ်ခြင်း၏ တန်ဖိုးကို ယခုအခါ သင်ပိုမိုနားလည်သဘောပေါက်လာပြီဟု ဆိုရပါမည်။ သင်၏ကလေးများ၏ ဆောင်ရွက်နိုင်မှု၊ အားသာချက်များနှင့် အားနည်းချက်များကို ပိုမိုမြင်သာလာအောင် ဘာလုပ်ဆောင်မှုမျိုးကို သင်လုပ်ယူမလဲ။ ကလေးများ၏ လုပ်ငန်းမှတ်တမ်းအသုံးပြုနည်းကို သင့်ကျောင်းတွင် အနည်းဆုံး သင့်အတန်း၌ ထူထောင်အသုံးပြုနိုင်မလား။ သတ်မှတ်နှစ်အတွက် စစ်ဆေးအကဲဖြတ်မှုအစီအစဉ် လုပ်ငန်းတစ်ခုကို ကြိုးစားစီစဉ်ဆောင်ရွက်နိုင်မလား။ ဆက်စပ် နေသောအကြောင်းရာများအတွက် စီမံခန့်ခွဲရန်နည်းလမ်းကို သင်မည်သို့ ကြိုးစားစဉ်းစား ပေးမလဲ။ တစ်နှစ်တာအတွင်း ကလေးတို့၏ တိုးတက်မှုအခြေအနေပြပုံစံ အပြည့်အစုံကို ဖော်ပြပေးပါ။ သတိပြုရန်မှာ စစ်ဆေးအကဲဖြတ်မှုလုပ်ငန်းတွင် ပါဝင်သင့်သည်များမှာ သင်၏

သင်ခန်းစာနှင့် ခေါင်းစဉ်များအတွက် အစီအစဉ်များရေးဆွဲခြင်းကို အစမှစ၍ ပါဝင်စေရန် ဖြစ်သည်။

| | **ကြည့်ရှု လေ့လာခြင်း** | **လုပ်ဆောင်ခြင်း** | **ကလေးများ၏ လုပ်ငန်းမှတ်တမ်း** | **အဖြေရှာ စစ်ဆေးခြင်း** | **အခြား** |
|---|---|---|---|---|---|
| နေ့စဉ် | | | | | |
| အပတ်စဉ် | | | | | |
| ကာလလိုက် | | | | | |
| နှစ်စဉ် | | | | | |



## လက်စွဲ ၅.၅
## ဘာတွေသင်ယူခဲ့ပြီးပြီလဲ။

ဤစာအုပ်တွင် လက်တွေ့ကျသော စီမံခန့်ခွဲရေးဆိုင်ရာ အကြောင်းရပ်များစွာကို စူးစမ်းလေ့လာမှုနှင့်အတူ ဖော်ပြထားပါသည်။ ထိုအကြောင်းရပ်များနှင့် ဆက်စပ်သိရှိရန်လိုအပ်သော စာသင်ခန်းများအတွင်း ကလေးများသင်ယူမှုအခွင့်အလမ်းများ ရရှိရေးအတွက် မည်သို့ကူညီပံ့ပိုးရမည်။ ကလေးများ၏ ဘဝနောက်ခံနှင့် စွမ်းရည်အမျိုးအမျိုး ကွဲပြားခြားနားမှုအလိုက် မည်သို့ဆောင်ရွက်မည် ......... စသည်တို့ ပါဝင်ပါသည်။ စဉ်းစားရန်လိုအပ်သည့်မေးခွန်းအချို့မှာ –

- ❖ စာသင်ခန်းဆိုင်ရာစီမံခန့်ခွဲမှုတွင် ဆရာများအား အလေးဂရုပြုဆောင်ရွက်ပေးသူများအဖြစ် မိဘများကကူညီပါသလား။
- ❖ ကလေးများအနေနှင့် သင်ယူမှုလုပ်ငန်းတာဝန်များကို စာသင်ခန်းအတွင်း၌ ပိုမိုတာဝန်ယူနိုင်ပါသလား။
- ❖ ဆရာများအနေနှင့် ဒေသရင်းမြစ်များကို သင်ယူမှုပစ္စည်းများအဖြစ် ပိုမိုအကျိုးရှိစွာ အသုံးပြုနိုင်ပါသလား။
- ❖ ကလေးများအချင်းချင်း သင်ကြားခြင်းဖြင့် အပြန်အလှန်ကူညီမှုရနိုင်ပါသလား။
- ❖ သင်ခန်းစာပြင်ဆင်မှုအစီအစဉ်များကို ကွဲပြားစွာ စီစဉ်ဆောင်ရွက်ခြင်းဖြင့် ကလေးများ သူတို့၏ ကိုယ်ပိုင်သင်ယူမှုနှုန်းအလိုက် အောင်မြင်မှုရနိုင်ပါသလား။
- ❖ အတန်းတွင်းအပြုအမူပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုများဆောင်ရွက်သည့်အခါ ဆရာများ လိုလားတက်ကြွစွာ ဆောင်ရွက်မှုများရှိပါသလား။
- ❖ လိုအပ်သည့်အခါ သင်ယူမှုလုပ်ငန်းအတွက် စည်းကမ်းကို အကျိုးပြုလက်နက်ကိရိယာအဖြစ် သတ်မှတ်အသုံးပြုနိုင်ပါသလား။

**စာသင်ခန်းတစ်ခုကို ကောင်းစွာစီမံခန့်ခွဲနိုင်ပါက သင်ခန်းစာများကို ကောင်းစွာစီစဉ်နိုင်သည်။ ပါဝင်ဦးဆောင်သူအားလုံးသည် ကလေးများ၏သင်ယူမှုလုပ်ငန်းများတွင် စိတ်ဝင်စားမှုရှိလာမည်။ ထို့ကြောင့် ကလေးအားလုံး သင်ယူမှုလုပ်ငန်းတိုင်းတွင် အောင်မြင်လာကြမည်။**

ကလေးများ၏ သင်ယူမှုကို စစ်ဆေးအကဲဖြတ်ရာတွင် တစ်နှစ်တာသင်ရိုးတစ်ခုလုံးကို သတ်မှတ်စစ်မေးကြောင်း ကျွန်ုပ်တို့ပြန်လည်ရှုမြင်သုံးသပ်ပါသည်။ ကလေးတစ်ဦးချင်း ဘယ်ကစသင်ယူသည်ကို သိရှိရန်လိုသည်။ အကြောင်းမှာ သက်တူရွယ်တူကလေးများဖြစ်သည့်တိုင် သင်ယူနိုင်မှုနှုန်း သို့မဟုတ် သင်ယူနိုင်မှုအခြေအနေ ကွဲပြားခြင်းကြောင့်ဖြစ်သည်။ သူတို့သင်ယူနေစဉ်အတွင်း လိုအပ်သည့် တုံ့ပြန်ဖြည့်ဆည်းခြင်းများ ပြုလုပ်ပေးရန်လိုသည်။ ( ဤသည်ကို လုပ်ငန်းတွင်း စစ်ဆေးခြင်းဟုခေါ်သည်။ ) တစ်ခါတစ်ရံ 'ပုံစံတကျ စစ်ဆေးအကဲဖြတ်ခြင်း ' နှင့် စာသင်နှစ်အဆုံးတွင် မည်သို့သော တိုးတက်မှုကို ဆောင်ရွက်နိုင်ကြောင်း သိရန်လိုပါသည်။ (လုပ်ငန်းဆုံး စစ်ဆေးခြင်းဟုလည်းခေါ်သည်။) နောက်ဆုံးသင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်း ဟုလည်း နားလည်ရပါသည်။ စစ်မှန်သောစစ်ဆေးအကဲဖြတ်ခြင်းကို လေ့လာရာ၌ ပုံစံတကျ စစ်ဆေးအကဲဖြတ်ခြင်းသည် ကလေးများ၊ မိဘများနှင့် အုပ်ထိန်းသူများအား ပံ့ပိုးကူညီမှုများပေးခြင်းဖြစ်ကြောင်း လေ့လာသိရှိနိုင်ပါသည်။

စစ်မှန်သောစစ်ဆေးအကဲဖြတ်မှုလုပ်ငန်းတွင် ကလေးများဖွံ့ဖြိုးတိုးတက်စေရန် စစ်ဆေးအကဲဖြတ်ရာတွင် နည်းလမ်းမျိုးစုံပါဝင်ကြောင်း သိရှိရပါသည်။ ၎င်းတို့မှာ ကလေးများအားတိုက်ရိုက်ကြည့်ရှုလေ့လာခြင်း၊ ကလေးများ၏လုပ်ငန်းမှတ်တမ်း ပြဿနာဖြေရှင်းမှုတွက်ဆောင်ရွက်သည့်လုပ်ငန်းများ၊ နှစ်ဦးတစ်တွဲ သို့မဟုတ် အုပ်စုငယ်ဖွဲ့စည်းခြင်း၊ ရှင်းလင်းတင်ပြခြင်းများ သင်ယူမှုလုပ်ငန်းမှ ပေါ်ထွက်လာသည့် နမူနာရလဒ်များအတွက် ရှင်းလင်းတင်ပြခြင်းများနှင့် ဖြစ်နိုင်ခြေရှိသည့် လုပ်ငန်းအချို့အတွက် ခဲတံနှင့် စက္ကူအသုံးပြု၍ ရေးဖြေမေးခွန်းများမေးခြင်း တို့ပါဝင်ပါသည်။

စာသင်နှစ်၏အလယ်တွင် သင်၏အတန်းမှကလေးများ၏ တိုးတက်မှုအခြေအနေကို မိဘနှင့် အုပ်ထိန်းသူများထံ အသိပေးတင်ပြရန် ဆရာအနေဖြင့် မိမိကိုယ်မိမိ ယုံကြည်မှုရှိပါသလား။ ကလေး၏လုပ်ငန်းစဉ်များကို စစ်ဆေးအကဲဖြတ်ရာ၌ သင့်အနေနှင့် ထပ်ဖြည့်စရာနည်းလမ်းများရှိပါသလား။ သာဓက – ကလေးများ၏လုပ်ငန်းမှတ်တမ်းတွင် ဆောင်ရွက်သည့်လုပ်ငန်းများမှ ရွေးချယ်ထည့်သွင်းရန် အချက်များရှိ/ မရှိမေးမြန်းခြင်း။

**ဘယ်မှာပိုပြီး သင်ယူနိုင်မလဲ။**

အောက်တွင်ဖော်ပြထားသော ထုတ်ဝေဖြန့်ချိမှုများနှင့် ဆက်သွယ်ရေးကွန်ရက်များသည် လူတိုင်းအကျုံးဝင်သော စာသင်ခန်းများ စီမံခန့်ခွဲမှုအတွက် တန်ဖိုးရှိလှသော ရင်းမြစ်များ ဖြစ်ပါသည်။

**Publications**

Alternatives to Corporal Punishment: The Learning Experience. (2000) Department of Education, Ministry of Education, Pretoria, South Africa.

Mirian S. (1993) Learning from Experience. World Studies. Trentham Books Ltd., United Kingdom.

UNESCO (1993) Teacher Education Resource Pack: Special Needs in the Classroom.Paris.

UNESCO ( 2001 ) Understanding and Responding to Children's Needs in Inclusive Classrooms: A Guide For Teachers. Paris.

**Web sites**

Authentic Assessment: a briefing.

http://home.ecn.ab.ca/~ljp/edarticles/assessment.htm

Classroom routines

http://www.ioe.ac.uk/multigrade/practical-advice.htm

Cooperative learning.

http://www.jigsaw.org/and http://www.co-operation.org

Guideline for Portfolio Assessment in Teaching English by Judy Kemp and Debby Toper off.

http://www.etni.org.il/ministry/port folio

Managing Group work and cooperative learning.

http://www.tlc.eku.edu/tips _ cooperative_ learning. htm

Mutigrade Teacher Training Materials.

http://www.ioe.ac.uk/multigrade/teacher training. htm

Positive Discipline.

http://www.positivediscipline.com

Quality Education for Every Student. This is a good Web site for explaining portfolio assessment.

http://www.pgcps.org/~elc/portfolio.html

UNICEF Teachers Talking about Learning.

http://www. unicef.org/teachers

စာအုပ်ငယ်-၆

# ကျန်းမာရေးနှင့် ညီညွတ်ပြီး ကာကွယ်စောင့်ရှောက်မှု ပေးနိုင်သော လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်တစ်ခုကို တည်ဆောက်ခြင်း

ပညာရေး



Booklet 6 :

# Creating a Healthy and Protective Inclusive Learning-Friendly Environment

လူတိုင်းအကျုံးဝင်
သင်ယူပျော်
ဝန်းကျင်များ

UNESCO

## လက်စွဲလမ်းညွှန်

ဤစာအုပ်ငယ်သည် သင်နှင့်သင်၏လုပ်ဖော်ကိုင်ဖက်များကို ထိရောက်သော ကျောင်းကျန်းမာရေးနှင့် ကာကွယ်တားဆီးရေးအစိတ်အပိုင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစပျိုးရန် ကူညီပံ့ပိုးပေးနိုင်ပါလိမ့်မည်။ **စာအုပ်ငယ်(၃)**အရ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းရောက်ရှိရေးကို ကျွန်ုပ်တို့ ဆောင်ရွက်ခဲ့ကြသည်။ အကယ်၍ ကျွန်ုပ်တို့၏ကြိုးပမ်းအားထုတ်မှုများအောင်မြင်လျှင် လူတိုင်းအကျုံးဝင်သင်ယူပျော်စာသင်ခန်းသို့ ဘဝနောက်ခံနှင့် စွမ်းရည်အမျိုးမျိုးရှိသော ကလေးများပိုမိုဝင်ရောက်လာပေလိမ့်မည်။ ဤကလေးများသည် ပင်လျှင် ကျန်းမာရေးနှင့်ညီညွတ်ပြီး၊ လုံခြုံမှုရှိသောပတ်ဝန်းကျင်တွင် သင်ယူနိုင်ခြင်းဖြင့် အကျိုးအမြတ်အများဆုံးခံစား နိုင်သူများဖြစ်ကြပေမည်။

### လက်စွဲများ

**၆. ၁ ကလေးအားလုံးအတွက် ကျန်းမာရေးနှင့် ညီညွတ်ပြီးကာကွယ်စောင့်ရှောက်မှုပေးရေးဆိုင်ရာမူဝါဒများချမှတ်ခြင်း။ ............................ ၃**
ကျောင်းကျန်းမာရေးမူဝါဒများ အစပျိုးစည်းရုံးလှုံ့ဆော်ခြင်း။........................ ၆
အများသဘောတူမှုရယူခြင်း။ ........................................................... ၈
ကျွန်ုပ်တို့၏ ကျောင်းကျန်းမာရေးဆိုင်ရာမူဝါဒအခြေအနေကိုဆန်းစစ်အကဲဖြတ်ခြင်းနှင့်ကြိုးကြပ်ခြင်း။ ...................................................... ၁၂
အကြမ်းဖက်မှုနှင့်ပတ်သက်၍ မူဝါဒများကိုအကောင်အထည်ဖော်ဆောင်ရွက်ခြင်း။ .......................................................................... ၁၉
**၆. ၂ ကလေးများအား ဘဝတွက်တာကျွမ်းကျင်မှုပေးခြင်း။ .................... ၃၂**
ကျွမ်းကျင်မှုအခြေပြုကျန်းမာရေးပညာပေးမှု။ ...................................... ၃၂
မည်သည့်ကျွမ်းကျင်မှုများလိုအပ်ပါသနည်း။ ......................................... ၃၆
ကျွမ်းကျင်မှုများကိုမည်ကဲ့သို့လေ့ကျင့်သင်ကြားပေးနိုင်မည်နည်း။ ............ ၄၄
ကျွမ်းကျင်မှုအခြေပြုကျန်းမာရေးပညာပေးမှု HIV/AIDS ရောဂါတားဆီးခြင်း။ ........................................................................... ၄၈
**၆. ၃ ကျောင်းအာဟာရကျွေးမွေးမှု၊ကျောင်းကျန်းမာရေးဝန်ဆောင်မှုနှင့်အထောက်အပံ့များပေးအပ်ခြင်း။ ............................................ ၆၄**
ကျွန်ုပ်တို့၏လက်ရှိအခြေအနေကို အကဲဖြတ်ခြင်း။ ................................ ၆၅

ကျောင်းအာဟာရကျွေးမွေးမှုအစီအစဉ်များ၊ကောင်းစွာ အစာမစားသော
ကလေးများအားကူညီခြင်း။ ........................................................... ၆၉
သန့်ရှင်းသောကျောင်းဝန်းကျင်တစ်ခုဖန်တီးဖော်ဆောင်ခြင်း
အတွေးအဆများ။ ........................................................................ ၇၂
**၆.၄ ကျွန်ုပ်တို့ဘာကိုသင်ယူတတ်မြောက်ပြီးဖြစ်ပါသလဲ။ ................. ၈၃**



## လက်စွဲ ၆.၁

## ကလေးအားလုံးအတွက် ကျန်းမာရေးနှင့် ညီညွတ်ပြီး ကာကွယ်စောင့်ရှောက်ပေးရေးဆိုင်ရာ မူဝါဒများ ချမှတ်ခြင်း။

ကလေးအားလုံးကျန်းမာဘေးကင်းစွာ သင်ယူနိုင်ခွင့်ရရှိရန် သေချာစေခြင်းသည် လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင်၏အခြေခံလိုအပ်ချက်အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ကျောင်းကျန်းမာရေးနှင့်ဆိုင်သောမူဝါဒများကို စပျိုးစည်းရုံးလှုံ့ဆော်ရန်၊ ဥပဒေပြုမှုကို အများသဘော တူညီမှုရရှိရန်နှင့် မည်သည့်မူဝါဒများက အရေးတကြီးအလိုအပ်ဆုံးဖြစ်သည်ကို ရှာဖွေဖော်ထုတ်ရန်၊ အသုံးပြုနိုင်မည့်လုပ်ငန်းများကို ဤလက်စွဲက ဖော်ပြပါသည်။

ကျောင်းကျန်းမာရေးနှင့်ဘေးကင်းရေးအစီအစဉ်များဖြင့် ကလေးများ၏ ကျန်းမာရေးနှင့် သင်ယူမှု တိုးတက်စေခြင်းသည် အသစ်အဆန်းမဟုတ်ပေ၊ ထိုကဲ့သို့သော အစီအစဉ်များမှာ ကျောင်းများစွာ၌ရှိပြီးဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ကလေးတစ်ဦးအနေဖြင့် အပြည့်အဝ ဖြစ်နိုင်ခြေရှိသော သူတို့၏စွမ်းရည်သည် ကျန်းမာရေးကောင်းမှု၊ ကောင်းမွန်သော အာဟာရ နှင့် လုံခြုံစိတ်ချရသော သင်ယူမှုဝန်းကျင်တွင် မူတည်နေကြောင်း သိရှိသဘောပေါက်သော ကြောင့်ဖြစ်သည်။ ကလေးများသည် လုံခြုံမှုအရှိဆုံးအဖြစ်ကို ခံစားရမှသာလျှင် အပြည့်အဝဆုံး သင်ယူမှုပြုနိုင်မည်ဖြစ်သည်။

အထူးသဖြင့် ဘဝနောက်ခံနှင့်စွမ်းရည်အမျိုးမျိုးရှိသော ကလေးများ၏ ဘေးကင်းရေး၊ အာဟာရပြည့်ဝရေး၊ ကျန်းမာရေးအသိပညာနှင့်ကျန်းမာရေးအခြေအနေများ တိုးတက်ကောင်းမွန်စေရန် မည်သည့်အရာများ ဆောင်ရွက်ရမည်ကို ကျောင်းကျန်းမာရေး မူဝါဒများက ဖော်ပြလျက်ရှိသည်။ဤသို့သောမူဝါဒစည်းမျဉ်းများက ကျွန်ုပ်တို့၏ကျောင်းများကို ကလေးများအတွက် ဘေးအန္တရာယ်ကင်းရှင်းလုံခြုံကာ စိတ်ခံစားမှုကျေနပ်ဖွယ်ကောင်းသော ဝန်းကျင်အဖြစ် တိုးမြှင့်ပေးရေးအတွက်အာမခံပါသည်။

အကောင်းဆုံး ကျောင်းကျန်းမာရေး မူဝါဒများဖွံ့ဖြိုးတိုးတက်ရန် နည်းလမ်းမှာ ဆရာများ၊ ကလေးများ၊ မိဘများ၊ ရပ်ရွာဒေသခေါင်းဆောင်များနှင့် လူမှုရေးလုပ်ငန်းပံ့ပိုးသူများ အားလုံးပူးပေါင်း ပါဝင်ပတ်သက်မှုပင်ဖြစ်သည်။ လုပ်ငန်းအကောင်အထည်ဖော်ရန် သော့ချက်မှာ ဤပုဂ္ဂိုလ်အားလုံးက ဝိုင်းဝန်းစဉ်းစားတွေးတောကြလျက် သဘောတူလက်ခံကြရေးပင် ဖြစ်သည်။

ကျောင်းကျန်းမာရေး စည်းမျဉ်းများသည် မည်သည့်အရာကို အကျိုးသက်ရောက်စေပါသနည်း။ မည်သည့်အရာနှင့်ဆင်တူပါသနည်း။ လူတိုင်းအကျုံးဝင်သည့် ကျန်းမာရေးနှင့် ကာကွယ်မှုပေးနိုင်သော အရာအားလုံးအတွက် သင်ယူမှုဝန်းကျင်ကို သေချာစွာအာမခံနိုင်ရန် ကျောင်းများက ပြဋ္ဌာန်းသတ်မှတ်ထားသည့် အဓိကမူဝါဒအချို့နှင့်အတူ၊ ကျောင်းများရင်ဆိုင်တွေ့ကြုံရမည့် အဓိကပြဿနာများကို အောက်ဖော်ပြပါဇယားတွင် ပြသထားပါသည်–

**ကျောင်းကျန်းမာရေးနှင့် ကာကွယ်တားဆီးရေးမူဝါဒများဆိုင်ရာနမူနာများ**


| မူဝါဒဆိုင်ရာပြဿနာများ | ကျောင်းမူဝါဒနမူနာများ |
|---|---|
| မလိုလားအပ်သော အရွယ်မရောက်မီ စောစီးစွာကိုယ်ဝန်ဆောင်ရမှုကြောင့် ကျောင်းပြင်ပသို့ ရောက်ရှိခြင်း | ❖ ကိုယ်ဝန်ဆောင်ရသော မိန်းကလေးများကို ကျောင်းပြင်ပသို့မရောက်စေရန်၊<br>❖ ကလေးမီးဖွားပြီးနောက် ကျောင်းသူများ ကျောင်းသို့ ပြန်တက်ရေးကို အားပေးရန်၊<br>❖ သင်ရိုးညွှန်းတမ်းတွင် မိသားစုဘဝ ပညာရေးထည့်သွင်းရန်၊<br>❖ လိင်အခြေခံ ခွဲခြားမှုပုံစံအမျိုးမျိုးကို တားဆီးပိတ်ပင်ရန်၊ |
| ဆေးလိပ်နှင့် ဆေးလိပ်ကင်းစင်ကျောင်း | ❖ ဆရာနှင့်ကျောင်းသားများ ကျောင်းတွင် ဆေးလိပ်မသောက်ရန်၊<br>❖ ကလေးများကို စီးကရက်မရောင်းရန်၊<br>❖ ဆေးလိပ်ကြော်ငြာနှင့် အရောင်းမြှင့်တင်မှုမပြုရန်၊ |
| သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး | ❖ ကျား မ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအတွက် အိမ်သာများ သီးသန့်ခွဲခြားထားရှိရန်၊<br>❖ ကျောင်းအားလုံးတွင် သန့်ရှင်းသောသောက်သုံးရေထားရှိရန်၊<br>❖ ရေသန့်နှင့် ကျန်းမာရေးကာကွယ်မှုအတွက် လိုအပ်သောပံ့ပိုးမှုပေးရေးကို မိဘဆရာအသင်းနှင့် ကျောင်းအုပ်ချုပ်မှုကော်မတီက တက်ကြွစွာ ကတိကဝတ်ပြုရန်၊ |

| | |
|---|---|
| HIV/ AIDS ရောဂါကင်းရှင်းရေး | ❖ HIV / AIDS တားဆီးရေး ကာကွယ်ရေးကို ဦးတည်သောကျွမ်းကျင်မှု အခြေခံပြု ကျန်းမာရေးပညာပေးရန်၊<br>❖ ကျောင်းများတွင် HIV / AIDS ရောဂါနှင့် စပ်လျဉ်း၍ နှစ်သိမ့်ဆွေးနွေးညှိနှိုင်းရန်နှင့် သက်တူရွယ်တူများ၏အထောက်အကူရရှိရေး နှိုးဆွဆောင်ပြပေးရန်၊<br>❖ HIV ရောဂါရှိသူဆရာများနှင့် ကျောင်းသား ကျောင်းသူများကိုခွဲခြားဆက်ဆံမှုမပြုရန်၊<br>❖ ကာကွယ်နိုင်မည့်နည်းလမ်းများကို ရရှိရေး သေချာစေရန်၊ |
| ကျောင်းသားများ၏ လိင်မှုဆိုင်ရာ မမှန်ကန်သော ဆောင်ရွက်မှုများနှင့် ထပ်တလဲလဲနှောင့်ယှက်မှုများကို ဆရာများ ပါဝင်ပတ်သက်ဆောင်ရွက်ခြင်း၊ | ❖ ကျောင်းများတွင် ဆရာများနှင့် ကျောင်းသား များ လိင်မှုဆိုင်ရာစည်းကမ်းနှောင့်ယှက်မှုနှင့် အကြမ်းဖက်မှုများ တားမြစ်ပိတ်ပင်မှုကို ဥပဒေဖြင့် သေချာစွာတားဆီးရန်၊<br>❖ လိင်ဆိုင်ရာမမှန်မကန်ဆောင်ရွက်သူများကို ထိရောက်သော စည်းကမ်းဖြင့်အရေးယူမှုကို အားဖြည့်ဆောင်ရွက်ရန်၊ ဆယ်ကျော်သက် ရွယ်ကလေးများလိင်မှုကိစ္စများနှင့် ပတ်သက် သည့်အမှုများ သတင်းပေးရန်နှင့် ဥပဒေကို လူတိုင်းသိရှိ လက်ခံလာရေးဆောင်ရွက်ရန်၊ |
| လွယ်ကူရှင်းလင်းသည့်ကျောင်းကျန်းမာရေးကို ဆောင်ရွက်ပေးခြင်းနှင့်အာဟာရကျွေးမွေးရေး ပစ္စည်းထုပ်များဖြန့်ချိခြင်း၊ | ❖ ဒေသခံပြည်သူလူထုပါဝင်မှုနှင့် ကျန်းမာရေး လုပ်သားများ ညှိနှိုင်းဆောင်ရွက်မှုဖြင့် ဆရာ များ၏ လွယ်ကူသောကျန်းမာရေးနှင့် အာဟာရပစ္စည်းများဖြန့်ဝေရန် လေ့ကျင့် သင်ကြားပေးမှုနှင့် အသုံးပြုမှု၊<br>❖ အစားအသောက်များ၏သန့်ရှင်းမှု၊ အဆင့် အတန်းနှင့် အရည်အသွေးကောင်းမွန်မှုနှင့် အစားအသောက်ရောင်းချသူများ၏ စည်း ကမ်းအမိန့်ထုတ်ပြန်ရန်၊ |

Source: Focusing Resources on Effective School Health. Core Intervention 1: Health Related School Policies. http://www.freshschools.org/schoolpolicies-O.htm

## ကျောင်းကျန်းမာရေးမူဝါဒများကို အစပျိုးစည်းရုံးလှုံ့ဆော်ခြင်း

ကျန်းမားရေးနှင့် ညီညွတ်၍ကာကွယ် စောင့်ရှောက်မှုပေးနိုင်သော လူတိုင်းအကျုံးဝင် သင်ယူမှုပတ်ဝန်းကျင်ဆိုင်ရာမူဝါဒများသတ်မှတ်ပြဋ္ဌာန်းရေးသည် ထောက်ကူမှုများ ကျယ်ကျယ်ပြန့်ပြန့် လိုအပ်သည်။ သို့မှသာ စပျိုးစည်းရုံးလှုံ့ဆော်မှုများရရှိနိုင်မည်ဖြစ်သည်။ ဆိုလိုသည်မှာ အဓိပ္ပာယ်ပြည့်ဝသော ဆွဲဆောင်မှုရှိသည့် သတင်းအချက်အလက်များဖွံ့ဖြိုးတိုးတက်စေခြင်းသည် ဆုံးဖြတ်ချက်ပေးရသူများအား ထိုမူဝါဒများမှာ အမှန်တကယ်လိုအပ်ကြောင်းသိမြင်ရန် ကူညီသည်။



### ဆောင်ရွက်ရန်လုပ်ငန်း။ ။ကျန်းမာရေးကာကွယ်ရေးနှင့် လူတိုင်းအကျုံးဝင်ရေးမူဝါဒများအတွက် သတင်းအချက်အလက်များ ရှာဖွေဖော်ထုတ်ခြင်း

- ❖ ကလေးများ၏သင်ယူမှုတိုးတက်စေရေးနှင့် ကျောင်းကျန်းမားရေးမြှင့်တင်ရေးတို့တွင် စိတ်ဝင်စားမှုရှိသော လုပ်ဖော်ကိုင်ဖက် အုပ်စုကလေးတစ်စုကို စုစည်းလိုက်ပါ။ ဤပုဂ္ဂိုလ်များသည် ကလေးအားလုံးကျောင်းရောက်ရှိရေးကို တက်ကြွစွာဆောင်ရွက်ခဲ့သူများ သင့်ကျောင်း၏ လူတိုင်းအကျုံးဝင် သင်ယူမှုပျော်ပတ်ဝန်းကျင်ကိုပူးပေါင်းဆောင်ရွက်သည့် အဖွဲ့ဝင်များ၊ **(စာအုပ်ငယ်–၁ ကိုရှု)** သို့တည်းမဟုတ် ကျောင်းနှင့်ရပ်ရွာမြေပုံရေးဆွဲမှုလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်သူများ သို့မဟုတ် လက်စွဲစာအုပ်ငယ်–၃ တွင် ဆွေးနွေးခဲ့သောကလေး မှတ်တမ်းပြုစုသူများဖြစ်နိုင်သည်။(ဤလုပ်ငန်းတွင်ပါဝင်သည့် သတင်းအချက်အလက်နှင့် အကျုံးဝင်နိုင်သည်)
- ❖ သင်တို့ကိုယ် သင်တို့ အုပ်စုနှစ်စု သို့မဟုတ် သုံးစုဖွဲ့စည်းပါ။ထို့နောက် ကလေးများနှင့် သူတို့မိသားစုများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်သည် ကျွန်ုပ်တို့ကျောင်းများကို မည်သို့အကျိုးသက်ရောက်မှုရှိကြောင်းကို မိမိတို့ဘာသာ မိမိတို့စဉ်းစားတွေးတောကြည့်ရန်နှင့် လူတိုင်းကို မှာကြားရန်ဖြစ်သည်။ သူတို့သည် အဆိုးနှင့်အကောင်း အမြင်နှစ်မျိုးဖြင့် တွေးတောစဉ်းစားနိုင်သည်။ အကယ်၍ ကူညီမှုပြုလာလျှင် လူတိုင်းမှတ်ချက်များရေးသားပေးနိုင်ပါသည်၊ ငါးမိနစ်မှ တစ်ဆယ်မိနစ်ကြာ အချိန်ယူသင့်ပါသည်။

❖ အုပ်စုတစ်စုကို ကြီးမားသော ပိုစတာစက္ကူတစ်ခုစီပေးပါ။ သူတို့၏ တွေးဆချက်များစာရင်းပြုစု၍ ကလေးများနှင့်သူတို့၏ မိသားစုများ၏ကျန်းမာရေးနှင့် ဘေးကင်းရေးသည် ကျောင်းကို မည်သို့အကျိုးသက်ရောက်စေကြောင်း ရေးသားစေရန်ဖြစ်သည်။ အုပ်စုတစ်စုချင်းရေးသားပြီးစီးပါက သင်တို့၏ စိတ်ကူးအတွေးအဆများကို မျှဝေခံစားကြည့်ပါ။

❖ ထို့နောက်အုပ်စု တစ်စုချင်းမှ အများဆုံးတူညီသည့် ဘုံပြဿနာသုံးခု သို့မဟုတ် လေးခုကို ရွေးချယ်ပါ။

❖ နောက်ဆုံးတွင် အတူပူးတွဲဆောင်ရွက်ခြင်းဖြင့် အကျိုးသက်ရောက်မှုရှိသော သတင်းအချက်အလက်များကို ဖွံ့ဖြိုးစေမည်ဖြစ်သည်။ သင်တို့စာရင်းပြုစုထားသောပြဿနာများဖြေရှင်းရန် ကျောင်းကျန်းမာရေးမူဝါဒများ၏ မှန်ကန်မှုကို ရှင်းလင်းရန် အောက်တွင်ဖော်ပြထားသော နမူနာကို လမ်းညွှန်အဖြစ် အသုံးပြုနိုင်ပါသည်။ ဤသတင်းအချက်အလက်များသည် အများဆန္ဒရယူခြင်းအတွက် အခြေခံဖြစ်ပေလိမ့်မည်။

**ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုနှင့် လူတိုင်းအကျုံးဝင်ပညာရေးဆိုင်ရာ မူဝါဒများချမှတ်ရခြင်း၏ အကြောင်းရင်းများ[1]**

**ပြဿနာများ။** ကလေးတို့၏ဘဝအတွက် လိုအပ်သည့်အသိပညာနှင့် ကျွမ်းကျင်မှုပေးရန် ကျွန်ုပ်တို့သည် အပြင်းအထန်ကြိုးပမ်းဆောင်ရွက်ကြရသည်။ သို့ရာတွင် သူတို့၏ မိသားစုဝင်များ နေမကောင်းသောအခါ ကျောင်းတက်ရောက်မှုပျက်ကွက်ရသည်။ ထို့ပြင် ကျောင်းမသန့်ရှင်းလျှင် သန့်စင်ခန်းကို သန့်ရှင်းအောင် အထောက်အပံ့ ပစ္စည်းမတပ်ဆင်လျှင်၊ ကျောင်းတွင် သို့မဟုတ် ကျောင်းသို့ အသွားနှင့်အပြန်တွင် အကြမ်းဖက်နိုင်မှုတို့ကြောင့် ကြောက်ရွံ့နေရလျှင် ကျောင်းတက်နေမှု ပျက်ကွက်လိမ့်မည်။

**သတင်းအချက်အလက်။ အချိန်၊ ငွေနှင့်အရင်းအမြစ်များသည် ကျောင်းများတွင် အရေးပါဆုံးသောရင်းနှီးမြုပ်နှံမှုများဖြစ်ပေသည်။ ယင်းကို ပြုလုပ်နိုင်သည်၊ သို့ရာတွင် ပညာရေးတွင် ကျွန်ုပ်တို့၏ရင်းနှီးမြုပ်နှံမှုများသည် ကလေးများ ကျောင်းတက်မှသာလျှင် အကျိုးရှိပေလိမ့်မည်။**

[1] Adapted from:World Health Organization (2000) Local Action: Creating Health Promoting Schools. Geneva.

**ပြဿနာများ။** ဖျားနေသော၊ ဆာလောင်နေသော၊ ရောဂါပိုးကြောင့် အားနည်းနေသော၊ ထိတ်လန့်နေပြီး သို့မဟုတ် အိမ်မှုလုပ်ငန်းကြောင့် ပင်ပန်းနေသောကလေးများ၊ အထူးသဖြင့် မိန်းကလေးများသည် သင်ယူမှုစွမ်းအားကောင်းစွာ မရှိကြပါ။ ကလေးများအတွက် အချိန်နှင့်အားထုတ်ကြိုးပမ်းမှု ရင်းနှီးမြှုပ်နှံသည်ဆိုသည်မှာ ကလေးများ ကာကွယ်တားဆီးနိုင်သော ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးပြဿနာများသည် အထူးသဖြင့် အန္တရာယ်ကျရောက်နိုင်ပြီး အားနည်းသောကလေးများတွင် ဖြစ်ပွားတတ်သည်ဖြစ်ရာ ကလေးများ၏သင်ယူမှုကို အနှောင့်အယှက် ပေးနိုင်သောကြောင့်ဖြစ်သည်။

**သတင်းအချက်အလက်။ ကျောင်းတက်ရောက်သော ယောကျ်ားလေးများနှင့် မိန်းကလေးများ သင်ယူနိုင်စွမ်းရှိမှသာလျှင် ကျွန်ုပ်တို့၏လုပ်ငန်းကို လုပ်နိုင်ပေလိမ့်မည်။**


**ပြဿနာများ။** ကလေးများ အကျိုးရှိစေမည့် အခြေခံကျန်းမာရေးနှင့် အာဟာရ ကျွေးမွေးရေးလုပ်ငန်းများကို ကျောင်းများက မဖြည့်ဆည်းနိုင်လျှင်ဖြစ်စေ၊ မိဘများက မိမိတို့ကလေးများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စိုးရိမ်ပူပန်ရလျှင်ဖြစ်စေ၊ ကျောင်းတက်နှုန်းကျဆင်းသွားလေ့ရှိသည်။

**သတင်းအချက်အလက်။ ကျွန်ုပ်တို့ကျောင်းများ၏ အရင်းအမြစ်များသည် ထပ်ဆောင်းတက်မည့် ကျောင်းသား၊ ကျောင်းသူများအတွက် အကန့်အသတ်ရှိတတ်ရာ ရပ်ရွာအဖွဲ့အစည်း၊ မိသားစုများနှင့်အတူ ဆောင်ရွက်နိုင်မှု အပေါ်တွင် ကျရောက်လျက်ရှိသည်။ ကျွန်ုပ်တို့လိုအပ်နေသော ထပ်ဆောင်း အရင်းအမြစ်များသည် အခြေခံလိုအပ်ချက်မူဝါဒဖြစ်သော ကလေးများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးမရှိ၍ ကျောင်းများအပေါ်ယုံကြည်မှု မရှိလျှင်၊ ဖြစ်နိုင်ဖွယ်မရှိတော့ပါ။**

## အများသဘောတူမှုရယူခြင်း

ကျွန်ုပ်တို့၏ စပျိုးစည်းရုံးလှုံ့ဆော်မှုသတင်းအချက်အလက်များပြုစုရပြီးလျှင် ဆက်သွယ်ပေးရန်လိုပါသည်။ သို့မှသာ ပံ့ပိုးမှုများထူထောင်နိုင်၍ အရေးကြီးသည့် ကျောင်းကျန်းမာရေးမူဝါဒများ အစပျိုးနိုင်လာပါမည်။ အထောက်အပံ့ကို တည်ထောင်ရန် နည်းလမ်းတစ်ခုမှာ လူတိုင်းအကျုံးဝင်သည့် ကျန်းမာရေးနှင့် ကာကွယ်စောင့်ရှောက်ပေးသည့် ကျောင်းဝန်းကျင်ဟူသည် မည်သည်ကိုဆိုလိုကြောင်း၊ အယူအဆအတွေးအခေါ်နှင့် သာဓက

များကို မျှဝေခံစားကြစေရန်လိုအပ်ပါသည်။ ၄င်းသည် မည်သည်ကို ဆောင်ရွက်ပေးသည်၊ ကျောင်းသားများ၊ မိသားစုများ၊ ဆရာများနှင့် လူအဖွဲ့အစည်းတစ်ခုလုံးအတွက် ဘာကို ပေးသည်ကို သိကြရန်လိုအပ်ပါသည်။ အတုံ့အလှည့်အနေဖြင့် ကျောင်းသည် လူအဖွဲ့အစည်းက ဒေသဆိုင် ရာကျန်းမာရေးပြဿနာများနှင့် ပတ်သက်၍စဉ်းစားပြီး ကျောင်းက မည်သို့ဖော်ပြ နိုင်သည်ကို နားထောင်ရခြင်းဖြင့် အကျိုးရှိပေလိမ့်မည်။ ကျွန်ုပ်တို့သည် လုပ်ငန်းနှစ်ခုဖြင့် စတင်နိုင်ပါသည်။



**ဆောင်ရွက်ရန်လုပ်ငန်း။ ။မူဝါဒပိုင်းဆိုင်ရာ ဖွံ့ဖြိုးရေးအတွက် အများ ဆန္ဒရယူခြင်း**

**ကလေးများ၏ သင်ယူမှုတိုးတက်ရေးနှင့် ကျန်းမာရေးမြှင့်တင်မှုတွင် စိတ်ဝင်စားမှုမျှဝေခံစားနိုင်သောလူ၊ တစ်စုကိုစုစည်းလိုက်ပါ။** ဤလူစုသည် သင်၏ လူတိုင်းအကျုံးဝင် သင်ယူပျော်ဝန်းကျင် ပူးပေါင်းဆောင်ရွက်သည့်အဖွဲ့ သို့မဟုတ် တခြားသော အစုအဖွဲ့ဖြစ်ပေလိမ့်မည်။ ဤအဖွဲ့တွင် ကျောင်းအုပ်ကြီးနှင့် အုပ်ချုပ်ရေးမှူး၊ ကျောင်းဘုတ်အဖွဲ့၊ မိဘဆရာအသင်းအမှုဆောင်၊ စိတ်ဝင်စားမှုရှိသော ဆရာများ၊ ကျောင်းသားများ၊ မိဘများ၊ တခြားသော ဒေသဆိုင်ရာခေါင်းဆောင်များ၊ သာဓကအားဖြင့် ဘာသာရေးခေါင်းဆောင်များ၊ ဒေသဆိုင်ရာအစိုးရခေါင်းဆောင်များ၊ ကျောင်းပြင်ပမှ ကလေးများ၊ လူငယ်များနှင့်အတူတကွ လုပ်ကိုင်ဆောင်ရွက်ကြသူ လူအများကိုပါဝင်ကြစေပါ၊ ကလေးများ၏ သင်ယူမှုတိုးတက်စေရေးနှင့် ကျန်းမာရေးမြှင့်တင်မှုနှင့်စပ်လျဉ်း၍ အခွင့်အလမ်းများကို သက်သေအထောက်အထား များဖြင့် ရှင်းပြနိုင်သူ ကျန်းမာရေးဝန်ထမ်းများကိုလည်း ဆက်သွယ်ပါ။ ကျောင်းများတွင် ကျန်းမာရေးမြှင့်တင်ရန် လိုအပ်ပုံနှင့်အရေးကြီးပုံကို အလေးထားပြီး ကလေးများ၏ကျန်းမာရေး ပြဿနာများကို ပြောပြနိုင်သူ၊ ကျန်းမာရေးဝန်ထမ်း ပညာရှင်များကိုလည်း ပါဝင်စေရန် ကြိုးစားပါ။ သင် စုစည်းခဲ့သောအဖွဲ့သည် ကျောင်းကျန်းမာရေးမြှင့်တင်ရေးမူဝါဒများနှင့် အစီအစဉ်များကို ဦးဆောင်ကြီးကြပ်သွားမည့် **' ကျောင်းကျန်းမာရေးအဖွဲ့ '** ဖြစ်လာပေ လိမ့်မည်။

**ကလေးများ၏ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သင်ယူရေးများ အထူးသဖြင့် ဘဝနောက်ခံနှင့်စွမ်းရည် အမျိုးမျိုးရှိသည့်ကလေးများကို အထောက်အပံ့ ဖြစ်စေမည့် သင်၏ကျောင်းနှင့် လူအဖွဲ့အစည်း၏ မူဝါဒတစ်ခု သို့မဟုတ် နှစ်ခုကိုပေးရန်**

**အဖွဲ့ဝင်တစ်ဦးစီအား တောင်းဆိုပါ။** စာရေးသားရန် သင့်တော်သောစာရေးရန် မျက်နှာပြင်တွင်ဖြစ်စေ၊ စာရွက်ပိုစတာကြီးတွင်ဖြစ်စေ စာရင်းပြုစုရေးသားပါ။ (ဤဆောင်ရွက်မှုကို တစ်ဦးစီ ဆောင်ရွက်ခြင်းထက် အုပ်စုငယ်များဖြင့် ဆောင်ရွက်နိုင်ပါသည်။)

**ကလေးများ၏သင်ယူရေး၊ လုံခြုံရေးနှင့် ကျန်းမာရေးတို့အတွက် လိုအပ်သော သို့မဟုတ် တိုးတက်မှုအတွက် ပြောင်းလဲသင့်သော မူဝါဒဆိုင်ရာ တစ်ခု သို့မဟုတ် နှစ်ခုကိုပေးရန် အဖွဲ့ဝင်တစ်ဦးစီအား တောင်းဆိုပါ။** ပိုစတာစာရွက်ကြီး၏ လက်ဝဲဘက်အပိုင်းတွင် ဤသာဓကများစာရင်းကို ကော်လံတစ်ခုအဖြစ်ရေးသားဖော်ပြထားပါ။

**အုပ်စုတစ်စုနှင့်အတူ ပူးတွဲလုပ်ဆောင်ခြင်းဖြင့် ဘာကြောင့် ဤမူဝါဒများသည် သတ်မှတ်ပြဋ္ဌာန်းသင့်ကြောင်း သို့မဟုတ် ပြောင်းလဲသင့်ကြောင်းကို အခိုင်အမာ သက်သေအထောက်အထားပြပါ။** (ဤအချက်များ ကိုပိုစတာစာရွက်၏ ညာဘက်ခြမ်းတွင် ကော်လံ တစ်ခုဖြင့်စာရင်းပြုစုဖော်ပြပါ။)

**တိုးတက်မှုအတွက်အတူတကွ ဆောင်ရွက်ရမည့်လုပ်ငန်းစီမံချက်များကို သတ်မှတ်ပြဋ္ဌာန်းရန် သို့မဟုတ် ဤမူဝါဒများကို ပြောင်းလဲရန်တို့အတွက် ဖြစ်ပါသည်။** (စာအုပ်ငယ် –၁ နှင့် ၃တွင် လုပ်ငန်းစီမံချက်များတိုးတက်မှု–ရှုရန်)



**ဆောင်ရွက်ရန်လုပ်ငန်း။ ။အချင်းချင်းမျှဝေခြင်းဖြင့် အများဆန္ဒရယူခြင်း**

**ကျောင်းကျန်းမာရေး လုပ်ရှားဆောင်ရွက်မှုဆိုင်ရာ အယူအဆအတွေးအခေါ်များနှင့် နမူနာများကို မျှဝေခံစားခြင်းဖြင့် အခြေခံကူညီ ထောက်ပံ့မှုကို တိုးပွားပါစေ။** တရားဝင်ခေါင်းဆောင်နှင့် အလွတ်သဘောဝင်ခေါင်းဆောင်များအဖြစ် အမျိုးသမီးများ၊ အမျိုးသားများနှင့် ကျောင်းသားများကဲ့သို့ လူတန်းစားများကိုအားဖြည့်ခန့်ထားခြင်းသည် အရေးကြီးပေသည်။ ဤသို့ ဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါ လုပ်ငန်းအချို့က အကူညီပေးနိုင်ပါသည်[2] –

- ❖ ကလေးများ၏သင်ယူမှုကို ထိခိုက်စေသော ကျန်းမာရေးကို ခြိမ်းခြောက်သည့် အခြေခံအချက်များကို ယေဘုယျဆွေးနွေးပါ၊ ကျောင်း၏မူဝါဒများနှင့် စီမံချက်

[2] Adapted from:World Health Organization (2000) Local Action: Creating Health Promoting Schools. Geneva.

များသည် မည်သို့ ကျောင်းသားများ၊ အမှုထမ်းများနှင့် လူထုကို အကျိုးသက်ရောက်စေကြောင်း ဆွေးနွေးပြောဆိုပါ။ လူထုခေါင်းဆောင်များနှင့် တွေ့ဆုံ၍ အခြေခံအယူအဆများကို ဆွေးနွေးပါ။

❖ သတင်းအချက်အလက်များကိုမျှဝေရန်နှင့် သူတို့၏အတွေးအခေါ် အကြံအဉာဏ် စိတ်ကူးစိတ်သန်းများရရှိရန် မိဘများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဆွေးနွေးပြောဆိုပါ။

❖ အရေးကြီးသော ကျောင်းလုပ်ငန်းကိစ္စများကို လူအများရှိနေစဉ် မိဘများနှင့် အခြားရပ်ရွာအဖွဲ့အစည်းအဖွဲ့ဝင်များကိုဖိတ်ကြား၍ အလွတ်သဘော အစည်းအဝေးမှုတစ်ခု ကျင်းပပါ။

❖ **အလံကလေးများ**၊ လက်ကမ်းစာစောင်များ၊ ရေဒီယို၊ မိန့်ခွန်းနှင့် ပိုစတာကြော်ငြာများကဲ့သို့သော လူထုပညာပေးမီဒီယာများအသုံးပြုလျက် ကျောင်းကျန်းမာရေးမူဝါဒများနှင့် အစီအစဉ်များလိုအပ်မှုကို မြှင့်တင်ဆောင်ရွက်ပါ။ (ဤလုပ်ငန်းများကို ကျောင်းသားများပင် ဖန်တီးလုပ်ကိုင်နိုင်ပါသည်)

❖ ဒေသဆိုင်ရာအကြောင်းအရာဆောင်ပုဒ်၊ကြွေးကြော်သံများဖြင့် လှုံ့ဆော်နိုင်ရေး ပြိုင်ပွဲတစ်ရပ်ပြုလုပ်ပေးပါ။

❖ ရပ်ရွာဒေသအတွင်း လူစည်ကားသောအရပ်၌ လမ်းပေါ်ခင်းကျင်းပြသမှုကို တာဝန်ခံသူနှင့် ကျောင်းတွင်း ပန်းချီသင်တန်းမှကျောင်းသားများအား ကျောင်းသို့မဟုတ် ရပ်ရွာပညာပဒေသာဌာနများတွင် ကျန်းမာရေးမြှင့်တင်မှု ပန်းချီလက်ရာများအလှဆင်ရန် ကျောင်းသား ကျောင်းသူများကို အားပေးပါ။


ကျောင်းကျန်းမာရေးမူဝါဒများနှင့် စီမံချက်များ၏လိုအပ်ချက်ကို မြှင့်တင်စဉ်၊ အထူးသဖြင့် ဘဝနောက်ခံနှင့် စွမ်းရည်အမျိုးမျိုးရှိသော ကလေးများ၏လိုအပ်ချက်များကို ဦးတည်ဆောင်ရွက်စဉ် ပြည်သူလူထုမှ ထောက်ခံသူများကို သက်သေအထောက်အထားဖြင့် ပြနိုင်ဖွယ်ရှိပါလိမ့်မည်။ ၎င်းတို့သည် စွဲစွဲမြဲမြဲ ထောက်ခံသူများဖြစ်နိုင်ပြီး ထိခိုက်စေလွန်းသည့် ကျန်းမာရေးပြဿနာများနှင့် ကျောင်းများ၏အခန်းကဏ္ဍကိုဖော်ပြရာတွင် ပေါ်ပေါက်လာနိုင်သောနားလည်မှုလွဲမှားခြင်းများနှင့် မည်သည့်သဘောထားကွဲပြားမှုများကိုမဆို ကူညီဖြေရှင်းပေးနိုင်ပေလိမ့်မည်။ ရပ်ရွာကျန်းမာရေး အကြံပေးကော်မတီကို ဖွဲ့စည်းဖန်တီးခြင်းဖြင့် ရပ်ရွာ၏ကဏ္ဍအားလုံးကို ကိုယ်စားပြုနိုင်သဖြင့် အထောက်အကူများစွာရနိုင်ပေသည်။

**သတိပြုရန်အချက်**

ကျောင်းကျန်းမာရေးမူဝါဒများသည် ဘဝနောက်ခံနှင့် စွမ်းရည်အမျိုးမျိုးရှိသော သူများအတွက်သာမက လူ့အဖွဲ့အစည်းအတွင်းမှ မိန်းကလေးနှင့် ယောကျ်ားလေး **အားလုံး**ကို အကျိုးပြုသင့်သည်။ ကလေးအားလုံး၏လိုအပ်ချက်များကို ဦးတည်ဖြေရှင်းသည့် မူဒဝါ များသည် အများဆုံးသော အထောက်အပံ့ကိုရသည်ဖြစ်၍ အောင်မြင်မှု အများဆုံးရသည်။ ကလေးများကို ကွဲပြားသော အတန်းအစားခွဲခြားသည့် မူဝါဒများ ဖန်တီးခြင်းသည် အချိန်နှင့် ငွေကုန်ကြေးကျများပြီး အကောင်အထည်ဖော်ရာ၌ အကျပ်အတည်းဖြစ်ပေါ်စေနိုင်သည်။

## ကျွန်ုပ်တို့၏ ကျောင်းကျန်းမာရေးမူဝါဒများ အခြေအနေကို ဆန်းစစ်ဆေး အကဲဖြတ်ခြင်းနှင့် ကြီးကြပ်ခြင်း

ထိရောက်သော ကျောင်းကျန်းမာရေးနှင့် ကာကွယ်တားဆီးရေးမူဝါဒများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီးနောက်၊ **'ဤအခြေအနေမှ ဆက်လက်၍ အဘယ်နေရာသို့ ဦးတည်သွားကြမည်နည်း'** ဟုမေးရန် အကောင်းဆုံးသော နည်းလမ်းတစ်ခုမှာ ခေတ်စားနေသော လူထုကျန်းမာရေးပြဿနာများနှင့် တည်ရှိဆဲကျောင်းကျန်းမာရေးမူဝါဒများကို **စစ်အကဲဖြတ်ခြင်းနှင့် ကြီးကြပ်ခြင်း**ပင် ဖြစ်သည်။ ဤလုပ်ငန်းများကို အကောင်အထည်ဖော်ရန် နည်းလမ်းတစ်ခုမှာ အောက်ပါအတိုင်းစစ်ဆေးရန် စာရင်းများထားရှိဆောင်ရွက်ခြင်းပင်ဖြစ်သည်။



### ဆောင်ရွက်ရန်လုပ်ငန်း။ ။ကျောင်းမူဝါဒများကို စစ်ဆေးအကဲဖြတ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း

အောက်ဖော်ပြပါအချက်များကို ဆုံးဖြတ်ပေးရန် ရည်ရွယ်၍ စစ်ဆေးရန် စာရင်းကို ပြုစုထားခြင်းဖြစ်သည်–

(က) ကျောင်းကျန်းမာရေး မူဝါဒများကို သတ်မှတ်ပြဋ္ဌာန်းပြီး ဖြစ်မဖြစ်။ မဖြစ်ပါက ၎င်းတို့ကို ပြဋ္ဌာန်းသတ်မှတ်ရန်လိုအပ်မည် သို့မဟုတ်

(ခ) အကယ်၍ မူဝါဒများကို ပြဋ္ဌာန်း သတ်မှတ်ပြီးဖြစ်ပါက ကျောင်းတွင် အကောင်အထည်ဖော် ဆောင်ရွက်ရန် ထိရောက်သောစီမံချက်များ ရှိ မရှိ။ မရှိလျှင် ဆောင်ရွက်မှု အသစ်ကို တိုးတက်ဖွံ့ဖြိုးအောင်လုပ်ရန်လိုအပ်မည်။

ဤစစ်ဆေးရန် စာရင်းသည် ပြည့်စုံမှုရှိမည်မဟုတ်ပေ။ ကျောင်း၏ အခြေအနေကို အခြေခံ၍ ဖြည့်စွက်ရန် လိုပေမည်။ ဤသို့လုပ်ဆောင်ခြင်းသည် အထက်တွင် ဆွေးနွေးခဲ့သော ထောက်ခံချက်များနှင့် အများသဘောတူလုပ်ငန်းများကို ထပ်မံဖြည့်စွက်သည့် ဆောင်ရွက်မှု ကောင်း တစ်ခုဖြစ်ပေသည်။ ဤသို့ဖြင့် ဆောင်ရွက်ရန် လုပ်ငန်းစီမံချက်၏ ပထမအဆင့်တွင် မည်သည်ကို ဆောင်ရွက်ရန်လိုကြောင်းသင်နှင့် သင်၏လုပ်ဖော်ကိုင်ဖက်များကို စဉ်းစားနိုင်ရန် အခွင့်အလမ်းပေးပေမည်။[3]

**ကျောင်းတွင် ခွဲခြားဆက်ဆံမှုများကိုဆန့်ကျင်သည့် တာဝန်ခံနိုင်သောမူဝါဒ များရှိပါသလား။ (ရှိသည်ဆိုလျှင် ဆန်းစစ်ပါ)။**

- ______ လိင်၊ ရုပ်ပိုင်း၊ အသိပညာပိုင်း၊ လူမှုရေး၊ စိတ်လှုပ်ရှားမှု၊ ဘာသာစကားနှင့် အခြား ထူးခြားသည့် ဝိသေသများကိုအလေးမထားဘဲ လူအခွင့်အရေးများကို လေးစားမှု၊ ညီမျှသော အခွင့်အလမ်းများနှင့် ပြုစုဆက်ဆံမှု။
- ______ လိင်မှုဆိုင်ရာနှောင့်ယှက်မှုကို အကာကွယ်ပေးခြင်း သို့မဟုတ် တခြားသော ကျောင်းသားများနှင့် ကျောင်းဝန်ထမ်းများ၏ မမှန်မကန်ဆောင်ရွက်မှုကို တားဆီး ကာကွယ်မှုနှင့် မမှန်မကန်ဆောင်ရွက်သူများကို ထိရောက်သောစည်းကမ်းပိုင်း ဆိုင်ရာအရေးယူမှု။
- ______ မသန်စွမ်း ကျောင်းသား ကျောင်းသူများအတွက် နေရာထိုင်ခင်းသင့်လျော်ပြည့်စုံမှု ကြောင့် ၎င်းတို့၏ ကျန်းမာရေးနှင့် ညီညွတ်သော ဝန်းကျင်သည် သင်ယူမှုအတွက် စာသင်ခန်းများနှင့် အခြားလိုအပ်သော အသုံးအဆောင်ပစ္စည်းများရရှိနိုင်မှု။
- ______ ကိုယ်ဝန်ဆောင်ရသော မိန်းကလေးများကို ကျောင်းမှထုတ်ပယ်၍ ပြင်ပသို့ ရောက်စေမှု။
- ______ မိခင်ငယ်များ ပညာဆက်လက်သင်ယူခွင့်ရရေး ကူညီမှုအားပေးမှု။
- ______ မတည်ငြိမ်သော သို့မဟုတ် အရေးအခင်းဖြစ်နေသည့် အခြေအနေများတွင် နေရသည့် လူနည်းစုအုပ်စုများ၊ မိဘမဲ့ကလေးများ၊ မိန်းကလေးငယ်များကဲ့သို့ ဘဝနောက်ခံနှင့် စွမ်းရည်အမျိုးမျိုးရှိသောသူများသည် အရည်အသွေးရှိ ပညာရေး သင်ယူခွင့်ရရှိမှု။
- ______ ဆရာများနှင့် အခြားဝန်ထမ်းများသည် သင့်တော်သောပြင်ဆင်မှုနှင့် အထောက်အပံ့ ရရှိမှု၊ အခကြေးငွေအညီအမျှပေးအပ်ခံရမှု။

[3] Adapted from:UNESCO (2002) FRESH: A Comprehensive School Health Approach to Achieve EFA. Paris. (ED-2002/WS/8 Rev.)

**အောက်ပါအချက်များတွင် အကြမ်းဖက်မှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုကို ဆန့်ကျင်သည့် တာဝန်ခံနိုင်သော ကျောင်းမူဝါဒများ ရှိပါသလား။**

______ ကျောင်းက ဘေးအန္တရာယ်ကင်းသော၊ ကျန်းမာသော၊ ကာကွယ်မှုပေးနိုင်သော နေရာနှင့် ရုပ်ပိုင်းပတ်ဝန်းကျင်၊စိတ်ပိုင်းလူမှုရေးပတ်ဝန်းကျင် နှစ်ခုစလုံးက သင်ယူမှုကို အားပေးမှု။

______ ကျောင်းပရဝဏ်အတွင်း လက်နက်ကိုင်ဆောင်မှု၊ တားမြစ်ပိတ်ပင်မှုနှင့် အကြမ်းဖက်မှုနှင့် အနိုင်ကျင့်မှုတို့ကို သုညအဆင့်အထိ သည်းခံနိုင်မှု။

______ မူးယစ်ဆေးဝါး အရက်သေရည်နှင့်ဆေးလိပ်ကင်းစင်သည့် ပတ်ဝန်းကျင်ရှိမှု။

**အောက်ပါအချက်များတွင် တာဝန်ခံနိုင်သော သန့်ရှင်းသည့်သောက်သုံးရေ၊ ကျန်းမာရေးကိုကာကွယ်သော ပတ်ဝန်းကျင်ဆိုင်ရာကျောင်းမူဝါဒများရှိပါသလား။**

______ အလွယ်တကူရရှိနိုင်၍ စနစ်တကျ သိုလှောင်ထားနိုင်ပြီး သောက်သုံးရန် သင့်လျော်သောရေ အလုံအလောက်ပေးနိုင်မှု။

______ ယောကျ်ားလေးများ၊ မိန်းခလေးများ၊ ဆရာ၊ ဆရာမများအတွက် သီးခြားကျားမ အိမ်သာများထားရှိမှု။

______ လုံလောက်သော အိမ်သာအရေအတွက်

______ အမှိုက်သရိုက်နှင့် အခြားစွန့်ပစ်ပစ္စည်းများအတွက် စနစ်တကျစီစဉ်ဆောင်ရွက်မှု။

______ ရေနှင့်ကျန်းမာရေး ကာကွယ်စောင့်ရှောက်မှု အထောက်အပံ့ပစ္စည်းများ စနစ်တကျ ထိန်းသိမ်းမှု။

______ ပညာရေးစနစ်တည်ဆောက်ပုံနှင့်ပြန်လည်သုံးစွဲရေးပြုန်းတီးမှု။

**အောက်ပါအချက်များတွင် ကျွမ်းကျင်မှုအခြေပြု ကျန်းမာရေးပညာမြှင့်တင်ရေးအတွက် တာဝန်ခံနိုင်သော ကျောင်းမူဝါဒများရှိပါသလား။**

______ အခြေခံပညာရေးသင်ရိုးညွှန်းတမ်း၏ ပုံမှန်အစိတ်အပိုင်းအဖြစ် ယောကျ်ားလေးများနှင့်မိန်းကလေးများအား သင့်တော်သော အတတ်၊ ကျွမ်းကျင်မှု အခြေပြု ကျန်းမာရေးနှင့် မိသားစုဘဝပညာရေးခွဲဝေမှု။

______ HIV / AIDS ရောဂါ၊ မူးယစ်ဆေးဝါးသုံးစွဲမှု၊ အစီအစဉ်မရှိသော ကိုယ်ဝန်ဆောင်မှု တို့နှင့် ဆက်နွယ်သော ဘေးအန္တရာယ်များသည့် အပြုအမူမျိုးကို တားဆီးရန် သို့မဟုတ် လျှော့ချရန် အစီအစဉ်များရှိမှု။

______ မိဘမဲ့ကလေးများအပါအဝင် ရောဂါစွဲကပ်နေသော ကျောင်းသားများအတွက် လူမှုရေးအထောက်အပံ့နှင့် ဆွေးနွေးအကြံပေးမှု။

______ ဆယ်ကျော်သက်အရွယ်များ အထူးသဖြင့် မိန်းကလေးများ၏ ကျန်းမာရေးဆိုင်ရာ ပြဿနာများဖြေရှင်းပေးရန် ဖြစ်ပွားရာနေရာ၌ ဝန်ဆောင်မှုပေးခြင်းနှင့် လူငယ် များဆိုင်ရာ လိုက်ဖက်သည့် လက်ကမ်းကူညီထောက်ပံ့မှု။

**အောက်ပါအချက်များတွင် တာဝန်ခံနိုင်သော ကျန်းမာရေးနှင့်အာဟာရ ကျွေးမွေးမှု မြှင့်တင်ရေးဆိုင်ရာ ကျောင်းမူဝါဒများ ရှိပါသလား။**

______ ကျောင်းသားတစ်ဦးချင်းအတွက် ကျောင်းကျန်းမာရေးမှတ်တမ်းထိန်းသိမ်းမှု။

______ ကျန်းမာရေး၊ သွားဘက်ဆိုင်ရာနှင့်အာဟာရအခြေအနေကို ပုံဖော်စစ်ဆေးမှု။

______ ယောကျာ်းလေးနှင့် မိန်းကလေးများအတွက် ရုပ်ပိုင်းဆိုင်ရာ လေ့ကျင့်ခန်းနှင့် အပန်း ဖြေရေးတို့တွင် ညီမျှသော အခွင့်အလမ်းများရရှိမှု။

______ ကျန်းမာရေးဆိုင်ရာ လွယ်ကူသည့် ကြားဝင်ဆောင်ရွက်မှုပေးနိုင်ရေးအတွက် ဆရာ များအား သင်တန်းနှင့်ထောက်ပံ့မှု။

______ သဘာဝဘေးအန္တရာယ်များနှင့် ပုဂ္ဂိုလ်ရေး ထိခိုက်ဒဏ်ရာရမှုများအတွက် အချိန်မီနှင့် ထိရောက်သော အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေးစနစ်ရှိမှု။


______ အာဟာရချို့တဲ့သော ကလေးများကဲ့သို့ ရောဂါရလွယ်သော ကလေးများအတွက် အစားအစာရရှိနိုင်ခွင့်ရှိမှု။

______ ကျောင်းတွင်း အစားအစာရောင်းချသူများနှင့် အစားအစာ၏အရည်အသွေး၊ သန့်ရှင်းရေးနှင့် အစားအစာများ၏ အဆင့်အတန်းဆိုင်ရာ စည်းမျဉ်းသတ်မှတ်ပြဋ္ဌာန်း ချက်ရှိမှု။

______ မူကြိုနှင့်ကျောင်းနေအရွယ်ကလေးများကို ဦးတည်သည့် ကျန်းမာရေးပညာနှင့် လုပ်ငန်းများတိုးတက်ရေးတွင် ဒေသခံပြည်သူလူထုပါဝင်မှု။

**သတိပြုရန်အချက်**

**ဖြည်းဖြည်းနှင့် မှန်မှန်ဆောင်ရွက်ပါ။** မူဝါဒဖွံ့ဖြိုးတိုးတက်မှုနှုန်းနှင့် ပြောင်းလဲမှုများကို အစပျိုးခြင်းတို့ကို ဖြည်းဖြည်းဆောင်ရွက်သင့်ပါသည်။ သို့မှသာ ပါဝင်ဆောင်ရွက်သူများ ပြောင်းလဲမှုများနှင့် ပတ်သက်၍ သက်တောင့်သက်သာခံစားရပြီး ထိုပြောင်းလဲမှုများသည် မိမိတို့အတွက် လိုအပ်ကြောင်း အပြည့်အဝနားလည်ကြပေမည်။



## ဆောင်ရွက်ရန်လုပ်ငန်း။ ။လူထုကျန်းမာရေးပြဿနာများကိုစစ်ဆေးအကဲဖြတ်ခြင်းနှင့် ကြီးကြပ်ခြင်း

ကလေးများ၏အရည်အချင်း၊ အထူးသဖြင့် ဘဝနောက်ခံနှင့်စွမ်းရည်အမျိုးမျိုးရှိသောသူများ ကျောင်းတွင်းရှိနေရေးသည် ကျွန်ုပ်တို့ကျောင်းများတွင် သတ်မှတ်ပြဋ္ဌာန်းထားသော မူဝါဒများနှင့် စီမံချက်များပေါ်တွင်သာ တည်မှီခြင်းမဟုတ်ပေ။ ကလေးများ၏အသိုင်းအဝိုင်းတွင် အဓိကကျန်းမာရေးပြဿနာများနှင့် ကျွန်ုပ်တို့၏မူဝါဒများသည် မည်မျှထိရောက်စွာဆက်နွယ်နေသည့်အချက်ပေါ်တွင်လည်း တည်မှီနေပေသည်။

အဘယ်ကြောင့်ဆိုသော် ထိုပြဿနာများသည် ကလေးများနှင့်၎င်းတို့၏ သင်ယူမှုဝန်းကျင်ကို နီးကပ်စွာ အကျိုးသက်ရောက်မှုရှိစေသောကြောင့်ဖြစ်သည်။ ကျောင်း၏ မူဝါဒများနှင့် အစီအစဉ်များသည် ကျောင်းတွင်ပင် ဖြေရှင်းနိုင်ရန် ဖွံ့ဖြိုးတိုးတက်စေသင့်ပြီး ဒေသဆိုင်ရာ ခေါင်းဆောင်များသည် ကလေးများ၏မိသားစုများနှင့်သာမက ပြည်သူလူထုနှင့်ပါ ပူးတွဲဆောင်ရွက်သင့်ပေသည်။ အောက်ပါအချက်များသည် လူထုကျန်းမာရေး ပြဿနာများကို ဆန်းစစ်ရန်နှင့်ကြီးကြပ်ရန် လမ်းညွှန်တစ်ခုအဖြစ် ပထမခြေလှမ်းအနေဖြင့် ရပ်ရွာလူထုခေါင်းဆောင်များနှင့် ဆွေးနွေးပြောဆိုရန်ဖြစ်ပြီး ထို့နောက်တွင် သင့်လျော်သော မူဝါဒနှင့်ဆောင်ရွက်ရန် စီမံချက်များတိုးတက်အောင် ဆောင်ရွက်ရန်ဖြစ်သည်။[4]

**ညွှန်ကြားချက်များ။** သင်၏ကျန်းမာရေးပြဿနာများနှင့် စပ်လျဉ်း၍ရှိပြီး ဗဟုသုတအပေါ် အခြေခံလျက် သင်၏ရပ်ရွာအဖွဲ့အစည်းတွင် ယေဘုယျဖြစ်သောအချက်များကို စာရင်းပြုစုပါ။ တစ်ခုချင်းသည် မည်မျှအရေးပါပြီး စိုးရိမ်ဖွယ်အခြေအနေရှိကြောင်းပြသရန် ကိန်းဂဏန်းကို စက်ဝိုင်းပုံဝိုင်းပါ။

---

[4] Adapted from:World Health Organization (2000) Local Action: Creating Health Promoting Schools. Geneva.

**(၁) ပြဿနာမဟုတ်။**

**(၂) အသင့်အတင့် သေးငယ်သောပြဿနာ။**

**(၃) ပြဿနာတစ်စုံတစ်ရာဖြစ်သည်။**

**(၄) အရေးပါသောပြဿနာ။**

**(၅) အလွန်အရေးပါသောပြဿနာ။**

ထို့နောက် ကျောင်းသားများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းနှင့်ရပ်ရွာအဖွဲ့အစည်းကို ကျန်းမာရေးနှင့် ပတ်သက်၍လည်းကောင်း၊ ကြီးပွားတိုးတက်မှု၊ကျောင်းပျက်ကွက်မှု၊ ပညာရေးဆိုင်ရာ စွမ်းဆောင်မှုအဆင့်များတွင် ထပ်ကျော့နေရမှု၊ စီးပွားရေးအရအချက်အချာကျမှု၊ သင်ကြားမှုအရည်အသွေးနှင့်ကျန်းမာရေးအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်မှုများနှင့်ပတ်သက်၍ လည်းကောင်း၊ ပြဿနာတစ်ခုစီသည် မည်သည့်နည်းလမ်းများဖြင့် အကျိုးသက်ရောက်စေကြောင်းဖော်ပြပါ။ နောက်ဆုံးတွင် သီးခြားပြဿနာတစ်ခုစီအတွက် ခက်ခဲပြင်းထန်နေမှုကို လျော့ပါးစေရန် ကျောင်းတွင် မည်သည့် မူဝါဒလိုအပ်ကြောင်းကို ခွဲခြားရွေးထုတ်ပါ။ သာဓက– ဆေးလိပ်သောက်သုံးမှုသည် (တိုက်ရိုက်သောက်သုံးမှု သို့မဟုတ် တစ်ဆင့်ခံ သောက်သုံးမှုသည်) ကလေးများ၊ မိသားစုဝင်များ၊ ဆရာများ၏ ကျန်းမာရေးကို နှောင့်ယှက်ဟန့်တားသော ပြင်းထန်သည့် ပြဿနာတစ်ခုဖြစ်ပါက ကျောင်းသည် ဆေးလိပ်ကင်းစင်သည့် ကျောင်းဖြစ်ရန် မူဝါဒကို ဖော်ထုတ်ပြဋ္ဌာန်းသင့်သည်။ ဤပြဋ္ဌာန်းမှုသည် ကျောင်းပရဝဏ်အတွင်း ဆရာများနှင့် တစ်ခြားသော ကျောင်းအမှုထမ်းများ ဆေးလိပ်သောက်သုံးခြင်းကို တားဆီးပိတ်ပင်မှုပါဝင်ပြီး ကလေးများရှေ့တွင် ဆေးလိပ်မသောက်ခြင်းဖြင့် ကလေးများအတွက် ကောင်းသော နမူနာယူစရာ စံများအဖြစ် ဆောင်ရွက်နိုင်ပေသည်။

| ကျန်းမာရေးပြဿနာများ | မည်မျှပြင်းထန်သည် | ကျောင်းသားများ၊ ဆရာများကျောင်းနှင့် လူထုအပေါ် အကျိုးသက်ရောက်မှု | ကျောင်းမူဝါဒများ ဆောင်ရွက်မှုဖြင့် ပံ့ပိုးနိုင်မှု |
|---|---|---|---|
| – အရက်သောက်သုံးမှု | ၁ ၂ ၃ ၄ ၅ | | |
| – ဆေးလိပ်သုံးစွဲမှု | ၁ ၂ ၃ ၄ ၅ | | |
| – ကာကွယ်ဆေးထိုးနှံနိုင်သော ရောဂါများ | ၁ ၂ ၃ ၄ ၅ | | |
| – ဒဏ်ရာ အနာတရဖြစ်မှုအမြင် နှင့် အကြားပြဿနာများ | ၁ ၂ ၃ ၄ ၅ | | |
| – သံကောင်ရောဂါကူးစက် | ၁ ၂ ၃ ၄ ၅ | | |
| – ငှက်ဖျားရောဂါ | ၁ ၂ ၃ ၄ ၅ | | |
| – စိတ်ကျန်းမာရေးပြဿနာများ | ၁ ၂ ၃ ၄ ၅ | | |
| – အာဟာရဓာတ်ချို့တဲ့မှု (ဗီတာမင် အေ၊ သံဓာတ်၊ အိုင်အိုဒင်း) | ၁ ၂ ၃ ၄ ၅ | | |
| – အသားဓာတ်(ပရိုတင်း)စွမ်းရည် ချို့တဲ့မှု | ၁ ၂ ၃ ၄ ၅ | | |
| – ခံတွင်းဆိုင်ရာကျန်းမာရေး ပြဿနာများ | ၁ ၂ ၃ ၄ ၅ | | |
| – အသက်ရှူလမ်းကြောင်းရောဂါ များ | ၁ ၂ ၃ ၄ ၅ | | |
| – မသန့်ရှင်းသောရေ | ၁ ၂ ၃ ၄ ၅ | | |
| – ညံ့ဖျင်းသော ကျန်းမာရေး အန္တရာယ်များ | ၁ ၂ ၃ ၄ ၅ | | |
| – HIV/ AIDS နှင့် STI | ၁ ၂ ၃ ၄ ၅ | | |
| – မရည်ရွယ်သောကိုယ်ဝန်ဆောင် ရမှုများ | ၁ ၂ ၃ ၄ ၅ | | |
| – အကြမ်းဖက်မှု (ဒေသတွင်းနှင့် ပြင်ပ) | ၁ ၂ ၃ ၄ ၅ | | |
| – အခြား | ၁ ၂ ၃ ၄ ၅ | | |

## အကြမ်းဖက်မှုကိုင်တွယ် ဖြေရှင်းခြင်း။ မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

ဘဝနောက်ခံနှင့်စွမ်းရည်အမျိုးမျိုးရှိသော ကလေးများသည် ကျောင်းတက်သည်နှင့် ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်ပြုမှုခံရရန် အများဆုံးဖြစ်နိုင်ခြေရှိသူများဖြစ်ကြသည်။ အခြားသူများနှင့်ခြားနားမှုကို အသားပေးခြင်းဖြင့် ကျောင်းတွင်းနှင့် ကျောင်းပြင်ပသို့တိုင် သူတို့ကိုယ်သူတို့ တခြားသောသူများနှင့် ကင်းကွာစေရန် အကြောင်းရှာတတ်ပေသည်။ အဆိုးဝါးဆုံးဖြစ်နိုင်မှုမှာ လိင်မှုဆိုင်ရာနှောင့်ယှက်မှုနှင့် ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများက တစ်ဆင့် အသက်ဆုံးရှုံးသည်အထိ ဦးတည်သွားနိုင်ခြင်းပင် ဖြစ်သည်။

အကြမ်းဖက်မှု ပုံစံများစွာရှိပြီး ကွဲပြားခြားနားသော ယဉ်ကျေးမှုအရ ကွဲပြားခြားနားစွာ နားလည်သဘောပေါက်မှုရှိကြသည်။ ဤလက်စွဲစာအုပ်တွင်မူအကြမ်းဖက်မှုသည် ရည်ရွယ်ချက်ဖြင့် ရုပ်ပိုင်းအင်အားအသုံးချပြီး ခြိမ်းခြောက်မှု သို့မဟုတ် အမှန်တကယ် မိမိကိုယ်ကို သို့မဟုတ် တခြားပုဂ္ဂိုလ်နှင့် အုပ်စုတစ်စု သို့မဟုတ် လူ့အဖွဲ့အစည်းကို ကျူးလွန်ခြင်းဟုဆိုလို ခြင်းဖြစ်သည်။ ရလဒ်အနေဖြင့် အလွန်ဖြစ်နိုင်ခြေရှိသော ဒဏ်ရာအနာတရဖြစ်မှု၊ သေဆုံးမှု၊ စိတ်ပိုင်းထိခိုက်မှု၊ ရုပ်ပိုင်းဖွံ့ဖြိုးတိုးတက်မှု နှေးကွေးစေမှု သို့မဟုတ် ချို့တဲ့ဆုံးရှုံးမှုတို့ဖြစ်သည်။ အစဉ်သဖြင့် အကြမ်းဖက်မှုကို ကလေးတစ်ဦးက အခြားကလေးတစ်ဦးကို ရိုက်ပုတ်ခြင်းဟု တွေးထင်သော်လည်း အမှန်မှာ အကြမ်းဖက်မှုသည် အခြေခံအားဖြင့် ပုံစံသုံးမျိုးသာ ဖြစ်ကြောင်းတွေ့ရသည်။

**မိမိကိုယ်ကို မိမိဒုက္ခပေးသည့် အကြမ်းဖက်မှု**သည် မိမိကိုယ်ဦးတည်သည့် ရည်ရွယ်ချက်ဖြင့် ဘေးအန္တရာယ်ဖြစ်စေသော အပြုအမူများဖြစ်ပြီး ရလဒ်အနေဖြင့် မိမိကိုယ်ကို မိမိသတ်သေခြင်းအထိဖြစ်စေသည်။ အခြားသောအမျိုးအစားတွင် မိမိကိုယ်ကို သတ်သေရန် ကြိုးစားမှုနှင့် မိမိကိုယ်ကို ပျက်စီးစေမှု၊ မိမိကိုယ်ကို အင်္ဂါချို့ယွင်းအောင်ပြုမူခြင်း။

**ပုဂ္ဂိုလ်တစ်ဦးချင်းအကြမ်းဖက်မှု**သည် လူပုဂ္ဂိုလ်တစ်ဦးချင်းစီကြားတွင် အကြမ်းဖက်သောအပြုအမူဖြစ်ပြီး အကြမ်းဖက်ခံပုဂ္ဂိုလ်ချင်း ဆက်နွယ်မှုအဖြစ် အတန်းအစား ခွဲခြား သတ်မှတ်နိုင်ပေသည်။ ပုဂ္ဂိုလ်တစ်ဦးချင်း အကြမ်းဖက်မှုအမျိုးအစားတွင် အနိုင်ကျင့်မှုနှင့် အနှောင့်အယှက်ပေးမှုပါဝင်သည်။

**'အဖွဲ့အစည်းဖြင့် အကြမ်းဖက်မှု'**ဆိုသည်မှာ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး သီးခြားရည်ရွယ်ချက်များဖြင့် လူမှုရေး သို့မဟုတ် နိုင်ငံရေးအုပ်စုများက ဆောင်ရွက်သော အကြမ်းဖက်သည့် အပြုအမူဖြစ်သည်။ သာဓက– စည်းမဲ့လူစုများ၊ ဂိုဏ်းအဖွဲ့များ၊ အုပ်စုများ အကြားပေါ်ပေါက်သည့် လူမျိုးရေး၊ ဘာသာရေးပဋိပက္ခများ ပါဝင်ပါသည်။

အကြမ်းဖက်မှု၏အကြောင်းရင်းများသည် အဘယ်နည်း။ အကြမ်းဖက်မှုများ၏ အကြောင်းရင်းများသည် ရှုတ်ထွေး၍ အမျိုးမျိုးကွဲပြားခြားနားသည်။ အောက်တွင် အကြမ်းဖက်သောအပြုအမူကို ဖြစ်ပေါ်စေသော အချက်များကို စာရင်းပြုစုဖော်ပြထားသည်။ ဤအချက်များကို အသုံးပြု၍သော်လည်းကောင်း၊ ထပ်မံတိုးချဲ့၍သော်လည်းကောင်း ကျောင်းသားများ၊ မိသားစုများနှင့်လူ့အဖွဲ့အစည်းဝင်များကို အကြမ်းဖက်မှုမှ လျော့ပါးပပျောက်အောင် ကြိုတင်ဆောင်ရွက်ရန်နှင့် ကျောင်းမူဝါများ အစီအစဉ်များက အကြမ်းဖက်မှုများကို တုံ့ပြန်ဆောင်ရွက်နိုင်မှု ရှိ မရှိ ဆန်းစစ်အကဲဖြတ်ရန်ဖြစ်ပါသည်။

**အကြမ်းဖက်မှု၏အကြောင်းရင်းများ။ ကျောင်းနှင့်ရပ်ရွာ အဖွဲ့အစည်းတွင် ဤအကြောင်းရင်းများရှိပါသလား[5]၊**

**ကလေးအဆင့်စရိုက်လက္ခဏာများ** –

- ❖ အကြမ်းဖက်မှုနှင့် စပ်လျဉ်း၍ အသိပညာဗဟုသုတ၊ ခံယူချက်သဘောထား၊ အတွေးအဆများနှင့် ဆက်သွယ်ရေးဆိုင်ရာ ကျွမ်းကျင်မှုဖွံ့ဖြိုးရေး အားနည်းခြင်းကဲ့သို့သော ကျွမ်းကျင်မှုများ၊ ချို့တဲ့ခြင်းများ။
- ❖ မူးယစ်ဆေးဝါးနှင့်အရက်သေစာသုံးစွဲမှု။
- ❖ ပုဂ္ဂိုလ်အချင်းချင်းအကြမ်းဖက်မှုကိုခံရခြင်း သို့မဟုတ် မျက်မြင်ကြုံတွေ့ရမှု။
- ❖ သေနတ်များနှင့်အခြားလက်နက်များရရှိနိုင်မှု။

**မိသားစုအဆင့် အကူအညီပေးနိုင်မည့်အချက်များ** –

- ❖ မိဘများ၏ချစ်ခင်မှုနှင့် ပံ့ပိုးမှုကင်းခြင်း။
- ❖ မိသားစုအတွင်း အကြမ်းဖက်မှုဖော်ထုတ်ပြသခွင့်ရှိခြင်း။
- ❖ ရုပ်ပိုင်းဆိုင်ရာပြစ်ဒဏ်ပေးမှုနှင့် ဆိုးသွမ်းလူငယ်ဖြစ်ခြင်း။
- ❖ ရာဇဝတ်မှုကျူးလွန်သော မိဘများ သို့မဟုတ် ညီအကိုမောင်နှမများရှိခြင်း။

[5] Adapted from: World Health Organization (1998) WHO Information Series on School Health, Document Three-Violence Prevention: An Inportant Element of a Health Promoting School, Geneva.

**ရပ်ရွာအဖွဲ့အစည်းနှင့် အခြားပတ်ဝန်းကျင်ဆိုင်ရာအချက်များ၏ ပံ့ပိုးမှုများ –**

- ❖ လူမှုစီးပွားရေးမညီမျှမှု၊မြို့ပြဆန်မှုနှင့်လူနေထူထပ်မှု၊
- ❖ လူငယ်များကြားတွင် အလုပ်လက်မဲ့များပြားမှု၊
- ❖ လူထုဆက်သွယ်ရေး မီဒီယာများ၏ ဩဇာလွှမ်းမိုးမှု၊
- ❖ အကြမ်းဖက်မှုအပြုအမူများကို ပံ့ပိုးသည့် လူမှုရေးစံများရှိမှု၊
- ❖ လက်နက်များရရှိနိုင်မှု၊



**ဆောင်ရွက်ရန်လုပ်ငန်းများ။ အကြမ်းဖက်မှုကို ပုံဖော်ခြင်း။**

အများစုက ကျောင်းနှင့်ရပ်ရွာအဖွဲ့အစည်းများကို အကြမ်းဖက်သည့် နေရာများအဖြစ် မစဉ်းစားမိကြပေ။ သို့ရာတွင် အကြမ်းဖက်မှုအများစုသည် သတိမထားမိဘဲ ဖြစ်ပွားနေခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ပြစ်မှုကျူးလွန်သူနှင့် အကျူးလွန်ခံသူ နှစ်ဦးစလုံးက ထိုအကြောင်းနှင့် ပတ်သက်၍ သူတို့၏ဆရာလည်းမသိစေလို၍ဖြစ်သည်။ ထို့ပြင် အကြမ်းဖက်မှုဖြစ်ရပ်များသည် ကျောင်းပြင်ပတွင်လည်းဖြစ်ပွားနိုင်သည်။ ကျောင်းအလာလမ်းတွင် ကလေးသည် အကြမ်းဖက်ခံရသော်လည်း၊ အကျိုးသက်ရောက်မှုများကို ကျောင်းနှင့်စာသင်ခန်းသို့တိုင် သယ်ဆောင်လာသောကြောင့်ဖြစ်သည်။

ကျောင်းသားများအား ဆန်းစစ်လွှာများဖြေဆိုစေခြင်းဖြင့်လည်းကောင်း၊ (စာအုပ်ငယ် (၄)တွင် သာဓကများကိုဖော်ပြထားသည်။) အုပ်စုများတွင် ပါဝင်ဆွေးနွေးခြင်းနှင့် ပုံဖော်ခြင်းအားဖြင့်လည်းကောင်း၊ ကျောင်းတစ်ကျောင်း၏ အကြမ်းဖက်မှုအတိုင်းအတာကို နည်းလမ်းများစွာဖြင့် ဆုံးဖြတ်နိုင်ပေသည်။

ကျောင်းကို ပုံဖော်ခြင်းသည် ကျောင်းအတွင်း မည်သည့်နေရာနှင့် မည်သည့်အချိန်တွင် အကြမ်းဖက်မှုပေါ်ပေါက်သည်။ မည်သည့်အကြမ်းဖက်မှုအမျိုးအစားဖြစ်သည် (မိမိကိုယ်ကို မိမိ ခံစားစေသည့် အကြမ်းဖက်မှု) မည်သူတို့သည်အများဆုံးခံစားရဖြစ်၍ မည်သူတို့က ပြစ်မှုကျူးလွန်သူများဖြစ်သည်တို့ကို ဆုံးဖြတ်နိုင်ရန် ရည်ရွယ်ရင်းဖြစ်သည်။ ပုံဖော်ခြင်းဖြစ်စဉ်သည် အကြမ်းဖက်မှုကိုကြပ်မတ်ရန်နှင့်ထိန်းသိမ်းရန် တန်ဖိုးရှိသော လက်စွဲဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပုံဖော်ခြင်းက အောက်ပါတို့ကို စွမ်းဆောင်နိုင်ပါသည်–

၁။ ပိုမိုထိရောက်သော မူဝါဒများဖြစ်လာရန်ဦးတည်ကာ ကျောင်းများတွင် အကြမ်းဖက်မှုနှင့် စပ်လျဉ်း၍ ကျောင်းသားများ၊ ဆရာ ဆရာမများ၊ အုပ်ချုပ်သူများကို ဆွေးနွေးပြောဆိုစေရန် အားပေးနိုင်သည်။

၂။ ကျောင်းတွင် အကြမ်းဖက်မှုဆန့်ကျင်ရေးမူဝါဒများကို ထောက်ခံရန် ဖန်တီးသည့် အကြမ်းဖက်မှုဟန့်တားရေးအစီအစဉ်များကို အကဲဖြတ်ရန် အကူအညီပေးနိုင်သည်။

၃။ အခြားအကြမ်းဖက်မှုဟန့်တားရေးလုပ်ငန်းတွင် ကျောင်းမှ ပါဝင်ဆောင်ရွက်မှုကို တိုးပွားစေသည်။

ရှေ့ပိုင်းတွင်ပြခဲ့သော ကျောင်းနှင့် ရပ်ရွာဝန်းကျင်မြေပုံဆွဲခြင်းနှင့် အလားတူ လုပ်ငန်းစဉ်ကို အသုံးပြု၍ ကျောင်း၏အကြမ်းဖက်မှုပုံဖော်ခြင်းကို ဆောင်ရွက်နိုင်သည်။ ဆရာများနှင့် ကျောင်းသားများကို ကျောင်းမြေပုံများပေးခြင်းဖြင့် စတင်နိုင်သည်။ သို့တည်းမဟုတ် သူတို့ဘာသာသူတို့ မြေပုံများကို ရေးဆွဲဖန်တီးနိုင်သည်။ ထို့နောက် အကြမ်းဖက်မှု မည်သည့်နေရာ၊ မည်သည့်အချိန်၊ မည်သို့သော အခြေအနေနှင့် မည်သူက အစဉ်သဖြင့် ပါဝင် ပတ်သက်နေသည်တို့ကို သက်သေအထောက်အထားပြရန် မေးမြန်းနိုင်ပါသည်။ ထို့နောက် ဤမြေပုံများကို ခွဲခြားစိတ်ဖြာပြီး အကြမ်းဖက်မှုဖြစ်ရာ သို့မဟုတ် ပေါ်ပေါက်နိုင်ဖွယ် ပြဿနာနေရာများကို သက်သေအထောက်အထားဖြင့် ပြသရန်ဖြစ်သည်။

အခြားဆရာများသည် ထိုကဲ့သို့သောမြေပုံများကို အသုံးပြုပြီး ကျောင်းပရဝဏ်တွင် ကြိုတင်ခန့်မှန်းအချိန်နှင့်နေရာများတွင် ပေါ်ပေါက်နိုင်ကြောင်းမှန်းဆနိုင်ကြသည်။[6] ဆရာအနည်းငယ် သို့မဟုတ် ဆရာလုံးဝမရောက်ရှိနိုင်သော နေရာများတွင် အကြမ်းဖက်မှုအဖြစ်အပျက်များအများဆုံးဖြစ်ပွားကြောင်း အံ့သြဖွယ်မကောင်းစွာ တွေ့ရှိရသည်။

ကျောင်းတွင်းအကြမ်းဖက်မှုလျော့ကျစေရေးအတွက် အကြီးမားဆုံးအောင်မြင်ဖြစ်နိုင်ခြေမှာ ဆရာများကိုင်တွယ်ဆောင်ရွက်သည့်မူဝါဒများနှင့် ဝင်ရောက်ဟန့်တားခြင်းများပင်ဖြစ်သည်။ သို့ရာတွင် ကလေးများကိုယ်တိုင်ပါဝင်ဆောင်ရွက်ရမည်ဖြစ်သည်။ ကျောင်းတွင် အကြမ်းဖက်မှု အဖြစ်နိုင်ဆုံးနေရာများဘယ်မှာရှိသည်၊ အဘယ့်ကြောင့် အချို့ကလေးများသည်

[6] Monitoring School Violence: Publications and Related Research Summaries. Global Program on Youth, University of Michigan, School of Social Works. This is an excellent Web site for resources on dealing with violence in the school. It can be found at http://gpy.ssw.umich. edu.

အကြမ်းဖက်လွယ်တတ်ကြောင်းနှင့် ဤနေရာများနှင့် ကလေးများအတွင်း အကြမ်းဖက်မှု လျော့ပါးအောင် ဘာကို လုပ်ဆောင်နိုင်သည်ကို အုပ်စုအလိုက်ဆွေးနွေးပွဲများ ပြုလုပ်ပေး သင့်သည်။ ကျောင်းတွင် အကြမ်းဖက်မှုရပ်တန့်စေရန်လှုပ်ရှားမှုရေးအဖွဲ့ အစည်းဝင်များပါဝင်ဆောင် ရွက်မှုတိုးလာခြင်းသည် လူမှုပတ်ဝန်းကျင်ကို တိုးတက်စေနိုင်ပေသည်။ ကလေးများ ကျောင်းသို့ အလာနှင့် အိမ်သို့အပြန်ကဲ့သို့ ကျောင်းပြင်ပတွင် ပေါ်ပေါက်သည့် အကြမ်းဖက်မှုမျိုးသည် အထူးအရေးကြီးပေသည်။ ဤနေရာတွင် ပုံဖော်သည့်နည်းဗျူဟာကိုအသုံးပြုနိုင်ပြီး ကျောင်းနှင့် ရပ်ရွာအဖွဲ့အစည်းအတွင်း ဖြစ်ပေါ်သည့်အကြမ်းဖက်မှုကို ပုံဖော်နိုင်ပေသည်။

ဤနေရာတွင် ကျောင်းနှင့်ရပ်ရွာအဖွဲ့အစည်းပုံဖော်သည့် လေ့ကျင့်ခန်းကို ဖော်ပြထား သော စာအုပ်ငယ်(၃)ကို အသုံးချနိုင်ပါသည်။ မည်သူတို့သည်အများဆုံး ဓားစာခံဖြစ်ပြီး အမှားကျူးလွန်သူများဖြစ်၍ မည်သို့သော အကြမ်းဖက်မှု အမျိုးအစား ပါဝင်ပတ်သက်နေသည်၊ ကလေးများကို အကြမ်းဖက်မှုဘယ်နေရာတွင် မကြာခဏပေါ်ပေါက်သည် စသည်တို့ကို ကလေးများလည်း သူတို့၏ရပ်ရွာအဖွဲ့အစည်းတွင် ပုံဖော်နိုင်ပေသည်။ လူ့အဖွဲ့အစည်းနှင့် ကျောင်းတို့ပေါင်းစပ်ကာ ဟန့်တားသည့် ထိရောက်သောအစီအစဉ်များကို တာဝန်ယူ ဆောင်ရွက်ရန်၊ အဖြေရှိရေးအဆိုပြုရန်၊ အချို့နေရာများသည် အဘယ့်ကြောင့် အကြမ်းဖက်မှု ဖြစ်လွယ်ဆုံးနေရာဖြစ်သည်တို့ကို သတ်မှတ်နိုင်ရန်တို့အတွက် ဤပုံဖော်သည့်ပုံစံ အမျိုးအစား သည် အကောင်းဆုံးပထမခြေလှမ်းအဖြစ် လူ့အဖွဲ့အစည်းဝင်အားလုံး အတူတကွ ဆောင်ရွက် နိုင်ပါသည်။

### မိန်းကလေးများအတွက် လုံခြုံစိတ်ချရသောနေရာ

မိန်းကလေးများနှင့်သူတို့၏ မိသားစုဂုဏ်သိက္ခာကို ထိခိုက်စေသည့် စော်ကားမှု အန္တရာယ်ကို စိုးရိမ်သောကြောင့် နီပေါနိုင်ငံတွင် မိဘအများစုသည် သူတို့၏သမီးများကို ကျောင်းသို့စေလွှတ်ရန် ငြင်းဆန်ကြသည်။ ကလေးများ အထူးသဖြင့် မိန်းကလေး များသည် သူတို့၏ပတ်ဝန်းကျင်အဝန်းအဝိုင်းကို လုံခြုံ စိတ်ချရသောနေရာအဖြစ်မည်သို့ ပြောင်းလဲ၍ ပညာသင်ယူမှုကို ပြုနိုင်ပါမည်နည်း။ ဤကိစ္စသည် ကလေးများ၏ ပညာသင်ကြားရေးဆိုင်ရာ ဘဝကို မည်သို့ ထိခိုက်စေနိုင်ပါသနည်း။ နီပေါနိုင်ငံတွင် ကလေးများအား ကယ်ဆယ်ရေးအထောက်အပံ့ စီမံချက်အရ သုတေသနလုပ်ငန်းကို ဆောင်ရွက်ရာတွင် ကလေးများကိုယ်တိုင် သွားရောက်စူးစမ်းလေ့လာသည့်နည်းကို အသုံးပြု၍ သူတို့အတွက် မလုံခြုံသောနေရာများကို ပြန်လည်တင်ပြလာကြသည်။

မိဘများ၊ ကျောင်းဆရာများနှင့် ဒေသအစိုးရအဖွဲ့များနှင့် ၎င်းတို့တွေ့ရှိချက်များအား မျှဝေခံစားခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းအားဖြင့် ကလေးများသည် အထောက်အကူနှင့် ပြောင်းလဲမှုများကို စတင်စုစည်းရယူနိုင်သည်။

သာဓကအားဖြင့် နီပေါနိုင်ငံ ဆာခက်ခရိုင်ရှိ မိန်းကလေးများက သူတို့ရပ်ရွာ လူ့အဖွဲ့အစည်းအတွင်းတွင် လုံခြုံမှုမရှိပုံနှင့်ပတ်သက်၍ ထိထိခိုက်ခိုက်ခံစားရသည်ကို ဖော်ပြပြောဆိုကြသည်။ ကလေးများကယ်ဆယ်ရေး(ယူကေ)အဖွဲ့သည် မိန်းကလေး များအတွက် စီမံချက်တစ်ခုကို ရေးဆွဲအကောင်အထည်ဖော်ပြီး မိန်းကလေးများ ကိုယ်တိုင်သုတေသနလုပ်ငန်းကို အကောင်အထည်ဖော်စေကာ သူမတို့နေထိုင်နိုင်သည့် နေရာအမျိုးအစားများကို ခွဲခြားစိတ်ဖြာစူးစမ်းရှာဖွေစေခဲ့သည်။ ပူးပေါင်း ပါဝင်သည့် ကျေးလက်စစ်ဆေးလွှာ လက်စွဲများကို အသုံးပြုခြင်းဖြင့် မိန်းကလေးများသည် ဘေးအန္တရာယ်ကင်းလုံခြုံသောဝန်းကျင်ဆိုင်ရာ ထူးခြားသည့်ဝိသေသများကို ဆုံးဖြတ် နိုင်ခဲ့ပြီး သူတို့၏နေရာကိုပြန်လည်ရယူနိုင်သည့် လုပ်ငန်းစီမံချက်ကို ရေးဆွဲဖွံ့ဖြိုးစေခဲ့ သည်။ မိန်းကလေးများသည် သူတို့ရွာရှိ မလုံခြုံသောနေရာများကို ပုံဖော်ခဲ့ပြီး မိန်းကလေးများက လိုအပ်သည်ဟု ယူဆမှုသာလျှင် ယောကျ်ားလေးများက လုပ်ငန်းစဉ် တွင် ပါဝင်ပတ်သက်ခဲ့ကြသည်။ သူတို့နေရာကို ပြန်လည်တောင်းဆိုရန် အလို့ငှာ မိန်းကလေးများက အောက်ပါလိုအပ်ချက်ကို သတ်မှတ်ခဲ့ကြသည်–

(က) မိန်းကလေးများ၏ပညာရေးအရေးပါမှုကို မိဘများက အသိအမှတ်ပြုရန်၊

(ခ) အသက်ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ပြုမှု၊ သားများနှင့် သမီးများအကြား ခွဲခြားဆက်ဆံမှု၊ လူမျိုးဇာတ်အတွင်း လိင်ခွဲခြားဆက်ဆံမှုကဲ့သို့သော ရှေးရိုးစွဲ ဓလေ့ထုံးစံများကို ရှောင်ရှားရန်။

(ဂ) လူ့အဖွဲ့အစည်းအတွင်းမိန်းကလေးများ၏အရည်အသွေးဖော်ထုတ် ပြသ နိုင်ခွင့်ရရန်။

(ဃ) မိန်းကလေးများအပေါ် ဖိနှိပ်မှုများ၊ တရားမျှတခြင်း ကင်းမဲ့မှုများတို့ကို ဆန့်ကျင်၍ လူများကြားတွင် ပြောရေးဆိုခွင့်ရရန်နှင့်

(င) အခွင့်အရေးအညီအမျှရယူနိုင်ခွင့်နှင့် မိန်းကလေးများ၏အခွင့်အလမ်းကို အသိအမှတ်ပြုရေး တိုးမြှင့်ဆောင်ရွက်ရန်။

အထက်ပါလုပ်ငန်းစဉ်၏ရလဒ်အနေဖြင့် လူ့အဖွဲ့အစည်းအတွင်း ပြောင်းလဲမှုများကို သတ်မှတ်ဆောင်ရွက်နိုင်ခဲ့သည်။ မိန်းကလေးများအား လွဲမှားစွာဆက်ဆံမှု၊ စော်ကားမှုများနှင့် ဆက်စပ်သည့် အမျိုးမျိုးသောအမှုကိစ္စများကို လူ့အဖွဲ့အစည်းဝင်များက မိန်းကလေးများအုပ်စုနှင့် တိုင်ပင်ဆွေးနွေးအကြံပြုခဲ့သည်။ ရပ်ရွာအဖွဲ့အစည်းနှင့် ကျောင်းများရှိ ဆရာများနှင့် ယောကျ်ားလေးများသည် ယခင်ကထက်ပို၍ မိန်းကလေးများကို လေးစားလာကြသည်။ အစပထမတွင် မိန်းကလေးများအား နောက်ပြောင်သူယောကျ်ားလေးများသည် ယခုအခါ ပြောင်းလဲမှုအတွက် စီမံခန့်ခွဲရန် မိန်းကလေးများ၏ ကြိုးပမ်းအားထုတ်မှုများကို ထောက်ခံလာသည်။ ပြဇာတ်ဝတ္ထုများမှတစ်ဆင့် ယောကျ်ားလေးများက မိန်းကလေးများကို လေးစားကြရန် စပျိုးစည်းရုံးလှုံ့ဆော်လာကြသည်။ ဒေသခံလူ့အဖွဲ့အစည်းများက စော်ကားခံရသော မိန်းကလေးအုပ်စုများအတွက် အထောက်အပံ့များကို ထူထောင်ခဲ့သည်။ ထို့အပြင် မိန်းကလေးများအတွက် ခိုင်မာသော အထောက်အပံ့များ စနစ်တစ်ရပ်ကို လူမှုအဖွဲ့အစည်းအုပ်စုများ၏ထောက်ခံမှုကို ဒေသဆိုင်ရာအစိုးရအဖွဲ့များက ယုံကြည်သည်။ အုပ်စုများကို အောင်မြင်မှုဇာတ်လမ်းများအဖြစ် မကြာခဏကိုးကားဖော်ပြပြီး ထိုအုပ်စုများကို မိန်းကလေးများ၏ အခွင့်အလမ်းနှင့် လုံခြုံမှုနှင့် ဆက်နွယ်သောပွဲလမ်းများသို့ ဖိတ်ကြားသည်။ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအတွက် ဘဏ္ဍာရေးထောက်ပံ့မှုကိုပင် ပေးခဲ့သည်။

Contributed by: Irada Gautam, Sulochana Pokharel, Jasmine Rajbhandary; Funded by: Save the Children (UK). 28 January 2002; Accessible through http://www.id21.org

## ဆိုးသွမ်းကလေးများအတွက် သတိပေးသင်္ကေတများ

တစ်ခါတစ်ရံ မိန်းကလေးများနှင့် ယောကျ်ားလေးများသည် သူတို့မှာ အကြမ်းဖက်မှုဓားစာခံများ သို့မဟုတ် သူတို့သည် အကျပ်အတည်းတွင်ကျရောက်နေကြောင်းကို မပြောပြကြ သို့မဟုတ် ပြောပြလိမ့်မည်မဟုတ်ပေ။ ပြောပြမည့်အစား သူတို့က ပြသရမှုကို ပိုမိုနှစ်သက်ကြသည်။ ကလေးတစ်ဦး၏အပြုအမူတွင် ပြောင်းလဲမှုများသည် အမျိုးမျိုးသော အကြောင်းတရားများကြောင့် ဖြစ်နိုင်သော်လည်း တစ်ခါတစ်ရံ ၄င်းတို့သည် ရုပ်ပိုင်း စိတ်ပိုင်း ဖိစီးခံစားမှုမှ ပေါ်ပေါက်လာသည်။ ဤပြောင်းလဲမှုများကို စောင့်ကြည့်နေသော ဆရာများသည် မကောင်းသည့် အခြေအနေများကို မကြာခဏဝင်ရောက်ဟန့်တားနိုင်သည်။ ဆိုးသွမ်းကလေး

တစ်ဦးပြုမူဆောင်ရွက်နိုင်သည့်ပြင်ပလက္ခဏာများစာရင်းကိုအောက်တွင်ဖော်ပြထားသည်။[7] သို့ရာတွင် စိတ်တွင် မှတ်ထားရမည်မှာ သဲလွန်စအချို့သည် အချိန်တစ်ချိန်တွင် ကလေး တစ်ဦးအတွက် သာမန်အပြုအမူများဖြစ်နိုင်သည်ဆိုသည့် အချက်ပင်ဖြစ်သည်။ ထို့ကြောင့် ကလေးများ၏ ပုံမှန်အပြုအမူပုံစံများကိုအာရုံစိုက်ရန် အရေးကြီးကြောင်း၊ ပေါ်ပေါက်လာသည့် အပြုအမူအသစ်များ၊ အဆုံးစွန်ရောက်နေသောအပြုအမူများ သို့မဟုတ် ပေါင်းစပ်၍ဆက်လက် ဖြစ်ပေါ်လာမည့် ထူးခြားသောဝိသေသလက္ခဏာများကို နားလည်သဘောပေါက်ရန်ဖြစ် သည်။ အကယ်၍ ဤသတိပေးသည့်လက္ခဏာများသည် ထင်ရှားသိသာပါက ကလေးကို ချက်ချင်းအကြံပြုဆွေးနွေးတိုင်ပင်သင့်သည်။ သို့မဟုတ် အခြားသင့်တော်သော လုပ်ငန်းများ ဥပဒေကြောင်း သို့မဟုတ် လူမှုဝန်ထမ်းလုပ်ငန်းများဖြင့် ကူညီဆောင်ရွက်သင့်သည်။

**စိတ်ပိုင်းရုပ်ပိုင်းအားဖြင့်ဆိုးသွမ်းကလေးဖြစ်နိုင်ခြေရှိမှုကိုမည်သို့သက်သေအထောက်ထားဖြင့် ပြသမည်နည်း။**

**ဆိုးသွမ်းကလေးများသည် မကြာခဏ –**

- ❖ လူအချင်းချင်းဆက်ဆံရသည်ကို ကြောက်ရွံ့သည်။ သို့မဟုတ် သူတစ်ပါးဆန္ဒ အတိုင်း လွန်ကဲစွာလိုက်လျောလုပ်ဆောင်သည်။
- ❖ အရှုံးပေးတတ်သည်၊ ရန်လိုသော သို့မဟုတ် ပုံမှန်မဟုတ်သော တက်ကြွမှုရှိသည်။ (အလွန်အမင်း တက်ကြွသည်။)
- ❖ **အဆက်မပြတ်** စိတ်တိုစိတ်ဆိုးနေတတ်သည်။ သို့မဟုတ် အလွန်မောပန်း နွမ်းနယ်တတ်သည်။ သူတကာနှင့်မတွဲဖက်နိုင်သောသူဖြစ်သည်။
- ❖ မေတ္တာစိတ်ကင်းမဲ့သူ သို့မဟုတ် လွန်ကဲစွာ ချစ်ခင်တတ်သူ သွေးဆောင်သူအဖြစ် အဓိပ္ပာယ်လွဲမှားကောက်သူဖြစ်သည်။

---

[7] Source:National Center for Assault Prevention (NCAP).Education, Information and Resource Center, Sewell, New Jersey, 2000.http://www.ncap.org/identify.htm. NCAP also has an international division with some materials translated in Spanish, French, Vietnamese, Cantonese, Romanian, Russian, and Japanese.Learn more about this at: http://www.ncap.org/cap_international.htm.

**ရုပ်ပိုင်းဆိုင်ရာလက္ခဏာများ**

- ❖ ညှိုမည်းရောင်ကိုင်းမှုများ၊ မီးလောင်ဒဏ်ရာများ၊ အမာရွတ်များ၊ အရှိုးများ၊ အရိုးကျိုးမှုများ၊ အဆက်မပြတ်နှင့်အသေးစိတ်ရှင်းမပြနိုင်သောဒဏ်ရာရမှုများ
- ❖ လိင်မှုဆိုင်ရာဆင့်ပွားရောဂါများ
- ❖ ယောနိနှင့် စအိုဆိုင်ရာ နာကျင်မှု၊ သွေးယိုစီးမှုနှင့် ယားယံမှုများ

**လှုပ်ရှားမှုနှင့် အလေ့အကျင့် အိပ်မက်များ**

- ❖ ထမင်းလုံးတစ္ဆေခြောက်မှုများ၊
- ❖ အိမ်ပြန်ရမည် သို့မဟုတ် တခြားတစ်နေရာသွားရမည်ကို ကြောက်ရွံ့ခြင်း၊
- ❖ တစ်ဦးတစ်ယောက်ယောက်နှင့်သီးခြားနေရမည်ကို ကြောက်ရွံ့ခြင်း၊
- ❖ ထွက်ပြေးတိမ်းရှောင်ခြင်း၊
- ❖ တာဝန်ပျက်ကွက်ခြင်း၊
- ❖ မုသားပြောဆိုခြင်း၊

**အသက်အရွယ်နှင့်မသင့်သော အပြုအမူများ**

- ❖ လက်မစုပ်ခြင်း၊
- ❖ လိင်မှုဆိုင်ရာနားလည်မှု၊ ဆက်ဆံမှု(လူတကာနှင့်ဆက်ဆံမှုအပါအဝင်)
- ❖ အိပ်ရာတွင် ဆီးသွားခြင်း၊
- ❖ အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်း၊
- ❖ ကလေးများကို အနိုင်ကျင့်ခြင်း၊
- ❖ လူကြီးများ၏ တာဝန်ဝတ္တရားများထမ်းဆောင်ခြင်း၊

**ပညာရေးဆိုင်ရာပတ်သက်မှုများ**

- ❖ အလွန်အမင်းသိလိုစိတ်ပြင်းထန်မှု၊ စိတ်ကူးယဉ်မှု၊
- ❖ ပညာရေးဆိုင်ရာဆုံးရှုံးမှု၊

❖ အတန်းတွင်း၌ အိပ်ပျော်မှု၊
❖ အာရုံစူးစိုက်ခြင်းမပြုနိုင်မှု၊

**စိတ်ပိုင်းဆိုင်ရာသင်္ကေတများ**

❖ စိတ်ဓာတ်ကျခြင်း၊
❖ တစ်စုံတစ်ခုကို အလွန်မုန်းတီးကြောက်လန့်ခြင်း၊ အမှောင်ကြောက်ခြင်း၊ အများသုံးအခန်းများကို ကြောက်ရွံ့ခြင်းစသည်ဖြင့်၊
❖ နာတာရှည်ရောဂါဖြစ်ခြင်း၊
❖ မိမိကိုယ်ကို မိမိဒဏ်ရာအနာတရဖြစ်စေခြင်း၊
❖ တိရစ္ဆာန်များကို ထိခိုက်နာကျင်စေခြင်း၊ သတ်ခြင်း၊
❖ အလွန်အမင်းကြောက်လန့်စိုးရိမ်ခြင်း၊
❖ အလိုအလျောက်လုပ်ဆောင်နိုင်မှု ဖန်တီးတီထွင်နိုင်မှုလျော့နည်းခြင်း၊

**အကြမ်းဖက်နိုင်သည့်ကလေးများ၏ လက္ခဏာများ**

တခြားသောကလေးများသည် ၎င်းတို့၏မိသားစုများ၊ လူ့အဖွဲ့အစည်းများနှင့် ကျောင်းများတွင် အကြပ်အတည်းများနှင့်ကြုံတွေ့နိုင်သည်။ တိုက်ရိုက်အကြမ်းဖက်မှုခံမနေရသော်လည်း ထိုကလေးများသည် မူးယစ်ဆေးဝါးသုံးစွဲမှုမှသော်လည်းကောင်း၊ ဖိနှိပ်ဆက်ဆံခံရမှုတစ်ခုခုမှသော်လည်းကောင်း၊ အထူးအကာအကွယ်ပေးရန် လိုအပ်နိုင်ပါသည်။ ထို့အပြင် ဤကလေးများကို ကွဲပြားစွာသိရှိနိုင်ရန် ၎င်းတို့၏အခြေအနေများနှင့် ပေါ်လွင်သော အပြုအမူများအရ သိနိုင်ပါသည်။ ကျောင်းသား၏အပြုအမူကို လေ့လာချက်မှတ်တမ်းများထားရှိခြင်း၊ ကျောင်းသားနှင့် သူ သို့မဟုတ် သူမ၏မိသားစုအခြေအနေကို သတင်းပေးနိုင်သည့် ကလေးကိုယ်ရေးမှတ်တမ်းကဲ့သို့သော လက်စွဲကို သုံးခြင်းသည် အကျိုးရှိနိုင်သည်။ အကြမ်းဖက်နိုင်သောကလေးများ၏ထူးခြားသော ဝိသေသလက္ခဏာအချို့နှင့် ထိုကလေးများကို ကူညီရန် မည်သို့ ဆောင်ရွက်နိုင်သည်ကို အောက်တွင် ဖော်ပြထားပါသည်[8] –

[8] Source: Education Queensland. Identifying At Risk Students.
http://education. qld.gov.au/health-safety/promotion/drug-education/html/m_risk.html

**အကြမ်းဖက်လာနိုင်သည့် ကလေးများကို ဖော်ထုတ်၍ မည်သို့ကူညီနိုင်မည်လဲ။**

**အကယ်၍ အောက်ဖော်ပြပါအချက်များ စုပေါင်းလာနေလျှင် ကျောင်းသား တစ်ဦးသည် အကြမ်းဖက်လာနိုင်ပါသည်–**

- ❖ မိသားစုမပီသသော မိသားစုတစ်ခုဖြစ်ခြင်း
- ❖ စိတ်ရောဂါခံစားနေရသော သို့မဟုတ် အရက်/မူးယစ်ဆေးစွဲနေသော မိဘများ ရှိခြင်း
- ❖ သားသမီးကိုလျစ်လျူရှုခြင်း
- ❖ စာသင်ခန်းတွင်း မဆီလျော်သော သို့မဟုတ် ရန်လိုသောအပြုအမူများရှိခြင်း
- ❖ ကျောင်းအပေါ်လေးနက်မှုမရှိခြင်း၊ ပျက်ကွက်ခြင်း
- ❖ လူမှုဆက်ဆံရေးကျွမ်းကျင်မှုမှာ အကန့်အသတ်ဖြစ်နေခြင်း
- ❖ အရက်သေစာနှင့်မူးယစ်ဆေးသုံးစွဲသော သို့မဟုတ် အခြားသော ဘေးအန္တရာယ် မကင်းသည့်အပြုအမူများတွင် ပါဝင်ဆောင်ရွက်သောသူငယ်ချင်းများရှိခြင်း
- ❖ လူမှုစီးပွားရေးနိမ့်ကျသော အခြေအနေအဆင့်အတန်းရှိခြင်း
- ❖ အသက်ငယ်ရွယ်သော အချိန်တွင် စွဲလမ်းတတ်သော မူးယစ်ဆေးသုံးစွဲမှု စမ်းသပ်ခြင်း
- ❖ ဆေးလိပ်၊ အရက်နှင့် မူးယစ်ဆေးသုံးစွဲမှုကို အားပေးလိုစိတ်ရှိခြင်း

**အောက်ဖော်ပြပါ သင်္ကေတများနှင့် ရောဂါလက္ခဏာများသည် မူးယစ်ဆေးဝါး စွဲလမ်းမှုနှင့် ပတ်သက်နိုင်ပေသည်–**

- ❖ ရုပ်ရည်ပြောင်းလဲမှု၊ စိတ်အနေထားပြောင်းလဲမှု
- ❖ ကိုယ်အလေးချိန်လျော့ခြင်း၊ တိုးခြင်း၊ ဗလုံးဗထွေးမပီသသော စကားပြောဆိုခြင်း၊ ဒယိမ်းဒယိုင်ယိမ်းထိုး၍ လမ်းလျှောက်ခြင်း၊ နှေးကွေးလေးလံသော တုံ့ပြန်မှုရှိခြင်း၊ စကားကြောရှည်သော ကျောင်းသားများဖြစ်ခြင်း၊ ချွေးထွက်များခြင်း၊ အလွန် အကျွံစကားများခြင်း၊ အလွန်အမင်းဝမ်းမြောက်ခြင်းကဲ့သို့သော ရုပ်ပိုင်း ဆိုင်ရာပြောင်းလဲမှုများဖြစ်ခြင်း

- ❖ ကျောင်းတွင် စွမ်းဆောင်မှုများပြောင်းလဲခြင်း
- ❖ အခြားသူများကိုတွေ့ဆုံရန် ဖုန်းဖြင့်ဆက်သွယ်ခြင်း သို့မဟုတ် စီစဉ်ခြင်းကို အလေးဂရုပြုဆောင်ရွက်လာခြင်း
- ❖ ငွေကြေးအလွန်အမင်းလိုအပ်လာခြင်း

**ဤအပြုသဘောဆောင်သောအချက်များမှာ ဘေးအန္တရာယ်ကျရောက်စေနိုင်သော အကျိုးသက်ရောက်မှုများကို လျော့နည်းစေရန် အထောက်အကူဖြစ်စေသည်။**

- ❖ မိသားစုသံယောဇဉ်ချည်နှောင်မှုကြီးမားခြင်း၊ ကလေးများဘဝကို မိသားစုတွင် ရှိနေစေခြင်း
- ❖ ကျောင်းတွင် အောင်မြင်မှုရရှိခြင်း
- ❖ လူမှုဆက်ဆံရေးကျွမ်းကျင်ကောင်းမွန်ခြင်း
- ❖ ဒေသလူ့အဖွဲ့အစည်း၏ လှုပ်ရှားဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခြင်း
- ❖ လူကြီးတစ်ဦးတစ်ယောက်ကိုပင်ဖြစ်စေ ဆရာတစ်ယောက်ကဲ့သို့ အနည်းဆုံး အရေးတယူဆက်ဆံမှုမျိုးရှိခြင်း

**အောက်ဖော်ပြပါအချက်အချို့ သို့မဟုတ် အားလုံးကို ကျောင်းများက ကူညီဆောင်ရွက်ပေးနိုင်ပါမည်–**

- ❖ လုံခြုံစိတ်ချရ၍ ပံ့ပိုးထောက်ကူမှုရှိသည့် ဆက်ဆံပေါင်းသင်းမှုကို အားပေးခြင်း
- ❖ အဓိပ္ပာယ်ရှိသော ပုံမှန်ကျောင်းတက်မှန်ကန်မှုကို ဖြစ်စေခြင်း
- ❖ ကိုယ်ရေးကိုယ်တာ လူမှုရေးကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်စေခြင်း
- ❖ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများတိုးတက်စေခြင်း
- ❖ အထောက်အပံ့ဖြစ်စေသည့် လူမှုရေးလုပ်ငန်းများထူထောင်ခြင်း
- ❖ အပြုသဘောတန်ဖိုးထားမှုများကို အားပေးခြင်း
- ❖ သတင်းအချက်အလက်ကို လက်ခံရယူတတ်အောင် သင်ကြားပေးခြင်း

❖ ဘေးအန္တရာယ်ရှိသော အပြုအမူ၊ မူးယစ်ဆေးစွဲမှုများပတ်သက်နိုင်လျှင်လည်း ဖင့်လေးဆိုင်းငံ့သွားစေရန် အသိအမြင်နားလည်စေခြင်း

❖ နှစ်သိမ့်ဆွေးနွေးအကြံပေးမှုရရှိရေးအတွက် ကူညီပံ့ပိုးခြင်း

## ကလေးများအကြား အကြမ်းဖက်မှုများကို ကြိုတင်တားဆီးကာကွယ်နိုင်မည့် နည်းလမ်းများ

သင်၏ကျောင်းတွင် အကြမ်းဖက်မှုကာကွယ်တားဆီးရေးအတွက် အောက်ဖော်ပြပါ အချက်များကို ဆောင်ရွက်နိုင်ပေသည်[၉]–

၁။ နိုင်ထက်စီးနင်းအကြပ်ကိုင်၍ ရန်လိုသော အပြုအမူကို ကန့်သတ်ရန် ခိုင်မြဲပြီး တစ်သမတ်တည်းဖြစ်အောင်စီစဉ်ခြင်း။

၂။ ကလေးငယ်များအား ကျန်းမာပြီး အကြမ်းမဖက်သည့် အပြုအမူပုံစံများကို သင်ကြားပေးခြင်း။

၃။ **ကလေးများလွဲမှားစွာ ပြုမူသည့်အခါ၊ တစ်သမတ်တည်းပြုပြင်ပေးခြင်းနှင့် အကြမ်းဖက်မှုကင်းပြီးထိရောက်သည့် စည်းစနစ်ကျသောပုံစံများကို သင်ယူစေခြင်းနှင့်လက်တွေ့အသုံးချခြင်း။(ရန်လိုမှုကို ထိန်းချုပ်မှုပုံစံမျိုး လက်ခံလာသော ကလေးများကို ရုပ်ပိုင်းစည်းကမ်းများသုံး၍သင်ပေးပါ။)** (စာအုပ်ငယ်(၅)ရှိ အပြုသဘောဆောင်နည်းလမ်းများကို ကြည့်ပါ။)

၄။ ပဋိပက္ခများကို အကြမ်းဖက်မှုမပါဘဲ ဖြေရှင်းရန် သင့်ကိုယ်တိုင်နှင့် အခြားသူများ စံပြပုဂ္ဂိုလ်များအဖြစ်တင်ပြမှုကို ထိရောက်အောင်ပြသပါ။

၅။ သင်၏ကလေးများနှင့်ဆက်သွယ်ဆက်ဆံမှုတိုးတက်စေခြင်း။(ကလေးများ ပြောသည်ကို နားထောင်ရန် အသင့်ရှိကြောင်းပြသခြင်းမျိုး)

၆။ လူ့အဖွဲ့အစည်းများ၊ သက်တူရွယ်တူအုပ်စုများ၊ ကျောင်းများ၊ သတင်းမီဒီယာ သမားများနှင့်ကလေးများ၏ ပတ်သက်ပါဝင်မှုကို ကြီးကြပ်ခြင်း။

---

[9] Adapted from: World Health Organization (1998) WHO Information Series on School Health, Document Three-Violence Prevention: An Important Element of a Health – Promoting School. Geneva.

၇။ ကလေး**အားလုံး**အတွက် သင့်တော်သောမျှော်လင့်ချက်များ ထူထောင်ထားရှိစေခြင်း။

၈။ အခြားသူများကို ကူညီခြင်းအတွက်လည်းကောင်း၊ ပြဿနာများကို အကြမ်းမဖက်ဘဲဖြေရှင်းခြင်းအတွက်လည်းကောင်း၊ ကလေးများကို အားပေးချီးကျူးခြင်း။

၉။ အရက်သေစာ၊မူးယစ်ဆေးဝါးများ သို့မဟုတ် အခြားဆေးဝါးပြဿနာများကို ဖော်ထုတ်ခြင်း။

၁၀။အလွန်အရေးကြီးသည့် အခြေအနေများတွင် သင့်လျော်သော ယန္တယားပမာလုပ်ကိုင်ဖြေရှင်းတတ်အောင် သင်ကြားပေးခြင်း။

၁၁။ ကျွမ်းကျင်ပညာရှင်များထံမှ အကူအညီရယူခြင်း (အချိန်သိပ်နောက်မကျမီ)

၁၂။ ရပ်ရွာအဖွဲ့အစည်းနှင့် ကျောင်းတွင်ဖြစ်ပွားသော အကြမ်းဖက်မှုအား စိစစ်လေ့လာချက်တစ်ရပ်ကို တာဝန်ယူဆောင်ရွက်ရန် (မြေပုံဖော်သည့် လေ့ကျင့်ခန်းမျိုးမှတစ်ဆင့်)နှင့် ကျောင်းနှင့်လူထုအခြေခံထောက်ပံ့သည့် လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်စေရန်၊ ပူးပေါင်းဆောင်ရွက်ရန်နှင့် ထိရောက်စွာ အကောင်အထည်ဖော်ရန်၊ ရပ်ရွာလူထု၏ ကြိုးပမ်းအားထုတ်မှုဖြင့် ဦးဆောင်စေပါ။

၁၃။ ကလေးများအတွက် ဘဝတွက်တာကျွမ်းကျင်စရာများကို လေ့ကျင့်ရန် အထူးသဖြင့် အကြမ်းဖက်မှုမပါဘဲ ပြဿနာများကို ဖြေရှင်းရန် အခွင့်အလမ်းများ ပေးခြင်း။



## လက်စွဲ ၆.၂
## ကလေးများအတွက် ဘဝတွက်တာကျွမ်းကျင်မှုပေးခြင်း

### ကျွမ်းကျင်မှုအခြေပြုကျန်းမာရေးပညာပေးမှု

ကလေးအားလုံးအထူးသဖြင့် ဘဝနောက်ခံနှင့် စွမ်းရည်အမျိုးမျိုးရှိသော ကလေးများသည် သူတို့၏ကျန်းမာရေးဆိုင်ရာအသိပညာဗဟုသုတကို အလေ့အကျင့်ကောင်းများအဖြစ်လက်တွေ့ကျင့်သုံးပြီး၊ မကောင်းသောအလေ့အကျင့်များကို ရှောင်ကြဉ်နိုင်စွမ်းရှိရန် စွမ်းရည်လိုအပ်ပါသည်။ထိုစွမ်းရည်များကို ‘ကျွမ်းကျင်မှုအခြေပြု ကျန်းမာရေးပညာပေးခြင်း’ ဖြင့် ထုတ်ဖော်ပေးရန်ဖြစ်ပါသည်။[10]

ကျောင်းအတော်များများ၌ ကျန်းမာရေးပညာကို ပုံစံအချို့ဖြင့် သင်ကြားမှုရှိပါသည်။ သို့သော် ကျွမ်းကျင်မှုအခြေပြုကျန်းမာရေးပညာပေးမှုသည် အခြားကျန်းမာရေးပညာပေး ချဉ်းကပ်မှုများနှင့် မည်ကဲ့သို့ခြားနားပါသနည်း။

- ❖ ကျွမ်းကျင်မှုအခြေပြု ကျန်းမာရေးပညာပေးမှုသည် ပညာ၊ သဘောထားခံယူမှု (စိတ်ဓာတ်)နှင့် **ကျွမ်းကျင်မှုအရ ကျန်းမာရေးအပြုအမူများကို**ဖော်ပြရာတွင် အသေးစိတ်ကျပြီး ပြောင်းလဲခြင်းကိုဦးတည်ပါသည်။ ၄င်းတို့သည် ကလေး ကျန်းမာရေး ဆိုင်ရာအပြုအမူကောင်းများရွေးချယ်ခြင်းနှင့် လေ့ကျင့်ခြင်းအတွက် အထောက်အကူဖြစ်ပါသည်။
- ❖ ကျွမ်းကျင်မှုအခြေပြု ကျန်းမာရေးပညာပေးအစီအစဉ်များကို **ကျောင်းသား လိုအပ်ချက်များနှင့်အခွင့်အရေးများအတွင်း**စီစဉ်ပါသည်။ သို့ဖြစ်ရာ လူငယ်များ၏ နေ့စဉ်ဘဝနှင့် ဆက်စပ်လျက်ရှိနေပါသည်။
- ❖ သင်ရိုးညွှန်းတမ်းတွင်–

  (၁) ဗဟုသုတနှင့် သတင်းအချက်အလက်

  (၂) အပေါင်းလက္ခဏာဆောင်သော သဘောထားများနှင့် တန်ဖိုးထားမှုများ

[10] This section was originally developed from: www.unicef.org/programme/lifeskills/whatwhy/distinguish.html

(၃) ဘဝတွက်တာကျွမ်းကျင်စရာများကို **မျှတစွာ**ထည့်သွင်းထားပါသည်။ ရည်ရွယ်ချက်မှာ **အသိပညာဗဟုသုတမှ လက်ငင်းချက်ချင်းကျင့်သုံးမှု** သို့ ပြောင်းလဲရန်ဖြစ်ပါသည်။

❖ သတင်းအချက်အလက် လက်ခံယူသူများအဖြစ်ထက် ပူးပေါင်းပါဝင်သင်ကြားခြင်းနှင့် သင်ယူခြင်းနည်းတို့ဖြင့် **ကလေးများသင်ယူရေးတွင် တက်ကြွစွာ** ပါဝင်ရန်ဖြစ်သည်။

❖ ထိုအစီအစဉ်များသည် မိန်းကလေးများနှင့်ယောကျ်ားလေးများပါလိုက်နာကျင့်သုံးရမည့် အစီအစဉ်များဖြစ်သည်။ သူတို့၏လိုအပ်ချက်များနှင့် အကန့်အသတ်များကို ဖော်ပြထားသည့် **ကျား မ အသိကို တုံ့ပြန်ရန်** အစီအစဉ်များပင်ဖြစ်သည်။

ကျွမ်းကျင်မှုအခြေပြုကျန်းမာရေးပညာပေးမှုတွင် ကလေးများ၏အသိပညာအပြင် သဘောထား(စိတ်ဓာတ်)နှင့် ဘဝတွက်တာကျွမ်းကျင်စရာများဖွံ့ဖြိုးတိုးတက်စေပြီး သူတို့၏ သင်ယူမှုအတွေ့အကြုံများနှင့် ပေါင်းစပ်ခြင်းတို့ ပါဝင်ပါသည်။ ထိုကျွမ်းကျင်မှုများသည် ကလေးများအနေဖြင့် မှန်ကန်သော ဆုံးဖြတ်ချက်တတ်ရန်၊ကျန်းမာ၍ လုံခြုံမှုရှိအောင်နေတတ်ရန်၊ လုပ်ဆောင်မှုကောင်းများ မည်သို့လုပ်ဆောင်ရမည်ကို သင်ယူရန်တို့ကို ကူညီပါသည်။ ထိုကျွမ်းကျင်မှုများသည် ရေးဦးသူနာပြုစုခြင်းကို မည်သို့ပြုလုပ်ရမည်ကိုသိကဲ့သို့ လက်တွေ့ပြုလုပ်နိုင်သည့် ကျွမ်းကျင်မှုမျိုးဖြစ်နိုင်ပါသည်။ ၎င်းတို့သည် ပြဿနာများကို ရှာဖွေခြင်း သို့မဟုတ် ဖြေရှင်းခြင်း သို့မဟုတ် ကလေးများအထူးသဖြင့် ဘဝနောက်ခံနှင့်စွမ်းရည်အမျိုးမျိုး ရှိသောကလေးများနှင့် အတူတကွလုပ်ဆောင်ရာတွင် အထောက်အကူပြုသည့်ဆက်သွယ်မှု၊ ခံစားမှု၊ ပြုမူမှုနည်းလမ်းများကဲ့သို့ စဉ်းစားတွေးခေါ်တတ်သည့် နည်းများလည်းဖြစ်နိုင်ပါသည်။

ကျွမ်းကျင်မှုများသည် ကျန်းမာပျော်ရွှင်သောဘဝနေထိုင်ရေးတွက် မရှိမဖြစ်လိုအပ်၍ ဘဝတွက်တာကျွမ်းကျင်စရာများဟုခေါ်ပါသည်။ ၎င်းကို သင်ကြားရာတွင် တစ်ခါတစ်ရံ **'ဘဝတွက်တာကျွမ်းကျင်စရာအခြေပြုပညာရေး'**ဟုလည်းခေါ်ပါသည်။ ကျွမ်းကျင်မှုအခြေပြုကျန်းမာရေးပညာပေးမှုဟု ပြောင်းလဲသုံးနှုန်းပြန်ပါသေးသည်။ နှစ်ခုကွာခြားမှုသည် ပါဝင်သောအကြောင်းအရာ သို့မဟုတ် ခေါင်းစဉ်အမျိုးအစားပင်ဖြစ်သည်။ သင်ခန်းစာပါ အကြောင်းအရာအားလုံးသည် ကျန်းမာရေးနှင့်ဆက်စပ်သော အကြောင်းအရာများချည်းဖြစ်လိမ့်မည်မဟုတ်ပါ။ သာဓကမှာ ဘဝတွက်တာကျွမ်းကျင်စရာအခြေပြုစာပေနှင့် သင်္ချာ

တွက်ချက်မှုများ သို့မဟုတ် ဘဝတွက်တာကျွမ်းကျင်စရာ အခြေပြုအေးချမ်းစေသော ပညာရေးတို့ပင်ဖြစ်သည်။[11]

'ဘဝတွက်တာကျွမ်းကျင်စရာ'ဟူသော ဝေါဟာရသည် ကလေးများအား အသိဖြင့် ဆုံးဖြတ်တတ်ရန်၊ ထိထိရောက်ရောက်ဆက်သွယ်တတ်ကြရန်နှင့် ကလေးများအား ကျန်းမာသန်စွမ်း၍ ထုတ်လုပ်နိုင်စွမ်းရှိသောဘဝတစ်ခုသို့ ရောက်ရှိစေရန်အထောက်အကူပြုသည့် လူမှုရေးစိတ်ပညာနှင့် လူအချင်းချင်းဆက်ဆံရေးဆိုင်ရာ ကျွမ်းကျင်မှုများအုပ်စုကြီးတစ်ခုလုံးကို ရည်ညွှန်းပါသည်။ ယင်းသည်မိမိကိုယ်ကိုမိမိ နိုင်နိုင်နင်းနင်းထိန်းသိမ်းစီမံတတ်မှုလည်းဖြစ်ပါသည်။ ဘဝတွက်တာကျွမ်းကျင်စရာများသည် လူတစ်ဦးချင်းဆိုင်ရာ ကိုယ်ပိုင်လုပ်ဆောင်ချက်များနှင့် ပတ်ဝန်းကျင်ကို ကျန်းမာရေးနှင့်ညီညွတ်အောင် ပြောင်းလဲရန်ကဲ့သို့သော အခြားလူများအတွက် လုပ်ဆောင်ချက်များဖွံ့ဖြိုးရန်ကို ရည်ရွယ်သည်လည်းဖြစ်နိုင်ပါသည်။ အလွန်ကျယ်ပြန့်သော လူမှုရေးစိတ်ပညာပင်ဖြစ်သည်။ ကလေးများဆုံးဖြတ်ရန် အကြောင်းကိစ္စများကိုကူညီပေးနိုင်သော အပြန်အလှန်ဆက်ဆံရေး ကျွမ်းကျင်မှု၊ ထိရောက်စွာဆက်သွယ်မှုနှင့် ၎င်းတို့၏ကျန်းမာပြီး သာယာဝပြောသောဘဝကို ဖန်တီးပေးနိုင်သည့် ထိန်းသိမ်းမှုနှင့် ကွပ်ကဲမှုတိုးတက်ခြင်းတို့ပါဝင်ပါသည်။ ဆက်ဆံမှုကောင်းများ တိုးတက်လာခြင်းနှင့် သာယာကောင်းမွန်သောပတ်ဝန်းကျင်အဖြစ် ပြုပြင်ပြောင်းလဲနိုင်သော လုပ်ဆောင်မှုမျိုးကို ရည်ရွယ်ပါသည်။

ဘဝတွက်တာကျွမ်းကျင်စရာများသည် အမြင်သဘောထားကောင်းမွန် တိုးတက်မှုနှင့်လည်းဆက်နွှယ်နေပါသည်။ သာဓကမှာ ကလေးများသင်ယူသင့်သော ဘဝတွက်တာကျွမ်းကျင်စရာတစ်ခုမှာ အခြားသူပြောစကားများကို နားထောင်တတ်ခြင်းပင်ဖြစ်သည်။ သင်နားထောင်လျှင်လည်း သူတို့ကို လေးစားကြောင်းပြပါ။ ကျွမ်းကျင်စရာအခြေပြု ကျန်းမာရေးပညာပေးမှုအားဖြင့် ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သည့် အရေးကြီးဆုံးသော သဘောထားလေးရပ်တွင် အောက်ပါအချက်များပါဝင်သည်[12]–

၁။ မိမိသည် သန့်ရှင်းလိုသည်။ ကျန်းမာကြံ့ခိုင်လိုသည်။ ဤသို့ဖြင့် မိမိကိုယ်ကို လေးစားတန်ဖိုးထားခြင်း၊

[11] This section was originally developed from: http://unicef.org/programme/lifeskills/whatwhy/define.html

[12] Son V, Pridmore P, Nga B, My D and Kick P(2002) Renovating the Teaching of Health in Multigrade Primary Schools: A Teacher's Guide to Health in Natural and Social Sciences (Grades 1,2,3) and Science (Grade 5). Britch Council and the National Institute of Educational Sciences: Hanoi,Vietnam.

၂။ မိမိသည် ကလေးပင်ဖြစ်သော်လည်း မိသားစု၏ ကျန်းမာရေးကောင်းလာအောင် ထူးခြားမှုတစ်ခုပြုလုပ်နိုင်သည်။ ဤသို့ဖြင့် မိမိကိုယ်ကို လေးစားတန်ဖိုးထားခြင်းနှင့် မိမိကိုယ်ကို စိတ်ချယုံကြည်ခြင်း၊

၃။ သူတစ်ပါးသည် မိမိနှင့် အမြင်သဘောထားမတူညီသော်လည်း သူပြောသည်ကို နားထောင်ပေးရန် လိုအပ်သည်။ ဓလေ့ထုံးစံကို လေးစားခြင်းကဲ့သို့ သူတစ်ပါးကို လေးစားခြင်း၊

၄။ သူတစ်ပါး ပိုမို၍ ကျန်းမာလာစေရန် မိမိတတ်နိုင်သမျှ အကောင်းဆုံးကူညီလိုသည်။ အထူးသဖြင့် မိမိ၏ အကူအညီလိုအပ်သူများအတွက် သူတစ်ပါးကို ဂရုစိုက်ပေးခြင်း။

ကျား မတန်းတူညီတူရှိခြင်း၊ မိန်းကလေးနှင့်ယောကျ်ားလေးများကို လေးစားခြင်း သဘောထား(စိတ်ဓာတ်)များကို မြှင့်တင်ခြင်းနှင့် သက်တူရွယ်တူတို့၏ ဖိနှိပ်မှုကို ဖြေရှင်းခြင်းကဲ့သို့သော အသေးစိတ်ကျွမ်းကျင်မှုများဖွံ့ဖြိုးတိုးတက်လာခြင်းတို့သည် ထိရောက်သော ကျွမ်းကျင်မှုအခြေပြုကျန်းမာရေးပညာပေးမှု၏ အဓိကအချက်ပင်ဖြစ်သည်။ ကျွမ်းကျင်မှုများကို ကလေးများသင်ယူခြင်းဖြင့် သူတို့သည် ကျောင်းနေစဉ်သာမက တစ်သက်တာအတွက် ကျန်းမာစွာ နေထိုင်တတ်မှုကို စဉ်ဆက်လက်ခံကျင့်သုံးနိုင်မည့် အလားအလာများပါသည်။



## လုပ်ငန်းပြန်လည်ထင်ဟပ်မှု။ သင်နှင့်ဘဝတွက်တာကျွမ်းကျင်စရာများ

ကလေးများဘဝတွက်တာကျွမ်းကျင်မှုများပေးရာတွင် လူကြီးများသည်လည်း စံနမူနာအဖြစ် ၄င်းကျွမ်းကျင်မှုများကို မိမိဘဝ၌ အသုံးပြုခြင်း၊ တိုးတက်အောင် ပြုလုပ်ခြင်းကို လုပ်ဆောင်ပြရပါမည်။ ဤလုပ်ငန်းအတွက် 'ကျွန်ုပ်သည် မိမိကိုယ်ကိုလေးစားခြင်း၊ တန်ဖိုးထားခြင်း၊ ယုံကြည်မှုရှိခြင်း၊ သူများကိုလည်းလေးစားခြင်းနှင့် ဂရုစိုက်ခြင်းတို့ကို မည်သည့်နည်းဖြင့် ပြမည်နည်း'ဟု မိမိကိုယ်ကိုမေးပါ။ သင်နှင့် သင့်ကျောင်းသားများအတွက် ပို၍ အကျိုးကျေးဇူးရှိစေမည့် အမူအကျင့်ဖြစ်လာရန် လုပ်ဆောင်နိုင်မည့်လုပ်ငန်းများကို ခွဲခြားဖော်ပြပြီး အောက်ပါဇယားတွင် ဖြည့်ပါ။ အချို့အမူအကျင့်ကို သီတင်းနှစ်ပတ်မှ လေးပတ်ချိန်ကာလအတွင်း လုပ်ဆောင်ကြည့်ပါ။ သင်ခံစားရမှု သို့မဟုတ် သူများ သင့်ပေါ်ဆက်ဆံမှုနှင့် ပတ်သက်၍ တိုးတက်လာမှုများကို သင်မြင်ပါသလား။

| | ယခုကျွန်ုပ် ဘာလုပ်နေသနည်း။ | ကျွန်ုပ်ဘာကိုလည်းလုပ်နိုင်သေးသနည်း။(အမူအကျင့်အသစ်များ) |
|---|---|---|
| **မိမိကိုယ်ကိုလေးစားခြင်း** (မိမိကိုယ်ကိုတိုးတက်လာအောင်ပြုလုပ်သည့်နည်းများ) | | |
| **မိမိကိုယ်ကိုတန်ဖိုးထားခြင်း၊မိမိကိုယ်ကိုယုံကြည်မှုရှိခြင်း**(ကျွန်ုပ်သည်တန်ဖိုးရှိသောသူတစ်ယောက်ဖြစ်သည်ကိုပြသောနည်းများ) | | |
| **သူများကိုလေးစားခြင်း** သူများချိုးမွမ်းခြင်းကိုကျွန်ုပ်ပြသောနည်းလမ်းများ(သို့)တစ်ပါးသူ၏ခံစားမှုကို ထည့်သွင်းစဉ်းစား ခြင်းကိုပြသောနည်းလမ်းများ) | | |
| **သူတစ်ပါးကိုဂရုစိုက်ခြင်း** (သူတစ်ပါးတိုးတက်မှုရှိလာအောင်ကျွန်ုပ်ကူညီသည့်နည်းလမ်းများ) | | |

ဤလုပ်ငန်းကို သင်၏တပည့်များနှင့်လည်း အတူလုပ်ဆောင်ရန်လည်းမမေ့ပါနှင့်။ ကလေးတစ်ယောက်စီကို ဇယား၌ ဖြည့်ခိုင်းစေ၍ မိမိကိုယ်ကိုလေးစားခြင်း၊ မိမိကိုယ်ကိုတန်ဖိုးထားခြင်း၊ လေးစားခြင်းနှင့်သူတစ်ပါးကို ဂရုစိုက်ပေးခြင်းအရ သူတို့၏အမူအကျင့်များ မည်ကဲ့သို့တိုးတက်လာအောင် လုပ်မည့်နည်းကိုပါဆုံးဖြတ်ကြပါစေ။ ဤလုပ်ငန်းကို သင်၏ ကျွမ်းကျင်မှုအခြေပြုကျန်းမာရေးပညာပေးမှု သို့မဟုတ် ဘဝတွက်တာကျွမ်းကျင်စရာ အစီအစဉ်တွင် ပါဝင်ထည့်သွင်းနိုင်ပါသည်။

## မည်သည့်ကျွမ်းကျင်မှုများလိုအပ်ပါသနည်း။

ဘဝတွက်တာကျွမ်းကျင်စရာအတွက် အတိအကျစာရင်းထပ်တိုးရန်မရှိပါ။ အောက်ဖော်ပြပါစာရင်းဇယားသည် အရေးကြီးသည်ဟု ယေဘူယျယူဆထားပါသည်။[13] မည်သည့်ကျွမ်းကျင်မှုများကို ရွေးချယ်ထားသည်။ အလေးအနက်ထားသည်ဆိုသည်မှာ ခေါင်းစဉ်၊

[13] This section was originally developed from: www.unicef.org/programme/lifeskills/whatwhy/skills.html

သင်၏ကျောင်းနှင့် ရပ်ရွာလူထုအခြေအနေနှင့် ကျောင်းသားအတွက် အရေးပါဆုံးသော လိုအပ်ချက်အပေါ်မူတည်သည်။ ဇယား၌စာရင်းပြုထားသော ကျွမ်းကျင်မှုအုပ်စုများသည် သီးခြားစီခွဲထားသော်လည်း တစ်ခုနှင့်တစ်ခုဆက်စပ်နေပါသည်။ သာဓက–ဆုံးဖြတ်ချက်ချခြင်းတွင် တီထွင်ကြံဆတတ်ခြင်းနှင့် လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းတို့ပါဝင်၍ ('ကျွန်ုပ်၏ရွေးချယ်မှုများမှာ အဘယ်နည်း')၊ တန်ဖိုးခွဲခြင်း (မည်သည့်အရာသည် ကျွန်ုပ်အတွက် အရေးပါသနည်း)တို့ပါဝင်သည်။ အဆုံးစွန်ပြောရလျှင် ဤကျွမ်းကျင်မှုများဖြင့် လုပ်ဆောင်သောအခါ ထက်မြက်သောအပြုအမူအကျင့်များပြောင်းလဲခြင်းကို တွေ့နိုင်ပါသည်။ အထူးသဖြင့် ကျောင်းမူဝါဒများ၊ ကျန်းမာရေးဝန်ဆောင်မှုများနှင့် မီဒီယာကဲ့သို့ နည်းဗျူဟာများ၏ အထောက်အပံ့များရရှိလျှင်ပို၍ တွေ့မြင်နိုင်ပါသည်။

ဖော်ပြပြီးခဲ့သောလက်စွဲတွင် အကြမ်းဖက်မှုကို တားဆီးခြင်းနှင့် ဆေးဝါးအလွဲသုံးစွဲခြင်း၊ ရေနှင့်သန့်ရှင်းရေးပိုမိုကောင်းမွန်လာရေးကဲ့သို့ ရပ်ရွာဝန်းကျင်တွင်ရှိသော ကျန်းမာရေးပြဿနာများကဲ့သို့သော ကျောင်းများက ပိုမိုလိုအပ်မည့် ထိရောက်သည့် မူဝါဒများကို ကျွန်ုပ်တို့ရှာဖွေခဲ့ပါသည်။ ထိုမူဝါဒများကို အကောင်အထည်ဖော်ခြင်းနှင့် ကြီးကြပ်ခြင်း၏ အရေးပါသောအပိုင်းမှာ ကလေးများကို ထိုနယ်ပယ်များ၌ ကျန်းမာရေး အလေ့အကျင့်ကောင်းများကို အသုံးပြုရန် အသိပညာ၊ သဘောထားများ(စိတ်ခံစား)နှင့် ကျွမ်းကျင်မှုများကိုပေးခြင်းဖြစ်သည်။

ထိုလက်စွဲ၏ မူဝါဒဆန်းစစ်မှုမှသတင်းအချက်အလက်များကိုအသုံးပြု၍ သင်နှင့် သင့်လုပ်ဖော်ကိုင်ဖက်များနှင့်အတူ သင်၏ကျောင်းသားများအတွက် ဇယားမှ မည်သည့် အရေးကြီးဆုံးကျွမ်းကျင်မှုများကို သင်ရန်ဆုံးဖြတ်ပြီး သင့်ကျောင်းနှင့် ရပ်ရွာလူထုအတွင်း၌ မူဝါဒများနှင့် ကျန်းမာရေးအခြေအနေတိုးတက်ပျံ့နှံ့မှုရှိအောင် လုပ်ဆောင်ရမည်။ ထို့နောက် ၎င်းကျွမ်းကျင်မှုများကို ဘာသာရပ်သင်ကြားရေးတွင် ပေါင်းစပ်ထည့်သွင်းပါ။ ဤလက်စွဲစာအုပ်အဆုံးတွင် ထည့်သွင်းထားသော HIV/ AIDS ကဏ္ဍများသည် သင့်ကို ကူညီပါလိမ့်မည်။ ဤလုပ်ငန်းစဉ်တွင် ကလေးများတက်ကြွစွာပါဝင် သင့်သည်ကို မမေ့ပါနှင့်။

| ဆက်သွယ်ခြင်းနှင့်ပုဂ္ဂိုလ်ချင်းအပြန်အလှန်ဆက်ဆံခြင်းကျွမ်းကျင်မှုများ | ဆုံးဖြတ်ချက်ချခြင်း၊လေးနက်စွာဆန်းစစ်ဝေဖန်ခြင်း၊ကျွမ်းကျင်မှုများ | ထိန်းချုပ်ခြင်းနှင့်မိမိကိုယ်ကိုကွပ်ကဲနိုင်သောကျွမ်းကျင်မှုများ |
|---|---|---|
| **ပုဂ္ဂိုလ်အချင်းချင်းအပြန်အလှန်ဆက်သွယ်ခြင်း**<br>– နှုတ်အားဖြင့် ဆက်သွယ်မှု၊<br>– စိတ်ပါလက်ပါနားထောင်ပေးခြင်း၊<br>– ခံစားချက်များကိုဖော်ပြခြင်းနှင့် တုံ့ပြန်မှုပေးခြင်း(အပြစ်ပေးခြင်းမျိုးမဟုတ်ဘဲ)နှင့် တုံ့ပြန်မှုကို လက်ခံခြင်း၊<br>**ညှိနှိုင်းခြင်း/ငြင်းဆိုခြင်း**<br>– ညှိနှိုင်းခြင်းနှင့်ပဋိပက္ခများကို ကွပ်ကဲခြင်း၊<br>– မိမိကိုယ်ကိုယုံကြည်လွန်းသော ကျွမ်းကျင်မှု၊<br>– ငြင်းဆိုခြင်းဆိုင်ရာကျွမ်းကျင်မှု<br>**ကိုယ်ချင်းစာတရားထားတတ်ခြင်း**<br>– သူတစ်ပါး၏အခြေအနေနှင့် လိုအပ်ချက်များကိုနားလည်ပေးခြင်းနှင့်နားထောင်ပေးခြင်းစွမ်းရည်နှင့် နားလည်မှုကိုလည်းဖော်ပြနိုင်သည့်စွမ်းရည်၊<br>**ပူးပေါင်းဆောင်ရွက်ခြင်းနှင့်အသင်းလိုက်လုပ်ဆောင်ခြင်း**<br>– သူတစ်ပါး၏ပါဝင်ကူညီမှုနှင့် မတူညီသောပုံစံများအပေါ် လေးစားမှုကိုဖော်ပြခြင်း၊<br>– တစ်ဦးစီ၏ကိုယ်ပိုင်စွမ်းရည်ကို စစ်ဆေးခြင်းနှင့်အဖွဲ့များကိုပါဝင်ကူညီမှုပေးခြင်း၊<br>**ထောက်ခံအားပေးမှု**<br>– လွှမ်းမိုးခြင်းဆိုင်ရာ ကျွမ်း ကျင်မှု၊<br>– ဆွဲဆောင်စည်းရုံးနိုင်သော ကျွမ်းကျင်မှု၊<br>– အချင်းချင်းဆက်သွယ်ရေးနှင့် လှုံ့ဆော်ပေးသောကျွမ်းကျင်မှု၊ | **ဆုံးဖြတ်ချက်ချခြင်းနှင့်ပြဿနာဖြေရှင်းခြင်း**<br>– သတင်းအချက်အလက်များကို စုဆောင်းခြင်းစွမ်းရည်၊<br>– မိမိကိုယ်နှင့်အခြားသူများလက်ရှိလုပ်ဆောင်မှုတို့၏အနာဂတ်အကျိုးဆက်များကို အကဲဖြတ်ခြင်း၊<br>– ပြဿနာများအတွက် အဖြေအမျိုးမျိုးကိုသတ်မှတ်ပေးခြင်း၊<br>– လှုံ့ဆော်မှုအပေါ်မိမိကိုယ်နှင့် အခြားသူများထားရှိသောတန်ဖိုးသဘောထားလွှမ်းမိုးမှုများအရခွဲခြမ်းစိတ်ဖြာနိုင်သည့်ကျွမ်းကျင်မှုများ၊<br>**လေးနက်စွာဆန်းစစ်ဝေဖန်ခြင်း**<br>– သက်တူရွယ်တူများနှင့် မီဒီယာလွှမ်းမိုးမှုကိုခွဲခြမ်းစိတ်ဖြာခြင်း၊<br>– သဘောထား၊ တန်ဖိုး၊ လူမှုရေးစံနှင့် ယုံကြည်ချက်များနှင့် ၄င်းတို့ကိုသက်ရောက်စေသောအကြောင်းအရာများကိုခွဲခြမ်းစိတ်ဖြာခြင်း၊<br>– ဆီလျော်သင့်လျော်သောသတင်းအချက်အလက်နှင့်သတင်းအချက်အလက်အရင်းအမြစ်များကိုခွဲခြမ်းဖော်ပြခြင်း၊ | **စိတ်အတွင်းထိန်းချုပ်နိုင်မှုတိုးတက်ခြင်းအတွက်ကျွမ်းကျင်မှုများ**<br>– မိမိကိုယ်ကို သိရှိနားလည်၍ ယုံကြည်မှုတည်ဆောက်နိုင်သည့် ကျွမ်းကျင်မှုများ၊<br>– အခွင့်အလမ်းကိုသတိပြုခြင်း၊ လွှမ်းမိုးမှု၊ တန်ဖိုး၊ သဘောထား၊ မှန်ကန်မှုအားနည်းချက်၊အားသာချက်ပါဝင်သည့်မိမိကိုယ်ကိုသတိမူမိသောကျွမ်းကျင်မှု၊<br>– ပန်းတိုင်ချမှတ်နိုင်သော ကျွမ်းကျင်မှု၊<br>– မိမိကိုယ်ကို အကဲဖြတ်ခြင်း၊ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းဆိုင်ရာကျွမ်းကျင်မှု၊<br>**ခံစားချက်ကိုစီမံကွပ်ကဲနိုင်သောကျွမ်းကျင်မှုများ**<br>– ပူဆွေးသောကနှင့် စိုးရိမ်ပူပန်မှုနှင့် ပတ်သက်၍ဒေါသကိုကွပ်ကဲခြင်း၊<br>– ဆုံးရှုံးမှု၊ မတရားပြုခံရမှုနှင့် စိတ်ဒဏ်ရာရမှု မချမ်းမြေ့ဖွယ်ရာများကို ထိန်းချုပ်ခြင်း၊<br>**စိတ်ဖိစီးတင်းကျပ်မှုကိုစီမံကွပ်ကဲနိုင်သည့်ကျွမ်းကျင်မှုများ**<br>– အချိန်ကိုအကျိုးရှိရှိ အသုံးချနိုင်ခြင်း၊<br>– အကောင်းဘက်ကို စဉ်းစားခြင်း၊<br>– စိတ်သက်သာရာရစေသောနည်းလမ်းများ၊ |

## ဤကျွမ်းကျင်မှုများကို မည်ကဲ့သို့အသုံးပြုနိုင်မည်နည်း။

အထက်ဖော်ပြပါဇယားတွင် ဖော်ပြထားသော ကလေးများလိုအပ်သည့် ကျွမ်းကျင်မှုများကို သင်ကြားပေးခြင်းအားဖြင့် သူတို့၏ဘဝနှင့် ပတ်ဝန်းကျင်ရှိသူများ၏ ကျန်းမာရေးစိန်ခေါ်မှုများကို ဖြေရှင်းနိုင်ပေမည်။ အောက်ဖော်ပြပါ နည်းလမ်းအချို့သည် ကျောင်းတွင် အသုံးပြုနိုင်သော ကျွမ်းကျင်မှုအခြေပြုကျန်းမာရေးပညာပေးမှုများပါဝင်ပြီး ကျန်းမာရေးအတွက် အဓိကပြဿနာများကိုပါ ကာကွယ်ပေးနိုင်သည်။[14] ဤပြဿနာများသည် ကလေးများအတွက် သက်ရောက်မှုရှိမရှိကို သင်နှင့်သင့်လုပ်ဖော်ကိုင်ဖက်များဆွေးနွေး၍ ဖော်ပြထားသော ကျွမ်းကျင်မှုများသည် ကျွမ်းကျင်မှုအခြေပြုကျန်းမာရေး ပညာပေးမှု အစီအစဉ်အတွက် အဓိကဦးတည်ချက်ဖြစ်သင့်ပါသည်။ HIV/AIDS အတွက် နောက်ပိုင်းတွင် ဖော်ပြထားသော လုပ်ငန်းများက ဤပြဿနာများကိုဖြေရှင်းရန် လက်ခံကျင့်သုံးနိုင်ပါသည်။

## ဆေးဝါးအလွဲသုံးမှုကိုတားမြစ်ခြင်း

ဆေးဝါးအလွဲသုံးမှုဆိုသည်မှာ မူးယစ်ဆေးဝါး၊ ဆေးလိပ်နှင့် အရက်ကဲ့သို့ စွဲစေသောဆေးဝါးများကို လွန်ကဲစွာအသုံးပြုခြင်းဖြစ်သည်။ ဆေးဝါးအလွဲသုံးစွဲသော ကျောင်းသားများကိုဖော်ထုတ်ရန်၊ သူတို့၏အပြုအမူကို နီးကပ်စွာ လေ့လာရန်လိုအပ်ပြီး သူတို့၏ မိသားစုနှင့်လည်း ရင်းနှီးစွာ ဆက်ဆံမှုတိုးတက်ရန်လိုပါသည်။ သို့မှသာ သူတို့၏ ကလေးနှင့် ပတ်သက်သော အကြောင်းအရာများကို ယုံကြည်စိတ်ချစွာ ပြောဆိုလာပေလိမ့်မည်။ အောက်ပါအချက်တို့သည် ကလေးများဆေးဝါးအလွဲသုံးစွဲမှုကို တားဆီးရာတွင် ဘဝတွက်တာကျွမ်းကျင်စရာတစ်ခု သို့မဟုတ် အမျိုးမျိုးက ပြုလုပ်ပေးနိုင်ပါသည်။

- ❖ စွဲစေသောဆေးဝါးသုံးစွဲရန် သက်တူရွယ်တူတို့၏ဖိအားပေးမှုကို တောင့်ခံခြင်း (ဆုံးဖြတ်ချက်ချခြင်း၊ ဆက်သွယ်ခြင်း၊ စိတ်လှုပ်ရှားခံစားမှုကို ထိန်းချုပ်ခြင်း)
- ❖ မျက်နှာမပျက်ရဘဲ သို့မဟုတ် မိတ်မပျက်ဘဲ စွဲစေသောဆေးဝါးသုံးစွဲရန် သက်တူရွယ်တူတို့၏ ဖိအားပေးမှုကို တောင့်ခံခြင်း (ဆုံးဖြတ်ချက်ချခြင်း၊ ဆက်သွယ်ခြင်း၊ ပုဂ္ဂိုလ်ချင်းအပြန်အလှန်ဆက်ဆံခြင်းကျွမ်းကျင်မှုများ)

[14] This section was originally developed from:
www.unicef.org/programme/lifeskills/whatwhy/issues.html

- ❖ စွဲစေတတ်သောဆေးဝါးသုံးစွဲမှုကို ဖြစ်စေသည့် လူမှုရေးအကြောင်းအချက်များကိုရှာဖွေဖော်ထုတ်၍ ဤကဲ့သို့အကြောင်းအရာများကိုမည်သို့ကိုင်တွယ်ဖြေရှင်းမည်ကို ဆုံးဖြတ်တတ်ခြင်း (လေးနက်စွာဆန်းစစ်ဝေဖန်ခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ ဆုံးဖြတ်ချက်ချခြင်းစသည့် ကျွမ်းကျင်မှုများ)
- ❖ စွဲစေသော ဆေးဝါးမသုံးစွဲရန်အတွက် သုံးစွဲမှု၏ အန္တရာယ်များနှင့် ကိုယ်ရေးဆိုင်ရာ အကြောင်းပြချက်ကို အခြားသူများအား သတင်းပေးပြောပြခြင်း (ဆက်သွယ်ခြင်း၊ မိမိကိုယ်ကို သတိပြုခြင်း၊ ပုဂ္ဂိုလ်ချင်း အပြန်အလှန်ဆက်ဆံခြင်းကျွမ်းကျင်မှုများ)
- ❖ ဆေးလိပ်၊ အရက်နှင့်မူးယစ်ဆေးဝါးကင်းသော ပတ်ဝန်းကျင်ဖြစ်ရန် ထိရောက်စွာ တောင်းဆိုခြင်း(ဆက်သွယ်ခြင်းကျွမ်းကျင်မှုများ)
- ❖ ကြော်ငြာနှင့်အခြားအရောင်းမြှင့်တင်သည့်ပစ္စည်းများ၏ ဆွဲဆောင်မှုများကိုငြင်းဆန်နိုင်ခြင်းနှင့် ဆန့်ကျင်နိုင်ခြင်း (လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်း၊ ဆက်သွယ်ခြင်း၊ မိမိကိုယ်ကို သတိပြုခြင်းကျွမ်းကျင်မှုများ)
- ❖ စွဲစေတတ်သောဆေးဝါးသုံးစွဲမှု ဖြတ်တောက်လိုသောသူများကို ထောက်ပံ့အားပေးခြင်း (ပုဂ္ဂိုလ်ချင်းအပြန်အလှန်ဆက်ဆံခြင်း၊ စိတ်လှုပ်ရှားခံစားမှုကို ထိန်းချုပ်ခြင်း၊ စိတ်ဖိစီးမှုကို ထိန်းချုပ်ခြင်း၊ ပြဿနာဖြေရှင်းခြင်း ကျွမ်းကျင်မှုများ) နှင့်
- ❖ မိဘနှင့်အခြားသူများ ဆေးဝါးအလွဲသုံးမှုနှင့်ရင်ဆိုင်ရခြင်း (ထိန်းချုပ်ခြင်း) (ပုဂ္ဂိုလ်အချင်းချင်း အပြန်အလှန်ဆက်ဆံခြင်း၊ စိတ်လှုပ်ရှားခံစားမှုကို ထိန်းချုပ်ခြင်း၊ စိတ်ဖိစီးမှုကို ထိန်းချုပ်ခြင်း၊ ပြဿနာဖြေရှင်းခြင်း ကျွမ်းကျင်မှုများ)

## အကြမ်းဖက်မှုကိုကာကွယ်ခြင်း

တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ဘဝတွက်တာကျွမ်းကျင်စရာများသည် ကျောင်းသားများအတွက် အကြမ်းဖက်မှုကို ကာကွယ်ရန် ဖြစ်စေပါသည်–

- ❖ ပဋိပက္ခများကို ငြိမ်းချမ်းစွာဖြေရှင်းမှုများ ရှာဖွေဖော်ထုတ်ပြီး အကောင်အထည်ဖော်ခြင်း (ပြဿနာဖြေရှင်းခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်း၊ တင်းကျပ်မှုများကိုထိန်းချုပ်ခြင်း၊ စိတ်လှုပ်ရှားခံစားမှုကို ထိန်းသိမ်း

နိုပ်ကွပ်တတ်ခြင်း၊ ဆက်သွယ်ရေးကျွမ်းကျင်မှုများ ပုဂ္ဂိုလ်အချင်းချင်း အပြန်အလှန်ဆက်ဆံခြင်းကျွမ်းကျင်မှုများ)

- ❖ အန္တရာယ်ရှိသော အခြေအနေများကို ရှာဖွေဖော်ထုတ်ခြင်း၊ ရှောင်ရှားခြင်း၊ (လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ ဆုံးဖြတ်ချက်ချခြင်းကျွမ်းကျင်မှုများ)
- ❖ မီဒီယာတွင် ဖော်ပြသည့် အကြမ်းဖက်မှုကို အောင်မြင်စွာ ရှောင်ရှားနိုင်မည့် နည်းလမ်းကောင်းများကို အကဲဖြတ်ခြင်း (လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်း ကျွမ်းကျင်မှုများ)
- ❖ သက်တူရွယ်တူသူများနှင့် အသက်ကြီးသူများ၏ အကြမ်းဖက်သော အပြုအမူများကို ခုခံခြင်း (ပြဿနာဖြေရှင်းခြင်း၊ဆုံးဖြတ်ချက်ချခြင်း၊လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်း၊ တင်းကြပ်မှုများကို ထိန်းချုပ်ခြင်း၊ စိတ်လှုပ်ရှားခံစားမှုကို ထိန်းသိမ်းနှိပ်ကွပ်တတ်ခြင်း၊ ဆက်သွယ်ရေးကျွမ်းကျင်မှုများ၊ ပုဂ္ဂိုလ်အချင်းချင်း အပြန်အလှန်ဆက်ဆံခြင်းကျွမ်းကျင်မှုများ)
- ❖ အကြမ်းဖက်မှုတွင် ပါဝင်ပတ်သက်သူများသည် တည်ငြိမ်စွာ ဖြန်ဖြေသူတစ်ဦး ဖြစ်ခြင်း (မိမိကိုယ်ကိုသတိပြုခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ လေးနက်စွာဆန်းစစ်ဝေဖန်ခြင်း၊ တင်းကြပ်မှုများကိုထိန်းချုပ်ခြင်း၊ စိတ်လှုပ်ရှား ခံစားမှုကို ထိန်းသိမ်းနှိပ်ကွပ်တတ်ခြင်း၊ ဆက်သွယ်ရေးကျွမ်းကျင်မှုများ၊ ပုဂ္ဂိုလ် အချင်းချင်းအပြန်အလှန်ဆက်ဆံခြင်း ကျွမ်းကျင်မှုများ)
- ❖ ရပ်ရွာဝန်းကျင်တွင် ရာဇဝတ်မှုကို ကူညီဟန့်တားပေးခြင်း (ပြဿနာဖြေရှင်း ခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ ဆက်သွယ်ခြင်းများ၊ စိတ်လှုပ်ရှားခံစားမှုကို ထိန်းသိမ်းနှိမ်နင်းတတ်ခြင်း)
- ❖ တရားမမျှတမှုများကို လျှော့ချရန်နှင့် ကွဲပြားမှုများကို ပို၍ သည်းခံရန် (လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်း၊ တင်းကြပ်မှုများကို ထိန်းချုပ်ခြင်း၊ စိတ် လှုပ်ရှားခံစားမှုကို ထိန်းသိမ်းနှိပ်ကွပ်တတ်ခြင်း၊ ဆက်သွယ်ခြင်း ကျွမ်းကျင်မှု များ၊ ပုဂ္ဂိုလ်အချင်းချင်းအပြန်အလှန် ဆက်ဆံခြင်းကျွမ်းကျင်မှုများ)

## ကျန်းမာရေးနှင့် ညီညွတ်သောအစာအာဟာရ

ကျန်းမာရေးနှင့် ညီညွတ်သောအစာအာဟာရနှင့် ပတ်သက်၍ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ဘဝတွက်တာကျွမ်းကျင်စရာများသည် ကျောင်းသားများအတွက် ကျန်းမာရေးနှင့် ညီညွတ်သော အစာအာဟာရကို ရစေပါသည်–

- ❖ မိမိကြိုက်နှစ်သက်သည့် အာဟာရပြည့်သောအစာများနှင့် သရေစာများကို ရှာဖွေဖော်ထုတ်ရန်နှင့် မိမိအတွက် အာဟာရအနည်းဆုံးအစာကို ရွေးချယ်မှု မပြုမိခြင်း (သတိပြုခြင်း၊ ဆုံးဖြတ်တတ်ခြင်းကျွမ်းကျင်မှုများ)
- ❖ ကျန်းမာရေးနှင့်မညီညွတ်သည့် အစာစားမိတတ်သည့်အလေ့ကို ဖော်ထုတ်၍ ရှောင်ကြဉ်ခြင်း (ဝေဖန်စဉ်းစားခြင်း၊ ဆက်စပ်တတ်ခြင်း ကျွမ်းကျင်မှုများ)
- ❖ အာဟာရရှိသော အစာများကို မှန်ကန်စွာ ရွေးချယ်ကျွေးပေးရန် မိဘများကို တောင်းခံရန်( ကိုယ်ရေးကိုယ်တာဆက်ဆံတတ်ခြင်း၊ ဆက်စပ်တတ်ခြင်း ကျွမ်းကျင်မှုများ)
- ❖ ကြော်ငြာများနှင့် သတင်းဖြစ်ရပ်များမှ အာဟာရအကြောင်းဖော်ပြကြော်ငြာမှု များကို အကဲဖြတ်ခြင်း (လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်း ကျွမ်းကျင်မှုများ)

## သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုတိုးတက်ရေး

သန့်ရှင်းမှုတိုးတက်ကောင်းမွန်ခြင်း၊ စိတ်ချရသည့် သောက်ရေသန့်ရရှိလာခြင်း၊ တစ်ကိုယ်ရေနှင့် အစားအစာသန့်ရှင်းရေးတို့သည် ဖျားနာခြင်းနှင့်ရောဂါဖြစ်ပွားခြင်းကို များစွာလျော့ပါးစေနိုင်ပါသည်။ တစ်ကိုယ်ရေသန့်ရှင်းမှု တိုးတက်ရေးအစီအစဉ်များ၏ အရေးပါသော အစိတ်အပိုင်းမှာ တစ်ကိုယ်ရေသန့်ရှင်းရေးအသိပညာပင်ဖြစ်သည်။ သတင်းအချက်အလက်များကိုသာပေးနေခြင်းထက် တစ်ကိုယ်ရေသန့်ရှင်းရေးပညာပေးမှုအတွက် အောက်ဖော်ပြပါ ကျွမ်းကျင်မှုအခြေပြုချဉ်းကပ်နည်းကို အသုံးပြုခြင်အားးဖြင့် ကျောင်းသားများကို ကူညီနိုင်ပါသည်–

- ❖ ရေ၊ သန့်ရှင်းရေးတို့နှင့်ဆက်နွယ်၍ ရောဂါများဖြစ်ပွားတတ်သည့်ပတ်ဝန်းကျင် အခြေအနေတို့ကို ခွဲခြားဖော်ထုတ်၍ ရှောင်ကြဉ်တတ်ခြင်း။ (ပြဿနာ ဖြေရှင်းခြင်း၊ ဆုံးဖြတ်တတ်ခြင်းကျွမ်းကျင်မှုများ)

❖ မိသားစုများ၊ သက်တူရွယ်တူများနှင့် ရပ်ရွာလူထုအဖွဲ့ဝင်များကို ကူးစက်ရောဂါများနှင့်ပတ်သက်သည့်သတင်းအချက်အလက်များကိုအသိပေးခြင်း၊(ဆက်သွယ်ခြင်း၊ လူပုဂ္ဂိုလ်ချင်းအပြန်အလှန်ဆက်ဆံတတ်ခြင်း ကျွမ်းကျင်မှုများ)နှင့်

❖ အခြားသူများ (သက်တူရွယ်တူ၊ မောင်နှမများနှင့် မိသားစုအဖွဲ့ဝင်များကဲ့သို့)ကို သူတို့၏ အလေ့အကျင့်ဆိုးများပြောင်းလဲရေးအတွက် တိုက်တွန်းခြင်း၊ (လေးနက်စွာဆန်းစစ်ဝေဖန်ခြင်း၊ ဆက်သွယ်ခြင်း၊ ပုဂ္ဂိုလ်ချင်း အပြန်အလှန် ဆက်ဆံတတ်ခြင်းကျွမ်းကျင်မှုများ)

## စိတ်ကျန်းမာရေးကို မြှင့်တင်ရေး

စိတ်ကျန်းမာရေးအတွက် ကျွမ်းကျင်မှုအခြေပြုကျန်းမာရေး ပညာပေးမှုသည် ကျန်းမာရေးကိုဖြစ်စေသော လူမှုရေးစိတ်ဝန်းကျင်တစ်ရပ်ကို ကျောင်းတွင် ကျယ်ကျယ်ပြန့်ပြန့်အားထုတ်ကြိုးပမ်းဖော်ဆောင်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်နိုင်ပါသည်။ ကျန်းမာရေးနှင့်ညီညွတ်သော ကျောင်းဝန်းကျင်တစ်ခုသည် ကျောင်းသားများ၏လူမှုရေးစိတ်နှင့် ခံစားမှုတွင် ချမ်းမြေ့ရခြင်းများကို ရရှိခံစားရစေပါသည်။ ထို့ပြင်သင်ယူမှု ရလဒ်များကိုရစေသည်။ ယင်းသို့ ဖြစ်သည်မှာ အောက်ပါအခြေအနေများတွင် ဖြစ်လေ့ရှိသည်–

❖ ယှဉ်ပြိုင်ခြင်းထက် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သည့်အခါ၊

❖ ပွင့်လင်း၍ ပံ့ပိုးမှုရှိသောဆက်သွယ်ရေးကို ဖြည့်စွမ်းသည့်အခါ၊

❖ တီထွင်ကြံဆမှုအခွင့်အလမ်းများပေးခြင်းကိုအရေးပါမှုအဖြစ်မြင်သည့်အခါ၊

❖ ရုပ်ပိုင်းဆိုင်ရာပြစ်ဒဏ်ပေးခြင်း၊ ကြီးနိုင်ငယ်ညှဉ်းပြုခြင်း၊ အနှောင့်အယှက်ပေးခြင်းနှင့် အကြမ်းဖက်ခြင်းတို့ကို တားဆီးသည့်အခါများတွင်ဖြစ်ပါသည်။

## ကျွမ်းကျင်မှုများကိုမည်ကဲ့သို့ လေ့ကျင့်သင်ကြားပေးနိုင်မည်နည်း။

ကျွန်ုပ်တို့သည် ကလေးများအား ဖော်ပြပါကျွမ်းကျင်မှုများ အလေ့အကျင့်ပြုကြရန်ဆိုင်ရာသင်နည်းများ အသုံးပြုသင်ကြားပေးလျှင် ကလေးများသည် ဘဝတွက်တာကျွမ်းကျင်စရာများကိုသင်ယူနိုင်ကြပေမည်။ သို့ဖြစ်ရာ သင် သင်ပြသောနည်းလမ်းသည် သင်ပြမည့်အကြောင်းအရာကဲ့သို့ အရေးကြီးပါသည်။ သက်ဝင်တက်ကြွသော ဘဝတွက်တာကျွမ်းကျင်

စရာသင်ယူမှုအတွက် ရှိရမည့်အချက်တချို့ကို ဖော်ပြလိုက်ပါသည်။[15]

| သက်ဝင်တက်ကြွသော သင်ယူနည်း | အောင်မြင်သောသင်ကြားမှုဖြစ်ရန် ရှိရမည့်အချက် |
|---|---|
| **ဆွေးနွေးသည့်အုပ်စုများ**<br>၁။ အရေးကြီးသော ကျန်းမာရေးခေါင်းစဥ်တစ်ခုနှင့်ပတ်သက်၍ သူတို့၏အတွေ့အကြုံများမျှဝေရန်နှင့် သူတို့၏ထင်မြင်ယူဆချက်များကိုပြောပေးရန် ကျောင်းသားအားလုံး ပါဝင်လာအောင်ကူညီပါ။<br>၂။ ကလေးများကိုတခြားသူများနှင့်ဆက်သွယ်ခြင်း၊ အခြားသူများ၏ခံစားချက်များကိုနားထောင်တတ်အောင်ကူညီပါ။ | ၁။ (၅–၇)ယောက်ပါသောအဖွဲ့ငယ်ဖွဲ့ပါ။<br>၂။ ခေါင်းဆောင်များကိုသေချာစွာ ဆွေးနွေး၊ မိန်းကလေးရော ယောကျ်ားလေးပါ ခေါင်းဆောင်အဖြစ်ထားပါ။<br>၃။ လူတိုင်းပါဝင်နိုင်ရန်စီစဉ်မှုများနှင့် စည်းမျဉ်းများပြုလုပ်ထားပါ။<br>၄။ လုပ်ငန်းများရှင်းလင်းရန် အဖွဲ့များသည် မည်သည်ကို မည်ကဲ့သို့တင်ပြရမည်ကို သိရှိပါစေ။<br>၅။ ရွေးချယ်သောကျန်းမာရေးခေါင်း စဥ်များအတွက် ကျောင်းသားများ၏ ကိုယ်ပိုင်အတွေ့အကြုံများမှ သူတို့ကိုယ်တိုင် စဉ်းစားယူရန် တွန်းအားပေးပါစေ။ |

[15] Adapted from: Son V, Pridmore P, Nga B, My D and Kick P(2002) Renovating the Teaching of Health in Multigrade Primary Schools: A Teacher's Guide to Health in Natural and Social Sciences (Grades 1,2,3) and Science (Grade 5). Britch Council and the National Institute of Educational Sciences: Hanoi,Vietnam.

| သက်ဝင်တက်ကြွသော သင်ယူနည်း | အောင်မြင်သောသင်ကြားမှုဖြစ်ရန် ရှိရမည့်အချက် |
| --- | --- |
| **ဇာတ်လမ်းများ**<br>၁။ ကလေးများနားလည်မှုမှတ်မိမည်ဖြစ်၍ သတင်းအချက်အလက်များကို စိတ်ဝင်စားဖွယ်ကောင်းအောင်တင်ပြပါ။<br>၂။ ခက်ခဲသောခေါင်းစဉ်ကို နိဒါန်းပျိုး၍ ခံစားလွယ်သောခေါင်းစဉ်များ ထိတွေ့ပေးပါ။<br>၃။ ကလေးများ၏စိတ်ကူးစိတ်သန်းတိုး တက်လာအောင်စီစဉ်ပေးပါ။<br>၄။ ကလေးများ၏ဆက်သွယ်ရေးဆိုင်ရာ ကျွမ်းကျင်မှုများကိုတိုးတက်အောင် ပြုလုပ်ပါ။(နားထောင်ပြောဆိုခြင်းနှင့် ရေးသားခြင်း) | ၁။ ဇာတ်လမ်းများကိုအသုံးပြု၍ကျန်းမာရေးနှင့်ဆိုင်သောခေါင်းစဉ်သစ်များ၊ စိတ်ကူးသစ်များနှင့်ထိတွေ့ မိတ်ဆက်ပေးပါ။ ၄င်းတို့အမှန်တကယ်စိတ်ဝင်စားလာအောင် ပြဇာတ်ဆန်ဆန်တင်ပြပါ။<br>၂။ ဇာတ်ကောင်၏ခံစားချက်များအပေါ် အဝင် ဇာတ်လမ်း၏အဓိကအချက်များကို ကျောင်းသားများသတိပြုမိ၍နားလည်မှုရှိပါစေ။<br>၃။ ဇာတ်လမ်း အကြောင်းအရာများကို ပြဇာတ်၊ပန်းချီကဲ့သို့ အခြားလှုပ်ရှားမှုပုံစံများဖြင့်လည်း လုပ်ဆောင်ပါ။<br>၄။ ကျောင်းသားများသူတို့ဖတ်ဖူးသော သို့မဟုတ်ကြားဖူးသောပြဇာတ်များကို အခြားသောကျောင်းသားများနှင့် မိသားစုဝင်များကိုပြောပြရန် သူတို့အားတိုက်တွန်းပါ။ သူတို့ကိုယ်တိုင်ဇာတ်လမ်းများရေး၍ တင်ပြရန်တိုက်တွန်းပါ။ |
| **လက်တွေ့သရုပ်ပြခြင်း**<br>၁။ စိတ်ထဲ၌ရှိသောအသိပညာများကို ပစ္စည်း စစ်များဖြင့်ဆက်စပ်ပါ။<br>၂။ လက်တွေ့ကျွမ်းကျင်မှုများနှင့်ကြည့်ရှုလေ့လာခြင်းတို့တိုးတက်အောင်ပြုလုပ်ပါ။<br>၃။ ကြောင်းကျိုးဆက်စပ်တွေးခေါ်မှုကို အားပေးပါ။ | ၁။ ပစ္စည်းစစ်များအသုံးပြုပါ။ဖြစ်နိုင်လျှင် ရုပ်ပုံကားချပ်များအစား ပစ္စည်းစစ် (အစာ၊ ခြင်၊ ပိုးလောက်လမ်း)ကိုအသုံးပြုပါ။<br>၂။ လက်တွေ့သရုပ်ပြခြင်းများတွင် ကျောင်းသားများပါဝင်ပါစေ။ သင်ကိုယ်တိုင်က မူအတတ်နိုင်ဆုံးအနည်းငယ် သာလုပ်ပါ။<br>၃။ သူတို့ဘာလုပ်နေသည်။ ဘာကြောင့် လုပ်ရသည်ကို အခြားကလေးများအား သိရှိနားလည်ရန် ပြောပါ။<br>၄။ ခန္ဓာကိုယ်အကြောင်းလေ့လာသင်ယူမှု နှင့် ရေးဦးသူနာပြုစုခြင်းသရုပ်ဖော်ပြသမှုကဲ့သို့ သောဆောင်ရွက်ချက်များကို ကျောင်းသားများကိုယ်တိုင်အသုံးပြုဆောင်ရွက်နိုင်ပါသည်။ |

| သက်ဝင်တက်ကြွသော သင်ယူနည်း | အောင်မြင်သောသင်ကြားမှုဖြစ်ရန် ရှိရမည့်အချက် |
|---|---|
| **ပြဇာတ်နှင့်ဇာတ်ဟန်ခင်းကျင်းခြင်း**<br>၁။ ဆက်သွယ်ရေးကျွမ်းကျင်မှုနည်းလမ်းအားလုံးကိုတိုးတက်အောင်လုပ်ဆောင်ပါ။<br>၂။ ကလေးများ AIDS သို့မဟုတ် မသန်စွမ်းမှုနှင့် ပတ်သက်သောခံစားလွယ်သည့်အကြောင်းအရာများအပေါ်တွင်ခံစားမှုများနှင့်သဘောထားများ ရှာဖွေရန်ခွင့်ပြုပါ။<br>၃။ မိမိကိုယ်ကိုယုံကြည်စိတ်ချမှုတိုးပါစေ။<br>၄။ ကလေးများရှင်းလင်းစွာတွေးနိုင်ပြီး ဆုံးဖြတ်ချက်ချတတ်ရန်ကူညီပေးနိုင်သည့်လုပ်ငန်းများကို ဦးတည်ဆောင်ရွက်ပါစေ။ | ၁။ ကလေးများသူတို့ကိုယ်ပိုင်ပြဇာတ်များကပြရန်ကူညီတိုက်တွန်းပါ။(လူတိုင်းပြင်ဆင်ရန်မဟုတ်ပါ။)<br>၂။ ရုပ်သေးများပြုလုပ်အသုံးပြုခြင်းဖြင့်လက်တွေ့စူးစမ်းလေ့လာစေပါ။<br>၃။ ‘တစ်စုံတစ်ယောက်ကဒါလုပ်နေသည်ကိုသင်မြင်သည့်အခါ သင်က လည်း ‘ဘယ်လိုပြုမူ၍ ဘာပြောမည်’စသည်ဖြင့်ဇာတ်ဟန်ခင်းကျင်းသည့်တစ်ခန်းရပ်ဇာတ်လမ်းတိုများကိုမကြာခဏလုပ်ဆောင်စေပါ။<br>၄။ ပြဇာတ်(သို့)ရုပ်သေးများပွဲများမှဆွေးနွေးမှုများဆီသို့ဦးဆောင်ပြုလုပ်စေပါ။သာဓက ‘အဘယ့်ကြောင့်လူများဤကဲ့သို့ပြုမူလုပ်ဆောင်ပါသနည်း။’ နောင်တွင်မည်သို့ ဖြစ်လာမည်။’<br>၅။ ပြဇာတ်အဆုံးတွင်ကလေးများသည်ကျန်းမာရေးနှင့်ဆိုင်သောသတင်းအချက်အလက်များသင်ယူရရှိရန်သေချာပါစေ။<br>၆။ ၎င်းသတင်းအချက်အလက်များ ရင်ထဲ၌ကျန်ရစ်မှု ရှိမရှိသိရန် စာသင်ခန်းပြင်ပ၌သူတို့၏အမူအကျင့်များကိုစောင့်ကြည့်ပါ။<br>၇။ ခက်ခဲသောအခြေအနေများ သာဓကအားဖြင့် ကလေးတစ်ဦးသည် လှောင်ပြောင်ပြက်ရယ်ပြုခြင်းခံနေရရာ သင်၏တပည့်များကို ထိုကလေး ဘာဖြစ်နေသည်နှင့်မည်သို့ကူညီရမည်ဆိုသည်ကို စဉ်းစားရန် တိုက်တွန်းပါ။ ဇာတ်ဟန်ခင်းကျင်းခြင်းကို အသုံးပြု၍ စစ်ဆေးပါ။ |

## ကျွမ်းကျင်မှုအခြေပြု ကျန်းမာရေးပညာပေးမှုဖြင့် HIV/AIDS ရောဂါတားဆီးခြင်း

ဤအပိုင်းသည် ကျွမ်းကျင်မှုအခြေပြုကျန်းမာရေးပညာပေးမှုဖြင့် HIV/AIDS တားဆီးရန်နှင့် ၄င်းရောဂါခံစားနေရသူများ၏ အသရေထိခိုက်မှုကို လျော့ပါးစေရန် မည်ကဲ့သို့ အသုံးပြုနိုင်သည်ကို ဖော်ပြထားပါသည်။ ဤအပိုင်းတွင် ပါသောလုပ်ငန်းများကို အထက်တွင်ဆွေးနွေးထားသည့် ကျန်းမာရေးဆိုင်ရာပြဿနာများနှင့်ပတ်သက်၍လည်း အသုံးပြုနိုင်ပါသည်။

HIV/AIDS နှင့်ပတ်သက်၍ ပိုမိုနားလည်မှုရှိရန်နှင့်အသရေပျက်မှုများ လျော့ပါးစေရန်အတွက် ပညာရေးသည် အဓိကဖြစ်သည်။ ကျောင်းသည် HIV/AIDS အကြောင်း ကလေးများကို ပညာပေးရန်နှင့် HIV ကူးစက်ပြန့်ပွားမှုကို ရပ်ဆိုင်းရန်တို့အတွက် အရေးပါသော နေရာပင်ဖြစ်သည်။ ဤအရာများကို အောင်မြင်စွာ လုပ်ဆောင်ရေးသည် ကလေးများနှင့် လူငယ်များကို ကျန်းမာရေးဆိုင်ရာအပြုအမူကောင်းများ အချိန်မီမီ မည်မျှကောင်းကောင်း မွန်မွန်အောင်မြင့်တင်ပေးနိုင်ခြင်းက လူငယ်များအတွက် ကျရောက်နိုင်သော အန္တရာယ်များကို မည်မျှကာကွယ်ပေးနိုင်သည့်အပေါ်မူတည်သည်။

အလွန်အမင်းအရေးကြီးသောတာဝန်မှာ ကလေးများကို ကူးစက်ရောဂါများ မကူးစက်အောင် ရှောင်ရှားနိုင်ရန် သို့မဟုတ် အခြားသူများကိုကူးစက်စေခြင်းနှင့် HIV နှင့်ပတ်သက်သော ကျောင်းမူဝါဒများ တိုးတက်မြှင့်တင်ရန်အတွက် သင်ကြားရန် ဖြစ်သည်။ ဤနည်းဖြင့် ကျောင်းရှိ လူငယ်များအား အရည်အသွေးရှိကျန်းမာရေးပညာပေးနိုင်ပြီး ရပ်ရွာကျန်းမာရေး တိုးတက်လာရန် အရေးပါသောအဆင့်များကိုလည်း လုပ်ဆောင်ပေးနိုင်ပါသည်။

HIV/AIDS အတွက် ကျွမ်းကျင်မှုအခြေပြုချဉ်းကပ်နည်းသည် လူတိုင်း ပူးပေါင်းပါဝင်သည့် သွက်လက်သော သင်ယူနည်းကို အောက်ပါတို့အတွက် အသုံးပြုနိုင်ပါသည်–

- ❖ ကလေးတစ်ဦးစီ၏အန္တရာယ်ရှိနိုင်သည့် အဆင့်များကို အကဲဖြတ်ပြီး ကူညီခြင်း
- ❖ ကလေးတို့၏ကိုယ်ပိုင်တန်ဖိုးထားမှုနှင့်ယုံကြည်ချက်များကို စစ်ဆေးကြည့်ခြင်း
- ❖ HIV မှ ကာကွယ်ရန် မည်သည့်လုပ်ငန်းလုပ်ဆောင်ရမည်ကို သူတို့ကိုယ်တိုင်နှင့် အခြားသူများက ဆုံးဖြတ်စေခြင်း
- ❖ သူတို့၏ကိုယ်ပိုင်ဆုံးဖြတ်ချက်များဖြင့် သူတို့အတွက် အကူအညီပေးနိုင်မည့် လိုအပ်သော ကျွမ်းကျင်မှုများရရှိစေခြင်း

ကျောင်းများတွင် ပေးထားပြီးဖြစ်သည့် ကိုယ်ဝန်ဆောင်ခြင်းနှင့် မျိုးပွားမှုဆိုင်ရာ ကျန်းမာရေး၊ လူဦးရေအကြောင်း၊ မိသားစုဘဝပညာပေးနှင့် ဆေးဝါးအလွဲသုံးစွဲမှုကို ကာကွယ်တားမြစ်ခြင်းတို့ အပါအဝင်သက်ဆိုင်ရာပညာပေးမှုများနှင့်အတူ HIV/AIDS ကို ကာကွယ်ရန် ကျွမ်းကျင်မှုအခြေပြုကျန်းမာရေးပညာပေးမှုက ဆက်စပ်ပညာပေးနိုင်ပါသည်။

HIV/AIDS ကာကွယ်ရန် ကျွမ်းကျင်မှုအခြေပြုအစီအစဉ်များကို ကလေးများအကြား မည်သည့် နည်းလမ်းများဖြင့် အစပြုနိုင်မည်နည်း။ ကလေးများအတွက် မည်သည်တို့ကို လုပ်ဆောင်ပေးနိုင်သည်ဟူသော သင်နှင့်သင့်ကျောင်းက ဆောင်ရွက်နိုင်သည့်လုပ်ငန်းများ အရ အချို့သောနည်းလမ်းများကိုရှာကြည့်ပါ။



**ဆောင်ရွက်ရန်လုပ်ငန်းများ။ ဆရာများနှင့်ကျောင်းများက ဘာလုပ်ပေးနိုင်သနည်း။**[16]

**၁။ အသိပညာဗဟုသုတပေးပါ။ တက်ကြွပါ။**

- ❖ HIV/AIDS နှင့်သက်ဆိုင်သောနောက်ဆုံးပေါ် သတင်းအချက်အလက်များ ၎င်းအတွက် ကူးစက်ခြင်း၊ ကာကွယ်ခြင်းနှင့် လူမှုရေးအကျိုးဆက်များရရှိရန်၊
- ❖ HIV/AIDS နှင့်ပတ်သက်၍ သင်၏အမြင်သဘောထား၊ တန်ဖိုးထားမှုများနှင့် အပြုအမူများကို နားလည်ရန်နှင့် သင်၏ကလေးများကို သိစေလိုသော သတင်းအချက်အလက်များပြောဆိုဆက်သွယ်ရာ၌ မိမိကိုယ်ကို ယုံကြည်စိတ်ချမှု တိုးပွားလာရန်၊

**၂။ ပေါင်းစပ်လုပ်ဆောင်မှုကို ထူထောင်ပါ။**

- ❖ အနည်းဆုံးအားဖြင့် အခြားလူတစ်ယောက်နှင့် ပေါင်းစပ်လုပ်ဆောင်မှုကို ရပါစေ။ အသင်းအဖွဲ့ဖြစ်လေ ကောင်းလေ။
- ❖ သင့်ရပ်ရွာဒေသတွင် HIV/AIDS ကာကွယ်ခြင်းနှင့် ဂရုပြုစောင့်ရှောက်ခြင်းများ ဆောင်ရွက်သည့် အဖွဲ့အစည်းများနှင့် လုပ်ငန်းများကို ရှာဖွေပါ။ ကိုယ်စားလှယ်

[16] Adapted from: Schenker II, Nyirenda JM. (2002) Preventing HIV/AIDS in Schools. International Academy of Education and the International Bureau of Education. Educational Practices Series 9. Paris.

များနှင့်တွေ့ဆုံ၍၊ သတင်းအချက်အလက်များ၊ သင်ထောက်ကူများနှင့်အခြားသော ရင်းမြစ်များနှင့် ပတ်သက်၍ကူညီနိုင်မည့်နည်းကိုရှာပါ။

## ၃။ ရင်းနှီးပွင့်လင်းသောဆက်ဆံမှုဖြစ်အောင်ဆောင်ရွက်ပါ။

❖ အများဆုံးအာရုံခံစားမှုဖြစ်လွယ်သည်ဟု သင်တွေးဆသည့် ပြဿနာ ၅ ခုမှ ၁၀ ခု အထိကို စာသင်ခန်းထဲ၌ လွတ်လပ်စွာ ဆွေးနွေးရန် သင်ကိုယ်တိုင်ပြင်ဆင်ပါ။ ယင်းတို့ကို အဓိပ္ပာယ်ဖွင့်ပြပြီး ရှင်းပြပါ။ ၄င်းတို့၏ကောင်းကျိုးနှင့်ဆိုးကျိုးကို ရှာဖွေ၍ သင့် လုပ်ဖော်ကိုင်ဖက်များနှင့် ဆွေးနွေးပါ။

## ၄။ ပူးပေါင်းပါဝင်သင်နည်းများကိုအသုံးပြုပါ။

❖ အတွေ့အကြုံနှင့် အသိပညာများရရှိရန် တက်ကြွစွာ သင်ယူခြင်းနှင့်ပူးပေါင်းပါဝင်သင်ကြားနည်းကို သုံးပါ။ ၄င်းနည်းများကို စာသင်ခန်းတစ်ခုလုံးအတွက်အသုံးမပြုမီ နမူနာကျောင်းသားငယ်အုပ်စုတစ်စုဖြင့် လက်တွေ့စမ်းသပ်ကြည့်ပါ။

❖ ကလေးများအား ဟောပြောပို့ချနည်းကို ရှောင်၍ စာသင်ခန်း၌ တက်ကြွစွာပါဝင်သင်ယူခြင်းကို ပြုလုပ်ပါ။ ကလေးများကို သတင်းအချက်အလက်ရှာဖွေခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ ကူးစက်ရောဂါများအကြောင်း ဆွေးနွေးခြင်းနှင့် ကူးစက်ရောဂါများကို တားဆီးနိုင်သည့်နည်းလမ်းများ ရှာဖွေဖော်ထုတ်ခြင်းတို့ကို ပြုလုပ်ခိုင်းပါ။

❖ မေးခွန်းမေးမြန်းခြင်း၊ ဆွေးနွေးခြင်းနှင့် အတွေးအခေါ်သစ်များ တိုးတက်လာခြင်းတို့အတွက် ကျောင်းသားများအား တိုက်တွန်းအားပေးပါ။

## ၅။ တီထွင်ဆန်းသစ်သောသင်ကြားနည်းတန်းခွဲများကို အသုံးပြုပါ။

❖ သင်ကြားမှုအထောက်အကူပစ္စည်းအမျိုးမျိုးကို ပေးနိုင်သည့် သင်ရိုးကိုအသုံးပြုပါ။ သင့်ကျောင်းသားများအတွက် HIV/AIDS သင်ခန်းစာများကို ထူးခြားဆီလျော်ပြီး စိတ်ဝင်စားမှုရှိအောင် ပြုလုပ်ပါ။

❖ အခန်းကဏ္ဍအမျိုးမျိုး စီစဉ်ပါ။ အနည်းဆုံးတစ်ချိန်တည်းတွင် အတန်း ၄ တန်းဖြန့်ပါ။

❖ ပူးပေါင်းပါဝင်သင်ကြားခြင်းနည်းအားဖြင့် HIV/AIDS ကာကွယ်မှုသတင်းသည် ကလေးများမှတစ်ဆင့် အိမ်သို့ ရောက်ရှိစေနိုင်ပါသည်။ အိမ်သယ်သတင်းအချက်အလက်ပေးကတ်ပြားနှင့် စာများကိုပြုလုပ်၍ မိမိတို့ကလေးများနှင့် HIV/AIDS အကြောင်းပြောရန် မိဘများအား အကြံပြုပါ။

❖ မိဘများကို ပါဝင်စေပြီး ဖြစ်နိုင်ပါက ရပ်ရွာထဲရှိ အခြားလုပ်ငန်းကဏ္ဍများတွင်ပါ ပါဝင်ဆောင်ရွက်ပါစေ။ မိဘများအတွက် သီးခြားသင်ကြားခြင်းနှင့် သင်ယူမှု လုပ်ငန်းများလုပ်ဆောင်ခြင်းသည် HIV တားဆီးမှုလုပ်ငန်းတွင် မိဘနှင့် ကလေး များကြားဆက်သွယ်မှုကို တိုးတက်စေပါသည်။

## ၆။ ကျား မ အသိတုံ့ပြန်မှုရှိသော ချဉ်းကပ်နည်းများအသုံးပြုပါ။

❖ ယောကျ်ားလေးနှင့် မိန်းကလေးတို့၏လိုအပ်ချက်များကို ဖြည့်ဆည်း၍ ကျား မ သီးခြားအဖွဲ့နှင့် ကျား မ ရောနှောအဖွဲ့တို့တွင် HIV/AIDS အကြောင်း သင်ယူမှုကို မြှင့်တင်ပါ။

❖ သင်၏သင်ကြားခြင်းကို ယောကျ်ားလေးနှင့်မိန်းကလေးအကြားရှိ ဘက်မျှသောစွမ်းအားနှင့်ဆက်စပ်ပါ။ မိန်းကလေးများ၏ညှိနှိုင်းဆောင်ရွက်သည့် ကျွမ်းကျင်မှု ကောင်းလာစေရန် လုပ်ဆောင်ပါ။

❖ မိန်းကလေးများ၏ကျွမ်းကျင်မှုအားကောင်းစေရန်နှင့် ငြင်းဆိုတတ်မှုကို ပြောနိုင်စေရန်တို့အတွက် တွန်းအားပေးရာတွင် တိကျသောအခြေအနေများဖြင့် ဇာတ်လမ်းကို သေချာစွာ တင်ပြပါ။

## ၇။ ယဉ်ကျေးမှုထုံးစလေ့ဆိုင်ရာအယူသည်းအကြောင်းအရာများကို ကိုင်တွယ်ဖြေရှင်းပါ။

❖ ရပ်ရွာဒေသဆိုင်ရာ ကာကွယ်တားဆီးမှုအစီအစဉ်များတွင် ရပ်ရွာဒေသ၏ မိရိုးဖလာအစဉ်အလာများ၊ သင်နည်းများနှင့် ဒေသသုံးဝေါဟာရများပါဝင်လျှင် ပိုထိရောက်သည်။

❖ ကောင်းသောနည်း သို့မဟုတ် မကောင်းသောနည်းတို့ဖြင့် အပြုအမူများကို လွှမ်းမိုးခြင်းနှင့် HIV/AIDS ကူးစက်မှုအတွက် ဆီလျော်သောအခြေအနေများကို သိစေနိုင်သည့် အသိပညာ၊ အမြင်သဘောထားများ၊ ယုံကြည်မှုများ၊ တန်ဖိုး

ထားမှုများ၊ ကျွမ်းကျင်မှုများနှင့် ရပ်ရွာဒေသရှိ ဝန်ဆောင်မှုများကို ခွဲခြားဖော်ပြပါ။

❖ ကျောင်းသားများနှင့် HIV ကာကွယ်တားဆီးမှုကို ဆွေးနွေးသောအခါ သူတို့၏ယဉ်ကျေးမှု၌ရှိသော ထင်ရှားသည့်သာဓကများကို ပေးပါ။

## ၈။ သက်တူ ရွယ်တူချင်းထောက်ကူပြုတန်ဖိုး

❖ အတန်းတွင်းတွင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးနိုင်သော နေရာတစ်ခုရှိပါစေ။ ပြုလုပ်ပါ။ HIV ကာကွယ်တားဆီးမှုနှင့် ကျရောက်နိုင်သော အန္တရာယ်များကို သင်ယူရာ၌ ကျောင်းသားများအချင်းချင်း တစ်ယောက်ကို တစ်ယောက် အထောက်အကူပေးကြရန် တွန်းအားပေးပါ။

❖ အဖွဲ့ကထားရှိသော စံကို အသိပေးပါ။ သူတို့သည် လိင်မှုဆိုင်ရာစိတ်ချရရေး၊ AIDS နှင့် မူးယစ်ဆေးဝါးသုံးစွဲမှုတားဆီးရေးတို့အတွက် ထိရောက်သော နည်းဗျူဟာများကို ထောက်ပံ့ပေးနိုင်ရန် သူတို့၏ဦးတည်ချက်ကို လွှမ်းမိုးထိန်းသိမ်းပါ။

❖ HIV ဖြစ်နေသော သက်တူရွယ်တူများပါဝင်ရေးအတွက် ဦးဆောင်ပါ။ သို့မဟုတ် သင်၏သင်ကြားရေးတွင် AIDS ပညာပေးသူများကို ပါဝင်စေပါ။

## ၉။ ကျွမ်းကျင်မှုအခြေပြုပညာပေးခြင်းကို တက်ကြွစွာအသုံးပြုပါ။


အောက်ပါရည်မှန်းချက်များပေါက်မြောက်ရန် ကျွမ်းကျင်မှုအခြေပြုပညာရေးကိုမြှင့်တင်ပါ–

❖ ဘဝတွက်တာကျွမ်းကျင်စရာများ(ညှိနှိုင်းဆွေးနွေးခြင်း၊ အခိုင်အမာပြောဆိုခြင်း၊ ငြင်းဆိုခြင်း၊ ဆက်သွယ်ခြင်း)

❖ သိမှုဆိုင်ရာကျွမ်းကျင်စရာများ (ပြဿနာဖြေရှင်းခြင်း၊ လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်း)

❖ ထိန်းချုပ်မှုဆိုင်ရာကျွမ်းကျင်စရာများ(စိတ်ဖိစီးမှုကိုခန့်ခွဲခြင်း၊ အတွင်း စိတ်ထိန်းချုပ်မှုတိုးလာခြင်း)နှင့်

❖ လက်တွေ့ကျင့်အပ်တတ်စရာ(ကွန်ဒွန်သုံးခြင်း)



### ဆောင်ရွက်ရန်လုပ်ငန်း။ ကလေးများနှင့်အတူ ကျွန်ုပ်တို့ဘာလုပ်ပေးနိုင်သနည်း။[17]

ကျောင်းသား ကျောင်းသူကလေးငယ်များသည် ရပ်ရွာဒေသ၏အနာဂတ်ဖြစ်သည်။ သူတို့အတွက်ရော အခြားသူတို့အတွက်ပါ သင်ယူရန် တာဝန်ရှိကြသူများဖြစ်သည်။ ဆရာများ၊ ကျန်းမာရေးလုပ်သားများနှင့် ရပ်ရွာခေါင်းဆောင်များ၏ဦးဆောင်မှုအောက်တွင် ကလေးများသည် သူတို့၏မိသားစု၊ သူတို့၏မိတ်ဆွေနှင့် သူတို့အတွက် HIV ဗိုင်းရပ်မဖြစ်ပွားအောင် မည်သို့ကာကွယ်ရမည်ကို သင်ယူနိုင်ကြရန်လိုသည်။ ကလေးငယ်များနှင့် လူငယ်များသည် ကိုယ်ပိုင်အပြုအမူနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်များချနိုင်ကြပြီး ရပ်ရွာဒေသအတွက် စိတ်ချလုံခြုံသည့် လိင်မှုဆိုင်ရာအပြုအမူများရရှိစေရန် လုပ်ဆောင်နိုင်ပါသည်။

**ကလေးတိုင်းမည်သည့်အရာကိုသိသင့်ပါသလဲ။**

ကလေးတိုင်းဘဝအတွက် အလိုအပ်ဆုံးသော အကြောင်းအရာ အချက်အလက်များသိရှိပြီးမှသာ ကျောင်းမှထွက်သွားသည့် အဖြစ်မျိုးရရှိရန် ကျောင်းများသည် ကျန်းမာရေးမူဝါဒတစ်ရပ်ကို ချမှတ်ထားရှိပြီး သင်ကြပါသည်။ ကျန်းမာရေးလုပ်သားများနှင့် ခေါင်းဆောင်များကလည်း ဤအရေးပါသော အသိပညာကို ဖြန့်ဝေကြရန် တူညီသော ကတိကဝတ်ဖြင့် လုပ်ဆောင်နိုင်ပါသည်။

**AIDS ဆိုသည်မှာ ဘာလဲ။**

AIDS ဆိုသည်မှာ HIV ဗိုင်းရပ်ပိုးကြောင့် ဖြစ်ပေါ်သောရောဂါဖြစ်သည်။ AIDS သည် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အဆုတ်ရောဂါနှင့် အဆုတ်အအေးပတ်ခြင်း ကဲ့သို့သောရောဂါမျိုးကို ကိုယ်တိုင်မခုခံမကာကွယ်နိုင်သောရောဂါများကို ဖြစ်စေပါသည်။ AIDS ကြောင့် ထိုရောဂါများသည် လူများကို အလွန်နေထိုင်မကောင်းဖြစ်ကာ သေစေနိုင်ပါသည်။

---

[17] Source: Baily D, Hawes H and Bonati B. (1994) Child-to-Child:A Resource Book. Part 2: The Child-to-Child Activity Sheets. London: The Child-to-Child Trust. This is an excellent source for increasing children's participation in HIV/AIDS as well as other important health and child development issues. Readers are strongly encouraged to use it.

**AIDS မည်ကဲ့သို့ ဗိုင်းရပ်ပျံ့နှံ့သနည်း။**

- ❖ AIDS ဗိုင်းရပ်သည် လူတစ်ဦးမှ တစ်ဦးသို့ ဆင့်ကာဆင့်ကာ ကူးစက်ပျံ့နှံ့ပါသည်။
- ❖ HIV ရောဂါပိုးရှိသူနှင့် လိင်ဆက်ဆံခြင်းဖြင့် ကူးစက်ပါသည်။
- ❖ AIDS ပိုးပါသောသွေးကို အခြားသူ၏ခန္ဓာကိုယ်ထဲသို့သွင်းမိသော အခါကူးစက်ပါသည်။သာဓက–သွေးသွင်းခြင်း၊ ဆေးထိုးအပ်၊ ချွန်ထက်သောအရာများမှတစ်ဆင့်ကူးခြင်း။
- ❖ ရောဂါပိုးရှိသော မိခင်မှတစ်ဆင့်သန္ဓေသားဆီသို့ ကူးစက်ပါသည်။

**AIDS ဗိုင်းရပ်သည် အင်းဆက်ပိုးမွှားများ ကိုက်ခြင်း၊ AIDS ဖြစ်နေသောလူများအား ကိုင်တွယ်ခြင်း သို့မဟုတ် ပြုစုခြင်းအားဖြင့် မပြန့်ပွား မကူးစက်နိုင်ပါ။**

ကျောင်းကျန်းမာရေးဆရာသာမက ဆရာအားလုံးက AIDS ရောဂါအကြောင်းသင်ပြရန်နှင့် လိင်ဆက်ဆံခြင်းနှင့် HIV ကူးစက်ခြင်းသင်ခန်းစာများကို သင်ကြားရန် တာဝန်ရှိပါသည်။ အခြားနေရာများ၌လည်း AIDS အကြောင်းကို သင်ပြရန် အခွင့်အလမ်းများစွာရှိပါသည်။ သာဓက– အသင်းအဖွဲ့နေရာများ၊ ဘာသာရေးစည်းဝေးပွဲများ၊ လူငယ်များနှင့်အမျိုးသမီးကင်းထောက်အဖွဲ့များတွင် သင်ပြနိုင်ပါသည်။ ဤအပိုင်းကဏ္ဍကို ဦးဆောင်သောလူကြီးများသည် သင့်လျော်သော လုပ်ငန်းဆောင်ရွက်မှုများကို ရွေးချယ်နိုင်ပါသည်။ (အောက်ဖော်ပြပါ သာဓကများတွင် 'ဆရာ' ဟူသော ဝေါဟာရသည် ကလေးများနှင့် လုပ်ကိုင်ဆောင်ရွက်နေရသော လူကြီးအားလုံးအတွက် ခြုံငုံ၍ အသုံးပြုနိုင်ပါသည်။)

**မည်သည့်အချိန်နှင့် မည်သည့်နေရာတွင် AIDS အကြောင်းဆွေးနွေးမည်နည်း။**

- ❖ ကျန်းမာရေးအသင်း သို့မဟုတ် AIDS ဆန့်ကျင်ရေးအထူးအသင်းတွင် ပြုလုပ်နိုင်ပါသည်။ ထိုနေရာ၌ ကလေးများအား AIDS ၏အဓိပ္ပာယ်နှင့် မည်သို့ပြန့်ပွားသည်၊ မိမိကိုယ်ကို မည်သို့ကာကွယ်ရမည်နှင့် အခြားသူများကို AIDS မည်သို့ကာကွယ်ရမည်ကို သင်ကြားပေးနိုင်ပါသည်။ သင်ယူနိုင်ကြပါသည်။
- ❖ ဤသို့သိမ်မွေ့သော ပြဿနာများကို ကျား၊မ အုပ်စုတူတွင်း ပြောဆိုရခြင်းမှာ တစ်ခါတစ်ရံ ပိုမိုလွယ်ကူတတ်သည်။ ယောကျ်ားလေးအဖွဲ့ သို့မဟုတ် မိန်းကလေးအဖွဲ့သီးခြားခွဲ၍ AIDS နှင့် ပတ်သက်သောပြဿနာများကို ဆွေးနွေး

နိုင်သည်။ သူတို့၏ထင်မြင်ယူဆချက်များကို လွတ်လပ်ပွင့်လင်းစွာ ထုတ်ဖော်နိုင်သည်။ ဆုံးဖြတ်ချက်ချရန် လိုသောအခါ ယုံကြည်စိတ်ချမှုရှိရန် တစ်ဦးကို တစ်ဦးအားပေးနိုင်ပါသည်။ အကယ်၍ ဆွေးနွေးပွဲတွင် ပါဝင်သောလူကြီးသည် လိင်တူဖြစ်ပါက ပို၍ လွယ်ကူစေပါသည်။

## HIV/AIDS အကြောင်း အချက်အလက်မှန်များရရှိခြင်းဖြင့် ကလေးများသည်–

- ❖ ကလေးများအား အမှားအမှန်ခွဲခြားနိုင်သော ကစားနည်းများ ကစားနိုင်သည်။ ဆရာ၊ ဆရာမများက AIDS အကြောင်းနှင့်ပတ်သက်ပြီး မှားသော အကြောင်းအရာများနှင့် မှန်သောအကြောင်းအရာများကို စာရွက်များပေါ်တွင် ရေးသားပေးပြီး အမှားအမှန်ကို ကလေးများအား ခွဲခြားစေခြင်း၊ သာဓကအားဖြင့် သင်တို့သည် ခြင်ကိုက်ခြင်းဖြင့် AIDS ရောဂါရရှိနိုင်သည်။ (မှား)၊ လက်ဆွဲနှုတ်ဆက်ခြင်းဖြင့် AIDS ရောဂါပိုးမကူးစက်နိုင်ပါ (မှန်)။ ကြမ်းပြင်ပေါ်တွင် နယ်မြေ(၃)ခုကို မျဉ်းများဖြင့် သတ်မှတ်ပြီး **'မှန်' 'မှား'**နှင့် **'မသိပါ'** ခေါင်းစဉ်(၃)ခုကို နယ်မြေတစ်ခုစီအတွက် သတ်မှတ်ပေးပါ။ ကလေးတစ်ဦးစီအား ၄င်းနယ်မြေ(၃)ခုထဲမှ တစ်ခုကို ရွေးချယ်စေပြီး အဘယ့်ကြောင့် ၄င်းနယ်မြေအား ရွေးချယ်သည်ကို ရှင်းလင်းခိုင်းပါ။ ကလေးတစ်ဦးသည် မိမိဆုံးဖြတ်ချက်တွင် စိန်ခေါ်မှုရှိနိုင်သည်။
- ❖ AIDS နှင့်ပတ်သက်သော ဉာဏ်စမ်းမေးခွန်းများကို ရေးသားပေးပြီး ကလေးနှစ်ဦးအား ဆွေးနွေးညှိနှိုင်းပြီး ဖြေဆိုခိုင်းပါ။
- ❖ နိုင်ငံတွင် AIDS ရောဂါဝေဒနာခံစားနေရသော ဝေဒနာရှင်ဦးရေကို သတင်းစာများ၊ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ဝေသော စာစောင်များတွင် ရှာခိုင်းပါ။ ၎င်းရောဂါဝေဒနာသည် အရေအတွက်မှန်ကန်ဖို့ အဘယ့်ကြောင့် ခက်ခဲပါသနည်း။ ၄င်းရောဂါနှင့်ပတ်သက်၍ နိုင်ငံတော်၏ သဘောထားက အဘယ်နည်း။ အဘယ့်ကြောင့်နည်း။ ဝေဒနာခံစားနေသောသူဦးရေခန့်မှန်းမှု နည်းပါးနေပါသလား။
- ❖ ဒေသဆိုင်ရာကျန်းမာရေးဌာနများသို့ ကွင်းဆင်းခိုင်းပါ။ ကျန်းမာရေးလုပ်သားများနှင့်ဆွေးနွေးခိုင်းပါ။ ၄င်းတို့သည် အဘယ့်ကြောင့် ဆေးထိုးပေးရပါသနည်း။ ဆေးထိုးအပ်နှင့် ဆေးထိုးပြွန်ဖြုတ်နည်းများကို မည်ကဲ့သို့ အသုံးပြုရမည်ကို လက်တွေ့သရုပ်ပြခိုင်းပါ။

## AIDS ရောဂါကို ရှောင်ရှားနိုင်ရန် ဇာတ်ဟန်ခင်းကျင်းကပြခြင်းနှင့် ဆွေးနွေးခြင်းအားဖြင့် ကလေးများသည်

- ❖ AIDS ရောဂါသည် လူမှုဘဝတွင် မည်ကဲ့သို့ သက်ရောက်နိုင်သည်ကို စဉ်းစားခိုင်းပါ။ နှစ်နှစ်ကာလအတွင်း ၄င်းတို့ဘဝမည်ကဲ့သို့ ဖြစ်လာမည်ကို မျက်လုံးပိတ်ပြီး စဉ်းစားခိုင်းပါ။ ဆရာ၊ ဆရာမက ဤကဲ့သို့မေးခွန်းများမေးပါ။‘ တပည့်တို့သည် မည်သူတို့နှင့် အတူတကွနေထိုင်ရပါမည်နည်း။’ ‘ မည်သို့သော မိတ်ဆွေများကို ပေါင်းသင်းရပါမည်နည်း။’ တပည့်တို့၏ မေတ္တာတရားနှင့်ခင်မင်မှုကို မည်ကဲ့သို့ပြသပါမည်နည်း။ တပည့်တို့သည် မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ အရက်သေစာသောက်စားခြင်း၊ ဆေးလိပ်သောက်ခြင်းတို့ကို လုပ်ရန်ကြိုးစားပါမည်လား။’ ‘AIDS သည် တပည့်တို့၏ဘဝ၊ မိသားစုနှင့် မိတ်ဆွေများထံသို့ မည်ကဲ့သို့ရောက်နိုင်ပါသနည်း။ (၁၀)နှစ်ကာလအတွင်း မည်ကဲ့သို့ဖြစ်လာသည်ကို စဉ်းစားစေပြီး တူညီသောမေးခွန်းများကို ဖြေခိုင်းပါ။ နောက်ဆုံးတွင် ၄င်းတို့ကိုယ်တိုင် မိဘနေရာရောက်လာပြီး ၄င်းတို့၏ကလေးမှာ အသက် (၁၃)နှစ်ရှိနေသည့် အခြေအနေကို စဉ်းစားခိုင်းပါ။ ၄င်းတို့သည် ထိုကလေးတို့အား မည်သည့်အကြံဉာဏ်များပေးနိုင်ပါမည်နည်း။
- ❖ ပြဇာတ်တစ်ခု ကပြခိုင်းပါ။ အခြေအနေချင်းမတူသော အုပ်စုမှနှစ်ဦးသည် အိမ်ထောင်စုတစ်ခုတွင် တစ်ဦးနှင့်တစ်ဦး မည်ကဲ့သို့ဆက်ဆံကြသည်ကို သရုပ်ဖော်ခိုင်းပါ။ မည်သို့သော လက်ထပ်ခြင်းသည် ပျော်ရွှင်သော လက်ထပ်ခြင်း ဖြစ်မည်နည်း။
- ❖ အခြေအနေတစ်ခုသည် တစ်ခါတစ်ရံ အခက်အခဲများတွေ့ရသောအခါ ‘မဖြစ်နိုင်ကြောင်း’ပြောစေပြီး အဘယ့်ကြောင့် ထိုသို့ဖြစ်ရသည်ကို အကြောင်းပြချက်များပြောခိုင်းပါ။ ကလေးနှစ်ဦးစီအား မတူညီသောအခြေအနေနှစ်ခု ဖန်တီးစေပြီး သရုပ်ဆောင်ခိုင်းပါ။ ထို့နောက် စဉ်းစားခိုင်းပါ။ လူတို့သည် တစ်စုံတစ်ခု ပြုလုပ်လာစေရန် မည်သို့ဆွဲဆောင်သိမ်းသွင်းတတ်ကြပါသနည်း။ ထို့အတူပင် လူတို့သည် ‘ဟင့်အင်း၊ မလုပ်ပါရစေနှင့်’ဟူသောစကားကို ယဉ်ယဉ်ကျေးကျေးဖြင့် ခိုင်မာစွာ ပြောဆိုတတ်ကြသည်။ ထို့သို့ပြောရန်ဖြစ်လာသည့် အခြေအနေ

အချို့မှာ–

√ ဆေးလိပ်သောက်ရန်

√ မျက်နှာစိမ်းတစ်ဦးနှင့်နေရာတစ်ခုသို့သွားရန်

√ ညနေချိန်တွင်အပြင်သို့သွားရန် အခြေအနေများဖြစ်ပါသည်။

## AIDS ရောဂါခံစားနေသောဝေဒနာရှင်များအပေါ်ထားရှိရသည့် သဘောထားနှင့် ပတ်သက်ပြီး ကလေးများသရုပ်ဆောင်စေခြင်း၊ ဆွေးနွေးခြင်း

**ကလေးများသည်–**

❖ AIDS နှင့် သက်ဆိုင်သော သတင်းစာဖြတ်ပိုင်းများကို စုဆောင်း၍ဆောင်းပါးများပါ အကြံပြုချက်များ၏ သဘောထားများကို ဆွေးနွေးနိုင်ပါသည်။

❖ မိမိတို့ သို့မဟုတ် အခြားသူများ၏အသက်များကို ထိခိုက်စေသည့် AIDS အကြောင်း သူတို့၏ခံစားချက်များကို ဖော်ပြသည့် ကဗျာများရေးဖွဲ့နိုင်သည်။

❖ တစ်စုံတစ်ယောက်က သူ၏ AIDS ရောဂါသည် မိတ်ဆွေတစ်ဦးကို ပြုစုစောင့်ရှောက်ခြင်းကဲ့သို့ ရုပ်ပုံကားချပ်များကို အသုံးပြုပါ။ ၄င်းရောဂါဝေဒနာရှင်အတွက် မည်ကဲ့သို့ခံစားပြီး၊ မည်ကဲ့သို့ကူညီနိုင်မည်နည်း။ နောင်တွင် မည်ကဲ့သို့ဖြစ်ပျက်လာမည်နှင့် ပြထားသည့်ပြကွက်တွင် မည်သည့်အဖြစ်အပျက်ဖြစ်လာမည့်အကြောင်းကို ၄င်းတို့အား မေးခွန်းများမေးပြီး ဆွေးနွေးနိုင်သည်။

❖ ပြဇာတ်တိုများဖန်တီးခိုင်းပါ။ သာဓကအားဖြင့် မိမိ၏အိမ်တွင် AIDS ရောဂါဝေဒနာခံစားနေသူတစ်ဦးပြုစုပုံအကြောင်းကို သူတို့ကိုယ်တိုင် သရုပ် ဆောင်နိုင်ပါသည်။ ထို့နောက် ကလေးတစ်ဦးစီအား ဇာတ်ကောင်စရိုက် အလိုက်လက်ထိုးရုပ်ကလေးများပြုလုပ်ခိုင်းပါ။ ထို့နောက် ကျောင်း အားလပ်ချိန် သို့မဟုတ် ကျောင်းဖွင့်ပြီးရေးအချိန်များတွင် လက်ထိုးရုပ်ကလေးများဖြင့် စရိုက်တစ်ခုစီ သရုပ်ဆောင်ခိုင်းပါ။

❖ အသေးစိတ်ရေးထားသော ပုံပြင်တစ်ခုကို ကွက်လပ်ဖြည့်ခိုင်းပါ။ သာဓကအားဖြင့် ပုံဝတ္ထုသည် ကျောင်းသားကလေးတစ်ဦးက AIDS ရောဂါဝေဒနာ

ခံစားနေရသူအဖြစ် စိတ်ကူးယဉ်ဖန်တီးထားသော ပုံဝတ္ထုကိုလည်း အသုံးပြုနိုင်သည်။ ကလေးများအား ကျောင်းသားများအဖွဲ့၊ အခြားကျောင်းသားများအဖွဲ့၊ ဆရာ ဆရာမများအဖွဲ့၊ မိဘများအဖွဲ့များအဖြစ်အုပ်စုများဖွဲ့ပါ။ အုပ်စုတစ်ခုစီအား အောက်ပါခေါင်းစဉ်တစ်ခုစီခွဲပြီး စဉ်းစားခိုင်းပါ။ သင်မည်ကဲ့သို့ ခံစားရပါသနည်း။ ကျွန်ုပ်တို့အပေါ်တွင် အဓိကအကျိုးသက်ရောက်မှုကား အဘယ်နည်း။ ကျွန်ုပ်တို့သည် မည်ကဲ့သို့ဖြစ်ချင်ပါသနည်း။ (၁၅)မိနစ်ကြာပြီးနောက် အုပ်စုများပြန်လည်စုစည်းပြီး ၎င်းတို့၏ဆွေးနွေးရရှိချက်များကို ကျန်သောအဖွဲ့များထံသို့ ပြန်လည်တင်ပြပါစေ။

❖ ပေးထားသောပုံဝတ္ထုကိုနားထောင်ခိုင်းပါ။ ထို့နောက် အောက်တွင်ပေးထားသောမေးခွန်းများကို ဖြေဆိုခိုင်းပါ–

**မိန်းကလေးတစ်ယောက်သည် မြို့တစ်မြို့ရှိ ရပ်ကွက်တစ်ခုကို ဖြတ်လာရာ လူများက ၎င်းအား ' AIDS ' ဟု အော်ဟစ်ခေါ်ဝေါ်ကြပါသည်။ သူမ၏ပထွေးသည် သူမအိမ်တွင် မနေခင်ကတည်းကပင် HIV စစ်ဆေးချက်အဖြေမှာ ပိုးတွေ့ရှိရသည်ဟူ၍ ဖြစ်သည်။**

**သူမ၏အတန်းဖော်များကလည်း သူမ၏ဖခင်တွင် AIDS ရောဂါရှိသောကြောင့် အတန်းထဲတွင် သူမနှင့်အတူမနေလိုကြပေ။ သူ့အခန်းဖော်များ၏ မိဘများက လက်မခံကြ၍ သူမကျောင်းမှ ထွက်ရပါသည်။**

❖ အထက်ပါပုံဝတ္ထုကြောင်းကို သင် မည်ကဲ့သို့ထင်မြင်ယူဆပါသနည်း။

❖ လူများသည် အဘယ်ကြောင့် ထိုကဲ့သို့ ပြုမူပြောဆိုပါသနည်း။

❖ ထိုသို့တုံ့ပြန်မှုများသည် AIDS ရောဂါပျံ့နှံ့မှုကိုထိန်းချုပ်နိုင်ပါသလား။

❖ အကယ်၍ သင်သည် ဤပုံဝတ္ထုတွင်ပါသည့်အတိုင်း ပြုမူဆက်ဆံခြင်းခံရပါက သင်မည်ကဲ့သို့ ပြုလုပ်မည်နည်း။

**ဆက်သွယ်ရေးအကြောင်း သင်ယူပြီးကြသဖြင့် ကလေးများသည်–**

❖ AIDS ရောဂါအကြောင်းနှင့်ပတ်သက်သော သီချင်းများ၊ ပြဇာတ်များ၊ ရုပ်သေးပြပွဲများဖော်ထုတ်၍ ပြသနိုင်ပါသည်။

❖ ပညာရေးစုံညီပွဲတော်အခမ်းအနားနှင့် စာသင်ခန်းတို့တွင် ခင်းကျင်းပြသရန်

ပိုစတာများကို တီထွင်ပြုလုပ်နိုင်ပါသည်။

❖ AIDS ရောဂါဝေဒနာရှင်များ ပိုမိုကျန်းမာနိုင်စေရန်အားကစားလှုပ်ရှားမှုများမြှင့်တင်ရန် ဆက်သွယ်ပူးပေါင်းနိုင်သည်။


**ကလေးများ HIV/AIDS ရောဂါအကြောင်း ကောင်းစွာသင်ယူရရှိမှုကို အကဲဖြတ်ရာတွင် ဆရာသည်–**

❖ AIDS ရောဂါပိုးကို မည်သည့်အရာက ပျံ့နှံ့စေသည်။ မည်သည့်အရာက မပျံ့နှံ့စေသည်ကို သိမသိဖော်ထုတ်ရန် ကလေးများအား မေးခွန်းများ မေးနိုင်ပါသည်။

❖ AIDS ရောဂါကူးစက်ခံရသော လူများ သို့မဟုတ် ရောဂါပိုးရှိသူအတွက် ပြုစုစောင့်ရှောက်မှုအကြောင်းကိုပုံပြင်များရေးရန် ကလေးများအားပြော နိုင်သည်။

❖ AIDS ကို ရည်ညွှန်းသည့် လုပ်ဆောင်ချက်ရှိသည့် ဆင်ခြေဖုံးကျောင်းများရှိ အသင်းများနှင့် လူငယ်အုပ်စုဦးရေမည်မျှရှိကြောင်းကို ရှာဖွေဖော်ထုတ်ရန် ကလေးများအားမေးနိုင်သည်။ ၎င်းတို့သည် ဘာလုပ်နေကြပါသနည်း။ သင်တို့သည် ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်ဖူးပါသလား။

❖ AIDS ရောဂါတိုက်ဖျက်ရေးလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ဖူးသူများ၊ AIDS ရောဂါဝေဒနာရှင်များအား ကူညီဖူးသူများ သို့မဟုတ် AIDS ရောဂါ အန္တရာယ်အကြောင်း အခြားသူများအား သတိပေးဖူးသူများကို ရှာဖွေ ဖော်ထုတ်နိုင်မည်။



## ဆောင်ရွက်ရန်လုပ်ငန်း။ ကလေးများကိုယ်တိုင် သဘောပေါက်နားလည်ပြီး ပါဝင်ဆောင်ရွက်လာအောင်ကူညီရန်[18]

### သဘောပေါက်နားလည်ခြင်း

၁။ ရပ်ရွာတွင် HIV/AIDS ရောဂါနှင့် လိင်ဆက်ဆံမှုကြောင့် အခြားကူးစက်ရောဂါများ အကြောင်းဆိုင်ရာ သတင်းအချက်အလက်များ၊ လက်ကမ်းစာစောင်များ၊ ပိုစတာများနှင့် အခြားအရာများကို စုဆောင်းပါ။ HIV ပိုးသည် အဘယ့်ကြောင့် အလွန်အန္တရာယ်ကြီးကြောင်း၊ မည်သို့ပျံ့နှံ့ကြောင်းနှင့် ကျွန်ုပ်တို့ အဘယ်ကဲ့သို့ ရှောင်ရှားနိုင်မည်ဖြစ်ကြောင်းတို့ကို ဆွေးနွေးခိုင်းပါ။

၂။ ကျောင်းသားများအား HIV/AIDS နှင့်ပတ်သက်သော အကြောင်းအရာအချက်အလက်များကို ဥာဏ်စမ်းမေးခွန်းများပြုလုပ်ပေးပြီး (အမှား/အမှန်)သိရှိအောင်ပြုလုပ်ပါ။

၃။ အန္တရာယ်ရှိသော အပြုအမူများနှင့် အန္တရာယ်မရှိသော အပြုအမူများ အကြောင်းအချက်အလက်များ သိမြင်စေရန် လူ့ဘဝလမ်းကို ကစားနည်းဖြင့် ကစားပြပါ။ စာသင်ခန်းအတွင်း မျဉ်းထူထူတစ်ကြောင်း (ဘဝမျဉ်း)ရေးဆွဲပြီး မျဉ်းတစ်လျှောက်ကတ်ပြားကြီးကြီးသုံးခုကို ချပါ။ 'အန္တရာယ်မရှိ' ကတ်ပြား ၁ ကို အစွန်တွင်ထားပါ။ 'အန္တရာယ်များ' ကတ်ပြား ၂ ကို အစွန်တွင်ထားပါ။ 'အန္တရာယ်ရှိ' ကတ်ပြား ၃ကို အလယ်တွင်ထားပါ။ သင့်တော်သောအပြုအမူ (၁၂)ခု အကြောင်းကို စဉ်းစားပါ။ တစ်ခုစီကို သီးခြားကတ်ပေါ်တွင်ရေးပါ။ ကျောင်းသားအတွဲ တစ်ခုစီသို့ အပြုအမူ (၂)ခု (၃)ခုပေးပါ။ အပြုအမူတစ်ခုစီသည် HIV အန္တရာယ်မရှိ၊ အန္တရာယ်များ၊ အန္တရာယ်ရှိသည်ကို ဆွေးနွေးရန်ပြောပါ။ ကျောင်းသားအတွဲများကို ဖိတ်ခေါ်ပြီး ဘဝလမ်းပေါ်တွင် ကိုက်ညီသောနေရာ သူတို့၏ကတ်ကိုချပါစေ။ ပြီးလျှင် သူတို့၏

---

[18]Son V, Pridmore P, Nga B, My D and Kick P(2002) Renovating the Teaching of Health in Multigrade Primary Schools: A Teacher's Guide to Health in Natural and Social Sciences (Grades 1,2,3) and Science (Grade 5). Britch Council and the National Institute of Educational Sciences: Hanoi,Vietnam. This is an excellent source that can be use in a variety of educational settings, not only multigrade primary schools Readers are strongly encouraged to use it.

အကြောင်းပြချက်ပေးပါစေ။ အခြားကျောင်းသားများကလည်း သဘောထား မှတ်ချက်ပေးပါ။ မိမိကိုယ်တိုင်လည်း သဘောထားပေးပါ။ သာဓကများမှာ ပွေ့ဖက်နမ်းရှုံ့ခြင်း၊ ရေအတူချိုးခြင်း၊ မူးယစ်ဆေးအတူသုံးစွဲခြင်း၊ လိင်ဆက်ဆံခြင်း၊ လက်ဆွဲနှုတ်ဆက်ခြင်း၊ နို့တိုက်ကျွေးခြင်း၊ ရေခွက်အတူ သုံးခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ သွေးသွင်းခြင်း၊ သွားပွတ်တံအတူသုံးခြင်း၊ အမှောင်ထဲ လမ်းလျှောက်ခြင်း စသည့်ပညာပေးပါ။

၄။ ငယ်ရွယ်သူအချို့သည် အကာအကွယ်မဲ့လိင်ဆက်ဆံခြင်း သို့မဟုတ် မူးယစ်ဆေးဝါးကို အပ်ဖြင့် သွင်းခြင်းများပြုလုပ်ကြသည်ကို အုပ်စုအလိုက်ပုံရေးဆွဲဆွေးနွေးစေပါ။

၅။ လူမှုရေးဖိအားများကြောင့် ခံနိုင်ရည်ရှိရန် ခက်ခဲကြောင်း ဆွေးနွေးခိုင်းပါ။အချို့သူများသည် သူတို့ကို မကောင်းသောအကျင့်များကို မည်ကဲ့သို့ပြုလုပ်ရန် သွေးဆောင်ဖြားယောင်းကြောင်း။ ထိုမကောင်းသောအခြေအနေမှ မည်ကဲ့သို့ရှောင်ရှားရမည်ကို ကျောင်းသားများအား မေးမြန်းပြီး စဉ်းစားဖြေခိုင်းပါ။

၆။ ဘဝတွက်တာကျွမ်းကျင်မှုဆိုင်ရာ အလေ့အကျင့်များတိုးတက်စေရန်အတွက် အုပ်စုအလိုက် ပြဇာတ်ကပြခိုင်းခြင်း၊ ကျောင်းသားများအားမေးမြန်းပြီး မူးယစ်ဆေးသုံးစွဲမှုကဲ့သို့ လူမှုရေးဖိအားရှိမှုကို တုံ့ပြန်ရမည့်အခြေအနေတစ်ခုကို ရွေးချယ်ခိုင်းပါ။ ကျောင်းသားများအား အုပ်စု(၂)ခုခွဲပါ။ ကလေးနှစ်ဦး သို့မဟုတ် သုံးဦးအားဆွဲဆောင်သူများအဖြစ် သရုပ်ဆောင်ခိုင်းပါ။ ကျန်သောကလေးများအား ၄င်းတို့၏ဆွဲဆောင်သိမ်းသွင်းမှုကို ခံနိုင်ရည်ရှိသူများအဖြစ် သရုပ်ဆောင်ပါစေ။ ထို့နောက်ကလေးများအားမေးမြန်းပါ။ ဆွဲဆောင်သူများအား တခြားသူများအပေါ် စိတ်မချရသောအပြုအမူများပြုလုပ်ရေးတွင် ယုံကြည်မှုရှိစေရန်နှင့် ကြိုးပမ်းအားထုတ်ရန် ပြောပါ။ ထို့နောက် ကလေးများအား ဆွေးနွေးရန် ကူညီပါ။ သင်တို့သည် စိတ်မချရသောအပြုအမူများပြုလုပ်ရန် ပြောဆိုခံရသောအခါ မည်ကဲ့သို့ခံစားရသည်ကို ဆွေးနွေးခိုင်းပါ။ ဆွဲဆောင်သူများက ၄င်းတို့၏ပြောစကားများကို နားမထောင်သောအခါ မည်ကဲ့သို့ခံစားရမည်နည်း။ လက်တွေ့တွင် သင် မည်သို့စိတ်ပြောင်းလဲ သွားမည်နည်း။ နောက်ဆုံးတွင်စိတ်မချရသော အခြေအနေများကို ရှောင်ရှားရန်နှင့် ဖိအားများကို မည်ကဲ့သို့ တုံ့ပြန်ရမည်ဖြစ်ကြောင်း သင်ယူမှုအရေးပါပုံကို အကျဉ်းချုပ်ပေးပါ။

၇။ မိမိအိမ်တွင် AIDS ရောဂါပြုစုမှုအကြောင်းကို ပြဇာတ်တိုတစ်ခု ဖန်တီးပါ။ AIDS ရောဂါဝေဒနာခံစားနေသူသည် မည်သို့ခံစားရမည်ကို ဆွေးနွေးပါ။ ရောဂါပြုစုသူ ရောမည်ကဲ့သို့ ခံစားမည်နည်း။

၈။ AIDS ရောဂါဝေဒနာခံစားနေရသော ကျောင်းသားတစ်ဦးအကြောင်းကို စိတ်ကူးယဉ်၊ ပုံပြင်တစ်ခုအဖြစ်ဖန်တီးပေးပြီး နားထောင်ခိုင်းပါ။ ထို့နောက်ကလေးများအား ကျောင်းသားကိုယ်တိုင်နှင့် အခြားကျောင်းသားများ၊ ဆရာ ဆရာမများ၊ မိဘများအဖြစ် သရုပ်ဆောင်ခိုင်းပါ။ အုပ်စုတစ်ခုစီအား ခွဲပြီးစဉ်းစားခိုင်းပါ။ 'မည်သည်ကို ခံစားရပါသနည်း။' 'ကျွန်ုပ်အတွက်အဓိကအကျိုးသက်ရောက်တာဘာလဲ။''ကျွန်ုပ် ဖြစ်ချင်သည်ကို မည်သို့ပြုလုပ်ရမည်နည်း။' အုပ်စုတစ်ခုလုံးတွင် ဖြစ်ချင်သည်ကို ဆွေးနွေးပါ။

## ဆောင်ရွက်မှုများ

၁။ စိတ်မချရသောအခြေအနေများကိုရှောင်ရှားရန် အထူးဂရုပြုပါ။

၂။ စိတ်မချရသောအလေ့အကျင့်များကို မလုပ်မိစေရန် ခိုင်မာစွာပြောပါ။

၃။ HIV/AIDS ဝေဒနာရှင်များအားကူညီပါ။

၄။ AIDS ရောဂါအကြောင်းပါဝင်သော ကဗျာတစ်ပုဒ်ရေးသားပြီး မိသားစုအား ဖတ်ပြပါ။

၅။ လူများကိုစိတ်မချရသောအလေ့အကျင့်များပေးသည့် HIV က အန္တရာယ် ဆိုးကြီးများ ပေးသည့် အကြောင်းကို ပြဇာတ်တိုတစ်ခု ကပြခိုင်းပါ။ အချို့တို့မှာ သိမ်းသွင်းခြင်း ခံရကြောင်း၊ အချို့မှာ ခံနိုင်ရည်ရှိကြကြောင်း၊ ကလေးအုပ်စု တစ်စုသည် HIV ရောဂါပိုးကို မည်ကဲ့သို့ရှောင်ရှားရမည်ကို သင်ယူပြီးဖြစ်သည့်အတွက် လူတိုင်းအား ၄င်းအကြောင်းများကိုပြောခိုင်းပါ။ ၄င်းအကြောင်းအရာများကို နားထောင်ခြင်းဖြင့် HIV ရောဂါပိုးရှိသူဦးရေလျော့ပါးလာမည်ဖြစ်ပါသည်။ ကျောင်းသားများသည် ပြဇာတ်တိုကို အခြားကလေးများနှင့်မိဘများရှေ့တွင် ကပြနိုင်ပါသည်။

၆။ ပိုစတာများ ပြုလုပ်၍ ကျောင်း၊ ဆေးဆိုင်နှင့် ရပ်ရွာအဖွဲ့အစည်းများတွင် ခင်းကျင်းပြသပါ။

၇။ AIDS ရောဂါဆန့်ကျင်တိုက်ဖျက်ရေးအဖွဲ့များနှင့်ဆက်သွယ်ပြီး သွားလာခြင်း၊ စကားပြောခြင်း၊ ပြဇာတ်များကပြခြင်း၊ အဆိုအကများကပြခြင်း၊ ပိုစတာများပြုလုပ်ခြင်း၊ ပုံဝတ္ထုများ၊ ကဗျာများရေးသားခြင်းကဲ့သို့ အပတ်စဉ်လှုပ်ရှားမှု အစီအစဉ်တစ်ခုကို စီမံချက်ရေးဆွဲပါ။

## လက်စွဲ (၆.၃)



## ကျောင်းအာဟာရကျွေးမွေးမှု၊ ကျောင်းကျန်းမာရေးဝန်ဆောင်မှုနှင့် အထောက်အပံ့များပေးခြင်း

ကျွန်ုပ်တို့သည် တစ်ခါတစ်ရံ ဤအကြောင်းအရာကို ဝန်ခံရန် မနှစ်သက်ကြသော်လည်း ကျွန်ုပ်တို့၏ကျောင်းပတ်ဝန်းကျင်သည် ကျောင်းသူ ကျောင်းသားများ၏ ကျန်းမာရေးနှင့် အစားအသောက်များကို ဘေးအန္တရာယ်ဖြစ်စေတတ်ပါသည်။ အထူးသဖြင့် ကူးစက်သောရောဂါများကဲ့သို့ ဘေးဥပဒ်အန္တရာယ်ကို တိုးပွားစေပါသည်။ ကျန်းမာရေးနှင့် မညီညွတ်ခြင်း၊ အစားအသောက်ချို့တဲ့ခြင်းစသည့် ပြဿနာများရှိလျှင် အမျိုးမျိုးသော ဘဝနောက်ခံနှင့် စွမ်းရည်အမျိုးမျိုးရှိသော ကလေးများသည် ရောဂါဘယပို၍ ဖြစ်လွယ်ကြသည်။ ကျောင်းကျန်းမာရေးနှင့် အာဟာရကျွေးမွေးရေးအဖွဲ့က ၎င်းကလေးငယ်များကို အစားအသောက်များဝေငှပေးခြင်း၊ အထောက်အကူပစ္စည်းများပေးအပ်ခြင်း၊ ကျန်းမာရေးဆိုင်ရာအသိပညာပေးခြင်း၊ ၎င်းတို့၏မိဘများနှင့် ပူးပေါင်း၍ ရေကောင်းရေသန့်များရရှိမှု တိုးတက်ကောင်းမွန်စေခြင်းတို့ဖြင့် အကျိုးများစေနိုင်ပါသည်။

ကျောင်းများမှ ကျောင်းကျန်းမာရေးနှင့် အာဟာရကျွေးမွေးရေးအဖွဲ့များသည် ရပ်ရွာအဖွဲ့အစည်းအတွင်း နေရာအနှံ့အပြားတွင်ရှိနေသော ပြဿနာများကို အရေးကြီးလျှင်ကြီးသလို ဝန်ဆောင်ပေးမှုများကို တာဝန်ယူဖြေရှင်းနိုင်ချင်ကြသည်။ ထို့အပြင် ပြီးခဲ့သောလက်စွဲစာအုပ်ငယ်၌ ကလေးများအား ပညာပေးရန်နှင့် ကျန်းမာရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြစ်ထွန်းရရှိစေရန်အတွက် ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ်သည် အရေးကြီးကြောင်းကို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ သို့သော် ပညာရေးတွင် ဆောင်ရွက်စရာများကျန်ရှိနေသေးသည်။ အဘယ်ကြောင့်ဆိုသော် တချို့ကျောင်းများသည် ရေကောင်းရေသန့်များနှင့် ကျန်းမာရေးကာကွယ်ပေးသော သန့်ရှင်းရေးအထောက်အကူပြုပစ္စည်းများကို လုံလုံလောက်လောက်အသုံးမပြုနိုင်ကြပေ။

ထို့ကြောင့် မှန်ကန်သော ဦးတည်ချက်မှာ ကျောင်းများသည် ရေကောင်းရေသန့်နှင့် သန့်ရှင်းရေးအထောက်အကူပစ္စည်းများ၊ အခြေခံကျသော အာဟာရနှင့် ကျန်းမာရေးဝန်ဆောင်မှုများရရှိရေးပင်ဖြစ်သည်။ ဤဝန်ဆောင်မှုများနှင့် အထောက်အကူပစ္စည်းများဖြန့်ဝေပေးခြင်းဖြင့် ဘဝတွက်တာကျွမ်းကျင်စရာများနှင့် သတင်းစကားများသည်

လူထုအတွင်းသို့ အသိပေးဆက်သွယ်ဆောင်ရွက်ခြင်းတွင် အားဖြည့်ဆောင်ရွက်ပေးနိုင်သဖြင့် ကျောင်းသည် ကျောင်းသူ ကျောင်းသားများနှင့် ပိုမိုကျယ်ပြန့်သော ရပ်ရွာအဖွဲ့အစည်းအတွင်း တွင် နမူနာစံပြအဖြစ် ပြုမူဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဤသို့ဖြင့် ရပ်ရွာအဖွဲ့အစည်းများမှ အလားတူ ဝန်ဆောင်မှုများနှင့် အထောက်အပံ့ပစ္စည်းများကို တောင်းဆိုမှုပြုရန် ဦးတည်နေ မည်။ ထို့အပြင် ကျွန်ုပ်တို့ အောင်မြင်မှုရရှိလျှင် ရပ်ရွာလူထုကလည်း ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ ကျောင်းများကို မှန်ကန်သောအမြင်ဖြင့် မြင်မည်ဖြစ်ပြီး၊ ကျွန်ုပ်တို့ကိုယ်တိုင်ကလည်း ကျောင်းတွင်းတွင်သာမက ကျောင်းပြင်ပတွင်ပါ အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လှုပ်ရှား နိုင်ကြောင်း သိမြင်လာမည်ဖြစ်သည်။ ဤလက်စွဲသည် သင်တို့ကျောင်း၏ အာဟာရကျွေးမွေး ခြင်း၊ ကျန်းမာရေးဝန်ဆောင်မှုများနှင့် ပံ့ပိုးမှုများအကဲဖြတ်ရေးအတွက် နည်းလမ်းတစ်ရပ်၊ ကျောင်းအစားအစာနှင့် အာဟာရကျွေးမွေးရေးအစီအစဉ်တစ်ရပ် ထူထောင်ခြင်းအတွက် အဆင့်ဆင့်သော အညွှန်းဘောင်နှင့် ကလေးများအား သန့်ပြန့်သော ကျောင်းဝန်းကျင်ဖန်တီး ရေးတွင် ပါဝင်လာရေးနည်းလမ်းများပေးစွမ်းမည့်လုပ်ငန်းစဉ်ဖြစ်ပါသည်။ ၎င်းအပြင် ကျောင်း ကျန်းမာရေးအဖွဲ့နှင့် အာဟာရကျွေးမွေးရေးအဖွဲ့၏ လုပ်ငန်းစဉ်များကို စနစ်တကျအဆင့်ဆင့် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဤနည်းအားဖြင့် ကျောင်းသား ကျောင်းသူများအတွက် သန့်ရှင်း သပ်ရပ်သော ကျောင်းပတ်ဝန်းကျင်တစ်ခု ဖန်တီးတည်ဆောက်နိုင်မည်ဖြစ်ပါသည်။

## လက်ရှိအခြေအနေကို အကဲဖြတ်ခြင်း

ရည်ရွယ်ချက်များနှင့် လုပ်ငန်းစီမံချက်မရေးဆွဲမီ ကျွန်ုပ်တို့ကျောင်း၏အာဟာရ ကျွေးမွေးရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို ကျွန်ုပ်တို့ စစ်ဆေးအကဲဖြတ်ရန် လိုပေသည်။ ဤအဆင့်သည် ကျွန်ုပ်တို့လေ့လာခဲ့သော ပထမဆုံးလက်စွဲတွင်ပါရှိသည့် ကျွန်ုပ်တို့၏ မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများကို စစ်ဆေးအကဲဖြတ်ရန် ဆောင်ရွက်မည်။ တူညီသော လုပ်ငန်းစဉ်တွင် အဆင့်(၃)ဆင့်ပါဝင်ပါသည်–

၁။ တစ်ဖက်တွင် ဖော်ပြထားသောစစ်ဆေးလွှာကို ပြည့်စုံအောင်ဖြည့်ပါ။ ရပ်ရွာပြည် သူလူထု၊ ကျန်းမာရေးလုပ်သားများ၊ မိဘများနှင့်ကလေးများ စစ်ဆေး အကဲဖြတ်မှုနှင့် လုပ်ငန်းစီမံချက်လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်လာရေး အားပေးရန် သတိပြုပါ။ သင်လုပ်နိုင်သော ထပ်ဆောင်းပူးပေါင်းပါဝင်သည့် လုပ်ငန်းအချို့မှာ–

- ❖ ပထမလက်စွဲဖြစ်သည့် ကျောင်းကျန်းမာရေးမူဝါဒများ ဖန်တီးခြင်းတွင် ဆွေးနွေးခဲ့သော ကျောင်းမူဝါဒနှင့် ရပ်ရွာကျန်းမာရေး အကဲဖြတ်မှတ်တမ်းများကို ပြီးစီးအောင် အတူတကွလုပ်ဆောင်ပါ။
- ❖ စာအုပ်ငယ် (၃) တွင် ဆွေးနွေးခဲ့သည့် ကျောင်း၊ ရပ်ရွာမြေပုံရေးဆွဲခြင်း လုပ်ငန်းများ၏ တစ်စိတ်တစ်ပိုင်း သို့မဟုတ် ထပ်ဖြည့်ထားသည့် ကလေးများနှင့် လူကြီးများအလေးအပေါ့သွားသည့် နေရာများ၊ အိမ်သာများ၊ ရေအရင်းအမြစ်များ၊ ကျန်းမာရေးဝန်ဆောင်မှုနေရာများဖော်ပြသည့် ရပ်ရွာနှင့် ကျောင်းမြေပုံများကို ရေးဆွဲပါ။
- ❖ ကျောင်းနှင့်ရပ်ရွာဒေသ၏ လက်ရှိကျန်းမာရေးအခြေအနေမှန်များကို ဖော်ညွှန်းသည့် မပြီးဆုံးသေးသော ပုံပြင်များကို ပြုစုပါ။
- ❖ ကျွန်ုပ်တို့မျှော်မှန်းထားသည့် သန့်ရှင်းသောကျောင်းနှင့် ရပ်ရွာအဖွဲ့အစည်းများအကြောင်း စာစီစာကုံးများ၊ ပန်းချီများ သရုပ်များကို ကလေးများကိုယ်တိုင်ရေးသားသရုပ်ဖော်စေခြင်း။

၂။ ထို့နောက် သင့်ကျောင်းနှင့် ရပ်ရွာအဖွဲ့အစည်း၏ ကျန်းမာရေးညီညွတ်မှု အခြေအနေတွင် အရေးတကြီးအလိုအပ်ဆုံးသော ဤဝန်ဆောင်မှုများနှင့် အထောက်အကူများကို ဦးစားပေးစီစဉ်ပါ။

၃။ သင့်ကျောင်း၏ကျန်းမာရေးနှင့် အာဟာရပြည့်ဝမှုအခြေအနေများတိုးတက်ကောင်းမွန်လာစေမည့်ဝန်ဆောင်မှုများနှင့် အထောက်အကူများရရန် လုပ်ငန်းစီမံချက်ရေးဆွဲထားမှုအဆင့်ဆင့်ကို လမ်းညွှန်များအဖြစ် သုံးနိုင်ပါသည်။

**အာဟာရကျွေးမွေးရေး၊ ကျန်းမာရေးဝန်ဆောင်မှုနှင့် အထောက်အပံ့များအတွက် ဆောင်ရွက်မှုမှတ်တမ်းထားရှိခြင်း**[19]

ဤဆောင်ရွက်မှုမှတ်တမ်းသည် ကျွန်ုပ်တို့ကျောင်း၏ကျန်းမာရေးနှင့် အာဟာရကျွေးမွေးရေးလုပ်ငန်းများသည် ကျေနပ်အားရလောက်သော လုံလောက်သည့် အခြေအနေ

[19] Adapted from: (1) UNESCO. FRESH:A Comprehensive School Health Approach to Achieve EFA. Paris, (ED-2002/WS/8 Rev.), and (2) UNICEF and the International Water and Sanitation Centre. a Manual on School Sanitation and Hygiene. Water, Environment and Sanitation Technical Guidelines Series- No.5 New York, 1998.

ရှိ မရှိကို ဆုံးဖြတ်ရန် ရည်ရွယ်ပါသည်။ ဤမှတ်တမ်းသည် ပြည့်စုံသောမှတ်တမ်းမဟုတ်သဖြင့် သင့်ကျောင်း၏အခြေအနေပေါ်အခြေခံ၍ ဖြည့်စွက်လိုသောအချက်များဖြည့်စွက်နိုင်ပါသည်။

**ကျောင်းက အောက်ဖော်ပြပါ ဝန်ဆောင်မှုများပေးပါသလား။ (ပေးလျှင်စစ်ဆေးပါ)**

______ ကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေးနှင့် သွား၊ ခံတွင်းဘက်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်မှုမှတ်တမ်း၊

______ အာဟာရမပြည့်ဝသော ကလေးများရှာဖွေဖော်ထုတ်ရန်၊ အရပ်အလေးချိန် တိုင်းတာစစ်ဆေးမှု၊

______ ကလေး၏သင်ယူမှုကို ထိခိုက်စေသည့် (ဗီတာမင်အေ၊ သံဓာတ်၊ အိုင်အိုဒင်း ကဲ့သို့သော) အာဟာရချို့တဲ့မှုများအား စုံစမ်းခြင်းနှင့်ကုသခြင်း၊

______ ကျန်းမာရေးနှင့် ညီညွတ်သောအစားအစာများ၊ သရေစာများကျွေးမွေးရေး အစီအစဉ်များ၊

______ အာဟာရချို့တဲ့မှုများနှင့် ရောဂါများကို ဖြစ်ပွားစေသည့် ကပ်ပါးကောင်ကြောင့် ကူးစက်ရောဂါများစုံစမ်းခြင်းနှင့် ကုသခြင်း၊

______ အမြင်အာရုံ၊ အကြားအာရုံချို့တဲ့သော ကလေးများအား စစ်ဆေးခြင်းနှင့် ကုသခြင်း၊

______ အခြေခံရှေးဦးသူနာပြုစုနည်းသင်တန်းပေးခြင်း၊

______ ကာယပညာနှင့် အားကစားနည်းများ၊ အနားယူ အပန်းဖြေအချိန်များ၊

______ HIV/AIDS၊ အရွယ်မတိုင်မီ ကိုယ်ဝန်ဆောင်ရခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ လိင်ဆက်ဆံမှု ဆိုင်ရာတို့အတွက် နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်း၊ လူမှုစိတ်ပိုင်းဆိုင်ရာ အားပေးပံ့ပိုးခြင်း၊ ကာကွယ်ခြင်း၊ စမ်းသပ်စစ်ဆေးခြင်း၊ ကုသခြင်းတို့အတွက် အထူးသင်တန်းပေးထားသောဝန်ထမ်းများက လုပ်ခွင် သို့မဟုတ် လုပ်ခွင်ပြင်ပလူငယ် ဝန်ဆောင်မှုလုပ်ငန်းများပေးခြင်း၊

______ ကျောင်းက မပေးနိုင်သော ရပ်ရွာအဖွဲ့အစည်းအခြေပြုဆေးပညာနှင့် စိတ်ပိုင်း ကျန်းမာရေးနှင့် ဝန်ဆောင်မှုများအား ပြောကြားနိုင်မည့်စနစ်ထူထောင်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊

______ အထူးသဖြင့် မိဘမဲ့ကလေးများအတွက် လူမှုရေးနှင့် သက်သာချောင်ချိရေး အထောက်အပံ့များ ချိတ်ဆက်မိမိရှိစေခြင်း၊

______ မမျှော်လင့်သည့် ထိခိုက်ဒဏ်ရာရခြင်းမျိုးမှ ကာကွယ်စောင့်ရှောက်မှုပေးခြင်းများ၊

______ အရေးပေါ်သုံးနှင့် ရှေးဦးသူနာပြုသုံးပစ္စည်းများ၊

______ သင်ယူရာတွင် သက်သောင့်သက်သာနှင့် အာရုံစူးစိုက်နိုင်သော ဝန်းကျင်များ၊ ကစား ခုန်စားခြင်းနှင့် ကျန်းမာရေးနှင့်ညီစွာ ပြုမူမှု၊ ယင်းတို့သည် ညှဥ်းပန်းမှု အန္တရာယ် သို့မဟုတ် လူမှုရေးနှင့်ဆန့်ကျင်သော အပြုအမူကို လျော့နည်းစေခြင်း၊

______ မသန်စွမ်းသော ကလေးများအတွက် နေရာထိုင်ခင်း၊

______ ကျောင်းတွင်း၊ ကျောင်းပြင်တွင် လုံလောက်သော အလင်းရောင်ရခြင်း၊

______ အန္တရာယ်ရှိသော ပစ္စည်းများအန္တရာယ်မှ ကာကွယ်ပေးခြင်း၊

**ကျောင်းတွင် အောက်ပါအသုံးအဆောင်ပစ္စည်းများ ရှိနိုင်ပါသလား။ ( ရှိလျှင် စစ်ကြည့်ရန် )**

______ သောက်သုံးရန်အတွက် ရေကောင်းရေသန့်၊ အိမ်သာသုံးစွဲရန် ၊ လက်ဆေးရန် ရေကို လုံလုံလောက်လောက်နှင့် အဆင်ပြေပြေပေးနိုင်ခြင်း၊ လုံလောက်စွာ ရရှိစေခြင်း၊

______ ရေပေးဝေမှုအားလုံးအတွက် ပုံမှန်ကြီးကြပ်မှုနှင့်ထိန်းသိမ်းမှုရှိခြင်း၊

______ မိန်းကလေး၊ ယောကျ်ားကလေးများအတွက် အိမ်သာများခွဲခြားထားခြင်း၊ ဆရာ ဆရာမများအတွက် သီးခြားအိမ်သာများထားရှိခြင်း

______ ကျောင်းရှိ လူအားလုံးအတွက် အိမ်သာများလုံလောက်စွာထားရှိခြင်း၊

______ လက်ဆေးရန်အတွက် ဆပ်ပြာနှင့် ရေလုံလောက်စွာ ရရှိခြင်း၊

______ အိမ်သာများနှင့် အခြားအသုံးအဆောင်ပစ္စည်းများ ပုံမှန်သန့်ရှင်းခြင်း၊

______ ညစ်ညမ်းသောရေများစီးဆင်းစေရေးအတွက် ရေမြောင်းများရှိခြင်း၊

______ အသုံးမလိုသည့် အမှိုက်နှင့်စွန့်ပစ်ပစ္စည်းများကို ရှင်းလင်းခြင်း သို့မဟုတ် ပြန်လည် ထုတ်လုပ်သုံးစွဲမှုရှိခြင်း၊

______ စွန့်ပစ်အမှိုက်နှင့် အညစ်အကြေးများ စနစ်တကျစွန့်ပစ်မှု မှန်မှန်လည်ပတ်မှု ရှိ မရှိ၊

## ကျောင်းအာဟာရကျွေးမွေးမှုအစီအစဉ်များ၊ကောင်းစွာအစားမစားသည့်ကလေးများအားကူညီခြင်း

ဆာလောင်နေသောကလေးတစ်ယောက်သည် သင်ယူမှုကိုကောင်းစွာ မပြုလုပ်နိုင်ပါ။ သူ သို့မဟုတ် သူမသည် အိမ်၌လုံလောက်သောအစာကို မရရှိခဲ့လျှင် ကျောင်းသည် ဖြည့်စွက်အစာကိုပေးနိုင်သော အရေးပါသည့်နေရာဖြစ်ရပါမည်။ အာဟာရချို့တဲ့သောကလေးများ တစ်နေ့လျှင် အနည်းဆုံးတစ်ကြိမ်အာဟာရဖြစ်စေသည့် အစားအစာရရန် လိုပါသည်။ ဤအစားအစာသည် အလုပ်လုပ်၍ စာသင်နေရသောကလေးများ၊ လမ်းပေါ်ရောက်ကလေးများ သို့မဟုတ် အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ်ကြောင့် ကြောက်မက်ဖွယ်ကောင်းအောင် စီးပွားရေး အကျပ်အတည်းဖြစ်နေသည့် မိသားစုများမှ ကလေးများအတွက် အထူးအရေးပါလှပါသည်။

ထို့အပြင် ကျောင်း၌ အာဟာရကျွေးခြင်းသည် ရိုးရှင်းသော်လည်း စာတတ်မြောက်မှုနှုန်း တိုးတက်ရေးနှင့် ကလေးများဆင်းရဲတွင်းမှ လွတ်မြောက်ရန်ကူညီပေးသည့် ထိရောက်သောနည်းလမ်းဖြစ်ပါသည်။ ကျောင်း၌ အစာကျွေးသောအခါ ကျောင်းဝင်နှုန်းနှင့် အတန်းတက်နှုန်းမှာ သိသိသာသာတိုးတက်လာပါသည်။ မိရိုးဖလာယဉ်ကျေးမှုအရ မိန်းကလေးများသည် အိမ်၌သာ နေရမည်ဟုဆိုထားသော်လည်း ကျောင်း၌ အာဟာရကျွေးမွေးခြင်းနှင့် အိမ်သို့ရိက္ခာခွဲတမ်းပေးခြင်းသည် မိဘများကို သူတို့၏သမီးများအား ကျောင်းသို့စေလွှတ်ရန် သဘောပေါက်နားလည်စေပါသည်။ အရေးပေါ်အနေဖြင့် ကျောင်း၌ အစားအစာ ကျွေးခြင်းသည် အရေးပါသော အာဟာရအတွက် အထောက်အကူပေး၍ ပညာရေးကို မရပ်တန့်သွားစေရန် သေချာမှုရှိပါမည်။[20]

ကလေးအားလုံး လိုအပ်သောကြီးထွားမှုနှင့်ဖွံ့ဖြိုးမှုအတွက် အာဟာရများရရှိစေရန် အာဟာရဖြစ်စေသော အစာများရရန် သေချာပါစေ။ ၄င်းတို့ထဲတွင် ဗီတာမင်အေ၊ သံဓာတ်၊ အိုင်အိုဒင်းဓာတ်များအပြင် ပရိုတင်းဓာတ်၊ အဆီနှင့် ကစီ (ကာဘွန်ဟိုက်ဒရိတ်)ကဲ့သို့ အရေးပါသော အာဟာရများပါဝင်ပါသည်။ အာဟာရအားလုံးသည် ကလေးများ၏ ရုပ်ပိုင်းနှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှုကို အကျိုးသက်ရောက်မှုရှိစေပါသည်။

ကျောင်းအာဟာရကျွေးမွေးမှုအစီအစဉ်များကို အကောင်အထည်ဖော်ရာတွင် အခြေခံအဆင့်(၅)ဆင့်လိုအပ်ပါသည်။ ထိုအစီအစဉ်အားလုံးတွင် ၄င်းတို့ကို တည်ထောင်ခြင်းနှင့် ပိုကောင်းအောင်ပြင်ဆင်ခြင်း၊ အောင်မြင်မှုရရှိရေးအတွက် လိုအပ်သော အထောက်အကူများရရှိရန် ပူးပေါင်းပါဝင်မှုရရှိခြင်းနှင့် မိဘများ၊ ရပ်ရွာလူထုလူတန်းစားအဖွဲ့အစည်းများ၏ ထောက်ခံအားပေးမှုရရှိရေးသည်လည်း အလွန်အရေးပါပါသည်။

[20] World Food Programme (2002) Fact Sheet: School Feeding. Rome.

**အဆင့်–၁။** စွမ်းဆောင်ရည်ချို့တဲ့မှု(ကိုယ်အလေးချိန်နှင့် အရပ်ဖြန့်ကြက်စစ်ဆေးခြင်း အားဖြင့်)နှင့် အာဟာရချို့တဲ့ခြင်းကို ရှာဖွေ၍ကုသရန် လိုအပ်သည့်အတွက် ကျွမ်းကျင်မှုများ ရှိသည့် ဒေသဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်သူများနှင့် ပူးပေါင်းဆောင်ရွက်ပါ။ အကယ်၍ ကျောင်းသူနာပြုရှိပါက သူ သို့မဟုတ် သူမသည် ဤလုပ်ငန်းအတွက် လုပ်ဆောင်နိုင်ပါမည်။

**အဆင့်–၂။** ကျောင်းတက်စ ပထမလတွင် ကျောင်းသို့လာသူ ကလေးများ၏ အာဟာရအခြေအနေများကို စစ်ဆေး၍ ကျန်းမာရေးချို့တဲ့သော ကလေးများကို ဒေသဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်သူများ၏ လမ်းညွှန်ချက်အရ ကုသမှုအတွက် စီစဉ်ပါ။ အသားဓာတ်၊ (ပရိုတင်း) ချို့တဲ့သော ကလေးများအတွက် သူတို့၏အလေးချိန်နှင့် အရပ်ကို ကြည့်ခြင်းဖြင့် သူတို့သည် အာဟာရမပြည့်ဝမှုများ (အသက်နှင့် စာလျှင် ပျမ်းမျှကိုယ်အလေးချိန်အောက် နည်းသူ)၊ ကိုယ်ကာယ မကြီးထွားသူများ (အသက်နှင့်စာလျှင် ပျမ်းမျှအရပ် အောက်နိမ့်သူ) သို့မဟုတ် ကိုယ်အလေးချိန်နည်းသူ (အသက်ထက် စာလျှင် ကိုယ်အလေးချိန်နည်းသူ)များကို သိရှိနိုင်ပါသည်။ ၎င်းတို့သည် ပထမ၊ ဒုတိယ၊ တတိယအဆင့် အာဟာရချို့တဲ့မှု ဖြစ်ပြီး ထိုကလေးများသည် ပရိုတင်းနှင့် ကစီဓာတ် လွန်စွာလိုအပ်သောကလေးများဖြစ်ပါသည်။ ဗီတာမင်အေချို့တဲ့သော ကလေးများကို ဗီတာမင်အေ ဆေးတောင့်များပေးခြင်းဖြင့် လိုအပ်သော အကျိုးကျေးဇူးရှိပါသည်။ သူတို့၏ အစားအစာတွင် အစိမ်းရောင်ရှိ သော အသီးအရွက်များ၊ လိမ္မော်သီး၊ သရက်သီးနှင့် သင်္ဘောသီးကဲ့သို့ အဝါရောင်ရှိသော သစ်သီးများပါဝင်သင့်ပါသည်။ အိုင်အိုဒင်းချို့တဲ့သော ကလေးများအတွက် အိုင်အိုဒင်းဆေး သို့မဟုတ် အိုင်အိုဒင်းဆားကို အသုံးပြုခြင်းဖြင့် လိုအပ်သော အကျိုးကျေးဇူးကိုရရှိပါသည်။ အထူးသဖြင့် အပျိုဖော်ဝင်စ မိန်းကလေးများသည် သင့်တော်သော သံဓာတ်ရရှိရန်လိုပါသည်။

**အဆင့်–၃။** အဆင့်–၂ မှ ရရှိသော အချက်အလက်အပေါ် အခြေခံ၍ ကလေးများ၏ လိုအပ်ချက်နှင့် ကိုက်ညီသော ကျောင်းကပေးနိုင်သည့် အထောက်အပံ့အမျိုးအစားကို သတ်မှတ် ပေးနိုင်သည်။ ကျောင်းအာဟာရ ကျွေးမွေးမှုအစီအစဉ်နှင့် အစားအစာဇယားစီစဉ်ရန် ဒေသရှိ ဆေးရုံ သို့မဟုတ် ကျန်းမာရေးဌာနမှ အာဟာရပညာရှင် သို့မဟုတ် အစားအသောက်ပညာရှင် များထံတွင် မေးမြန်း၍ အကူအညီရယူပါ။ ဤနေရာတွင် ကျောင်းအာဟာရကျွေးမွေးမှု အစီအစဉ်ကိုထူထောင်ရန်အတွက် အဖိုးတန်သည့် အထောက်အကူ များကို ပံ့ပိုးပေးနိုင်သော စေတနာရှင် မိသားစုများနှင့် ရပ်ကွက် ခေါင်းဆောင်များပါဝင်မှုသည် အလွန်အရေးပါပါသည်။ သာဓကမှာ ကျောင်းနေ့လယ်စာကျွေးမွေးရေးအစီအစဉ်ကို ထောက်ပံ့နိုင်ရန် ကျောင်းက လက်လှမ်းမီနိုင်သောဒေသတွင်း အစားအစာဆိုင်များကို ဖွင့်နိုင်ပါသည်။ သူတို့သည်

ကျောင်းဥယျာဉ်စိုက်ပျိုးခြင်း သို့မဟုတ် ကလေးများအတွက် နေ့လယ်စာများ သို့မဟုတ် သရေစာများပြုလုပ်ရာ၌ ကူညီမှုပေးခြင်းနှင့်ဆိုင်သည့် အကူအညီ များကို ပေးဝေနိုင်ပါသည်။

**အဆင့်–၄။** သူတို့၏ ဘဝတွက်တာကျွမ်းကျင်စရာသင်တန်းတစ်ခုအဖြစ် ကျောင်းကျန်းမာရေးပညာပေးအစီအစဉ်အရ ကလေးများအား ကျန်းမာရေးနှင့် ညီညွတ်သော စားသင့်သည့်အစာများကိုစားရန် သင်ပေးရမည်။ သာဓက– ကလေးများအောက်ပါတို့ကို ဆွေးနွေးနိုင်ပါသည်–

- ❖ အလွန်အမင်းပိန်ပြီး အာဟာရမပြည့်ဝသော ကလေးများကို သိပါသလား။
- ❖ ကလေးများအာဟာရမပြည့်ဝခြင်း အကြောင်းရင်းများမှာ အဘယ်နည်း။

အသက်ကြီးသောကလေးများကို ပို၍နက်နဲသော အကြောင်းပြချက်များကို ဆွေးနွေးရန် အားပေးရမည်။ ‘ဤကလေး အဘယ်ကြောင့် အာဟာရမပြည့်ဝရသနည်း။’ ‘အဘယ်ကြောင့် သူ အစာမရရှိရသနည်း။ ’ အဘယ်ကြောင့် အဖြေမှာ သူ၏မိသားစုသည် ဆင်းရဲသောကြောင့်ဖြစ်သည် ဟုဆိုပါက ဆက်၍ ဆွေးနွေးပါ–

- ❖ သူ၏မိသားစုသည် အဘယ်ကြောင့် ဆင်းရဲရပါသနည်း။
- ❖ ဤအာဟာရချို့တဲ့သောကလေးအတွက် မည်သည့်အကူအညီများကို ပြုလုပ်ပေးနိုင်သနည်း။
- ❖ အာဟာရချို့တဲ့မှုဖြစ်လာခြင်းကို ရှောင်ရှားရန် ဘာကို လုပ်ပေးရန်လိုအပ်သနည်း။

ကလေးများသူတို့၏ အာဟာရနှင့်ဆိုင်သောအခြေအနေများကို စောင့်ကြည့်ခြင်းနှင့် ပညာရေးအစီအစဉ်တို့သည် ကျောင်းအာဟာရလုပ်ငန်းများတွင် ပါဝင်ပါသည်။ သာဓက– ထိုင်းနိုင်ငံ ကလေးစီမံချက်တွင် ကျောင်းသားကလေးများကို သူတို့၏အရပ်နှင့် ကိုယ်အလေးချိန်ကိုတိုင်းတာခြင်းနှင့် စစ်ဆေးကြီးကြပ်ခြင်း၊ သူတို့ကိုယ်တိုင် သူတို့နှင့် သက်တူရွယ်တူကလေးများ၏ အာဟာရနှင့်ဆိုင်သော အခြေအနေများတိုးတက်လာစေမည့် နည်းလမ်းများခွဲခြားဖော်ပြခြင်းကိုလုပ်နိုင်သော **‘ကြီးထွားမှုကို စောင့်ကြည့်မြှင့်တင်ပေးသူများ’** ဖြစ်လာအောင် အားပေးလုပ်ဆောင်စေပါသည်။ သူတို့သည် အိုင်အိုဒင်းများသော အစာများနှင့် အိုင်အိုဒင်းမပါသောအစာများကို ခွဲခြားတတ်သည့် **‘အိုင်အိုဒင်း မြှင့်တင်ပေးသူ’** အဖြစ်လည်း လုပ်ဆောင်ရပါသည်။ သူတို့သည် အိုင်အိုဒင်းချို့တဲ့သည့် အကျိုးဆက်များကို မိသားစုအတွင်း ဆွေးနွေးခြင်းနှင့် မိသားစုသုံးစွဲ သော ဆားတွင် အိုင်အိုဒင်းပါ ပမာဏမည်မျှပါသည်ကိုလည်း

စမ်းသပ်စစ်ဆေးပါမည်။ သူတို့၏ ကျောင်းနေ့လယ်စာ ကျွေးမွေးရေးအစီအစဉ်တိုးတက်အောင် လုပ်ဆောင်ရာ၌လည်း သူတို့၏ အသိပညာဗဟုသုတများကို အသုံးပြုခဲ့ပါသည်။[21]

**အဆင့်–၅။** ကွင်းဆင်းကြီးကြပ်ခြင်း၊ အနီးကပ်စောင့်ကြပ်ခြင်း၊ ကျောင်း စာသင်နှစ် အကုန်တွင် ကလေးများ၏အာဟာရနှင့်ဆိုင်သော အခြေအနေတိုးတက်မှုရှိသည်ကို သိရန် အဆင့်–၂ နှင့် အထက်ကို ထပ်မံပြုလုပ်ရပါမည်။ ဤလုပ်ဆောင်မှုသည် လာမည့်စာသင်နှစ် အတွက် လုပ်ဆောင်ပေးရမည့် အစာကျွေးမွေးရေးအစီအစဉ် အတွက် စီမံကိန်းများချမှတ်ရန် အရေးပါသောအရာဖြစ်ပါသည်။ တစ်ဖန် မိဘများနှင့် ရပ်ရွာခေါင်းဆောင်များမှာ ဤလုပ်ငန်း၌ တက်ကြွစွာပါဝင်ရမည်ဖြစ်ပြီး ကျောင်းပိတ်ရက်များ၌လည်း သူတို့၏ကလေးများကို ကောင်းမွန်သောအာဟာရဖြစ်စေရန် ကူညီလုပ်ဆောင်ပေးရမည်။ ဤနည်းဗျူဟာကို ကလေး၏အာဟာရဖွံ့ဖြိုးတိုးတက်မှုအတွက် တင်ပြသကဲ့သို့ အလားတူအဆင့်များကို စစ်ဆေး ရန်အတွက် အသုံးပြုနိုင်ခြင်း၊ သွားကျန်းမာရေးနှင့် ကပ်ပါးကူးစက်ရောဂါများကို တားဆီးခြင်းတို့ကို ကြားဝင်လုပ် ဆောင်မှုများတိုးတက်မှုကို ကြီးကြပ်ခြင်းကဲ့သို့သော ကျန်းမာရေးနှင့်ဆိုင်သည့် ပြဿနာများကို လုပ်ဆောင်ရပါမည်။


## သန့်ရှင်းသောကျောင်းဝန်းကျင်တစ်ခုဖန်တီးဖော်ဆောင်ခြင်းအတွေးအဆများ

သင်၏ကျောင်းနှင့် သင့်ကလေးများ၏အိမ်တွင် ရောဂါများကာကွယ်ခြင်းအတွက် သန့်ရှင်းသောလက်ဖြစ်ရန် သန့်ရှင်းသောရေကို အမြဲသုံးရန်ဖြစ်ပါသည်။ ဤအချက်မှာ သာမန်အများအသိဖြစ်သော်လည်း ကျောင်းအတော်များများအတွက် အဓိက စိန်ခေါ်မှုကြီး ဖြစ်နေပါသည်။ တစ်ခါတစ်ရံ ၄င်းလုပ်ငန်းများအတွက် လှုံ့ဆော်မှုမရှိ၊ အသိနိုးကြားမှု မရှိဖြစ်တတ်ပါသည်။ ဆရာများကလည်း တစ်ကိုယ်ရေသန့်ရှင်းခြင်းနှင့် မိလ္လာရေဆိုးတို့ နှင့် ပတ်သက်၍ မည်သို့ထိရောက်စွာ သင်ရမည်ကို မကြာမကြာမလုပ်ဆောင်ခြင်း၊ လိုအပ်သော အထောက်အကူများ၊ လုံခြုံသော အိမ်သာများဆောက်လုပ်ခြင်းနှင့် ရေရရှိခြင်းအတွက် လိုအပ်သောအကူအညီများကို ရပ်ရွာလူထုအဖွဲ့အစည်းများမှ မကြာခဏရရှိအောင် မည်ကဲ့သို့ ဆော်သြစည်းရုံးရမည်ကို မသိခြင်းတို့ဖြစ်သည်။ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ရေကောင်း ရေသန့်နှင့် ပတ်သက်သော ပညာပေးမှုကို ယနေ့အသုံးပြုနေသည့် ထိရောက်သောနည်း ဗျူဟာမှာ 'ကလေးမှကလေးသို့' နှင့် 'ကလေးမှ လူကြီးသို့' တို့ဖြစ်ကြပါသည်။ စနစ်ကျသော

---

[21] CHILD Project Update Promoting Children's Participation. http://www.inmu.mahidol.ac.th/CHILD

တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ရေကောင်းရေသန့်များ သင်၏ ကျောင်းတွင် ရရှိရေးအတွက် မြှင့်တင်ရာတွင် ထည့်သွင်းစဉ်းစားရမည့် လုပ်ငန်းအချို့ကို ဖော်ပြထားပါသည်။



## ဆောင်ရွက်ရန်လုပ်ငန်းများ။ တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာပညာပေးမှုတွင် ကလေးများပါဝင်စေခြင်း

ရောဂါပိုးများကြောင့် ဝမ်းလျှောရောဂါ၊ သန်ကောင်ရောဂါ၊ ကာလဝမ်းရောဂါ၊ အူရောင်ငန်းဖျားရောဂါ၊ ပိုလီယိုအကြောသေရောဂါနှင့် အချို့သော ရောဂါများဖြစ်ပွားရပါသည်။ ရောဂါပိုးများသည် လက်များ၊ ဖုန်များ၊ အစားအသောက်များမှတစ်ဆင့် တစ်ဦးမှတစ်ဦးသို့ ကူးစက်နိုင်ပါသည်။ ကလေးများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ အလေ့အထကောင်းများတိုးတက်လာစေရန် သင်၏ကျောင်းတွင် ကျွမ်းကျင်မှုအခြေပြု ကျန်းမာရေးပညာပေးအစီအစဉ်ကို သင် ပါဝင်လုပ်ဆောင်နိုင်သော အချို့သောလုပ်ငန်းများကို ဖော်ပြထားပါသည်။[22]

- ❖ **ဆွေးနွေးသည့်အဖွဲ့များ။** ကလေးအချို့၊ အထူးသဖြင့် မိန်းကလေးများအိမ်သာကို အဘယ်ကြောင့် အသုံးမပြုလိုကြသနည်း။ ၄င်းတို့နှင့် သင့်တော်သော အိမ်သာများမရှိသောကြောင့် ကျောင်းမတက်လိုသော ကလေးများရှိပါသလား။ အိမ်သာအသုံးပြုမှုကို တိုက်တွန်းသည့်နည်းလမ်းများနှင့် ပတ်သက်၍ အကျိုးအကြောင်းများ၊ သဘောတူညီမှုများကိုဆွေးနွေးပါ။ ဤအချက်သည် အရေးပါသော ပြဿနာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မိန်းကလေးများအတွက် အိမ်သာများမရှိခြင်း သို့တည်းမဟုတ် ရှိသော်လည်း ယောကျ်ားလေးများနှင့် သီးခြားမဖြစ်ခြင်းသည် မိန်းကလေးများ (အထူးသဖြင့် အာရှတိုက်တောင်ပိုင်း) ကျောင်းမတက်လိုခြင်း၏ အရေးပါသော အကြောင်းပြချက်ဖြစ်ပါသည်။ ဣန္ဒြေနှင့် လုံခြုံမှုတို့ကြောင့် မိန်းကလေးများသည် အိမ်သာကို ယောကျ်ားလေးများနှင့် အတူမသုံးလိုကြပါ။ တစ်နေ့တာ ကျောင်းချိန်တစ်ခုလုံး အိမ်သာ မသုံးစွဲနိုင်မှု

---

[22] The source for this activity is: Baily D, Hawes H and Bonati B. (1994) Child-to-Child: A Resource Book. Part 2 : The Child-to-Child Activity Sheets. London: The Child-to-Child Trust.

ကြောင့် ကျောင်းသူများတွင် ဆီးရောဂါဖြစ်မှုနှုန်းမြင့်မားလာသည်ဟု အာရှတိုက်တောင်ပိုင်းရှိ နိုင်ငံတစ်နိုင်ငံက တင်ပြထားပါသည်။

❖ **ဆွေးနွေးမည့်အဖွဲ့များ။** အိမ်သာအသုံးပြုပုံနှင့် သန့်ရှင်းအောင်ထားမှုသည် အဘယ်ကြောင့် အရေးကြီးကြောင်း ငယ်ရွယ်သော မိန်းကလေး၊ ယောကျ်ားလေးများအား အိမ်သာကို အသုံးပြုခြင်းနှင့်သန့်ရှင်းအောင် ဆောင်ရွက်ခြင်း သင်ပြရမည့်နည်းလမ်းကို ဆွေးနွေးပါ။ ကလေးကြီးများက ရောဂါပိုးမွှားများ ပျံ့နှံ့ရန် အထောက်အကူပြုသည့် အကြောင်းအရာအချို့ကို ဆွေးနွေးနိုင်ပါသည်။ သာဓက– ကြမ်းတိုက်ပြီးသော အဝတ်ကို အခန်းဝန်းကျင်တွင် မလျှော်ဖွတ်ဘဲထားခြင်း သို့မဟုတ် ကလေးများကို အခင်းမပါသော ကြမ်းပြင်၊ မြေပြင်တွင် လူးလိမ့်နေစေခြင်းတို့ဖြစ်နိုင်ပါသည်။

❖ **တစ်ကိုယ်ရေသန့်ရှင်းရေးအလေ့အကျင့်ကောင်းများရရန် ဇာတ်ဟန်ခင်းကျင်းခြင်း။** အကျင့်ကောင်းများရရန် ကျောင်း၌ကလေးများကို လေ့ကျင့်ပေးပါ။ သာဓက– အိမ်သာအသုံးပြုပုံ၊ သန့်ရှင်းစွာထားပုံ၊ အိမ်သာသုံးစွဲပြီး လက်ကိုစင်ကြယ်စွာဆေးပုံ၊ အစာမစားမီ လက်ဆေးပုံ၊ တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် အလေ့အကျင့်ကောင်းများ မည်သို့လေ့ကျင့်နိုင်ပုံကို ကလေးများအား သရုပ်ဆောင်ပါစေ။

❖ **ပုံပြင်များ။** ကလေးများကို မည်သည့်အချိန်တွင် မည်ကဲ့သို့နှင့် မည်သည့်အတွက် လူတို့ တစ်ကိုယ်ရေသန့်ရှင်းရေးအလေ့အကျင့်ကောင်းများ လေ့ကျင့်သင့်ကြောင်းကို ပုံပြင်များအဖြစ်ရေးသားပါစေ။

❖ **အသင်းအဖွဲ့လုပ်ငန်း။** အိမ်သာများကို ပုံမှန်စစ်ဆေးခြင်းပြုလုပ်ရန် အဖွဲ့ ဖွဲ့ပါ။ ထိုအဖွဲ့သည် အိမ်သာတွင်းများ ဖုံးအုပ်ထားခြင်းရှိ မရှိနှင့် အိမ်သာများ သန့်ရှင်းမှုရှိ မရှိကို စစ်ဆေးရမည်။ သန့်ရှင်းမှုမရှိပါက ထိုအဖွဲ့သည် ဆရာမ သို့မဟုတ် ကျန်းမာရေးလုပ်သားထံ အကြောင်းကြားခြင်းနှင့် အိမ်သာကို သန့်ရှင်းအောင် မည်သို့ထားရမည်ကို အကြံဉာဏ်တောင်းဆိုပါ။ ဤလုပ်ငန်းသည် ကလေးများ ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ ဆက်သွယ်ခြင်းနှင့် ပုဂ္ဂိုလ်ကိုယ်ရေးဆက်ဆံရေး၊ ကျွမ်းကျင်မှုကဲ့သို့သော ဘဝတွက်တာကျွမ်းကျင်စရာ အဓိကအကြောင်းများကို တိုးတက်ရန် ကူညီဆောင်ရွက်ပေးနိုင်ပါသည်။

- **သရုပ်ပြခြင်း ( ကျောင်း သို့မဟုတ် ရပ်ရွာဒေသတွင်)။** ကလေးကြီးများသည် ကျောင်းဝင်းအတွင်း၌ ကလေးအိမ်သာများဆောက်လုပ်ရန် ကျင်းများတိုင်းတာခြင်း၊ အိမ်သာခွက်များပြုလုပ်ခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်။ ကိုယ်တိုင်ဆောက်လုပ်နေသော ကလေးများကို ဆရာ သို့မဟုတ် အခြားသော လူကြီးတစ်ဦးဦးက ကြီးကြပ်ပေးသင့်ပါသည်။ မိဘများက သဲ၊ ဘိလပ်မြေ၊ သစ်သားစသည့် ပစ္စည်းများကို ထောက်ပံ့ပေးခြင်းဖြင့် ကူညီနိုင်ပါသည်။ ကလေးများကို ၄င်းတို့နေထိုင်ရာ ရပ်ကွက်အလိုက် အုပ်စုဖွဲ့ ပေးနိုင်ပါသည်။ အတန်းထဲတွင် သူတို့အိမ်၌ ကလေးအိမ်သာဆောက်လုပ်ရေးအတွက် တစ်ဦးကိုတစ်ဦးကူညီနိုင်သည့် စီမံကိန်းများကို ပြုလုပ်နိုင်ပါသည်။ အတန်းထဲ၌ တိုးတက်မှုကားချပ်များကို ကလေးငယ်ပါသောအိမ်ဖြင့်ပြနိုင်ပါသည်။ ထိုအိမ်၌ အိမ်သာဆောက်လုပ်ထားက အမှတ်ပေး၍ ကလေးငယ်သည် မည်ကဲ့သို့သောအခန်းပြုလုပ်ရမည်ကို သင်ယူပြီးဖြစ်ပါက နောက်ထပ်အမှတ်တစ်ခုခြစ်ပေးပါ။ ဤလုပ်ငန်းကို မိန်းကလေးနှင့် ယောကျာ်းကလေးခွဲ၍ လုပ်ဆောင်ပါ။
- **စောင့်ကြည့်ကြီးကြပ်သင်ယူစေခြင်း။** ဆွေးနွေးမည့်အဖွဲ့များတွင် သို့မဟုတ် စာစီစာကုံးရေးသားခြင်းဖြင့် ကလေးများကို ရှင်းပြရန် ပြောပါ။
  - √ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်စေသော အကြောင်းရင်းနှင့် ကာကွယ်တားဆီးနည်း။
  - √ ကလေးငယ်များ၏ မစင်ကို ဂရုစိုက်ရခြင်းသည် အဘယ်ကြောင့် အရေးကြီးပါသနည်း။
  - √ ရောဂါပိုးမွှားများပျံ့နှံ့ခြင်းကို ရပ်တန့်စေသည့် အလေ့အကျင့်ကောင်းများမှာ အဘယ်နည်း။
  - √ ယခုအခါ ကျောင်းတွင် အိမ်သာနှင့် လက်ဆေးရန် နေရာရှိပါသလား။
  - √ စနစ်တကျရှိသောအိမ်သာနှင့် ကလေးများမစင်စွန့်ရန် သီးသန့်နေရာထားရှိသော မိသားစုများမည်မျှရှိသနည်း။
  - √ စနစ်တကျရှိသော အိမ်သာတည်ဆောက်ရန် ကလေးများမည်သို့ ကူညီခဲ့သနည်း။
  - √ ကလေးများသည် ညီငယ် ညီမငယ်များအား တစ်ကိုယ်ရေသန့်ရှင်းရေးကို ပိုမိုနားလည်လာရန် မည်ကဲ့သို့ ကူညီခဲ့ပါသနည်း။ ၄င်းတို့ပြုလုပ်ပြီးခဲ့သမျှကို ဖော်ပြပါစေ။

❖ **ရပ်ရွာလူထုပါဝင်မှုကိုအားပေးခြင်း။** ဝမ်းပျက်ဝမ်းလျှောရောဂါပျံ့နှံ့မှုကို တားဆီးကာကွယ်ရန် အိမ်သာကို သန့်ရှင်းအောင်ထားရှိခြင်းနှင့် စနစ်တကျ အသုံးပြုခြင်း၏အရေးပါပုံကို ဆရာများနှင့် ကျန်းမာရေးလုပ်သားများက ဦးစားပေးအလေးထားရပါမည်။ ရောဂါပိုးမွှားများအကြောင်းကို ပိုမိုသိရှိရန် သိပ္ပံသင်ခန်းစာများကို အသုံးပြုနိုင်ပါသည်။ သာဓက–ရောဂါပိုးမွှားဆိုသည်မှာ အဘယ်နည်းနှင့် ထိုပိုးမွှားများသည် ရောဂါများကို မည်သို့ပျံ့နှံ့စေသနည်း၊ ကလေးအိမ်သာအတွက် အစီအစဉ်ရေးဆွဲခြင်းနှင့် ဆောက်လုပ်ရန် ဆရာများ၊ မိဘများ၊ ကလေးကြီးများနှင့် အတူ ကလေးအိမ်သာတစ်လုံးဆောက်ရန် စီစဉ်ဆောင်ရွက်နိုင်ပါသည်။

❖ **ကလေးများပါဝင်မှုကိုအားပေးခြင်း။** ကျောင်းမှ ကလေးများနှင့် ကင်းထောက်လူငယ်မောင်မယ်များ၊ ဦးဆောင်ဦးရွက်ပြုသူ ဘာသာရေးအသင်းအဖွဲ့များသည် တစ်ကိုယ်ရေသန့်ရှင်းရေး၊ အစာသန့်၊ ရေသန့်၊ ပတ်ဝန်းကျင်သန့်ရှင်းရေးတို့နှင့် ပတ်သက်သော အယူအဆများကို သူတို့၏ ကိုယ်ပိုင် အတွေ့အကြုံများအရ ဖြန့်ဖြူးပေးနိုင်သည်။ ထိုကလေးများသည် ၄င်းတို့ထက်ငယ်သော ကလေးများကို အိမ်သာသုံးစွဲပုံ၊ မိမိကိုယ်ကို မိမိသန့်ရှင်းစွာ နေထိုင်ပုံတို့ကို သင်ကြားပေးနိုင်ပြီး၊ လိုအပ်သောနေရာတွင် သင့်လျော်သော ကလေးအိမ်သာ ဆောက်လုပ်ရာ၌ ကူညီနိုင်သည်။

**နမူနာသင်ခန်းစာပြင်ဆင်ခြင်း။ ဝမ်းပျက်ဝမ်းလျှောရောဂါ**

**သင်ယူမှုရည်ရွယ်ချက်။** ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားရသည့် အကြောင်းရင်းကို ကလေးများက ရှင်းပြတတ်ရန်။

**သင်ကြားမှုအထောက်အကူ။** ရုပ်ပုံကားချပ်များ(အိမ်သာ၊ ယင်မလုံခြင်း၊ ယင်အုံနေသောအစားအစာများ၊ ကလေးအစာစားနေပုံ၊ ဗိုက်နာနေပုံ၊ ဝမ်းလျှောနေသည့်ပုံ )

**သင်ကြားသင်ယူမှုလုပ်ငန်းများ။**

၁။ ကလေးများအုပ်စုအလိုက် ရုပ်ပုံကားချပ်များကိုကြည့်ပြီး အောက်ဖော်ပြပါ မေးခွန်းများကို ဖြေဆိုစေပါ။

(က) သင်ဘာတွေ့သနည်း။

(ခ) ရုပ်ပုံကားချပ်များပါ ကလေး ဘာဖြစ်နေသနည်း။ အဘယ်ကြောင့်နည်း။

၂။ ရုပ်ပုံကားချပ်ပါ ကလေးသည် ဗိုက်နာနေသည်။ ဝမ်းလျှောနေ၍ တစ်ခါတစ်ရံ အန်နေသည်ဟု ကျောင်းသားကျောင်းသူများကို ပြောပြပါ။ ဤသည်မှာ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်သည်ဟု ပြောပြပါ။

၃။ ဆက်လက်၍–

(က) ညစ်ပေသောလက်ဖြင့် အစာစားခြင်း


(ခ) ကျန်းမာရေးနှင့်မညီညွတ်သော (မသန့်ရှင်းသော) အစာစားခြင်း

(ဂ) ယင်နားစာများ စားခြင်း

(ဃ) မလတ်ဆတ်သော (ပုပ်သိုးသောအစာ) စားခြင်းနှင့်

(င) မသန့်ရှင်းသောရေများ သောက်သုံးခြင်းတို့သည် ဝမ်းပျက် ဝမ်းလျှော ရောဂါကို ဖြစ်ပွားစေကြောင်းရှင်းပြပါ။

*Source: Zarchin J, Aung TM and Jenkins J. (2001) Skillsbased Health Education and life Skills-The Myanmar Experience. SHAPE Project, UNICEF Country Office for Myanmar.*



**ဆောင်ရွက်ရန်လုပ်ငန်း။ စိတ်ချရသော ရေကောင်းရေသန့်ရရှိရေးတွင် ကလေးများ ပါဝင်ခြင်း**

ရေနှင့်မိလ္လာစနစ်ကို သင်ကြားရာတွင် သက်ရှိတိုင်းအတွက် ရေသည်အသက်ရှင်ရန် လိုအပ်သည်။ သို့ သော် မသန့်ရှင်းသောရေသည် ကျွန်ုပ်တို့ကို ဘေးဖြစ်စေကြောင်း ကလေးများ အား သိစေရပါမည်။ အထူးသဖြင့် ရေရရှိသည့်နေရာ သယ်ယူစုဆောင်းအသုံးပြုချိန်စသည့် ရေကောင်းရေသန့်ထားရှိရန် သတိပြုရမည်။ ရေကောင်းရေသန့်ရရှိရန် ကျွမ်းကျင်မှု အခြေပြုကျောင်းကျန်းမာရေးပညာရေးအစီအစဉ်တွင် သင် ပါဝင်နိုင်သော အလုပ်အချို့ကို ဖော်ပြထားပါသည်[23]–

[23] The source for this activity is: Baily D, Hawes H and Bonati B. (1994) Child-to-Child: A Resource Book. Part 2 : The Child-to -Activity Sheets. London: The Child-to-Child Trust.

- ❖ **ကလေးများဆွေးနွေးခြင်း။** ရေသည် အဘယ်ကြောင့်အရေးပါရသနည်း။ အိမ်၊ ပတ်ဝန်းကျင်၊ ဆေးရုံများ၊ ယာတောများနှင့် တစ်နိုင်ငံလုံး၌ ရေကိုအသုံးပြု ရသော အကြောင်းအရာအားလုံးကို စာရင်းပြုလုပ်ပါ။ အဘယ်အရာများအတွက် သန့်ရှင်းသောရေ လိုအပ်ပါသနည်း။ ကြည်လင်သောရေ သို့မဟုတ် အရသာ ကောင်းသော ရေသည် သန့်ရှင်းသည့် ရေဖြစ်ပါသလား။ အဖြေသည် မဖြစ်ပါ။ အဘယ်ကြောင့်နည်း။ ရောဂါပိုးမွှားများသည် ရေထဲသို့ မည်ကဲ့သို့ ရောက်လာ သနည်း။ ရေသည် မည်သည့်နည်းအားဖြင့် ကျွန်ုပ်တို့ကို ကူညီပေးသနည်း။ မည်သည့်နည်းအားဖြင့် ရေသည် ကျွန်ုပ်တို့ကို အန္တရာယ်ပေးပါသနည်း။ ကလေး အချို့မကြာခဏဝမ်းမကောင်းခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်းဖြစ်ပါသလား။ မိသားစုအတွင်း အခြားသူများလည်း အဘယ်ကြောင့် ဤသို့ဖြစ်ရသနည်း။ ကလေးများလည်းဖြစ်ပါသလား။ မည်သည့်အကြောင်းကြောင့် ဤရောဂါဖြစ်ရ သည်ဟု သင်ထင်ပါသလဲ။
- ❖ **ရပ်ရွာလူထုအတွင်း အုပ်စုလုပ်ငန်း။** အဖွဲ့ငယ်များတွင် ကလေးများကို ရပ်ရွာ ဒေသရှိ ရေအရင်းအမြစ်ရှိရာနေရာများကိုရှာစေပြီး မည်သည့်နေရာ၌ ရှိသည်ကို ဖော်ပြသည့် မြေပုံရေးဆွဲစေပါ။ (စာအုပ်ငယ်-၃ တွင် ပြုလုပ်ထားသော ကျောင်းဝန်းကျင်မြေပုံကိုလည်း ပြုလုပ်ပါ။) မည်သည့်ရေ အရင်းအမြစ်သည် သန့်ရှင်း၍ စိတ်ချရပြီး မည်သည့်ရေအရင်းအမြစ်သည် မသန့်ရှင်းသည်ကို ရှာဖွေပါ။) ၎င်းတို့ကို မြေပုံပေါ်တွင် မှတ်သားပါ။ အကယ်၍ ရေ အရင်းအမြစ် သည် မသန့်ရှင်းပါက မည်သည့်အကြောင်းကြောင့် မသန့်ရှင်းမှုဖြစ်ရသနည်း။ လူများမည်ကဲ့သို့ ရေခပ်၍ မည်သို့ ၎င်းတို့၏အိမ်သို့သယ်ကြသည်ကို စောင့်ကြည့် ပါ။ ရေကို သန့်ရှင်းစွာထားပါသလား။ သင့်တွေ့ရှိချက်များကို အခြားကလေးများ နှင့် ဆွေးနွေးပါ။
- ❖ **ကျောင်းတွင်းအုပ်စုလုပ်ငန်း။** မသန့်ရှင်းသောရေကြောင့် ပျံ့နှံ့ရသော ရောဂါများကို စာရင်းပြုစု၍ ၎င်းနှင့်ပတ်သက်သော အကြောင်းများကို ရှာဖွေပါ။ ကျောင်း၏ရေအရင်းအမြစ်ကို စစ်ဆေးပါ။ ထိုရေသည် မည်သည့်နေရာမှ လာ သနည်း။ ရေအရင်းအမြစ်အနားတွင် အိမ်သာများရှိပါသလား။ ရေစည်၊ ရေအိုး သန့်ရှင်းအောင် အကြိမ်မည်မျှပြုလုပ်သနည်း။ ရေခွက်များကို အသုံးပြုပါသလား။ ယောက်ချိုခပ်ခွက်များကို အသုံးပြုပါသလား။ ခွက်များနှင့် ဇွန်းကြီးများကို အသုံး

မပြုမီနှင့် အသုံးပြုပြီးသောအခါ ဆေးကြောပါသလား။ အစာမစားသောက်မီ လက်ဆေးရန် ရေနှင့်နေရာရှိပါသလား။ ၄င်းကို ကလေးများ အမြဲအသုံးပြုပါသလား။

- ❖ **အိမ်၌ တစ်ဦးချင်းအလုပ်။** သူတို့၏အိမ်၌ ရေထည့်သည့်ပစ္စည်းကို ကလေးများ စာရင်းပြုစုပါစေ။မသန့်ရှင်းသောရေကြောင့် အနာရောဂါဖြစ်ပွားခဲ့သော မိသားစုအတွင်းရှိ လူများကို စာရင်းပြုစုပါ။ အိမ်အတွက် မည်သူရေခပ်ပေးပါသနည်း။ သူတို့ကို သင် ကူညီနိုင်ပါသလား။ မည်သူက ရေကို သန့်ရှင်းအောင်နှင့် ရောဂါပိုးမွှားများကာကွယ်မှုကို ပြုလုပ်သနည်း။ ရေထည့်ထားသောပစ္စည်းကို ဖုံးအုပ်ထားပါသလား။ လက်ကိုင်ပါသော ခွက်ရှိပါသလား။ အိမ်သားများသည် အိမ်သာသုံးစွဲအပြီးနှင့် အစားမစားမီလက်ကို ဆေးကြောပါသလား။ ရပ်ရွာဝန်းကျင်၌ သောက်သုံးရေရရှိနိုင်မည့် အကောင်းဆုံးနည်းကို ကျန်းမာရေးလုပ်သားထံ စုံစမ်းပါ။

## ကလေးများကူညီနိုင်ပါသည်

ရေကိုသန့်ရှင်းစွာထားခြင်းနှင့် ၄င်းကို ဂရုစိုက်ခြင်းတို့တွင် ကလေးများကူညီနိုင်ပါသည်။ သူတို့အရွယ်နှင့် သင့်တော်သောလုပ်ငန်းများ၊ တစ်ဦးတည်း သို့မဟုတ် အသင်းများ သို့မဟုတ် ၂ ယောက်တွဲဖြင့် လုပ်နိုင်သောလုပ်ငန်းများကို ရှာနိုင်ပါသည်။ သူတို့ပြုလုပ်နိုင်သော နမူနာလုပ်ငန်းများကို ဖော်ပြထားပါသည်။

- ❖ **ရေအရင်းအမြစ်ထိန်းသိမ်းခြင်း။** ကလေးများသည် ရေတွင်းရေကန်နေရာကို သန့်ရှင်းအောင် ထိန်းသိမ်းရာ၌ ပါဝင်ကူညီနိုင်ပါသည်။ ၄င်းတို့ထက်ငယ်သော ကလေးများကို ရေထဲသို့ ကျင်ငယ်မစွန့်ရကြောင်းနှင့် ရေရရှိမည့်အနီးတွင် ကျင်ကြီးမစွန့်ရကြောင်းရှင်းပြပါ။ ရေတွင်းရေကန်အနားဝန်းကျင်ရှိ အမှိုက်သရိုက်များကို စုစည်းဖယ်ရှားပါ။ တိရစ္ဆာန်များကို ရေတွင်းရေကန်နားမလာစေရန် ပြုလုပ်ထားပါ။ ရေဘုံပိုင်ခေါင်းရှိပါက ၄င်းကို အသုံးပြုရန် လူများအား ပြောကြားပါ။ ဤသည်မှာ လူကြီးများကို ရေခပ်ရေသယ်ရာတွင် ကူညီခြင်းမည်ပါသည်။ သုံးပြီးလျှင် ရေဘုံပိုင်ခေါင်းများကို သေချာစွာပိတ်ပါ။ ရေတွင်းရှိပါက ၎င်း၏ ပတ်ဝန်းကျင်ကို အမြဲတမ်းသန့်ရှင်းစွာ ထားပါ။ ကျောက်တုံးများရှိပါက ရေတွင်းပတ်လည်တွင် နံရံများတည်ဆောက်ပါ။ ရေပုံးကြိုးနှင့် ရေပုံးသန့်ရှင်းစွာ

ထားမထားစစ်ဆေးပါ။ ၄င်းတို့ကို မြေကြီးပေါ်၌ မချထားရန် (ချိတ်ကဲ့သို့) အထောက်အကူများပြုလုပ်၍ ၄င်းတို့ကို ချိတ်ထားစေပါ။ ရေတွင်းအတွက် အဖုံးမရှိပါက သင့်လျော်သော အဖုံးတစ်ခုပြုလုပ်ပါ။ အကယ်၍ သီးသန့် ရေပုံးပြုလုပ်ထားပေးပါက လူများကို ၄င်းတို့၏ ကိုယ်ပိုင်ရေထည့်သည့်အရာ သို့မဟုတ် ရေပုံးများဖြင့် ရေတွင်းထဲမှ ရေကို ခပ်ခွင့်မပြုရပါ။ အကယ်၍ တုံကင် (လက်ရေစုပ်စက်)ရှိပါက လူအများသေချာစွာအသုံးပြုစေပါ။ ရေစုပ်တင်ရာတွင် အလွန်အမင်းပြင်းထန်စွာ မပြုလုပ်သင့်ပေ။ ဆေးကစားရန်အတွက်လည်း မည်သည့်အခါမှ မသုံးသင့်ပေ။

❖ **လူများရေခပ်ခြင်းနှင့် အိမ်သို့သယ်ယူပုံ။** သူတို့အသုံးပြုသော ရေထည့် သည့် ပုံးသည် သန့်ရှင်းရမည်ဖြစ်ကြောင်းရှင်းပြပါ။ အကယ်၍ ရေအရင်း အမြစ်သည် မသန့်ပါက ရေကိုစစ်၍ သို့မဟုတ် ကျိုချက်၍ သုံးသင့်ကြောင်း ရှင်းပြပါ။

❖ **အိမ်။** ကလေးငယ်များကို လက်ကိုင်ဖွန်းမှအပ သူတို့၏ညစ်ပတ်သောလက်၊ ညစ်ပေသောပစ္စည်းများ သို့မဟုတ် အခြားမည်သည့်အရာမှ ရေထဲသို့ မပစ်ချရ ကြောင်းကို ရှင်းပြပါ။ ရေထည့်သည့် ခွက်ပုံးများကို သန့်ရှင်းစွာထား၍ ဖုံးအုပ် ထားရမည်။ ငယ်သောကလေးများကို သိုလှောင်ထားသောရေကို ခပ်ရာ၌ လက်ကိုင်ပါသော ခွက်ကို အသုံးပြုရန်ပြောဆိုပါ။ အသုံးပြုပြီးသောအခါ အဖုံးကို ပြန်ဖုံးအုပ်ရန် သင်ပါ။ ရေကို ခပ်ယူနေစဉ် ဖုံးအုပ်ထားသည့်အရာကို ကြမ်းပြင်ပေါ်၌ မချထားပါစေနှင့်။ ကြမ်းပြင်ပေါ်၌ ရေဖိတ်စဉ်မှုမရှိအောင် ရှောင်ရှား၍ ရေဇလားထဲမှ ရေကို ခပ်ယူသည့် လက်ကိုင်ပါသော ခွက် သို့မဟုတ် ရေကရားကို သန့်ရှင်းသောနေရာ၌ထားပါ။ ၄င်းကို တိရစ္ဆာန်များမရောက်နိုင် သောနေရာ၌ ထားသင့်ပြီး၊ ကြမ်းပြင်ပေါ်၌လည်း မချထားသင့်ပါ။

## ကြီးကြပ်ခြင်း

ရက်သတ္တပတ် သို့မဟုတ် လအတော်အတန်ကြာသောအခါ ကလေးများ မည်သည့် အရာများကို မှတ်မိသည်၊ ရေကို ပိုမို၍ သန့်ရှင်းအောင် မည်သို့ပြုလုပ်ခဲ့သည်နှင့် သူတို့ပို၍ လုပ်နိုင်သောအရာများနှင့်ပတ်သက်၍ ဆွေးနွေးနိုင်ပါသည်။

ရေခပ်သောနေရာသည် ပို၍ သန့်ရှင်းလာပါသလား။ အမှိုက်သရိုက်များအားလုံးကို ဆယ်ယူပစ်ပါသလား။ ရေထည့်သည့် ခွက်များ ပုံးများ၏ အပြင်ဘက်သည် အမြဲသန့်ရှင်းနေပါသလား။ ကျင်ကြီးစွန့်ပြီးသောအခါနှင့် အစာမစားမီ ကလေးများပိုမို၍ လက်ကို ဆေးလာပါသလား။ မသန့်ရှင်းသောရေကြောင့် လူမည်မျှ အနာရောဂါဖြစ်နေရသေးပါသနည်း။

**သင်၏ကျောင်းဝန်းကျင်တိုးတက်လာရေးအတွက် အရေးပါသောအချက်များ**

(ကာရင်မယ်တဲ ပြုလုပ်ထားသော အောက်ဖော်ပြပါ သတင်းအချက်အလက်များသည် ကျန်းမာရေးနှင့်ညီညွတ်ပြီး၊ သန့်ရှင်းသောကျောင်းဝန်းကျင်ဖန်တီးရာ၌ ကူညီပေးနိုင်သည့် နည်းလမ်းများကို တင်ပြထားခြင်းဖြစ်ပါသည်။)

၁။ ကျောင်းဝန်းကျင်ကို စစ်ဆေးပါ။ ပျော်ရွှင်ဖွယ်သင်ယူမှုဝန်းကျင် လုံခြုံပြီး ကျန်းမာရေးနှင့် ပို၍ညီညွတ်မှုရှိစေရန် သင်မည်ကဲ့သို့ လုပ်ဆောင်နိုင်မည်နည်း။ အလွယ်တကူတိုးတက်နိုင်သော ကဏ္ဍ (၅)ခုကို ဖော်ပြ၍ ဆောင်ရွက်ရန် စီမံကိန်းများကို ကလေးများနှင့်အတူ ပြုလုပ်ပါ။

၂။ အိမ်နှင့်ကျောင်း၌ ကလေးများ၊ သူတို့၏မိဘများနှင့် ကျန်းမာရေး အလေ့အကျင့်ကောင်းများကို တစ်ပါတည်းစစ်ဆေးပါ။ ကလေးများ၏ ကျန်းမာရေးကို ထိခိုက်စေသော မကောင်းသည့်အမူအကျင့် (၅)မျိုးကို ခွဲခြားဖော်ပြ၍ ၎င်းတို့ကို ပြုပြင်ပြောင်းလဲရန် ရည်မှန်းချက်များချမှတ်ပါ။

၃။ ကျောင်း၌ ကလေးများသောက်သုံးရန် ရေကောင်းရေသန့်ရရှိအောင် ပြုလုပ်ပါ။

၄။ 'ကျောင်းသန့်ရှင်းရေးနှင့် ကျန်းမာရေးနေ့များ' ပုံမှန်ကျင်းပရေးအတွက် စည်းရုံးပါ။ သာဓက– ကလေးများအားလုံး တစ်ပတ် တစ်ကြိမ် ကျောင်းဝင်းကို သန့်ရှင်းရေးပြုလုပ်နိုင်ပါသည်။

၅။ သူတို့၏ရပ်ရွာဒေသ၌ ရောဂါပျံ့နှံ့ခြင်းများကို တင်ပြသော 'ကျန်းမာရေးအတွက် ကြီးကြပ်သူကလေး' ကို ရွေးချယ်ပါ။ ကြီးကြပ်ခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းများကို ဆက်စပ်ပါ။

၆။ ကာကွယ်မှုနှင့်တိုးတက်မှုအတွက် လိုအပ်သော အရင်းအမြစ်များနှင့် နေရာများကိုခွဲခြားဖော်ပြရန်အတွက် ရပ်ရွာဒေသပတ်ဝန်းကျင်ပြမြေပုံပြုလုပ်ရန် ကလေးများကို ဖိတ်ခေါ်ပါ။

၇။ အိမ်သာဆောက်လုပ်ခြင်းကဲ့သို့ ကျောင်းကျန်းမာရေးအတွက် အထောက်အကူ ပစ္စည်းများပြုလုပ်ရန် လုပ်ငန်းကြီးများတွင် မိဘများကို ပါဝင်စေပါ။

၈။ ဖြုန်းတီးမှုမရှိစေရန် အလေအလွင့်ပစ္စည်းများပြန်လည်အသုံးပြုခြင်း၊ သစ်ရွက်ဆွေးမြေသြဇာခွက်များပြုလုပ်ခြင်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးခြံများ စီစဉ်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းများပြုလုပ်ခြင်းအားဖြင့် ပျော်ရွှင်ဖွယ်ရာ ကျောင်းဝန်းကျင်ကို ပထမဦးစွာပြုလုပ်ပါ။

၉။ အိမ်သာနားတွင် လက်ဆေးရန် ဆပ်ပြာ သို့မဟုတ် ပြာရည်ကို စီစဉ်ထားပါ။ ၎င်းတို့ကို အသုံးပြုခြင်းနှင့် ထိန်းသိမ်းခြင်းများအသေအချာပြုလုပ်ပါစေ။

*From: Exploring Ideas. UNICEF Website: Teachers Talking about Learning. www.unicef.org/teachers*



# လက်စွဲ ၆.၄

# ကျွန်ုပ်တို့ ဘာကို သင်ယူတတ်မြောက်ပြီးဖြစ်ပါသလဲ။

## ကျန်းမာရေးနှင့်အကာအကွယ်ပေးရေးဆိုင်ရာမူဝါဒများ

ကျန်းမာခြင်း၊ အန္တရာယ်ကင်း၍ လုံခြုံသောကျောင်းပတ်ဝန်းကျင်ကို ပြဋ္ဌာန်းသည့် ကျောင်းကျန်းမာရေးမူဝါဒသည် ကလေးအားလုံး သင်ယူမှုတိုးတက်ရေးအတွက် လုပ်ဆောင်ရန်လိုအပ်သော လုပ်ငန်းလမ်းညွှန်များဖြစ်သည်။ လိုအပ်သောမူဝါဒများ သတ်မှတ်ရာတွင် ကျောင်းနှင့်ရပ်ရွာလူထုအတွင်း တာဝန်ယူလုပ်ဆောင်သူများစွာ၏ ပါဝင်မှုလိုအပ်ပါသည်။ ထိုကဲ့သော မူဝါဒများတိုးတက်မှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုပြုလုပ်ရာ၌ စပျိုးစည်းရုံးလှုံ့ဆော်ပြောကြားထောက်ခံခြင်းမှ အားလုံးသဘောတူညီမှုတည်ဆောက်ခြင်း၊ ပြန်လည်စဉ်းစားခြင်း၊ မူဝါဒချမှတ်ခြင်းနှင့်လုပ်ဆောင်ခြင်းသည် သတိပြုရေးမြင့်တင်ခြင်းနှင့် အတူတွဲဖက်လုပ်ကိုင်မှုတည်ဆောက်ခြင်း၏လုပ်ငန်းစဉ်ပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျန်းမာရေးအရာရှိများ၊ ပြုစုစောင့်ရှောက်မှုပေးသူများ၊ ဆရာများ၊ ကျောင်းသားများ၊ မိဘများ၊ ရပ်ရွာလူထုခေါင်းဆောင်များနှင့် နီးကပ်စွာ ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် အကျိုးကျေးဇူးများရရှိနိုင်ပါသည်။

မူဝါဒများကို သတ်မှတ်ပြီးပါက ကျောင်းသားများအပါအဝင်အဖွဲ့အစည်းပေါင်းစုံက ၎င်းတို့ကို ထိရောက်စွာ တွန်းအားပေး၍ ကြီးကြပ်ရပါမည်။ ကလေးများအားလုံးတူညီသော အကျိုးကျေးဇူးရရှိရန် သေချာပါစေ။

**'မိမိ၏ကျောင်းတွင် မည်သည့်မူဝါဒပြောင်းလဲမှုများလိုအပ်ပါသနည်း'ဟု ယခုပင် မိမိကိုယ်ကို မေးပါဦး။ သင့် လုပ်ဖော်ကိုင်ဖက်များ၊ ကျောင်းသားများနှင့် ဆွေးနွေးပါ။ ထို့နောက် သင်၏ကျောင်းကို ကျန်းမာရေးနှင့်ပို၍ ညီညွတ်သော သင်ယူမှုနေရာဖြစ်စေရန်အတွက် လုပ်ငန်းစီမံချက်များရေးဆွဲပါ။**

## ကလေးများဘဝတွက်တာ ကျွမ်းကျင်စရာများပေးခြင်း

ကျွမ်းကျင်မှုများအခြေပြုကျန်းမာရေးပညာအားဖြင့် ကလေးများသည် သူတို့၏ အသိပညာသဘောထားနှင့် ဘဝတွက်တာကျွမ်းကျင်စရာများတိုးတက်လာပါသည်။ ထို့နောက်

သူတို့သည် ကျန်းမာ၍ စိတ်ချရသောအပြုအမူများနှင့်ပတ်ဝန်းကျင်အဖြစ် မြှင့်တင်ရန် ဆုံးဖြတ်ချက်များချမှတ်ခြင်းနှင့် ကောင်းမွန်သော လုပ်ဆောင်ချက်များပြုလုပ်နိုင်ပါသည်။

ကျွမ်းကျင်မှုများအခြေပြုကျန်းမာရေးပညာပေးအစီအစဉ်များသည် မိန်းကလေးနှင့် ယောကျ်ားလေးများ၏ကျန်းမာရေးလိုအပ်မှုနှင့် ဆက်စပ်သော အသေးစိတ်ကျန်းမာရေး အပြုအမူများပြောင်းလဲခြင်းအပေါ် ဦးတည်ထားပါသည်။ ကလေးများသည် သတင်းအချက် အလက်များသင်ယူခြင်းနှင့် ပို၍အရေးကြီးသည့် သူတို့၏အသိပညာများကို ဆောင်ရွက် မှုလုပ်ငန်းများ၌ ချက်ချင်းပြန်လည်အသုံးပြုခြင်းတို့၌ တက်ကြွစွာ ပါဝင်ဆင်နွှဲကြသည်။

ကလေးများသင်ယူသည့် ဘဝတွက်တာကျွမ်းကျင်စရာအချို့တွင် ဆက်သွယ်ခြင်း၊ ပေါင်းသင်းဆက်ဆံရေးကျွမ်းကျင်မှု၊ ဆုံးဖြတ်ချက်ချခြင်း၊ ကြောင်းကျိုးဆက်စပ်တွေးခေါ်တတ် သည့် စွမ်းရည်၊ အောင်မြင်စွာ ဖြေရှင်းနိုင်ခြင်းနှင့် မိမိကိုယ် မိမိထိန်းသိမ်းနိုင်သည့် စွမ်းရည်တို့ ပါဝင်ပါသည်။ ၎င်းဘဝတွက်တာကျွမ်းကျင်စရာများသည် မူးယစ်ဆေးဝါးအလွဲသုံးစားပြုမှုနှင့် အကြမ်းဖက်မှုကို ကာကွယ်ခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော အစာအာဟာရ၊ မိလ္လာ ရေဆိုး ရေညစ်၊ တစ်ကိုယ်ရေသန့်ရှင်းခြင်းနှင့်စိတ်ကျန်းမာရေးကို မြှင့်တင်ခြင်းကဲ့သို့သော ပြဿနာ များကို ကလေးများရင်ဆိုင်ဖြေရှင်းနိုင်ရန် အကူအညီပေးပါသည်။ ထိုကျွမ်းကျင်မှုများသည် အထူးသဖြင့် HIV/AIDS ကာကွယ်ခြင်းနှင့် ဤရောဂါဖြစ်နေခြင်းကြောင့် အသရေပျက် မှု၊ နာမည်ပျက်မှုလျော့ပါးအောင် လုပ်ဆောင်ရာ၌ တန်ဖိုးအလွန်ရှိပါသည်။ ကျွန်ုပ်တို့သည် အဖွဲ့အလိုက် ဆွေးနွေးခြင်း၊ ပြဇာတ်နှင့်ဇာတ်ဟန်ခင်းကျင်းခြင်း၊ ပုံပြင်ပြောခြင်းနှင့် သရုပ်ပြ ခြင်းကဲ့သို့သော တက်ကြွစွာ သင်ယူခြင်းနည်းများအားဖြင့် ကျွမ်းကျင်မှုများအခြေပြုပညာရေး အစီအစဉ်ကို သင်ကြားရေးတွင် ပေါင်းစပ်နိုင်ပါသည်။

**‘ကျောင်းသားများအကြား မိမိ၏ကျွမ်းကျင်မှုအခြေပြုသင်ကြားရေးကို မြှင့်တင် ပေးရန် မည်သည့်ပြောင်းလဲမှုများကို ကျွန်ုပ်ပြုလုပ်နိုင်ပါမည်’ ဟု သင့်ကိုယ် သင် ယခုမေးပါဦး။ ကိုယ်ရေးကိုယ်တာဦးတည်ချက် (၃)ခုပေါ်ပေါက်လာစေပြီး၊ သင်၏ လုပ်ဖော်ကိုင်ဖက်များ၊ ကျောင်းသားများနှင့် ၎င်းတို့ကို နှိုင်းယှဉ်ပါ။ ဆွေးနွေးပါ။ တစ်လကြာပြီးသောအခါ သင့်တိုးတက်မှုကို နှိုင်းယှဉ်ပါ။**

## ကျောင်းအာဟာရကျွေးမွေးခြင်း၊ ကျန်းမာရေးနှင့်သန့်ရှင်းရေးတိုးတက်မှု

အထူးသဖြင့် ဘဝနောက်ခံနှင့်စွမ်းရည်အမျိုးမျိုးရှိသော ကလေးများနှင့် အာဟာရချို့တဲ့ ခြင်း၊ ကျန်းမာရေးနှင့် သန့်ရှင်းရေးနည်းပါးမှုတို့ ကျရောက်ဖြစ်ပွားလွယ်ပါသည်။ ကျောင်း

အာဟာရ ကျွေးမွေးခြင်းနှင့် ကျန်းမာရေးဝန်ဆောင်မှုအထောက်အကူများသည် အစာဝေငှခြင်း၊ ကောင်းမွန်သောသန့်ရှင်းသည့်အကျင့်များရရန် အားပေးခြင်းနှင့် ရေကောင်းရေသန့်ရရှိရေး၊ မိလ္လာရေဆိုးစနစ် အထောက်အကူများတိုးတက်ကောင်းမွန်လာရေးအတွက် မိဘများ၊ မိသားစုများနှင့် လုပ်ဆောင်ခြင်းအားဖြင့် ကလေးများ၏အကျိုးကျေးဇူးရရှိအောင် လုပ်ပေးနိုင်ပါသည်။

ကျောင်းသည် ရပ်ရွာလူထုအကြားတွင် အရေးကြီးပါသည်ဟု ခေတ်စားစွာ ဆိုနေကြသည့် အသိအမှတ်ပြုမှုကို ဖြေရှင်းစေသော ရိုးရှင်းပြီး အန္တရာယ်ကင်းရှင်းရေးနှင့် အကျွမ်းတဝင်ဖြစ်နေသည့် ကျန်းမာရေး၊ အာဟာရနှင့် သန့်ရှင်းရေးဝန်ဆောင်မှုလုပ်ငန်းအချို့ကို ထိရောက်စွာပေးဝေနိုင်ပါသည်။

ထိရောက်သော ကျောင်းအာဟာရကျွေးမွေးခြင်း၊ ကျန်းမာရေးနှင့် သန့်ရှင်းရေး လေ့ကျင့်မှုများသည် ကလေးများကို အရေးပါသည့် ဘဝတွက်တာကျွမ်းကျင်စရာများလေ့ကျင့်သင်ကြားခြင်းနှင့် ၎င်းတို့ကို ကျောင်း၌ လေ့ကျင့်ရန် ခွင့်ပြုခြင်းအတွက် တန်ဖိုးရှိသော နည်းလမ်းပင်ဖြစ်သည်။

ကျောင်းသည် ရပ်ရွာလူထုနှင့်ကျွန်ုပ်တို့ကလေးများအတွက် နမူနာဖြစ်သင့်သည်။ ကျန်းမာရေးကောင်း၊ အာဟာရနှင့်သန့်ရှင်းခြင်းအလေ့အကျင့်ကောင်းများကို သင်ကြားပေးရုံသာမက ၎င်းတို့ကို လေ့ကျင့်ပေးခြင်းလည်း ပြုလုပ်သင့်ပါသည်။

**‘ မိမိ၏ကျောင်းသည် မည်သည့်ဝန်ဆောင်မှု သို့မဟုတ် အထောက်အကူများ လိုအပ်ပါသနည်း။ သို့မဟုတ် အာဟာရ၊ ကျန်းမာရေးနှင့် သန့်ရှင်းမှုအရ တိုးတက်ရန် လိုအပ်သောအရာများမှာ အဘယ်နည်း’ဟု မိမိကိုယ် မိမိမေးပါ။ ၎င်းတို့ကို သင်၏ လုပ်ဖော်ကိုင်ဖက်များ၊ ကျောင်းသားများနှင့် ဆွေးနွေးပြီးနောက် သင့်ကျောင်း၏ အခြေအနေတိုးတက်ရေးအတွက် လုပ်ငန်းစီမံချက်အစီအစဉ်များပြုလုပ်ပါ။**

## ပိုမိုလေ့လာနိုင်သောနေရာများ

အောက်ဖော်ပြပါထုတ်ဝေမှုများနှင့် Web-Site တို့သည်ကျောင်းမိသားစုများနှင့် ရပ်ရွာဒေသလူမှုအဖွဲ့အစည်းတို့ ပတ်သက်ဆက်နွယ်မှုကို အားပေးရန်အဖိုးတန် အရင်းအမြစ်များဖြစ်ပါသည်။

## ပုံနှိပ်ထုတ်ဝေပြီးစာအုပ်များ

Baily D,Hawes H and Bonati B.(1994) Child-to-Child: A Resource Book. Part 2: The Child-to-Child Activity Sheets. London: The Child-to-Child Trust. This publication is an excellent resource for promoting children's participation in several areas. Readers are encouraged to use it in developing their lesson plans and activities.

Commonwealth Secretariat and Healthlink Worldwide (2001) Gender and Relationships: A Practical Action Kit for Young People.London.

Seel A and Power L.(2003) Active Learning: A Self-Traning Module. Save the Children UK, London.

Son V, Pridmore P, Nga B, My D and Kick P (2002) Renovating the Teaching of Health in Multigrade Primary Schools: A Teacher's Guide to Health in Natural and Social Sciences (Grades 1,2,3) and Science (Grade 5). British Council and the National Institute of Educational Sciences: Hanoi, Vietnam.

Schenker II, Nyirenda JM. (2002) Preventing HIV/ AIDS in Schools. International Academy of Education. Educational Practices Series 9. Paris.

UNESCO. Best Practices of Non-Violent Conflict Resolution in and out-of-school: some examples. Paris. Also obtainable from the Web site
http://unesdoc.unesco.org/images/0012/001266/126679e.pdf

UNESCO (2002) FRESH: A Comprehensive School Health Approach to Achieve EFA. Paris. (ED-2002/ WS/ 8 Rev.)

UNICEF and the International Water and Sanitation Centre (1998) A Manual on School Sanitation and Hygiene. Water, Environment and Sanitation Technical Guidelines Series- No.5.New York.

World Food Programme (2002) Fact Sheet: School Feeding. Rome.

World Health Organization (2000) Local Action: Creating Health Promoting Schools. Geneva.

World Health Organization (1998) WHO Information Series on school Health. Document 3. Violence Prevention: An Important Element of a Health-Promoting School. Geneva.

World Health Organization (1998) WHO Information Series on school Health. Document 4. Healthy Nutrition: An Essential Element of a Health-Promoting School. Geneva.

World Health Organization (1998) WHO Information Series on school Health. Document 6. Preventing HIV/AIDS/STI and Related Discrimination: An Important Responsibility of Health-Promoting Schools. Geneva.

## ကွန်ရက်များ

Barries to Girls' Education: Strategies and Interventions. UNICEF Teachers Talking About learning.
http://www.unicef.org/teachers/girls_ed/barriers_02.htm

Education Queensland. Indentifying At Risk Students.
http://education.qld.gov.au/health-safety/promoting/drug-education/html/m_risk.html

Focusing Resources on Effective School Health.
http://www.freshschools.org

International Academic of Education. IAE has many publications in its" Educational Practice Series " including such topics as teaching, parents and learning, effective educational practices, teaching additional languages, how children learn, and preventing behaviour problems, amongst many others. You can download copies at:
http://www.curtin.edu.au/curtin/dept/smec/iae

International Bureau of Education.Copies of IAE's "Educational Practice Series" as well as other valuable publications are available at:
http://www.ibe.unesco.org

National Center for Assault Prevention.
http://www.ncap.org/identify.htm.
NCAP also has an international division with some materials translated in Spanish, French, Vietnamese, Cantonese, Romanian, Russian, and Japanese.Learn more about this at:
http://www.ncap.org/cap_international.htm.

School Health Web Site.
http://www.schoolsandthealth.org

The Global Program on Youth. Monitoring School Violence.
http://gpy.ssw.umich.edu

UNESCO. Non-Violence Education.
http://www.unesco.org/education/nved/index.html

ISBN: 92-9223-032-8